http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

# မဟာဝဂ်ပါဠိတော်

# မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

မဟာဝဂ်ပါဠိတော် မြန်မာပြန်

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

# မဟာဝဂ်ပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

### ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

# မဟာဝဂ္ဂပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ဝိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇)–၃ | (၁၂)–၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈)–၄ | (၁၁)–၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂)–၇ | (၄၀)–၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်

ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က – ဒီဃနိကာယ်

| | | | |
|---|---|---|---|
| ၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) | သုတ်သီလက္ခန် | ၁၃ | ၃၄ သုတ် |
| ၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) | သုတ်မဟာဝါ | ၁၀ | |
| ၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) | သုတ်ပါထေယျ | ၁၁ | |

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

## ခ – မဇ္ဈိမနိကာယ်

| | | | |
|---|---|---|---|
| ၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ | [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း] | | ၁၅၂ သုတ် |
| ၅. ခ. ၂/၃ - ၂ မဇ္ဈိမ 〃 | [အလယ်သုတ် ၅၀ 〃 ] | | |
| ၆. ခ. ၃/၃ - ၃ ဥပရိ 〃 | [နောက်ဆုံးသုတ် ၅၂ 〃 ] | | |

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

## ဂ – သံယုတ္တနိကာယ်

| | | |
|---|---|---|
| ၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း | (ပ) | ၇၇၆၂ သုတ် |
| ၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း | (ဒု) | |
| ၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း | (တ) | |

## ဃ – အင်္ဂုတ္တရနိကာယ်

| | | | |
|---|---|---|---|
| ၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ | စတုက္က နိပါတ်ထိ | (၄) ကျမ်း | ၉၅၅၇ သုတ် |
| ၁၁.ဃ.၂/၃ - ၂ ပဉ္စက 〃 | သတ္တက 〃 | (၃) ကျမ်း | |
| ၁၂.ဃ.၃/၃ - ၃ အဋ္ဌက 〃 | ဧကာဒသက 〃 | (၄) ကျမ်း | |

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊
ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄–ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄–၁) ခုဒ္ဒကနိကာယ် ဝိနည်း ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄–၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကာဏ်) |
| ၁၄.၄–၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄–၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄–၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄–၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄–၂) ခုဒ္ဒကနိကာယ် အဘိဓမ္မ ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄–၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄–၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| – | | ၃ ဓါတုကထာ | x |
| ၂၀.၄–၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄–၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄–၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (၈-၃) ခုဒ္ဒကနိကာယ် သုတ္တန် ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | |
|---|---|---|---|
| ၂၃. ၈-၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ၈-၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ၈-၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ၈-၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါမဂ် | | ၁ |
| ၂၇. ၈-၃ ၅/၇ - | ၁၀ မိလိန္ဒပဉ္ဟာ | | ၁ |
| ၂၈. ၈-၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. ၈-၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

# ကြို့တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ”ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ ‘အာကာရ’ဟု သိမှတ်ရန်။

‘ ’ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသော ပုဒ်နှင့်အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ”ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—ဒက်ခေါ်သော မျဉ်းတိုကိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ]ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက် ပြုလုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်းစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။

http://www.dhammadownload.com

http://www.dhammadownload.com

## မဟာဝဂ်ပါဠိတော် မြန်မာပြန်

# မာတိကာ

အကြောင်းအရာ | မျက်နှာအမှတ်

### ၁-မဟာပဒါနသုတ်


ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်သော စကား နိဒါန်း .... .... .... .... ၁
ဘုရားလောင်း မယ်တော်ဝမ်းသို့ သက်ဆင်းခြင်း .... .... .... ၁၀
သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့ လက္ခဏာ .... .... .... ၁၄
ဝိပဿီ အမည်မှည့်ခြင်း .... .... .... .... .... .... ၁၇
သူအိုယောကျ်ား .... .... .... .... .... .... ၁၈
သူနာယောကျ်ား .... .... .... .... .... .... ၂၁
သူသေယောကျ်ား .... .... .... .... .... .... ၂၂
ရဟန်း .... .... .... .... .... .... .... ၂၄
ဘုရားလောင်း ရဟန်းပြုတော်မူခဏ်း .... .... .... .... ၂၆
ဘုရားလောင်း၏ နှလုံးသွင်းခြင်း .... .... .... .... .... ၂၇
ဗြဟ္မာတောင်းပန်ခြင်း .... .... .... .... .... .... ၃၂
အဂ္ဂသာဝကအစုံ .... .... .... .... .... .... ၃၆
လူအပေါင်းတို့ ရဟန်းပြုကြခြင်း .... .... .... .... .... ၃၈
ဒရှးဦးပြုသော ရဟန်းတို့၏ တရားထူးကိုရခြင်း .... .... .... .... ၄၀
ဒေသစာရီ လှည့်လည်ရန် ခွင့်ပြုတော်မူခြင်း .... .... .... .... ၄၂
ဗြဟ္မာတို့ လျှောက်ထားခြင်း .... .... .... .... .... ၄၆


### ၂-မဟာနိဒါနသုတ်


ပဋိစ္စသမုပ္ပါဒ် တရားတော် .... .... .... .... .... ၅၁
အတ္တပညတ် .... .... .... .... .... .... ၆၁
နအတ္တပညတ် .... .... .... .... .... .... ၆၃
အတ္တကို ရှုခြင်း .... .... .... .... .... .... ၆၄
ဝိညာဏဋ္ဌိတိခုနစ်ပါး .... .... .... .... .... .... ၆၇
ဝိမောက္ခ ရှစ်ပါး .... .... .... .... .... .... ၆၉


### ၃-မဟာပရိနိဗ္ဗာနသုတ်


ပဌမအခဏ်း .... .... .... .... .... .... ၇၁
မင်းတို့၏ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး .... .... .... .... ၇၂

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၃-မဟာပရိနိဗ္ဗာနသုတ်


ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး .... .... .... ၇၅
ဒုတိယ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး .... .... .... .... ၇၆
တတိယ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး .... .... .... .... ၇၇
စတုတ္ထ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး .... .... .... .... ၇၇
ပဉ္စမ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး .... .... .... .... ၇၈
ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး .... .... .... ၇၉
အသျှင်သာရိပုတြာ ရဲရင့်သောစကားကို ဆိုခြင်း .... .... .... ၈၁
သီလပျက်စီးသူ၏ အပြစ် .... .... .... .... .... ၈၃
သီလရှိသူ၏အကျိုး .... .... .... .... .... .... ၈၅
ပါဋလိပုတ်မြို့ တည်ခြင်း .... .... .... .... .... ၈၅
အရိယသစ္စာလေးပါး .... .... .... .... .... .... ၈၈
[illegible]ခြင်း သဘောမရှိ အဆက်မဂ်လျှင် လားရာရှိသူ .... .... .... ၈၉
ဓမ္မာဒါသ ဓမ္မပရိယာယ ကြေးမုံတရား .... .... .... .... ၉၁
အမ္ဗပါလီပြည့်တန်ဆာမ .... .... .... .... .... ၉၄
ဝေဠုဝရွာ၌ ဝါဆိုတော်မူခြင်း .... .... .... .... .... ၉၇
နိမိတ် အရိပ်အရောင် ပြတော်မူခြင်း .... .... .... .... ၉၉
မာရ်နတ် တောင်းပန်ခြင်း .... .... .... .... .... ၁၀၁
အာယုသင်္ခါရ လွှတ်တော်မူခြင်း .... .... .... .... .... ၁၀၄
မြေကြီးလှုပ်ခြင်း၏ အကြောင်း .... .... .... .... .... ၁၀၄
ငလျင်လှုပ်ခြင်း အကြောင်း ရှစ်ပါး .... .... .... .... ၁၀၄
ပရိသတ် ရှစ်ပါး .... .... .... .... .... .... ၁၀၆
အဘိဘာယတန ရှစ်ပါး .... .... .... .... .... ၁၀၆
လွတ်လပ်ခြင်း ဝိမောက္ခတရား ရှစ်ပါး .... .... .... .... ၁၀၈
အသျှင်အာနန္ဒာ လျှောက်ထားတောင်းပန်ခြင်း .... .... .... ၁၁၁
သာသနာအရှည် တည်တံ့ရေး သုံးဆယ့်ခုနစ်ပါး.... .... .... .... ၁၁၆
ဆင်ပြောင်ကြီးကဲ့သို့ ပြန်ကြည့်တော်မူခြင်း .... .... .... .... ၁၁၇
မဟာပဒေသလေးပါး .... .... .... .... .... .... ၁၁၉
စုန္ဒပန်းထိမ်သည် ဝတ္ထု.... .... .... .... .... .... ၁၂၂
သီးခြားဂါထာများ .... .... .... .... .... .... ၁၂၃
သောက်ရေဆောင်စေတော်မူခြင်း .... .... .... .... .... ၁၂၄
ပုက္ကုသ မလ္လမင်းသားအကြောင်း .... .... .... .... .... ၁၂၅
သီးခြားဂါထာများ .... .... .... .... .... .... ၁၂၉
အင်ကြင်းပင် အစုံ .... .... .... .... .... .... ၁၃၁
ဥပဝါဏမထေရ် .... .... .... .... .... .... ၁၃၃

http://www.dhammadownload.com



## မာတိကာ

အကြောင်းအရာ — မျက်နှာအမှတ်

### ၃-မဟာပရိနိဗ္ဗာနသုတ်


သံဝေဂ ရစေတတ်သော ဌာနလေးပါး .... ၁၃၄
အသျှင်အာနန္ဒာ၏ မေးခွန်း .... ၁၃၅
စေတီထိုက်သော ပုဂ္ဂိုလ် .... ၁၃၆
အသျှင်အာနန္ဒာ၏ အံ့ဖွယ်လေးပါး .... ၁၃၈
၎င်း၏ အံ့ဖွယ်ဂုဏ်လေးပါး .... ၁၃၉
စကြဝတေးမင်း၏ အံ့ဖွယ်ဂုဏ်လေးပါး .... ၁၄၀
မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း .... ၁၄၁
မလ္လမင်းတို့ ရှိခိုးခြင်း .... ၁၄၂
သုဘဒ် ပရိဗိုဇ်ဝတ္ထု .... ၁၄၃
မြတ်စွာဘုရား၏ နောက်ဆုံးစကားတော် .... ၁၄၇
မြတ်စွာဘုရား အလောင်းတော်ကို ပူဇော်ခြင်း .... ၁၅၂
မဟာကဿပမထေရ်ဝတ္ထု .... ၁၅၅
ဓာတ်တော်စေတီကို ပူဇော်ခြင်း .... ၁၅၉


### ၄-မဟာသုဒဿနသုတ်


ကုသာဝတီ နေပြည်တော် .... ၁၆၁
စကြာရတနာ .... ၁၆၃
ဆင်ရတနာ .... ၁၆၄
မြင်းရတနာ ပတ္တမြားရတနာနှင့် မိဖုရားရတနာ .... ၁၆၅
သူဌေးရတနာနှင့် သားကြီးရတနာ .... ၁၆၆
တန်ခိုးလေးပါးနှင့် ပြည့်စုံခြင်း .... ၁၆၇
ဓမ္မပြာသာဒ်နှင့် ဓမ္မရေကန် .... ၁၆၇
ဈာန်နှင့် ပြည့်စုံခြင်း .... ၁၇၂
မြို့ပေါင်း ရှစ်သောင်း လေးထောင် စသည် .... ၁၇၄
သုဘဒ္ဒါမိဖုရားကြီးခစားခြင်း .... ၁၇၅
ဗြဟ္မာ့ပြည်သို့ လားတော်မူခြင်း .... ၁၈၁


### ၅-ဇနဝသဘသုတ်


နာတိက ရွာသားတို့၏ အမေးကို ဖြေတော်မူခြင်း .... ၁၈၅
အသျှင်အာနန္ဒာ၏ သွယ်ဝိုက်သောစကား .... ၁၈၇
ဇနဝသဘနတ်သား .... ၁၉၀
နတ်သဘင် .... ၁၉၂
သနင်္ကုမာရ ဗြဟ္မာမင်းအကြောင်း .... ၁၉၃

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၅-ဇနဝသဘသုတ်


ပွါးများအပ်ပြီးသော ဣဒ္ဓိပါဒ်ရှိသူ .... .... .... .... .... ၁၉၆
သတိပဋ္ဌာန် လေးပါး .... .... .... .... .... ၁၉၉
သမာဓိ၏ အခြံအရံ ခုနစ်ပါး .... .... .... .... .... ၁၉၉


## ၆-မဟာဂေါဝိန္ဒသုတ်


နတ်သဘင် .... .... .... .... .... .... .... ၂၀၃
မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါး .... .... .... .... ၂၀၄
သနင်္ကုမာရ ဗြဟ္မာမင်းအကြောင်း.... .... .... .... .... ၂၀၇
မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါး .... .... .... .... ၂၀၉
ဂေါဝိန္ဒပုဏ္ဏားဝတ္ထု .... .... .... .... .... .... ၂၁၁
မဟာဂေါဝိန္ဒဝတ္ထု .... .... .... .... .... .... ၂၁၁
မင်းစည်းစိမ်ကို ခွဲဝေခြင်း .... .... .... .... .... ၂၁၂
ကျော်စောသတင်း ပြန့်နှံ့၍ ထွက်ခြင်း .... .... .... .... ၂၁၅
ဗြဟ္မာမင်းနှင့် ဆွေးနွေးခြင်း .... .... .... .... .... ၂၁၈
ရေဏုမင်းကို လျှောက်ထားခြင်း .... .... .... .... .... ၂၂၀
မင်းခြောက်ပါးတို့ကို လျှောက်ထားခြင်း .... .... .... .... ၂၂၁
ပုဏ္ဏား သူဌေး စသည်တို့အား ပြောကြားခြင်း.... .... .... .... ၂၂၄
မယားတို့ကို ပြောကြားခြင်း .... .... .... .... .... ၂၂၅
မဟာဂေါဝိန္ဒပုဏ္ဏား ရဟန်းပြုခြင်း .... .... .... .... .... ၂၂၅


## ၇-မဟာသမယသုတ်


နတ်အစည်း အဝေး .... .... .... .... .... .... ၂၃၀


## ၈-သက္ကပဉ္စသုတ်


ပဉ္စသိခ နတ်သား၏ သီချင်းဂါထာ.... .... .... .... .... ၂၃၈
သိကြားမင်း ချဉ်းကပ်ခြင်း .... .... .... .... .... ၂၄၁
ဂေါပကနတ်သားဝတ္ထု .... .... .... .... .... .... ၂၄၂
ဝေဒနာကမ္မဋ္ဌာန်း .... .... .... .... .... .... ၂၄၈
ပါတိမောက္ခသံဝရသီလ.... .... .... .... .... .... ၂၅၀
ဣန္ဒြိယသံဝရသီလ .... .... .... .... .... .... ၂၅၁
ဝမ်းမြောက်မှုကို ရဘူးခြင်း .... .... .... .... .... ၂၅၅

http://www.dhammadownload.com



## မာတိကာ


| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၉-မဟာသတိပဋ္ဌာနသုတ်** | |
| အကျဉ်းချုပ် | ၂၅၉ |
| ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်း အပိုင်း | ၂၆၀ |
| ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း | ၂၆၁ |
| သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း | ၂၆၁ |
| စက်ဆုပ်ဖွယ် ဟု နှလုံးသွင်းခြင်းအပိုင်း | ၂၆၁ |
| ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း | ၂၆၂ |
| သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်း အပိုင်း | ၂၆၂ |
| ဝေဒနာကို ဆင်ခြင်ခြင်း ကိုးပါး | ၂၆၄ |
| စိတ်ကို ဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး | ၂၆၅ |
| နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်း အပိုင်း | ၂၆၆ |
| ခန္ဓာငါးပါးကို ဆင်ခြင်ခြင်း အပိုင်း | ၂၆၇ |
| အာယတနတဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်း အပိုင်း | ၂၆၈ |
| ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်း အပိုင်း | ၂၆၉ |
| သစ္စာလေးပါးကို ဆင်ခြင်ခြင်း အပိုင်း ဒုက္ခအရိယသစ္စာ | ၂၇၁ |
| ဒုက္ခသမုဒယ အရိယသစ္စာ | ၂၇၃ |
| ဒုက္ခနိရောဓအရိယသစ္စာ | ၂၇၆ |
| ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ | ၂၇၇ |
| **၁၀-ပါယာသိသုတ်** | |
| ပါယာသိမြို့စားတော် | ၂၈၁ |
| ကံ-ကံ၏ အကျိုးမရှိ ဟူသော အယူ | ၂၈၂ |
| လ နေ ဥပမာ | ၂၈၃ |
| ခိုးသူ ဥပမာ | ၂၈၅ |
| မစင်တွင်း၌ နစ်မြုပ်သော ယောကျ်ား ဥပမာ | ၂၈၈ |
| တာဝတိံသာနတ် ဥပမာ | ၂၉၁ |
| ဝမ်းတွင်း ကမ်းသော ယောကျ်ား ဥပမာ | ၂၉၂ |
| ကိုယ်ဝန်ဆောင်ပုဏ္ဏေးမ ဥပမာ | ၂၉၄ |
| အိပ်မက် ဥပမာ | ၂၉၆ |
| ရဲရဲငြိသော သံတွေခဲ ဥပမာ | ၂၉၈ |
| ခရုသင်းမှုတ်သော ယောကျ်ား ဥပမာ | ၃၀၀ |
| မီးကို လုပ်ကျွေးသော ရသေ့ ဥပမာ | ၃၀၂ |
| လှည်းမှူးကြီး နှစ်ယောက် ဥပမာ | ၃၀၅ |
| မစင်ထုပ်ဆောင်သူ ဥပမာ | ၃၀၈ |
| အန်ကစားသူ ဥပမာ | ၃၀၉ |

http://www.dhammadownload.com



အကြောင်းအရာ                                                                 မျက်နှာအမှတ်

## ၁၀-ပါယာသိသုတ်


| | |
|---|---|
| ပိုက်ဆံလျှော်ထုပ် ယူသူ ဥပမာ .... .... .... .... .... | ၃၁၀ |
| သရဏဂုံကို ဆောက်တည်ခြင်း .... .... .... .... .... | ၃၁၂ |
| ယဇ်ပူဇော်ခြင်းကို ပြဆိုရာ .... .... .... .... .... | ၃၁၂ |
| ဥတ္တရလုလင် ဝတ္ထု .... .... .... .... .... .... | ၃၁၄ |
| ပါယာသိ နတ်သားဝတ္ထု .... .... .... .... .... | ၃၁၅ |


မဟာဝဂ်ပါဠိတော် မြန်မာပြန်

မာတိကာ ပြီး၏။

http://www.dhammadownload.com

## ဒီဃနိကာယ်

# မဟာဝဂ်ပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁-မဟာပဒါနသုတ် ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်သောစကား

### နိဒါန်း

၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် (သူဌေး) ၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်းတိုက်ဝယ် ရေခံတက်ပင်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုစဉ်အခါ၌ ဆွမ်းခံရာမှဖဲခဲ့၍ ဆွမ်းစားပြီးနောက် ရေခံတက်ပင် တန်ဆောင်းဝန်း၌ များစွာသော ရဟန်းတို့ စုဝေးထိုင်နေကြရာတွင် "ပုဗ္ဗေနိဝါသဉာဏ်သည် ဤသို့သဘောရှိ၏၊ ပုဗ္ဗေနိဝါသဉာဏ်သည် ဤသို့သဘောရှိ၏" ဟု ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်သော တရားစကားသည်ဖြစ်ပေါ်၏။

၂။ ထိုရဟန်းတို့ ဤသို့ ပြောဆိုနေသည်ကို မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူ့ဘို့နားထက် သာလွန်သောနတ်ဘို့၏ နားနှင့်တူသော (ဒိဗ္ဗသောတ)ဉာဏ်ဖြင့် ကြားသိတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် နေရာမှထတော်မူ၍ ရေခံတက်ပင် တန်ဆောင်းဝန်းဆီသို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့အား (ဤသို့) မိန့်တော်မူ၏—

"ရဟန်းတို့ သင်တို့သည် ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကုန်သနည်း၊ သင်တို့၏ မပြီးသေးသောအကြားစကား [၁] သည်ကား အဘယ်နည်း" ဟု (မိန့်တော်မူ၏)။

---

၁။ အကြားစကားဟူသည် ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း စာသင်ခြင်း စသည်တို့၏ အကြား၌ဖြစ်သော အလှတ်စကား (ဗြဟ္မဇာလသုတ်ဖွင့် အဋ္ဌကထာ) ငါဘုရားမလာမီ အကြား၌ဖြစ်သောစကား (ပေါဋ္ဌပါဒသုတ်ဖွင့် အဋ္ဌကထာ)။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူသော် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏—

"အသျှင်ဘုရား ဆွမ်းခံရာမှဖဲခဲ့၍ ဆွမ်းစားပြီးနောက် ဤရေခံတက်ပင် တန်ဆောင်းဝန်း၌ အကျွန်ုပ်တို့ စုဝေးထိုင်နေကြရာတွင် 'ပုဗ္ဗေနိဝါသဉာဏ်သည် ဤသို့သဘောရှိ၏၊ ပုဗ္ဗေနိဝါသဉာဏ်သည် ဤသို့သဘောရှိ၏' ဟု ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်လျဉ်းသောတရားစကားသည် ဖြစ်ပေါ်ပါ၏။ ဤသည်ကား အကျွန်ုပ်တို့၏ မပြီးသေးသော အကြားစကားဖြစ်ပါသည်၊ ထိုအခါ မြတ်စွာဘုရားသည်ကြွတော်မူလာပါသည် အသျှင်ဘုရား" ဟု (လျှောက်ကြကုန်၏)။

၃။ ရဟန်းတို့ သင်တို့သည် ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်သော တရားစကားကို နာလိုကုန်သလော ဟု(မိန့်ဘော်မူရာ)—

မြတ်စွာဘုရားသည် ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူရန် အချိန်ဖြစ်ပါသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အခါဖြစ်ပါသည် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ရဟန်းတို့သည် မြတ်စွာဘုရား၏ (ထိုတရားကို) နာကြား၍ ဆောင်ထားကြပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သို့ဖြစ်လျှင် နာကြားကုန်လော့ ကောင်းစွာနှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ မြတ်စွာဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၄။ ရဟန်းတို့ ဤ(ကမ္ဘာ)မှ ကိုးဆယ့်တကမ္ဘာထက်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ဤ(ကမ္ဘာ)မှ သုံးဆယ့်တကမ္ဘာထက်၌ သိခီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ထိုသုံးဆယ့်တကမ္ဘာထက်၌ပင်လျှင် ဝေဿဘူ မြတ်စွာဘုရားသည် လောက၌ပွင့်တော်မူ၏။ ရဟန်းတို့ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ကကုသန်မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ကောဏာဂုံ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ကဿပမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရားသည် လောက၌ ပွင့်တော်မူ၏။

၅။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း မင်းမျိုး၌ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း မင်းမျိုး၌ ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း မင်းမျိုး၌ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန်မြတ်စွာဘုရားသည် အမျိုးအားဖြင့် ပုဏ္ဏားမျိုးတည်း ပုဏ္ဏားမျိုး၌ ဖြစ်တော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံမြတ်စွာဘုရားသည် အမျိုးအားဖြင့် ပုဏ္ဏားမျိုးတည်း ပုဏ္ဏားမျိုး၌ ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် အမျိုးအားဖြင့် ပုဏ္ဏားမျိုးတည်း ပုဏ္ဏားမျိုး၌ ဖြစ်တော်မူ၏။ ရဟန်းတို့ ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း မင်းမျိုး၌ ဖြစ်တော်မူ၏။

၆။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ် ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ်ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ်ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန် မြတ်စွာဘုရားသည် အနွယ်အားဖြင့် ကဿပအနွယ် ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကဿပအနွယ် ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကဿပအနွယ် ဖြစ်တော်မူ၏။ ရဟန်းတို့ ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရားသည် အနွယ်အားဖြင့် ဂေါတမအနွယ် ဖြစ်တော်မူ၏။

၇။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ရှစ်သောင်း ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ခုနစ်သောင်း ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝေဿဘူ မြတ်စွာဘုရား၏ အသက် အတိုင်းအရှည်သည် အနှစ်ခြောက်သောင်း ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ကကုသန်မြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်လေးသောင်း ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ကောဏာဂုံ မြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်သုံးသောင်း ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်နှစ်သောင်းဖြစ်၏။ရဟန်းတို့ ယခုအခါ ငါဘုရား၏ အသက်အတိုင်းအရှည်သည် နည်းပါးလှ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ အသက်အရှည်ဆုံးသောသူသည် အနှစ်တရာသော်၎င်း အနှစ်တရာထက် အနည်းငယ် ပိုလွန်၍သော်၎င်း (အသက်ရှင်နေရ၏)။

http://www.dhammadownload.com



၈။ ရဟန်းတို့ ပုဗ္ဗေနိဝါသ အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် သစ္စတ်ပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည် သရက်ဖြူပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူမြတ်စွာဘုရားသည် အင်ကြင်းပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ကကုသန် မြတ်စွာဘုရားသည် ကုက်ကိုပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံ မြတ်စွာဘုရားသည် ရေသဖန်းပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရားသည် ပညောင်ပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။ ရဟန်းတို့ ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရားသည် ညောင်ဗုဒ္ဓေပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။

၉။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် ခဏ္ဍနှင့် တိဿမည်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် အဘိဘူနှင့် သမ္ဘဝမည်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝေဿဘူမြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် သောဏနှင့် ဥတ္တရမည်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ကကုသန် မြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် ဝိဓုရနှင့် သဉ္ဇီဝမည်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံ မြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် ဘိယျောသနှင့် ဥတ္တရမည်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ မြတ်သော တပည့် (အဂ္ဂသာဝက) အစုံသည် တိဿနှင့် ဘာရဒွါဇ မည်၏။ ရဟန်းတို့ ယခုအခါ ပူဇော်အထူး ကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် သာရိပုတြာနှင့် မောဂ္ဂလ္လာန်မည်၏။

၁၀။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌) သာဝက အစည်းအဝေးတို့သည် သုံးကြိမ်ဖြစ်ကုန်၏။ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်းတသိန်းခြောက်သောင်း ရှစ်ထောင်[၁] ရှိ၏၊ တကြိမ်သော သာဝက အစည်းအဝေး၌ ရဟန်းတသိန်းရှိ၏၊ တကြိမ်သော သာဝက အစည်းအဝေး၌ ရဟန်းရှစ်သောင်း ရှိ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံ

---

၁။ ဤသင်္ချာအရေအတွက်သည် အပိုဒ် ၇၃-၌ ထင်ရှားလတ္တံ့။

http://www.dhammadownload.com



သော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း ပါဝင်ကုန်သော သာဝကအစည်းအဝေးတို့သည် ဤသုံးကြိမ်တို့ပင် ဖြစ်ကုန်၏။

ရဟန်းတို့ ပုဗ္ဗေနိဝါသ (ပုဇော်)အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရား၏(လက်ထက်၌)သာဝကအစည်းအဝေးတို့သည် သုံးကြိမ် ဖြစ်ကုန်၏။ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်းတသိန်းရှိ၏၊ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်းရှစ်သောင်းရှိ၏၊ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်းခုနစ်သောင်းရှိ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း ပါဝင်ကုန်သော သာဝက အစည်းအဝေးတို့သည် ဤသုံးကြိမ်တို့ပင် ဖြစ်ကုန်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူမြတ်စွာဘုရား၏ (လက်ထက်၌) သာဝကအစည်းအဝေးတို့သည် သုံးကြိမ် ဖြစ်ကုန်၏။ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်းရှစ်သောင်းရှိ၏၊ တကြိမ်သော သာဝက အစည်းအဝေး၌ ရဟန်းခုနစ်သောင်းရှိ၏၊ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်းခြောက် သောင်းရှိ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝေဿဘူမြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း ပါဝင် ကုန်သော သာဝကအစည်းအဝေးတို့သည် ဤသုံးကြိမ်တို့ပင် ဖြစ်ကုန်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန်မြတ်စွာဘုရား၏ (လက်ထက်၌) သာဝက အစည်းအဝေးသည် တကြိမ် တည်းသာဖြစ်၏၊ ရဟန်းလေးသောင်းရှိ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံ သော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန်မြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း ပါဝင်သော သာဝကအစည်းအဝေးသည် ဤတကြိမ်တည်းပင် ဖြစ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံမြတ်စွာဘုရား၏ (လက်ထက်၌) သာဝကအစည်းအဝေးသည် တကြိမ် တည်းသာဖြစ်၏၊ ရဟန်းသုံးသောင်းရှိ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံ သောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံ မြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံရဟန္တာတို့ချည်း ပါဝင်သော သာဝကအစည်းအဝေးသည် ဤတကြိမ်တည်းပင် ဖြစ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ (လက်ထက်၌) သာဝကအစည်းအဝေးသည် တကြိမ်တည်း သာဖြစ်၏၊ ရဟန်းနှစ်သောင်းရှိ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်းပါဝင်သော သာဝကအစည်းအဝေးသည် ဤတကြိမ်တည်းပင် ဖြစ်၏။

ရဟန်းတို့ ယခုအခါ ငါဘုရား၏ (လက်ထက်၌) သာဝကအစည်းအဝေးသည် တကြိမ်တည်းသာ ဖြစ်၏၊ ရဟန်းတထောင့်နှစ်ရာငါးဆယ်ရှိ၏။ ရဟန်းတို့ ငါဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာ တို့ချည်း ပါဝင်သော သာဝကအစည်းအဝေးသည် ဤတကြိမ်တည်းပင် ဖြစ်၏။

http://www.dhammadownload.com



၁၁။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အလုပ်အကျွေးအသောကမည်သော ရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေးဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရား၏ အလုပ်အကျွေး ခေမင်္ကရ မည်သောရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေးဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူ မြတ်စွာဘုရား၏ အလုပ်အကျွေး ဥပသန္တမည်သော ရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေး ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန်မြတ်စွာဘုရား၏ အလုပ်အကျွေး ဗုဒ္ဓိဇမည်သော ရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေး ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံ မြတ်စွာဘုရား၏ အလုပ်အကျွေး သောတ္ထိဇ မည်သော ရဟန်းသည် အမြတ်ဆုံးအလုပ်အကျွေး ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရား၏ အလုပ်အကျွေး သဗ္ဗမိတ္တမည်သော ရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေး ဖြစ်၏။ ရဟန်းတို့ ယခုအခါ ငါဘုရား၏ အလုပ်အကျွေး အာနန္ဒာမည်သော ရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေး ဖြစ်၏။

၁၂။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ခမည်းတော်သည် ဗန္ဓုမာမည်သော မင်းပေတည်း။ မယ်တော်သည် ဗန္ဓုမတီမည်သော မိဖုရားပေတည်း။ ဗန္ဓုမာမင်း၏ နေပြည်တော်သည် ဗန္ဓုမတီ မည်သောမြို့ပေတည်း။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရား၏ ခမည်းတော်သည် အရုဏမည်သော မင်းပေတည်း။ မယ်တော်သည် ပဘာဝတီမည်သော မိဖုရားပေတည်း။ အရုဏမင်း၏ နေပြည်တော်သည် အရုဏဝတီမည်သော မြို့ပေတည်း။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူမြတ်စွာဘုရား၏ ခမည်းတော်သည် သုပ္ပတိတမည်သော မင်းပေတည်း။ မယ်တော်သည် ယသဝတီမည်သော မိဖုရားပေတည်း။ သုပ္ပတိတမင်း၏ နေပြည်တော်သည် အနောမ မည်သော မြို့ပေတည်း။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန်မြတ်စွာဘုရား၏ ခမည်းတော်သည် အဂ္ဂိဒတ္တမည်သော ပုဏ္ဏားပေတည်း။ မယ်တော်သည် ဝိသာခါမည်သော ပုဏ္ဏေးမပေတည်း။ ရဟန်းတို့ ထိုစဉ်အခါ၌ ခေမမည်သော မင်းသည် (အုပ်စိုးလျက်) ရှိ၏၊ ခေမမင်း၏ နေပြည်တော်သည် ခေမဝတီမည်သော မြို့ပေတည်း။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံမြတ်စွာဘုရား၏ခမည်းတော်သည် ယညဒတ္တမည်သော ပုဏ္ဏားပေတည်း။ မယ်တော်သည် ဥတ္တရာမည်သော ပုဏ္ဏေးမပေတည်း။ ရဟန်းတို့ ထိုစဉ်အခါ၌ သောဘမည်သောမင်း သည် (အုပ်စိုးလျက်) ရှိ၏၊ သောဘမင်း၏ နေပြည်တော်သည် သောဘဝတီမည်သော မြို့ပေတည်း။

http://www.dhammadownload.com



ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ ခမည်းတော်သည် ဗြဟ္မဒတ္တမည်သော ပုဏ္ဏားပေတည်း။ မယ်တော်သည် ဓနဝတီမည်သော ပုဏ္ဏေးမပေတည်း။ ရဟန်းတို့ ထိုစဉ်အခါ၌ ကိကီမည်သော မင်းသည်(အုပ်စိုးလျက်)ရှိ၏၊ ကိကီမင်း၏ နေပြည်တော်သည် ဗာရာဏသီမည်သော မြို့ပေတည်း။

ရဟန်းတို့ ယခုအခါ ငါဘုရား၏ ခမည်းတော်သည် သုဒ္ဓေါဒနမင်းပေတည်း။ မယ်တော်သည် မာယာဒေဝီဖုရားပေတည်း။ နေပြည်တော်သည် ကပိလဝတ္ထုမည်သော မြို့ပေတည်း ဟု မြတ်စွာဘုရားသည် ဤ (တရားစကားကို) ဟောတော်မူ၏။

မြတ်စွာဘုရားသည် ဤ(တရားစကား)ကို ဟောတော်မူပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ဝင်တော်မူ၏။

၁၃။ ထို့နောက် မြတ်စွာဘုရားကြွသွားတော်မူ၍ မကြာမီ ထိုရဟန်းတို့အား ဤအကြားစကားသည် ဖြစ်ပေါ်ပြန်၏—

"ငါ့သျှင်တို့ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြီးသည်၏ အဖြစ်သည် အံ့ဘွယ်ရှိပါပေစွ၊ ငါ့သျှင်တို့ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ ယင်းသို့ တန်ခိုးအာနုဘော်ကြီးသည်၏ အဖြစ်ကြောင့်ပင်လျှင် မြတ်စွာဘုရားသည် သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ် ကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန် ပြုပြီးကုန်သော ရှေးဘုရားတို့ကို 'ဤသို့သောဇာတ် ရှိကုန်၏ ဟူ၍၎င်း ဤသို့သော အမည်ရှိကုန်၏ ဟူ၍၎င်း ဤသို့သော အနွယ်ရှိကုန်၏ဟူ၍၎င်း ဤသို့သော သီလရှိကုန်၏ဟူ၍၎င်း ဤသို့သော (သမာဓိ) တရားရှိကုန်၏ဟူ၍၎င်း ဤသို့သော ပညာရှိကုန်၏ဟူ၍၎င်း ဤသို့သော နေခြင်းရှိကုန်၏ဟူ၍၎င်း ဤသို့သော လွန်မြောက်ခြင်း ရှိကုန်၏ ဟူ၍၎င်း' ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အသက်အတိုင်းအရှည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝကအစုံအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝကအစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏။

ငါ့သျှင်တို့ အသို့နည်း မြတ်စွာဘုရားသည် သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ်ကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန်ပြုပြီးကုန်သော ရှေးဘုရားတို့ကို 'ဤသို့သော ဇာတ်ရှိကုန်၏ ဟူ၍၎င်း ဤသို့သော အမည်ရှိကုန်၏ ဟူ၍၎င်း ဤသို့သော အနွယ်ရှိကုန်၏ ဟူ၍၎င်း ဤသို့သော သီလရှိကုန်၏ဟူ၍၎င်း ဤသို့သော (သမာဓိ)တရားရှိကုန်၏ဟူ၍၎င်း ဤသို့သော ပညာရှိကုန်၏ဟူ၍၎င်း ဤသို့သောနေခြင်းရှိကုန်၏ဟူ၍၎င်း ဤသို့သော လွန်မြောက်ခြင်း ရှိကုန်၏ဟူ၍၎င်း ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အသက်အတိုင်းအရှည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝက အစုံအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝက အစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏။

ဤသို့အောက်မေ့နိုင်ခြင်းသည် အောက်မေ့နိုင်ကြောင်းဖြစ်သော ဓမ္မဓာတ်ကို မြတ်စွာဘုရားကိုယ်တိုင်ပင် ကောင်းစွာထိုးထွင်း၍ သိထားခြင်းကြောင့်လေလော။ သို့မဟုတ် မြတ်စွာဘုရားသည် သံသရာချဲ့တရားကိုဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ် ကုန်ဆုံးပြီးကုန်

http://www.dhammadownload.com



သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန်ပြုပြီးကုန်သော ရှေးဘုရားတို့ကို 'ဤသို့သော ဇာတ်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သော အမည်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သော အနွယ်ရှိကုန်၏ဟူ၍ငြင်း ဤသို့သော သီလရှိကုန်၏ ဟူ၍ငြင်း ဤသို့သော (သမာဓိ) တရားရှိကုန်၏ ဟူ၍ငြင်း ဤသို့သော ပညာရှိကုန်၏ ဟူ၍ငြင်း ဤသို့သော လွန်မြောက်ခြင်းရှိကုန်၏ ဟူ၍ငြင်း' ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အသက်အတိုင်း အရှည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝက အစုံအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝကအစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ ဤသို့အောက်မေ့နိုင်ခြင်းသည် ထိုအကြောင်းအရာကို နတ်(ဗြဟ္မာ)တို့က မြတ်စွာဘုရားအား လျှောက်ထားကြသောကြောင့်လေလော" ဟု (အကြားစကားသည် ဖြစ်ပေါ် ပြန်၏)။

ထိုရဟန်းတို့၏ ဤအကြားစကားသည်လည်း မပြီးပြတ်သေး။

၁၄။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန် ကိန်းအောင်းနေရာမှ ထတော်မူ၍ ရေခံတက်ပင် တန်ဆောင်းဝန်းဆီသို့ ချဉ်းကပ်တော်မူလျက် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကုန်သနည်း၊ သင်တို့၏ မပြီးသေးသောအကြားစကားသည်ကား အဘယ်နည်း" ဟု (မိန့်တော်မူ၏)။

ဤသို့မိန့်တော်မူသော် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏။

"အသျှင်ဘုရား မြတ်စွာဘုရားကြွသွားတော်မူ၍ မကြာမီပင် ဤအကြားစကားဖြစ်ပေါ် ပြန်ပါသည်၊ ငါ့သျှင်တို့ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြီးသည်၏ အဖြစ်သည် အံ့ဘွယ်ရှိပါပေစွ၊ ငါ့သျှင်တို့ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ။ သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ်ကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန်ပြုပြီးကုန်သော ရှေးဘုရားတို့ကို 'ဤသို့သော ဇာတ်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သောအမည်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သော အနွယ်ရှိကုန်၏ဟူ၍ငြင်း ဤသို့သော သီလရှိကုန်၏ဟူ၍ငြင်း ဤသို့သော (သမာဓိ)တရားရှိကုန်၏ဟူ၍ငြင်း ဤသို့သော ပညာရှိကုန်၏ဟူ၍ငြင်း ဤသို့သောလွန်မြောက်ခြင်းရှိကုန်၏ ဟူ၍ငြင်း' ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အသက်အတိုင်းအရှည် အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝကအစုံအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝက အစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ ငါ့သျှင်တို့ အသို့နည်း မြတ်စွာဘုရားသည် သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ် ကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန်ပြုပြီးကုန်သော ရှေးဘုရားတို့ကို 'ဤသို့သော ဇာတ်ရှိကုန်၏ဟူ၍ငြင်း ဤသို့သောအမည်ရှိကုန်၏ဟူ၍ငြင်း ဤသို့သော အနွယ်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သော သီလရှိကုန်၏ ဟူ၍ငြင်း ဤသို့သော (သမာဓိ) တရားရှိကုန်၏ ဟူ၍ငြင်း ဤသို့သော ပညာရှိကုန်၏ ဟူ၍ငြင်း ဤသို့သောနေခြင်းရှိကုန်၏ ဟူ၍ငြင်း ဤသို့သောလွန်မြောက်ခြင်း ရှိကုန်၏ ဟူ၍ငြင်း' ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အသက်အတိုင်းအရှည် အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝကအစုံအားဖြင့်လည်းအောက်မေ့နိုင်ပါပေ၏။

http://www.dhammadownload.com



ဤအောက်မေ့နိုင်ကြောင်းဖြစ်သော ဓမ္မဓာတ်ကို မြတ်စွာဘုရားကိုယ်တိုင်ပင် ကောင်းစွာ ထိုးထွင်း၍ သိထားခြင်းကြောင့်လေလော၊ သို့မဟုတ် မြတ်စွာဘုရားသည် သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကိုဖြတ်ပြီးကုန်သော သံသရာဝဋ်ကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန်ပြုပြီးကုန်သော ရှေးဘုရားတို့ကို 'ဤသို့သော ဇာတ်ရှိကုန်၏ ဟူ၍လည်း ဤသို့သော အမည်ရှိကုန်၏ ဟူ၍လည်း ဤသို့သော အနွယ်ရှိကုန်၏ဟူ၍လည်း ဤသို့သော သီလရှိကုန်၏ ဟူ၍လည်း ဤသို့သော (သမာဓိ) တရားရှိကုန်၏ ဟူ၍လည်း ဤသို့သော ပညာရှိကုန်၏ ဟူ၍လည်း ဤသို့သော လွန်မြောက်ခြင်းရှိကုန်၏ ဟူ၍လည်း' ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ အသက်အတိုင်းအရှည်အားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝက အစုံအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ သာဝက အစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်ပါပေ၏၊ 'ဤသို့ အောက်မေ့နိုင်ခြင်းသည် ထိုအကြောင်းအရာများကို နတ်(ဗြဟ္မာ) တို့က မြတ်စွာဘုရားအား လျှောက်ထားကြသောကြောင့်လေလော' ဟု ဤအကြားစကား ဖြစ်ပေါ်ပြန်ပါသည်။

ဤသည်ပင် အကျွန်ုပ်တို့၏ မပြီးပြတ်သေးသော အကြားစကားဖြစ်ပါသည်။ ထိုအခါ မြတ်စွာဘုရားကြွရောက်တော်မူလာပါသည် အသျှင်ဘုရား" ဟု (လျှောက်ကြကုန်၏)။

၁၅။ ရဟန်းတို့ မြတ်စွာဘုရားသည် အောက်မေ့နိုင်ကြောင်းဖြစ်သော ဓမ္မဓာတ်ကို ကိုယ်တိုင်ပင်ကောင်းစွာထိုးထွင်း၍ သိသောကြောင့် သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ် ကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန်ပြုပြီးကုန်သော ရှေးဘုရားတို့ကို "ဤသို့သော ဇာတ်ရှိကုန်၏ ဟူ၍လည်း ဤသို့သော အမည်ရှိကုန်၏ဟူ၍လည်း ဤသို့သော အနွယ်ရှိကုန်၏ ဟူ၍လည်း ဤသို့သော သီလရှိကုန်၏ ဟူ၍လည်း ဤသို့သော (သမာဓိ) တရားရှိကုန်၏ဟူ၍လည်း ဤသို့သော ပညာရှိကုန်၏ဟူ၍လည်း ဤသို့သော နေခြင်းရှိကုန်၏ ဟူ၍လည်း ဤသို့သော လွန်မြောက်ခြင်းရှိကုန်၏ ဟူ၍လည်း" ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်၏၊ အသက်အတိုင်းအရှည်အားဖြင့်လည်း အောက်မေ့နိုင်၏၊ သာဝကအစုံအားဖြင့်လည်း အောက်မေ့နိုင်၏။ သာဝကအစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်၏။ နတ် (ဗြဟ္မာ) တို့သည်လည်း မြတ်စွာဘုရားအား ထိုအကြောင်းအရာများကို လျှောက်ထား ကုန်၏၊ ယင်းသို့ လျှောက်ထားကြသောကြောင့်လည်း မြတ်စွာဘုရားသည် သံသရာချဲ့ တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ်ကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန် ပြုပြီးကုန်သော ရှေးဘုရားတို့ကို 'ဤသို့သော ဇာတ်ရှိကုန်၏ ဟူ၍လည်း ဤသို့သော အမည်ရှိကုန်၏ဟူ၍လည်း ဤသို့သော အနွယ်ရှိကုန်၏ ဟူ၍လည်း ဤသို့သော သီလရှိကုန်၏ ဟူ၍လည်း ဤသို့သော (သမာဓိ) တရားရှိကုန်၏ဟူ၍လည်း ဤသို့သော ပညာရှိကုန်၏ ဟူ၍လည်း ဤသို့သော နေခြင်းရှိကုန်၏ ဟူ၍လည်း ဤသို့သော လွန်မြောက်ခြင်းရှိကုန်၏ ဟူ၍လည်း' ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်၏၊ အသက်အတိုင်းအရှည်အားဖြင့်လည်း အောက်မေ့နိုင်၏၊ သာဝကအစုံအားဖြင့်လည်း အောက်မေ့နိုင်၏၊ သာဝကအစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်၏။

ရဟန်းတို့ သင်တို့သည် ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်၍ ထို့ထက်ကျယ်ပြန့်သော တရားစကားကို နာလိုကုန်သလောဟု မိန့်တော်မူသော်—

http://www.dhammadownload.com



မြတ်စွာဘုရားသည် ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်၍ ထိုထက်ကျယ်ပြန့်သော တရားစကားကို ဟောကြားတော်မူရန်အချိန်ဖြစ်ပါသည်ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ အခါဖြစ်ပါသည် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ၊ ရဟန်းတို့သည် မြတ်စွာဘုရား၏ (ထိုတရားကို) နာကြား၍ ဆောင်ထားကြပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သို့ဖြစ်လျှင် နာကြားကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ မြတ်စွာဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၁၆။ ရဟန်းတို့ ဤ (ကမ္ဘာ) မှ ကိုးဆယ့်တကမ္ဘာထက်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီ မြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း မင်းမျိုး၌ ဖြစ်တော်မူ၏။ ရဟန်းတို့ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍည (အနွယ်) ဖြစ်တော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ရှစ်သောင်း ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် သခွတ်ပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ မြတ်သော တပည့် (အဂ္ဂသာဝက) အစုံသည် ခဏ္ဍနှင့် တိဿမည်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌) သာဝက အစည်းအဝေးတို့သည် သုံးကြိမ်ဖြစ်ကုန်၏။ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်း ခြောက်သန်း ရှစ်သိန်းရှိ၏၊ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်း တသိန်းရှိ၏၊ တကြိမ်သောသာဝကအစည်းအဝေး၌ ရဟန်းရှစ်သောင်းရှိ၏။ ရဟန်းတို့ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း ပါဝင်ကုန်သော သာဝက အစည်းအဝေးတို့သည် ဤသုံးကြိမ်တို့ပင်ဖြစ်ကုန်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အလုပ်အကျွေး အသောကမည်သော ရဟန်းသည် အမြတ်ဆုံးအလုပ်အကျွေးဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ခမည်းတော်သည် ဗန္ဓုမာမည်သော မင်းပေတည်း။ မယ်တော်သည် ဗန္ဓုမတီမည်သော မိဖုရားပေတည်း။ ဗန္ဓုမာမင်း၏ နေပြည်တော်သည် ဗန္ဓုမတီမည်သော မြို့ပေတည်း။

## ဘုရားလောင်း မယ်တော်ဝမ်းသို့ သက်ဆင်းခြင်း

၁၇။ ရဟန်းတို့ ထိုအခါ ဝိပဿီ မြတ်စွာဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ စုတေ၍ သတိရှိလျက် ဆင်ခြင်လျက် မယ်တော်ဝမ်းသို့ သက်၏။ ဤကား ဤ (မယ်တော်ဝမ်းသို့သက်ရာ) ၌ ဓမ္မတာတည်း။ (၁)

http://www.dhammadownload.com



၁၈။ ရဟန်းတို့ ဘုရားအလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်ဝမ်းသို့သက်သောအခါ နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော (နတ်) လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏အာနုဘော် (အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။ ဟင်းလင်းဖြစ်ကုန်သော ထောက်တည်ရာမရှိကုန်သော မိုက်ကုန်သော မှောင်မဲကုန်သော လောကန္တရိတ် (ငရဲ) တို့သည် ရှိကုန်၏၊ ယင်း (ငရဲ) တို့၌ တန်ခိုးအာနုဘော်ကြီးကုန်သော ဤလ နေတို့သော်လည်း ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို (ငရဲ) တို့၌လည်း မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော် (အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။ ထို (ငရဲ) တို့၌ ဖြစ်နေကြရကုန်သော သတ္တဝါတို့သည်လည်း "အချင်းတို့ ဤ (ငရဲ)၌ ကျရောက်နေသော အခြားသတ္တဝါတို့သည်လည်း ရှိကြပါသေးတကား" ဟု ထိုအလင်းရောင်ဖြင့် အချင်းချင်း မြင်သိကြကုန်၏။ တသောင်းသော ဤလောကဓာတ်သည်လည်း တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏။ မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည်လည်း နတ်တို့၏ အာနုဘော် (အလင်းရောင်) ကို ကျော်လွန်၍ လောက၌ ထင်ရှားဖြစ်ပေါ်၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၂)

၁၉။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော် ဝမ်းသို့ သက်ပြီးသော အခါ ဘုရားလောင်းနှင့် ဘုရားလောင်းမယ်တော်ကို လူဖြစ်စေ၊ နတ်ဘီလူးဖြစ်စေ၊ တစုံတယောက်မျှ မညှဉ်းဆဲ နိုင်စေခြင်းငှါ နတ်သား လေးယောက်တို့သည် အရပ်လေးမျက်နှာ၌ စောင့်ရန် ကပ်ရောက်ကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၃)

၂၀။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့ သက်ပြီးသော အခါ ဘုရားလောင်း မယ်တော်သည် ပကတိအတိုင်းပင် သီလနှင့် ပြည့်စုံ၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ် တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်သော စကားကိုပြောခြင်းမှ ရှောင်ကြဉ်၏၊ မူးရစ်မေ့လျော့စေတတ်သော သေရည်သေရက်မှ ရှောင်ကြဉ်၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၄)

၂၁။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့ သက်ပြီးသော အခါ ဘုရားလောင်း မယ်တော်အားယောကျ်ားတို့၌ ကာမဂုဏ်နှင့်စပ်လျဉ်းသော စိတ်သည်မဖြစ် ဘုရားလောင်းမယ်တော်ကို တပ်မက်သော စိတ်ရှိသည်ဖြစ်၍ တစုံတယောက်သော ယောကျ်ားမျှ မလွန်ကျူးနိုင်။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၅)

၂၂။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့ သက်ပြီးသော အခါ ဘုရားလောင်း မယ်တော်သည် ကာမဂုဏ် ငါးပါးတို့ကို များပြားစွာရ၏၊ ထိုမယ်တော်သည် ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံသည်ဖြစ်၍ ခံစားရ၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၆)

၂၃။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့သက်ပြီးသော အခါ ဘုရားလောင်း မယ်တော်၌ တစုံ တခုသော အနာရောဂါသည် မဖြစ်၊ ဘုရားလောင်းမယ်တော်သည် ချမ်းသာစွာရှိ၏၊ မပင်ပန်းသော ကိုယ်ရှိ၏ ၊ ဘုရားလောင်း မယ်တော်သည် အင်္ဂါ ကြီးငယ် အလုံးစုံရှိသော ဣန္ဒြေ မချို့တဲ့သော ဝမ်းတွင်း၌ တည်နေသော ဘုရားလောင်းကိုလည်း မြင်ရ၏။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မျှောင့်ရှိသော ကောင်းစွာ ပြုပြင်ပြီးဖြစ်သော အရည်ကောင်းသော အထူးကြည်လင်သော နောက်ကျုကင်းသော (သွေးခြင်း ဖောက်ခြင်းစသော ) အခြင်းအရာအားလုံးနှင့် ပြည့်စုံသော ဝေဠုရိယ ကြောင်မျက်ရွဲ ရတနာသည် ရှိရာ၏။ ထို (ဝေဠုရိယ ကြောင်မျက်ရွဲ ရတနာ) ၌ ညိုသော ချည် ကိုသော်၎င်း ဝါသော ချည်ကိုသော်၎င်း နီသော ချည်ကိုသော်၎င်း ဖြူသော ချည်ကိုသော်၎င်း ဝါဖြော့သော ချည်ကိုသော်၎င်း တပ်ထားရာ၏၊ ထို (ဝေဠုရိယ ကြောင်မျက်ရွဲ ရတနာ) ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် လက်တို့၌ တင်ထား၍ (ဤသို့ ဆင်ခြင်ရာ၏)—

"ဤ (ဝေဠုရိယ ကြောင်မျက်ရွဲရတနာ) သည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မျှောင့်ရှိ၏၊ ကောင်းစွာ ပြုပြင်ပြီးဖြစ်၏၊ အရည်ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျုကင်း၏၊ (သွေးခြင်း ဖောက်ခြင်းစသော) အခြင်းအရာအားလုံးနှင့် ပြည့်စုံ၏၊ ထို (ဝေဠုရိယ ကြောင်မျက်ရွဲရတနာ) ၌ ဤညိုသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဝါသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤနီသောချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဖြူသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဝါဖြော့သော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း" ဆင်ခြင်ရာ၏။

ရဟန်းတို့ ဤအတူ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့ သက်ပြီးသောအခါ ဘုရားလောင်း မယ်တော်၌ တစုံတခုသော အနာရောဂါသည် မဖြစ်၊ ဘုရားလောင်းမယ်တော်သည် ချမ်းသာစွာရှိ၏၊ မပင်ပန်းသော ကိုယ်ရှိ၏၊ ဘုရားလောင်းမယ်တော်သည် အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ဝမ်းတွင်း၌ တည်နေသော ဘုရားလောင်းကိုလည်း မြင်ရ၏။ ဤကား ဤအရာ၌ ဓမ္မတာ ပေတည်း။ (၇)

၂၄။ ရဟန်းတို့ ဘုရားလောင်းဖွားမြင်၍ ခုနစ်ရက်မြောက်သော် ဘုရားလောင်းမယ်တော်သည် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ ရောက်ရ၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၈)

၂၅။ ရဟန်းတို့ တပါးသော မိန်းမတို့သည် ကိုးလဖြစ်စေ ဆယ်လဖြစ်စေ ကိုယ်ဝန်ဆောင်ပြီးလျှင် ဖွားမြင်ရကုန်သကဲ့သို့ ဘုရားလောင်းမယ်တော်သည် ဘုရားလောင်းကို ဤအတူ ဖွားမြင်ရသည် မဟုတ်ပေ၊ ဘုရားလောင်းမယ်တော်သည်ကား ဘုရားလောင်းကို ဆယ်လတို့ပတ်လုံးသာလျှင် ကိုယ်ဝန် ဆောင်ပြီးမှ ဖွားမြင်ရ၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၉)

၂၆။ ရဟန်းတို့ တပါးသောမိန်းမတို့သည် ထိုင်လျက်ဖြစ်စေ လျောင်းလျက်ဖြစ်စေ ဖွားမြင်ကုန်သကဲ့သို့ ဘုရားလောင်းမယ်တော်သည် ဘုရားလောင်းကို ဤအတူ ဖွားမြင်ရသည်မဟုတ်ပေ၊ ဘုရားလောင်း မယ်တော်သည်ကား ဘုရားလောင်းကို ရပ်လျက်သာလျှင် ဖွားမြင်ရ၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၁၀)

၂၇။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ နတ်တို့သည် ရှေးဦးစွာ ခံယူကုန်၏၊ လူတို့သည် နောက်မှ ခံယူကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၁၁)

၂၈။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ မြေသို့ မရောက်မီ ထိုဘုရားလောင်းကို နတ်သားလေးဦးတို့သည် ခံယူပြီးလျှင် "အရှင်မိဖုရား ဝမ်းမြောက်

http://www.dhammadownload.com



တော်မူပါလော့၊ အရှင်မိဖုရားအား ဘုန်းတန်ခိုးကြီးသော သားတော်ထွန်းကားလာပါသည်” ဟု ဆို၍မယ်တော်ရှေ့၌ ထားကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၁၂)

၂၉။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ သန့်ရှင်းစွာ သာလျှင် ထွက်မြောက်လာ၏၊ အရည်ဖြင့်မငြိကပ်၊ သလိပ်ဖြင့် မငြိကပ်၊ သွေးဖြင့် မငြိကပ်၊ အညစ်အကြေး တစုံတခုဖြင့် မငြိကပ်၊ စင်ကြယ်၏၊ သန့်ရှင်း၏။ ရဟန်းတို့ ဥပမာအားဖြင့် ပတ္တမြားရတနာကို ကာသိတိုင်းဖြစ်အဝတ်ပေါ်၌ ချထားလျှင် ပတ္တမြားရတနာသည် ကာသိတိုင်းဖြစ် အဝတ်ကို မငြိကပ်၊ ကာသိတိုင်းဖြစ် အဝတ်သည်လည်း ပတ္တမြားရတနာကို မငြိကပ်။ အဘယ့်ကြောင့်ဆိုသော် နှစ်ခုစလုံး စင်ကြယ်သောကြောင့်ပေတည်း။ရဟန်းတို့ ဤအတူပင် ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ သန့်ရှင်းစွာသာလျှင် ထွက်မြောက်လာ၏၊ အရည်ဖြင့် မငြိကပ်၊ သလိပ်ဖြင့် မငြိကပ်၊ သွေးဖြင့် မငြိကပ်၊ အညစ်အကြေးတစုံတရာဖြင့် မငြိကပ်၊ စင်ကြယ်၏၊ သန့်ရှင်း၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၁၃)

၃၀။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ အအေးတခု အနွေးတခုအားဖြင့် ရေအယဉ်နှစ်ခုတို့သည် ကောင်းကင်မှ ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ယင်း ရေအယဉ်ဖြင့် ဘုရားလောင်းအားရင်း မယ်တော်အားရင်း ရေသန့်စင်ခြင်းကိစ္စကို ပြုကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၁၄)

၃၁။ ရဟန်းတို့ ဖွားမြင်စဖြစ်သော ဘုရားလောင်းသည် ညီညာသော ခြေတော်တို့ဖြင့် ရပ်၍ မြောက်သို့ မျက်နှာမူကာ ခုနစ်ဖဝါး လှမ်းကြွတော်မူ၏၊ ထိုစဉ်အခါ၌ ထီးဖြူတော်မိုးကာလိုက်ပါလျက်ရှိ၏၊ (ထိုဘုရားလောင်းသည်) အရပ်လေးမျက်နှာ အားလုံးတို့ကိုလည်း လှည့်၍ ကြည့်တော်မူ၏၊ “ငါသည် လောက၌ အမြင့်ဆုံးဖြစ်၏၊ ငါသည်လောက၌ အကြီးဆုံးဖြစ်၏၊ ငါသည်လောက၌ အမြတ်ဆုံးဖြစ်၏၊ ဤဘဝသည် နောက်ဆုံးတည်း တဖန် ဖြစ်မည့်ဘဝ ယခုမရှိတော့ပြီ” ဟု ခံ့ညားသော စကားကို မြွက်ဆိုတော်မူ၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၁၅)

၃၂။ ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ နတ်မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော (နတ်) လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော ဤလူ့လောက၌ မနိုင်းရှည့်နိုင်သောကြီးကျယ်သောအလင်းရောင်သည် နတ်တို့၏အာနုဘော်(အလင်းရောင်) ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။ ဥပမာ ဟင်းလင်းဖြစ်ကုန်သော ထောက်တည်ရာ မရှိကုန်သော မိုက်မဲကုန်သော မှောင်မဲကုန်သော လောကန္တရိတ် (ငရဲ)တို့သည် ရှိကုန်၏၊ ယင်း(ငရဲ)တို့၌ တန်ခိုးအာနုဘော် ကြီးကုန်သော ဤလနေတို့သော်လည်း ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို (ငရဲ) တို့၌လည်း မနိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော် (အလင်းရောင်) ကို ကျော်လွန်၍ ထင်ရှား ဖြစ်ပေါ်၏။ ထို (ငရဲ)တို့၌ ဖြစ်နေကြရကုန်သော သတ္တဝါတို့သည်လည်း “အချင်းတို့ ဤ(ငရဲ) ၌ ကျရောက်နေသော အခြားသတ္တဝါတို့သည်လည်း ရှိကြပါသေးတကား” ဟု ထိုအလင်းရောင်ဖြင့် အချင်းချင်း မြင်သိကြကုန်၏။ တသောင်းသော ဤလောကဓာတ်သည်လည်းတုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါတုန်လှုပ်၏။ မနိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည်လည်း နတ်တို့၏ အာနုဘော် (အလင်းရောင်) ကို ကျော်လွန်၍ လောက၌ ထင်ရှားဖြစ်ပေါ်၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၁၆)

http://www.dhammadownload.com



## သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာ

၃၃။ ရဟန်းတို့ ဝိပဿီမင်းသားဖွားမြင်လတ်သော် "မင်းမြတ် အရှင်မင်းအား သားတော် ဖွားမြင်ပါပြီ၊ မင်းမြတ်သည် ထိုသားတော်ကို ရှုစားတော်မူပါ" ဟု ဗန္ဓုမာမင်းအား သံတော်ဦး တင်ကုန်၏။ ရဟန်းတို့ ဗန္ဓုမာမင်းသည် ဝိပဿီမင်းသားကို ရှုစားပြီးလျှင် နိမိတ်ဖတ်ပုဏ္ဏားတို့ကို ခေါ်စေ၍ "အချင်းနိမိတ်ဖတ်ပုဏ္ဏားတို့ မင်းသားကိုကြည့်ကုန်လော့" ဟု ဤစကားကို မိန့်ဆို၏။ ရဟန်းတို့ နိမိတ်ဖတ်ပုဏ္ဏားတို့သည် ဝိပဿီမင်းသားကို ကြည့်ရှုကြပြီးလျှင် ဗန္ဓုမာမင်းအား ဤစကား ကို လျှောက်ကုန်၏။

"မင်းမြတ် ဝမ်းမြောက်တော်မူပါလော့၊ မင်းမြတ်အား ဘုန်းတန်ခိုးကြီးသော သားတော် ဖွားကားလာပါ၏၊ မင်းမြတ် မင်းမြတ်အား အရတော်ပါပေစွ၊ မင်းမြတ် မင်းမြတ်အား ကောင်းသော ရခြင်းကို ရပါပေစွ၊ အဘယ့်ကြောင့်ဆိုသော် မင်းမြတ်၏ အိမ်သားစုထဲ၌ ဤသို့သော သားတော်ဘွားကားလာသောကြောင့်ပါတည်း၊ မင်းမြတ် ဤသားတော်သည်ကား သုံးဆယ့်နှစ်ပါး သော ယောကျ်ားမြတ်လက္ခဏာတို့နှင့် ပြည့်စုံပေ၏၊ ယင်း လက္ခဏာတို့နှင့် ပြည့်စုံသောယောကျ်ား မြတ်အား နှစ်မျိုးသောအဖြစ်တို့သာလျှင်ရှိကုန်၏၊ အခြားသောအဖြစ်တို့ကား မရှိကုန်။

(ထိုယောကျ်ားမြတ်သည်) အကယ်၍ လူ့ဘောင်၌နေငြားအံ့၊ တရားစောင့်သော တရားနှင့် အညီ မင်းပြုသော သမုဒ္ဒါလေးစင်းအပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်း ကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြာဝတေးမင်း ဖြစ်ပါလတ္တံ့။ ထို(စကြာဝတေးမင်း)အား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ပေါ်ပါကုန်၏။ ဤ(သည်တို့) ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူဌေး ရတနာ ခုနစ်ခုမြောက် သားကြီးရတနာတို့ပေတည်း။ ထို (စကြာဝတေးမင်း)အား ရဲရင့်ကုန်သော သူရဲကောင်းအင်္ဂါရုပ်ရှိကုန်သော တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိပါကုန်၏၊ ထို (စကြာဝတေးမင်း) သည် သမုဒ္ဒါအဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍ လက်နက်မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုးပါ၏။

အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ပူဇော်အထူးကို ခံတော်မူထိုက် သော (အသုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ) အပိတ် အဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ်ပါလတ္တံ့။

၃၄။ မင်းမြတ် အကြင်လက္ခဏာတို့နှင့်ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသောအဖြစ် တို့သာလျှင် ရှိကုန်၏၊ အခြားသော အဖြစ်တို့ကား မရှိကုန်။ (ထိုယောကျ်ားမြတ်သည်) အကယ်၍ လူ့ဘောင်၌နေငြားအံ့၊ တရားစောင့်သော တရားနှင့်အညီမင်းပြုသော သမုဒ္ဒါလေးစင်း အပိုင်း အခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကိုအောင်မြင်သော တိုင်းနိုင်ငံကိုတည် ငြိမ်စေသော ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြာဝတေးမင်းဖြစ်လတ္တံ့။ ထို (စကြာဝတေးမင်း) အား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ပေါ်ပါကုန်၏။ ဤ(သည်တို့) ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူဌေးရတနာ ခုနစ်ခုမြောက်သော သားကြီးရတနာတို့ပေတည်း။ ထို (စကြာဝတေးမင်း)အား ရဲရင့်ကုန်သော သူရဲကောင်းအင်္ဂါရုပ်ရှိကုန် သော တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသောသားတော်တို့သည် ရှိပါကုန်၏၊

http://www.dhammadownload.com



ထို (စကြဝတေးမင်း) သည် သမုဒ္ဒါအဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍လက်နက် မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုးပါ၏။

အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ငြားအံ့၊ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ) အပိတ်အဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ်ပါလတ္တံ့ ဟု ဆိုရာ၏ ဤမင်းသား၌ ပြည့်စုံသော ထိုသုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကား အဘယ်ပါနည်း—

၃၅။ မင်းမြတ် ဤမင်းသားသည် အညီအညွတ်ကောင်းစွာထိသော ခြေဘဝါးရှိပါ၏၊ မင်းမြတ် ဤအညီအညွတ်ကောင်းစွာထိသော ခြေဘဝါးရှိခြင်းသည်လည်း ဤယောကျ်ားမြတ်၏ မဟာပုရိသလက္ခဏာဖြစ်ပါ၏။ (၁)

မင်းမြတ် ဤမင်းသား၏အောက်ခြေဘဝါးပြင်တို့၌ အကန့်တထောင် အကွပ် ပုံတောင်းတို့နှင့်တကွ အခြင်းအရာ အလုံးစုံနှင့်ပြည့်စုံသော စက်ဝန်းတို့သည် ဖြစ်ပေါ်လျက် ရှိပါကုန်၏၊ မင်းမြတ် ဤ(စက်ဝန်းတို့ဖြစ်ပေါ်ခြင်း)သည်လည်း ဤယောကျ်ားမြတ်၏မဟာပုရိသလက္ခဏာဖြစ်ပါ၏။ (၂)

မင်းမြတ် ဤမင်းသားသည် ရှည်သောဖနှောင့်ရှိပါ၏။ ပ။ (၃)

မင်းမြတ် ဤမင်းသားသည် ရှည်သောလက်ချောင်းခြေချောင်း ရှိပါ၏။ပ။ (၄)

မင်းမြတ် ဤမင်းသားသည် နူးညံ့နုနယ်သော လက်ဖဝါး ခြေဖဝါး ရှိပါ၏။ပ။ (၅)

မင်းမြတ် ဤမင်းသားသည် ကွန်ရက်ပမာ ညီညာသော လက်ခြေ ရှိပါ၏။ပ။ (၆)

မင်းမြတ် ဤမင်းသားသည် ဖမျက်မြင့်သောခြေ ရှိပါ၏။ပ။ (၇)

မင်းမြတ် ဤမင်းသားသည် ဧဏီသားကဲ့သို့ (ပြေပြစ်သော) မြင်းခေါင်း ရှိပါ၏။ပ။ (၈)

မင်းမြတ် ဤမင်းသားသည် မကိုင်းမညွတ်ပဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်ပါပေ၏။ ပ။ (၉)

မင်းမြတ် ဤမင်းသားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ် ရှိပါ၏။ပ။ (၁၀)

မင်းမြတ် ဤမင်းသားသည် ရွှေအဆင်းရှိပါ၏၊ ရွှေနှင့်တူသော(အသား)အရေရှိပါ၏။ပ။ (၁၁)

မင်းမြတ် ဤမင်းသားသည် ချောမွေ့သောအရည်ရှိပါ၏၊ အရေချောမွေ့သောကြောင့် ကိုယ်၌ မြူအညစ်အကြေးမငြိကပ်ပါ။ပ။ (၁၂)

မင်းမြတ် ဤမင်းသားသည် တပင်ချင်းပေါက်သောမွေးညှင်းရှိပါ၏ မွေးညှင်းတွင်းတို့၌ မွေးညှင်းတပင်တပင်တို့သာလျှင် ပေါက်ပါကုန်၏။ပ။ (၁၃)

မင်းမြတ် ဤမင်းသားသည် အထက်သို့ကော့သော မွေးညှင်းရှိပါ၏၊ မျက်စဉ်းညိုကဲ့သို့ညိုသော အဆင်းရှိကုန်သော မွေးညှင်းတို့သည် ဖက်လိပ်နားတောင်းသဏ္ဍာန်လကျ်ာရစ်လည်ကာ အထက်သို့ ကော့လျက်ပေါက်ပါကုန်၏ [၁] ။ပ။ (၁၄)

မင်းမြတ် ဤမင်းသားသည် ဗြဟ္မာမင်းကဲ့သို့သော ဖြောင့်မတ်သောကိုယ်ရှိပါ၏။ပ။ (၁၅)

မင်းမြတ် ဤမင်းသားသည် အရပ်ခုနစ်ပါး [၂] ၌ (အသား)ဖြိုးမောက်ခြင်းရှိပါ၏။ပ။ (၁၆)

---

၁။ ကုဏ္ဍလသဒ္ဒါသည်ဝဋ္ဋန အနက်ဟောကြောင်း ထောမနိဓိ အဘိဓာန်၌လာ၏။ ✓

၂။ အရပ်ခုနစ်ပါးဟူသည်မှာ လက်ဖမိုး-၂၊ ခြေဖမိုး-၂၊ ပခုံး-၂၊ လည်ကုပ်-၁၊ ဤ ၇-ပါးတို့ပေတည်း။

http://www.dhammadownload.com



မင်းမြတ် ဤမင်းသားသည် ခြင်္သေ့၏ရှေ့ပိုင်း ကိုယ်နှင့်တူသော ကိုယ်ရှိပါ၏။ပ။ (၁၇)

မင်းမြတ် ဤမင်းသားသည် လက်ပြင်နှစ်ဖက်အကြား၌ ကျောရိုးကြောင်းမထင် ပြည့်ဖြိုးသော ကျောပြင်ရှိပါ၏။ပ။ (၁၈)

မင်းမြတ် ဤမင်းသားသည် ပင်ညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ်ရှိပါ၏၊ ထို မင်းသား၏ အလံသည် ကိုယ်အရပ် မြင့်သလောက်ကျယ်ပြန့်ပါ၏၊ ကိုယ်အရပ်သည်လည်း အလံကျယ်ပြန့်သလောက် မြင့်ပါ၏။ပ။ (၁၉)

မင်းမြတ် ဤမင်းသားသည် ညီညာစွာ လုံးသော လည်တိုင် ရှိပါ၏။ပ။ (၂၀)

မင်းမြတ် ဤမင်းသားသည် အရသာကိုဆောင်သော အလွန်ကောင်းမြတ်သော အကြော ရှိပါ၏။ပ။ (၂၁)

မင်းမြတ် ဤမင်းသားသည် ခြင်္သေ့မေးနှင့်တူသော မေးရှိပါ၏။ပ။ (၂၂)

မင်းမြတ် ဤမင်းသားသည် လေးဆယ်သော သွားရှိပါ၏။ပ။ (၂၃)

မင်းမြတ် ဤမင်းသားသည် ညီညွတ်သော သွားရှိပါ၏။ပ။ (၂၄)

မင်းမြတ် ဤမင်းသားသည် မကျဲသောသွားရှိပါ၏။ပ။ (၂၅)

မင်းမြတ် ဤမင်းသားသည် အလွန် ဖြူစင်သော အစွယ် (လေးချောင်း) ရှိပါ၏။ပ။ (၂၆)

မင်းမြတ် ဤမင်းသားသည် နူးညံ့ ရှည်လျားကြီးမားသော လျှာ [၁] ရှိပါ၏။ပ။ (၂၇)

မင်းမြတ် ဤမင်းသားသည် ဗြဟ္မာသံနှင့် တူသော အသံရှိပါ၏၊ ကရဝိတ် ငှက်သံနှင့်တူသော အသံရှိပါ၏။ပ။ (၂၈)

မင်းမြတ် ဤမင်းသားသည် အလွန် ညိုသော မျက်လုံးရှိပါ၏။ပ။ (၂၉)

မင်းမြတ် ဤမင်းသားသည် နွားငယ်မျက်တောင်နှင့် တူသော မျက်တောင်ရှိပါ၏။ပ။ (၃၀)

မင်းမြတ် နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သော (ဥဏ္ဏာလုံ) မွေးရှင်သည် ဤမင်းသား၏ မျက်မှောင် နှစ်ခုအကြား၌ ပေါက်လျက်ရှိပါ၏၊ မင်းမြတ် ဤမင်းသား၏ မျက်မှောင် နှစ်ခု အကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့် တူသော ဖြူစင်သော ဤ (ဥဏ္ဏာလုံ) မွေးရှင် ပေါက်လျက်ရှိခြင်းသည်လည်း ဤယောကျ်ားမြတ်၏ မဟာပုရိသလက္ခဏာပေတည်း။ (၃၁)

မင်းမြတ် ဤမင်းသားသည် သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိပါ၏၊ မင်းမြတ် မင်းသားသည် ဤ (သင်းကျစ် ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိခြင်း) သည်လည်း ယောကျ်ားမြတ်၏ မဟာပုရိသလက္ခဏာပေတည်း။ (၃၂)

၃၆။ မင်းမြတ် အကြင်(လက္ခဏာ)တို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားသော အဖြစ်တို့ကား မရှိကုန်။

---

၁။ ပဟူတဇိဝှေါတိ ပုထုလဇိဝှေါ၊ အညေသံ ဇိဝှါ ထူလာပိ ဟောန္တိ ကိသာပိ ရဿာပိ ထဒ္ဓါပိ ဝိသမာပိ၊ မဟာပုရိသဿ ပန ဇိဝှါ မုဒု ဒီဃာ ပုထုလာ ဝဏ္ဏသမ္ပန္နာ ဟောတိ။ပ။ ဧဝံ တိလက္ခဏသမ္ပန္နံ ဇိဝှံ သန္ဓာယ ပဟူတဇိဝှောတိ ဝုတ္တံ (မဟာပဒါနသုတ် အဋ္ဌကထာ)။

http://www.dhammadownload.com



(ထိုမင်းသားသည်) အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်ပါလတ္တံ့။ ထို (စကြဝတေးမင်း) အား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ပေါ်ပါကုန်၏။ ဤသည်တို့ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူဌေးရတနာ ခုနစ်ခုမြောက် သားကြီးရတနာ တို့တည်း။ ထို(စကြဝတေးမင်း) အား ရဲရင့်ကုန်သော သူရဲကောင်း အင်္ဂါရုပ် ရှိကုန်သော တဖက် စစ်သည်တို့ကို နှိပ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိပါကုန်၏၊ ထို (စကြဝတေးမင်းသည်) သမုဒ္ဒရာအဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍ လက်နက်မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုးပါ၏။

အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ) အပိတ်အဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ် ပါလတ္တံ့ ဟု ဆိုရာဝယ် ဤမင်းသား၌ ပြည့်စုံသော ထိုယောကျ်ားမြတ် လက္ခဏာတို့ဟူသည်မှာ ဤသုံးဆယ့်နှစ်ပါးတို့ပင်တည်း ဟု (လျှောက်ကြကုန်၏)။

## ဝိပဿီအမည်မှည့်ခြင်း

၃၇။ ရဟန်းတို့ ထိုစဉ်အခါ၌ ဗန္ဓုမာမင်းသည် နိမိတ်ဖတ်ပုဏ္ဏားတို့အား အသစ်စက်စက် အဝတ်တို့ကို ဝတ်စေပြီးလျှင် အလုံးစုံသော လိုချင်ဖွယ်ရာ (ကာမဂုဏ်) တို့ဖြင့် နှစ်သိမ့်ရောင့်ရဲစေ၏။ ရဟန်းတို့ ထို့နောက် ဗန္ဓုမာမင်းသည် အထိန်းတော်တို့ကို ဝိပဿီမင်းသားအား ပြုစုစေ၏။ အချို့က နို့တိုက်ကုန်၏၊ အချို့က ရေချိုးပေးကုန်၏၊ အချို့က ချီပိုးကုန်၏၊ အချို့က ရင်ခွင်ဖြင့် ပွေ့ဆောင်ကုန်၏။ ရဟန်းတို့ ဖွားမြင်ပြီးသော ဝိပဿီမင်းသားအား "အအေး အပူ မြက်မှုန့်မှုန် နှင်းပေါက်တို့ မထိပါး မနှိပ်စက်စေရန်" နေ့ရောညဥ့်ပါ ထီးဖြူကို ဆောင်းထားကုန်၏။ ရဟန်းတို့ ဖွားမြင်ပြီးသော ဝိပဿီမင်းသားကို လူအပေါင်းသည် ချစ်ခင် မြတ်နိုး၏။ ရဟန်းတို့ ဥပ္ပလကြာကိုဖြစ်စေ ပဒုမာကြာကို ဖြစ်စေ၊ ပုဏ္ဍရိက်ကြာကိုဖြစ်စေ၊ လူအပေါင်းသည် ချစ်ခင်မြတ်နိုးသကဲ့သို့ ဤအတူ ဝိပဿီမင်းသားကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏၊ ထိုမင်းသားကို ရင်ခွင်တခုမှ ရင်ခွင်တခုသို့ ပွေ့ဆောင်ကြကုန်၏။

၃၈။ ရဟန်းတို့ ဖွားမြင်ပြီးသော ဝိပဿီမင်းသားသည် ဗြဟ္မာသံနှင့်တူသော အသံရှိ၏၊ သာယာသော အသံလည်းရှိ၏၊ ညှင်းပြောင်းသော အသံလည်းရှိ၏၊ ချိုအေးသော အသံလည်းရှိ၏၊ နှစ်သက်ဖွယ်ကောင်းသော အသံလည်းရှိ၏။ ရဟန်းတို့ ဟိမဝန္တာတောင်၌ ကရဝိက်မည်သော ငှက်မျိုးသည် သာယာသောအသံ ညှင်းပျောင်းသောအသံ ချိုအေးသောအသံ နှစ်သက်ဖွယ်သောအသံ ရှိသကဲ့သို့ ဤအတူ ဝိပဿီမင်းသားသည် သာယာသော အသံလည်းရှိ၏၊ ညှင်းပျောင်းသော အသံလည်းရှိ၏၊ ချိုအေးသော အသံလည်းရှိ၏၊ နှစ်သက်ဖွယ်ကောင်းသော အသံလည်းရှိ၏။

၃၉။ ရဟန်းတို့ ဖွားမြင်ပြီးသော ဝိပဿီမင်းသားအား ကံ၏အကျိုးဆက်ကြောင့်ဖြစ်သော နတ်မျက်စိနှင့်တူသော မျက်စိသည် ထင်ရှားဖြစ်ပေါ်၏။ ယင်းမျက်စိဖြင့် နေ့ရောညဥ့်ပါ ထက်ဝန်းကျင် တယူဇနာတိုင်အောင် မြင်နိုင်၏။

http://www.dhammadownload.com



၄၀။ ရဟန်းတို့ ဖွားမြင်ပြီးသော ဝိပဿီမင်းသားသည် တာဝတိံသာနတ်တို့ ကြည့်သကဲ့သို့ မျက်စိမှိတ်ခြင်းမရှိပဲ ကြည့်၏။ ရဟန်းတို့ မျက်စိမှိတ်ခြင်းမရှိပဲ ကြည့်ခြင်းကြောင့် ဝိပဿီမင်းသား အား "ဝိပဿီ ဝိပဿီ" ဟူသော အမည်သည်ပင် ထင်ရှားဖြစ်၏။

၄၁။ ရဟန်းတို့ ထိုစဉ်အခါ၌ ဗန္ဓုမာမင်းသည် တရားစီရင်ရာ၌ ဝိပဿီမင်းသားကို ရင်ခွင်၌ ထိုင်စေ၍ တရားစီရင်၏။ ရဟန်းတို့ ထို (တရားစီရင်ရာ) ၌ ဝိပဿီမင်းသားသည် ခမည်းတော်၏ ရင်ခွင်၌ ထိုင်လျက် စိစစ်၍ စိစစ်၍ အဆုံးအဖြတ်တို့ကို အမှန်အတိုင်း ဖြစ်စေ၏။ ရဟန်းတို့ မင်းသား သည် စိစစ်၍ စိစစ်၍ အဆုံးအဖြတ်တို့ကို အမှန်အတိုင်း ဖြစ်စေသောကြောင့် ဝိပဿီမင်းသား အား "ဝိပဿီ ဝိပဿီ" ဟူသော အမည်သည်ပင် အတိုင်းထက်အလွန် ထင်ရှားဖြစ်၏။

၄၂။ ရဟန်းတို့ ထိုစဉ်အခါ၌ ဗန္ဓုမာမင်းသည် ဝိပဿီမင်းသားအတွက် မိုးစံရာ တဆောင် ဆောင်းစံရာ တဆောင် နွေစံရာ တဆောင် အားဖြင့် ပြာသာဒ် သုံးဆောင်တို့ကို ဆောက်စေ၏၊ ကာမဂုဏ်ငါးပါးတို့ကိုလည်း စီရင်ထားစေ၏၊ ရဟန်းတို့ ထိုပြာသာဒ်သုံးဆောင်တို့တွင် မိုးစံရာ ပြာသာဒ်၌ ဝိပဿီမင်းသားသည် လေးလတို့ပတ်လုံး ပြာသာဒ်အောက်သို့ မဆင်းပဲ ယောကျ်ား မပါသော(မိန်းမများသာ တီးမှုတ်သော)တူရိယာတို့ဖြင့် စံစားလျက်နေ၏။

ပဌမအခန်း ပြီး၏။

---

## သူအိုယောကျ်ား

၄၃။ ရဟန်းတို့ ထို့နောက် နှစ်ပေါင်းများစွာ နှစ်အရာပေါင်းများစွာ နှစ်အထောင်ပေါင်း များစွာ လွန်သောအခါ ဝိပဿီမင်းသားသည် ရထားထိန်းကို ခေါ်၍ "အချင်း ရထားထိန်း ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ကို ကလော့ သာယာသော ရှုမြှော်ခင်းကို ရှုစားရန် ဥယျာဉ်သို့သွားကုန်အံ့" ဟု မိန့်ဆို၏။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ကို ကစေပြီးလျှင် "အရှင်မင်းသား ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ကို ကပြီးပါပြီ၊ ယခုအခါ၌ သွားရန်အချိန်ကို သင်မင်းသား သိတော်မူပါ သည် (သွားရန်မှာ သင်မင်းသား၏ အလိုအတိုင်းပင် ဖြစ်ပါသည်)" ဟု လျှောက်ကြား၏။

ရဟန်းတို့ ထိုစဉ်အခါ၌ ဝိပဿီမင်းသားသည် ကောင်းသောယာဉ်ကို တက်စီး၍ ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့နှင့်တကွ ဥယျာဉ်သို့ ထွက်သွားလေ၏။

၄၄။ ရဟန်းတို့ ဝိပဿီမင်းသားသည် ဥယျာဉ်သို့ထွက်သွားစဉ် အခြင်ကဲ့သို့ ကိုင်း၍ ခါးကုန်း သော တောင်ဝှေးကိုအားပြုလျက် တုန်တုန်ရီရီသွားနေသော အရွယ်လွန်ပြီး၍ ယိုယွင်းနေသော သူအိုကိုမြင်လတ်သော် ရထားထိန်းကို မိန့်ဆို၏။

"အချင်းရထားထိန်း ဤယောကျ်ားကို အဘယ်သို့ပြုထားသနည်း၊ ထိုသူ၏ ဆံပင်တို့သည်လည်း အခြားသူတို့၏(ဆံပင်တို့)ကဲ့သို့ မဟုတ်ပါတကား၊ ထိုသူ၏ကိုယ်သည်လည်း အခြားသူတို့၏ (ကိုယ်) ကဲ့သို့ မဟုတ်ပါတကား" ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



"အရှင်မင်းသား ဤသူကား သူအိုမည်ပါသည်" ဟု (လျှောက်၏)။

"အချင်းရထားထိန်း ဤသူအိုမည်သည် အဘယ်သို့သော သူပါနည်း" ဟု (မေး၏)။

"အရှင်မင်းသား ဤသူအိုမည်သည်မှာ ကြာမြင့်စွာ အသက်ရှင်နေခွင့် မရှိတော့သောသူ ဖြစ်ပါသည်" ဟု (လျှောက်၏)။

"အချင်းရထားထိန်း ငါသည်လည်း အိုခြင်းသဘော ရှိသလော၊ အိုခြင်းကို မလွန်မြောက်နိုင်သလော" ဟု (မေး၏)။

"အရှင်မင်းသား သင်မင်းသားနှင့်တကွ အကျွန်ုပ်တို့ပါ အားလုံးပင် အိုခြင်းသဘော ရှိပါကုန်၏၊ အိုခြင်းကို မလွန်မြောက်နိုင်ပါကုန်" ဟု (လျှောက်၏)။

"အချင်းရထားထိန်း သို့ဖြစ်လျှင် ယနေ့ ဥယျာဉ်သို့ သွားရန် အလိုမရှိတော့ပြီ၊ ဤ (အရပ်) မှပင် နန်းတော်သို့ ပြန်လှည့်လော့" ဟု မိန့်ဆို၏။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ထို (အရပ်)မှပင် နန်းတော်သို့ ပြန်လှည့်လေ၏။

ရဟန်းတို့ ဝိပဿီမင်းသားသည် နန်းတော်သို့ ရောက်လျှင် "အချင်းတို့ ဖြစ်ခြင်း 'ဇာတိ' မည်သည် စက်ဆုပ်ဖွယ် ရှိစွတကား၊ ယင်းဖြစ်ခြင်း 'ဇာတိ' ကြောင့် ဖြစ်ပေါ်လာသောသူအား အိုခြင်းသည်ထင်တုံဘိ၏" ဟု ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လျက် ကြံမှိုင်နေ၏။

၄၅။ ရဟန်းတို့ ထိုစဉ်အခါ၌ ဗန္ဓုမာမင်းသည် ရထားထိန်းကိုခေါ်စေ၍ ဤစကားကိုဆို၏။

"အချင်း ရထားထိန်း အသို့နည်း ဥယျာဉ်၌ မင်းသားသည် ပျော်မွေ့ပါ၏လော၊ အချင်း ရထားထိန်း အသို့နည်း ဥယျာဉ်၌ မင်းသားသည် နှစ်ခြိုက်ပါ၏လော" ဟု (မေး၏)။

"မင်းမြတ် မင်းသားသည် ဥယျာဉ်၌ မပျော်မွေ့ပါ၊ မင်းမြတ် မင်းသားသည် ဥယျာဉ်၌ မနှစ်ခြိုက်ပါ" ဟ (လျှောက်၏)။

"အချင်းရထားထိန်း မင်းသားသည် ဥယျာဉ်သို့ထွက်သွားစဉ် အဘယ်အရာကို မြင်ခဲ့သနည်း" ဟု (မေး၏)။

မင်းမြတ် မင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် အခြင်ကဲ့သို့ ကိုင်း၍ ခါးကုန်းသော တောင်ဝှေးကို အားပြုလျက် တုန်တုန်ရီရီ သွားနေသော အရွယ်လွန်ပြီး၍ ယိုယွင်းနေသော သူအိုကို မြင်ခဲ့ပါ၏၊ မြင်လတ်သော် "အချင်း ရထားထိန်း ဤယောကျ်ားကို အဘယ်သို့ ပြုထားသနည်း၊ ထိုသူ၏ ဆံပင်တို့သည်လည်း အခြားသူတို့၏ (ဆံပင်)ကဲ့သို့ မဟုတ်ပါတကား၊ ထိုသူ၏ ကိုယ်သည်လည်း အခြားသူတို့၏ (ကိုယ်) ကဲ့သို့ မဟုတ်ပါတကား" ဟု အကျွန်ုပ်အား ဤစကားကို မေးပါ၏။

"အရှင်မင်းသား ဤသူကား သူအိုမည်ပါသည်" ဟု (အကျွန်ုပ်က ပြန်ကြားပါ၏)။

"အချင်းရထားထိန်း ဤသူအိုမည်သည် အဘယ်သို့သော သူပါနည်း" ဟု (မင်းသားက မေးပြန်ပါ၏)။

"အရှင်မင်းသား ဤသူအိုမည်သည်မှာ ကြာမြင့်စွာ အသက်ရှင်နေခွင့် မရှိတော့သောသူ ဖြစ်ပါသည်" ဟု (အကျွန်ုပ်က ပြန်ကြားပါ၏)။

http://www.dhammadownload.com



"အချင်း ရထားထိန်း ငါသည်လည်း အိုခြင်းသဘော ရှိသလော၊ အိုခြင်းကို မလွန်မြောက်နိုင်သလော" ဟု (မေးပြန်ပါ၏)။

"အရှင်မင်းသား သင်မင်းသားနှင့်တကွ အကျွန်ုပ်တို့ပါ အားလုံးပင် အိုခြင်းသဘောရှိပါကုန်၏၊ အိုခြင်းကို မလွန်မြောက်နိုင်ပါကုန်" ဟု (အကျွန်ုပ်က ပြန်ကြားပါ၏)။

"အချင်းရထားထိန်း သို့ဖြစ်လျှင် ယနေ့ ဥယျာဉ်သို့ (သွားရန်) အလိုမရှိတော့ပြီ၊ ဤ(အရပ်)မှပင် နန်းတော်သို့ ပြန်လှည့်လော့" ဟု (မင်းသားက ဆိုပါ၏)။

မင်းမြတ် (ထိုအခါ) အကျွန်ုပ်သည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံပြီးလျှင် ထို(အရပ်)မှပင် နန်းတော်သို့ ပြန်လှည့်ခဲ့ရပါ၏။

မင်းမြတ် ထိုဝိပဿီမင်းသားသည် နန်းတော်သို့ ရောက်လျှင် "အချင်းတို့ ဖြစ်ခြင်း 'ဇာတိ' မည်သည် စက်ဆုပ်ဖွယ်ရှိစွတကား၊ ယင်းဖြစ်ခြင်း 'ဇာတိ' ကြောင့် ဖြစ်ပေါ်လာသူအား အိုခြင်းသည် ထင်တုံဘိ၏" ဟု ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်လျက် ကြံမှိုင်နေပါသည် ဟု (လျှောက်၏)။

## သူနာယောကျာ်း

၄၆။ ရဟန်းတို့ ထိုအခါ၌ ဗန္ဓုမာမင်းအား ဤသို့သော အကြံသည် ဖြစ်၏။

"ဝိပဿီမင်းသားသည် မင်းမပြုပဲ မနေစေရ၊ ဝိပဿီမင်းသားသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်စေရ နိမိတ်ဖတ် ပုဏ္ဏားတို့၏ စကားသည် မမှန်စေရ" ဟု (အကြံသည် ဖြစ်၏)။

ရဟန်းတို့ ထိုအခါ ဗန္ဓုမာမင်းသည် ဝိပဿီမင်းသား မင်းပြုဖြစ်စိမ့်သောငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်စိမ့်သောငှါ နိမိတ်ဖတ်ပုဏ္ဏားတို့ စကားလွဲမှားစိမ့်သောငှါ ကာမဂုဏ်ငါးပါးတို့ကို တိုးတက်၍ စီရင်ထားစေ၏၊ ရဟန်းတို့ (ထို့ကြောင့်) ဝိပဿီမင်းသားသည် ထိုလူ့ဘောင်၌ပင် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ စံစားလျက် နေပြန်လေ၏။ ရဟန်းတို့ ထို့နောက် နှစ်ပေါင်းများစွာ နှစ်အရာပေါင်းများစွာ နှစ်အထောင်ပေါင်းများစွာ လွန်သောအခါ ဝိပဿီမင်းသားသည်။ပ။ ဥယျာဉ်သို့ ထွက်သွားပြန်လေ၏။

၄၇။ ရဟန်းတို့ ဝိပဿီမင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် အသည်းအသန် မကျန်းမမာဖြစ်၍ ဆင်းရဲဒုက္ခ ရောက်နေသော မိမိ၏ကျင်ကြီး ကျင်ငယ်၌ နစ်လျက် လဲနေသော သူတပါးတို့က ထူပေး သိပ်ပေးနေရသော သူနာကိုမြင်လတ်သော် ရထားထိန်းကို မေး၏။

"အချင်းရထားထိန်း ဤယောကျာ်းကို အဘယ်သို့ ပြုထားသနည်း၊ ထိုသူ၏ မျက်စိတို့သည်လည်း အခြားသူတို့၏ (မျက်စိ)ကဲ့သို့ မဟုတ်ပါတကား၊ ထိုသူ၏ အသံသည်လည်း အခြားသူတို့၏ (အသံ) ကဲ့သို့ မဟုတ်ပါတကား" ဟု (မေး၏)။

"အရှင်မင်းသား ဤသူကား သူနာမည်ပါသည်" ဟု (လျှောက်၏)။

"အချင်းရထားထိန်း ဤသူနာမည်သည် အဘယ်သို့သော သူပါနည်း" ဟု (မေး၏)။

"အရှင်မင်းသား ဤသူနာမည်သည်မှာ ထိုအနာမှ ထနိုင်ပြေးအံ့လည်း မသိရသောသူဖြစ်ပါ၏" ဟု (လျှောက်၏)။

http://www.dhammadownload.com



"အချင်းရထားထိန်း ငါသည်လည်း နာခြင်းသဘောရှိသလော၊ နာခြင်းကို မလွန်မြောက်နိုင်သလော" ဟု (မေး၏)။

"အရှင်မင်းသား သင်မင်းသားနှင့်တကွ အကျွန်ုပ်တို့ပါ အားလုံးပင် နာခြင်းသဘောရှိပါကုန်၏၊ နာခြင်းကို မလွန်မြောက်နိုင်ပါကုန်" ဟု (လျှောက်၏)။

"အချင်းရထားထိန်း သို့ဖြစ်လျှင် ယနေ့ ဥယျာဉ်သို့ (သွားရန်) အလိုမရှိတော့ပြီ၊ ဤ (အရပ်) မှပင်နန်းတော်သို့ ပြန်လှည့်လော့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ထို(အရပ်) မှပင် နန်းတော်သို့ ပြန်လှည့်လေ၏။

ရဟန်းတို့ ဝိပဿီမင်းသားသည် နန်းတော်သို့ရောက်လျှင် "ဖြစ်ခြင်း 'ဇာတိ' မည်သည် စက်ဆုပ်ဖွယ် ရှိစွတကား၊ ယင်း ဖြစ်ခြင်း 'ဇာတိ' ကြောင့် ဖြစ်ပေါ်လာသောသူအား အိုခြင်းသည် ထင်တုံဘိ၏၊ နာခြင်းသည် ထင်တုံဘိ၏" ဟု ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လျက် ကြံမှိုင်နေ၏။

၄၇။ ရဟန်းတို့ ထိုစဉ်အခါ၌ ဗန္ဓုမာမင်းသည် ရထားထိန်းကို ခေါ်စေ၍ ဤစကားကို ဆို၏။

"အချင်းရထားထိန်း အသို့နည်း ဥယျာဉ်၌ မင်းသားသည် ပျော်မွေ့ပါ၏လော၊ အချင်းရထားထိန်း အသို့နည်း ဥယျာဉ်၌ မင်းသားသည် နှစ်ခြိုက်ပါ၏လော" ဟု (မိန့်ဆို၏)။

"မင်းမြတ် မင်းသားသည် ဥယျာဉ်၌ မပျော်မွေ့ပါ၊ မင်းမြတ် မင်းသားသည် ဥယျာဉ်၌ မနှစ်ခြိုက်ပါ" ဟု (လျှောက်၏)။

"အချင်းရထားထိန်း မင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် အဘယ်အရာကို မြင်ခဲ့သနည်း" ဟု (မေး၏)။

မင်းမြတ် မင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် အသည်းအသန် မကျန်းမမာဖြစ်၍ ဆင်းရဲဒုက္ခရောက်နေသော မိမိ၏ ကျင်ကြီးကျင်ငယ်၌ နစ်လျက် လဲနေသော သူတပါးတို့က ထူပေး သိပ်ပေးနေရသော သူနာကို မြင်ခဲ့ပါ၏၊ မြင်လတ်သော် "အချင်းရထားထိန်း ဤယောကျ်ားကို အဘယ်သို့ ပြုထားသနည်း၊ ထိုသူ၏ မျက်စိတို့သည်လည်း အခြားသူတို့၏ (မျက်စိ) ကဲ့သို့ မဟုတ်ပါတကား၊ ထိုသူ၏ အသံသည်လည်း အခြားသူတို့၏ (အသံ) ကဲ့သို့ မဟုတ်ပါတကား" ဟု အကျွန်ုပ်အား ဤစကားကို မေးပါ၏။

"အရှင်မင်းသား ဤသူကား သူနာမည်ပါသည်" ဟု အကျွန်ုပ်က (ပြန်ကြားပါ၏)။

"အချင်းရထားထိန်း ဤသူနာမည်သည် အဘယ်သို့သောသူပါနည်း" ဟု (မင်းသားက မေးပြန်ပါ၏)။

"အရှင်မင်းသား ဤသူနာမည်သည်မှာ ထိုအနာမှ ထနိုင်ငြားအံ့လည်း မသိရသောသူ ဖြစ်ပါသည်" ဟု (ပြန်ကြားပါ၏)။

"အချင်းရထားထိန်း ငါသည်လည်း နာခြင်းသဘောရှိသလော နာခြင်းကို မလွန်မြောက်နိုင်သလော" ဟု (မေးပြန်ပါ၏)။

"အရှင်မင်းသား သင်မင်းသားနှင့်တကွ အကျွန်ုပ်တို့ပါ အားလုံးပင် နာခြင်းသဘော ရှိပါကုန်၏၊ နာခြင်းကို မလွန်မြောက်နိုင်ပါကုန်" ဟု (အကျွန်ုပ်က ပြန်ကြားပါ၏)။

http://www.dhammadownload.com



"အချင်းရထားထိန်း သို့ဖြစ်လျှင် ယနေ့ ဥယျာဉ်သို့ (သွားရန်) အလိုမရှိတော့ပြီ၊ ဤ(အရပ်) မှပင် နန်းတော်သို့ ပြန်လှည့်လော့" ဟု (မင်းသားက ဆိုပါ၏)။

မင်းမြတ် (ထိုအခါ) အကျွန်ုပ်သည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံပြီးလျှင် ထို(အရပ်) မှပင် နန်းတော်သို့ ပြန်လှည့်ခဲ့ရပါ၏။

မင်းမြတ် ထိုဝိပဿီမင်းသားသည် နန်းတော်သို့ရောက်လျှင် "ဖြစ်ခြင်း'ဇာတိ'မည်သည် စက်ဆုပ်ဖွယ် ရှိစွတကား၊ ယင်းဖြစ်ခြင်း 'ဇာတိ' ကြောင့် ဖြစ်ပေါ်လာသူအား အိုခြင်းသည် ထင်တုံဘိ၏၊ နာခြင်းသည် ထင်တုံဘိ၏" ဟု ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်၍ ကြံမှိုင်နေပါသည် ဟု (လျှောက်၏)။

## သူသေယောကျ်ား

၄၉။ ရဟန်းတို့ ထိုအခါ၌ ဗန္ဓုမာမင်းအား ဤသို့သော အကြံသည်ဖြစ်၏။

"ဝိပဿီမင်းသားသည် မင်းမပြုပဲ မနေစေရ၊ ဝိပဿီမင်းသားသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်စေရ၊ နိမိတ်ဖတ် ပုဏ္ဏားတို့၏ စကားသည် မမှန်စေရ" ဟု (အကြံသည်ဖြစ်၏)။

ရဟန်းတို့ ထိုအခါ ဗန္ဓုမာမင်းသည် ဝိပဿီမင်းသား မင်းပြုဖြစ်စိမ့်သောငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်စိမ့်သောငှါ နိမိတ်ဖတ်ပုဏ္ဏားတို့၏စကား လွဲမှားစိမ့်သောငှါ ကာမဂုဏ်ငါးပါးတို့ကို တိုးတက်၍ စီရင်ထားစေ၏၊ ရဟန်းတို့ (ထို့ကြောင့်) ဝိပဿီမင်းသားသည် ထိုလူ့ဘောင်၌ပင် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားလျက် နေပြန်လေ၏။ ရဟန်းတို့ ထို့နောက် နှစ်ပေါင်းများစွာ နှစ်အရာပေါင်းများစွာ နှစ်အထောင်ပေါင်းများစွာ လွန်သောအခါ ဝိပဿီမင်းသားသည်။ပ။ ဥယျာဉ်သို့ထွက်သွားပြန်လေ၏။

၅၀။ ရဟန်းတိ ဝိပဿီမင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် လူပေါင်းများစွာ စုဝေးလျက် အရောင်မျိုးစုံ အဝတ်တို့ဖြင့် ထမ်းစင်လုပ်နေသည်ကို မြင်လတ်သော် "အချင်းရထားထိန်း ထိုလူပေါင်းများစွာသည် စုဝေးလျက် အရောင်မျိုးစုံ အဝတ်တို့ဖြင့် ထမ်းစင်ကို အဘယ့်ကြောင့်ပြုလုပ်နေကြသနည်း" ဟု ရထားထိန်းကို မေး၏။

"အရှင်မင်းသား ဤသူသည် သူသေမည်ပါ၏" (ထိုသူအတွက် ပြုလုပ်နေကြပါသည်) ဟု (လျှောက်၏)။

"အချင်းရထားထိန်း သို့ဖြစ်လျှင် ထိုသူသေရှိရာသို့ ရထားကိုမောင်းလော့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ သူသေရှိရာသို့ ရထားကိုမောင်း၏။

ရဟန်းတို့ ဝိပဿီမင်းသားသည် တမလွန်သို့သွားသော သူသေကိုမြင်လျှင် "အချင်းရထားထိန်း ဤသူသေမည်သည် အဘယ်သို့သော သူပါနည်း" ဟု ရထားထိန်းကို မေး၏။

"အရှင်မင်းသား ဤသူသေ မည်သည်မှာ ထိုသူ့ကို အမိအဖနှင့် အခြားဆွေမျိုးတို့က မတွေ့မြင်ရတော့မည့်သူဖြစ်သည့်ပြင် ထိုသူကလည်း အမိအဖနှင့်အခြားဆွေမျိုးတို့ကို မတွေ့မြင်ရတော့မည့်သူ ဖြစ်ပါသည်" ဟု (လျှောက်၏)။

http://www.dhammadownload.com



"အချင်းရထားထိန်း ငါသည်လည်း သေခြင်းသဘော ရှိသလော၊ သေခြင်းကို မလွန်မြောက်နိုင်သလော၊ ငါ့ကိုလည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြားဆွေတော်မျိုးတော်တို့သည် မတွေ့မြင်ရကုန်လတ္တံ့လော၊ ငါသည်လည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြား ဆွေတော် မျိုးတော်တို့ကို မတွေ့မြင်ရလတ္တံ့လော" ဟု (မေး၏)။

"အရှင်မင်းသား သင်မင်းသားနှင့်တကွ အကျွန်ုပ်တို့ပါ အားလုံးပင် သေခြင်းသဘော ရှိပါကုန်၏၊ သေခြင်းသဘောကို မလွန်မြောက်နိုင်ပါကုန်၊ အရှင်မင်းသားကိုလည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြားဆွေတော် မျိုးတော်တို့သည် မတွေ့မြင်ရပါကုန်လတ္တံ့၊ အရှင်မင်းသားသည်လည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြားဆွေတော် မျိုးတော်တို့ကို မတွေ့မြင်ရပါလတ္တံ့"ဟု (လျှောက်၏)။

"အချင်းရထားထိန်း သို့ဖြစ်လျှင် ယနေ့ ဥယျာဉ်သို့(သွားရန်) အလိုမရှိတော့ပြီ၊ ဤ (အရပ်) မှပင် နန်းတော်သို့ ပြန်လှည့်လော့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ထို(အရပ်)မှပင် နန်းတော်သို့ပြန်လှည့်၏။ ရဟန်းတို့ ထိုဝိပဿီမင်းသားသည် နန်းတော်သို့ ရောက်လျှင် "အချင်းတို့ဖြစ်ခြင်း 'ဇာတိ' မည်သည် စက်ဆုပ်ဖွယ် ရှိစွတကား၊ ယင်းဖြစ်ခြင်း 'ဇာတိ'ကြောင့် ဖြစ်ပေါ်လာသူအား အိုခြင်းသည် ထင်တုံဘိ၏၊ နာခြင်းသည် ထင်တုံဘိ၏၊ သေခြင်းသည် ထင်တုံဘိ၏" ဟု ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်၍ ကြံမှိုင်နေ၏။

၃၁။ ရဟန်းတို့ ထိုအခါ ဗန္ဓုမာမင်းသည် ရထားထိန်းကို ခေါ်၍ ဤစကားကိုဆို၏။

"အချင်းရထားထိန်း အသို့နည်း မင်းသားသည် ဥယျာဉ်၌ ပျော်မွေ့ပါ၏လော၊ အချင်းရထားထိန်း အသို့နည်း မင်းသားသည် ဥယျာဉ်၌ နှစ်ခြိုက်ပါ၏လော" ဟု (မေး၏)။

"မင်းမြတ် မင်းသားသည် ဥယျာဉ်၌မပျော်မွေ့ပါ၊ မင်းမြတ် မင်းသားသည် ဥယျာဉ်၌ မနှစ်ခြိုက်ပါ" ဟု (လျှောက်၏)။

"အချင်းရထားထိန်း မင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် အဘယ်အရာကိုမြင်ခဲ့သနည်း" ဟု (မေး၏)။

မင်းမြတ် မင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် လူပေါင်းများစွာစုဝေးလျက် အရောင်မျိုးစုံ အဝတ်တို့ဖြင့်ထမ်းစင်လုပ်နေသည်ကိုမြင်ခဲ့ပါ၏၊ မြင်လတ်သော် "အချင်းရထားထိန်း ထိုလူပေါင်းများစွာသည် စုဝေးလျက် အရောင်မျိုးစုံ အဝတ်တို့ဖြင့် ထမ်းစင်ကို အဘယ့်ကြောင့် ပြုလုပ်နေကြသနည်း" ဟု အကျွန်ုပ်ကိုမေးပါ၏။

အရှင်မင်းသား ဤသူသည် သူသေ မည်ပါ၏ (ထိုသူ့အတွက် ပြုလုပ်နေကြပါသည် ဟု အကျွန်ုပ်က ပြန်ကြားပါ၏)။

"အချင်းရထားထိန်း သို့ဖြစ်လျှင် သူသေရှိရာသို့ ရထားကို မောင်းလော့" ဟု (မင်းသားက ဆိုပါ၏)။

မင်းမြတ် အကျွန်ုပ်သည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ထိုသူသေရှိရာသို့ ရထားကိုမောင်းပါ၏။

http://www.dhammadownload.com



မင်းမြတ် မင်းသားသည် တမလွန်သို့သွားသော သူသေကို မြင်လျှင် "အချင်းရထားထိန်း ဤသူသေမည်သည်ကား အဘယ်သို့သော သူပါနည်း" ဟု အကျွန်ုပ်ကို မေးပါ၏။

"အရှင်မင်းသား ဤသူသေမည်သည်မှာ ထိုသူ့ကို အမိအဖနှင့် အခြား ဆွေမျိုးတို့က မတွေ့မြင်ရတော့မည့်သူဖြစ်၍ ထိုသူကလည်း အမိအဖနှင့် အခြားဆွေမျိုးတို့ကို မတွေ့မြင်ရတော့မည့် သူ ဖြစ်ပါသည်" ဟု (အကျွန်ုပ်က ပြန်ကြားပါ၏)။

"အချင်းရထားထိန်း ငါသည်လည်း သေခြင်းသဘောရှိသလော၊ သေခြင်းကို မလွန်မြောက်နိုင်သလော၊ ငါ့ကိုလည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြား ဆွေတော် မျိုးတော်တို့သည် မတွေ့မြင်ရကုန်လတ္တံ့လော၊ ငါသည်လည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြားဆွေတော် မျိုးတော်တို့ကို မတွေ့မြင်ရလတ္တံ့လော" ဟု (မင်းသားက မေးပြန်ပါ၏)။

"အရှင်မင်းသား သင်မင်းသားနှင့်တကွ အကျွန်ုပ်တို့ပါ အားလုံးပင် သေခြင်းသဘောရှိပါကုန်၏၊ သေခြင်းသဘောကို မလွန်မြောက်နိုင်ပါကုန်၊ အသျှင်မင်းသားကိုလည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြားဆွေတော် မျိုးတော်တို့သည် မတွေ့မြင်ရပါကုန်လတ္တံ့၊ အရှင်မင်းသားသည်လည်း (ခမည်းတော်) မင်း (မယ်တော်) မိဖုရားနှင့် အခြားဆွေတော်မျိုးတော်တို့ကို မတွေ့မြင်ရပါလတ္တံ့" ဟု (အကျွန်ုပ်က ပြန်ကြားပါ၏)။

"အချင်းရထားထိန်း သို့ဖြစ်လျှင် ယနေ့ဥယျာဉ်သို့ (သွားရန်) အလိုမရှိတော့ပြီ၊ ဤ (အရပ်) မှပင် နန်းတော်သို့ ပြန်လှည့်လော့" ဟု (မင်းသားက ဆိုပါသည်)။

မင်းမြတ် ထိုအခါ အကျွန်ုပ်သည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ထို (အရပ်)မှပင် နန်းတော်သို့ ပြန်လှည့်ခဲ့ရပါ၏။

မင်းမြတ် ထိုမင်းသားသည် နန်းတော်သို့ ရောက်လျှင် "အချင်းတို့ ဖြစ်ခြင်း 'ဇာတိ' မည်သည် စက်ဆုပ်ဖွယ်ရှိစွတကား၊ ယင်းဖြစ်ခြင်း 'ဇာတိ' ကြောင့် ဖြစ်ပေါ်လာသူအား အိုခြင်းသည် ထင်တုံဘိ၏၊ နာခြင်းသည် ထင်တုံဘိ၏၊ သေခြင်းသည် ထင်တုံဘိ၏" ဟု ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်၍ ကြံမှိုင်နေပါသည် ဟု (လျှောက်၏)။

## ရဟန်း

၅၂။ ရဟန်းတို့ ထိုအခါ၌ ဗန္ဓုမာမင်းအား ဤသို့သော အကြံသည် ဖြစ်၏။

"ဝိပဿီမင်းသားသည် မင်းမပြုပဲ မနေစေရ၊ ဝိပဿီမင်းသားသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်စေရ၊ နိမိတ်ဖတ် ပုဏ္ဏားတို့၏ စကားသည် မမှန်စေရ" ဟု (အကြံသည် ဖြစ်၏)။

ရဟန်းတို့ ထိုအခါ၌ ဗန္ဓုမာမင်းသည် ဝိပဿီမင်းသား မင်းပြုဖြစ်စိမ့်သောငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်စိမ့်သောငှါ နိမိတ်ဖတ် ပုဏ္ဏားတို့၏ စကား လွဲမှားစိမ့်သောငှါ ကာမဂုဏ်ငါးပါးတို့ကို တိုးတက်၍ စီရင်ထားစေ၏၊ ရဟန်းတို့ ထိုကြောင့် ဝိပဿီမင်းသားသည် ထိုလူ့ဘောင်၌ပင် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ စံစားလျက်နေ၏။

ရဟန်းတို့ ထို့နောက် နှစ်ပေါင်းများစွာ နှစ်အရာပေါင်းများစွာ နှစ်အထောင်ပေါင်းများစွာ လွန်သောအခါ ဝိပဿီမင်းသားသည် ရထားထိန်းကိုခေါ်၍ "အချင်း ရထားထိန်း ကောင်းကုန်

http://www.dhammadownload.com



ကောင်းကုန်သော ယာဉ်တို့ကို ကလော့၊ သာယာသော ရှုမြော်ခင်းကို ရှုစားရန် ဥယျာဉ်သို့ သွားကုန်အံ့" ဟု မိန့်ဆို၏။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ကို ကစေပြီးလျှင် "အရှင်မင်းသား ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ကို ကပြီးပါပြီ၊ ယခုအခါ၌ သွားရန် အချိန်ကို သင် မင်းသား သိတော်မူပါသည်(သွားရန်မှာ သင်မင်းသား၏ အလိုအတိုင်းပင် ဖြစ်ပါသည်)" ဟု လျှောက်ကြား၏။

ရဟန်းတို့ ထိုစဉ်အခါ၌ ဝိပဿီမင်းသားသည် ကောင်းသော ယာဉ်ကို တက်စီး၍ ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့နှင့်တကွ ဥယျာဉ်သို့ ထွက်သွားလေ၏။

၅၃။ ရဟန်းတို့ ဝိပဿီမင်းသားသည် ဥယျာဉ်သို့ ထွက်သွားစဉ် ခေါင်းတုံးလျက် ဖန်ရေဆိုး အဝတ်ကို ဝတ်ရုံထားသော ရဟန်းကို မြင်လတ်သော် ရထားထိန်းကို မိန့်ဆို၏။

"အချင်း ရထားထိန်း ဤယောကျ်ားကို အဘယ်သို့ ပြုထားသနည်း၊ ထိုသူ၏ ဦးခေါင်းသည်လည်း အခြားသူတို့၏ (ဦးခေါင်း)ကဲ့သို့ မဟုတ်ပါတကား၊ ထိုသူ၏ အဝတ်တို့သည်လည်း အခြားသူတို့၏ (အဝတ်တို့)ကဲ့သို့ မဟုတ်ပါတကား" ဟု (မိန့်ဆို၏)။

"အရှင်မင်းသား ဤသူကား ရဟန်းမည်ပါသည်" ဟု လျှောက်၏။

"အချင်းရထားထိန်း ဤရဟန်းမည်သည် အဘယ်သို့သောသူပါနည်း" ဟု (မေး၏)။

"အရှင်မင်းသား ဤရဟန်းမည်သည်မှာ တရားကျင့်ခြင်းသည် ကောင်း၏၊ အမှန်ကျင့်ခြင်းသည် ကောင်း၏၊ ကုသိုလ်ပြုခြင်းသည် ကောင်း၏၊ ကောင်းမှုပြုခြင်းသည် ကောင်း၏၊ မညှဉ်းဆဲခြင်းသည် ကောင်း၏၊ သတ္တဝါတို့ကို သနားခြင်းသည် ကောင်း၏" ဟု နှလုံးသွင်း၍ ကျင့်နေသူ ဖြစ်ပါသည် ဟု (လျှောက်၏)။

"အချင်းရထားထိန်း ထိုရဟန်းမည်သည် ကောင်းပေ၏၊ အချင်းရထားထိန်း တရားကျင့်ခြင်းသည် ကောင်းပေ၏၊ အမှန်ကျင့်ခြင်းသည် ကောင်းပေ၏၊ ကုသိုလ်ပြုခြင်းသည် ကောင်းပေ၏၊ ကောင်းမှုပြုခြင်းသည် ကောင်းပေ၏၊ မညှဉ်းဆဲခြင်းသည် ကောင်းပေ၏၊ သတ္တဝါတို့ကို သနားခြင်းသည် ကောင်းပေ၏၊ အချင်းရထားထိန်း သို့ဖြစ်လျှင် ထိုရဟန်းထံသို့ ရထားကိုမောင်းလော့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ထိုရဟန်းထံသို့ ရထားကို မောင်း၏။

ရဟန်းတို့ ထိုအခါ၌ ဝိပဿီမင်းသားသည် ထိုရဟန်းအား ဤစကားကိုဆို၏။

"အသျှင် သင်သည် အဘယ်သို့ဖြစ်နေသနည်း၊ သင်၏ဦးခေါင်းသည်လည်း အခြားသူတို့၏ (ဦးခေါင်း)ကဲ့သို့ မဟုတ်ပါတကား၊ သင်၏အဝတ်တို့သည်လည်း အခြားသူတို့၏ (အဝတ်တို့)ကဲ့သို့ မဟုတ်ပါတကား" ဟု (ဆို၏)။

"အရှင်မင်းသား အကျွန်ုပ်သည် ရဟန်းမည်ပါသည်" ဟု (ဆို၏)။

"အသျှင် ရဟန်းမည်သော သင်သည် အဘယ်သို့သော သူပါနည်း" ဟု (မေး၏)။

http://www.dhammadownload.com



မင်းသား ရဟန်းမည်သော အကျွန်ုပ်သည် "တရားကျင့်ခြင်းသည် ကောင်း၏၊ အမှန်ကျင့်ခြင်းသည် ကောင်း၏၊ ကုသိုလ်ပြုခြင်းသည် ကောင်း၏၊ ကောင်းမှုပြုခြင်းသည် ကောင်း၏၊ မညှဉ်းဆဲခြင်းသည်ကောင်း၏၊ သတ္တဝါတို့ကိုသနားခြင်းသည် ကောင်း၏" ဟု နှလုံးသွင်း၍ ကျင့်နေသူဖြစ်ပါသည်ဟု (ဆို၏)။

"အသျှင် ရဟန်းမည်သော သင်သည် ကောင်းပေ၏၊ တရားကျင့်ခြင်းသည် ကောင်းပေ၏၊ အမှန်ကျင့်ခြင်းသည် ကောင်းပေ၏၊ ကုသိုလ်ပြုခြင်းသည် ကောင်းပေ၏၊ ကောင်းမှုပြုခြင်းသည် ကောင်းပေ၏၊ မညှဉ်းဆဲခြင်းသည် ကောင်းပေ၏၊ သတ္တဝါတို့ကို သနားခြင်းသည် ကောင်းပေ၏" ဟု (ဆို၏)။

## ဘုရားလောင်း ရဟန်းပြုတော်မူခဏ်း

၃၄။ ရဟန်းတို့ ထိုအခါ၌ ဝိပဿီမင်းသားသည် ရထားထိန်းကို မိန့်ဆို၏။

"အချင်းရထားထိန်း သို့ဖြစ်လျှင် ရထားကိုယူ၍ ဤ(အရပ်)မှပင် နန်းတော်သို့ ပြန်လေလော့၊ ငါသည်ကား ဤအရပ်၌ပင် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်တော့အံ့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ ရထားထိန်းသည် "အရှင်မင်းသား ကောင်းပါပြီ" ဟု ဝိပဿီမင်းသားအား ဝန်ခံ၍ ရထားကို ယူပြီးလျှင် ထို(အရပ်)မှပင် နန်းတော်သို့ပြန်လေ၏၊ ဝိပဿီမင်းသားသည်ကား ထို(အရပ်)၌ပင် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကိုဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လေ၏။

၃၅။ ရဟန်းတို့ ဗန္ဓုမတီနေပြည်တော်၌ ရှစ်သောင်းလေးထောင်သော လူပေါင်းများစွာတို့သည် "ဝိပဿီမင်းသားသည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လေသတတ်" ဟု ကြားလေကုန်၏၊ ကြားကုန်လတ်သော် ထိုသူတို့အား ဤသို့သော အကြံသည်ဖြစ်၏။

"ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လျက် ဝိပဿီမင်းသား ကျင့်သုံးသော ထိုတရားနှင့် ဝိနည်းသည် မယုတ်ညံ့သည်သာ စင်စစ်ဖြစ်လတ္တံ့၊ ထိုရဟန်းအဖြစ်သည် မယုတ်ညံ့သည်သာ စင်စစ်ဖြစ်လတ္တံ့၊ ဝိပဿီမင်းသားသော်မှ ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်နိုင်သေး၏၊ ငါတို့ကား အဘယ်မှာ မဝင်နိုင်ပဲရှိအံ့နည်း" ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ ရှစ်သောင်းလေးထောင်သော လူပေါင်းများစွာတို့သည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံကုန်လျက် ဝိပဿီဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကုန်၏၊ ရဟန်းတို့ ဝိပဿီဘုရားလောင်းသည် ထိုပရိသတ် ခြံရံလျက် ရွာနိဂုံး ဇနပုဒ်နေပြည်တော်တို့၌ ဒေသစာရီလှည့်လည်၏။

၃၆။ ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား ဆိတ်ငြိမ်ရာ၌ တယောက်တည်း ကိန်းအောင်း ခနစဉ် "ငါ့အား (လူတို့နှင့်) ရောနှောယှက်တင် နေမှုသည် မသင့်၊ ငါသည် အစုအရုံးမှ ခွဲခွါ၍ တယောက်တည်းနေရမှု ကောင်းလေစွ" ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းသည် နောင်အခါ၌ အစုအရုံးမှ ခွဲခွာ၍ တယောက်တည်း နေ၏၊ ထိုရဟန်းရှစ်သောင်းလေးထောင်တို့သည် တပါးသောလမ်းဖြင့်သာလျှင် သွားလေကုန်၏၊ ဝိပဿီဘုရားလောင်းသည် တပါးသောလမ်းဖြင့် သွားလေ၏။

## ဘုရားလောင်း၏ နှလုံးသွင်းခြင်း

၅၇။ ရဟန်းတို့ ထိုအခါ (ဗောဓိမဏ္ဍိုင်၌ ညဉ့်အဖို့) နေရန် ချဉ်းကပ်၍ ဆိတ်ငြိမ်ရာ၌တည်လျက် တယောက်တည်း ကိန်းအောင်းနေစဉ် ဝိပဿီဘုရားလောင်းအား ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်၏—

"ဤလောကသည် ဆင်းရဲလေစွတကား၊ ဖြစ်လည်း ဖြစ်ပေါ်ရ၏၊ အိုလည်းအိုရ၏၊ သေလည်း သေရ၏၊ (အဖန်ဖန်) စုတေလည်း စုတေရ၏၊ (အဖန်ဖန်) ဖြစ်လည်း ဖြစ်ပေါ်ရ၏၊ သို့ဖြစ်ပါလျက် ဤအိုခြင်းသေခြင်း ဆင်းရဲမှ မထွက်မြောက်ရသေးချေ၊ ဤ အိုခြင်း သေခြင်း ဆင်းရဲမှ ထွက်မြောက်ရခြင်းကား အဘယ်အခါ ထင်ရှားဖြစ်ပါအံ့နည်း" ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် အိုခြင်း သေခြင်း ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "ဖြစ်ခြင်း 'ဇာတိ'ရှိသော် အိုခြင်း သေခြင်း ဖြစ်ရ၏၊ ဖြစ်ခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ဖြစ်ခြင်း'ဇာတိ' ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် ဖြစ်ခြင်း'ဇာတိ'ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "ဖြစ်ကြောင်း 'ဘဝ'ရှိသော်ဖြစ်ခြင်း 'ဇာတိ'ဖြစ်ရ၏၊ ဖြစ်ကြောင်း 'ဘဝ'ဟူသော အကြောင်းကြောင့် ဖြစ်ခြင်း 'ဇာတိ'ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ဖြစ်ကြောင်း 'ဘဝ' ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် ဖြစ်ကြောင်း 'ဘဝ'ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "စွဲလမ်းခြင်း 'ဥပါဒါန်'ရှိသော် ဖြစ်ကြောင်း 'ဘဝ'ဖြစ်ရ၏၊ စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသောအကြောင်းကြောင့် ဖြစ်ကြောင်း 'ဘဝ'ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် စွဲလမ်းခြင်း 'ဥပါဒါန်' ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "တပ်မက်ခြင်း 'တဏှာ'ရှိသော် စွဲလမ်းခြင်း 'ဥပါဒါန်'ဖြစ်ရ၏၊ တပ်မက်ခြင်း 'တဏှာ'ဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်'ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် တပ်မက်ခြင်း 'တဏှာ' ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ'ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "ခံစားခြင်း 'ဝေဒနာ'ရှိသော် တပ်မက်ခြင်း 'တဏှာ'ဖြစ်ရ၏၊ ခံစားခြင်း 'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ'ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ခံစားခြင်း 'ဝေဒနာ' ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ'ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် တွေ့ခြင်း 'ဖဿ'ရှိသော် ခံစားခြင်း 'ဝေဒနာ'ဖြစ်ရ၏၊ တွေ့ခြင်း 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် တွေ့ခြင်း 'ဖဿ'ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် တွေ့ခြင်း 'ဖဿ' ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးရှိသော် တွေ့ခြင်း'ဖဿ' ဖြစ်ရ၏၊ စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးဟူသော အကြောင်းကြောင့် တွေ့ခြင်း 'ဖဿ'ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "နာမ်ရုပ်ရှိသော် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးဖြစ်ရ၏၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် နာမ်ရုပ်ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ရသနည်း" ဟူ သော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "ဝိညာဉ်ရှိသော် နာမ်ရုပ်ဖြစ်ရ၏၊ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ဝိညာဉ်ဖြစ်ရသနည်း၊ အဘယ်အကြောင်းကြောင့် ဝိညာဉ်ဖြစ်ရသနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "နာမ်ရုပ်ရှိသော် ဝိညာဉ်ဖြစ်ရ၏၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဉ်ဖြစ်ရ၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

၅၈။ ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား ဤသို့သော အကြံသည် ဖြစ်၏—

"ဤဝိညာဉ်သည် (အကြောင်းသင်္ခါရဆီသို့ မသွားပဲ) ပြန်လှည့်လာ၏၊ နာမ်ရုပ်မှတပါးသော အကြောင်းဆီသို့မသွား။ ဤမျှသော အကြောင်းဆက်ဖြင့် ဖြစ်လည်း ဖြစ်ပေါ်ရ၏၊ အိုလည်းအိုရ၏၊ သေလည်းသေရ၏၊ (အဖန်ဖန်) စုတေလည်း စုတေရ၏၊ (အဖန်ဖန်) ဖြစ်လည်း ဖြစ်ပေါ်ရ၏၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဉ်၊ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုး၊ စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုး ဟူသော အကြောင်းကြောင့် တွေ့ခြင်း 'ဖဿ'၊ တွေ့ခြင်း 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ'၊ ခံစားခြင်းဝေဒနာဟူသော အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ'၊ တပ်မက်ခြင်း'တဏှာ'ဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်'၊ စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ'၊ ဖြစ်ကြောင်းကံ 'ဘဝ' ဟူသော အကြောင်းကြောင့် ဖြစ်ခြင်း 'ဇာတိ'၊ ဖြစ်ခြင်း 'ဇာတိ' ဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။ ဤနည်းဖြင့် ဤဆင်းရဲအစုသက်သက်၏ ဖြစ်ပေါ်ခြင်းသည် ဖြစ်၏" ဟု (အကြံဖြစ်၏)။

၅၉။ ရဟန်းတို့ ဝိပဿီဘုရားလောင်းအား ရှေး၌ မကြားဘူးကုန်သော တရားတို့၌ "ဖြစ်ပေါ်သည် ဖြစ်ပေါ်သည်" ဟု (သိမြင်သော) မျက်စိသည် ထင်ရှားဖြစ်၏၊ ဉာဏ်သည် ထင်ရှားဖြစ်၏၊ ပညာသည် ထင်ရှားဖြစ်၏၊ ဝိဇ္ဇာသည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

၆၀။ ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား"အဘယ်တရားမရှိသော် အိုခြင်း သေခြင်း မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့်"ဖြစ်ခြင်း 'ဇာတိ' မရှိသော် အိုခြင်း သေခြင်း မဖြစ်၊ ဖြစ်ခြင်း 'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း ချုပ်၏"ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော်ဖြစ်ခြင်း 'ဇာတိ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဇာတိ' ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' မရှိသော် ဖြစ်ခြင်း 'ဇာတိ' မဖြစ်၊ ဖြစ်ကြောင်းကံ 'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဇာတိ' ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်ပေါ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် ဖြစ်ကြောင်းကံ 'ဘဝ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "စွဲလမ်းခြင်း 'ဥပါဒါန်' မရှိသော် ဖြစ်ကြောင်းကံ 'ဘဝ' မဖြစ်၊ စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် စွဲလမ်းခြင်း 'ဥပါဒါန်' မဖြစ်သနည်း၊ အဘယ်ဘရားချုပ်ခြင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "တပ်မက်ခြင်း 'တဏှာ' မရှိသော် စွဲလမ်းခြင်း 'ဥပါဒါန်' မဖြစ်၊ တပ်မက်ခြင်း 'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် တပ်မက်ခြင်း 'တဏှာ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် တပ်မက်ခြင်း 'တဏှာ' ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "ခံစားခြင်း 'ဝေဒနာ' မရှိသော် တပ်မက်ခြင်း 'တဏှာ' မဖြစ်၊ ခံစားခြင်း 'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်ခြင်း 'တဏှာ' ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီ ဘုရားလောင်းအား "အဘယ်တရားမရှိသော် ခံစားခြင်း 'ဝေဒနာ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီ ဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "တွေ့ခြင်း 'ဖဿ' မရှိသော် ခံစားခြင်း 'ဝေဒနာ' မဖြစ်၊ တွေ့ခြင်း 'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် တွေ့ခြင်း 'ဖဿ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် တွေ့ခြင်း 'ဖဿ' ချုပ်သနည်း" ဟူသောအကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "စိတ်ဖြစ်ရာ ဌာန 'အာယတန' ခြောက်မျိုးမရှိသော် တွေ့ခြင်း 'ဖဿ' မဖြစ်၊ စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးချုပ်ခြင်းကြောင့် တွေ့ခြင်း 'ဖဿ' ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုး မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်း မှန်စွာ နှလုံးသွင်းခြင်းကြောင့် "နာမ်ရုပ်မရှိသော် စိတ်ဖြစ်ရာ ဌာန 'အာယတန' ခြောက်မျိုးမဖြစ်၊ နာမ် ရုပ် ချုပ်ခြင်းကြောင့် စိတ်ဖြစ်ရာ ဌာန 'အာယတန' ခြောက်မျိုးချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် နာမ် ရုပ် မဖြစ်သနည်း၊ အဘယ်တရား ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်း မှန်စွာ နှလုံးသွင်းခြင်းကြောင့် "ဝိညာဉ်မရှိသော် နာမ်ရုပ်မဖြစ်၊ ဝိညာဉ် ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လေ၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် ဝိညာဉ်မဖြစ်သနည်း၊ အဘယ်တရား ချုပ်ခြင်းကြောင့် ဝိညာဉ် ချုပ်သနည်း" ဟူသော အကြံသည် ဖြစ်ပြန်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်းကြောင့် "နာမ်ရုပ် မရှိသော် ဝိညာဉ်မဖြစ်၊ နာမ် ရုပ်ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်ပေါ်လေ၏။

၆၁။ ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား ဤသို့သော အကြံသည် ဖြစ်၏—

"သစ္စာလေးပါးကို ကောင်းစွာ သိရန် ဤလမ်းစဉ်ကို ငါရပြီ၊ နာမ် ရုပ်ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏၊ ဝိညာဉ် ချုပ်ခြင်းကြောင့် နာမ် ရုပ်ချုပ်၏၊ နာမ် ရုပ် ချုပ်ခြင်းကြောင့် စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုးချုပ်၏၊ စိတ်ဖြစ်ရာဌာန 'အာယတန' ခြောက်မျိုး ချုပ်ခြင်းကြောင့် တွေ့ခြင်း 'ဖဿ' ချုပ်၏၊ တွေ့ခြင်း 'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ချုပ်၏၊ ခံစားခြင်း 'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်ခြင်း 'တဏှာ' ချုပ်၏၊ တပ်မက်ခြင်း 'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်၏၊ စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' ချုပ်၏၊ ဖြစ်ကြောင်းကံ 'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဇာတိ' ချုပ်၏၊ ဖြစ်ခြင်းဇာတိ ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤနည်းဖြင့် ဤဆင်းရဲအစုသက်သက်၏ ချုပ်ခြင်းသည်ဖြစ်၏" ဟု (အကြံဖြစ်၏)။

၆၂။ ရဟန်းတို့ ဝိပဿီဘုရားလောင်းအား ရှေး၌ မကြားဘူးကုန်သော တရားတို့၌ "ချုပ်သည် ချုပ်သည်" ဟု သိမြင်သော မျက်စိသည် ထင်ရှားဖြစ်၏၊ ဉာဏ်သည် ထင်ရှားဖြစ်၏၊ ပညာသည် ထင်ရှားဖြစ်၏၊ ဝိဇ္ဇာသည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

၆၃။ ရဟန်းတို့ ထိုအခါ နောက်ပိုင်း အချိန်၌ ဝိပဿီဘုရားလောင်းသည် စွဲလမ်းရာဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကို ရှုလျက်နေ၏—

"ဤကား ရုပ်၊ ဤကား ရုပ်၏ ဖြစ်ခြင်း၊ ဤကား ရုပ်၏ချုပ်ခြင်း၊ ဤကား ခံစားခြင်း၊ ဤကား ခံစားခြင်း၏ဖြစ်ခြင်း၊ ဤကား ခံစားခြင်း၏ ချုပ်ခြင်း၊ ဤကား မှတ်သားခြင်း၊

http://www.dhammadownload.com



ဤကား မှတ်သားခြင်း၏ ဖြစ်ခြင်း၊ ဤကား မှတ်သားခြင်း၏ ချုပ်ခြင်း ဤသည်တို့ကား ပြုပြင်ခြင်း 'သင်္ခါရ' ဤကား ပြုပြင်ခြင်းတို့၏ ဖြစ်ခြင်း ဤကား ပြုပြင်ခြင်းတို့၏ ချုပ်ခြင်း ဤကား ဝိညာဉ် ဤကား ဝိညာဉ်၏ဖြစ်ခြင်း ဤကား ဝိညာဉ်၏ ချုပ်ခြင်းတည်း" ဟု ရှုလျက် နေ၏။

စွဲလမ်းရာဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကို ရှုလျက်နေသော ထို (ဝိပဿီဘုရားလောင်း) ၏ စိတ်သည် မစွဲလမ်းမှု၍ မကြာမီပင် အာသဝေါ တရားတို့မှ လွတ်မြောက်တော်မူလေ၏။

**ဒုတိယအခန်း ပြီး၏။**

---

## ဗြဟ္မာတောင်းပန်ခြင်း

၆၄။ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား "ငါသည် တရားဟောရမူ ကောင်းလေစွ" ဟူသော အကြံသည် ဖြစ်၏။

ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်ပြန်၏—

"ငါသိအပ်သော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ ကြံစည်ခြင်းဖြင့် မရောက်နိုင်သော ပညာရှိတို့သာ သိနိုင်သော တရားပေတည်း၊ ဤသတ္တဝါများကား တွယ်တာမှုတို့၌ မွေ့လျော်ကုန်၏၊ တွယ်တာမှုတို့၌ ပျော်ပိုက်ကုန်၏၊ တွယ်တာမှုတို့၌အလွန်နှစ်ခြိုက် နေကုန်၏၊ တွယ်တာမှုတို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက် နေကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ် တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှု အားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်) တရားကိုလည်း မြင်နိုင်ခဲ၏၊ ယင်းသို့ဖြစ်၍ ငါသည် တရားကို ဟောသော်လည်း သူတပါးတို့သည် ငါ၏ (တရားကို) မသိနားမလည်ကုန်ငြားအံ့၊ ထို (တရားဟောမှု) သည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကို ညှဉ်းဆဲရုံသာ ဖြစ်ရာ၏" ဟု (အကြံဖြစ်ပြန်၏)။

၆၅။ ရဟန်းတို့ ထို့ပြင် အလွန်အံ့ဖွယ်ကောင်းကုန်သော ဤဂါထာတို့သည်လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား ရှေးကမကြားဘူးပဲ စိတ်ထဲ၌ ထင်ပေါ်လာပြန်ကုန်၏—

"ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် ရထားသော တရားကို ယခုအခါ ဟောပြခြင်းငှါ မသင့်လျော်ချေ၊ ရာဂ ဒေါသ လွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

"အဝိဇ္ဇာ မှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ) အဆန်တရားကို မြင်ကြမည် မဟုတ်ချေ" ဟု (ထင်ပေါ်လာပြန်ကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ ဆင်ခြင်တော်မူစဉ် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူလေ၏။

၆၆။ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ စိတ်အကြံကို (မိမိ)စိတ်ဖြင့် သိ၍ တဦးသော ပြဟ္မာကြီးအား ဤသို့သော အကြံသည် ဖြစ်၏—

"အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူတုံဘိ၏" ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့၎င်း၊ ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့၎င်း ထိုပြဟ္မာကြီးသည် ပြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားပေါ်လာ၏၊ ရဟန်းတို့ ထိုအခါ ထိုပြဟ္မာကြီးသည် အပေါ်ရုံကို ပခုံးတဖက်၌တင်၍ လကျ်ာဒူးကို မြေ၌ထောက်လျက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားဆီသို့ လက်အုပ်ချီပြီးလျှင် ဤစကားကို လျှောက်၏—

"မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့" ဟု (လျှောက်၏)။

၆၇။ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုပြဟ္မာကြီးအား ဤသို့ မိန့်ဆိုတော်မူ၏—

"ပြဟ္မာ ငါသည် တရားဟောရမူ ကောင်းလေစွ ဟူသော အကြံသည် ငါ့အားလည်း ဖြစ်၏၊ ပြဟ္မာ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်ပြန်၏—

'ငါသိထားသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ ကြံစည်ခြင်းဖြင့် မရောက်နိုင်သော ပညာရှိတို့သာ သိနိုင်သော တရားပေတည်း၊ ဤသတ္တဝါများကား တွယ်တာမှုတို့၌ မွေ့လျော်ကုန်၏၊ တွယ်တာမှုတို့၌ ပျော်ပိုက်ကုန်၏၊ တွယ်တာမှုတို့၌ အလွန်နှစ်ခြိုက်နေကုန်၏၊ တွယ်တာမှုတို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်နေကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကိုလည်း မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ (နိဗ္ဗာန်) တရားကိုလည်း မြင်နိုင်ခဲ၏၊

http://www.dhammadownload.com



ယင်းသို့ဖြစ်၍ ငါသည် တရားကို ဟောသော်လည်း သူတပါးတို့သည် ငါ၏ (တရားကို) မသိနားမလည်ကုန်ငြားအံ့၊ ထို(တရားဟောမှု)သည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ်ညှဉ်းဆဲရုံသာ ဖြစ်ရာ၏’ ဟု (အကြံဖြစ်ပြန်၏)။

ဗြဟ္မာ ထို့ပြင် အလွန်အံ့ဖွယ်ကောင်းသော ဤဂါထာတို့သည်လည်း ငါ့အား ရှေးက မကြားဘူးပဲ (စိတ်ထဲ၌) ထင်ပေါ်လာပြန်ကုန်၏—

‘ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် ရထားသော တရားကို ယခုအခါ ဟောပြခြင်းငှါ မသင့်လျော်ချေ၊ ရာဂ ဒေါသလွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ။

အဝိဇ္ဇာမှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ့) အဆန်တရားကို မြင်ကြမည် မဟုတ်ချေ’ ဟု (ထင်ပေါ်လာပြန်ကုန်၏)။

ဗြဟ္မာ ဤသို့ ဆင်ခြင်စဉ် ငါ၏စိတ်နှလုံးသည် တရားဟောရန် မညွတ်ပဲ ကြောင့်ကြမဲ့နေရန် ညွတ်ခဲ့၏” ဟု (မိန့်ဆိုတော်မူ၏)။

၆၇။ ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း ထိုဗြဟ္မာကြီးသည်။ပ။ ရဟန်းတို့ သုံးကြိမ်မြောက်လည်း ထိုဗြဟ္မာကြီးသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား ဤစကားကို မလျှောက်ပြန်၏—

“မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့” ဟု (လျှောက်ပြန်၏)။

၆၈။ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗြဟ္မာ၏ တောင်းပန်ခြင်းကို အသိအမှတ်ပြုပြီးလျှင် သတ္တဝါတို့၌ သနားခြင်းကိုလည်း အကြောင်းပြု၍ ဘုရားမျက်စိ ‘ဗုဒ္ဓစက္ခု’[၁] ဖြင့် လောကကို ကြည့်တော်မူ၏၊ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဘုရားမျက်စိ ‘ဗုဒ္ဓစက္ခု’ ဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ) မြူနည်းပါးကုန်သော (ပညာ) မျက်စိ၌ (ကိလေသာ) မြူများပြားကုန်သော ရင့်သော ဣန္ဒြေရှိကုန်သော နုသောဣန္ဒြေရှိကုန်သော ကောင်းသော အခြင်းအရာ[၂] ရှိကုန်သော မကောင်းသော အခြင်းအရာ ရှိကုန်သော သိစေနိုင်လွယ်ကုန်သော သိစေနိုင်ခဲကုန်သော တမလွန်လောကနှင့် (တမလွန်လောကသို့ ရောက်စေတတ်သော

---

၁။ (၁) သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကိုသိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ (၂) သတ္တဝါတို့၏ စိတ်ဓာတ်ကိန်းဝပ်ရာအာသယနှင့် အနုသယကိလေသာတို့ကိုသိသော အာသယာနုသယဉာဏ်၊ ဤဉာဏ်နှစ်ပါးကို ဗုဒ္ဓစက္ခုဟုခေါ်သည်။

၂။ အခြားပါဠိတော်များ၌ ဒွါကာရေ ဒုဝိညာပယေ အပ္ပေကစ္စေ န ပရလောကဝဇ္ဇဘယဒဿာဝိနော ဝိဟရန္တေ ရှိသော်လည်း ဤပါဠိတော်၌ကား မရှိပါ။

http://www.dhammadownload.com



ကိလေသဝဠ် ကမ္မဝဋ္ဋ်ဟူသော) အပြစ်တို့ကို ဘေးဟု ရှုလေ့ရှိကုန်သော သတ္တဝါ အချို့တို့ကို မြင်တော်မူ၏။ ဥပမာသော်ကား ဥပ္ပလကြာ တောဋ္ဌ်ရင်း ပဒုမာကြာတောဋ္ဌ်ရင်း ပုဏ္ဍရိက်ကြာတောဋ္ဌ်ရင်း အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေမှ မပေါ် ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေနှင့် အညီ တည်ကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေပေါ်သို့ တက်၍ တည်ကုန်၏၊ ရေနှင့် မလိမ်းကပ်ကုန်။ ရဟန်းတို့ ဤအတူ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဘုရားမျက်စိ 'ဗုဒ္ဓစက္ခု'ဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးကုန်သော (ပညာ) မျက်စိ၌ (ကိလေသာ) မြူ များပြားကုန်သော ရင့်သော ဣန္ဒြေရှိကုန်သော နုသောဣန္ဒြေရှိကုန်သော ကောင်းသော အခြင်းအရာရှိကုန်သော သိစေလွယ်ကုန်သော တမလွန်လောကနှင့် (တမလွန်လောကသို့ ရောက်စေတတ်သော ကိလေသဝဋ္ဋ် ကမ္မဝဋ္ဋ် ဟူသော) အပြစ်တို့ကို ဘေးဟု ရှုလေ့ရှိကုန်သော သတ္တဝါ အချို့ကို မြင်တော်မူ၏။

၇၀။ ရဟန်းတို့ ထိုအခါ ထိုပြဟ္မာကြီးသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ စိတ်အကြံကို (မိမိ) စိတ်ဖြင့်သိ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားကို ဂါထာတို့ဖြင့် လျှောက်၏—

"ကောင်းမြတ်သော ပညာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်စွမ်းနိုင်သောဉာဏ်) မျက်စိရှိတော်မူသော မြတ်စွာဘုရား ကျောက်ဖြင့်ပြီးသော တောင်ထိပ်၌ ရပ်ဘည်သျက် ထက်ဝန်းကျင်ရှိ လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထိုအတူ စိုးရိမ်ပူဆွေး ကင်းဝေးတော်မူသော အသျှင်ဘုရားသည် ပညာ (ဓမ္မ)ဖြင့် ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့၏ အနှိပ်စက်ခံနေရသဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့၊ ရဲရင့်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား အောင်ပွဲယင်တော်မူပြီးသော မြတ်စွာဘုရား ထတော်မူပါလော့၊ လှည်းမှူးနှင့်တူတော်မူသော မြတ်စွာဘုရား (ကိလေသာ) ကြွေးကင်းဝေးတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ (တရားကို)သိသူတို့သည် ရှိပါကုန်လတ္တံ့" ဟု (လျှောက်၏)။

၇၁။ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုပြဟ္မာကြီးကို ဂါထာဖြင့် မိန့်တော်မူ၏—

"ပြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံ ရှိမည်ထင်၍ လူတို့အား မဟောပဲနေရန် စိတ်ညွတ်ခဲ့ပေ၏၊ (ပညာ)နားနှင့် ပြည့်စုံသော သူတို့အလို့ငှါ နိဗ္ဗာန်တံခါးကို ငါဖွင့်ထားပြီ၊ ယုံကြည်ခြင်း (သဒ္ဓါတရား)ကို စေလွှတ်ကြကုန်လော့" ဟု (မိန့်တော်မူ၏)။

---

၁။ ဥပ္ပလ＝ကြာမြူ·ကြာနီ·ကြာညို။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ထိုဗြဟ္မာကြီးသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် တရားဟောရန် ခွင့်ပြုတော်မူပြီ ဟု (သိသဖြင့်) ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်သွားလေ၏။

## အဂ္ဂသာဝကအစုံ

၇၂။ ရဟန်းတို့ ထိုနောက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား "ငါသည် အဘယ်သူ့ကို ရှေးဦးစွာ တရားဟောရပါအံ့နည်း၊ အဘယ်သူသည် ဤတရားကို လျင်မြန်စွာ သိပါအံ့နည်း" ဟူသော အကြံသည် ဖြစ်၏။

ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား ဤသို့သော အကြံသည်ဖြစ်ပြန်၏—

"ဤခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့သည် ဗန္ဓုမတီနေပြည်တော်၌ နေကုန်၏၊ ပညာရှိကုန်၏၊ လိမ္မာကုန်၏၊ ထက်မြက်သော ဉာဏ်ရှိကုန်၏၊ ကာလရှည်မြင့်စွာကပင် (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းပါးနေကုန်၏၊ ငါသည် ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့အား တရားကို ရှေးဦးစွာ ဟောရမူ ကောင်းလေစွ၊ ထိုသူတို့သည် ဤတရားကို လျင်စွာပင် သိကုန်လတ္တံ့" ဟု (အကြံဖြစ်ပြန်၏)။

၇၃။ ရဟန်းတို့ ထိုအခါ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့၎င်း၊ ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့၎င်း ဤအတူပင် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗောဓိပင်ရင်းမှ ကွယ်ခဲ့၍ ဗန္ဓုမတီ နေပြည်တော်အနီး ခေမမည်သော မိဂဒါဝုန်တော်၌ ထင်ရှားဖြစ်တော်မူ၏။

ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် တောစောင့်ကို ခေါ်၍ မိန့်တော်မူ၏—

"အချင်းတောစောင့် လာလော့၊ သင်သည် ဗန္ဓုမတီနေပြည်တော်သို့ ဝင်၍ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့အား ဤသို့ ဆိုချေလော့၊ 'အရှင်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီနေပြည်တော်သို့ ဆိုက်ရောက်၍ ခေမမည်သော မိဂဒါဝုန်တော်၌ (သီတင်းသုံးနေတော်မူ၏)၊ ထိုမြတ်စွာဘုရားသည် အရှင်တို့ကို တွေ့မြင်လိုပါ၏' ဟု ဆိုချေလော့" ဟူ၍ (မိန့်တော်မူ၏)။

ရဟန်းတို့ တောစောင့်သည် "အသျှင်ဘုရား ကောင်းပါပြီ" ဟု ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား

http://www.dhammadownload.com



ဝန်ခံပြီးလျှင် ဗန္ဓုမတီနေပြည်တော်သို့ ဝင်၍ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့အား ဤစကားကို ဆို၏—

"အရှင်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီနေပြည်တော်သို့ ဆိုက်ရောက်၍ ခေမမည်သော မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူပါ၏၊ ထိုမြတ်စွာဘုရားသည် အရှင်တို့ကို တွေ့မြင်လိုပါ၏" ဟု (ဆို၏)။

၇၄။ ရဟန်းတို့ ထိုအခါ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့သည် ကောင်းကုန်ကောင်းကုန်သော ယာဉ်တို့ကိုကစေ၍ ကောင်းသော ကောင်းသော ယာဉ်ကို စီးလျက် ကောင်းကုန်ကောင်းကုန်သော ယာဉ်တို့နှင့်တကွ ဗန္ဓုမတီ နေပြည်တော်မှ ထွက်ကုန်၍ ခေမမည်သော မိဂဒါဝုန်တောသို့သွားကုန်၏၊ ယာဉ်ဖြင့် သွားသင့်သမျှအရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ပြီးသော် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားထံသို့ ခြေကျင်သာလျှင် ချဉ်းကပ်ကုန်၏၊ ချဉ်းကပ်ကုန်ပြီးသော် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကုန်၏။

၇၅။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုသူတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကားကိုရင်း သီလနှင့်စပ်သော စကားကိုရင်း နတ်ပြည်နှင့် စပ်သော စကားကိုရင်း ကာမဂုဏ်တို့၏ အပြစ်ကိုရင်း ယုတ်ညံ့ခြင်းကိုရင်း ညစ်ညူးခြင်းကိုရင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုရင်း ပြတော်မူ၏။

မြတ်စွာဘုရားသည် ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့၌ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ' မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ကို ဟောကြားတော်မူလျက် ဆင်းရဲ 'ဒုက္ခ' ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယ' ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓ' ကိုရင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂ' ကိုရင်း ပြတော်မူ၏၊ မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ ထိုအတူ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်း သဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု ကိလေသာ မြူအညစ်အကြေး ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်၏။

၇၆။ ထိုအခါ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့သည် တရားကို မြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ရောက်ပြီးကုန်သည်ဖြစ်၍ တရားကို သိပြီးကုန်သည် ဖြစ်၍ တရားသို့ သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးကုန်သည်ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ သူတပါးကို အားထားယုံကြည်သည် မဟုတ်ပဲ မိမိကိုယ်တိုင်ပင် သိမြင်ပြီးကုန်သည်ဖြစ်၍

http://www.dhammadownload.com



ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ငြားဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငြား မျက်စိလည်သောသူအား လမ်းကို ပြောကြားဘိသကဲ့သို့ငြား 'မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ငြား အသျှင်ဘုရား ဤအတူပင်လျှင် အသျှင်ဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု (လျှောက်ကုန်၏)။

၇၇။ ရဟန်းတို့ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကို ရလေကုန်၏၊ ရဟန်းအဖြစ်ကို ရလေကုန်၏။

ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုသူတို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် သင်္ခါရတရားတို့၏ အပြစ်ကိုငြား ယုတ်ညံ့ခြင်းကိုငြား ညစ်ညူးခြင်းကိုငြား (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုငြား ပြတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေသည် ရှိသော် ထိုသူတို့၏ စိတ်တို့သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ မကြာမီပင် အာသဝေါ (တရား) တို့မှ လွတ်မြောက်လေကုန်၏။

## လူအပေါင်းတို့ ရဟန်းပြုကြခြင်း

၇၈။ ရဟန်းတို့ ဗန္ဓုမတီ နေပြည်တော်၌ နေကုန်သော ရှစ်သောင်းလေးထောင်သော လူအပေါင်းတို့သည် ဤသို့ ကြားလေကုန်၏—

"ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီနေပြည်တော်သို့ ဆိုက်ရောက်၍ ခေမမည်သော မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူသတတ်၊ ခဏ္ဍမည်သော မင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့သည်လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏အထံ၌ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကုန်သတတ်" ဟု (ကြားလေကုန်၏)၊

http://www.dhammadownload.com



(ထိုသို့) ကြားကုန်၍ ထိုသူတို့အား ဤသို့ အကြံဖြစ်၏—

"ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လျက် ခဏ္ဍာနည်းသောမင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့ ကျင့်သုံးသော ထိုဘာသာနှင့် ဝိနည်းသည် မယုတ်ညံ့သည်သာ စင်စစ်ဖြစ်လတ္တံ့။ ထိုရဟန်းအဖြစ်သည် စင်စစ် မယုတ်ညံ့သည်သာ ဖြစ်လတ္တံ့။ ခဏ္ဍမည်သောမင်းသားနှင့် တိဿမည်သော ပုရောဟိတ်သားတို့သော်မှ ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်နိုင်ကြကုန်သေး၏၊ ငါတို့ကား အဘယ်မှာ မဝင်နိုင်ဘဲရှိအံ့နည်း" ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ ထိုရှစ်သောင်းလေးထောင်သော လူအပေါင်းတို့သည် ဗန္ဓုမတီ နေပြည်တော်မှထွက်၍ ခေမမည်သော မိဂဒါဝုန်တော်၌ (နေတော်မူသော) ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကုန်၏။

၇၉။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထို (ရှစ်သောင်းလေးထောင်သော လူအပေါင်း)တို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကားကိုရင်း သီလနှင့်စပ်သော စကားကိုရင်း နတ်ပြည်နှင့်စပ်သော စကားကိုရင်း ကာမဂုဏ်တို့၏ အပြစ်ကိုရင်း ယုတ်ညံ့ခြင်းကိုရင်း ညစ်ညူးခြင်းကိုရင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုရင်း ပြတော်မူ၏။

မြတ်စွာဘုရားသည် ထိုရှစ်သောင်းလေးထောင်သော လူအပေါင်းတို့၌ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ' မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရား ဒေသနာတော်ကို ဟောကြားတော်မူလျက် ဆင်းရဲ 'ဒုက္ခ' ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယ' ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓ' ကိုရင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂ' ကိုရင်း ပြတော်မူ၏၊ မည်းညစ်ခြင်းကင်းသော ဖြူစင်သောအဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထို့အတူ ထိုရှစ်သောင်းလေးထောင်သော လူအပေါင်းတို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသောတရား အလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု ကိလေသာ မြူအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်၏။

၈၀။ ထိုအခါ ထိုရှစ်သောင်းလေးထောင်သော လူအပေါင်းတို့သည် (တရားကို) မြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ ရောက်ပြီးကုန်သည်ဖြစ်၍ တရားကို သိပြီးကုန်သည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍ သို့လောသို့လော (တွေးတောခြင်း) ကင်းပြီးကုန်သည်ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ သူတပါးကို အားထားယုံကြည်သည်မဟုတ်ပဲ မိမိတို့ကိုယ်တိုင်ပင် သိမြင်ပြီးကုန်သည်ဖြစ်၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—

http://www.dhammadownload.com



"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ငှင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငှင်း မျက်စိလည်သောသူအား လမ်းကို ပြောကြားဘိသကဲ့သို့ငှင်း 'မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ငှင်း မြတ်စွာဘုရား ဤအတူသာလျှင် အသျှင်ဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု (လျှောက်ကုန်၏)။

၇၁။ ရဟန်းတို့ ထိုရှစ်သောင်း လေးထောင်သော လူအပေါင်းတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားထံ၌ ရှင်အဖြစ်ကို ရကုန်ပြီ၊ ရဟန်းအဖြစ်ကို ရကုန်ပြီ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုရဟန်းတို့အား တရားစကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးလျှင် သင်္ခါရတရားတို့၏ အပြစ်ကိုငှင်း ယုတ်ညံ့ခြင်းကိုငှင်း ညစ်ညူးခြင်းကိုငှင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုငှင်း ပြတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေသည်ရှိသော် ထိုသူတို့၏ စိတ်တို့သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ မကြာမီပင် အာသဝေါ (တရား) တို့မှ လွတ်မြောက်လေကုန်၏။

## ရှေးဦးပြုသောရဟန်းတို့၏ တရားထူးကိုရခြင်း

၇၂။ ရဟန်းတို့ (ဘုရားလောင်းတောထွက်စဉ်က အတုလိုက်၍ ရဟန်းပြုနှင့်ကြသော) ထိုရှေး ရဟန်း ရှစ်သောင်းလေးထောင်တို့သည် (ဤသို့) ကြားလေကုန်၏—

"ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီ နေပြည်တော်သို့ ဆိုက်ရောက်၍ ခေမ မည်သော မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူသတတ်၊ တရားကိုလည်း ဟောတော်မူသတတ်" ဟု (ကြားလေကုန်၏)။

ရဟန်းတို့ ထိုအခါ ထိုရဟန်း ရှစ်သောင်း လေးထောင်တို့သည် ဗန္ဓုမတီနေပြည်တော်အနီး ခေမမည်သော မိဂဒါဝုန်တော၌ (နေတော်မူသော) ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကုန်၏။

http://www.dhammadownload.com



၈၃။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုသူတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကားကိုရှင်း သီလနှင့်စပ်သော စကားကိုရှင်း နတ်ပြည်နှင့်စပ်သော စကားကိုရှင်း ကာမဂုဏ်တို့၏ အပြစ်ကိုရှင်း ယုတ်ညံ့ခြင်းကိုရှင်း ညစ်ညူးခြင်းကိုရှင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုရှင်း ပြတော်မူ၏။

မြတ်စွာဘုရားသည် ရှစ်သောင်းလေးထောင်သော ရဟန်းတို့၌ သင့်လျော်သောစိတ် နူးညံ့သော စိတ် အပိတ်အပင် 'နီဝရဏ' မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရား ဒေသနာတော်ကို ဟောကြားတော်မူလျက် ဆင်းရဲ 'ဒုက္ခ' ကိုရှင်း ဆင်းရဲ ဖြစ်ကြောင်း 'သမုဒယ' ကိုရှင်း ဆင်းရဲချုပ်ရာ 'နိရောဓ' ကိုရှင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂ' ကိုရှင်း ပြတော်မူ၏၊ မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထို့အတူ ထိုရှစ်သောင်းလေးထောင်သော ရဟန်းတို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု ကိလေသာ မြူအညစ်အကြေး ကင်းသော တရား မျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်၏။

၈၄။ ထိုအခါ ထိုရှစ်သောင်းလေးထောင်သော ရဟန်းတို့သည် တရားကိုမြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ ရောက်ပြီးကုန်သည်ဖြစ်၍ တရားကို သိပြီးကုန်သည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးကုန်သည် ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည် ဖြစ်၍ (သို့လော သို့လော) တွေးတောခြင်းကင်းပြီး ကုန်သည်ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ သူတပါးကို အားထား ယုံကြည်သည်မဟုတ်ပဲ မိမိတို့ကိုယ်တိုင်ပင် သိမြင်ပြီးကုန်သည်ဖြစ်၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာ ဘုရားအား ဤစကားကို လျှောက်ကုန်၏—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရား တော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရှင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရှင်း မျက်စိလည်သောသူအား-လမ်းကို ပြောကြားဘိသကဲ့သို့ ရှင်း 'မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီး တန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရှင်း အသျှင်ဘုရား ဤအတူသာလျှင် အသျှင်ဘုရားသည် များစွာ သော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ် တို့သည် မြတ်စွာဘုရားအထံ၌ ရှင့်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု (လျှောက်ကုန်၏)။

၈၅။ ရဟန်းတို့ ထိုရှစ်သောင်းလေးထောင်သော ရဟန်းတို့သည် ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အထံ၌ ရှင့်အဖြစ်ကိုရကုန်ပြီ၊ ရဟန်းအဖြစ်ကိုရကုန်ပြီ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံ သော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုရဟန်းတို့အား

http://www.dhammadownload.com



တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးလျှင် သင်္ခါရတရားတို့၏ အပြစ်ကိုင်း ယုတ်ညံ့ခြင်းကိုင်း ညစ်ညူးခြင်းကိုင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုင်း ပြတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီ မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေသည်ရှိသော် ထိုသူတို့၏စိတ်တို့သည် (တစုံတခုမျှ) မစွဲလမ်းမူ၍ မကြာမီပင် အာသဝေါ (တရား) တို့မှ လွတ်မြောက်ကုန်၏။

## ဒေသစာရီလှည့်လည်ရန် ခွင့်ပြုတော်မူခြင်း

၇၆။ ထိုစဉ်အခါ၌ ဗန္ဓုမတီနေပြည်တော်၌ တသိန်းခြောက်သောင်း [၁] ရှစ်ထောင်သော ရဟန်းပေါင်းများစွာသည် (သီတင်းသုံး) နေတော်မူလျက်ရှိ၏၊ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားအား ဆိတ်ငြိမ်ရာသို့ကပ်၍ တပါတည်း ကိန်းအောင်းနေစဉ် ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်၏—

"ယခုအခါ ဗန္ဓုမတီ နေပြည်တော်၌ တသိန်းခြောက်သောင်း ရှစ်ထောင်သော ရဟန်းပေါင်းများစွာသည် သီတင်းသုံးလျက်ရှိ၏၊ ငါသည် ရဟန်းတို့အား ဤသို့ ခွင့်ပြုရမူ ကောင်းလေစွ။ 'ရဟန်းတို့ များစွာသော လူတို့၏ အစီးအပွါးအလို့ငှါ များစွာသော လူတို့၏ ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဒေသစာရီ လှည့်လည်ကုန်လော့၊ တလမ်းတည်း နှစ်ဦး မသွားကြကုန်လင့်၊ ရဟန်းတို့ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြကုန်လော့၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ဟောပြကြကုန်လော့၊ (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါတို့သည် ရှိကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေကုန်၏၊ တရားကို သိသူတို့သည် ရှိကုန်လတ္တံ့၊ သို့သော် ခြောက်နှစ်ခြောက်နှစ်လွန်သောအခါ ပါတိမောက် ပြသည်ကို နာရန် ဗန္ဓုမတီနေပြည်တော်သို့ ချဉ်းကပ်ကြရဦးမည်' ဟု ခွင့်ပြုရမူ ကောင်းလေစွ" ဟူ၍ (အကြံဖြစ်ပေါ်၏)။

၇၇။ ရဟန်းတို့ ထိုအခါ တဦးသော ဗြဟ္မာကြီးသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ စိတ်အကြံကို (မိမိ)စိတ်ဖြင့် သိ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ ငှင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ငှင်း ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားပေါ်လာ၏၊ ရဟန်းတို့ ထိုအခါ ထိုဗြဟ္မာကြီးသည် အပေါ်ရုံကို ပခုံး တဖက်၌ တင်၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ

၁။ အဋ္ဌသဋ္ဌိဘိက္ခုသတသဟဿံ ဟူသော ပါဠိရှိရင်းအတိုင်း ပြန်ဆိုလျှင် ရဟန်းပေါင်း ရှစ်သန်းရှစ်သိန်း ဖြစ်သင့်ပေ၏၊ သို့ရာတွင် ရှစ်သောင်းလေးထောင် နှစ်ကြိမ်သာ ရဟန်းပြုခဲ့သည်ကို ထောက်၍ ဤ၌ တသိန်းခြောက်သောင်း ရှစ်ထောင် ဟု ပြန်ဆိုထားသည်၊ ဤသချ်ာကို ပါဠိဖြင့်ပြလျှင် အဋ္ဌသဋ္ဌိသတံဘိက္ခုသဟဿံဟု ပြသင့်ပေ၏။

http://www.dhammadownload.com



သိတော်မူသော ဝိပဿီမြတ်စွာဘုရားဆီသို့ လက်အုပ်ချီပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤ (ကြံစည်ချက်) သည် သင့်မြတ်ပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ဤ (ကြံစည်ချက်) သည် သင့်မြတ်ပါပေ၏၊ မြတ်စွာဘုရား ယခုအခါ ဗန္ဓုမတီနေပြည်တော်၌ တသိန်းခြောက်သောင်း ရှစ်ထောင်သော ရဟန်းပေါင်း များစွာသည် သီတင်းသုံး နေတော်မူလျက် ရှိပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ ခွင့်ပြုတော်မူပါလော့။

'ရဟန်းတို့ များစွာသောလူတို့၏ အစီးအပွါးအလို့ငှါ များစွာသောလူတို့၏ ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဒေသစာရီ လှည့်လည်ကုန်လော့၊ တလမ်းတည်း နှစ်ဦးမသွားကြကုန်လင့်၊ ရဟန်းတို့ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြကုန်လော့၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြကြကုန်လော့၊ (ပညာ)မျက်စိ၌ (ကိလေသာ) မြူ နည်းပါးသော သတ္တဝါတို့သည် ရှိကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေကုန်၏၊ တရားကို သိသူတို့သည် ရှိကုန်လတ္တံ့' ဟု ဤသို့ မိန့်ဆို၍ ခွင့်ပြုတော်မူပါလော့။

မြတ်စွာဘုရား ခြောက်နှစ် ခြောက်နှစ် လွန်သောအခါ ပါတိမောက်ပြသည်ကို နာရန် ဗန္ဓုမတီ နေပြည်တော်သို့ ရဟန်းများ ချဉ်းကပ်နိုင်ရေးကိုကား အကျွန်ုပ်တို့ပင် ဆောင်ရွက်ပါကုန်အံ့" ဟု (လျှောက်၏)။

ရဟန်းတို့ ထိုဗြဟ္မာကြီးသည် ဤစကားကို လျှောက်ပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်လေ၏။

၈၈။ ရဟန်းတို့ ထို့နောက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ညချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းရာမှ ထ၍ ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ဤအရပ်၌ ဆိတ်ငြိမ်ရာသို့ကပ်၍ တပါးတည်းကိန်းအောင်းနေစဉ် ငါ့အား ဤသို့သော စိတ်အကြံသည် ဖြစ်၏—

'ယခုအခါ ဗန္ဓုမတီနေပြည်တော်၌ တသိန်းခြောက်သောင်း ရှစ်ထောင်သော ရဟန်းပေါင်း များစွာသည် သီတင်းသုံးနေလျက်ရှိ၏၊ ငါသည် ရဟန်းတို့ကို ဤသို့ ခွင့်ပြုရမူ ကောင်းလေစွ'။ 'ရဟန်းတို့ များစွာသောလူတို့၏ အစီးအပွါးအလို့ငှါ များစွာသောလူတို့၏ ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဒေသစာရီ လှည့်လည်ကုန်လော့၊ တလမ်းတည်း နှစ်ဦးမသွားကုန်လင့်၊ ရဟန်းတို့ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြကုန်လော့၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို

http://www.dhammadownload.com



ဟောပြကြကုန်လော့၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူ နည်းပါးသော သတ္တဝါတို့သည် ရှိကြကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေကုန်၏၊ တရားကို သိသူတို့သည် ရှိကုန်လတ္တံ့၊ သို့သော် ခြောက်နှစ် ခြောက်နှစ် လွန်သောအခါ ပါတိမောက်ပြသည်ကို နာရန် ဗန္ဓုမတီနေပြည်တော်သို့ ချဉ်းကပ်ကြရဦးမည်' ဟု ခွင့်ပြုရမူကောင်းလေစွ" ဟူ၍ (အကြံဖြစ်ပေါ်၏)။

ရဟန်းတို့ ထိုအခါ တဦးသော ဗြဟ္မာကြီးသည် ငါ၏စိတ်အကြံကို (သူ့)စိတ်ဖြင့် သိ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့၎င်း၊ ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့၎င်း၊ ဗြဟ္မာ့ဘုံမှကွယ်ခဲ့၍ ငါဘုရား၏ရှေ့၌ ထင်ရှားပေါ်လာ၏၊ ရဟန်းတို့ ထိုအခါ ထိုဗြဟ္မာကြီးသည် အပေါ်ရုံကို ပခုံးတဖက်၌တင်၍ ငါ့ဆီသို့ လက်အုပ်ချီလျက် ငါ့အား ဤစကားကို လျှောက်၏—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤ (ကြံစည်ချက်) သည် သင့်မြတ်ပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤ (ကြံစည်ချက်) သည် သင့်မြတ်ပါပေ၏၊ မြတ်စွာဘုရား ယခုအခါ ဗန္ဓုမတီ နေပြည်တော်၌ တသိန်းခြောက်သောင်း ရှစ်ထောင်သော ရဟန်းပေါင်း များစွာသည် သီတင်းသုံးနေတော်မူလျက် ရှိပါ၏၊ အသျှင်ဘုရား၊ မြတ်စွာဘုရားသည် (ရဟန်းတို့ကို) ဤသို့ ခွင့်ပြုတော်မူပါလော့။

'ရဟန်းတို့ များစွာသောလူတို့၏ အစီးအပွါးအလို့ငှါ များစွာသောလူတို့၏ ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာ အလို့ငှါ ဒေသစာရီ လှည့်လည်ကုန်လော့၊ တလမ်းတည်း နှစ်ဦးမသွားကြကုန်လင့်၊ ရဟန်းတို့ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသောတရားကို ဟောကြကုန်လော့၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ဟောပြကြကုန်လော့၊ (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းသော သတ္တဝါတို့သည် ရှိကြပါကုန်၏၊ တရားကိုမနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိကြပါကုန်လတ္တံ့' ဟု မိန့်ဆို၍ ခွင့်ပြုတော်မူပါလော့ ။

မြတ်စွာဘုရား ခြောက်နှစ် ခြောက်နှစ်လွန်သောအခါ ပါတိမောက်ပြသည်ကို နာရန် ဗန္ဓုမတီနေပြည်တော်သို့ ရဟန်းတို့ ချဉ်းကပ်နိုင်ရေးကိုကား အကျွန်ုပ်တို့ပင် ဆောင်ရွက်ပါကုန်အံ့" ဟု (လျှောက်၏)။

ရဟန်းတို့ ထိုဗြဟ္မာကြီးသည် ဤစကားကို လျှောက်ပြီးလျှင် ငါ့ကိုရှိခိုးလျက် အရိုအသေပြု၍ ထိုနေရာ၌ပင် ကွယ်လေ၏။

ရဟန်းတို့ (သင်တို့အား) ငါ ဤသို့ ခွင့်ပြု၏—

"များစွာသောလူတို့၏ အစီးအပွါးအလို့ငှါ များစွာသောလူတို့၏ ချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်ရန်အလို့ငှါ နတ်လူ တို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဒေသစာရီလှည့်လည်ကုန်လော့၊ တလမ်းတည်း နှစ်ဦးမသွားကြကုန်လင့်၊ ရဟန်းတို့ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကိုဟောကြကုန်လော့၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို

http://www.dhammadownload.com



ဟောပြကြကုန်လော့၊ (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါတို့သည် ရှိကြကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေကုန်၏၊ တရားကို သိသူတို့သည် ရှိကုန်လတ္တံ့၊ ရဟန်းတို့ သို့သော် ခြောက်နှစ်ခြောက်နှစ်လွန်သော အခါ ပါတိမောက်ပြသည်ကို နာရန် ဗန္ဓုမတီနေပြည်တော်သို့ ချဉ်းကပ်ကြရဦးမည်" ဟု (မိန့်တော်မူ၏)။

၈၈။ ရဟန်းတို့ ထိုအခါ ရဟန်းတို့သည် ဇနပုဒ်သို့ လှည့်လည်ခြင်းငှါ အများအားဖြင့် နေ့ချင်းပင် ထွက်ခွါသွားကုန်၏။

၈၉။ ထိုစဉ်အခါ၌ ဇမ္ဗူဒိပ်ကျွန်းဝယ်ကျောင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည်ရှိကုန်၏၊ တနှစ်လွန်သော အခါ နတ်တို့သည် (ဤသို့) ကြွေးကြော်ကုန်၏—

'အသျှင်တို့ တနှစ်လွန်ပါပြီ၊ ယခု ငါးနှစ်သာကျန်ပါတော့သည်၊ ငါးနှစ်လွန်သောအခါ ပါတိမောက်ပြသည်ကို နာရန် ဗန္ဓုမတီနေပြည်တော်သို့ ချဉ်းကပ်ရပါမည်' ဟု (ကြွေးကြော်ကုန်၏)။

နှစ်နှစ်လွန်သော အခါ။

သုံးနှစ်လွန်သော အခါ။

လေးနှစ်လွန်သော အခါ။

ငါးနှစ်လွန်သောအခါ နတ်တို့သည် ဤသို့ကြွေးကြော်ကုန်၏—

"အသျှင်တို့ ငါးနှစ်လွန်ပါပြီ၊ ယခုတနှစ်သာ ကျန်ပါတော့သည်၊ တနှစ်လွန်သောအခါ ပါတိမောက်ပြသည်ကိုနာရန် ဗန္ဓုမတီ နေပြည်တော်သို့ ချဉ်းကပ်ရပါမည်" ဟု (ကြွေးကြော်ကုန်၏)။

ခြောက်နှစ်လွန်သော အခါ နတ်တို့သည် ဤသို့ ကြွေးကြော်ကုန်၏—

"အသျှင်တို့ ခြောက်နှစ်လွန်ပါပြီ၊ ယခုအခါ ပါတိမောက်ပြသည်ကို နာရန် ဗန္ဓုမတီ နေပြည်တော်သို့ ချဉ်းကပ်ချိန်တန်ပါပြီ" ဟု (ကြွေးကြော်ကုန်၏)။

ရဟန်းတို့ ထိုအခါ ထိုရဟန်းတို့သည် ပါတိမောက်ပြသည်ကို နာရန် ဗန္ဓုမတီနေပြည်တော်သို့ အချို့ရဟန်းတို့သည် မိမိတန်ခိုးဖြင့် အချို့ရဟန်းတို့သည် နတ်တို့၏တန်ခိုးဖြင့် နေ့ချင်းပင် ချဉ်းကပ်ကုန်၏။

၉၀။ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်)၌ ပါတိမောက်ကို ဤသို့ပြတော်မူ၏—

"သည်းခံခြင်း 'ခန္တီ' တရားသည် မြတ်သော အကျင့်ပေတည်း၊ မြတ်စွာဘုရားတို့သည် နိဗ္ဗာန် ကို အမြတ်ဆုံးဟု မိန့်ဆိုကြကုန်၏၊ ရဟန်းမည်သည် သူတပါးကို မညှဉ်းဆဲ၊ သူတပါးကို ညှဉ်းဆဲသူသည်လည်း ရဟန်းမဟုတ်၊ အလုံးစုံသော မကောင်းမှုကို မပြုခြင်း ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း မိမိစိတ်ကို ဖြူစင်စေခြင်း ဤ (သုံးပါး) သည် ဘုရားရှင်တို့၏ အဆုံးအမ ပေတည်း။

http://www.dhammadownload.com



မစွပ်စွဲခြင်း မညှဉ်းဆဲခြင်း ပါတိမောက် (သီလ)ကို စောင့်စည်းခြင်း အစားအစာ၌ အတိုင်းအရှည်ကိုသိခြင်း လူသူမနီးသော တောကျောင်း၌နေခြင်း လွန်မြတ်သော စိတ်သမာဓိ လုပ်ငန်း၌ အားထုတ်ခြင်း ဤ (ခြောက်ပါး) သည်လည်း ဘုရားရှင်တို့၏ အဆုံးအမပေတည်း" ဟု (ပါတိမောက်ကို ပြတော်မူ၏)။

## ပြဟ္မာတို့လျှောက်ထားခြင်း

၉၁။ ရဟန်းတို့ အခါတပါး၌ ငါသည် ဥက္ကဋ္ဌမြို့အနီး သုဘဂတော အင်ကြင်းပင်ကြီးအရင်း၌ သီတင်းသုံးနေ၏၊ ရဟန်းတို့ ဆိတ်ငြိမ်ရာသို့ကပ်၍ တပါးတည်း ကိန်းအောင်းနေစဉ် ငါ့အား ဤသို့သော စိတ်အကြံသည် ဖြစ်၏—

"ရှည်လျားလှစွာသော ဤ(သံသရာ) ကာလအတွင်း၌ သုဒ္ဓါဝါသပြဟ္မာ့ဘုံမှ တပါး ငါမနေဘူး (မဖြစ်ဘူး) သောဘုံကားရှိရန်ခဲယဉ်း၏၊ ငါသည် သုဒ္ဓါဝါသ ပြဟ္မာ့ဘုံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ငှင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ငှင်း ဤအတူပင် ဥက္ကဋ္ဌမြို့အနီး သုဘဂတော အင်ကြင်းပင်ကြီးအရင်းမှ ကွယ်ခဲ့၍ အဝိဟာပြဟ္မာ့ဘုံ၌ ထင်ရှားဖြစ်၏။ ရဟန်းတို့ ထိုပြဟ္မာ့ဘုံ၌ သောင်ပေါင်းများစွာသော ပြဟ္မာတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိခိုးကြပြီးလျှင် တခုသောနေရာ၌ ရပ်ကုန်လျက် ငါ့အား ဤစကားကို လျှောက်ကြကုန်၏—

"အသျှင် ဤ (ကမ္ဘာ) မှ ကိုးဆယ့်တကမ္ဘာထက်၌ ပုဗ္ဗေဘ်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးပါတည်း၊ မင်းမျိုး၌ ဖြစ်တော်မူပါ၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ် ဖြစ်တော်မူပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ရှစ်သောင်း ဖြစ်ပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် သခွတ်ပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် ခဏ္ဍနှင့် တိဿမည်ပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌)သာဝကအစည်းအဝေးတို့သည် သုံးကြိမ်ဖြစ်ပါကုန်၏။ တကြိမ်သော သာဝက အစည်းအဝေး၌ ရဟန်း တသိန်းခြောက်သောင်း ရှစ်ထောင်ရှိပါ၏။ တကြိမ်သော သာဝက အစည်းအဝေး၌ ရဟန်း တသိန်းရှိပါ၏။ တကြိမ်သော သာဝက အစည်းအဝေး၌ ရဟန်း ရှစ်သောင်းရှိပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း

http://www.dhammadownload.com



ပါဝင်ကုန်သော သာဝက အစည်းအဝေးတို့သည် ဤသုံးကြိမ်တို့ပင် ဖြစ်ပါကုန်၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အလုပ်အကျွေး အသောကမည်သော ရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေး ဖြစ်ပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ခမည်းတော်သည် ဗန္ဓုမာမည်သော မင်းပါတည်း။ မယ်တော်သည် ဗန္ဓုမတီမည်သော မိဖုရားပါတည်း။ ဗန္ဓုမာမင်း၏ နေပြည်တော်သည် ဗန္ဓုမတီမည်သော မြို့ပါတည်း။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ တောထွက်ပုံသည် ဤသို့ ဖြစ်ပါ၏၊ ရဟန်းပြုပုံသည် ဤသို့ ဖြစ်ပါ၏၊ တရားအားထုတ်ပုံသည် ဤသို့ ဖြစ်ပါ၏၊ ဘုရားဖြစ်ပုံသည် ဤသို့ ဖြစ်ပါ၏၊ ဓမ္မစကြာ တရားဟောပုံသည် ဤသို့ ဖြစ်ပါ၏။ အသျှင် ထိုအကျွန်ုပ်တို့သည် ဝိပဿီမြတ်စွာဘုရား[၁] ထံ၌ မြတ်သောအကျင့်ကို ကျင့်လျက် ကာမဂုဏ်တို့၌ လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' ကို ကင်းစေပြီးလျှင် ဤ (ဘုံ) ၌ ဖြစ်လာကြပါကုန်၏" ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုပြဟ္မာ့ဘုံ၌ပင် ထောင်ပေါင်းများစွာ သိန်းပေါင်းများစွာသော ပြဟ္မာတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်ကုန်လျက် ငါ့အား ဤစကားကို လျှောက်ကြကုန်၏—

"အသျှင် ဤဘဒ္ဒကမ္ဘာ၌ပင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ယခုအခါ လောက၌ ပွင့်တော်မူပါ၏။ အသျှင် မြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးပါတည်း၊ မင်းမျိုး၌ ဖြစ်တော်မူပါ၏။ အသျှင် မြတ်စွာဘုရားသည် အနွယ်အားဖြင့် ဂေါတမအနွယ် ဖြစ်တော်မူပါ၏။ အသျှင် မြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် နည်းပါးလှပါ၏၊ တိုတောင်းလှပါ၏၊ လျင်မြန်လှပါ၏၊ အသက်အရှည်ဆုံးသောသူသည် အနှစ်တရာသော်ငြား အနှစ်တရာထက် အနည်းငယ် ပိုလွန်၍သော်ငြား (အသက်ရှင်နေရပါ၏)။ အသျှင် မြတ်စွာဘုရားသည် ညောင်ဗုဒ္ဓဟေပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူပါ၏။ အသျှင် မြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက)အစုံသည် သာရိပုတြာနှင့် မောဂ္ဂလ္လာန် မည်ပါ၏။ အသျှင် မြတ်စွာဘုရား၏ (လက်ထက်၌)သာဝက အစည်းအဝေးသည် တကြိမ်တည်းသာ ဖြစ်ပါ၏၊ ရဟန်း တထောင့်နှစ်ရာ့ငါးဆယ် ရှိပါ၏။ အသျှင် မြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း ပါဝင်သော သာဝက အစည်းအဝေးသည် ဤတကြိမ်တည်းသာဖြစ်ပါ၏။ အသျှင် မြတ်စွာဘုရား၏ အလုပ်အကျွေး အာနန္ဒာ မည်သော ရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေး ဖြစ်ပါ၏။ အသျှင် မြတ်စွာဘုရား၏ ခမည်းတော်သည် သုဒ္ဓေါဒနမည်သော မင်းပါတည်း။ မယ်တော်သည် မာယာမည်သော မိဖုရားပါတည်း။ နေပြည်တော်သည် ကပိလဝတ်မြို့ပါတည်း။ အသျှင် မြတ်စွာဘုရား၏ တောထွက်ပုံသည် ဤသို့ ဖြစ်ပါ၏၊ ရဟန်းပြုပုံသည် ဤသို့ဖြစ်ပါ၏၊ တရားအားထုတ်ပုံသည် ဤသို့ ဖြစ်ပါ၏၊ ဘုရားဖြစ်ပုံသည် ဤသို့ ဖြစ်ပါ၏၊ ဓမ္မစကြာ တရားဟောပုံသည် ဤသို့ ဖြစ်ပါ၏။

၁။ ဤအရာ၌ ဝိပဿီမြတ်စွာဘုရား၏ သာဝကဖြစ်သော ပြဟ္မာတို့သည် လျှောက်ကုန်သကဲ့သို့ပင် သိခီစသော ကြွင်းသော မြတ်စွာဘုရားတို့၏ သာဝကဖြစ်သော ပြဟ္မာတို့သည်လည်း အသီးအသီး လျှောက်ကုန်သေး၏၊ သို့ရာတွင် ပါဠိ၌ ဝိပဿီမြတ်စွာဘုရားနှင့် ငါတို့မြတ်စွာဘုရား၏သာဝကဖြစ်သောပြဟ္မာတို့၏ လျှောက်ပုံအကြောင်းအရာမျှကိုသာ ဖော်ပြထားသည် ဟု အဋ္ဌကထာ၌ မိန့်ဆို၏။

http://www.dhammadownload.com



အသျှင် ထိုအကျွန်ုပ်တို့သည် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်လျက် ကာမဂုဏ်တို့၌ နှစ်သက်လိုချင်မှု ကာမစ္ဆန္ဒကို ကင်းစေပြီးလျှင် ဤ(ဘုံ)၌ ဖြစ်လာကြပါကုန်၏" ဟု (လျှောက်ကြကုန်၏)။

၉၂။ ရဟန်းတို့ ထို့နောက် ငါသည် အဝိဟာဗြဟ္မာတို့နှင့်အတူ အတပ္ပါဗြဟ္မာတို့ထံသို့ ချဉ်းကပ်၏။ပ။

ရဟန်းတို့ ထို့နောက် ငါသည် အဝိဟာဗြဟ္မာ အတပ္ပါဗြဟ္မာတို့နှင့်အတူ သုဒဿာဗြဟ္မာတို့ထံသို့ ချဉ်းကပ်၏။ပ။

ရဟန်းတို့ ထို့နောက် ငါသည် အဝိဟာဗြဟ္မာ အတပ္ပါဗြဟ္မာ သုဒဿာဗြဟ္မာတို့နှင့်အတူ သုဒဿီဗြဟ္မာတို့ထံသို့ ချဉ်းကပ်၏။ပ။

ရဟန်းတို့ ထို့နောက် ငါသည် အဝိဟာဗြဟ္မာ အတပ္ပါဗြဟ္မာ သုဒဿာဗြဟ္မာ သုဒဿီဗြဟ္မာတို့နှင့် အတူ အကနိဋ္ဌဗြဟ္မာတို့ထံသို့ ချဉ်းကပ်၏။ ရဟန်းတို့ ထိုဗြဟ္မာ့ဘုံ၌ ထောင်ပေါင်းများစွာ သိန်းပေါင်း များစွာ သော ဗြဟ္မာတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ရပ်ကုန်လျက် ငါ့အား ဤစကားကို လျှောက်ကြကုန်၏—

"အသျှင် ဤ (ကမ္ဘာ) မှ ကိုးဆယ့်တကမ္ဘာထက်၌ ပုဗ္ဗေဘဝ်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီ မြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးပါတည်း၊ မင်းမျိုး၌ ဖြစ်တော်မူပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ် ဖြစ်တော်မူပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ရှစ်သောင်း ဖြစ်ပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော် မူသော ဝိပဿီမြတ်စွာဘုရားသည် သခွတ်ပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက)အစုံသည် ခဏ္ဍနှင့် တိဿမည်ပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌)သာဝကအစည်း အဝေးတို့သည် သုံးကြိမ်ဖြစ်ပါကုန်၏။တကြိမ် သော သာဝက အစည်းအဝေး၌ ရဟန်း တသိန်းခြောက်သောင်း ရှစ်ထောင်ရှိပါ၏။ တကြိမ်သော သာဝက အစည်းအဝေး၌ ရဟန်း တသိန်းရှိပါ၏။ တကြိမ်သော သာဝကအစည်းအဝေး၌ ရဟန်း ရှစ်သောင်းရှိပါ၏။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာတို့ချည်း ပါဝင်ကုန်သော သာဝက အစည်းအဝေးတို့သည် ဤသုံးကြိမ်တို့ပင် ဖြစ်ပါကုန်၏။ အသျှင် ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အလုပ်အကျွေး အသောကမည်သော ရဟန်းသည် အမြတ်ဆုံးအလုပ် အကျွေးဖြစ်ပါ၏။ အသျှင် ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို)

http://www.dhammadownload.com



ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ခမည်းတော်သည် ဗန္ဓုမာမည်သော မင်းပါတည်း။ မယ်တော်သည် ဗန္ဓုမတီမည်သော မိဖုရားပါတည်း။ ဗန္ဓုမာမင်း၏ နေပြည်တော်သည် ဗန္ဓုမတီမည်သော မြို့ပါတည်း။ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏တောထွက်ပုံသည် ဤသို့ ဖြစ်ပါ၏၊ ရဟန်းပြုပုံသည် ဤသို့ဖြစ်ပါ၏၊ တရားအားထုတ်ပုံသည် ဤသို့ဖြစ်ပါ၏၊ ဘုရားဖြစ်ပုံသည် ဤသို့ဖြစ်ပါ၏၊ ဓမ္မစကြာတရားဟောပုံသည် ဤသို့ဖြစ်ပါ၏။ အသျှင် ထိုအကျွန်ုပ်တို့သည် ဝိပဿီ မြတ်စွာဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်လျက် ကာမဂုဏ်တို့၌ နှစ်သက် လိုချင်မှု 'ကာမစ္ဆန္ဒ' ကို ကင်းစေပြီးလျှင် ဤ (ဘုံ) ၌ဖြစ်လာကြပါကုန်၏" ဟု (လျှောက်ကြကုန်၏)။

၉၃။ ရဟန်းတို့ ထိုဗြဟ္မာဘုံ၌ပင် ထောင်ပေါင်းများစွာ သိန်းပေါင်းများစွာသော ဗြဟ္မာတို့သည် ငါ့ထံသို့ချဉ်းကပ်၍ ငါ့ကိုရှိခိုးပြီးလျှင် တခုသောနေရာ၌ရပ်ကုန်လျက် ငါ့အား ဤစကားကို လျှောက်ကြကုန်၏။

"အသျှင် ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ သိခီ မြတ်စွာဘုရားသည်။ပ။ အသျှင် ထိုအကျွန်ုပ်တို့သည် သိခီမြတ်စွာဘုရားထံ၌။ပ။

အသျှင် ထိုသုံးဆယ့်တကမ္ဘာထက်၌ပင် ဝေဿဘူမြတ်စွာဘုရားသည်။ပ။ အသျှင် ထိုအကျွန်ုပ်တို့သည် ဝေဿဘူမြတ်စွာဘုရားထံ၌။ပ။

အသျှင် ဤဘဒ္ဒကမ္ဘာ၌ပင် ကကုသန် ကောဏာဂုံ ကဿပ မြတ်စွာဘုရားသည် ။ပ။ အသျှင် ထိုအကျွန်ုပ်တို့သည် ကကုသန် ကောဏာဂုံ ကဿပ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်လျက် ကာမဂုဏ်တို့၌ နှစ်သက်လိုချင်မှု 'ကာမစ္ဆန္ဒ' ကိုကင်းစေပြီးလျှင် ဤ (ဘုံ)၌ ဖြစ်လာကြပါကုန်၏" ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုဗြဟ္မာဘုံ၌ပင် ထောင်ပေါင်းများစွာ သိန်းပေါင်းများစွာသော ဗြဟ္မာတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်ကုန်လျက် ငါ့အား ဤစကားကို လျှောက်ကြကုန်၏—

"အသျှင် ဤဘဒ္ဒကမ္ဘာ၌ပင် ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ယခုအခါ လောက၌ ပွင့်တော်မူပါ၏။ အသျှင် မြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးပါတည်း မင်းမျိုး၌ ဖြစ်တော်မူပါ၏။ အသျှင် မြတ်စွာဘုရားသည် အနွယ်အားဖြင့် ဂေါတမအနွယ်ဖြစ်တော်မူပါ၏၊ အသျှင် မြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် နည်းပါးလှပါ၏၊ တိုတောင်းလှပါ၏၊ လျင်မြန်လှပါ၏၊ အသက်အရှည် ဆုံးသောသူသည် အနှစ် တရာသော်ငြား အနှစ်တရာထက် အနည်းငယ် ပိုလွန်၍ သော်ငြား (အသက်ရှင်နေရပါ၏)။ အသျှင် မြတ်စွာဘုရားသည် ညောင်ဗုဒ္ဓဟေပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူပါ၏။ အသျှင် မြတ်စွာဘုရား၏ မြတ်သောတပည့် (အဂ္ဂသာဝက) အစုံသည် သာရိပုတြာနှင့် မောဂ္ဂလ္လာန်မည်ပါ၏။ အသျှင် မြတ်စွာဘုရား၏ (လက်ထက်၌) သာဝက အစည်း အဝေးသည် တကြိမ်တည်းသာ ဖြစ်ပါ၏၊ ရဟန်း တထောင့်နှစ်ရာ့ငါးဆယ် ရှိပါ၏။ အသျှင် မြတ်စွာဘုရား၏ (လက်ထက်၌) အလုံးစုံ ရဟန္တာချည်းပါဝင်သော သာဝက အစည်းအဝေးသည် တကြိမ်တည်းသာဖြစ်ပါ၏။ အသျှင် မြတ်စွာဘုရား၏ အလုပ်အကျွေး အာနန္ဒာမည်သော ရဟန်းသည်

http://www.dhammadownload.com



အမြတ်ဆုံးအလုပ်အကျွေးဖြစ်ပါ၏၊ အသျှင် မြတ်စွာဘုရား၏ ခမည်းတော်သည် သုဒ္ဓေါဒနမင်းပါတည်း၊ မယ်တော်သည် မာယာ မိဖုရားပါတည်း၊ နေပြည်တော်သည် ကပိလဝတ်မြို့ပါတည်း၊ အသျှင်မြတ်စွာဘုရား၏ တောထွက်ပုံသည် ဤသို့ဖြစ်ပါ၏၊ ရဟန်းပြုပုံသည် ဤသို့ဖြစ်ပါ၏၊ တရားအားထုတ်ပုံသည် ဤသို့ဖြစ်ပါ၏၊ ဘုရားဖြစ်ပုံ သည် ဤသို့ဖြစ်ပါ၏၊ ဓမ္မစကြာ တရားဟောပုံသည် ဤသို့ဖြစ်ပါ၏၊ အသျှင် ထိုအကျွန်ုပ်တို့သည် မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်လျက် ကာမဂုဏ်တို့၌ နှစ်သက် လိုချင်မှု 'ကာမစ္ဆန္ဒ' ကို ကင်းစေပြီးလျှင် ဤ (ဘုံ) ၌ ဖြစ်လာကြပါကုန်၏" ဟု (လျှောက်ကြကုန်၏)။

၉၄။ ရဟန်းတို့ ဤသို့လျှင် မြတ်စွာဘုရားသည် အောက်မေ့နိုင်ကြောင်းဖြစ်သော ဓမ္မဓာတ်ကို ကိုယ်တိုင်ပင် ကောင်းစွာ ထိုးထွင်း၍ သိတော်မူပေ၏၊ ယင်းဓမ္မဓာတ်ကို ကောင်းစွာ ထိုးထွင်း၍ သိတော်မူသောကြောင့် မြတ်စွာဘုရားသည် သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကို ဖြတ်ပြီးကုန်သော သံသရာဝဋ္ဋ ကုန်ဆုံးပြီးကုန်သော ဆင်းရဲ ခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန် ပြုပြီးကုန်သော ရှေးဘုရားတို့ကို "ဤသို့သော ဇာတ်ရှိကုန်၏"ဟူ၍ငြင်း "ဤသို့သောအမည်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သော အနွယ်ရှိကုန်၏ ဟူ၍ ငြင်း ဤသို့သောသီလရှိကုန်၏ဟူ၍ ငြင်း ဤသို့သော (သမာဓိ) တရားရှိကုန်၏ဟူ၍ ငြင်း ဤသို့သောပညာရှိကုန်၏ဟူ၍ ငြင်း ဤသို့သော နေခြင်းရှိကုန်၏ ဟူ၍ငြင်း ဤသို့သော လွန်မြောက်ခြင်းရှိကုန်၏"ဟူ၍ငြင်း ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ သာဝက အစုံအားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ သာဝက အစည်းအဝေး အားဖြင့်လည်း အောက်မေ့နိုင်ပေ၏။

နတ် (ဗြဟ္မာ) တို့သည်လည်း ငါ့အား ဤအကြောင်းကို လျှောက်ကုန်၏၊ ယင်းသို့ လျှောက်သောကြောင့်လည်း မြတ်စွာဘုရားသည် သံသရာချဲ့တရားကို ဖြတ်ပြီးကုန်သော သံသရာခရီးကိုဖြတ်ပြီးကုန်သော သံသရာဝဋ္ဋကုန်ဆုံးပြီးကုန်သော ဆင်းရဲခပ်သိမ်းကို လွန်မြောက်ပြီးကုန်သော ပရိနိဗ္ဗာန်ပြုပြီးကုန်သော ရှေးဘုရားတို့ကို "ဤသို့သော ဇာတ်ရှိကုန်၏"ဟူ၍ငြင်း "ဤသို့သော အမည်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သော အနွယ်ရှိကုန်၏ ဟူ၍ငြင်း ဤသို့သော သီလရှိကုန်၏ ဟူ၍ငြင်း ဤသို့သော (သမာဓိ)တရားရှိကုန်၏ ဟူ၍ငြင်း ဤသို့သော ပညာရှိကုန်၏ ဟူ၍ငြင်း ဤသို့သော နေခြင်းရှိကုန်၏ ဟူ၍ငြင်း ဤသို့သော လွန်မြောက်ခြင်းရှိကုန်၏"ဟူ၍ငြင်း ဇာတ်အားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ အမည်အားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ အနွယ်အားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ အသက်အတိုင်းအရှည်အားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ သာဝကအစုံအားဖြင့်လည်း အောက်မေ့နိုင်ပေ၏၊ သာဝက အစည်းအဝေးအားဖြင့်လည်း အောက်မေ့နိုင်ပေ၏။

မြတ်စွာဘုရားသည် ဤ(တရားတော်)ကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

**ရှေးဦးစွာသော မဟာပဒါနသုတ် ပြီး၏။**

http://www.dhammadownload.com

# ၂-မဟာနိဒါနသုတ်

## ပဋိစ္စသမုပ္ပါဒ်တရားတော်

၉၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မမည်သော နိဂုံး၌ (သီတင်းသုံး)နေ တော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် အလွန်နက်လည်း နက်နဲပါ၏၊အလွန် နက်နဲသောအသွင်လည်း ရှိပါ၏၊ သို့ဖြစ်ပါလျက် အကျွန်ုပ်၏ (ဉာဏ်ထဲ၌) တိမ်တိမ်ကလေးကဲ့သို့ပင် ထင်ပါသည်" ဟု (လျှောက်၏)။

အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ ဤသို့ မဆိုလင့်။ ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် နက်လည်း နက်နဲ၏၊ နက်နဲသော အသွင်လည်းရှိ၏။

အာနန္ဒာ ထို(ပဋိစ္စသမုပ္ပါဒ်)တရားတော်ကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ချည်ခင်ထွေးကဲ့သို့ဖြစ်၍ စာပေါင်းသိုက်ကဲ့သို့ဖြစ်၍ ဖြူဆံမြက် ပြိတ်မြက်ကဲ့သို့ဖြစ်၍ မကောင်းသော လားရာ ပျက်စီးလျက် ကျရောက်ရာဖြစ်သော အပါယ်ကိုရင်း သံသရာကိုရင်း မလွန်မြောက်နိုင်ပဲ ရှိချေ၏။

၉၆။ အာနန္ဒာ အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ဟု ဖြေဆိုအပ်၏။

အဘယ်အကြောင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'သည် ဖြစ်သနည်း ဟု မေးပြန်လျှင် ပဋိသန္ဓေနေခြင်း 'ဇာတိ'ဟူသောအကြောင်းကြောင့် အိုခြင်း 'ဇရာ'သေခြင်း 'မရဏ'သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

အာနန္ဒာ ပဋိသန္ဓေနေခြင်း 'ဇာတိ'၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆို အပ်၏။

အဘယ်အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် ဖြစ်သနည်း ဟု မေးပြန်လျှင် ဖြစ်ကြောင်းကံ 'ဘဝ'ဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် ဖြစ်၏ ဟု ဖြေဆို အပ်၏။

အာနန္ဒာ ဖြစ်ကြောင်းကံ 'ဘဝ'၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆို အပ်၏။

http://www.dhammadownload.com



အဘယ် အကြောင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ'သည် ဖြစ်သနည်း ဟု မေးပြန်လျှင် စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ'သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

အာနန္ဒာ စွဲလမ်းခြင်း 'ဥပါဒါန်'၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆိုအပ်၏။

အဘယ်အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်'သည် ဖြစ်သနည်း ဟု မေးပြန်လျှင် တပ်မက်ခြင်း 'တဏှာ' ဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်'သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

အာနန္ဒာ တပ်မက်ခြင်း 'တဏှာ'၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆိုအပ်၏။

အဘယ်အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ'သည် ဖြစ်သနည်း ဟု မေးပြန်လျှင် ခံစားခြင်း 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ'သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

အာနန္ဒာ ခံစားခြင်း 'ဝေဒနာ'၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆိုအပ်၏။

အဘယ်အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ'သည် ဖြစ်သနည်း ဟုမေးပြန်လျှင် တွေ့ခြင်း 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားဖြင်း 'ဝေဒနာ' သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

အာနန္ဒာ တွေ့ခြင်း 'ဖဿ'၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆိုအပ်၏။

အဘယ်အကြောင်းကြောင့် တွေ့ခြင်း 'ဖဿ'သည် ဖြစ်သနည်း ဟု မေးပြန်လျှင် နာမ်ရုပ် ဟူသော အကြောင်းကြောင့် တွေ့ခြင်း 'ဖဿ'သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

အာနန္ဒာ နာမ်ရုပ်၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆိုအပ်၏။

အဘယ်အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်သနည်း ဟု မေးပြန်လျှင် ဝိညာဉ် ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

အာနန္ဒာ ဝိညာဉ်၏ အကြောင်းသည် ရှိသလော ဟု မေးလျှင် ရှိ၏ ဟု ဖြေဆိုအပ်၏။

အဘယ်အကြောင်းကြောင့် ဝိညာဉ်သည် ဖြစ်သနည်း ဟု မေးပြန်လျှင် နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဉ်သည် ဖြစ်၏ ဟု ဖြေဆိုအပ်၏။

၉၇။ အာနန္ဒာ ဤသို့လျှင် နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဉ်သည် ဖြစ်၏၊ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် တွေ့ခြင်း 'ဖဿ'သည် ဖြစ်၏၊ တွေ့ခြင်း 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ'သည် ဖြစ်၏၊ ခံစားခြင်း 'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ'သည် ဖြစ်၏၊ တပ်မက်ခြင်း 'တဏှာ'ဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်'သည် ဖြစ်၏၊ စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ'ဘဝ'သည် ဖြစ်၏၊ ဖြစ်ကြောင်းကံ 'ဘဝ'ဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် ဖြစ်၏၊ ပဋိသန္ဓေနေခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ' စိုးရိမ်ပူဆွေးခြင်း'သောက' ငိုကြွေးခြင်း 'ပရိဒေဝ'

http://www.dhammadownload.com



ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'တို့သည် ဖြစ်ကုန်၏၊ ဤနည်းဖြင့် ဤဆင်းရဲအစုသက်သက်၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။

၉၇။ အာနန္ဒာ ပဋိသန္ဓေနေခြင်း 'ဇာတိ' ဟူသော အကြောင်းကြောင့် အိုခြင်း 'ဇရာ'သေခြင်း 'မရဏ'သည် ဖြစ်၏ ဟူသော ဤစကားကို(ငါ)ဆိုခဲ့၏၊ ထိုစကား၌ ပဋိသန္ဓေနေခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း'မရဏ'ဖြစ်ပုံကို ဤ (ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှ မရှိငြားအံ့။

ပဋိသန္ဓေ နေခြင်း 'ဇာတိ'ကား အဘယ်နည်း။

နတ်ဖြစ်ခြင်း၌ နတ်တို့၏ ဇာတိသည်၎င်း၊ ဂန္ဓဗ္ဗနတ်ဖြစ်ခြင်း၌ ဂန္ဓဗ္ဗနတ်တို့၏ ဇာတိသည်၎င်း၊ ဘီလူးဖြစ်ခြင်း၌ ဘီလူးတို့၏ ဇာတိသည်၎င်း၊ ကိုယ်ထင်ရှား သတ္တဝါဖြစ်ခြင်း၌ ကိုယ်ထင်ရှားသတ္တဝါတို့၏ ဇာတိသည်၎င်း၊ လူဖြစ်ခြင်း၌ လူတို့၏ ဇာတိသည်၎င်း၊ ခြေလေးချောင်း သတ္တဝါ ဖြစ်ခြင်း၌ ခြေလေးချောင်း သတ္တဝါတို့၏ ဇာတိသည်၎င်း၊ ငှက်ဖြစ်ခြင်း၌ ငှက်တို့၏ ဇာတိသည်၎င်း၊ တွားသွားကောင် ဖြစ်ခြင်း၌ တွားသွားကောင်တို့၏ ဇာတိသည်၎င်း၊ အာနန္ဒာ ထိုထိုသတ္တဝါဖြစ်ခြင်း၌ ထိုထို သတ္တဝါတို့၏ ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် မဖြစ်ငြားအံ့၊ ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် အချင်းခပ်သိမ်း မရှိခဲ့သော် ပဋိသန္ဓေနေခြင်း 'ဇာတိ'၏ ချုပ်ခြင်းကြောင့် အိုခြင်း 'ဇရာ'သေခြင်း 'မရဏ' သည် ထင်ရှားနိုင်ပါဦးမည်လောဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤပဋိသန္ဓေနေခြင်း 'ဇာတိ' တရားသည်သာလျှင် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ၏အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၉၈။ အာနန္ဒာဖြစ်ကြောင်းကံ 'ဘဝ' ဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း'ဇာတိ' သည်ဖြစ်၏ ဟု ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ ဖြစ်ကြောင်းကံ 'ဘဝ' ဟူ သောအကြောင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'ဖြစ်ပုံကိုဤ (ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသော ဘုံ၌ တစုံတယောက်သော သတ္တဝါအား ဖြစ်ကြောင်းကံ 'ဘဝ' သည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှမရှိငြားအံ့။

ဤဖြစ်ကြောင်းကံ 'ဘဝ' ကား အဘယ်နည်း။

ကာမဘဝ ရူပဘဝ အရူပဘဝ တို့ပေတည်း၊ ဖြစ်ကြောင်းကံ 'ဘဝ'သည် အချင်းခပ်သိမ်း မရှိခဲ့သော် ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' သည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါအသျှင်ဘုရား (ဟု လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ ထို့ကြောင့် ဤဖြစ်ကြောင်းကံ 'ဘဝ' သည်သာလျှင် ပဋိသန္ဓေနေခြင်း 'ဇာတိ' ၏အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၀၀။ အာနန္ဒာ စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ'သည် ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' ဖြစ်ပုံကို ဤ (ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသော ဘုံ၌ တစုံတယောက်သော သတ္တဝါအား စွဲလမ်းခြင်း 'ဥပါဒါန်'သည် မည်သည့် အခြင်းအရာ မည်သည့် သဘောအားဖြင့်မျှ မရှိငြားအံ့။

ဤစွဲလမ်းခြင်း 'ဥပါဒါန်'ကား အဘယ်နည်း။

ကာမဂုဏ်၌ စွဲလမ်းခြင်း 'ကာမုပါဒါန်' အယူ၌ စွဲလမ်းခြင်း 'ဒိဋ္ဌုပါဒါန်' အလေ့အကျင့်၌ စွဲလမ်းခြင်း 'သီလဗ္ဗတုပါဒါန်' အတ္တဟူသော ဝါဒ၌ စွဲလမ်းခြင်း 'အတ္တဝါဒုပါဒါန်' တို့ပေတည်း။

စွဲလမ်းခြင်း'ဥပါဒါန်'သည် အချင်းခပ်သိမ်းမရှိခဲ့သော် စွဲလမ်းခြင်း 'ဥပါဒါန်'၏ ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' သည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤစွဲလမ်းခြင်း 'ဥပါဒါန်'သည်သာလျှင် ဖြစ်ကြောင်းကံ 'ဘဝ'၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ'ပေတည်း၊ အထောက်အပံ့'ပစ္စည်း'ပေတည်း။

၁၀၁။ အာနန္ဒာ တပ်မက်ခြင်း 'တဏှာ' ဟူသောအကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' သည် ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ တပ်မက်ခြင်း 'တဏှာ' ဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း ဥပါဒါန်ဖြစ်ပုံကို ဤ (ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား တပ်မက်ခြင်း 'တဏှာ' သည် မည်သည့်အခြင်းအရာ မည်သည့် သဘောအားဖြင့်မျှ မရှိငြားအံ့။

ဤတပ်မက်ခြင်း 'တဏှာ' ကား အဘယ်နည်း။

အဆင်းကိုတပ်မက်မှု 'ရူပတဏှာ' အသံကိုတပ်မက်မှု'သဒ္ဒတဏှာ' အနံ့ကိုတပ်မက်မှု 'ဂန္ဓတဏှာ' အရသာကို တပ်မက်မှု 'ရသတဏှာ' အတွေ့ကိုတပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ' သဘောကိုတပ်မက်မှု 'ဓမ္မတဏှာ' တို့ပေတည်း။

တပ်မက်မှု 'တဏှာ' သည် အချင်းခပ်သိမ်းမရှိခဲ့သော် တပ်မက်မှု 'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' သည် ထင်ရှားနိုင်ပါဦးမည်လော ဟု(မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ ထို့ကြောင့် ဤ တပ်မက်မှု 'တဏှာ' သည်သာလျှင် စွဲလမ်းခြင်း 'ဥပါဒါန်' ၏ အကြောင်းရင်း 'ဟိတ်'ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၀၂။ အာနန္ဒာ ခံစားခြင်း 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ ခံစားခြင်း 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ပုံကို ဤ (ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသော ဘုံ၌ တစုံတယောက်သောသတ္တဝါအား ခံစားခြင်း 'ဝေဒနာ' သည် မည်သည့်အခြင်းအရာ မည်သည့်သဘော အားဖြင့်မျှ မရှိငြားအံ့။

ဤခံစားခြင်း 'ဝေဒနာ' ကား အဘယ်နည်း။

မျက်စိနှင့် တွေ့ခြင်းကြောင့် ဖြစ်သော ခံစားခြင်း၊ နားနှင့် တွေ့ခြင်းကြောင့် ဖြစ်သော ခံစားခြင်း၊ နှာခေါင်းနှင့် တွေ့ခြင်းကြောင့် ဖြစ်သော ခံစားခြင်း၊ လျှာနှင့် တွေ့ခြင်းကြောင့် ဖြစ်သော ခံစားခြင်း၊ ကိုယ်နှင့် တွေ့ခြင်းကြောင့် ဖြစ်သော ခံစားခြင်း၊ စိတ်နှင့် တွေ့ခြင်းကြောင့် ဖြစ်သော ခံစားခြင်းတို့ပေတည်း။

ခံစားခြင်း 'ဝေဒနာ'သည် အချင်းခပ်သိမ်းမရှိခဲ့သော် ခံစားခြင်း 'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်မှု 'တဏှာ' သည် ထင်ရှားနိုင်ပါဦးမည်လော ဟု(မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤခံစားခြင်း 'ဝေဒနာ'သည်သာလျှင် တပ်မက်မှု 'တဏှာ'၏အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၀၃။ အာနန္ဒာ ဤသို့လျှင် ခံစားခြင်း 'ဝေဒနာ' ကို စွဲ၍ တပ်မက်ခြင်း 'တဏှာ' သည်ဖြစ်၏၊ တပ်မက်ခြင်းကို စွဲ၍ ရှာမှီးခြင်းသည် ဖြစ်၏၊ ရှာမှီးခြင်းကို စွဲ၍ ရခြင်းသည်ဖြစ်၏၊ ရခြင်းကိုစွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်းသည် ဖြစ်၏၊ စိတ်ပိုင်းဖြတ်ခြင်းကို စွဲ၍ နှစ်သက် တင်စုံခြင်း 'ဆန္ဒရာဂ' သည်ဖြစ်၏၊ ထိုနှစ်သက် တပ်စွဲခြင်းကိုစွဲ၍ ငါ့ဟာ ဟု မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် ဖြစ်၏၊ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းပိုက်ခြင်းသည်ဖြစ်၏၊ သိမ်းပိုက်ခြင်းကိုစွဲ၍ ဝန်တိုခြင်းသည် ဖြစ်၏၊ ဝန်တိုခြင်းကိုစွဲ၍ (ဥစ္စာကို) စောင့်ရှောက်ခြင်းသည်ဖြစ်၏၊ (ဥစ္စာကို) စောင့်ရှောက်ခြင်း ဟူသောအကြောင်းကြောင့် တုတ်ဆောင်ရခြင်း လက်နက်ဆောင်ရခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်း ငြင်းခုံခြင်း မခံသာအောင် ပြောဆိုခြင်း ကုန်းတိုက်ခြင်း မဟုတ်မမှန်ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရား များစွာတို့သည် ဖြစ်ကုန်၏။

၁၀၄။ အာနန္ဒာ ဥစ္စာကို စောင့်ရှောက်ခြင်း ဟူသော အကြောင်းကြောင့် တုတ်ဆောင်ရခြင်း လက်နက်ဆောင်ရခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်း ငြင်းခုံခြင်း မခံသာအောင်ပြောဆိုခြင်း ကုန်းတိုက်ခြင်း မဟုတ်မမှန်ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရားများစွာတို့သည်ဖြစ်ကုန်၏

http://www.dhammadownload.com



ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ ဥစ္စာကို စောင့်ရှောက်ခြင်း ဟူသော အကြောင်းကြောင့် တုတ်ဆောင်ရခြင်း လက်နက်ဆောင်ရခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်း ငြင်းခုံခြင်း မခံသာအောင်ပြောဆိုခြင်း ဂုံးတိုက်ခြင်း မဟုတ်မမှန်ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရားများစွာတို့ ဖြစ်ပုံကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့် လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသော ဘုံ၌ တစုံတယောက်သော သတ္တဝါအား ဥစ္စာကို စောင့်ရှောက်ခြင်းသည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှမရှိငြားအံ့၊ ဥစ္စာကို စောင့်ရှောက်ခြင်းသည် အချင်းခပ်သိမ်းမရှိခဲ့သော် ဥစ္စာကို စောင့်ရှောက်ခြင်း၏ ချုပ်ခြင်းကြောင့် တုတ်ဆောင်ရခြင်း လက်နက်ဆောင်ရခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်း ငြင်းခုံခြင်း မခံသာအောင်ပြောဆိုခြင်း ဂုံးတိုက်ခြင်း မဟုတ်မမှန်ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရား များစွာတို့သည် ဖြစ်နိုင်ပါကုန်ဦးမည်လော ဟု (မိန့်တော်မူ၏)။

မဖြစ်နိုင်ပါကုန် အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ထိုဥစ္စာကို စောင့်ရှောက်ခြင်းသည်သာလျှင် တုတ်ဆောင်ရခြင်း လက်နက်ဆောင်ရခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်း ငြင်းခုံခြင်း မခံသာအောင်ပြောဆိုခြင်း ဂုံးတိုက်ခြင်း မဟုတ်မမှန်ပြောခြင်း ဟူသော ယုတ်မာသော အကုသိုလ်တရားများစွာတို့ ဖြစ်ပွါးခြင်း၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၀၅။ အာနန္ဒာဝန်တိုခြင်းကိုစွဲ၍ဥစ္စာကိုစောင့်ရှောက်ခြင်းသည် ဖြစ်၏ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ ဝန်တိုခြင်းကိုစွဲ၍ ဥစ္စာကို စောင့်ရှောက်ခြင်းဖြစ်ပုံကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသော ဘုံ၌ တစုံတယောက်သော သတ္တဝါအား ဝန်တိုခြင်းသည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှ မဖြစ်ငြားအံ့၊ ဝန်တိုခြင်းသည် အချင်းခပ်သိမ်း မရှိခဲ့သော် ဝန်တိုခြင်း၏ ချုပ်ခြင်းကြောင့် ဥစ္စာကို စောင့်ရှောက်ခြင်းသည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤဝန်တိုခြင်းသည်သာလျှင် ဥစ္စာကို စောင့်ရှောက်ခြင်း၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း'ပေတည်း။

၁၀၆။ အာနန္ဒာ သိမ်းပိုက်ခြင်းကိုစွဲ၍ ဝန်တိုခြင်းသည် ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ သိမ်းပိုက်ခြင်းကိုစွဲ၍ ဝန်တိုခြင်းဖြစ်ပုံကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့် လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသော ဘုံ၌ တစုံတယောက်သော သတ္တဝါအား သိမ်းပိုက်ခြင်းသည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှ မရှိငြားအံ့၊ သိမ်းပိုက်ခြင်းသည် အချင်းခပ်သိမ်းမရှိခဲ့သော် သိမ်းပိုက်ခြင်း၏ ချုပ်ခြင်းကြောင့် ဝန်တိုခြင်းသည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ ထို့ကြောင့် ဤသိမ်းပိုက်ခြင်းသည်သာလျှင် ဝန်တိုခြင်း၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ'ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၀၇။ အာနန္ဒာ (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်းကိုစွဲ၍ သိမ်းပိုက်ခြင်းသည် ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်းကိုစွဲ၍ သိမ်းပိုက်ခြင်းဖြစ်ပုံကို (ဤဆိုလတ္တံ့သော) အကြောင်းဖြင့်လည်းသိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသော ဘုံ၌ တစုံတယောက်သော သတ္တဝါအား (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှမရှိငြားအံ့၊ (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် အချင်းခပ်သိမ်းမရှိခဲ့သော် (ငါ့ဟာဟု) မြဲမြံစွာဆုံးဖြတ်ခြင်း၏ချုပ်ခြင်းကြောင့် သိမ်းပိုက်ခြင်းသည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤ (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် သာလျှင် သိမ်းပိုက်ခြင်း၏ အကြောင်းရင်း'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက် အပံ့ 'ပစ္စည်း' ပေတည်း။

၁၀၈။ အာနန္ဒာ နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'ကို စွဲ၍ (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် ဖြစ်၏ ဟူသောဤစကားကို(ငါ)ဆိုခဲ့၏၊ ထိုစကား၌ နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'ကိုစွဲ၍(ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်း ဖြစ်ပုံကို ဤ(ဆိုလတ္တံ့သော)အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ' သည် မည်သည့်အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှ မရှိငြားအံ့၊ နှစ်သက်တပ်စွဲခြင်းသည် အချင်းခပ်သိမ်းမရှိခဲ့သော် နှစ်သက်တပ်စွဲခြင်း၏ ချုပ်ခြင်းကြောင့် (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'သည်သာလျှင် (ငါ့ဟာဟု) မြဲမြံစွာ ဆုံးဖြတ်ခြင်း၏ အကြောင်းရင်း 'ဟိတ်'ပေတည်း၊ အခြေခံ 'နိဒါန်း'ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း'ပေတည်း။

၁၀၉။ အာနန္ဒာ (အသုံးချရန်) စိတ်ပိုင်းဖြတ်ခြင်းကို စွဲ၍ နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'ဖြစ်၏ ဟူသော ဤစကားကို (ငါ)ဆိုခဲ့၏၊ ထိုစကား၌ စိတ်ပိုင်းဖြတ်ခြင်းကို စွဲ၍ နှစ်သက်တပ်စွဲခြင်း ဖြစ်ပုံကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား စိတ်ပိုင်းဖြတ်ခြင်းသည် မည်သည့်အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှ မရှိငြားအံ့၊ စိတ်ပိုင်းဖြတ်ခြင်းသည် အချင်း

http://www.dhammadownload.com



ခပ်သိမ်းမရှိခဲ့သော် စိတ်ပိုင်းဖြတ်ခြင်း၏ ချုပ်ခြင်းကြောင့် နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'သည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် စိတ်ပိုင်းဖြတ်ခြင်းသည်သာလျှင် နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'၏ အကြောင်းရင်း 'ဟိတ်'ပေတည်း၊ အခြေခံ 'နိဒါန်း'ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ'ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း'ပေတည်း။

၁၁၀။ အာနန္ဒာ ရခြင်းကိုစွဲ၍ (အသုံးချရန်) စိတ်ပိုင်းဖြတ်ခြင်းသည် ဖြစ်၏ ဟူသော ဤစကားကို (ငါ)ဆိုခဲ့၏၊ ထိုစကား၌ ရခြင်းကိုစွဲ၍ စိတ်ပိုင်းဖြတ်ခြင်း ဖြစ်ပုံကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား ရခြင်းသည် မည်သည့်အခြင်းအရာ မည်သည့်သဘောအားဖြင့် မျှ မရှိငြားအံ့၊ ရခြင်းသည် အချင်းခပ်သိမ်းမရှိခဲ့သော် ရခြင်း၏ ချုပ်ခြင်းကြောင့် စိတ်ပိုင်းဖြတ်ခြင်းသည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤရခြင်းသည်သာလျှင် စိတ်ပိုင်းဖြတ်ခြင်း၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း'ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ'ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၁၁။ အာနန္ဒာ ရှာမှီးခြင်းကိုစွဲ၍ရခြင်းဖြစ်၏ ဟူသော ဤစကားကို (ငါ)ဆိုခဲ့၏၊ ထိုစကား၌ ရှာမှီးခြင်းကိုစွဲ၍ ရခြင်းဖြစ်ပုံကို (ဤဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား ရှာမှီးခြင်းသည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့် မျှမရှိငြားအံ့။ ရှာမှီးခြင်းသည် အချင်းခပ်သိမ်း မရှိခဲ့သော် ရှာမှီးခြင်း၏ ချုပ်ခြင်းကြောင့် ရခြင်းသည် ထင်ရှားနိုင်ပါဦးမည်လော ဟု (လျှောက်၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤရှာမှီးခြင်းသည်သာလျှင် ရခြင်း၏ အကြောင်းရင်း 'ဟိတ်'ပေတည်း၊ အခြေခံ'နိဒါန်း'ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ'ပေတည်း၊ အထောက်အပံ့'ပစ္စည်း'ပေတည်း။

၁၁၂။ အာနန္ဒာ တပ်မက်ခြင်း 'တဏှာ'ကိုစွဲ၍ ရှာမှီးခြင်းသည် ဖြစ်၏ ဟူသော ဤစကားကို (ငါ)ဆိုခဲ့၏၊ ထိုစကား၌ တပ်မက်ခြင်း 'တဏှာ'ကိုစွဲ၍ ရှာမှီးခြင်း ဖြစ်ပုံကို (ဤဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား တပ်မက်ခြင်းသည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့်မျှ မရှိငြားအံ့။

http://www.dhammadownload.com



ဤတပ်မက်ခြင်းကား အဘယ်နည်း။

ကာမဂုဏ်၌တပ်မက်ခြင်း 'ကာမတဏှာ' ဘဝမပြတ်စဲနိုင်ဟု ထင်လျက် တပ်မက်ခြင်း 'ဘဝတဏှာ' ဘဝပြတ်စဲမည်ထင်လျက် တပ်မက်ခြင်း 'ဝိဘဝတဏှာ' တို့ပေတည်း။

တပ်မက်ခြင်း 'တဏှာ' သည် အချင်းခပ်သိမ်း မဖြစ်ခဲ့သော် တပ်မက်ခြင်းတဏှာ ချုပ်ခြင်းကြောင့် ရှာမှီးခြင်းသည် ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤတပ်မက်ခြင်း 'တဏှာ' သည် သာလျှင် ရှာမှီးခြင်း၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

အာနန္ဒာ ဤသို့လျှင် နှစ်မျိုးပြားသော[၁] ဤ(တဏှာ)တရားတို့သည် ဝေဒနာ ဟူသော အကြောင်းတပါးတည်းကြောင့် သာလျှင် ဖြစ်ကုန်၏။

၁၁၃။ အာနန္ဒာ တွေ့ခြင်း 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' သည် ဖြစ်၏ ဟူသော ဤစကားကို ငါဆိုခဲ့၏၊ ထိုစကား၌ တွေ့ခြင်း 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားခြင်း ဖြစ်ပုံကို (ဤဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ တစုံတခုသောဘုံ၌ တစုံတယောက်သော သတ္တဝါအား တွေ့ခြင်း 'ဖဿ' သည် မည်သည့် အခြင်းအရာ မည်သည့်သဘောအားဖြင့် မျှ မရှိငြားအံ့။

ဤတွေ့ခြင်း 'ဖဿ' ကား အဘယ်နည်း။

မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' နားအတွေ့ 'သောတသမ္ဖဿ' နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကိုယ်အတွေ့ 'ကာယသမ္ဖဿ' စိတ်အတွေ့ 'မနောသမ္ဖဿ' တို့ပေတည်း။

တွေ့ခြင်း 'ဖဿ' သည် အချင်းခပ်သိမ်း မရှိခဲ့သော် တွေ့ခြင်း 'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း 'ဝေဒနာ' သည် ထင်ရှားနိုင်ပါဦးမည်လော ဟု(မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤတွေ့ခြင်း 'ဖဿ' သည်သာလျှင် ခံစားခြင်း 'ဝေဒနာ' ၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၁၄။ အာနန္ဒာ နာမ်ရုပ်ဟူသော အကြောင်းကြောင့် တွေ့ခြင်း ဖဿသည် ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ နာမ် ရုပ်ဟူသော အကြောင်းကြောင့် တွေ့ခြင်း 'ဖဿ' ဖြစ်ပုံကို (ဤဆိုလတ္တံ့သော) အကြောင်းဖြင့် လည်း သိနိုင်ပေ၏။

---

၁။ ဥပါဒါန်၏ အကြောင်းဖြစ်သော ဝဋ္ဋမူလ 'ဝဋ်မြစ်' တဏှာနှင့် ရှာမှီးခြင်း၏အကြောင်းဖြစ်သော သမုဒါစာရ 'မပြတ်ဖြစ်နေသော' တဏှာတို့ကိုပင် ၂-မျိုးဟုဆိုသည်။

http://www.dhammadownload.com



အာနန္ဒာ (အာရုံကို တွေ့ခြင်း ခံစားခြင်း မှတ်သားခြင်း စသော) အကြောင်းအခြင်းအရာ အကြောင်းအသွင်အပြင် အကြောင်း သိကြောင်းနိမိတ် အကြောင်းညွှန်ပြအပ်သောသဘောတို့ဖြင့် (ဖဿ ဝေဒနာ သညာစသော) နာမ်အပေါင်း 'နာမကာယ' ကို (ဖဿ ဝေဒနာ သညာစသည်ဖြင့်) ခေါ်ဝေါ် ပညတ်ရ၏၊ ထိုအခြင်းအရာ ထိုအသွင်အပြင် ထိုသိကြောင်း နိမိတ် ထိုညွှန်ပြအပ်သောသဘောတို့ မရှိခဲ့သော် အမည်ဖြင့် ပြရသော ကြံ သိ တွေ့ 'အဓိဝစနသမ္ဖဿ' [၁] သည် ရုပ်အပေါင်း 'ရူပကာယ' ၌ထင်ရှား နိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ (ကြမ်းတမ်းခြင်း ယိုစီးခြင်း ပူခြင်း ထောက်ကန်ခြင်းစသော) အကြောင် အခြင်းအရာ အကြောင်အသွင်အပြင် အကြောင်သိကြောင်းနိမိတ် အကြောင်ညွှန်ပြအပ်သော သဘောတို့ဖြင့် (ပထဝီ အာပေါ တေဇော ဝါယော စသော) ရုပ်အပေါင်း 'ရူပကာယ' ကို (ပထဝီ အာပေါ တေဇော ဝါယောစသည်ဖြင့်) ခေါ်ဝေါ်ပညတ်ရ၏၊ ထိုအခြင်းအရာ။ပ။ ထိုညွှန်ပြအပ်သော သဘောတို့သည် မရှိခဲ့သော် ထိခိုက်တွေ့ 'ပဋိဃသမ္ဖဿ' [၂] သည် နာမ် အပေါင်း 'နာမကာယ' ၌ ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ (အာရုံကိုတွေ့ခြင်း စသည်နှင့် ကြမ်းတမ်းခြင်းစသော) အကြောင်အခြင်းအရာ။ပ။ အကြောင်ညွှန်ပြအပ်သော သဘောတို့ဖြင့် (ဖဿစသော) နာမ်အပေါင်း 'နာမကာယ' ကိုရင်း (ပထဝီစသော) ရုပ်အပေါင်း 'ရူပကာယ' ကိုရင်း (ဖဿစသည် ပထဝီစသည်ဖြင့်) ခေါ်ဝေါ်ပညတ်ရ၏၊ ထိုအခြင်းအရာ။ပ။ ထိုညွှန်ပြအပ်သော သဘောတို့သည် မရှိခဲ့သော် အမည်ဖြင့် ပြရသော ကြံ သိ တွေ့ 'အဓိဝစနသမ္ဖဿ' သည်ရင်း ထိ ခိုက် တွေ့ 'ပဋိဃသမ္ဖဿ' သည်ရင်း ထင်ရှား ရှိနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ အကြောင်အခြင်းအရာ။ပ။ အကြောင်ညွှန်ပြအပ်သောသဘောတို့ဖြင့် နာမ်ရုပ်ကိုခေါ်ဝေါ် ပညတ်ရ၏၊ ထိုအခြင်းအရာ။ပ။ ထိုညွှန်ပြအပ်သော သဘောတို့သည် မရှိခဲ့သော် တွေ့ခြင်း 'ဖဿ' သည်ထင်ရှားနိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤနာမ်ရုပ်သည်သာလျှင် တွေ့ခြင်း 'ဖဿ'၏အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း'ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

၁၁၅။ အာနန္ဒာ သိခြင်း 'ဝိညာဉ်' ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ သိခြင်း 'ဝိညာဉ်' ဟူသော အကြောင်းကြောင့် နာမ်ရုပ် ဖြစ်ပုံကို (ဤဆိုသတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

---

၁။ အဓိဝစနသမ္ဖဿဟူသည် မနောဒွါရ်၌ ဖြစ်သော ကြံသိလျက်တွေ့သောမနောသမ္ဖဿပင်တည်း။

၂။ ပဋိဃသမ္ဖဿဟူသည်မှာပဉ္စဒွါရ၌ဖြစ်သောမြင်သိလျက်တွေ့သောစက္ခုသမ္ဖဿစသည်ပင်တည်း။

http://www.dhammadownload.com



အာနန္ဒာ သိခြင်း 'ဝိညာဉ်'သည် အမိဝမ်း၌ မသက်ရောက်ငြားအံ့၊ နာမ်ရုပ်သည် အမိဝမ်း၌ တပေါင်းတည်း ဖြစ်နိုင်ပါ ဦးမည်လော ဟု (မိန့်တော်မူ၏)။

မဖြစ်နိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ သိခြင်း 'ဝိညာဉ်'သည် အမိဝမ်း၌ သက်ရောက်ပြီးလျှင် ချုပ်သွားငြားအံ့၊ နာမ် ရုပ်သည် ဤခန္ဓာကိုယ် ဖြစ်ခြင်းငှါ ဖြစ်နိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မဖြစ်နိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ သိခြင်း 'ဝိညာဉ်'သည် လည်း သူငယ်အားဖြင့်စေ သူငယ်မအားဖြင့်စေ ငယ်စဉ် ကပင် ချုပ်သွားငြားအံ့၊ နာမ် ရုပ်သည် ကြီးပွါးစည်ပင် ပြန့်ပွါးခြင်းသို့ရောက်နိုင်ပါဦးမည်လော ဟု (မိန့်တော်မူ၏)။

မရောက်နိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ဤဝိညာဉ်သည်သာလျှင် နာမ် ရုပ်၏ အကြောင်းရင်း'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း'ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း'ပေတည်း။

၁၁၆။ အာနန္ဒာ နာမ်ရုပ် ဟူသော အကြောင်းကြောင့် သိခြင်း 'ဝိညာဉ်'သည်ဖြစ်၏ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ နာမ် ရုပ်ဟူသော အကြောင်းကြောင့် သိခြင်း 'ဝိညာဉ်'ဖြစ်ပုံ ကို ဤ (ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ သိခြင်း 'ဝိညာဉ်' သည် နာမ် ရုပ်၌ မှီရာကို မရငြားအံ့၊ နောင် အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းတို့နှင့်တကွ ဆင်းရဲအပေါင်းသည် ထင်ရှား နိုင်ပါဦးမည်လော ဟု(မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါ အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် ထိုနာမ် ရုပ်သည်သာလျှင် သိခြင်း 'ဝိညာဉ်' ၏အကြောင်းရင်း'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း'ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

အာနန္ဒာ ဤအချင်းချင်း ကျေးဇူးပြုသော ဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့် (သတ္တဝါသည်) ဖြစ်မူလည်း ဖြစ်ပေါ်ရာ၏၊ အိုမူလည်း အိုရာ၏၊ သေမူလည်း သေရာ၏၊ အဖန်ဖန်စုတေမူလည်း စုတေရာ၏၊ အဖန်ဖန်ဖြစ်မူလည်း ဖြစ်ရာ၏၊ ဤဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့် အမည်ဖြစ်ခြင်း၏ အကြောင်း သည်ဖြစ်၏၊ ဤဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့် သဒ္ဒါဖြစ်ခြင်း၏ အကြောင်းသည် ဖြစ်၏၊ ဤဝိညာဉ်နှင့် နာမ် ရုပ်မျှဖြင့် ပညတ်ဖြစ်ခြင်း၏ အကြောင်းသည်ဖြစ်၏၊ ဤ ဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့်ပညတ်၏ ကျက်စားရာသည် ဖြစ်၏၊ အချင်းချင်း ကျေးဇူးပြုသော ဤ ဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့် ဝဋ်သုံးပါးသည် လှည့်၏၊ ဤခန္ဓာငါးပါးသည်လည်း ခေါ်ဝေါ် ပညတ်ခြင်းငှါ ထင်ရှားဖြစ်၏။

## အတ္တပညတ်

၁၁၇။ အာနန္ဒာ အတ္တကို ပညတ်သူသည် အဘယ်မျှဖြင့် ပညတ်သနည်း—

အာနန္ဒာ ရုပ်ရှိ အပိုင်းခြားရှိသော အတ္တကို ပညတ်သူသည် "ငါ၏ အတ္တသည် ရုပ်ရှိ၏ အပိုင်းအခြားရှိ၏" ဟု ပညတ်၏။

http://www.dhammadownload.com



အာနန္ဒာ ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကို ပညတ်သူသည် "ငါ၏အတ္တသည်ရုပ်ရှိ၏၊ အပိုင်းအခြားမရှိ" ဟု ပညတ်၏။

အာနန္ဒာ ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကို ပညတ်သူသည် "ငါ၏ အတ္တသည် ရုပ်မရှိ အပိုင်းအခြားရှိ၏" ဟု ပညတ်၏။

အာနန္ဒာ ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကို ပညတ်သူသည် "ငါ၏ အတ္တသည် ရုပ်မရှိ အပိုင်းအခြားမရှိ၏" ဟု ပညတ်၏။

၁၁၈။ အာနန္ဒာ ထို(လေးယောက်တို့)တွင် အကြင်သူသည် ရုပ်ရှိအပိုင်းအခြားရှိသော အတ္တကို ပညတ်၏၊ ထိုသူသည် ယခု ပစ္စုပ္ပန်ဘဝ၌ (သာဖြစ်သော) အပိုင်းအခြားရှိ ရုပ်ရှိသော အတ္တကိုသော်လည်း ပညတ်၏၊ ထိုသူသည် တမလွန်ဘဝ၌လည်း ဖြစ်သော ရုပ်ရှိ အပိုင်းအခြားရှိသော အတ္တကို သော်လည်း ပညတ်၏၊ (သူတပါးတို့ အမြင်အားဖြင့်) "မဟုတ်မမှန် ဖြစ်နေသည်ကို အဟုတ်အမှန် ဖြစ်အောင်ပြုအံ့" ဟူ၍လည်း ထိုသူ့အား စိတ်ဖြစ်၏။

အာနန္ဒာ ဤသို့ဖြစ်သော် (ထိုသူ့ သန္တာန်၌) ရုပ်ရှိ အပိုင်းအခြားရှိသော အတ္တစွဲအယူ 'ရူပီပရိတ္တတ္တာနုဒိဋ္ဌိ' ကိန်းနေသည် ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာ ထို(လေးယောက်တို့) တွင် အကြင်သူသည် ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကို ပညတ်၏၊ ထိုသူသည် ယခုပစ္စုပ္ပန်ဘဝ၌ (သာဖြစ်သော) ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကို သော်လည်း ပညတ်၏၊ ထိုသူသည် တမလွန်ဘဝ၌လည်းဖြစ်သော ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကိုသော်လည်း ပညတ်၏၊ (သူတပါးတို့ အမြင်အားဖြင့်) "မဟုတ်မမှန်ဖြစ်နေသည်ကို အဟုတ် အမှန်ဖြစ်အောင်ပြုအံ့" ဟူ၍လည်း ထိုသူ့အား စိတ်ဖြစ်၏။

အာနန္ဒာ ဤသို့ဖြစ်သော် (ထိုသူ့သန္တာန်၌) ရုပ်ရှိ၏ အပိုင်းအခြားမရှိသော အတ္တစွဲအယူ 'ရူပီအနန္တတ္တာနုဒိဋ္ဌိ' ကိန်းနေသည် ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာ ထို(လေးယောက်တို့)တွင်အကြင်သူသည် ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကိုပညတ်၏၊ ထိုသူသည် ယခုပစ္စုပ္ပန်ဘဝ၌ (သာဖြစ်သော) ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကိုသော်လည်း ပညတ်၏၊ ထိုသူသည် တမလွန်ဘဝ၌လည်း ဖြစ်သော ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကိုသော် လည်း ပညတ်၏၊ (သူတပါးတို့ အမြင်အားဖြင့်) "မဟုတ်မမှန် ဖြစ်နေသည်ကို အဟုတ်အမှန်ဖြစ်အောင် ပြုအံ့" ဟူ၍လည်း ထိုသူ့ အားစိတ်ဖြစ်၏။

အာနန္ဒာ ဤသို့ ဖြစ်သော် (ထိုသူ့သန္တာန်၌) ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တစွဲ အယူ 'အရူပီပရိတ္တတ္တာနုဒိဋ္ဌိ' ကိန်းနေသည် ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာ ထို(လေးယောက်တို့)တွင် အကြင်သူသည် ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကို ပညတ်၏၊ ထိုသူသည် ယခုပစ္စုပ္ပန်ဘဝ၌ (သာဖြစ်သော) ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကို သော်လည်းပညတ်၏၊ ထိုသူသည် တမလွန်ဘဝ၌လည်း ဖြစ်သော ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကိုသော်လည် ပညတ်၏၊ (သူတပါးတို့အမြင်အားဖြင့်) "မဟုတ်မမှန်ဖြစ်နေသည်ကို အဟုတ် အမှန်ပြုအံ့"ဟူ၍လည်း ထိုသူ့အား စိတ်ဖြစ်၏။

http://www.dhammadownload.com



အာနန္ဒာ ဤသို့ ဖြစ်သော် (ထိုသူ့ သန္တာန်၌)ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တစွဲအယူ 'အရူပီအနန္တတ္တာနုဒိဋ္ဌိ'ကိန်းနေသည် ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာ အတ္တကို ပညတ်သောသူသည် ဤမျှဖြင့် ပညတ်၏။

## နအတ္တပညတ်

၁၁၉။ အာနန္ဒာ အတ္တကို မပညတ်သူသည် အဘယ်မျှဖြင့် မပညတ်သနည်း—

အာနန္ဒာ ရုပ်ရှိ အပိုင်းအခြားရှိသော အတ္တကို မပညတ်သူသည် "ငါ၏အတ္တသည် ရုပ်ရှိ၏ အပိုင်း အခြားရှိ၏" ဟု မပညတ်။

အာနန္ဒာ ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကို မပညတ်သူသည်"ငါ၏ အတ္တသည် ရုပ်ရှိ၏ အပိုင်း အခြားမရှိ" ဟု မပညတ်။

အာနန္ဒာ ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကို မပညတ်သူသည်"ငါ၏ အတ္တသည်ရုပ်မရှိ အပိုင်း အခြားရှိ၏" ဟု မပညတ်။

အာနန္ဒာ ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကိုမပညတ်သူသည် "ငါ၏ အတ္တသည်ရုပ်မရှိ အပိုင်း အခြားမရှိ" ဟု မပညတ်။

၁၂၀။ အာနန္ဒာထို(လေးယောက်တို့)တွင် အကြင်သူသည် ရုပ်ရှိ အပိုင်းအခြားရှိသော အတ္တကို မပညတ်၊ ထိုသူသည် ယခုပစ္စုပ္ပန်ဘ၀၌ (သာဖြစ်သော)ရုပ်ရှိ အပိုင်းအခြားရှိသော အတ္တကိုသော် လည်း မပညတ်၊ ထိုသူသည်တမလွန်ဘ၀၌လည်းဖြစ်သော ရုပ်ရှိအပိုင်းအခြားရှိသော အတ္တကိုသော် လည်းမပညတ်၊(သူတပါးတို့ အမြင်အားဖြင့်) "မဟုတ်မမှန်ဖြစ်နေသည်ကို အဟုတ်အမှန်ပြုအံ့"ဟူ၍ လည်း ထိုသူ့ အားစိတ်မဖြစ်။

အာနန္ဒာ ဤသို့ဖြစ်သော် (ထိုသူ့ သန္တာန်၌) ရုပ်ရှိ အပိုင်းအခြားရှိသော အတ္တစွဲအယူ 'ရူပီ ပရိတ္တတ္တာနုဒိဋ္ဌိ' သည်မကိန်း ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာ ထို(လေးယောက်တို့)တွင် အကြင်သူသည် ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကို မပညတ်၊ ထိုသူသည် ယခုပစ္စုပ္ပန်ဘ၀၌(သာဖြစ်သော)ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကိုသော် လည်းမပညတ်၊ ထိုသူသည် တမလွန်ဘ၀၌လည်း ဖြစ်သော ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တကို သော်လည်း မပညတ်၊(သူတပါးတို့ အမြင်အားဖြင့်) "မဟုတ်မမှန် ဖြစ်နေသည်ကို အဟုတ်အမှန် ပြုအံ့"ဟူ၍လည်း ထိုသူ့ အား စိတ်မဖြစ်။

အာနန္ဒာ ဤသို့ဖြစ်သော် (ထိုသူ့ သန္တာန်၌)ရုပ်ရှိ အပိုင်းအခြားမရှိသော အတ္တစွဲအယူ 'ရူပီ အနန္တတ္တာနုဒိဋ္ဌိ' သည် မကိန်း ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာ ထို(လေးယောက်တို့)တွင် အကြင်သူသည် ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကို မပညတ်၊ ထိုသူသည် ယခုပစ္စုပ္ပန်ဘ၀၌ (သာဖြစ်သော)ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကိုသော် လည်း မပညတ်၊ ထိုသူသည် တမလွန်ဘ၀၌လည်း ဖြစ်သော ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တကို သော်လည်း မပညတ်၊ (သူတပါးတို့ အမြင်အားဖြင့်) "မဟုတ်မမှန် ဖြစ်နေသည်ကို အဟုတ်အမှန် ပြုအံ့" ဟူ၍လည်း ထိုသူ့ အား စိတ်မဖြစ်။

http://www.dhammadownload.com



အာနန္ဒာ ဤသို့ ဖြစ်သော် (ထိုသူ့ သန္တာန်၌) ရုပ်မရှိ အပိုင်းအခြားရှိသော အတ္တစွဲအယူ 'အရူပီပရိတ္တတ္တာနုဒိဋ္ဌိ' သည် မကိန်း ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာထို(လေးယောက်တို့)တွင် အကြင်သူသည် ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကို မပညတ်၊ ထိုသူသည် ယခုပစ္စုပ္ပန်ဘဝ၌ (သာဖြစ်သော) ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကိုသော်လည်း မပညတ်၊ ထိုသူသည် တမလွန်ဘဝ၌လည်းဖြစ်သော ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တကိုသော်လည်း မပညတ်၊ (သူတပါးတို့အမြင်အားဖြင့်) "မဟုတ်မမှန်ဖြစ်နေသည်ကို အဟုတ်အမှန်ပြုအံ့" ဟူ၍လည်း ထိုသူ့အား စိတ်မဖြစ်။

အာနန္ဒာ ဤသို့ဖြစ်သော် (ထိုသူ့ သန္တာန်၌)အတ္တသည် ရုပ်မရှိ အပိုင်းအခြားမရှိသော အတ္တစွဲအယူ 'အရူပီအနန္တတ္တာနုဒိဋ္ဌိ' သည် မကိန်း ဟု ဆိုခြင်းငှါ သင့်၏။

အာနန္ဒာ အတ္တကို မပညတ် သောသူသည် ဤမျှဖြင့် မပညတ်။

## အတ္တကိုရှုခြင်း

၁၂၁။ အာနန္ဒာ အတ္တကို ရှုသူသည် အဘယ်မျှသော အခြင်းအရာဖြင့် ရှုသနည်း—

အာနန္ဒာ ခံစားခြင်း 'ဝေဒနာ' ကိုမူလည်း အတ္တ ဟု ရှုသူသည် "ခံစားခြင်း 'ဝေဒနာ'သည် ငါ၏ အတ္တ" ဟု ရှု၏[၁]။

အာနန္ဒာ (ထို့ပြင် အချို့သူသည်)"ခံစားခြင်း 'ဝေဒနာ' သည် ငါ၏ အတ္တမဟုတ်၊ ငါ၏ အတ္တသည် မခံစားတတ်" ဟု ရှု၏၊ အာနန္ဒာ အတ္တကို ရှုသူသည် ဤသို့သော အခြင်းအရာဖြင့်လည်း ရှု၏။

အာနန္ဒာ (ထို့ပြင် အချို့သူသည်) "ငါ၏အတ္တသည် ခံစားခြင်း 'ဝေဒနာ' မဟုတ်၊ ငါ၏ အတ္တသည် မခံစားတတ်သည်လည်း မဟုတ်၊ ငါ၏ အတ္တသည် ခံစားတတ်၏၊ ငါ၏ အတ္တသည် ခံစားခြင်း သဘောရှိ၏" ဟု ရှု၏၊ အာနန္ဒာ အတ္တကို ရှုသူသည် ဤသို့သော အခြင်းအရာဖြင့်လည်း ရှု၏။

၁၂၂။ အာနန္ဒာ ထို(သုံးယောက်တို့)တွင် "ခံစားခြင်း 'ဝေဒနာ'သည်ပင် ငါ၏ အတ္တ" ဟု ဆိုသောသူကို ဤသို့ ဆိုရာ၏—

"ငါ့သျှင် ခံစားခြင်း 'ဝေဒနာ'တို့သည် ချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ' ဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ' မဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ' ဟူ၍ သုံးပါး အပြားရှိကုန်၏၊ သုံးပါးသော ခံစားခြင်း 'ဝေဒနာ'တို့တွင် သင်သည် အဘယ် (ခံစားခြင်း)ကို အတ္တ ဟု ရှုသနည်း" (ဟု ဆိုရာ၏)။

အာနန္ဒာ အကြင်အခါ၌ ချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ'ကို ခံစား၏၊ ထိုအခါ၌ ဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ'ကိုလည်း မခံစားနိုင်၊ မဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ'ကိုလည်း မခံစားနိုင်၊ ထိုအခါ၌ ချမ်းသာသော ခံစားခြင်း'သုခဝေဒနာ'ကိုသာခံစား၏။

---

၁။ သမနုပဿတိ၊ ရှု၏ဟူသည်မှာ ဤအရာ၌ယူဆသည်ကိုပင်ဆိုလိုသည်။

http://www.dhammadownload.com



အာနန္ဒာ အကြင်အခါ၌ ဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ'ကို ခံစား၏၊ ထိုအခါ၌ ချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ'ကိုလည်း မခံစားနိုင်၊ မဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ'ကိုလည်း မခံစားနိုင်၊ ထိုအခါ၌ ဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ'ကိုသာ ခံစား၏။

အာနန္ဒာ အကြင်အခါ၌ မဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ'ကို ခံစား၏၊ ထိုအခါ၌ ချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ'ကိုလည်း မခံစားနိုင်၊ ဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ'ကိုလည်း မခံစားနိုင်၊ ထိုအခါ၌ မဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ'ကိုသာ ခံစား၏။

၁၂၃။ အာနန္ဒာ ချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ'သည်လည်း မမြဲ၊ ပြုပြင်ရသော တရားဖြစ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ပျောက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်း သဘောရှိ၏။

အာနန္ဒာ ဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ'သည်လည်း မမြဲ၊ ပြုပြင်ရသော တရားဖြစ်၏၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ပျောက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်း သဘောရှိ၏။

အာနန္ဒာ မဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ'သည်လည်း မမြဲ၊ ပြုပြင်ရသော တရားဖြစ်၏၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ပျောက်ပြယ်ခြင်း သဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏။

(ခံစားခြင်းဝေဒနာသည်ပင် ငါ၏ အတ္တ ဟု ဆိုသော) ထိုသူအား ချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ'ကို ခံစားစဉ်၌ "ဤချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ'သည် ငါ၏ အတ္တတည်း" ဟု အယူသည် ဖြစ်၏။ ထိုချမ်းသာသော ခံစားခြင်း 'သုခဝေဒနာ'ချုပ်သွားသောအခါ၌ "ငါ၏ အတ္တသည် ပျက်စီးလေပြီ" ဟု ဆိုဖွယ်သည် ဖြစ်၏။ ဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ'ကို ခံစားစဉ်၌လည်း "ဤဆင်းရဲသော ခံစားခြင်း 'ဒုက္ခဝေဒနာ'သည် ငါ၏ အတ္တတည်း" ဟု အယူသည် ဖြစ်ပြန်၏။ ထိုဆင်းရဲသော ခံစားခြင်း'ဒုက္ခဝေဒနာ' ချုပ်သွားသောအခါ၌လည်း "ငါ၏အတ္တသည် ပျက်စီးလေပြီ" ဟု ဆိုဖွယ်သည် ဖြစ်ပြန်၏။ မဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ' ကို ခံစားစဉ်၌လည်း "ဤမချမ်းသာ မဆင်းရဲသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ' သည် ငါ၏ အတ္တတည်း" ဟု အယူသည် ဖြစ်ပြန်၏။ ထိုမဆင်းရဲ မချမ်းသာသော ခံစားခြင်း 'အဒုက္ခမသုခဝေဒနာ' ချုပ်သွားသောအခါ၌လည်း "ငါ၏ အတ္တသည် ပျက်စီးလေပြီ" ဟု ဆိုဖွယ်သည် ဖြစ်ပြန်၏။

ဤသို့ ဆိုခဲ့သည့်အတိုင်း ခံစားခြင်း 'ဝေဒနာ' သည်ပင် ငါ၏ အတ္တ ဟု ဆိုသော ထိုသူသည် မျက်မှောက်ဘဝ၌ပင်လျှင် အတ္တသည် မမြဲ ချမ်းသာဆင်းရဲတို့နှင့် ရောယှက်၏၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိ၏ ဟု စင်စစ်ရှုရာရောက်၏။

အာနန္ဒာ ထို့ကြောင့် "ခံစားခြင်း 'ဝေဒနာ'သည် ငါ၏အတ္တတည်း" ဟု ဤသို့ ရှုခြင်းသည် ဤ (ဆိုခဲ့သောသာဓက)ဖြင့်လည်း မသင့်ချေ။

၁၂၄။ အာနန္ဒာ ထို(သုံးယောက်တို့)တွင် "ခံစားခြင်း 'ဝေဒနာ' သည် ငါ၏ အတ္တမဟုတ် ငါ၏အတ္တသည် မခံစားတတ်" ဟု ဆိုသောသူကို ဤသို့ ဆိုရာ၏။

http://www.dhammadownload.com



"ငါ့သျှင် ခံစားခြင်း 'ဝေဒနာ'လုံးဝမရှိသော ရုပ်တရားသက်သက်၌ 'ဤကား ငါပင်တည်း' ဟူ၍ ရှုခြင်းသည် ဖြစ်နိုင်ပါမည်လော" ဟု (ဆိုရာ၏)။

မဖြစ်နိုင်ပါ ဟု ဆိုရာပါသည် အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် "ခံစားခြင်း 'ဝေဒနာ' သည် ငါ၏ အတ္တမဟုတ်၊ ငါ၏ အတ္တသည် မခံစားတတ်" ဟု ဤသို့သော ရှုခြင်းသည် ဤ(ဆိုခဲ့သောသာဓကေ)ဖြင့်လည်း မသင့်ချေ။

၁၂၅။ အာနန္ဒာ ထို(သုံးယောက်တို့)တွင် "ခံစားခြင်း ဝေဒနာသည် ငါ၏ အတ္တမဟုတ်၊ ငါ၏ အတ္တသည် မခံစားတတ်သည်လည်း မဟုတ်၊ ငါ၏အတ္တသည် ခံစားတတ်၏၊ ငါ၏အတ္တသည် ခံစားခြင်း သဘောရှိ၏" ဟု ဆိုသော သူကို ဤသို့ ဆိုရာ၏။

"ငါ့သျှင် ခံစားခြင်း 'ဝေဒနာ' တို့သည် ခပ်သိမ်းသော အခြင်းအရာ ခပ်သိမ်းသော သဘောအားဖြင့် အကြွင်းမဲ့ ချုပ်ကုန်ငြားအံ့၊ (ထိုသို့ချုပ်၍) ခံစားခြင်း 'ဝေဒနာ'လုံးဝမရှိခဲ့သော် ခံစားခြင်း 'ဝေဒနာ' ချုပ်ခြင်းကြောင့် ထို (ခံစားခြင်းကင်းသော နာမ်တရားသက်သက်) ၌ 'ဤကား ငါပင်တည်း'ဟူ၍ ရှုခြင်းသည် ဖြစ်နိုင်ပါမည်လော" ဟု (ဆိုရာ၏)။

မဖြစ်နိုင်ပါ ဟု ဆိုရာပါသည် အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထို့ကြောင့် "ခံစားခြင်း 'ဝေဒနာ'သည် ငါ၏ အတ္တမဟုတ်၊ ငါ၏ အတ္တသည် မခံစားတတ်သည်လည်း မဟုတ်၊ ငါ၏အတ္တသည် ခံစားတတ်၏၊ ငါ၏အတ္တသည် ခံစားခြင်း သဘောရှိ၏" ဟု ဤသို့သော ရှုခြင်းသည် ဤ(ဆိုခဲ့သော သာဓကေ)ဖြင့်လည်း မသင့်ချေ။

၁၂၆။ အာနန္ဒာ ရဟန်းသည် အကြင့်ကြောင့် ခံစားခြင်း 'ဝေဒနာ' သည်ပင် အတ္တဟူ၍လည်း မရှု၊ အတ္တသည် မခံစားတတ် ဟူ၍လည်း မရှု၊ "ငါ၏ အတ္တသည် ခံစားတတ်၏၊ ငါ၏ အတ္တသည် ခံစားခြင်း သဘောရှိ၏" ဟူ၍လည်း မရှု၊ ဤသို့ မရှုသော ထိုရဟန်းသည် လောက၌ တစုံတခုကိုမျှလည်း မစွဲလမ်း၊ မစွဲလမ်းသောကြောင့် မတောင့်တ၊ မတောင့်တသောကြောင့် ကိုယ်တိုင်ပင်လျှင် ကိလေသာတို့မှ အပြီးတိုင် ငြိမ်းလတ္တံ့၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ" ဟု သိ၏။

အာနန္ဒာ ဤသို့ လွတ်မြောက်သော စိတ်ရှိသော ရဟန်းကို အကြင်သူသည် ဤသို့ ဆိုငြားအံ့။

"သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏ ဟူသော အယူရှိသည်"ဟူ၍ငင်း၊ "သတ္တဝါသည် သေပြီးသည်မှ နောက်၌ မဖြစ်ဟူသော အယူရှိသည်" ဟူ၍ငင်း။

"သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်းမဖြစ်ဟူသော အယူရှိသည်" ဟူ၍ငင်း "သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော အယူရှိသည်" ဟူ၍ငင်း ဆိုငြားအံ့၊ ထိုသို့ဆိုခြင်းသည် မသင့်ပေ။

အဘယ့်ကြောင့် ဆိုသော် အာနန္ဒာ အကြင်မျှလောက်သော အမည်နှင့် အမည်၏ အကြောင်းသည်ရှိ၏၊ အကြင်မျှလောက်သောသဒ္ဒါနှင့် သဒ္ဒါ၏ အကြောင်းသည်ရှိ၏၊ အကြင်မျှလောက်သော

http://www.dhammadownload.com



ပညတ်နှင့် ပညတ်၏ အကြောင်းသည် ရှိ၏၊ အကြင်မျှလောက်သော ပညာနှင့် ပညာ၏ ကျက်စားရာသည်ရှိ၏၊ အကြင်မျှလောက်သော (သံသရာ) ဝဋ်သည် ရှိ၏၊ အကြင်မျှလောက် (သံသရာ) လည်၏၊ ထိုအလုံးစုံကို သိ၍ ရဟန်းသည် (ကိလေသာမှ)လွတ်မြောက်ပေ၏။

ထိုအလုံးစုံကိုသိ၍ (ကိလေသာမှ) လွတ်မြောက်ပြီးသော ရဟန်းကို "မသိမမြင်ဟူ၍ ၎င်းဤသို့သောအယူရှိသည်" ဟူ၍၎င်း ဆိုခြင်းငှါမသင့်ပေ။

## ဝိညာဏဋ္ဌိတိခုနစ်ပါး

၁၂၇။ အာနန္ဒာ ဝိညာဉ်၏တည်ရာတို့သည် ခုနစ်ပါးရှိကုန်၏။ နေရာ 'အာယတန' တို့သည်လည်း နှစ်ပါးရှိကုန်၏။

(ဝိညာဉ်၏ တည်ရာ) ခုနစ်ပါးတို့ကား အဘယ်နည်းဟူမူ—

အာနန္ဒာ ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ အချို့သောနတ် [၁] အချို့သော ဝိနိပါတိက [၂] နှင့် လူတို့ပင်တည်း၊ ဤကား ရှေးဦးစွာသော ဝိညာဉ်၏ တည်ရာပေတည်း။

အာနန္ဒာ ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ ပဌမစျာန်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း၊ ဤကားနှစ်ခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။

အာနန္ဒာ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်း ဟူမူ အာဘဿရာဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း၊ ဤကား သုံးခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။

အာနန္ဒာ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းလည်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ သုဘကိဏှာဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း၊ ဤကား လေးခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။

အာနန္ဒာ ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်း ပဋိဃသညာတို့၏ လုံးဝချုပ်ခြင်းနာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတန ဘုံသို့ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ဤကား ငါးခုမြောက်သော ဝိညာဉ်၏တည်ရာပေတည်း။

အာနန္ဒာ အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတနဘုံသို့ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ဤကား ခြောက်ခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။

---

၁။ နတ်ပြည်ခြောက်ထပ်ရှိ ကာမာဝစရနတ်အို့ကို အချို့သောနတ်ဟု ဆိုသည်။

၂။ ဘုတ်တစ္ဆေသူရဲစသော နာနာဘာဝ သတ္တဝါတို့ကို အချို့သော ဝိနိပါတိကဟု ဆိုသည်။

http://www.dhammadownload.com



အာနန္ဒာ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ" ဟုနှလုံးသွင်းလျက် အာကိဉ္စညာယတနဘုံသို့ရောက်သော ပြဟ္မာတို့သည်ရှိကုန်၏၊ ဤကားခုနစ်ခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။

(ဤသည်တို့ကား ဝိညာဉ်၏တည်ရာ ခုနစ်ပါးတို့ပေတည်း။)

(နေရာအာယတန နှစ်ပါးတို့ကား အဘယ်နည်း) သညာမရှိသော သတ္တဝါတို့၏ နေရာ 'အာယတန' နှင့် (ကြမ်းတမ်းထင်ရှားသော) သညာမရှိမူ၍ (သိမ်မွေ့သော) သညာလည်းမကင်းသော သတ္တဝါတို့၏ နေရာနှစ်ခုမြောက် 'အာယတန' တို့ပေတည်း။

၁၂၈။ အာနန္ဒာ ထို (ဝိညာဉ်၏တည်ရာ) ခုနစ်ပါးတို့တွင် အချို့သောနတ် အချို့သော ဝိနိပါတိကနှင့် လူတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားသော အကြင် ရှေးဦးစွာသော ဝိညာဉ်၏ တည်ရာသည် ရှိ၏။

အာနန္ဒာ အကြင်သူသည် ထိုရှေးဦးစွာသော ဝိညာဉ်၏ တည်ရာကိုလည်း သိ၏၊ ထို (ဝိညာဉ်၏တည်ရာ) ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ထို (ဝိညာဉ်၏ တည်ရာ) ၏ ချုပ်ကြောင်းကိုလည်းသိ၏၊ ထို (ဝိညာဉ်တည်ရာ) ၏ သာယာဖွယ်ကိုလည်း သိ၏၊ ထို (ဝိညာဉ်တည်ရာ) ၏ အပြစ်ကိုလည်း သိ၏၊ ထို (ဝိညာဉ်တည်ရာ) မှ ထွက်မြောက်ရာကိုလည်း သိ၏၊ ထိုသူသည် ထို (ရှေးဦးစွာသော ဝိညာဉ်တည်ရာ) ကို နှစ်သက်ခြင်းငှါ သင့်ပါမည်လော ဟု (မိန့်တော်မူ၏)။

မသင့်ပါ အသျှင်ဘုရား။ပ။

အာနန္ဒာ ထို (နေရာအာယတနနှစ်ပါးတို့) တွင် သညာမရှိသော သတ္တဝါတို့၏ အကြင်နေရာ 'အာယတန' သည်ရှိ၏။

အာနန္ဒာ အကြင်သူသည် ထိုနေရာ 'အာယတန' ကိုလည်းသိ၏၊ ထိုနေရာ 'အာယတန' ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' ၏ ချုပ်ကြောင်းကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' ၏ သာယာဖွယ်ကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' ၏ အပြစ်ကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' မှ ထွက်မြောက်ရာကိုလည်း သိ၏၊ ထိုသူသည် ထိုနေရာ 'အာယတန' ကို နှစ်သက်ခြင်းငှါ သင့်ပါမည်လော ဟု (မိန့်တော်မူ၏)။

မသင့်ပါအသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထိုနေရာ 'အာယတန' နှစ်ပါးတို့တွင် (ကြမ်းတမ်းထင်ရှားသော) သညာမရှိမူ၍ (သိမ်မွေ့သော) သညာလည်းမကင်းသော သတ္တဝါတို့၏ အကြင်နေရာ 'အာယတန' သည်ရှိ၏။

အာနန္ဒာ အကြင်သူသည် ထိုနေရာ 'အာယတန' ကိုလည်းသိ၏၊ ထိုနေရာ 'အာယတန' ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' ၏ ချုပ်ကြောင်းကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' ၏ သာယာဖွယ်ကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' ၏ အပြစ်ကိုလည်း သိ၏၊ ထိုနေရာ 'အာယတန' မှ ထွက်မြောက်ရာကိုလည်း သိ၏၊ ထိုသူသည် ထိုနေရာ 'အာယတန' ကို နှစ်သက်ခြင်းငှါ သင့်ပါမည်လော ဟု (မိန့်တော်မူ၏)။

မသင့်ပါအသျှင်ဘုရား (ဟု လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ အကြင့်ကြောင့် ရဟန်းသည် ဤဝိညာဉ်၏ တည်ရာ ခုနစ်ပါးတို့နှင့် ဤနေရာ 'အာယတန' နှစ်ပါးတို့၏ ဖြစ်ကြောင်းကိုရင်း ချုပ်ကြောင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်မှန်သော အတိုင်းသိသဖြင့် မစွဲလမ်းမူ၍ (ကိလေသာတို့မှ) လွတ်မြောက်၏။

အာနန္ဒာ ဤရဟန်းကို ပညာဖြင့် လွတ်မြောက်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

### ဝိမောက္ခရှစ်ပါး

၁၂၉။ အာနန္ဒာ ဝိမောက္ခ 'လွတ်လပ်ခြင်း' တို့သည် ရှစ်ပါး အပြားရှိကုန်၏။
အဘယ်ရှစ်ပါးတို့နည်းဟူမူ—

ရူပဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရုပ်တို့ကို ရှု၏၊ ဤကား ပဌမဝိမောက္ခတည်း။
မိမိသဏ္ဍာန် ၌ ရုပ်ကို အမှတ်မပြုမူ၍ ပြင်ပ၌ ရုပ်တို့ကို ရှု၏၊ ဤကား ဒုတိယဝိမောက္ခတည်း။
တင့်တယ်၏ ဟူ၍သာလျှင် နှလုံးသွင်း၏၊ ဤကား တတိယဝိမောက္ခတည်း။

ရူပသညာတို့ကို လုံးဝ လွန်မြောက်ခြင်း ပဋိဃ သညာတို့၏ လုံးဝချုပ်ခြင်း နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတနဈာန်သို့ရောက်၍ နေ၏၊ ဤကား စတုတ္ထဝိမောက္ခတည်း။

အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍ နေ၏၊ ဤကား ပဉ္စမဝိမောက္ခတည်း။

ဝိညာဏဉ္စာယတန ဈာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ" ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနဈာန်သို့ ရောက်၍နေ၏၊ ဤကား ဆဋ္ဌဝိမောက္ခတည်း။

အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာ နာသညာယတနဈာန်သို့ ရောက်၍ နေ၏၊ ဤကား သတ္တမဝိမောက္ခတည်း။

နေဝသညာနာသညာယတနဈာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်' သို့ ရောက်၍ နေ၏၊ ဤကား အဋ္ဌမဝိမောက္ခတည်း။

အာနန္ဒာ ဝိမောက္ခ 'လွတ်လပ်ခြင်း' တို့ကား ဤရှစ်ပါးတို့ပေတည်း။

၁၃၀။ အာနန္ဒာ အကြင့်ကြောင့် ရဟန်းသည် ဤရှစ်ပါးသော ဝိမောက္ခတို့ကို အနုလုံအားဖြင့်လည်း ဝင်စား၏၊ ပဋိလုံအားဖြင့်လည်း ဝင်စား၏၊ အနုလုံ ပဋိလုံ အားဖြင့်လည်း ဝင်စား၏၊ အလိုရှိတိုင်းသော အရပ်၌ အလိုရှိတိုင်းသော သမာပတ်ကို အလိုရှိတိုင်း ဝင်စားလည်း ဝင်စား၏၊ (သမာပတ်မှ) ထလည်းထ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏။

အာနန္ဒာ ဤရဟန်းကို နှစ်ပါးသော အဖို့အားဖြင့် (ကိလေသာမှ) လွတ်မြောက်သော 'ဉဘတောဘာဂဝိမုတ္တ' ရဟန်းဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



အာနန္ဒာ ဤနှစ်ပါးသော အဖို့အားဖြင့် (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်ထက်သာ၍ လွန်ကဲသည်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော နှစ်ပါးသော အဖို့အားဖြင့် (ကိလေသာမှ) လွတ်မြောက်သော အခြားတရားမည်သည် မရှိတော့ပြီ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤ (တရားတော်) ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

**ဒုတိယမဟာနိဒါနသုတ် ပြီး၏။**

http://www.dhammadownload.com

# ၃-မဟာပရိနိဗ္ဗာနသုတ်

## ပဌမအခန်း

၁၃၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝေဒေဟီ မိဖုရား၏ သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုသည်ဖြစ်၍ ဤသို့ ထုတ်ဖော်ပြောဆိုလျက်ရှိ၏။

"ငါသည် ဤသို့ တန်ခိုးအာနုဘော် ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ ပျက်စီးပြုန်းတီးစေအံ့" ဟု (ပြောဆိုလျက်ရှိ၏)။

၁၃၂။ ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားကိုခေါ်၍ မိန့်ဆို၏။

"ပုဏ္ဏား လာလော့၊ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ငါ၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးလော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလေလော့၊ 'အသျှင်ဘုရား ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးလိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏' ဟု လျှောက်လေလော့၊ ထို့ပြင် 'အသျှင်ဘုရား ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုသည်ဖြစ်၍ ဤသို့ ထုတ်ဖော်ပြောဆိုလျက် ရှိ၏၊ ဤသို့ တန်ခိုးအာနုဘော် ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ ပျက်စီးပြုန်းတီးစေအံ့' ဟု ပြောဆိုလျက်ရှိ၏' ဟူ၍ ဤသို့လည်း လျှောက်ထားလေလော့၊ မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ကောင်းစွာ မှတ်သား၍ ငါ့အား ပြန်ကြားလော့၊ မြတ်စွာဘုရားတို့မည်သည် ချွတ်ယွင်းသော စကားကို မမိန့်ကြားကုန်" ဟု (မိန့်ဆို၏)။

၁၃၃။ "အရှင်မင်းကြီး ကောင်းပါပြီ" ဟု မဂဓတိုင်းအမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားသည် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းအား ဝန်ခံပြီးလျှင် ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ကို ကစေ၍ ကောင်းသော ယာဉ်ထက်သို့ တက်စီးလျက် ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့နှင့်တကွ ရာဇဂြိုဟ်ပြည်မှ ထွက်၍ ဂိဇ္ဈကုဋ်တောင်ဆီသို့ သွား၏။ ယာဉ်ဖြင့် သွားသင့်သမျှအရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ပြီးသော် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

http://www.dhammadownload.com



"အသျှင်ဂေါတမ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် အသျှင်ဂေါတမ၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးလိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏၊ အသျှင်ဂေါတမ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုသည်ဖြစ်၍ ဤသို့ ထုတ်ဖော်ပြောဆိုလျက် ရှိပါ၏၊ 'ငါသည် ဤသို့ တန်ခိုးအာနုဘော်ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ ပျက်စီးပြုန်းတီးစေအံ့' ဟု ပြောဆိုလျက် ရှိပါသည်" ဟူ၍ (လျှောက်၏)။

## မင်းတို့၏ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး

၁၃၄။ ထိုစဉ်အခါ၌ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားကို ယပ်ခပ်လျက် မြတ်စွာဘုရား၏ နောက်၌ တည်ရှိနေ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို မိန့်တော်မူ၏။

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏လော၊ အကြိမ်များစွာ စည်းဝေးကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏၊ အကြိမ်များစွာ စည်းဝေးကုန်၏" ဟု အကျွန်ုပ်ကြားရပါသည် ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးလျက် အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၁)

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏လော၊ အညီအညွတ် အစည်းအဝေးမှ ထကုန်၏လော၊ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ်ဆောင်ရွက်ကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏၊ အညီအညွတ် အစည်းအဝေးမှ ထကုန်၏၊ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကုန်၏" ဟု အကျွန်ုပ် ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးလျက် အညီအညွတ် အစည်းအဝေးမှ ထလျက် ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၂)

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ပဲ ရှိကုန်၏လော၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ပဲ ရှိကုန်၏လော၊ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်ကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကုန်၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ကုန်၊ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်ကုန်၏" ဟု အကျွန်ုပ်ကြားရပါ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ပဲ၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ပဲ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန် သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃)

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ ပူဇော်ကုန်၏လော၊ ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည် ထင်မှတ်ကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ ထိုအသက်ကြီးသူတို့၏ စကားကို လည်း နာယူသင့်သည် ထင်မှတ်ကုန်၏" ဟု အကျွန်ုပ်ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုလျက်၊အလေးပြုလျက်၊ မြတ်နိုးလျက်၊ ပူဇော်လျက် ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည် ထင်မှတ်၍ နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၄)

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ပဲ ရှိကုန်၏လော၊ သင်အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကုန်" ဟု အကျွန်ုပ်ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကြသမျှကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၅)

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း (စေတီ)တို့ကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ ပူဇော်ကုန်၏လော ထိုနတ်ကွန်းတို့အားလည်း ရှေးကပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်စေပဲ ရှိကုန်၏လော၊ သင်အဘယ်သို့ ကြားရသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း (စေတီ)တို့ကို အရိုအသေပြုကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ ထိုနတ်ကွန်းတို့အားလည်း ရှေးကပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်စေကုန်" ဟု အကျွန်ုပ်ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း( စေတီ)တို့ကို အရိုအသေပြုလျက် အလေးပြုလျက် မြတ်နိုးလျက် ပူဇော်လျက် ထိုနတ်ကွန်းတို့အားလည်း ရှေးကပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့် လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်ကြစေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၆)

"အာနန္ဒာ ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာခြင်းငှါ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာနေရခြင်းငှါ ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့အား

http://www.dhammadownload.com



တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံစေမှုကို ကောင်းစွာ စီမံပေးကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း” ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား “ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာခြင်းငှါ၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာနေရခြင်းငှါ ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့အား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာစီမံပေးကုန်၏” ဟု အကျွန်ုပ် ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာခြင်းငှါ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရခြင်းငှါ ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့အား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာ စီမံပေးနေကြသမျှကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ ဟု (မိန့်တော်မူ၏)။ (၇)

၁၃၅။ ထိုအခါ၌ မြတ်စွာဘုရားသည် မဂဓတိုင်းအမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားအား မိန့်တော်မူ၏။

“ပုဏ္ဏား အခါတပါး၌ ငါသည် ဝေသာလီပြည် သာရန္ဒဒမည်သော စေတီ၌ နေ၏။ ထိုအခါ ငါသည် ဝဇ္ဇီမင်းတို့အား ဤခုနစ်ပါးသော မဆုတ်ယုတ်ကြောင်း ‘အပရိဟာနိယ’ တရားတို့ကို ဟောခဲ့၏။

ပုဏ္ဏား ဤမဆုတ်ယုတ်ကြောင်း ‘အပရိဟာနိယ’ တရားခုနစ်ပါးတို့သည် ဝဇ္ဇီမင်းတို့၌ တည်၍ ဝဇ္ဇီမင်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးတို့ကို ကောင်းစွာ ကျင့်သုံးနေကြသမျှကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် ကားမရှိပေ” ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် မဂဓတိုင်းအမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရား အား ဤစကားကို လျှောက်၏။

“အသျှင်ဂေါတမ မဆုတ်ယုတ်ကြောင်းတရား တပါးပါးနှင့် ပြည့်စုံလျှင်ပင် ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာရှိပါ၏၊ ဆုတ်ယုတ်ရန်ကား မရှိပါ၊ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးလုံးတို့နှင့် (ပြည့်စုံပါမူ) ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။

အသျှင်ဂေါတမ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဖြားယောင်းမှုကိုဖြစ်စေ အချင်းချင်း စိတ်ဝမ်းကွဲစေမှုကိုဖြစ်စေ မပြုမူ၍ စစ်ထိုးကာမျှဖြင့် ဝဇ္ဇီတိုင်းကို သိမ်းပိုက်နိုင်ဖွယ် မရှိပါ။

အသျှင်ဂေါတမ ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ် ရှိပါကုန်၏” ဟု (လျှောက်၏)။

ပုဏ္ဏား ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏ (သွားရန်မှာ သင်၏ အလိုအတိုင်းပင်ဖြစ်၏) ဟု မိန့်တော်မူ၏။

ထိုအခါ မဂဓတိုင်းအမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက်စွာ ခံယူ၍ ဝမ်းမြောက်စွာ ချီးကျူးပြီးနောက် နေရာမှထကာ ပြန်သွားလေ၏။

http://www.dhammadownload.com



## ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး

၁၃၆။ ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏား ပြန်သွား၍ မကြာမြင့်မီ အသျှင်အာနန္ဒာကို မိန့်တော်မူ၏။

"အာနန္ဒာ သင်သွားချေ ရာဇဂြိုဟ်ပြည်ကို အမှီပြုနေသော ရဟန်းအားလုံးတို့ကို ဓမ္မာရုံ၌ စုဝေးစေလော့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအားဝန်ခံခဲ့၍ ရာဇဂြိုဟ်ပြည်ကို အမှီပြုနေသော ရဟန်းအားလုံးတို့ကို ဓမ္မာရုံ၌ စုဝေးစေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ရပ်လေ၏၊ တခုသောနေရာ၌ ရပ်ပြီးသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အသျှင်ဘုရား ရဟန်းသံဃာသည် စုဝေးလျက် ရှိနေပါပြီ၊ အသျှင်ဘုရား ယခုအခါ၌ ကြွတော်မူရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည်" (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုအတိုင်းပင် ဖြစ်ပါသည်) ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် နေရာမှထတော်မူ၍ ဓမ္မာရုံသို့ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်လျက် ရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့ သင်တို့အား ခုနစ်ပါးသော မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားတို့ကို ငါဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့ ရဟန်းတို့သည် မကြာမကြာ စည်းဝေးလျက် အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၁)

ရဟန်းတို့ ရဟန်းတို့သည် အညီအညွတ် စည်းဝေးလျက် အညီအညွတ် အစည်းအဝေးမှထလျက် သံဃကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၂)

ရဟန်းတို့ ရဟန်းတို့သည် (ဘုရား) မပညတ်သော အရာကို မပညတ်ပဲ ပညတ်ပြီးသော အရာကို မပယ်ဖျက်ပဲ ပညတ်ထားသမျှသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃)

ရဟန်းတို့ ရဟန်းတို့သည် ရဟန်းဝါရင့်ကုန်သော ရဟန်းသက်ရှည်ကုန်သော သံဃာ့ဦးစီးဖြစ်ကုန်သော ထေရ်ကြီးရဟန်းတို့ကို အရိုအသေပြုလျက် အလေးပြုလျက် မြတ်နိုးလျက် ပူဇော်လျက် ထိုထေရ်ကြီးတို့၏ စကားကိုလည်း နာယူသင့်သည် ဟု ထင်မှတ်၍ နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၄)

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းတို့သည် ဖြစ်ပေါ်လာသော တဖန် ဘဝသစ်ကို ပေးတတ်သော တဏှာ၏ အလိုသို့ မလိုက်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၅)

ရဟန်းတို့ ရဟန်းတို့သည် တောကျောင်းတို့၌ လိုလားသော စိတ်ရှိနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၆)

ရဟန်းတို့ ရဟန်းတို့သည် မလာရောက်ကုန်သေးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့ လာရောက်ခြင်းငှါ လာရောက်ကုန်ပြီးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့သည် ချမ်းသာစွာ နေရခြင်းငှါ ကိုယ်စီ ကိုယ်ငှ သတိပြုနေသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၇)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ကို ကျင့်သုံးနေသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

## ဒုတိယ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး

၁၃၇။ ရဟန်းတို့ သင်တို့အား တပါးသော မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ကိုလည်း ဟောဦးအံ့၊ ထိုတရားကို နာကြကုန်ဦးလော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်ဦးလော့၊ ဟောပေအံ့ ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့ ရဟန်းတို့သည် ကိစ္စကြီးငယ်၌ မွေ့လျော်ပျော်ပိုက် လှုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၁)

ရဟန်းတို့ ရဟန်းတို့သည် စကားစမြည်ပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လှုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၂)

ရဟန်းတို့ ရဟန်းတို့သည် (ထိုင်းမှိုင်းပျင်းရိလျက်) အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လှုံ့လစိုက်၍ မနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃)

ရဟန်းတို့ ရဟန်းတို့သည် အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လှုံ့လစိုက်၍ မနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၄)

ရဟန်းတို့ ရဟန်းတို့သည် (မရှိသော ဂုဏ်ကိုဖော်ပြတတ်သော) အလိုဆိုးမှကင်းကုန်လျက် အလိုဆိုးတို့၏ ဆွဲဆောင်ရာသို့ မလိုက်ကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၅)

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းတို့သည် ယုတ်ညံ့သော အဆွေခင်ပွန်း အပေါင်း အဖော်မရှိမူ၍ ယုတ်ညံ့သူတို့၌ စိတ်မညွတ်ကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၆)

ရဟန်းတို့ ရဟန်းတို့သည် အနည်းငယ်သော တရားထူးကို ရရုံမျှဖြင့် (အရဟတ္တဖိုလ်သို့ မရောက်မီ) လမ်းခုလပ်၌ ရပ်စဲ၍ မနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၇)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါးတို့ကို ကျင့်သုံးနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

## တတိယ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး

၁၃၈။ ရဟန်းတို့ သင်တို့အား တပါးသော မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါးတို့ကိုလည်း ဟောဦးအံ့၊ ထိုတရားကို နာကုန်ဦးလော့၊ ကောင်းစွာ နှလုံးသွင်းကုန်ဦးလော့၊ ဟောပေအံ့ ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့ ရဟန်းတို့သည် ယုံကြည်ခြင်း 'သဒ္ဓါတရား'နှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး။ပ။ (၁)

မကောင်းမှုမှ ရှက်ခြင်း 'ဟိရိ'ရှိကြသမျှကာလပတ်လုံး။ပ။ (၂)

မကောင်းမှုမှ ကြောက်ခြင်း 'ဩတ္တပ္ပ'ရှိကြသမျှကာလပတ်လုံး။ပ။ (၃)

များသော အကြားအမြင် 'ဗဟုသုတ'ရှိကြသမျှကာလပတ်လုံး။ပ။ (၄)

အားထုတ်သော လုံ့လရှိကြသမျှ ကာလပတ်လုံး။ပ။ (၅)

စွဲမြဲသော သတိနှင့် ပြည့်စုံကြသမျှကာလပတ်လုံး။ပ။ (၆)

ရဟန်းတို့ ရဟန်းတို့သည် ဝိပဿနာပညာနှင့် ပြည့်စုံကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၇)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည်လည်း ဤ(အပရိဟာနိယ)တရားခုနစ်ပါးတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

## စတုတ္ထ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး

၁၃၉။ ရဟန်းတို့ သင်တို့အား တပါးသော မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါးတို့ကိုလည်း ဟောဦးအံ့၊ ထိုတရားကို နာကုန်ဦးလော့၊ ကောင်းစွာ နှလုံးသွင်းကုန်ဦးလော့၊ ဟောပေအံ့ ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။ (၁)

မဂ်၏ အကြောင်းဖြစ်သော ပညာ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှကာလ ပတ်လုံး။ပ။ (၂)

မဂ်၏ အကြောင်းဖြစ်သော လုံ့လ 'ဝီရိယသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလ ပတ်လုံး။ပ။ (၃)

မဂ်၏ အကြောင်းဖြစ်သော နှစ်သိမ့်မှု 'ပီတိသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလ ပတ်လုံး။ပ။ (၄)

မဂ်၏ အကြောင်းဖြစ်သော ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလ ပတ်လုံး။ပ။ (၅)

မဂ်၏ အကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလ ပတ်လုံး။ပ။ (၆)

ရဟန်းတို့ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၇)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါး တို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

## ပဥ္စမ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး

၁၄၀။ ရဟန်းတို့ သင်တို့အား တပါးသော မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါး တို့ကိုလည်း ဟောဦးအံ့၊ ထိုတရားကို နာကုန်ဦးလော့၊ ကောင်းစွာ နှလုံးသွင်းကုန်ဦးလော့၊ ဟောပေအံ့ ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့ ရဟန်းတို့သည် မမြဲ ဟု မှတ်မှု 'အနိစ္စသညာ'ကို ပွါးများနေကြသမျှကာလ ပတ်လုံး။ပ။ (၁)

အတ္တ မဟုတ် ဟု မှတ်မှု 'အနတ္တသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။ (၂)

မတင့်တယ် ဟု မှတ်မှု 'အသုဘသညာ'ကို ပွါးများနေကြသမျှကာလပတ်လုံး။ပ။ (၃)

http://www.dhammadownload.com



အပြစ်ကိုမှတ်မှု 'အာဒီနဝသညာ' ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။ (၄)

ပယ်ရန်မှတ်မှု 'ပဟာနသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။ (၅)

တပ်မက်ခြင်းကင်းရန်မှတ်မှု 'ဝိရာဂသညာ' ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။ (၆)

ရဟန်းတို့ ရဟန်းတို့သည် ချုပ်ခြင်းကိုမှတ်မှု 'နိရောဓသညာ' ကို ပွါးများနေကြသမျှ ကာလ ပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၇)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့သည် ရဟန်းတို့၌တည်၍ ရဟန်းတို့သည် လည်း ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ကို ကျင့်သုံးနေကြ သမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏ ဆုတ်ယုတ်ရန်ကား မရှိပေ။

## ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်း တရားခြောက်ပါး

၁၄၁။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခြောက်ပါးတို့ကို ဟောပေ အံ့၊ ထိုတရားကို နာကုန်ဦးလော့၊ ကောင်းစွာ နှလုံးသွင်းကုန်ဦးလော့၊ ဟောပေအံ့ ဟု မိန့်တော် မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကိုဟောတော်မူ၏။

ရဟန်းတို့ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာ(စိတ်)ဖြင့် ပြုသော ကိုယ်အမှုအရာ ကို မျက်မှောက် မျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှုထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါး ရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။ (၁)

ရဟန်းတို့ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာ(စိတ်) ဖြင့် ပြုသော နှုတ်အမှုအရာကို မျက်မှောက် မျက်ကွယ်နှစ်ပါးလုံး၌ ရှေးရှုထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန် သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။ (၂)

ရဟန်းတို့ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာ(စိတ်)ဖြင့် ပြုသော စိတ်အမှုအရာကို မျက်မှောက် မျက်ကွယ်နှစ်ပါးလုံး၌ ရှေးရှုထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါး ရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။ (၃)

ရဟန်းတို့ ရဟန်းတို့သည် တရားနှင့်အညီရသော ဓမ္မိယလာဘ်တို့ကို အယုတ်ဆုံးအားဖြင့် သပိတ် အတွင်းရှိ ဆွမ်းမျှကိုသော်လည်း သီးခြားခွဲ၍ မသုံးဆောင်ပဲ သီလရှိသော သီတင်းသုံးဖော်တို့နှင့် သက်ဆိုင်စေ၍ သုံးဆောင်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။ (၄)

ရဟန်းတို့ (တဏှာ့ကျွန်အဖြစ်မှ) ကျွတ်လွတ်စေတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန် သော မှားယွင်းစွာ မသုံးသပ် အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော မကျိုးမပေါက် မပြောက်မကျားကုန်သော သီလတို့သည် ရှိကုန်၏၊ ထိုသို့သော သီလတို့ဖြင့် ရဟန်းတို့သည် မျက် မှောက် မျက်ကွယ်နှစ်ပါးလုံး၌ သီတင်းသုံးဖော်တို့နှင့် သီလချင်းတူမျှလျက် နေကြသမျှကာလ ပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။ (၅)

http://www.dhammadownload.com



ရဟန်းတို့ (နိဗ္ဗာန်သို့) ဆောင်တတ်သော အကြင် အရိယာပညာသည် ထိုအရိယာပညာကို ဖြစ်စေသူအား ဆင်းရဲစင်စစ်ကုန်ခြင်းငှါ ဆောင်တတ်၏၊ ထိုသို့သော အရိယာ ပညာအားဖြင့် ရဟန်းတို့သည် မျက်မှောက်မျက်ကွယ်နှစ်ပါးလုံး၌ သီတင်းသုံးဖော်တို့နှင့် ပညာချင်း တူမျှလျက် နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။ (၆)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း'အပရိဟာနိယ'တရားခြောက်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခြောက်ပါးတို့ကို ကျင့်သုံးနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ ဟု (ဟောတော်မူ၏)။

၁၄၂။ ဤသို့လျှင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ် ဤသို့သော တရားစကားကိုသာလျှင် ရဟန်းတို့အား အကြိမ်များစွာဟောတော်မူ၏။

"ဤကား သီလတည်း၊ ဤကားသမာဓိတည်း၊ ဤကားပညာတည်း၊ သီလ၌တည်၍ ဖြစ်စေသော သမာဓိသည် များသော အကျိုးအာနိသင်ရှိ၏။ သမာဓိ၌တည်၍ ဖြစ်စေသော ပညာသည် များသောအကျိုးအာနိသင်ရှိ၏။ ပညာ၌တည်၍ဖြစ်စေသော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝဟူသော အာသဝတို့မှ ကောင်းစွာ ပင်လျှင် လွတ်မြောက်၏" ဟု (ဟောတော်မူ၏)။

၁၄၃။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ အလိုရှိသမျှနေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ အမ္ဗလဋ္ဌိကာ (ဉယျာဉ်) သို့ချဉ်းကပ်ကုန်အံ့"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ အမ္ဗလဋ္ဌိကာ (ဉယျာဉ်) ဆီသို့ ကြွရောက်တော်မူ၍ မင်းကွန်း၌ သီတင်းသုံး နေတော်မူ၏။ မြတ်စွာဘုရားသည် ထိုအမ္ဗလဋ္ဌိကာ ဉယျာဉ်မင်းကွန်း၌ နေတော်မူစဉ်လည်း ဤသို့သော တရားစကားကိုသာလျှင် ရဟန်းတို့အား အကြိမ်များစွာဟောတော်မူ၏။

"ဤကားသီလတည်း၊ ဤကားသမာဓိတည်း၊ ဤကားပညာတည်း၊ သီလ၌တည်၍ ဖြစ်စေသော သမာဓိသည် များသော အကျိုးအာနိသင်ရှိ၏။ သမာဓိ၌ တည်၍ ဖြစ်စေသော ပညာသည် များသော အကျိုးအာနိသင်ရှိ၏။ ပညာ၌တည်၍ဖြစ်စေသော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝဟူသော အာသဝတို့မှ ကောင်းစွာ ပင်လျှင် လွတ်မြောက်၏" ဟု (ဟောတော်မူ၏)။

၁၄၄။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗလဋ္ဌိကာ (ဉယျာဉ်) ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ နာဠန္ဒာမြို့သို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့် အတူ နာဠန္ဒာမြို့သို့ ကြွရောက်တော်မူ၍ ပါဝါရိက (သူဌေး) ၏ သရက်ဉယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

http://www.dhammadownload.com



## အသျှင်သာရိပုတြာ ရဲရင့်သောစကားကိုဆိုခြင်း

၁၄၅။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက်သာလွန်၍ သိသော အခြားသော သမဏဗြာဟ္မဏမည်သည် ရှိလည်းမရှိခဲ့၊ ရှိမည်လည်းမဟုတ်၊ ယခုလည်းမရှိဟု မြတ်စွာဘုရား အပေါ်၌ အကျွန်ုပ်သည် ဤသို့ ယုံကြည်လျက်ရှိပါသည်" ဟု (လျှောက်၏)။

သာရိပုတြာ သင်သည် ဤကြီးကျယ် ခံ့ညားလှသော စကားကိုဆိုဘိ၏၊ တိကျလှသော စကားကို ဆိုဘိ၏၊ ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရင့်လှသော စကားကိုဆိုဘိ၏။

"အသျှင်ဘုရား သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်၍ သိသော အခြားသော သမဏဗြာဟ္မဏ မည်သည် ရှိလည်းမရှိခဲ့၊ ရှိမည်လည်းမဟုတ်၊ ယခုလည်း မရှိ ဟု မြတ်စွာဘုရား အပေါ်၌ အကျွန်ုပ်သည် ဤသို့ ယုံကြည်ပါသည်" ဟု (သင်ဆိုဘိ၏)။

သာရိပုတြာ အသို့နည်း၊ ရှေးအခါက ပွင့်တော်မူကုန်ပြီးသော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရား အားလုံးတို့ကို "ထိုမြတ်စွာဘုရားတို့သည် ဤသို့သော သီလရှိကုန်၏၊ ဤသို့သော သမာဓိတရားရှိကုန်၏၊ ဤသို့သော ပညာရှိကုန်၏၊ ဤသို့သော နေခြင်းရှိကုန်၏၊ ဤသို့သော လွတ်မြောက်ခြင်း ရှိကုန်၏" ဟူ၍ (မြတ်စွာဘုရားတို့၏) စိတ်ကို (သင်၏) စိတ်ဖြင့် ပိုင်းခြား၍ သိပါ၏လော ဟု (မိန့်တော်မူ၏)။

မသိပါ အသျှင်ဘုရား (ဟု လျှောက်၏)။

သာရိပုတြာ အသို့နည်း၊ နောင်အခါ၌ ပွင့်တော်မူလတ္တံ့ကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရား အားလုံးတို့ကို "ထိုမြတ်စွာဘုရားတို့သည် ဤသို့သော သီလ ရှိကုန်လတ္တံ့၊ ဤသို့သော သမာဓိတရား ရှိကုန်လတ္တံ့၊ ဤသို့သော ပညာရှိကုန်လတ္တံ့၊ ဤသို့သော နေခြင်းရှိကုန်လတ္တံ့၊ ဤသို့သော လွတ်မြောက်ခြင်း ရှိကုန်လတ္တံ့" ဟူ၍ (မြတ်စွာဘုရားတို့၏) စိတ်ကို (သင်၏) စိတ်ဖြင့် ပိုင်းခြား၍ သိပါ၏လော ဟု (မိန့်တော်မူ၏)။

မသိပါ အသျှင်ဘုရား (ဟု လျှောက်၏)။

သာရိပုတြာ အသို့နည်း၊ ယခုအခါ ပွင့်တော်မူဆဲဖြစ်သော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါ(ဘုရား)ကို "မြတ်စွာဘုရားသည် ဤသို့သော သီလရှိ၏၊ ဤသို့သော သမာဓိတရားရှိ၏၊ ဤသို့သော ပညာရှိ၏၊ ဤသို့သော နေခြင်း ရှိ၏၊ ဤသို့သော လွတ်မြောက်ခြင်းရှိ၏" ဟူ၍ (ငါဘုရား၏) စိတ်ကို (သင်၏)စိတ်ဖြင့် ပိုင်းခြား၍ သိပါ၏လော ဟု (မိန့်တော်မူ၏)။

မသိပါ အသျှင်ဘုရား (ဟု လျှောက်၏)။

သာရိပုတြာ ယခုအခါ ပွင့်ပြီး ပွင့်လတ္တံ့ ပွင့်ဆဲ ဖြစ်ကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့၏

http://www.dhammadownload.com



စိတ်ကိုပိုင်းခြား၍ သိနိုင်သော 'စေတောပရိယ'ဉာဏ်သည် သင့်အား မရှိခြားအံ့၊ သာရိပုတြာ ထိုသို့ မရှိပါပဲလျက် "အသျှင်ဘုရား သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်၍သိသော အခြားသော သမဏဗြာဟ္မဏမည်သည် ရှိလည်း မရှိခဲ့ ရှိမည်လည်းမဟုတ် ယခုလည်း မရှိ ဟု မြတ်စွာဘုရား၏ အပေါ်၌ အကျွန်ုပ်သည် ဤသို့ ယုံကြည်လျက်ရှိပါသည်" ဟူသော ကြီးကျယ်ခိုင်ညားလှသော တိကျလှသော ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရင့်လှသော ဤစကားကို အဘယ့်ကြောင့် သင်ဆိုဘိသနည်း ဟု (မိန့်တော်မူ၏)။

၁၄၆။ အသျှင်ဘုရား ပွင့်ပြီး ပွင့်လတ္တံ့ ပွင့်ဆဲဖြစ်ကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့၏ စိတ်ကို ပိုင်းခြား၍ သိနိုင်သော 'စေတောပရိယ' ဉာဏ်သည် အကျွန်ုပ်အား မရှိပါ၊ ထိုသို့ပင် မရှိခြားသော်လည်း အကျွန်ုပ်သည် မျက်မှောက်သိဖြင့် ချင့်ချိန်နိုင်သော 'ဓမ္မာန္ဝယ'ဉာဏ်ကို ရရှိထားပါသည်။

အသျှင်ဘုရား ဥပမာသော်ကား ခိုင်ခံ့သော မြို့ရိုးအခြေနှင့်တကွ ခိုင်ခံ့သော တန်တိုင်း တုရိုဏ်တိုင်ရှိသော တံခါး တပေါက်တည်းသာရှိသော မင်း၏ တိုင်းစွန်ပြည်ဖျား မြို့သည် ရှိရာပါ၏၊ ထိုမြို့၌ လိမ္မာတတ်သိ ပညာရှိ၍ မသိသော သူတို့ကို တားမြစ်လျက် သိသူတို့အားသာ ဝင်ခွင့်ပြုသော တံခါးစောင့်သည် ရှိရာပါ၏။

ထိုတံခါးစောင့်သည် ထိုမြို့၏ ထက်ဝန်းကျင်ပတ်၍ သွားသော လမ်းကို လှည့်လည်ကြည့်လတ်သော် အယုတ်ဆုံး ကြောင်ထွက်လောက်ရုံမျှ တန်တိုင်းအစပ် တန်တိုင်းအပေါက်ကိုသော်လည်း မတွေ့မြင်ရသည် ဖြစ်ရာ၏။ ထိုတံခါးစောင့်အား ဤသို့သော ဆင်ခြင်ဉာဏ်သည် ဖြစ်ရာ၏—

"ဤမြို့၌ ဝင်ကြ ထွက်ကြသမျှ ကြီးသော သတ္တဝါအားလုံးတို့သည် ဤတံခါးဖြင့်သာ ဝင်ကြ ထွက်ကြကုန်၏" ဟု (ဆင်ခြင်ဉာဏ် ဖြစ်ရာ၏)။

"အသျှင်ဘုရား ဤအတူပင်လျှင် အကျွန်ုပ်သည် မျက်မှောက်သိဖြင့် ချင့်ချိန်နိုင်သော 'ဓမ္မာန္ဝယ'ဉာဏ်ကို ရရှိထားပါ၏၊ ရှေးအခါက ပွင့်တော်မူကုန်ပြီးသော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရား ဟူသမျှတို့သည်လည်း စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော အပိတ်အပင် 'နီဝရဏ'တရား ငါးပါးတို့ကို ပယ်၍ စွဲမြဲသော သတိ 'သတိပဋ္ဌာန်'တရားလေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိကုန်လျက် နိဗ္ဗာန်ကိုသိကြောင်း 'ဗောဇ္ဈင်'တရား ခုနစ်ပါးတို့ကို ဟုတ်မှန်သောအတိုင်း ပွါးများ၍ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ် [၁] သို့ ဆိုက်ရောက်၍ ဘုရားဖြစ်တော်မူလေကုန်ပြီ။

အသျှင်ဘုရား နောင်အခါ၌ ပွင့်တော်မူလတ္တံ့ကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရား ဟူသမျှတို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော အပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်၍ စွဲမြဲသောသတိ 'သတိပဋ္ဌာန်' တရားလေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိကုန်လျက် နိဗ္ဗာန်ကိုသိကြောင်း 'ဗောဇ္ဈင်' တရား ခုနစ်ပါးတို့ကို ဟုတ်မှန်သော အတိုင်းပွါးများ၍ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်သို့ [၁] ဆိုက်ရောက်၍ ဘုရားဖြစ်တော်မူကုန်လတ္တံ့။

---

၁။ မြတ်စွာဘုရားတို့နှင့်သာသက်ဆိုင်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို သမ္မာသမ္ဗောဓိဉာဏ် ဟု ဆိုသည်။

http://www.dhammadownload.com



အသျှင်ဘုရား ယခုအခါ ပွင့်ဆဲဖြစ်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင်ပြုတတ်ကုန်သော အပိတ်အပင် 'နီဝရဏ'တရားငါးပါးတို့ကို ပယ်၍ စွဲမြဲသောသတိ 'သတိပဋ္ဌာန်'တရား လေးပါးတို့၌ ကောင်းစွာ တည်သော စိတ်ရှိတော်မူလျက် နိဗ္ဗာန်ကိုသိကြောင်း 'ဗောဇ္ဈင်' တရားခုနစ်ပါးတို့ကို ဟုတ်မှန်သော အတိုင်း ပွါးများတော်မူ၍ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်သို့ ဆိုက်ရောက်၍ ဘုရားဖြစ်တော်မူ၏" ဟု (မျက်မှောက်သိဖြင့် ချင့်ချိန်နိုင်သော 'ဓမ္မာန္ဝယ'ဉာဏ်ကို ရရှိထားပါသည် ဟူ၍ လျှောက်၏)။

၁၄၇။ မြတ်စွာဘုရားသည် ထိုနာဠန္ဒမြို့ ပါဝါရိက (သူဌေး)၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူစဉ်လည်း ဤသို့သော တရားစကားကိုသာလျှင် ရဟန်းတို့အား အကြိမ်များစွာ ဟောတော်မူ၏—

"ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း၊ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသော အကျိုးအာနိသင်ရှိ၏။ သမာဓိ၌တည်၍ဖြစ်စေအပ်သော ပညာသည် များသော အကျိုးအာနိသင်ရှိ၏။ ပညာ၌တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ဟူသော အာသဝေါတို့မှ ကောင်းစွာပင်လျှင် လွတ်မြောက်၏ (လွတ်၏)" ဟု (ဟောတော်မူ၏)။

## သီလပျက်စီးသူ၏အပြစ်

၁၄၈။ ထိုအခါ မြတ်စွာဘုရားသည် နာဠန္ဒမြို့၌ အလိုရှိသမျှနေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ ပါဋလိရွာဆီသို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာတို့နှင့်အတူ ပါဋလိရွာသို့ ကြွရောက်တော်မူ၏။

ပါဋလိရွာသား ဥပါသကာတို့သည် "မြတ်စွာဘုရား ပါဋလိရွာသို့ ရောက်တော်မူ၏" ဟု ကြားကုန်၏၊ ထိုအခါ ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ကုန်ပြီးသော် "မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ ဧည့်တည်းရာ စရပ်ကို လက်ခံတော်မူပါ မြတ်စွာဘုရား" ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိသဖြင့် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရှိအသေပြုပြီးလျှင် ဧည့်တည်းရာ စရပ်သို့ ချဉ်းကပ်ကုန်၍၊ ထိုဧည့်တည်းရာ စရပ်၌ ခင်းနှီးအပြည့် ခင်းခြင်း ထိုင်နေစရာတို့ကို ပြင်ထားခြင်း ရေပြည့်အိုးကြီးကို တည်ထားခြင်း ဆီမီးထွန်းထားခြင်းတို့ကို ပြုပြီးလျှင် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြန်ကုန်၏၊ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ရပ်ပြီးသော် ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်ကုန်၏—

http://www.dhammadownload.com



"အသျှင်ဘုရား ညောင်စောင်းရာ စရပ်၌ ခင်းနှီး အပြည့်ခင်းပြီးပါပြီ၊ ထိုင်နေစရာတို့ကိုလည်း ပြင်ထားပြီးပါပြီ၊ ရေပြည့်အိုးကြီးကိုလည်း တည်ထားပြီးပါပြီ၊ ဆီမီးကိုလည်းထွန်းထားပြီးပါပြီ။ အသျှင်ဘုရား ယခုအခါ၌ ကြွတော်မူရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည် (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုတော်အတိုင်းပင်ဖြစ်ပါသည်)" ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ ညောင်စောင်းရာ စရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခြေဆေးတော်မူ၍ ညောင်စောင်းရာစရပ်သို့ ဝင်ပြီးသော် အလယ်တိုင်ကိုမှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။

ရဟန်းသံဃာသည်လည်း ခြေဆေး၍ ညောင်စောင်းရာ စရပ်သို့ ဝင်ပြီးသော် အနောက်ဖက် နံရံကိုမှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေ၏။

ပါဋလိရွာသား ဥပါသကာတို့သည်လည်း ခြေဆေးကုန်၍ ညောင်စောင်းရာစရပ်သို့ ဝင်ကုန်ပြီးသော် အရှေ့ဖက် နံရံကိုမှီလျက် အနောက် အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကို သာလျှင် ရှေ့ထား၍ ထိုင်နေကုန်၏။

၁၄၉။ ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို မိန့်တော်မူ၏—

ဥပါသကာတို့ သီလမရှိသူ၏ သီလပျက်ခြင်း၌ ဤငါးပါးသော အပြစ်တို့သည် ရှိကုန်၏။ အဘယ်ငါးပါးတို့ နည်းဟူမူ—

ဥပါသကာတို့ ဤလောက၌ သီလမရှိသော သီလပျက်သောသူသည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ် ဆုံးရှုံးခြင်းသို့ရောက်၏၊ ဤကား သီလမရှိသူ၏သီလပျက်ခြင်း၌ ရှေးဦးစွာသော အပြစ်ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူ၏ မကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ထွက်၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ နှစ်ခုမြောက် အပြစ်ပေတည်း။

ဥပါသကာတို့ တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် မင်းပရိသတ် ရဟန်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ်အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက်ကြောက် ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ သုံးခုမြောက် အပြစ်ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် တွေတွေဝေဝေ ဖြစ်လျက်သေရ၏၊ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ လေးခုမြောက်အပြစ်ပေတည်း။

ဥပါသကာတို့ သီလမရှိသော သီလပျက်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ပျက်စီး၍ကျရောက်ရာ ငရဲ၌ဖြစ်ရ၏၊ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ ငါးခုမြောက် အပြစ်ပေတည်း။

ဥပါသကာတို့ သီလမရှိသူ၏ သီလပျက်ခြင်း၌ အပြစ်တို့သည် ဤငါးပါးတို့ပေတည်း။

http://www.dhammadownload.com



## သီလရှိသူ၏အကျိုး

၁၅၀။ ဥပါသကာတို့ သီလရှိသူ၏ သီလပြည့်စုံခြင်း၌ ဤငါးပါးသော အကျိုးအာနိသင်တို့သည် ရှိကုန်၏။ အဘယ်ငါးပါးတို့နည်းဟူမူ—

ဥပါသကာတို့ ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစုကိုရ၏၊ ဤကား သီလရှိသူ၏သီလနှင့် ပြည့်စုံခြင်း၌ရှေးဦးစွာသော အကျိုး 'အာနိသင်' ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူ၏ ကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ထွက်၏၊ ဤကား သီလရှိသူ၏ သီလနှင့် ပြည့်စုံခြင်း၌ နှစ်ခုမြောက် အကျိုး 'အာနိသင်' ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မင်းပရိသတ် ရဟန်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာ မညှိုးငယ်ပဲ ချဉ်းကပ်ရ၏၊ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ သုံးခုမြောက် အကျိုး 'အာနိသင်'ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် တွေဝေခြင်းမရှိပဲ သေရ၏၊ ဤကားသီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ လေးခုမြောက်အကျိုး 'အာနိသင်' ပေတည်း။

ဥပါသကာတို့ တဖန်ထို့ပြင်လည်းသီလရှိသော သီလနှင့်ပြည့်စုံသောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ရ၏၊ ဤကား သီလရှိသူ၏သီလနှင့် ပြည့်စုံခြင်း၌ ငါးခုမြောက် အကျိုး 'အာနိသင်' ပေတည်း။

ဥပါသကာတို့ သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ အကျိုး 'အာနိသင်'တို့သည် ဤငါးပါးတို့ ပေတည်း" ဟု (မိန့်တော်မူ၏)။

၁၅၁။ ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို ကြာမြင့်စွာညဉ့်အချိန် ပတ်လုံး (ညဉ့်နက်သည်တိုင်အောင်)တရားစကားဖြင့်(အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် "ဥပါသကာတို့ ညဉ့်ဦးယံ လွန်လေပြီ၊ ယခုအခါ၌ သွားရန် အချိန်ကို သင်တို့သိကုန်၏ (သွားရန်မှာ သင်တို့၏ အလိုအတိုင်း ပင်ဖြစ်၏)" ဟု ပြန်လွှတ်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ ပြန်သွားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ပြန်သွား၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာသို့ ဝင်တော်မူ၏။

## ပါဋလိပုတ်ပြည်တည်ခြင်း

၁၅၂။ ထိုစဉ်အခါ၌ မဂဓတိုင်းအမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ(ပုဏ္ဏား)တို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှါ ပါဋလိရွာ၌ မြို့တည်ဆောက်လျက်ရှိကုန်၏။

http://www.dhammadownload.com



ထိုစဉ်အခါ၌ များစွာကုန်သော နတ်တို့သည်လည်း ထောင်လိုက် ထောင်လိုက် (တထောင်စီ တထောင်စီ) စုရုံး၍ သာလျှင် ပါဋလိရွာ၌ အိမ်ရာတို့ကို သိမ်းပိုက်လျက်ရှိကုန်၏။

တန်ခိုးကြီးသော နတ်တို့အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသော မင်းနှင့် အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးအလတ်စား နတ်တို့အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုး အလတ်စားမင်းနှင့် အမတ်တို့ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးနည်းသော နတ်တို့ အိမ်ရာသိမ်းပိုက်သောရပ်ကွက်၌ တန်ခိုးနည်းသော မင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည်ညွတ်ကုန်၏။

မြတ်စွာဘုရားသည် ထောင်လိုက် ထောင်လိုက် (တထောင်စီ တထောင်စီ) စုရုံး၍ သာလျှင် ပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်သော ထိုနတ်တို့ကို အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့်မြင်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ အဆုံး (မိုးသောက်ယံ)၌ လျှောင်းစက်ရာမှ ထတော်မူ၍ "အာနန္ဒာ ပါဋလိရွာ၌ မြို့ကို အဘယ်သူ တည်ဆောက်နေသနည်း" ဟု အသျှင်အာနန္ဒာကိုမေးတော်မူ၏။

အသျှင်ဘုရား မဂဓတိုင်းအမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား) တို့သည် ဝဇ္ဇီမင်းတို့ကို တားဆီး ပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ဆောက်နေပါကုန်၏ ဟု (လျှောက်၏)။

အာနန္ဒာ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ(ပုဏ္ဏား) တို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ဆောက်နေကြသည်မှာ တာဝတိံသာနတ်တို့နှင့် တိုင်ပင်၍ တည်ဆောက်သကဲ့သို့ပင်ရှိချေ၏။

အာနန္ဒာ ထောင်လိုက် ထောင်လိုက် (တထောင်စီ တထောင်စီ) စုရုံး၍ သာလျှင် ပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်သော များစွာသော နတ်တို့ကို ငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် မြင်တော်မူ၏။

အာနန္ဒာ တန်ခိုးကြီးသော နတ်တို့အိမ်ရာ သိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသော မင်းနှင့် အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုး အလတ်စား နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စားမင်းနှင့် အမတ်တို့၏ အိမ်ရာတည် ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးနည်းသော နတ်တို့အိမ်ရာ သိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးနည်းသော မင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန်စိတ်တို့သည် ညွတ်ကုန်၏။

အာနန္ဒာ အရိယာန်လူမျိုးတို့၏ စုဝေးနေထိုင်ရာ ကူးသန်းရောင်းဝယ်ရာ မြို့တို့တွင် ဤမြို့သစ်သည် ကုန်ထုပ်များကို ဖွင့်လှစ်ရောင်းချရာ ပါဋလိပုတ်မည်သော အကြီးဆုံးမြို့ဖြစ်ပေလတ္တံ့။

အာနန္ဒာ ပါဋလိပုတ်မြို့၌ မီးကြောင့် ရေကြောင့် အချင်းချင်းကွဲပြားမှုကြောင့် ဤသုံးပါးသော အန္တရာယ်တို့သည် ဖြစ်ကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။

၁၅၃။ ထိုအခါ မဂဓတိုင်းအမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ(ပုဏ္ဏား) တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ရပ်ကုန်ပြီးသော် မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် "အသျှင်ဘုရား အသျှင်

http://www.dhammadownload.com



ဂေါတမသည် ရဟန်းသံဃာနှင့်အတူ ယနေ့အဖို့ အကျွန်ုပ်တို့၏ ဆွမ်းကို လက်ခံတော်မူပါ” ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓ နှင့် ဝဿကာရ (ပုဏ္ဏား) တို့သည် မြတ်စွာဘုရား၏ လက်ခံတော်မူသည်ကို သိသဖြင့် မိမိတို့အိမ်သို့ ချဉ်းကပ်၍ မိမိတို့အိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီးလျှင် “အသျှင် ဂေါတမ အချိန်တန်ပါပြီ (ဆွမ်းပြင်ပြီးပါပြီ)” ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း) ကို လျှောက်ကြားစေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ(ပုဏ္ဏား) တို့၏ အိမ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား) တို့သည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့် တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိတို့ကိုယ်တိုင် လုပ်ကျွေးကုန်၏။

ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား) တို့သည် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ နိမ့်သော ထိုင်စရာ တခုကို ယူ၍ တခုသော နေရာ၌ ထိုင်နေကုန်၏။

တခုသော နေရာ၌ ထိုင်နေကုန်သော မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓ နှင့် ဝဿကာရ (ပုဏ္ဏား) တို့ကို မြတ်စွာဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏—

> “ပုဏ္ဏားတို့ ပညာရှိသည် အကြင်အရပ်၌ အိမ်ရာဆောက်လုပ်နေထိုင်၏၊ ဤအရပ်၌ သီလ ရှိသော ကိုယ် နှုတ် နှလုံး စောင့်သုံးသော မြတ်သောအကျင့်ကိုကျင့်သော ပုဂ္ဂိုလ်တို့ကို ဂွမ်းကျွေးပြီးလျှင် ထိုအရပ်၌ရှိသော နတ်တို့အား အလှူ၏အဖို့ကို အမျှပေးဝေရာ၏၊ ဤသို့ အမျှပေးဝေလတ်သော် နတ်တို့သည် ပူဇော်ခံရသဖြင့် ထို (အမျှပေးဝေ) သူကို အတုံ့ပြန်၍ ပူဇော်ကုန်၏၊ မြတ်နိုးခံရသဖြင့်လည်း အတုံ့ပြန်၍ မြတ်နိုးကုန်၏။ ထို့ကြောင့် မိခင်သည် ရင်ဝယ်သားကိုစောင့်ရှောက်သကဲ့သို့ နတ်တို့သည် ထို (အမျှပေးဝေ) သူကို စောင့်ရှောက် ကုန်၏၊ နတ်တို့စောင့်ရှောက်ခံရသော သူသည် အခါခပ်သိမ်း ကောင်းခြင်းမင်္ဂလာတို့ကိုသာ တွေ့မြင်ရလေ၏” ဟု (အနုမောဒနာ ပြုတော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့ကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူပြီးလျှင် နေရာမှထ၍ ကြွတော်မူ၏။

၁၅၄။ ထိုစဉ်အခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် “ယနေ့ အသျှင်ဂေါတမထွက်သွားရာ တံခါးကို ဂေါတမတံခါး ဟု တွင်စေအံ့၊ အသျှင်ဂေါတမ ကူးရာ ဂင်္ဂါမြစ်ဆိပ်ကို ဂေါတမဆိပ် ဟု တွင်စေအံ့” ဟူ၍ ကြံရွယ်လျက် မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရား ထွက်သွားရာ တံခါးသည် ဂေါတမတံခါး ဟု အမည်တွင်လေ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်သို့ ချဉ်းကပ်တော်မူ၏၊ ထိုစဉ်အခါ၌ ဂင်္ဂါမြစ်သည် (ကမ်းမှာနား၍) ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့်အညီ ရေပြည့်လျက်ရှိ၏။

ဒီ-မြန်-၂-၆

http://www.dhammadownload.com



ကမ်းတဖက်မှ ကမ်းတဖက်သို့ သွားရောက်လိုသော အချို့သူတို့သည် လှေကိုရှာကုန်၏၊ အချို့သူတို့သည် သစ်ဖောင်ကို ရှာကုန်၏၊ အချို့သူတို့သည် ဝါးဖောင်ကို ဖွဲ့ကုန်၏။

ထိုအခါ အားရှိသောယောကျ်ားသည် ကွေးသောလက်မောင်းကို ဆန့်သကဲ့သို့ ဆန့်သော လက်မောင်းကို ကွေးသကဲ့သို့ ဤအတူပင် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်၏ ဤမှာဖက်ကမ်းမှ ကွယ်ခဲ့၍ ထိုမှာဖက်ကမ်း၌ ရဟန်းသံဃာနှင့်အတူ ထင်ရှားဖြစ်တော်မူ၏။

မြတ်စွာဘုရားသည် ကမ်းတဖက်မှ ကမ်းတဖက်သို့ သွားရောက်လိုကုန်၍ အချို့က လှေကို ရှာလျက် အချို့က သစ်ဖောင်ကိုရှာလျက် အချို့က ဝါးဖောင်ကို ဖွဲ့လျက် နေသော ထိုသူတို့ကို မြင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအချိန်တွင် ဤဥဒါန်းစကားကို ကျူးရင့်တော်မူ၏—

"နက်ကျယ်လှစွာသော တဏှာမြစ်ကိုကူးသော အရိယာပုဂ္ဂိုလ်တို့သည် (အရိယာမဂ်) တံတားကို ဆောက်လုပ်၍ ကိလေသာညွန်ပျောင်းတို့ကို ပယ်စွန့်လျက် ကူးသွားကုန်၏၊ လူအပေါင်းသည်ကား (မြစ်ကိုကူးရန်) ဖောင်ကိုဖွဲ့နေရ၏၊ (တဏှာမြစ်ကို) ကူးမြောက်ပြီးသော ပညာရှိ အရိယာပုဂ္ဂိုလ်တို့သည်ကား ဖောင်ကို မဖွဲ့ကြရတော့သည်သာတည်း"[၁] ဟု (ကျူးရင့်တော်မူ၏)။

ပဌမအခန်း ပြီး၏။

---

## အရိယသစ္စာလေးပါး

၁၅၅။ ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ လာသွားကုန်အံ့၊ ကောဋိရွာသို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရားကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောဋိရွာဆီသို့ ကြွရောက်တော်မူပြီးလျှင် ထိုရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ အရိယသစ္စာလေးပါးတို့ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

အဘယ်လေးပါးတို့ကို (မသိခြင်းကြောင့်)နည်းဟူမူ။ ရဟန်းတို့ ဆင်းရဲအမှန် 'ဒုက္ခအရိယသစ္စာ' ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ ဆင်းရဲဖြစ်ကြောင်းအမှန် 'သမုဒယအရိယသစ္စာ'ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ (သံသရာ) ကာလပတ်လုံး ဒပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

---

၁။ န တိဏ္ဏာ-ဟူသော မူကွဲအရ ပြန်ဆိုထားသည်။

http://www.dhammadownload.com



ရဟန်းတို့ ဆင်းရဲချုပ်ရာအမှန် 'နိရောဓအရိယသစ္စာ' ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလ ပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ်အမှန် 'မဂ္ဂအရိယသစ္စာ' ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ (ငါသည်) ထိုဆင်းရဲအမှန် 'ဒုက္ခအရိယသစ္စာ' ကို လျော်ကန်စွာ သိပြီ ထိုးထွင်း၍ သိပြီ၊ ထိုဆင်းရဲဖြစ်ကြောင်း အမှန် 'သမုဒယအရိယသစ္စာ' ကို လျော်ကန်စွာသိပြီ ထိုးထွင်း၍ သိပြီ၊ ထိုဆင်းရဲချုပ်ရာအမှန် 'နိရောဓအရိယသစ္စာ' ကို လျော်ကန်စွာသိပြီ ထိုးထွင်း၍သိပြီ၊ ထို ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ်အမှန် 'မဂ္ဂအရိယသစ္စာ' ကို လျော်ကန်စွာသိပြီ ထိုးထွင်း၍ သိပြီ၊ ဘဝတို့၌တပ်မက်ခြင်း 'ဘဝတဏှာ' ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာသည် ကုန်လေပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ" ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော စကားကိုလည်း မိန့် တော်မူပြန်၏—

"အရိယသစ္စာလေးပါးတို့ကို ဟုတ်မှန်သောအတိုင်း မသိမြင်ခြင်းကြောင့် ထိုထိုဘဝတို့၌ ရှည်လျားစွာသော (သံသရာ) ကာလပတ်လုံး ကျင်လည်ခဲ့ရလှလေပြီ၊ ထိုအရိယသစ္စာတို့ကို (ငါသည်)သိမြင်ပေပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာကို ကောင်း စွာ နုတ်ပယ်ပြီးပေပြီ၊ ဆင်းရဲ၏ အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပေပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ" ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ထို ကောဋိရွာ၌ နေတော်မူစဉ်လည်း ရဟန်းတို့အား ဤသို့သော တရား စကားကိုသာလျှင် အကြိမ်များစွာ ဟောတော်မူ၏—

"ဤကား သီလတည်း၊ ဤကားသမာဓိတည်း၊ ဤကား ပညာတည်း။ သီလ၌တည်၍ ဖြစ်စေ အပ်သော သမာဓိသည် များသော အကျိုးအာနိသင်ရှိ၏။ သမာဓိ၌တည်၍ ဖြစ်စေအပ်သော ပညာ သည် များသော အကျိုးအာနိသင်ရှိ၏။ ပညာ၌တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝဟူသော အာသဝေါတို့မှ ကောင်းစွာ သာလျှင် လွတ်မြောက်၏" ဟု (ဟောတော်မူ၏)။

## ပြန်လည်ခြင်းသဘောမရှိ အထက်မဂ်လျှင် လားရာရှိသူ

၁၅၆။ ထိုအခါမြတ်စွာဘုရားသည် ကောဋိရွာ၌ အလိုရှိသမျှနေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ နာတိကရွာသို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာနှင့်အတူ နာတိကရွာဆီသို့ ကြွရောက်တော်မူ၍ နာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ထိုင်ပြီးလျှင် မြတ်စွာဘုရားအား ဤသို့မေးလျှောက်၏—

"အသျှင်ဘုရား နာတိကရွာ၌ သာဠှမည်သော ရဟန်းသည် စုတေသွားပါ၏၊ ထို (ရဟန်း) ၏ လားရာ 'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အသျှင်ဘုရား နာတိကရွာ၌ နန္ဒာမည်သော ရဟန်းမိန်းမသည် စုတေသွားပါ၏၊ ထို (ရဟန်းမိန်းမ)၏ လားရာ 'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အသျှင်ဘုရား နာတိကရွာ၌ သုဒတ္တမည်သော ဥပါသကာသည် စုတေသွားပါ၏၊ ထို (ဥပါသကာ)၏လားရာ 'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အသျှင်ဘုရား နာတိကရွာ၌ သုဇာတာမည်သော ဥပါသိကာမသည် စုတေသွားပါ၏၊ ထို (ဥပါသိကာမ)၏ လားရာ 'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အသျှင်ဘုရား နာတိကရွာ၌ ကုက္ကုဋမည်သော ဥပါသကာသည် စုတေသွားပါ၏၊ ထို (ဥပါသကာ)၏ လားရာ 'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အသျှင်ဘုရား နာတိကရွာ၌ ကာဠိမ္ဗမည်သော ဥပါသကာသည်။ပ။

အသျှင်ဘုရား နာတိကရွာ၌ နိကဋမည်သော ဥပါသကာသည်။ပ။ ကဋိဿဟမည်သော ဥပါသကာသည်။ တုဋ္ဌမည်သော ဥပါသကာသည်။ သန္တုဋ္ဌမည်သော ဥပါသကာသည်။ ဘဒ္ဒမည်သော ဥပါသကာသည်။ သုဘဒ္ဒမည်သော ဥပါသကာသည် စုတေသွားပါ၏၊ ထို (ဥပါသကာ)၏ လားရာ 'ဂတိ' ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း" ဟု (မေးလျှောက်၏)။

၁၅၇။ အာနန္ဒာ သာဠှမည်သော ရဟန်းသည် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သည့် (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေသော ရဟန္တာ ပေတည်း။

အာနန္ဒာ နန္ဒာမည်သော ရဟန်းမိန်းမသည် အောက် (ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထို (ဘုံ)၌ သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ်ပေတည်း။

အာနန္ဒာ သုဒတ္တမည်သော ဥပါသကာသည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်သည့်ပြင် တပ်မက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' တို့၏ လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလျှင်လာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့ သော သကဒါဂါမ်ပေတည်း။

အာနန္ဒာ သုဇာတာ မည်သော ဥပါသိကာမသည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော [၁] အထက် မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ပေတည်း။

---

၁။ သုဂတိ၌သာဖြစ်ရန် ကိန်းသေမြဲသော၊ တနည်း ဆင်းရဲ၏အဆုံးသို့ရောက်ရန် ကိန်းသေ မြဲသော။

http://www.dhammadownload.com



အာနန္ဒာ ကုက္ကုဋမည်သော ဥပါသကာသည် အောက် (ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပါတ်ပဋိသန္ဓေနေ၍ ထို (ဘုံ)၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ်ပေတည်း။

အာနန္ဒာ ကာဠိမ္ဗမည်သော ဥပါသကာသည်။ပ။ နိကဋမည်သော ဥပါသကာသည်။ ကဋိဿဟမည်သော ဥပါသကာသည်။ တုဋ္ဌမည်သော ဥပါသကာသည်။ သန္တုဋ္ဌမည်သော ဥပါသကာသည်။ ဘဒ္ဒမည်သော ဥပါသကာသည်။သုဘဒ္ဒမည်သော ဥပါသကာသည် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပါတ် ပဋိသန္ဓေနေ၍ ထို (ဘုံ) ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိသော အနာဂါမ်ပေတည်း။

အာနန္ဒာ နာတိကရွာမှ စုတေသွားကြသော ဥပါသကာ ငါးကျိပ်ကျော်တို့သည် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပါတ်ပဋိသန္ဓေနေ၍ ထို (ဘုံ) ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိသောအနာဂါမ်တို့ပေတည်း။

အာနန္ဒာ နာတိကရွာမှ စုတေသွားကြသော ဥပါသကာ ကိုးကျိပ်ကျော်တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်သည့်ပြင် တပ်မက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' တို့၏လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ်တို့ပေတည်း။

အာနန္ဒာ နာတိကရွာမှ စုတေသွားကြသော ဥပါသကာ ငါးရာကျော်တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်တို့ပေတည်း။

## ဓမ္မာဒါသ ဓမ္မပရိယာယ ကြေးမုံတရား

၁၅၈။ အာနန္ဒာ ဤအရာသည် အံ့ဖွယ် မဟုတ်[၁] အာနန္ဒာ လူသေတိုင်းသေတိုင်းပင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤအကြောင်းအရာကိုမေးမြန်းနေကြလျှင် မြတ်စွာဘုရားအား ပင်ပန်းစေရုံမျှသာ ဖြစ်ရာ၏။

အာနန္ဒာ ထို့ကြောင့် ကြေးမုံတရား'မည်သော ဒေသနာတော်ကို ဟောကြားပေအံ့။

အကြင် (ကြေးမုံတရား) နှင့် ပြည့်စုံသော အရိယာသာဝကသည် ပြောကြားလိုပါမူ "ငါ့အား ငရဲ၌ဖြစ်ရန်မရှိပြီ၊ တိရစ္ဆာန်ဘုံ၌ ဖြစ်ရန် မရှိပြီ၊ ပြိတ္တာဘုံ၌ ဖြစ်ရန်မရှိပြီ၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်ရန် မရှိပြီ၊ ငါသည် သောတာပန်ဖြစ်ပြီ ပျက်စီးကျရောက်တတ်သော သဘောမရှိပြီ၊

၁။ သေသွားသူ၏ လားရာဂတိနှင့် တမလွန်ဘဝ အကြောင်းအရာကို ပြောကြားမှုသည် တရားနှင့် ပြည့်စုံသူတိုင်း ကိုယ်တိုင်ပင် ပြုနိုင်သောအမှုဖြစ်၍ ဘုရားကိုယ်တိုင် ဆောင်ရွက်ရလောက်အောင် ခက်ခဲသော အံ့ဖွယ် အထူးအဆန်းမဟုတ်ဟု ဆိုလို၏။

http://www.dhammadownload.com



ကိန်းသေ မြဲနေပြီ အထက်မဂ်သုံးပါးသာလျှင် လားရာရှိတော့၏” ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏။

၁၅၉။ အာနန္ဒာ အကြင် (ကြေးမုံတရား)နှင့် ပြည့်စုံသော အရိယသာဝကသည် ပြောကြားလိုပါမူ “ငါ့အား ငရဲ၌ ဖြစ်ရန်မရှိပြီ၊ ပြိတ္တာဘုံ၌ ဖြစ်ရန်မရှိပြီ၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်ရန်မရှိပြီ၊ ငါသည်သောတာပန်ဖြစ်ပြီ ပျက်စီးကျရောက်တတ်သော သဘောမရှိပြီ၊ ကိန်းသေမြဲနေပြီ။ အထက်မဂ်သုံးပါးသာလျှင် လားရာရှိတော့၏” ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏၊ **ကြေးမုံတရားမည်သော ထိုဒေသနာကား အဘယ်နည်း။**

အာနန္ဒာ ဤ (သာသနာတော်) ၌ အရိယာသာဝကသည် မြတ်စွာဘုရားကိုဉာဏ်ဖြင့် တွေ့မြင်၍ (တုန်လှုပ်ခြင်း မရှိသော) ကြည်ညိုခြင်းနှင့်ပြည့်စုံ၏—

“ထိုမြတ်စွာဘုရားသည် ပူဇော် အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏၊ အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’ နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူပါပေ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူပါပေ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏” ဟု (ဉာဏ်ဖြင့်တွေ့မြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏)။

ဟရားတော်ကို ဉာဏ်ဖြင့် တွေ့မြင်၍ (တုန်လှုပ်ခြင်း မရှိသော) ကြည်ညိုခြင်းနှင့်ပြည့်စုံ၏—

“မြတ်စွာဘုရား ဟောသော တရားတော်သည် ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့် ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ (မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌) ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း” ဟု (ဉာဏ်ဖြင့် တွေ့မြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏)။

သံဃာတော်ကို ဉာဏ်ဖြင့် တွေ့မြင်၍ (တုန်လှုပ်ခြင်းမရှိသော) ကြည်ညိုခြင်းနှင့်ပြည့်စုံ၏—

“မြတ်စွာဘုရား၏တပည့်သား ‘သာဝက’ သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် မှန်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့်

http://www.dhammadownload.com



ရှစ်ပါးအရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏၊ သတ္တဝါ အပေါင်း၏ ကောင်းမှု ပြုစုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏" ဟု (ဉာဏ်ဖြင့်တွေ့မြင်၍ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။

တဏှာ၏ ကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော (မှားယွင်းစွာ) မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော မကျိုးမပေါက် မပြောက်မကျားကုန်သော အရိယာတို့ မြတ်နိုးအပ်သော သီလတို့နှင့်ပြည့်စုံ၏။

အာနန္ဒာ အကြင် (ကြေးမုံတရား) နှင့်ပြည့်စုံသော အရိယာသာဝကသည် ပြောကြားလိုပါမူ "ငါ့အား ငရဲ၌ ဖြစ်ရန်မရှိပြီ၊ တိရစ္ဆာန်ဘုံ၌ ဖြစ်ရန်မရှိပြီ၊ ပြိတ္တာဘုံ၌ ဖြစ်ရန်မရှိပြီ၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်ရန်မရှိပြီ၊ ငါသည် သောတာပန်ဖြစ်ပြီ ပျက်စီး၍ ကျရောက်တတ်သော သဘောမရှိပြီ၊ ကိန်းသေမြဲနေပြီ အထက်မဂ်သုံးပါးလျှင် လားရာရှိတော့၏" ဟု ကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏၊ ကြေးမုံတရားမည်သော ထို ဒေသနာကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ထိုနာတိကာရွာ အုတ်ကျောင်း၌ နေတော်မူစဉ်လည်း ဤသို့သော တရားစကားကို သာလျှင် ရဟန်းတို့အား အကြိမ်များစွာဟောတော်မူ၏—

"ဤကား သီလတည်း၊ ဤကားသမာဓိတည်း၊ ဤကားပညာတည်း၊ သီလ၌ တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသော အကျိုး 'အာနိသင်' ရှိ၏။ သမာဓိ၌ တည်၍ ဖြစ်စေအပ်သော ပညာသည် များသော အကျိုး 'အာနိသင်' ရှိ၏။ ပညာ၌တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ဟူသော အာသဝေါတို့မှ ကောင်းစွာ သာလျှင် လွတ်မြောက်၏" ဟု (ဟောတော်မူ၏)။

၁၆၀။ ထိုအခါ မြတ်စွာဘုရားသည် နာတိကရွာ၌ အလိုရှိသမျှနေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ ဝေသာလီပြည်သို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာနှင့်အတူ ဝေသာလီပြည်ဆီသို့ ကြွရောက်တော်မူ၏။

မြတ်စွာဘုရားသည် ထို ဝေသာလီပြည် အမ္ဗပါလီ၏ အာရာမ်ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ရဟန်းသည် သတိရှိလျက် ဆင်ခြင်လျက် နေရာ၏၊ ဤကား သင်တို့အတွက် ငါတို့၏ အဆုံးအမပေတည်း။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သတိရှိရာသနည်း။ ရဟန်းတို့ ဤ (သာသနာတော်)၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ် ဟု အဖန်ဖန်ရှုလျက် လောက၌ (ဖြစ်တတ်သော)လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏၊ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ခံစားမှု 'ဝေဒနာ'တို့၌

http://www.dhammadownload.com



ခံစားမှု 'ဝေဒနာ' ဟု အဖန်ဖန်ရှုလျက်။ပ။ စိတ်၌ စိတ် ဟု အဖန်ဖန်ရှုလျက်။ပ။ သဘောတရားတို့၌ သဘောတရား ဟု အဖန်ဖန်ရှုလျက် လောက၌ (ဖြစ်တတ်သော) လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတိရှိပေ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ဆင်ခြင်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့တက်ရာ၌ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ်သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ စားရာသောက်ရာ ခဲရာလျက်ရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆင်ခြင်ပေ၏။ ရဟန်းတို့ ရဟန်းသည် သတိရှိလျက် ဆင်ခြင်လျက်နေရာ၏။ ဤကား သင်တို့အတွက် ငါတို့၏ အဆုံးအမပေတည်း" ဟု (မိန့်တော်မူ၏)။

## အမ္ဗပါလီပြည့်တန်ဆာမ

၁၆၁။ အမ္ဗပါလီ ပြည့်တန်ဆာမသည် မြတ်စွာဘုရား ဝေသာလီပြည်သို့ ဆိုက်ရောက်၍ မိမိ၏ သရက်ဥယျာဉ်၌ နေတော်မူကြောင်းကို ကြားလေ၏။ ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ကို ကစေပြီးလျှင် ကောင်းသောယာဉ်ကိုစီးလျက် ကောင်းကုန် ကောင်းကုန်သော (အရံ)ယာဉ်တို့နှင့်တကွ ဝေသာလီပြည်မှထွက်၍ မိမိအာရာမ်(ဥယျာဉ်)ဆီသို့ သွားလေ၏။ ယာဉ်ဖြင့် သွားသင့်သမျှသော အရပ်ကို ယာဉ်ဖြင့်သာသွား၍ ယာဉ်မှ သက်ပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။

တခုသော နေရာ၌ ထိုင်နေသော အမ္ဗပါလီပြည့်တန်ဆာမအား မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေသည်ရှိသော် အမ္ဗပါလီ ပြည့်တန်ဆာမသည် "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ အမ္ဗပါလီပြည့်တန်ဆာမသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကိုသိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ဝေသာလီပြည်၌ နေကုန်သော လိစ္ဆဝီ(မင်း)တို့သည် မြတ်စွာဘုရား ဝေသာလီပြည်သို့ရောက်၍ အမ္ဗပါလီ၏ ဥယျာဉ်၌ နေတော်မူကြောင်းကို ကြားလေကုန်၏။ ထိုအခါ ထိုလိစ္ဆဝီ(မင်း)တို့သည် ကောင်းကုန်ကောင်းကုန်သော ယာဉ်တို့ကို ကစေပြီးလျှင် ကောင်းသော ကောင်းသောယာဉ်ကိုစီး၍ ကောင်းကုန်ကောင်းကုန်သော (အရံ)ယာဉ်တို့နှင့်တကွ ဝေသာလီပြည်မှ ထွက်သွားကုန်၏။

http://www.dhammadownload.com



ထို(လိစ္ဆဝီမင်းတို့)တွင် အချို့သော လိစ္ဆဝီ(မင်း)တို့သည် ညိုသောအဝတ် ညိုသောတန်ဆာ ရှိကြ၍ ညိုသောအဆင်းအရောင်ရှိကုန်၏။

အချို့သော လိစ္ဆဝီ(မင်း)တို့သည် ဝါသောအဝတ် ဝါသောတန်ဆာရှိကြ၍ ဝါသောအဆင်း အရောင်ရှိကုန်၏။

အချို့သော လိစ္ဆဝီ(မင်း)တို့သည် နီသောအဝတ် နီသောတန်ဆာရှိကြ၍ နီသောအဆင်း အရောင်ရှိကုန်၏။

အချို့သော လိစ္ဆဝီ (မင်း)တို့သည် ဖြူသောအဝတ် ဖြူသောတန်ဆာရှိကြ၍ ဖြူသောအဆင်း အရောင်ရှိကုန်၏။

ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် (အသက်အရွယ်)ငယ်ကုန် ငယ်ကုန်သော လိစ္ဆဝီ (မင်း)တို့၏ (ရထားတို့ကို မိမိရထားနှင့်)ဝင်ရိုးချင်း ဘီးချင်း ထမ်းပိုးချင်း တိုက်ခိုက်စေ၏။

ထိုအခါ ထိုလိစ္ဆဝီ(မင်း)တို့သည် "ဟယ် အမ္ဗပါလီ (သင်သည်) အသက်အရွယ် ငယ်ကုန် ငယ်ကုန်သော လိစ္ဆဝီ(မင်း)တို့၏ (ရထားတို့ကို သင်၏ရထားနှင့်) ဝင်ရိုးချင်း ဘီးချင်း ထမ်းပိုးချင်း အဘယ့်ကြောင့် တိုက်ခိုက်စေဘိသနည်း" ဟု အမ္ဗပါလီပြည့်တန်ဆာမကို ဆိုကုန်၏။

အရှင့်သားတို့ ရဟန်းသံဃာနှင့်တကွ မြတ်စွာဘုရားကို နက်ဖြန်ခါ ဆွမ်းဘုဉ်းပေးရန် အကျွန်ုပ် ပင့်ခဲ့ပါပြီ၊ ထို့ကြောင့် (တိုက်ခိုက်စေပါသည်) ဟု အမ္ဗပါလီက ပြန်ပြော၏။

ဟယ် အမ္ဗပါလီ ထိုဆွမ်းကို (အသပြာ)တသိန်းဖြင့် ပေးပါလော့ ဟု (ဆိုကြကုန်၏)။

အရှင့်သားတို့ တိုင်းခရိုင်နှင့်တကွ ဝေသာလီပြည်ကို အကျွန်ုပ်အား ပေးစေကာမူ ထိုဆွမ်းကို အကျွန်ုပ်မပေးနိုင်ပါ ဟု (ပြန်ပြော၏)။

ထိုအခါ ထိုလိစ္ဆဝီ(မင်း)တို့သည်လည်း "ငါတို့ကို မိန်းမကနိုင်သွားပြီ အမောင်တို့ ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့" ဟု (ဆိုလျက်) လက်ဖျားခါကုန်၏။

ထို့နောက် ထိုလိစ္ဆဝီမင်းတို့သည် (အမ္ဗပါလီပြည့်တန်ဆာမ၏) အာရာမ် (ဉယျာဉ်)သို့ သွား လေကုန်၏။ မြတ်စွာဘုရားသည် လာနေသော ထိုလိစ္ဆဝီ(မင်း)တို့ကို အဝေးမှပင် မြင်တော်မူ၍ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—

"ရဟန်းတို့ တာဝတိံသာ နတ်တို့ကို မမြင်ဘူးသော ရဟန်းတို့သည် လိစ္ဆဝီပရိသတ်ကို ကြည့်ရှုကုန်လော့၊ လိစ္ဆဝီပရိသတ်ကို အဖန်ဖန် ကြည့်ရှုကုန်လော့၊ လိစ္ဆဝီပရိသတ်ကို တာဝတိံသာ နတ်ပရိသတ်နှင့် အတူထား၍ ကြည့်ရှုကုန်လော့" ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုလိစ္ဆဝီ(မင်း)တို့သည် ယာဉ်ဖြင့် သွားသင့်သမျှအရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်၏။

တခုသော နေရာ၌ ထိုင်နေကုန်သော ထိုလိစ္ဆဝီ(မင်း)တို့အား မြတ်စွာဘုရားသည် တရားစကား ဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေသည်ရှိသော် ထိုလိစ္ဆဝီ (မင်း) တို့သည် "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်တို့၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် "လိစ္ဆဝီ (မင်း)တို့ နက်ဖြန်အဖို့ အမ္ဗပါလီပြည့်တန်ဆာမ၏ ဆွမ်းကို ငါလက်ခံလိုက်ပြီ" ဟု ထိုလိစ္ဆဝီ (မင်း)တို့အား မိန့်တော်မူ၏။

ထိုအခါ ထိုလိစ္ဆဝီမင်းတို့သည် "ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့ ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့" ဟု (ဆိုလျက်) လက်ဖျားခါကုန်၏။

ထို့နောက် ထိုလိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို အလွန်နှစ်သက်၍ အနုမောဒနာပြုပြီးနောက် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားကုန်၏။

၁၆၂။ ထိုအခါ အမ္ဗပါလီပြည့်တန်ဆာမသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိအာရာမ် (ဥယျာဉ်) ၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီးလျှင် "အသျှင်ဘုရား အချိန်တန်ပါပြီ (ဆွမ်းပြင်ပြီးပါပြီ)" ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း)ကို လျှောက်စေ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ အမ္ဗပါလီပြည့်တန်ဆာမအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ အမ္ဗပါလီပြည့်တန်ဆာမသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။

မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ အမ္ဗပါလီပြည့်တန်ဆာမသည် နိမ့်သော ထိုင်စရာတခုကိုယူ၍ တခုသော နေရာ၌ ထိုင်ပြီးလျှင် "အသျှင်ဘုရား အကျွန်ုပ်သည် ဤအာရာမ် (ဥယျာဉ်) ကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူပါ၏" ဟု မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားသည် ထိုအာရာမ် (ဥယျာဉ်) ကို အလှူခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် အမ္ဗပါလီပြည့်တန်ဆာမကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်း စေတော်မူပြီးလျှင် နေရာမှ ထ၍ ကြွသွားတော်မူ၏။

မြတ်စွာဘုရားသည် ထိုဝေသာလီပြည် အမ္ဗပါလီ ပြည့်တန်ဆာမ၏ အာရာမ် (ဥယျာဉ်) ၌ နေတော်မူစဉ်လည်း ရဟန်းတို့အား ဤသို့သော တရားစကားကိုသာလျှင် အကြိမ်များစွာ ဟောတော်မူ၏—

"ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း၊ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသော အကျိုး 'အာနိသင်' ရှိ၏။ သမာဓိ၌တည်၍ ဖြစ်စေအပ်သော ပညာသည် များသော အကျိုး 'အာနိသင်' ရှိ၏။ ပညာ၌ တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ဟူသော အာသဝေါတို့မှ ကောင်းစွာသာလျှင် လွတ်မြောက်၏" ဟု (ဟောတော်မူ၏)။

http://www.dhammadownload.com



## ဝေဠုဝရွာ၌ ဝါဆိုတော်မူခြင်း

၁၆၃။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗပါလီ ပြည့်တန်ဆာမ၏ အရမ် (ဥယျာဉ်) ၌ အလို ရှိသမျှ နေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ ဝေဠုဝမည်သော ရွာသို့ ချဉ်းကပ်ကုန် အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ဝေဠုဝရွာဆီသို့ ကြွရောက် တော်မူ၏၊ မြတ်စွာဘုရားသည် ထိုဝေဠုဝရွာ၌ နေတော်မူစဉ် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ လာကုန်လော့၊ သင်တို့သည် ဝေသာလီပြည်၏ ပတ်ဝန်းကျင်ဝယ် မိတ်ဆွေ အသိ အကျွမ်းများရှိရာ၌ ဝါကပ်ကုန်လော့၊ ငါမူကား ဤဝေဠုဝရွာ၌သာလျှင် ဝါကပ်အံ့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ဝေသာလီပြည်၏ ပတ်ဝန်းကျင်ဝယ် မိတ်ဆွေ အသိအကျွမ်းရှိရာ၌ ဝါကပ်ကုန်၏။ မြတ်စွာဘုရားသည် ကား ထိုဝေဠုဝရွာ၌သာလျှင် ဝါကပ်တော်မူ၏။

၁၆၄။ ထို့နောက် ဝါကပ်ပြီးသောအခါ မြတ်စွာဘုရားအား ကြမ်းတမ်းသောရောဂါ ကပ်ရောက် လျက် သေလောက်အောင် ပြင်းထန်သော ဝေဒနာသည် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် သတိ ရှိလျက် ဆင်ခြင်လျက် ပင်ပန်းသည်ဟု မရေတွက်ပဲ သည်းခံတော်မူ၏။

ထိုအခါ "ငါသည် အလုပ်အကျွေးတို့ကို မသိစေမူ၍ ရဟန်းသံဃာကို မပန်ကြားမူ၍ ပရိနိဗ္ဗာန် ပြုခြင်းငှါ မလျောက်ပတ်၊ ငါသည် ဤရောဂါကို (ဘာဝနာ) ဝီရိယဖြင့် ပယ်ခွါ၍ အသက်ရှည်စေနိုင် သော သမာပတ်ကို ဝင်စားလျက်နေရမူ ကောင်းလေစွ" ဟု မြတ်စွာဘုရားအား အကြံ ဖြစ်တော် မူ၏။ ထို့နောက် မြတ်စွာဘုရားသည် ထိုရောဂါကို (ဘာဝနာ) ဝီရိယဖြင့် ပယ်ခွါ၍ အသက်ရှည စေနိုင်သော သမာပတ်ကို ဂင်စားလျက်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ ထိုရောဂါသည် ငြိမ်းလေ၏။

ထို့နောက် အနာရောဂါမှ ထမြောက်ပြီးသော မြတ်စွာဘုရားသည် အနာရောဂါမှ ထမြောက်၍ မကြာမီ ကျောင်းမှ ထွက်တော်မူ၍ ကျောင်း အရိပ်တွင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ ချမ်းသာတော်မူခြင်းကို တွေ့မြင်ရပါပေပြီ၊ အသျှင်ဘုရား မြတ်စွာဘုရား၏ ကျန်းမာတော်မူခြင်းကို တွေ့မြင်ရပါပေပြီ၊ အသျှင်ဘုရား ဤသို့ ယခုတွေ့မြင်ရသော်လည်း မြတ်စွာဘုရား မကျန်းမာတော်မူခြင်းကြောင့် အကျွန်ုပ်၏ ခန္ဓာကိုယ်သည် လေးလံ တောင့်တင်းနေသကဲ့သို့ ဖြစ်ပါသည်၊ အကျွန်ုပ်အား အရပ်မျက်နှာ တို့သည်လည်း မကွဲပြားပါကုန်၊ အကျွန်ုပ်အား (သတိပဋ္ဌာန် အစရှိသော) တရားတို့သည် လည်း မထင်ပေါ်ပါကုန်၊ အသျှင်ဘုရား သို့ဖြစ်သော်လည်း မြတ်စွာဘုရားသည် ရဟန်းသံဃာ

http://www.dhammadownload.com



နှင့်စပ်လျဉ်း၍ တစုံတရာ(မှာထားချက်) ကို မြွက်ကြားတော်မမူရသေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံဝင်တော် မူလိမ့်မည်မဟုတ် ဟု (အောက်မေ့နေသောကြောင့် သာ) အကျွန်ုပ်အားအနည်းငယ် သက်သာခွင့် ရရှိပါတော့သည်" ဟု (လျှောက်၏)။

၁၆၅။ အာနန္ဒာ ရဟန်းသံဃာသည် ငါ့ထံမှ အဘယ်အရာကို မျှော်လင့်နေသေးသနည်း၊ အာနန္ဒာ ငါသည် အတွင်း အပြင် မထားပဲ တရားကိုဟောခဲ့ပြီ၊ အာနန္ဒာ မြတ်စွာဘုရားတို့မည်သည်မှာ တရားတို့ (အရာ) ၌ ဆရာ့လက်ဆုပ်ပြုထားသော လျှို့ဝှက်ချက်မရှိချေ။

အာနန္ဒာ "ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့" ဟူ၍ငင်း၊ "ရဟန်းသံဃာသည် ငါ့ကိုသာလျှင် အားကိုးခြင်း ရှိနေစေ" ဟူ၍ငင်း၊ အကြင်သူအား ဤသို့ လိုလားခြင်းရှိရာ၏၊ ထိုသူ သည်သာလျှင် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ (မှာထားချက်) ကို မြွက်ဆိုရာ၏။

အာနန္ဒာ မြတ်စွာဘုရားမှာမူကား "ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့" ဟူ၍ငင်း၊ "ရဟန်းသံဃာသည် ငါ့ကိုသာလျှင် အားကိုးခြင်း ရှိနေစေ"ဟူ၍ငင်း ဤသို့သော လိုလားခြင်းသည် မရှိချေ၊ အာနန္ဒာ ထိုသို့ လိုလားခြင်းမရှိသော မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ (မှာထားချက်) ကို အဘယ်မှာမြွက်ကြားတော့အံ့နည်း။

အာနန္ဒာ ယခုအခါ ငါသည် အိုမင်းကြီးရင့်လှပါပြီ၊ အရွယ်လွန်နေပါပြီ၊ အဆုံးပိုင်းသို့ ရောက်နေ ပါပြီ၊ ငါ့အသက်ရှစ်ဆယ်ရှိနေပါပြီ။ အာနန္ဒာ လှည်းအိုသည် ဖွဲ့စည်းတုပ်နှောင်ခြင်းဖြင့် တည့်တံ့ သကဲ့သို့ ဤအတူပင် မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် ဖွဲ့စည်းတုပ်နှောင်ခြင်းနှင့်တူသော ဖလသမာ ပတ်ဖြင့် တည်တံ့လျက်ရှိ၏။

အာနန္ဒာ အကြင်အခါ မြတ်စွာဘုရားသည် အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်း ကြောင့်၎င်း အချို့သော ဝေဒနာတို့၏ ချုပ်ခြင်းကြောင့်၎င်း သခ်ါရနိမိတ်ကို အာရုံမပြုသော (အရဟတ္တဖိုလ် စိတ်နှင့်ယှဉ်သော) သမာဓိသို့ ရောက်၍နေ၏၊ အာနန္ဒာ မြတ်စွာဘုရား၏ ခန္ဓာကိုယ် သည် ထိုအခါ သာလွန်၍ ချမ်းသာပေ၏။

အာနန္ဒာ ထို့ကြောင့် (သင်တို့သည်) မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လော့၊ တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာမရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လော့။

အာနန္ဒာ အဘယ်သို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေသနည်း၊ တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာ မရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍နေသနည်း။

အာနန္ဒာ ဤ(သာသနာတော်)၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိ ရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ် ဟု အဖန်ဖန်ရှုလျက် လောက၌ (ဖြစ်တတ်သော)လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍နေ၏၊ ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ခံစားမှု'ဝေဒနာ'တို့၌ ခံစားမှု'ဝေဒနာ' ဟု အဖန်ဖန်ရှုလျက်။ပ။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက်။ပ။ သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ (ဖြစ်တတ်သော) လိုချင်တပ်မက် ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍နေ၏။

http://www.dhammadownload.com



အာနန္ဒာ ဤသို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍နေ၏၊ တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာမရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍နေ၏။

အာနန္ဒာ အကြင်ရဟန်းတို့သည် ယခုအခါ၌ဖြစ်စေ ငါ(ဘုရား)ကွယ်လွန်သောအခါ၌ဖြစ်စေ မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာမရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လတ္တံ့၊ အလုံးစုံသော ထိုရဟန်းတို့သည် အကျင့်သိက္ခာကို လိုလားသော ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံးအဖြစ်သို့ ရောက်ကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။

ဒုတိယအခန်း ပြီး၏။

---

## နိမိတ်အရိပ်အရောင်ပြတော်မူခြင်း

၁၆၆။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏။

ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခွါခဲ့ပြီးသော် "အာနန္ဒာ ထိုင်စရာအခင်းကို ယူခဲ့လော့၊ နေ့သန့်စင်နေခြင်းငှါ စာပါလစေတီသို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ထိုင်စရာအခင်းကိုယူ၍ မြတ်စွာဘုရား၏နောက်မှ နောက်မှ အစဉ်လိုက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် စာပါလစေတီသို့ ချဉ်းကပ်၍ ပြင်ထားသောနေရာ၌ ထိုင်တော်မူ၏။ အသျှင်အာနန္ဒာသည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ၏။

၁၆၇။ တခုသောနေရာ၌ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏။

အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်'တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ အာယုကပ်ထက် လွန်၍ ဖြစ်စေ တည်နိုင်ပေ၏။

http://www.dhammadownload.com



အာနန္ဒာ မြတ်စွာဘုရားသည်ကား ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်'တရားလေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏" ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပင် ပြသော်လည်း အသျှင်အာနန္ဒာသည်ကား သဘောပေါက်ခြင်ငှါ မစွမ်းနိုင်ချေ၊ (ထို့ကြောင့်) "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ မာရ်နတ်နှောင့်ယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် ဖြစ်ချေ၏။

မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း။ပ။ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာအား မိန့်တော်မူ၏—

"အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏။

အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏အခြေခံ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ အာယုကပ်ထက်လွန်၍ ဖြစ်စေ တည်နိုင်ပေ၏။

အာနန္ဒာ မြတ်စွာဘုရားသည် ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီး ဖြစ်၏၊ ဆောက်တည်ထားပြီး ဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီး ဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီး ဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ၊အာယုကပ်ထက်လွန်၍ ဖြစ်စေ တည်နိုင်ပေ၏" ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပင် ပြသော်လည်း အသျှင်အာနန္ဒာသည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ။ (ထို့ကြောင့်) "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ မာရ်နတ် နှောင့်ယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် ဖြစ်ချေ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ သင်သွားလော့၊ ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ မနီးမဝေး တခုသော သစ်ပင်ရင်း၌ ထိုင်နေလေ၏။

## မာရ်နတ်တောင်းပန်ခြင်း

၁၆၈။ ထိုအခါ အသျှင်အာနန္ဒာ ဖဲသွား၍ မကြာမြင့်မီ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ရပ်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည်၊ 'မာရ်နတ် ငါ၏တပည့် ရဟန်းတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင်မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့် လျော်သောတရားကို မကျင့်နိုင်ကြသေး၊ လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည်မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့်ရဟန်းတို့သည် တတ်သိ လိမ္မာရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ) တရားနှင့် လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့် လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ငါ၏တပည့် ရဟန်းမိန်းမတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြ

http://www.dhammadownload.com



သေး၊ (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ဆရာ့ ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သူတပါး ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူလိမ့်မည်မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့် ရဟန်းမိန်းမတို့သည် တတ်သိလိမ္မာ ရှိကြပါပြီ၊ ကောင်းစွာဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင်များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင် စေနိုင်ကြပါကုန်ပြီ၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ငါ၏ တပည့် ဥပါသကာတို့သည် အကြင်မျှလောက်ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင်မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့်လျော်သောတရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသောသူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည်မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့်သား ဥပါသကာတို့သည် တတ်သိလိမ္မာ ရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီးဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင်များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ)တရားအားလျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါကုန်ပြီ၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါကုန်ပြီ၊ ဖြစ်ပေါ်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

http://www.dhammadownload.com



အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ငါ၏ တပည့် ဥပါသိကာမတို့သည် အကြင်မျှလောက်ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင်မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့် လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည်မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့် ဥပါသိကာမတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီးဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင်များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့် လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ဆရာ့ဝါဒကိုသင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါကုန်ပြီ၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ငါ၏ မြတ်သောအကျင့် ဟု ဆိုအပ်သော ဤသာသနာတော်သည် အကြင်မျှလောက် ကာလပတ်လုံး (ပညာရှိ)နတ်လူတို့ကောင်းစွာ ပြနိုင်သည့်တိုင်အောင် မပြည့်စုံသေး၊ မစည်ပင်သေး၊ မပြန့်ပွားသေး၊ လူအများ မသိသေး၊ များစွာ မဖြစ်ထွန်းသေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည်မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ မြတ်သော အကျင့်ဟု ဆိုအပ်သော သာသနာတော်သည် (ပညာရှိ) နတ်လူတို့ကောင်းစွာ ပြနိုင်သည့်တိုင်အောင် ပြည့်စုံပါပြီ၊ စည်ပင်ပါပြီ၊ ပြန့်ပွားပါပြီ၊ လူအများသိပါပြီ၊ များစွာဖြစ်ထွန်းပါပြီ။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုရန် အချိန်တန်ပါပြီ" ဟု (လျှောက်၏)။

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ယုတ်မာသော မာရ်နတ်အား ဤစကားကိုမိန့်တော်မူ၏—

"မာရ်နတ် သင် မကြောင့်ကြလင့်၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် မကြာမီဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလလွန်သော အခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလိမ့်မည်" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## အာယုသင်္ခါရလွှတ်တော်မူခြင်း

၁၆၉။ ထိုအခါ မြတ်စွာဘုရားသည် စာပါလစေတီ၌ (နေစဉ်) သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ' ကို စွန့်လွှတ်တော်မူ၏။ မြတ်စွာဘုရားသည် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ' ကို စွန့်လွှတ်တော်မူလိုက်သောအခါ ကြက်သီးမွေးညှင်းထလျက် ကြောက်မက်ဖွယ်ရာ မြေငလျင် အကြီးအကျယ် လှုပ်ခြင်းသည် ဖြစ်လေ၏၊ တော်လည်းသံ (နတ်စည်)တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကိုသိတော်မူ၍ ထိုအခိုက်ဝယ် ဤဥဒါန်းစကားကို ကျူးရင့်တော်မူ၏—

"မြတ်စွာဘုရားသည် အတုမဲ့ နိဗ္ဗာန်နှင့် အဖန်ဖန် ဖြစ်မှု ဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်ရှိ ကိလေသာကွန်ရက်ကို ဖျက်ဆီးခဲ့လေပြီ" ဟု (ကျူးရင့်တော်မူ၏)။

## မြေကြီးလှုပ်ခြင်း၏ အကြောင်း

၁၇၀။ ထိုအခါ အသျှင်အာနန္ဒာအား ဤသို့သော အကြံသည် ဖြစ်၏—

"အံ့ဖွယ်ရှိပါပေစွ အချင်းတို့၊ မဖြစ်ဘူးမြဲဖြစ်ပါပေစွ အချင်းတို့၊ ကြက်သီးမွေးညှင်းထစေလျက် ကြောက်မက်ဖွယ်ကောင်းသော ဤမြေ (ငလျင်) လှုပ်ခြင်းသည် ကြီးကျယ်လေစွတကား၊ အလွန်ကြီးကျယ်လေစွတကား၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းသွားကုန်၏၊ အကြီးအကျယ် မြေ(ငလျင်) လှုပ်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း" ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အံ့ဖွယ်ရှိပါပေစွ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်ဘုရား၊ ကြက်သီးမွေးညှင်းထစေလျက် ကြောက်မက်ဖွယ်ကောင်းသော ဤမြေ (ငလျင်) လှုပ်ခြင်းသည် ကြီးကျယ်ပါပေစွ၊ အလွန်ကြီးကျယ်ပါပေစွ၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းသွားပါကုန်၏။ အသျှင်ဘုရား မြေ(ငလျင်) ပြင်းစွာလှုပ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု (လျှောက်၏)။

## လျှင်လှုပ်ခြင်း အကြောင်းရှစ်ပါး

၁၇၁။ အာနန္ဒာ မြေ (ငလျင်) ပြင်းစွာလှုပ်ခြင်း၏ အကြောင်းအထောက်အပံ့တို့ကား ဤ ရှစ်ပါးတို့တည်း။

အဘယ်ရှစ်ပါးတို့နည်းဟူမူ—

http://www.dhammadownload.com



အာနန္ဒာ ဤမဟာပထဝီမြေကြီးသည် ရေ၌တည်၏၊ ရေသည်လေ၌တည်၏၊ လေသည် ကောင်းကင်၌တည်၏။ အာနန္ဒာ ပြင်းထန်စွာလေတိုက်သောအခါ ရေကို လှုပ်စေကုန်၏၊ ရေလှုပ်သော် မြေကိုလှုပ်စေ၏၊ ဤကား မြေ(လျောင်)အကြီးအကျယ် လှုပ်ခြင်း၏ ရှေးဦးစွာသော အကြောင်း အထောက်အပံ့ပေတည်း။ (၁)

အာနန္ဒာ တဖန် ထို့ပြင်လည်း တန်ခိုးနှင့်ပြည့်စုံသော (အဘိညာဏ်)စိတ်၌ လေ့လာပြီးသော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ကြီးသော တန်ခိုးအာနုဘော်ရှိသော နတ်သည်၎င်း အားနည်းသောမြေ (ကသိုဏ်းဈာန်)သညာနှင့်အားကြီးသောရေ (ကသိုဏ်းဈာန်)သညာတို့ကို ပွါးများပြီးလျှင် ဤမြေကြီးကို လှုပ်စေ၏၊ တုန်လှုပ်စေ၏၊ ပြင်းစွာ တုန်လှုပ်စေ၏၊ သွက်သွက်ခါ တုန်လှုပ်စေ၏၊ ဤကား မြေ (လျောင်) အကြီးအကျယ် လှုပ်ခြင်း၏ နှစ်ခုမြောက် အကြောင်း အထောက်အပံ့ပေတည်း။ (၂)

အာနန္ဒာ တဖန် ထို့ပြင်လည်း ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ သတိရှိလျက် ဆင်ခြင်လျက် အမိဝမ်းတိုက်သို့ သက်ရောက်သောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ သွက်သွက်ခါတုန်လှုပ်၏၊ ဤကား မြေ(လျောင်) အကြီးအကျယ် လှုပ်ခြင်း၏ သုံးခုမြောက် အကြောင်း အထောက်အပံ့ပေတည်း။ (၃)

အာနန္ဒာ တဖန် ထို့ပြင်လည်း ဘုရားလောင်းသည် သတိရှိလျက် ဆင်ခြင်လျက် အမိဝမ်းတိုက်မှ ဖွားမြင်သောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ ဤကား မြေ(လျောင်) အကြီးအကျယ် လှုပ်ခြင်း၏ လေးခုမြောက် အကြောင်း အထောက်အပံ့ပေတည်း။ (၄)

အာနန္ဒာ တဖန် ထို့ပြင်လည်း မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသောအခါ ဤမြေကြီးသည်လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါတုန်လှုပ်၏၊ ဤကား မြေ(လျောင်) အကြီးအကျယ် လှုပ်ခြင်း၏ ငါးခုမြောက် အကြောင်း အထောက်အပံ့ပေတည်း။ (၅)

အာနန္ဒာ တဖန် ထို့ပြင်လည်း မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော ဓမ္မစကြာတရားကို ဟောတော်မူသောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ ဤကား မြေ (လျောင်) အကြီးအကျယ် လှုပ်ခြင်း၏ ခြောက်ခုမြောက် အကြောင်း အထောက်အပံ့ပေတည်း။ (၆)

အာနန္ဒာ တဖန် ထို့ပြင်လည်း မြတ်စွာဘုရားသည် သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ' ကို စွန့်လွှတ်တော်မူသောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါတုန်လှုပ်၏၊ ဤကား မြေ(လျောင်) အကြီးအကျယ် လှုပ်ခြင်း၏ ခုနစ်ခုမြောက် အကြောင်း အထောက်အပံ့ပေတည်း။ (၇)

အာနန္ဒာ တဖန် ထို့ပြင်လည်း မြတ်စွာဘုရားသည် ခန္ဓာနာမ်ရုပ် အကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါတုန်လှုပ်၏၊ ဤကား မြေ(လျောင်)အကြီးအကျယ် လှုပ်ခြင်း၏ ရှစ်ခုမြောက် အကြောင်း အထောက်အပံ့ပေတည်း။ (၈)

http://www.dhammadownload.com



အာနန္ဒာ မြေ (လျောင်) အကြီးအကျယ် လှုပ်ခြင်း၏ အကြောင်း အထောက်အပံ့တို့ကား ဤရှစ်ပါးတို့ပေတည်း။

## ပရိသတ် ရှစ်ပါး

၁၇၂။ အာနန္ဒာ ပရိသတ်တို့သည် ရှစ်ပါးအပြားရှိကုန်၏။

အဘယ်ရှစ်ပါးတို့နည်းဟူမူ—

မင်းပရိသတ် ပုဏ္ဏားပရိသတ် သူဌေးသူကြွယ်ပရိသတ် ရဟန်းပရိသတ် စာတုမဟာရာဇ်ပရိသတ် တာဝတိံသာပရိသတ် မာရ်နတ်ပရိသတ် ဗြဟ္မာပရိသတ် (ဤရှစ်ပါး) တို့ပေတည်း။

အာနန္ဒာ ငါသည် အရာမကသော မင်းပရိသတ် (စည်းဝေးပွဲများ)သို့ တက်ရောက်ခဲ့ဘူးသည်ကို မှတ်မိပေ၏။ ထို(မင်းပရိသတ်များ)၌ ငါသည် အတူတကွလည်း ထိုင်နေခဲ့ဘူး၏၊ အတူတကွလည်း ပြောဆိုခဲ့ဘူး၏၊ အတူတကွလည်း ဆွေးနွေးခဲ့ဘူး၏။ ထို (မင်းပရိသတ်များ)၌ ထိုမင်းတို့၏ အဆင်းကဲ့သို့ပင် ငါ၏အဆင်းသည်လည်းဖြစ်၏၊ ထိုမင်းတို့၏ အသံကဲ့သို့ပင် ငါ၏အသံသည်လည်းဖြစ်၏၊ (ငါသည် ထိုမင်းတို့ကို)တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏၊ (ဤသို့) ဟောပြောနေစဉ်၌လည်း "ဤဟောပြောနေသော ဤသူသည် အဘယ်နည်း၊ နတ်လော လူလော" ဟု ငါ့ကိုမသိကုန်။ (ငါသည်) တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေပြီးလျှင် ကွယ်ခဲ့၏။ (ဤသို့) ကွယ်ခဲ့သောအခါ၌လည်း "ဤကွယ်သွားသော ဤသူသည် အဘယ်သူနည်း နတ်လော လူလော" ဟု ငါ့ကို မသိကုန်။

အာနန္ဒာ ငါသည် အရာမကသော ပုဏ္ဏားပရိသတ် (စည်းဝေးပွဲများ) သို့ တက်ရောက်ခဲ့ဘူးသည်ကိုမှတ်မိပေ၏။ပ။ သူဌေးသူကြွယ် ပရိသတ် (စည်းဝေးပွဲများ) သို့။ ရဟန်းပရိသတ် (စည်းဝေးပွဲများ) သို့။ စာတုမဟာရာဇ်ပရိသတ် (စည်းဝေးပွဲများ) သို့။ တာဝတိံသာပရိသတ် (စည်းဝေးပွဲများ) သို့။ မာရ်နတ် ပရိသတ် (စည်းဝေးပွဲများ) သို့။ ဗြဟ္မာပရိသတ် (စည်းဝေးပွဲများ) သို့ ချဉ်းကပ်ဘူးသည်ကို မှတ်မိပေ၏။ ထို (ပရိသတ်) ၌လည်း ငါသည် အတူတကွလည်း ထိုင်နေဘူး၏၊ အတူတကွလည်း ပြောဆိုခဲ့ဘူး၏၊ အတူတကွလည်း ဆွေးနွေးခဲ့ဘူး၏။ ထို (ပရိသတ်များ) ၌ ထိုပရိသတ်တို့၏ အဆင်းကဲ့သို့ပင် ငါ၏ အဆင်းသည်လည်း ဖြစ်၏။ ထိုပရိသတ်တို့၏ အသံကဲ့သို့ပင် ငါ၏ အသံသည်လည်း ဖြစ်၏။ (ငါသည် ထို ပရိသတ်တို့ကို) တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏၊ (ဤသို့) ဟောပြောနေစဉ်၌လည်း "ဤဟောပြောနေသော ဤသူသည် အဘယ်သူနည်း နတ်လော လူလော" ဟု ငါ့ကို မသိကုန်။ (ငါသည်) တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် ကွယ်ခဲ့၏။ (ဤသို့) ကွယ်ခဲ့သော အခါ၌လည်း "ဤကွယ်သွားသော သူသည် အဘယ်သူနည်း နတ်လော လူလော" ဟု ငါ့ကိုမသိကုန်။ အာနန္ဒာ ရှစ်ပါးသော ပရိသတ်တို့ဟူသည် ဤသည်တို့ပင်တည်း။

## အဘိဘာယတနရှစ်ပါး

၁၇၃။ အာနန္ဒာ (ဆန့်ကျင်ဘက်တရားနှင့် အာရုံတို့ကို) လွှမ်းမိုးနိုင်ကြောင်း 'အဘိဘာယတန' ဈာန်တို့သည် ရှစ်ပါးအပြားရှိကုန်၏။

http://www.dhammadownload.com



အဘာယ်ရှစ်ပါးတို့နည်းဟူမူ—

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိုဏ်း) ရုပ်တို့ကိုရှု၏၊ "ထို (ရုပ်) တို့ကို လွှမ်းမိုး၍ (ငါ) သိသည် (ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား ပဌမ အဘိဘာယတန ဈာန်ပေတည်း။ (၁)

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိုဏ်း) ရုပ်တို့ကိုရှု၏၊ "ထို (ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ) သိသည် (ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား ဒုတိယ အဘိဘာယတန ဈာန်ပေတည်း။ (၂)

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်း ရှိသော ငယ်ကုန်သော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို (ရုပ်) တို့ကို လွှမ်းမိုး၍ (ငါ) သိသည် (ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား တတိယအဘိဘာယတန ဈာန်ပေတည်း။ (၃)

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌အဆင်းရုပ်ကို မရှုမှက်တော့ပဲ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်း ရှိသော ကြီးသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်) တို့ကို လွှမ်းမိုး၍ (ငါ) သိသည် (ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား စတုတ္ထ အဘိဘာယတန ဈာန်ပေတည်း။ (၄)

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်း ရုပ်ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ ညိုသော အဆင်း ညိုသော အသွေး ညိုသော အရောင် ရှိသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ဥပမာအားဖြင့် ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင် ရှိသော ညိုသော အောက်မဲညိုပန်းကဲ့သို့ရင်း၊ ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ညိုသော နှစ်ဖက်ချော အဝတ်ကဲ့သို့ရင်း၊ ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို (ရုပ်) တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား ပဉ္စမအဘိဘာယတန ဈာန်ပေတည်း။ (၅)

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်း ရုပ် ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ ဝါရွှေသော အဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ဥပမာအားဖြင့် ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော မဟာလှေကားပန်းကဲ့သို့ရင်း၊ ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဝါရွှေသော နှစ်ဖက်ချော အဝတ်ကဲ့သို့ရင်း၊ ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသော အရောင်ရှိသော ဝါရွှေသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို (ရုပ်) တို့ကို လွှမ်းမိုး၍

၁။ ဤအရာ၌ ဥမ္မာပုပ္ဖပုဒ်၏အနက်ကို အောက်မဲညိုပန်းထက်သာ၍ ညိုသောနှမ်းကြတ်ပန်း ဟု အဘိဓာန်ဋီကာသစ်၌ဆို၏။

http://www.dhammadownload.com



(ငါ) သိသည် (ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား ဆဋ္ဌအဘိဘာယတန ဈာန်ပေတည်း။ (၆)

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ နီသော အဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ဥပမာအားဖြင့် နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသောမိုးဆွေပန်းကဲ့သို့ရင်း၊ နီသော အဆင်း နီသောအသွေး နီသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် နှစ်ဖက်ချော အဝတ်ကဲ့သို့ရင်း၊ ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ နီသော အဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော (ကသိုဏ်း) ရုပ်တို့ကိုရှု၏၊ "ထို (ရုပ်) တို့ကို လွှမ်းမိုး၍ (ငါ) သိသည် (ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား သတ္တမ အဘိဘာယတန ဈာန်ပေတည်း။ (၇)

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ ဖြူသော အဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ဥပမာအားဖြင့် ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသောသောက်ရှူးကြယ်ကဲ့သို့ရင်း၊ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဖြူသောနှစ်ဖက်ချော အဝတ်ကဲ့သို့ရင်း၊ ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်တော့ပဲ အပသန္တာန်၌ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို (ရုပ်) တို့ကို လွှမ်းမိုး၍ (ငါ) သိသည် (ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ' ရှိ၏၊ ဤကား အဋ္ဌမအဘိဘာယတန ဈာန်ပေတည်း။ (၈)

အာနန္ဒာ (ဆန့်ကျင်ဘက်တရားနှင့် အာရုံတို့ကို) လွှမ်းမိုးနိုင်ကြောင်း 'အဘိဘာယတန' ဈာန်တို့သည် ဤရှစ်ပါးတို့ပင်တည်း။

## လွတ်လတ်ခြင်း 'ဝိမောက္ခ'တရားရှစ်ပါး

၁၇၄။ အာနန္ဒာ လွတ်လပ်ခြင်း 'ဝိမောက္ခ' တို့သည် ရှစ်ပါးအပြားရှိကုန်၏။

အဘယ်ရှစ်ပါးတို့နည်းဟူမူ—

(မိမိသန္တာန်၌) ကသိုဏ်းရုပ်ဈာန်ရှိသည်ဖြစ်၍ (ပြင်ပသန္တာန်၌လည်း) (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ဤကား ပဌမဝိမောက္ခပေတည်း။ (၁)

မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ ပြင်ပသန္တာန်၌ (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ဤကား ဒုတိယဝိမောက္ခပေတည်း။ (၂)

တင့်တယ်၏ ဟူ၍သာလျှင် နှလုံးသွင်း၏၊ ဤကား တတိယဝိမောက္ခပေတည်း။ (၃)

ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ" ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတန (ဈာန်)သို့ ရောက်၍ နေ၏၊ ဤကား စတုတ္ထ ဝိမောက္ခပေတည်း။ (၄)

http://www.dhammadownload.com



အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတန(စျာန်)သို့ရောက်၍နေ၏၊ ဤကား ပဉ္စမဝိမောက္ခပေတည်း။ (၅)

ဝိညာဏဉ္စာယတန(စျာန်)ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ" ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတန (စျာန်)သို့ရောက်၍နေ၏၊ ဤကား ဆဋ္ဌဝိမောက္ခပေတည်း။ (၆)

အာကိဉ္စညာယတန(စျာန်)ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန (စျာန်)သို့ ရောက်၍နေ၏၊ ဤကား သတ္တမဝိမောက္ခပေတည်း။ (၇)

နေဝသညာနာသညာယတန (စျာန်)ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)သို့ ရောက်၍ နေ၏၊ ဤကား အဋ္ဌမဝိမောက္ခပေတည်း။ (၈)

အာနန္ဒာ ရှစ်ပါးသော လွတ်လပ်ခြင်း 'ဝိမောက္ခ'တို့ ဟူသည် ဤသည်တို့ပင်တည်း။

၁၇၅။ အာနန္ဒာ ငါသည် ဘုရားဖြစ်ပြီးကာစ (အဋ္ဌမသတ္တာဟဖြစ်သော) အခါတပါး၌ ဥရုဝေဠ (တော)နေရဉ္ဇရာမြစ်ကမ်းပါးအနီး ဆိတ်ကျောင်းညောင်ပင်(ရင်း)၌နေခဲ့၏။ ထိုသို့နေစဉ် ယုတ်မာသော မာရ်နတ်သည် ငါ့ထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ရပ်လျက် ငါ့အား ဤစကားကို လျှောက်ဘူး၏—

"အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ" ဟု (လျှောက်ခဲ့ဘူး၏)။

အာနန္ဒာ ဤသို့လျှောက်သော် ငါသည် ယုတ်မာသော မာရ်နတ်အား ဤစကားကို မိန့်ဆိုခဲ့ဘူး၏ "မာရ်နတ် ငါ၏ တပည့်ရဟန်းတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင်မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ)တရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည် မဟုတ်။

မာရ်နတ် ငါ၏တပည့် ရဟန်းမိန်းမတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည် မဟုတ်။

http://www.dhammadownload.com



မာရ်နတ် ငါ၏တပည့် ဥပါသကာတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ)တရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည် မဟုတ်။

မာရ်နတ် ငါ၏တပည့် ဥပါသိကာမတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာဆုံးမပြီ မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည် မဟုတ်။

မာရ်နတ် ငါ၏ မြတ်သောအကျင့် ဟု ဆိုအပ်သော ဤသာသနာတော်သည် အကြင်မျှလောက် ကာလပတ်လုံး (ပညာရှိ) နတ်လူတို့ ကောင်းစွာပြနိုင်သည့်တိုင်အောင် မပြည့်စုံသေး၊ မစည်ပင်သေး၊ မပြန့်ပွါးသေး၊ လူအများ မသိသေး၊ များစွာ မဖြစ်ထွန်းသေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည် မဟုတ်" ဟု (မိန့်ဆိုခဲ့ဘူး၏)။

၁၇၆။ အာနန္ဒာ ယုတ်မာသော မာရ်နတ်သည် ယနေ့ ယခုပင် စာပါလစေတီ၌ ငါ့ထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ရပ်လျက် ငါ့အား ဤစကားကို လျှောက်ထားပြန်၏။

"အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည်၊ 'မာရ်နတ် ငါ၏တပည့်ရဟန်းတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး။ပ။ မာရ်နတ် ငါ၏ တပည့်ရဟန်းမိန်းမတို့သည်။ပ။ မာရ်နတ် ငါ၏တပည့် ဥပါသကာတို့သည်။ပ။ မာရ်နတ် ငါ၏တပည့် ဥပါသိကာမတို့သည်။ပ။ မာရ်နတ် ငါ၏ မြတ်သော အကျင့်ဟုဆိုအပ်သော ဤသာသနာတော်သည် အကြင်မျှလောက်သော ကာလပတ်လုံး (ပညာရှိ) နတ်လူတို့ ကောင်းစွာ ပြနိုင်သည့်တိုင်အောင် မပြည့်စုံသေး၊ မစည်ပင်သေး၊ မပြန့်ပွါးသေး၊ လူအများမသိသေး၊ များစွာ မဖြစ်ထွန်းသေး၊ ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည် မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ မြတ်သော အကျင့်ဟု ဆိုအပ်သော သာသနာတော်သည် (ပညာရှိ) နတ်လူတို့ ကောင်းစွာ ပြနိုင်သည့်တိုင်အောင် ပြည့်စုံပါပြီ၊ စည်ပင်ပါပြီ၊ ပြန့်ပွါးပါပြီ၊ လူအများသိပါပြီ၊ များစွာ ဖြစ်ထွန်းပါပြီ၊ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်

http://www.dhammadownload.com



ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား ယခု ပရိနိဗ္ဗာန် ပြုရန် အချိန်တန် ပါပြီ" ဟု (လျှောက်ထားပြန်၏)။

၁၇၇။ အာနန္ဒာ ဤသို့ မာရ်နတ်က လျှောက်ထားသော် ငါသည် ယုတ်မာသော မာရ်နတ်အား ဤစကားကို မိန့်ဆိုလိုက်၏—

"မာရ်နတ် သင်သည် မကြောင့်ကြလင့်၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် ပြုခြင်းသည် မကြာမီ ဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလ လွန်မြောက်သော အခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုလိမ့်မည် ဟု (မိန့်ဆိုလိုက်၏)။

အာနန္ဒာ မြတ်စွာဘုရားသည် ယနေ့ စာပါလစေတီ၌ (နေစဉ်) သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို ယခုပင်စွန့်လွှတ်လိုက်ပြီ" ဟု (မိန့်တော်မူ၏)။

## အသျှင်အာနန္ဒာ လျှောက်ထားတောင်းပန်ခြင်း

၁၇၈။ ဤသို့မိန့်တော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား တောင်းပန်၏—

"အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာ အလို့ငှါ လောကကိုစောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ် ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု (လျှောက်ထားတောင်းပန်၏)။

အာနန္ဒာ တန်တော့ မြတ်စွာဘုရားကို ယခုမတောင်းပန်လင့်နှင့်တော့၊ မြတ်စွာဘုရားကို တောင်းပန်ရန် ယခု အခါမဟုတ်တော့ပြီ ဟု (မိန့်တော်မူ၏)။

အသျှင်အာနန္ဒာသည် နှစ်ကြိမ်မြောက်လည်း။ပ။ အသျှင်အာနန္ဒာသည် သုံးကြိမ်မြောက် လည်း မြတ်စွာဘုရားအား ဤသို့ လျှောက်ထားတောင်းပန်၏—

"အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ် ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု (လျှောက်ထား တောင်းပန်ပြန်၏)။

အာနန္ဒာ သင်သည် မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်သည် မဟုတ်ပါလော ဟု (မိန့်တော်မူ၏)။

ယုံကြည်ပါသည် အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ ထိုသို့ ယုံကြည်ပါလျက် သင်သည် မြတ်စွာဘုရားကို အဘယ့်ကြောင့် သုံးကြိမ် တိုင်အောင် နှိပ်စက်ဘိသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ ဤစကားကို မျက်မှောက်၌ပင် ကြားရဘူး ပါ၏၊ မျက်မှောက်၌ပင်ခံယူဘူးပါ၏၊ "အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ

http://www.dhammadownload.com



'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာဆည်းပူးထား၏၊ ကောင်းစွာအားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သေပ် အာယုကပ်ပဘ်လုံးဖြဗ်စေ အာယုကပ်ထက်လွန်၍ဖြစ်စေ တည်နိုင်ပေ၏။

အာနန္ဒာ မြတ်စွာဘုရားသည်ကား ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်'တရားလေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏၊ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်လွန်၍ဖြစ်စေ တည်နိုင်၏" ဟု (ကြားနာခံယူရဘူးပါသည် ဟု လျှောက်၏)။

အာနန္ဒာ ထိုတရားကို သင်ယုံကြည်သည် မဟုတ်လော ဟု (မိန့်တော်မူ၏)။

ယုံကြည်ပါသည် အသျှင်ဘုရား (ဟု လျှောက်၏)။

အာနန္ဒာ မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပြပါလျက် သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို သင်မတောင်းပန်ခဲ့ချေ။

အာနန္ဒာ ထို့ကြောင့် ဤမတောင်းပန်ခြင်းသည် သင်၏အပြစ်သာလျှင်ဖြစ်ချေ၏၊ သင်၏ ချွတ်ယွင်းချက်သာလျှင် ဖြစ်ချေ၏။

အာနန္ဒာ သင်သည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့ငြားအံ့၊ မြတ်စွာဘုရားသည် သင်၏ တောင်းပန်စကားတို့ကို နှစ်ကြိမ်သာလျှင် ငြင်းပယ်၍ သုံးကြိမ်မြောက်မှုကား လက်ခံရာ၏၊ အာနန္ဒာ ထို့ကြောင့် ဤ (မတောင်းပန်ခြင်း)သည် သင်၏အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်၏ချွတ်ယွင်းချက်သာလျှင် ဖြစ်ချေ၏။

၁၇၉။ အာနန္ဒာအခါတပါး၌ ငါသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေခဲ့၏၊ အာနန္ဒာ ထိုသို့နေစဉ်၌လည်း သင့်အား ငါမိန့်ဆိုခဲ့ဘူး၏ "အာနန္ဒာ ရာဇဂြိုဟ်ပြည်သည်မွေ့လျော်ဖွယ်ရှိပေ၏၊ အာနန္ဒာ ဂိဇ္ဈကုဋ်တောင်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ အာနန္ဒာ တစုံတယောက်သော သူသည် ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်'တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာအားထုဘ်ဘား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်လွန်၍ ဖြစ်စေ တည်နိုင်ပေ၏။

အာနန္ဒာ မြတ်စွာဘုရားသည် ပြီးစီးခြင်း၏အခြေခံ'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီး

http://www.dhammadownload.com



ဖြစ်၏၊ အာနန္ဒာ သိဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏" ဟု (မိန့်ဆိုခဲ့ဘူး၏)။

အာနန္ဒာ မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပြုပါလျက်လည်း သင်သည် သဘောပေါက်ခြင်ငှါ မစွမ်းနိုင်ခဲ့ချေ။ "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို မတောင်းပန်ခဲ့ချေ။

အာနန္ဒာ သင်သည် အကယ်၍ ငါ့ကို ထိုအခါက တောင်းပန်ခဲ့ငြားအံ့၊ မြတ်စွာဘုရားသည် သင်၏ တောင်းပန်သောစကားတို့ကို နှစ်ကြိမ်သာလျှင်ငြင်းပယ်၍ သုံးကြိမ်မြောက်မှုကား လက်ခံရာ၏။ အာနန္ဒာ ထို့ကြောင့် ဤ (မတောင်းပန်ခြင်း)သည် သင်၏အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်၏ ချွတ်ယွင်းချက်သာလျှင် ဖြစ်ချေ၏။

၁၈၀။ အာနန္ဒာ အခါတပါး၌ ငါသည် ထုရာဇဂြိုဟ်ပြည်၌ပင်လျှင် ဂေါတမပညောင်ပင်၌ နေ၏။ပ။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် စောရပပါတ ချောက်ကမ်းပါး၌နေခဲ့၏။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ဝေဘာရတောင်၏ နံပါး သတ္တပဏ္ဏိလိုဏ်၌နေခဲ့၏။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ဣသိဂိလိတောင်၏ နံပါးကာဠသိလာ (အရပ်) ၌ နေခဲ့၏။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ယင်းတိုက်တောသပ္ပသောဏ္ဍိကတောင်ဝှမ်း၌နေခဲ့၏။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် တပေါဒါရုံကျောင်း၌ နေခဲ့၏။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ရှဉ့်စာကျွေးရာ ဝေဠုဝန်ကျောင်း၌နေခဲ့၏။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ဇီဝက၏ သရက်ဥယျာဉ်၌နေခဲ့၏။ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် မဒ္ဒကုစ္ဆိအရပ် မိဂဒါဝုန်တော၌ နေခဲ့၏။ပ။

အာနန္ဒာ ထိုသို့နေစဉ်၌လည်း သင့်ကို ငါမိန့်ဆိုခဲ့ဘူး၏ "အာနန္ဒာ ရာဇဂြိုဟ်ပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ [၁] (ဂိဇ္ဈကုဋ်တောင်သည် မွေ့လျော်ဖွယ်ရှိပေ၏) [၂] ဂေါတမပညောင်ပင်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ စောရပပါတချောက်ကမ်းပါးသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဝေဘာရတောင်၏နံပါး သတ္တပဏ္ဏိလိုဏ်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဣသိဂိလိတောင်၏နံပါး ကာဠသိလာအရပ်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ယင်းတိုက်တော သပ္ပသောဏ္ဍိကတောင်ဝှမ်းသည် မွေ့လျော်ဖွယ် ရှိပေ၏၊ တပေါဒါရုံကျောင်းသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ရှဉ့်စာကျွေးရာ ဝေဠုဝန်ကျောင်းသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဇီဝက၏ သရက်ဥယျာဉ်သည် မွေ့လျော်ဖွယ် ရှိပေ၏၊ မဒ္ဒကုစ္ဆိအရပ် မိဂဒါဝုန်တောသည် မွေ့လျော်ဖွယ် ရှိပေ၏။

အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရား လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာအားထုတ်ထား၏။ပ။ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်လွန်၍ဖြစ်စေ တည်နိုင်ပေ၏" ဟု (မိန့်ဆိုခဲ့ဘူး၏)။

---

၁။ အပိုဒ်နံပါတ် ၁၇၁-၌ ဆိုခဲ့ပြီးဖြစ်၍ ဤအရာ၌ ဤစာပိုဒ်မရှိသင့်ပြီ။

၂။ ရှေးကမြှုပ်ခဲ့ရာ ပေယျာလတို့၌ ထုတ်ဖော်တတ်စေရန် ဤစာပိုဒ်များကို ဤအရာ၌ဖော်ပြထားသည်။

http://www.dhammadownload.com



အာနန္ဒာ မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပင်ပြုပါလျက်လည်း သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာ အလို့ငှါ နတ်လူတို့၏အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီး သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံးတည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော် မူထတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို မတောင်းပန်ခဲ့ချေ။

အာနန္ဒာ သင်သည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့ငြားအံ့၊ မြတ်စွာဘုရား သည် သင်၏ တောင်းပန်သောစကားတို့ကို နှစ်ကြိမ်သာလျှင် ငြင်းပယ်၍ သုံးကြိမ်မြောက်မူကား လက်ခံရာ၏။ အာနန္ဒာ ထို့ကြောင့် ဤ(မတောင်းပန်ခြင်း)သည် သင်၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

၁၇၁။ အာနန္ဒာ အခါတပါး၌ ငါသည် ဤဝေသာလီပြည်၌ပင်လျှင် ဥဒေနစေတီ၌ နေခဲ့၏၊ ထိုသို့နေစဉ်၌လည်း သင့်အား ငါမိန့်ဆိုခဲ့ဘူး၏ "အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏"။

အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည် ထား၏၊ ကောင်းစွာဆည်းပူးထား၏၊ ကောင်းစွာအားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် လွန်၍ ဖြစ်စေ တည်နိုင်ပေ၏။

အာနန္ဒာ မြတ်စွာဘုရားသည် ပြီးစီးခြင်း၏အခြေခံ'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပွါးများထား ပြီး ဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာအားထုတ်ထားပြီးဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏" ဟု (မိန့်ဆိုခဲ့ဘူး၏)။

အာနန္ဒာ မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပင် ပြုပါလျက်လည်း သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူ တတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"ဟု မြတ်စွာဘုရားကို မတောင်းပန်ခဲ့ချေ။

အာနန္ဒာ သင်သည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့ငြားအံ့၊ မြတ်စွာဘုရား သည် သင်၏ တောင်းပန်သော စကားတို့ကို နှစ်ကြိမ်သာလျှင် ငြင်းပယ်ရာ၏၊ သုံးကြိမ်မြောက်မူကား လက်ခံရာ၏။ အာနန္ဒာ ထို့ကြောင့် ဤ(မတောင်းပန်ခြင်း)သည် သင်၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်၏ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

http://www.dhammadownload.com



၁၇၂။ အာနန္ဒာ အခါတပါး၌ ငါသည် ဤဝေသာလီပြည်၌ပင်လျှင် ဂေါတမစေတီ၌ နေခဲ့၏။ပ။ ဤဝေသာလီပြည်၌ပင်လျှင် သတ္တမ္ဗစေတီ၌ နေခဲ့၏။ ဤဝေသာလီပြည်၌ပင်လျှင် ဗဟုပုတ္တစေတီ၌ နေခဲ့၏။ ဤဝေသာလီပြည်၌ပင်လျှင် သာရန္ဒဒစေတီ၌နေခဲ့၏။

အာနန္ဒာ ယနေ့ စာပါလစေတီ၌ (နေစဉ်) ယခုပင် သင့်အား ငါ မိန့်ဆိုခဲ့ပြီ "အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဂေါတမစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏။

အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏အခြေခံ 'ဣဒ္ဓိပါဒ်'တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်လွန်၍ဖြစ်စေ တည်နိုင်ပေ၏။

အာနန္ဒာ မြတ်စွာဘုရားသည် ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်'တရားလေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်၏" ဟု (မိန့်ခဲ့ဘူး၏)။

အာနန္ဒာ မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပြုပါလျက်လည်း သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ၊ "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို မတောင်းပန်ခဲ့ချေ။

အာနန္ဒာ သင်သည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့ငြားအံ့၊ မြတ်စွာဘုရားသည် သင်၏ တောင်းပန်သော စကားတို့ကို နှစ်ကြိမ်သာလျှင် ငြင်းပယ်၍ သုံးကြိမ်မြောက်မူကား လက်ခံရာ၏၊ အာနန္ဒာ ထို့ကြောင့် ဤ(မတောင်းပန်ခြင်း)သည် သင်၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်၏ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

၁၇၃။ "အာနန္ဒာ ချစ်ခင် မြတ်နိုးသောသူ အားလုံးတို့နှင့် (ရှင်လျက်) ကွဲကွာခြင်း (သေ၍) ကွဲကွာခြင်း (ဘဝခြားလျက်) ကွဲကွာခြင်းများကို ရှေးမဆွကပင် ငါဟောကြားခဲ့ပြီး မဟုတ်ပါလော၊ အာနန္ဒာ ဤအရာ၌ အကြင်တရားသည် အသစ်ဖြစ်ပေါ်လာခြင်း၊ ထင်ရှားဖြစ်ပေါ်ခြင်း ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်း သဘောရှိ၏၊ ထိုတရားကို မပျက်စီးပါစေလင့် ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ဤသို့ ရနိုင်ရန် အကြောင်းမရှိချေ။

အာနန္ဒာ မြတ်စွာဘုရားသည် အကြင် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို စွန့်လိုက်ပြီ၊ ထွေးအံလိုက်ပြီ၊ လွှတ်လိုက်ပြီ၊ ပယ်လိုက်ပြီ၊ ပစ်လွှင့်လိုက်ပြီ၊ စွန့်လွှတ်လိုက်ပြီ၊ (ထို့ပြင်) 'မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် မကြာမီပင် ဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလလွန်သောအခါ မြတ်စွာ

http://www.dhammadownload.com



ဘုရား ပရိနိဗ္ဗာန် ပြုလိမ့်မည်'ဟု ကေန်မုချ စကားကိုလည်း မိန့်ဆိုလိုက်ပြီ၊ မြတ်စွာဘုရားအား ထိုစွန့်ပယ်လိုက်ပြီးသော အသက်ရှည်ရန် ပြုပြင်မှုကို အသက်ရှည်စေလိုသောကြောင့် တဖန်ပြန်၍ ဖြစ်စေအံ့သော အကြောင်းသည် မရှိတော့ချေ။ အာနန္ဒာ လာသွားကုန်အံ့၊ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီးဆီသို့ ချဉ်းကပ်ကုန်အံ့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာနှင့် အတူ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီးသို့ ချဉ်းကပ်တော်မူပြီးလျှင်—

"အာနန္ဒာ သင်သွားချေ၊ ဝေသာလီပြည်၌ အမှီပြုနေကုန်သော ရဟန်းအားလုံးတို့ကို ဓမ္မာရုံ၌ စုရုံးစေကုန်လော့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံခဲ့၍ ဝေသာလီပြည်၌ အမှီပြုနေကုန်သော ရဟန်းအားလုံးတို့ကို ဓမ္မာရုံ၌ စုရုံးစေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ရပ်လေ၏၊ တခုသော နေရာ၌ ရပ်ပြီးသော အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ရဟန်းသံဃာသည် စုရုံးပြီးလျက် ရှိနေပါပြီ၊ ယခုအခါ၌ ကြွတော်မူရန်အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည်" (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုအတိုင်းပင် ဖြစ်ပါသည်) ဟု လျှောက်၏။

၁၈၄။ ထိုအခါ မြတ်စွာဘုရားသည် ဓမ္မာရုံသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

## သာသနာ အရှည်တည်တံ့ရေး သုံးဆယ့်ခုနစ်ပါး

ရဟန်းတို့ ငါသည် ထူးသောဉာဏ်ဖြင့် သိ၍ ဟောတော်မူအပ်သော တရားတော်တို့ကို သင်တို့သည် ကောင်းစွာ သင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွါးများအပ်ကုန်၏၊ အဖန်ဖန် လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့ မှီဝဲပွါးများ လေ့ကျင့်သည်ရှိသော် ဤမြတ်သော အကျင့် 'သာသနာတော်'သည် အရှည်ခိုင်ခန့်လျက် ကြာမြင့်စွာ တည်တံ့ရာ၏၊ ထို(သို့တည်တံ့ခြင်း)သည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်လေရာ၏။

ရဟန်းတို့ ငါသည်' ထူးသောဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်သော တရားတို့ကို သင်တို့သည် ကောင်းစွာ သင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွါးများအပ်ကုန်၏၊ အဖန်ဖန်လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့ မှီဝဲပွါးများ လေ့ကျင့်သည်ရှိသော် ဤမြတ်သောအကျင့် 'သာသနာတော်'သည် အရှည်ခိုင်ခံ့လျက် ကြာမြင့်စွာတည်တံ့ရာ၏၊ထို(သို့တည်တံ့ခြင်း)သည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်လေရာ၏ ဟု ဆိုရာ၌ ထူးသောဉာဏ်ဖြင့် သိ၍ ငါဟောအပ်သော ထိုတရားတို့ကား အဘယ်နည်း။

ယင်းတရားတို့ကား သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင် ခုနစ်ပါး အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တို့ပေတည်း။

http://www.dhammadownload.com



ရဟန်းတို့ ငါသည် သင်တို့အား ထူးသောဉာဏ်ဖြင့် သိ၍ ဟောအပ်သော ဤတရားတော်တို့ကို သင်တို့သည် ကောင်းစွာ သင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွါးများအပ်ကုန်၏၊ အဖန်ဖန်လေ့ကျင့်အင်ကုန်၏၊ ယင်းသို့ မှီဝဲပွါးများ လေ့ကျင့်သည်ရှိသော် ဤမြတ်သောအကျင့် 'သာသနာတော်' သည် အရှည် ခိုင်ခန့်လျက် ကြာမြင့်စွာ တည်တံ့ရာ၏၊ ထို(သို့တည်တံ့ခြင်း)သည် လူအများ၏ စီးပွါးချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ ဖြစ်လေ ရာ၏ ဟု (မိန့်တော်မူ၏)။

၁၈၅။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့အား မိန့်တော်မူပြန်သည်မှာ—

"ရဟန်းတို့ သင်တို့အား ယခု ငါမိန့်မှာဦးအံ့၊ ပြုပြင်ပေးရသော 'သင်္ခါရ' တရားတို့သည် ပျက်စီး ခြင်းသဘောရှိကုန်၏၊ မမေ့သော သတိတရားဖြင့်[၁] ကိစ္စပြီးစီးအောင် အားထုတ်ကြကုန်လော့၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် မကြာမီပင် ဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလလွန်သောအခါ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုချေတော့မည်" ဟု (ဤစကားကို မြတ်စွာဘုရား မိန့်တော်မူပြန်၏)။

ဤစကားကို မိန့်တော်မူပြီးလျှင် ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည် တပါးသော ဤစကားကိုလည်း မိန့်တော်မူပြန်၏—

(ရဟန်းတို့) ငါ၏ အရွယ်သည် ရင့်ရော်လှလေပြီ၊ ငါ၏ အသက်ကြွင်းသည် နည်းလှလေပြီ၊ သင်တို့ကို စွန့်၍ သွားရတော့အံ့၊ ငါသည် မိမိ၏ ကိုးကွယ်ရာကို ပြုပြီးပြီ။

ရဟန်းတို့ မမေ့မလျော့ပဲ သတိရှိလျက် စင်ကြယ်သော သီလနှင့် ပြည့်စုံကြစေကုန်လော့၊ ကောင်းစွာ တည်ကြည်၍ ကောင်းစွာ ကြံစည်ခြင်းရှိလျက် မိမိတို့၏ စိတ်ကို စောင့်ရှောက်ကြ ကုန်လော့။

ရဟန်းတို့ ဤတရားဝိနည်း 'သာသနာတော်'၌ မမေ့မလျော့နေသောသူသည် အဖန်ဖန်ဖြစ် လျက် ပြောင်းရွှေ့ကျင်လည်ရာ 'ဘဝသံသရာ' ကို စွန့်ပယ်၍ ဒုက္ခ၏ အဆုံးကို ပြုနိုင်ပေလတ္တံ့ ဟု (မိန့်တော်မူပြန်၏)။

တတိယအခန်း ပြီး၏။

---

## ဆင်ပြောင်ကြီးကဲ့သို့ ပြန်ကြည့်တော်မူခြင်း

၁၈၆။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏။

ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်ပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခွါခဲ့ပြီးသော် ဝေသာလီပြည်ကို ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်ပါ ပြန်လှည့်လျက် ကြည့်ရှုတော်မူ၍ "အာနန္ဒာ ဤယခု

---

၁။ အပ္ပမာဒေန သမ္ပာဒေထာတိ သတိအဝိပ္ပဝါသေန သဗ္ဗကိစ္စာနိ သမ္ပာဒေယျာထ—ဟူသော အဋ္ဌကထာနှင့်အညီ သတိတရားဖြင့် ဟု ကရိုဏ်းအနက် ပြန်ဆိုထားသည်။

http://www.dhammadownload.com



ကြည့်ရှုခြင်းသည် ဝေသာလီပြည်ကို မြတ်စွာဘုရား၏ နောက်ဆုံးကြည့်ရှုခြင်းပေတည်း၊ အာနန္ဒာ လာသွားကုန်အံ့၊ ဘဏ္ဍုရွာသို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ဘဏ္ဍုရွာသို့ရောက်တော်မူ၍ ထိုဘဏ္ဍုရွာ၌ သီတင်းသုံးနေတော်မူ၏။

ထို(ရွာ)၌ (နေစဉ်)မြတ်စွာဘုရားသည် ရဟန်းတို့အား (ဤသို့)မိန့်တော်မူသည်မှာ—

ရဟန်းတို့ လေးပါးသော တရားတို့ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

အဘယ်တရားလေးပါးတို့နည်းဟူမူ—

"ရဟန်းတို့ မြတ်သော အရိယသီလကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ မြတ်သော အရိယသမာဓိကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ မြတ်သော အရိယပညာကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ မြတ်သော လွတ်မြောက်မှု 'အရိယဝိမုတ္တိ'ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ) ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ (ငါသည်) ထိုအရိယသီလကို လျော်ကန်စွာ သိပြီ၊ ထိုးထွင်း၍သိပြီ။ ထိုအရိယ သမာဓိကို လျော်ကန်စွာသိပြီ၊ ထိုးထွင်း၍သိပြီ။ ထိုအရိယပညာကို လျော်ကန်စွာသိပြီ၊ ထိုးထွင်း၍သိပြီ။ ထိုအရိယဝိမုတ္တိကို လျော်ကန်စွာသိပြီ၊ ထိုးထွင်း၍သိပြီ။ ဘဝ၌တပ်မက်ခြင်း 'ဘဝတဏှာ'ကို ဖြတ်ပြီးပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာကုန်ပြီ၊ ယခုအခါ တဖန် (ဘဝသစ်၌)ဖြစ်ခြင်းမရှိတော့ပြီ" ဟု (ဤစကားကို မြတ်စွာဘုရား မိန့်တော် မူ၏)။

ဤစကားကို မိန့်တော်မူပြီးလျှင် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည် တပါးသော ဤစကားကို မိန့်တော်မူပြန်၏—

"(များသော)အခြံအရံရှိသော ဂေါတမ (အနွယ်ဖြစ်သော)မြတ်စွာဘုရားသည် အမြတ်ဆုံး သီလ သမာဓိ ပညာ ဝိမုတ္တိ ဟူသော ဤတရားတို့ကို မှန်စွာ သိလေပြီ၊ ဤသို့ မှန်စွာသိ၍

http://www.dhammadownload.com



မြတ်စွာဘုရားသည် ရဟန်းတို့အား တရားတော်ကို ဟောကြားခဲ့လေပြီ၊ ပညာမျက်စိ[၁] (ငါးပါး) နှင့် ပြည့်စုံသော (လူနတ်တို့၏)ဆရာမြတ်စွာဘုရားသည် ကိလေသာမီး လုံးဝငြိမ်းပြီးသည် ဖြစ်၍ ဒုက္ခ၏အဆုံးကို ပြုလေပြီ" ဟု (မိန့်တော်မူပြန်၏)။

မြတ်စွာဘုရားသည် ထိုဘဏ္ဍုရွာ၌ နေတော်မူစဉ်လည်း ဤသို့သော တရားစကားကိုသာလျှင် ရဟန်းတို့အား အကြိမ်များစွာ ဟောတော်မူ၏။ "ဤကား သီလတည်း ဤကား သမာဓိတည်း ဤကား ပညာတည်း။ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသော အကျိုးအာနိသင် ရှိ၏။ သမာဓိ၌တည်၍ဖြစ်စေအပ်သော ပညာသည် များသော အကျိုးအာနိသင်ရှိ၏။ ပညာ၌ တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ဟူသော အာသဝေါတို့မှ ကောင်းစွာသာလျှင် လွတ်မြောက်၏" ဟု (ဟောတော်မူ၏)။

## မဟာပဒေသလေးပါး

၁၈၇။ ထိုအခါ မြတ်စွာဘုရားသည် ဘဏ္ဍုရွာ၌ အလိုရှိသမျှနေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ ဟတ္ထိရွာ အမ္ဗရွာ ဇမ္ဗုရွာနှင့် ဘောဂမြို့သို့ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ဘောဂမြို့သို့ ကြွရောက်တော်မူ၏။

မြတ်စွာဘုရားသည် ထိုဘောဂမြို့ အာနန္ဒစေတီ၌ နေတော်မူ၏။ ထိုအာနန္ဒစေတီ၌ (နေတော်မူစဉ်) မြတ်စွာဘုရားသည် "ရဟန်းတို့ မဟာပဒေသ[၂] လေးပါးတို့ကို ဟောကြားအံ့၊ ထိုမဟာပဒေသ တရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့" ဟု ရဟန်းတို့အား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ မြတ်စွာ ဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၁၈၈။ ရဟန်းတို့ ဤ(သာသနာတော်)၌ (တစုံတယောက်သော) ရဟန်းသည် ဤသို့ ပြောဆို ငြားအံ့—

"ငါ့သျှင်တို့ ငါသည် ဤတရားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာခဲ့ရပါ၏၊ ခံယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားသျှင့် အဆုံးအမတော်ပါတည်း" ဟု (ပြောဆိုငြားအံ့)။

---

၁။ ပညာမျက်စိငါးပါးဟူသည်ကား ၁-ဗုဒ္ဓစက္ခု = ဘုရားမျက်စိ (အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယပရောပရိယတ္တိဉာဏ်)။ ၂-သမန္တစက္ခု = ထက်ဝန်းကျင်မြင်နိုင်သော သဗ္ဗညုတဉာဏ်။ ၃-ဉာဏစက္ခု = သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ဟူသော ဉာဏ်မျက်စိ။ ၄-ဒိဗ္ဗစက္ခု = နတ်မျက်စိနှင့်တူသော အဘိညာဉ်မျက်စိ။ ၅-ဓမ္မစက္ခု = အောက်မဂ်ဉာဏ် သုံးပါးဟူသော တရားမျက်စိတို့ပေတည်း။

၂။ ဂုဏ်ကြီးသူတို့ကို ကိုးကား၍ ပြောဆိုသောတရားစကားတို့ကို အမှားအမှန် ဝေဖန်ဆုံးဖြတ်ရန် နည်းညွှန်ဥပဒေသများဟု ဆိုလိုသည်။

http://www.dhammadownload.com



ရဟန်းတို့ ထိုရဟန်း၏ စကားကို လက်လည်းမခံအပ်သေး၊ ပယ်လည်းမပယ်အပ်သေး၊ လက်လည်း မခံ ပယ်လည်း မပယ်သေးပဲ ထို(ပြောဆိုသော)ပုဒ်ဗျည်းတို့ကို ကောင်းစွာ မှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှီးနှောကြည့်အပ်ကုန်၏။

(ဤသို့)သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှောကြည့်သည်ရှိသော် ထို(ပုဒ်ဗျည်း)တို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှီးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော် စင်စစ်မဟုတ်ချေ၊ ဤရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့ ဤသို့(ဆုံးဖြတ်၍) ထိုစကားကို ပယ်ကြလေ။

(သို့မဟုတ်)သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှောကြည့်သည်ရှိသော် ထို(ပုဒ်ဗျည်း)တို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း နှီးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော် စင်စစ် ဖြစ်ပေသည်၊ ဤရဟန်း၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့ ရှေးဦးစွာသော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။ (၁)

ရဟန်းတို့ ထို့ပြင် ဤ(သာသနာတော်)၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့—

"ဤမည်သော ကျောင်း၌ အကြီးအမှူးမထေရ်နှင့် တကွသော သံဃာသည် နေလျက်ရှိ၏၊ ငါသည် ထိုသံဃာ၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ သင်ယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားသျှင့် အဆုံးအမတော်ပါတည်း" ဟု (ပြောဆိုငြားအံ့)။

ရဟန်းတို့ ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်းမပယ်အပ်သေး၊ လက်လည်းမခံ ပယ်လည်းမပယ်မူ၍ ထို (ပြောဆိုသော) ပုဒ်ဗျည်းတို့ကို ကောင်းစွာ မှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှီးနှော ကြည့်အပ်ကုန်၏။

(ဤသို့) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှောကြည့်သည်ရှိသော် ထို (ပုဒ်ဗျည်း) တို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှီးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထို မြတ်စွာဘုရား၏ စကား တော်စင်စစ်မဟုတ်ချေ၊ ထို သံဃာ၏ မှားယွင်းစွာ သင်ယူထားသောစကားသာ ဖြစ်ချေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့ ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို ပယ်ကြလေ။

(သို့မဟုတ်) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှော ကြည့်သည်ရှိသော် ထို (ပုဒ်ဗျည်း)တို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်းနှီးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော်စင်စစ်ဖြစ်ပေသည်။ ထိုသံဃာ၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့ နှစ်ခုမြောက်သော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။ (၂)

ရဟန်းတို့ ထို့ပြင် ဤ (သာသနာတော်)၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့—

http://www.dhammadownload.com



"ဤမည်သော ကျောင်း၌ အကြားအမြင်များကုန်သော ပါဠိတော်ကို နှုတ်ငုံဆောင်ကုန်သော တရားတော် ဝိနည်းတော်ကို ဆောင်ကုန်သော ပါတိမောက်ကို ဆောင်ကုန်သော များစွာသော မထေရ်ရဟန်းတို့သည် နေလျက်ရှိနေကုန်၏၊ ငါသည် ထိုမထေရ်တို့၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ ခံယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကားဘုရားသျှင့် အဆုံးအမတော်ပါတည်း" ဟု (ပြောဆိုငြားအံ့)။

ရဟန်းတို့ ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး။ပ။ ဝိနည်း၌လည်း မနှီးနှော မိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော် စင်စစ်မဟုတ်ချေ၊ ထိုမထေရ်တို့၏ မှားယွင်းစွာ သင်ယူထားသော စကားသာဖြစ်ချေသည်" ဟု ဤအရာ၌ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို ပယ်ကြလေ။

(သို့မဟုတ်) သုတ်တရားတော်၌ သွင်းကြည့်လျက်။ပ။ ထို (ပုဒ်ဗျည်း) တို့သည် ဝိနည်းတော်၌လည်း နှီးနှောမိကုန်ငြားအံ့၊ "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော် စင်စစ်ဖြစ်ပေသည်၊ ထိုမထေရ်တို့၏ ကောင်းစွာ သင်ယူထားသော စကားလည်းဖြစ်ပေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ သုံးခုမြောက်သော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။ (၃)

ရဟန်းတို့ ထို့ပြင် ဤ (သာသနာတော်) ၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့။

"ဤမည်သော ကျောင်း၌ အကြားအမြင်များသော ပါဠိတော်ကို နှုတ်ငုံဆောင်သော တရားတော် ဝိနည်းတော်ကို ဆောင်သော ပါတိမောက်ကို ဆောင်သော တဦးသော မထေရ်သည် နေလျက်ရှိ၏၊ ငါသည် ထိုမထေရ်၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ ခံယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားသျှင် အဆုံးအမတော်ပါတည်း" ဟု (ပြောဆိုငြားအံ့)။

ရဟန်းတို့ ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်း မပယ်အပ်သေး၊ လက်လည်းမခံ ပယ်လည်းမပယ်မူ၍ ထို (ပြောဆိုသော) ပုဒ်ဗျည်းတို့ကို ကောင်းစွာ မှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှီးနှောကြည့်အပ်ကုန်၏။

(ဤသို့) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှောကြည့်သည်ရှိသော် ထို (ပုဒ်ဗျည်း) တို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှီးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏စကားတော် စင်စစ်မဟုတ်ချေ၊ ထိုမထေရ်၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ ဤသို့ (ဆုံးဖြတ်၍)ထိုစကားကို ပယ်ကြလေ။

(သို့မဟုတ်) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှောကြည့်သည်ရှိသော် ထို(ပုဒ်ဗျည်း)တို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း နှီးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုမထေရ်၏ကောင်းစွာသင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ လေးခုမြောက်သော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။ (၄)

ရဟန်းတိ ဤမဟာပဒေသ လေးပါးတို့ကို မှတ်ထားကုန်လော့ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ထိုဘောဂမြို့ အာနန္ဒစေတီ၌ နေတော်မူစဉ်လည်း ဤသို့သော တရားစကားကိုသာလျှင် ရဟန်းတို့အား အကြိမ်များစွာ ဟောတော်မူ၏၊ "ဤကား သီလတည်း ဤကား သမာဓိတည်း ဤကား ပညာတည်း သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသော အကျိုး အာနိသင်ရှိ၏။ သမာဓိ၌ တည်၍ဖြစ်စေအပ်သော ပညာသည် များသော အကျိုး အာနိသင်ရှိ၏။ ပညာ၌တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ဟူသော အာသဝေါတို့မှ ကောင်းစွာသာလျှင် လွတ်မြောက်၏" ဟု (ဟောတော်မူ၏)။

## စုန္ဒပန်းထိမ်သည်ဝတ္ထု

၁၈၉။ ထိုအခါ မြတ်စွာဘုရားသည် ဘောဂမြို့၌ အလိုရှိသမျှ နေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ ပါဝါပြည်သို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ပါဝါပြည်သို့ ကြွရောက်တော်မူပြီးလျှင် ရွှေပန်းထိမ်သည့်သား စုန္ဒ၏သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ ရွှေပန်းထိမ်သည့်သား စုန္ဒသည် မြတ်စွာဘုရား ပါဝါပြည်သို့ရောက်တော်မူ၍ မိမိသရက်ဥယျာဉ်၌ နေတော်မူကြောင်းကို ကြားလေ၏။

ထိုအခါ ရွှေပန်းထိမ်သည့်သား စုန္ဒသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ထိုင်နေသော ရွှေပန်းထိမ်သည့်သား စုန္ဒအား မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။

မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသည်ရှိသော် ရွှေပန်းထိမ်သည့်သား စုန္ဒသည် "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထိုအခါ ရွှေပန်းထိမ်သည့်သား စုန္ဒသည် မြတ်စွာဘုရားလက်ခံတော်မူသည်ကို သိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲ၍သွားလေ၏။

ထိုအခါ ရွှေပန်းထိမ်သည့်သား စုန္ဒသည် ထိုညဉ့်လွန်မြောက် ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကိုလည်း နူးညံ့သော ဝက်သား 'သူကရမဒ္ဒဝ' [၁] များကိုလည်း စီရင်စေပြီးလျှင် "အသျှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ" ဟု အချိန်(တန်ကြောင်း) ကို မြတ်စွာဘုရားအား လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ ရွှေပန်းထိမ်သည့်သား စုန္ဒနေအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင် တော်မူ၏။

---

၁။ ဤအရာ၌ နွားနို့ အရသာငါးမျိုး ကြိုချက်ပြုတ်နည်းအစီအရင်ဖြင့် ကောင်းစွာစီရင်ထားသော နူးညံ့သော ထမင်းကို သူကရမဒ္ဒဝဟု ကေဆရာတို့ကဆိုကြသည်ဟူ၍လည်း ရသာယနအစီအရင်ဖြင့် ကောင်းစွာ စီရင်ထားသော စားဖွယ်ကို သူကရမဒ္ဒဝဟုကေစိဆရာတို့က ဆိုကြသည်ဟူ၍လည်း အဋ္ဌကထာ၌ဖော်ပြထားသေး၏။

http://www.dhammadownload.com



ထိုင်တော်မူပြီးလျှင် မြတ်စွာဘုရားသည် "စုန္ဒ သင်စီရင်ထားသည့် နူးညံ့သော ဝက်သားဖြင့် ငါ့ကိုလုပ်ကျွေးလော့၊ သင်စီရင်ထားသည့် အခြားခဲဖွယ်ဘောဇဉ်ဖြင့် ရဟန်းသံဃာကို လုပ်ကျွေးလော့" ဟု ရွှေပန်းထိမ်သည့်သား စုန္ဒအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ရွှေပန်းထိမ်သည့်သား စုန္ဒသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် စီရင်ထားသည့် နူးညံ့သော ဝက်သားဖြင့် မြတ်စွာဘုရားကို လုပ်ကျွေး၏။ စီရင်ထားသည့် အခြားခဲဖွယ်ဘောဇဉ်ဖြင့် ရဟန်းသံဃာကို လုပ်ကျွေး၏။

ထိုအခါ မြတ်စွာဘုရားသည် ရွှေပန်းထိမ်သည့်သား စုန္ဒကို မိန့်တော်မူ၏။

"စုန္ဒ သင်၏ ကြွင်းကျန်သော နူးညံ့သော ဝက်သားကို တွင်း၌ မြှုပ်လိုက်လော့၊ စုန္ဒ နတ် မာရ် နတ် ပြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏပြာဟ္မဏ မင်းများ လူများနှင့် တကွသော ဤလူ့လောက၌ ထို (နူးညံ့သော ဝက်သား) ကိုစားလျှင် မြတ်စွာဘုရားမှတပါး ကောင်းစွာ အစာကြေအံ့သော ပုဂ္ဂိုလ်ကို ငါမမြင်မတွေ့ရချေ" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ရွှေပန်းထိမ်သည့်သား စုန္ဒသည် မြတ်စွာဘုရားအား ဝန်ခံ၍ ကြွင်းကျန်သော နူးညံ့သော ဝက်သားကို တွင်း၌မြှုပ်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ရွှေပန်းထိမ်သည့်သား စုန္ဒကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် နေရာမှထကာ ကြွသွားတော်မူလေ၏။

၁၉၀။ ထိုနောက် ရွှေပန်းထိမ်သည့်သား စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသော အခါ မြတ်စွာဘုရားအား ကြမ်းတမ်းသော အနာရောဂါ ကပ်ရောက်လျက် သေလောက်အောင် ပြင်းထန်သော ဝမ်းသွေးသွန် ရောဂါဝေဒနာတို့သည် ဖြစ်ပေါ်လာကုန်၏၊ မြတ်စွာဘုရားသည် ထိုဝေဒနာတို့ ကိုသတိရှိလျက် ဆင်ခြင်လျက် ပင်ပန်းသည်ဟု မရေတွက်ပဲ သည်းခံတော်မူ၏။

ထို အခါ ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည် "အာနန္ဒာ လာသွားကုန်အံ့၊ ကုသိနာရုံ ပြည်သို့ ချဉ်းကပ်ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

## သီးခြားဂါထာများ

မြတ်စွာဘုရားသည် ရွှေပန်းထိမ်သည့်သား စုန္ဒ၏ (နူးညံ့သောဝက်သား) ဆွမ်းကို ဘုဉ်းပေး တော်မူပြီး၍ သေလောက်အောင် ပြင်းထန်သော အနာရောဂါကို ရတော်မူသည် ဟု ပြောကြ သည်ကို ကျွန်ုပ် ကြားရပါ၏။

နူးညံ့သော ဝက်သားဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ မြတ်စွာဘုရားအား ပြင်းထန် သော အနာရောဂါ ဖြစ်ပေါ်လေ၏၊ မြတ်စွာဘုရားသည် ဝမ်းသွေးသွန်တော်မူသည်ဖြစ်၍ ကုသိနာရုံပြည်သို့ ငါကြွအံ့ ဟု မိန့်တော်မူလေ၏။

http://www.dhammadownload.com



## သောက်ရေဆောင်စေတော်မူခြင်း

၁၉၁။ ထိုအခါ မြတ်စွာဘုရားသည် လမ်းခရီးမှဖဲ၍ တခုသော သစ်ပင်ရင်းသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာအား မိန့်တော်မူ၏—

"အာနန္ဒာ ငါ၏ ဒုကုဋ္ဌသင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့၊ အာနန္ဒာ (ငါ) ပင်ပန်းလာပြီ ထိုင်ဦးအံ့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ဒုကုဋ္ဌသင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေး၏။ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် "အာနန္ဒာ သောက်ရေကို ဆောင်ချေလော့၊ (ငါ)မွတ်သိပ်၏၊ (ရေ)သောက်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

"အသျှင်ဘုရား လှည်းအစီးငါးရာတို့ ယခုပင် ဖြတ်ကူးသွားကြပါ၏၊ လှည်းများဖြတ်ကူး ထားသောကြောင့် ထိုအနည်းငယ်သော (ချောင်း) ရေသည် ချောက်ချားနောက်ကျုလျက် စီးနေပါ၏၊ အသျှင်ဘုရား ကကုဓာမြစ်သည် မဝေးလှတော့ပါ၊ (ထိုမြစ်သည်) ကြည်လင်သော ရေရှိပါ၏၊ ချိုမြိန်သောရေရှိပါ၏၊ အေးမြသော ရေရှိပါ၏၊ ညွန်ကင်းသောရေရှိပါ၏၊ ကောင်းသော ဆိပ်ကမ်းရှိပါ၏၊ မွေ့လျော်ဖွယ်ရှိပါ၏။ ဤ(ကကုဓာမြစ်)၌ မြတ်စွာဘုရားသည် ရေကိုလည်း သောက်တော်မူရပါလတ္တံ့၊ ကိုယ်တော်ကိုလည်း အေးမြအောင် ပြုတော်မူရပါလတ္တံ့" ဟု (လျှောက်၏)။

"အာနန္ဒာ သောက်ရေကို ဆောင်ချေလော့၊ (ငါ)မွတ်သိပ်၏၊ (ရေ) သောက်အံ့" ဟု မြတ်စွာဘုရားသည် အသျှင်အာနန္ဒာအား နှစ်ကြိမ်မြောက်လည်း မိန့်တော်မူပြန်၏။

နှစ်ကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ပြန်၏—

"အသျှင်ဘုရား လှည်းအစီးငါးရာတို့ ယခုပင် ဖြတ်ကူးသွားကြပါ၏၊ လှည်းများဖြတ်ကူးထားသောကြောင့် ထိုအနည်းငယ်သော (ချောင်း) ရေသည် ချောက်ချားနောက်ကျုလျက် စီးနေပါ၏၊ အသျှင်ဘုရား ကကုဓာမြစ်သည် မဝေးလှတော့ပါ၊ (ထိုမြစ်သည်) ကြည်လင်သော ရေရှိပါ၏၊ ချိုမြိန်သောရေရှိပါ၏၊ အေးမြသောရေရှိပါ၏၊ ညွန်ကင်းသော ရေရှိပါ၏၊ ကောင်းသော ဆိပ်ကမ်းရှိပါ၏၊ မွေ့လျော်ဖွယ်ရှိပါ၏၊ ဤ(ကကုဓာမြစ်)၌ မြတ်စွာဘုရားသည် ရေကိုလည်း သောက်တော်မူရပါလတ္တံ့၊ ကိုယ်တော်ကိုလည်း အေးမြအောင် ပြုတော်မူရပါလတ္တံ့" ဟု (လျှောက်ပြန်၏)။

"အာနန္ဒာ သောက်ရေကို ဆောင်ချေလော့၊ ငါမွတ်သိပ်၏(ရေ)သောက်အံ့" ဟု မြတ်စွာဘုရားသည် အသျှင်အာနန္ဒာအား သုံးကြိမ်မြောက်လည်း မိန့်တော်မူပြန်၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် သပိတ်ကိုယူကာ ထိုချောင်းဆီသို့ ချဉ်းကပ်လေ၏။ ထိုအခါ လှည်းများ ဖြတ်ကူးထားသောကြောင့်

http://www.dhammadownload.com



ချောက်ချားနောက်ကျုလျက် စီးနေသော ထိုချောင်းရေ အနည်းငယ်သည် အသျှင်အာနန္ဒာ ချဉ်းကပ်လေလျှင် ကြည်လင်သန့်ရှင်း နောက်ကျုခြင်းကင်းလျက် စီးလေ၏။

ထိုအခါ အသျှင်အာနန္ဒာသည် ထိုသို့ ဆင်ခြင်မိ၏။

"မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးသည်၏ အဖြစ်သည် အံ့ဖွယ်ရှိပါပေစွ အချင်းတို့၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အချင်းတို့၊ လှည်းများဖြတ်ကူးထားသောကြောင့် ချောက်ချား နောက်ကျုလျက် စီးနေသော ဤချောင်းရေ အနည်းငယ်သည် ငါချဉ်းကပ်သောအခါ ကြည်လင်သန့်ရှင်း နောက်ကျုကင်းလျက် စီးဘိ၏" ဟု ဆင်ခြင်ပြီးလျှင်—

သပိတ်ဖြင့် သောက်ရေကို ခပ်ယူကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အသျှင်ဘုရား မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြီးသည်၏ အဖြစ်သည် အံ့ဖွယ် ရှိပါပေစွ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ။ အသျှင်ဘုရား ယခုပင် လှည်းများ ဖြတ်ကူးထားသောကြောင့် ချောက်ချားနောက်ကျုလျက် စီးနေသော ထိုချောင်းရေ အနည်းငယ်သည် အကျွန်ုပ် ချဉ်းကပ်သွားသောအခါ ကြည်လင်သန့်ရှင်းနောက်ကျုကင်းလျက် စီးပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ သောက်ရေကို သုံးဆောင်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သောက်ရေကို သုံးဆောင်တော်မူပါလော့" ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် သောက်ရေကို သုံးဆောင်တော်မူ၏။

## ပုက္ကုသမလ္လမင်းသားအကြောင်း

၁၉၂။ ထိုစဉ်အခါ ကာလာမ အနွယ် အာဠာရ၏တပည့်ဖြစ်သော မလ္လမင်းသား ပုက္ကုသသည် ကုသိနာရုံမှ ပါဝါ(ပြည်)သို့ ခရီးသွားလျက် ရှိလေ၏။ (ထို)မလ္လမင်းသား ပုက္ကုသသည် တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကိုမြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အံ့ဖွယ်ရှိပါပေစွ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်ဘုရား၊ ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွတကား။

အသျှင်ဘုရား ရှေး၌ဖြစ်ဘူးသည်ကား ကာလာမအနွယ်ဖြစ်သော အာဠာရသည် ခရီးသွားစဉ် လမ်းမှဖဲ၍ (လမ်း၏)အနီး တခုသော သစ်ပင်ရင်း၌ နေ့သန့်စင်ရန် ထိုင်နေပါ၏။ အသျှင်ဘုရား ထိုအခါ ငါးရာမျှသော လှည်းတို့သည် ကာလာမအနွယ်ဖြစ်သော အာဠာရ၏အနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားပါကုန်၏။

အသျှင်ဘုရား ထိုလှည်းငါးရာနောက် လိုက်လာသော ယောကျ်ားတယောက်သည် ထိုလှည်းငါးရာ၏ နောက်မှ နောက်မှ လိုက်လာသော ကာလာမအနွယ်ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်

http://www.dhammadownload.com



ပြီးလျှင် "အသျှင်ရသေ့ ဖြတ်သန်းသွားသော လှည်းငါးရာတို့ကို မြင်လိုက်ပါ၏လော" ဟု အာဠာရအား မေး၏။

"ဒါယကာ ငါမမြင်လိုက်ပေ" ဟု (ပြော၏)။

အသျှင်ရသေ့ အသို့ပါနည်း (ထိုလှည်းတို့၏)အသံကို ကြားလိုက်ပါ၏လော ဟု (မေးပြန်၏)။

"ဒါယကာ အသံကိုလည်း ငါမကြားလိုက်ပေ" ဟု (ပြော၏)။

အသျှင်ရသေ့ အသို့ပါနည်း အိပ်ပျော်နေပါသလော ဟု (မေးပြန်၏)။

"ဒါယကာ ငါအိပ်ပျော်နေသည်လည်း မဟုတ်ပေ" ဟု (ပြော၏)။

အသျှင်ရသေ့ အသို့ပါနည်း စိတ်သညာရှိနေပါ၏လော ဟု (မေးပြန်၏)။

"ဒါယကာ စိတ်သညာလည်း ရှိနေပေ၏" ဟု (ပြော၏)။

အသျှင်ရသေ့ အသျှင်သည် အနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားကြသော လှည်းငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမမြင်လိုက် အသံကိုလည်း မကြားလိုက် ဟု (ဆို၏)၊ သို့သော်လည်း အသျှင်၏ ဒုကုဋ်သင်္ကန်း၌ မြူအလိမ်းလိမ်းကပ်နေသည် မဟုတ်ပါလော ဟု (ဆို၏)။

"ဒါယကာ ဟုတ်ပေ၏" ဟု (အာဠာရသည် ဆို၏)။

အသျှင်ဘုရား ထိုအခါ ထိုယောကျ်ားသည် ဤသို့ ဆင်ခြင်မိပါသည်—

"အံ့ဖွယ်ရှိပါပေစွ အချင်းတို့၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အချင်းတို့၊ ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွတကား၊ ဤအာဠာရရသေ့သည် အနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားကြသော လှည်းငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်း မမြင်လိုက်ပဲ ရှိတုံဘိ၏၊ အသံကိုလည်း မကြားလိုက်ပဲ ရှိတုံဘိ၏" ဟု ဆင်ခြင်လျက် ကာလာမ အနွယ်ဖြစ်သော အာဠာရအပေါ်၌ လွန်ကဲသော ကြည်ညိုခြင်းကို လျှောက်ကြားပြီးလျှင် ဖဲခွါသွားပါသည် ဟု (မြတ်စွာဘုရားအား လျှောက်၏)။

၁၉၃။ ပုက္ကုသ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ တဦးသောသူသည် အနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားကြသော လှည်းငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်း မမြင်ရာ၊ အသံကိုလည်း မကြားရာ၊ အခြားတဦးသော သူသည်ကား စိတ်သညာရှိ၍ နိုးကြားနေပါလျက် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် မြင်လည်းမမြင်ရာ အသံကိုလည်းမကြားရာ (ထိုသူနှစ်ဦးတို့ဘွင်) အဘယ်သူ၏ အမှုသည် ပြုရန်လည်း သာ၍ ခဲယဉ်းသနည်း၊ ဖြစ်ရန်လည်းသာ၍ ခဲယဉ်းသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား လှည်းအစီး ငါးရာဖြစ်စေ ခြောက်ရာဖြစ်စေ ခုနစ်ရာဖြစ်စေ ရှစ်ရာဖြစ်စေ ကိုးရာဖြစ်စေ တထောင်ဖြစ်စေ လှည်းအစီး တသိန်းဖြစ်စေ အဘယ်ပြုနိုင်အံ့နည်း၊ (အနီး၌ကပ်လျက် ဖြတ်သန်းသွားကြသော ထိုလှည်းများကို မမြင်မကြားပဲ နေနိုင်သူ၏ အမှုသည် ခဲယဉ်း၏ ဟု မပြောပလောက်ပါ)။ စင်စစ်အားဖြင့်သော်ကား မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များ ပြက်၍ မိုးကြိုးပစ်စဉ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမမြင်ပဲ အသံကိုလည်း မကြားပဲ နေနိုင်

http://www.dhammadownload.com



သူ၏ အမှုသည်သာလျှင် ပြုရန်လည်း သာ၍ ခဲယဉ်းလှပါ၏၊ ဖြစ်ရန်လည်း သာ၍ ခဲယဉ်းလှပါ၏ ဟု (လျှောက်၏)။

ပုက္ကုသ အခါတပါး၌ ငါသည် အာတုမ(မြို့) ကောက်ရိုးတဲ(ကျောင်း)၌ သီတင်းသုံးနေလျက် ရှိ၏။ ထိုအခါ မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များ ပြက်၍ မိုးကြိုးပစ်သောကြောင့် ကောက်ရိုးတဲ(ကျောင်း)၏ အနီး၌ နွားလားလေးကောင်နှင့် လယ်သမားညီနောင် နှစ်ယောက်တို့သည် သေလေကုန်၏။

ပုက္ကုသ ထိုအခါ၌ များစွာသော လူစုသည် အာတုမမြို့မှထွက်လာ၍ ထိုနွားလားလေးကောင်နှင့် လယ်သမားညီနောင်နှစ်ယောက်တို့ သေနေရာ အရပ်သို့ ချဉ်းကပ်လေ၏။

ပုက္ကုသ ထိုအခါ ငါသည် ကောက်ရိုးတဲ(ကျောင်း)မှထွက်၍ ကောက်ရိုးတဲ (ကျောင်း)တံခါး (အနီး)လွင်ပြင်၌ စင်္ကြံသွားလျက်နေ၏။ ပုက္ကုသ ထိုအခါ ထိုများစွာသော လူစုထည်းမှ ယောကျ်ားတယောက်သည် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်နေ၏၊ ပုက္ကုသ ငါသည် ထိုယောကျ်ားအား "ဒါယကာ ဤများစွာသော လူစုသည် အဘယ့်ကြောင့် စုဝေးနေသနည်း" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မိုးရွာ၍ တချုန်းချုန်းမိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်သောကြောင့် နွားလားလေးကောင်နှင့် လယ်သမားညီနောင်နှစ်ယောက်တို့ သေဆုံးသွားကြပါ၏၊ ဤအကြောင်းကြောင့် များစွာသော လူစုသည် စုဝေးနေပါ၏။

အသျှင်ဘုရား အသျှင်ဘုရားသည်ကား အဘယ်အရပ်မှာ ရှိနေပါသနည်း ဟု (လျှောက်၏)။

"ဒါယကာ ငါသည် ဤအရပ်၌ပင် ရှိနေပေ၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အသို့ပါနည်း မြင်တော်မူလိုက်ပါ၏လော ဟု (လျှောက်၏)။

"ဒါယကာ ငါသည် မမြင်လိုက်ပေ" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အသို့ပါနည်း အသံကို ကြားတော်မူလိုက်ပါ၏လော ဟု (လျှောက်၏)။

"ဒါယကာ အသံကိုလည်း ငါမကြားလိုက်ပေ" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အသို့ပါနည်း အိပ်ပျော်နေပါသလော ဟု (လျှောက်၏)။

"ဒါယကာ ငါသည် အိပ်ပျော်နေသည်လည်း မဟုတ်ပေ" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အသို့ပါနည်း စိတ်သညာရှိနေပါ၏ လော ဟု (လျှောက်၏)။

"ဒါယကာ စိတ်သညာလည်း ရှိနေပေ၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အသျှင်ဘုရားသည် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမြင်တော်မမူလိုက်ပဲ အသံကိုလည်း ကြားတော်မမူလိုက်ပဲ ရှိပါသလော ဟု (လျှောက်၏)။

"ဒါယကာ ဟုတ်ပေ၏" ဟု ငါဆိုခဲ့၏။

ပုက္ကုသ ထိုအခါ ထိုယောကျ်ားသည် ဤသို့ ဆင်ခြင်မိ၏။

"အံ့ဖွယ်ရှိပါပေစွ အချင်းတို့၊ မဖြစ်ဘူးမြဲဖြစ်ပါပေစွ အချင်းတို့၊ ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွ တကား။ (ဤမြတ်စွာဘုရားသည်) မိုးရွာ၍

http://www.dhammadownload.com



တချုန်းချုန်းမိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမမြင်လိုက်ပဲ ရှိတုံဘိ၏၊ အသံကိုလည်း မကြားလိုက်ပဲ ရှိတုံဘိ၏" ဟု ဆင်ခြင်လျက် ငါ့အပေါ်၌ လွန်ကဲသော ကြည်ညိုခြင်းကို လျှောက်ကြားပြီးလျှင် ငါ့ကို ရှိခိုး၍ အရိုအသေ ပြုလျက် ဖဲ၍သွားလေသည် ဟု (ပုက္ကုသအား မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် မလ္လမင်းသား ပုက္ကုသသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အသျှင်ဘုရား အကျွန်ုပ်သည် ကာလာမအနွယ် အာဠာရအပေါ်၌ ကြည်ညိုနေသော သဒ္ဓါတရားကို လေပြင်းမုန်တိုင်း၌မူလည်း (တစုံတခုကို လွင့်ဘိသကဲ့သို့)လွင့်ပစ်လိုက်ပါ၏၊ ရေစီးသန်သော မြစ်၌မူလည်း (တစုံတခုကို မျှောဘိသကဲ့သို့) မျှောပစ်လိုက်ပါ၏။

အသျှင်ဘုရား (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း၊ အသျှင်ဘုရား ဤအတူသာလျှင် အသျှင်ဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။

အသျှင်ဘုရား ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ" ဟု (လျှောက်၏)။

၁၉၄။ ထိုအခါ မလ္လမင်းသား ပုက္ကုသသည် ယောကျ်ားတယောက်ကို (ခေါ်၍) အချင်း ငါ၏ ရွှေအဆင်းရှိသော ပွတ်ထိုင်အဝတ်ချောအစုံကို ဆောင်ချေလော့ ဟု (စေခိုင်း၏)။

"အရှင် ကောင်းပါပြီ" ဟု ထိုယောကျ်ားသည် မလ္လမင်းသား ပုက္ကုသအား ဝန်ခံပြီးလျှင် ရွှေအဆင်းရှိသော ထိုပွတ်ထိုင် အဝတ်ချောအစုံကို ဆောင်ခဲ့၏။ ထိုအခါ မလ္လမင်းသား ပုက္ကုသသည် "အသျှင်ဘုရား ရွှေအဆင်းရှိသော ဤပွတ်ထိုင် အဝတ်ချောအစုံကို အသျှင်ဘုရားသည် အကျွန်ုပ်အား သနားသဖြင့် လက်ခံတော်မူပါ" ဟု လျှောက်၍ ရွှေအဆင်းရှိသော ထိုပွတ်ထိုင်အဝတ်ချောအစုံကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏။

ပုက္ကုသ သို့ဖြစ်လျှင် အဝတ်တထည်ကို ငါ့အား လှူလော့၊ တထည်ကို အာနန္ဒာအား လှူလော့ ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား ကောင်းပါပြီ" ဟု မလ္လမင်းသား ပုက္ကုသသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် တထည်ကို မြတ်စွာဘုရားအား လှူ၏၊ တထည်ကို အသျှင်အာနန္ဒာအား လှူ၏၊ ထိုအခါ မြတ်စွာဘုရားသည် မလ္လမင်းသား ပုက္ကုသကို (တရားစကားဖြင့်) အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသည်ရှိသော် မလ္လမင်းသား ပုက္ကုသသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲ၍သွားလေ၏။

http://www.dhammadownload.com



၁၉၅။ ထိုနောက် အသျှင်အာနန္ဒာသည် မလ္လမင်းသား ပုက္ကုသဖဲသွား၍ မကြာမြင့်မီ ရွှေအဆင်းရှိသော အဝတ်ချောအစုံကို မြတ်စွာဘုရား၏ ကိုယ်တော်၌ ဆက်ကပ်တင်လှမ်းပေးပေ၏။ မြတ်စွာဘုရား၏ (ပြိုးပြိုးပြက် တောက်ပသော)ကိုယ်တော်၌ ဆက်ကပ်တင်လှမ်းထားသောအခါ ထို(အဝတ်အစုံ)သည် အရောင်အဝါ ကင်းသကဲ့သို့ ဖြစ်သွားလေ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အံ့ဖွယ်ရှိပါပေစွ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွအသျှင်ဘုရား၊ မြတ်စွာဘုရား၏ အရေအဆင်းတော်သည် အလွန်ပင် စင်ကြယ်ပါပေ၏၊ အလွန်ပင် ပြိုးပြိုးပြက်တောက်ပပါပေ၏၊ အသျှင်ဘုရား ရွှေအဆင်းရှိသော ဤအဝတ်ချောအစုံသည်ပင် မြတ်စွာဘုရား၏ (ပြိုးပြိုးပြက်တောက်ပသော) ကိုယ်တော်၌ ဆက်ကပ်တင်လှမ်းထားလိုက်သောအခါ အရောင်အဝါကင်းသကဲ့သို့ ဖြစ်နေပါသည်" ဟု (လျှောက်၏)။

အာနန္ဒာ ဤစကားသည် မှန်ပေ၏၊ အာနန္ဒာ ဤစကားသည် မှန်ပေ၏၊ နှစ်ပါးသော အခါတို့၌ မြတ်စွာဘုရား၏ ကိုယ်တော်သည် အလွန်ပင် စင်ကြယ်၏၊အရေအဆင်းတော်သည် အလွန်ပင် ပြိုးပြိုးပြက် တောက်ပ၏။

အဘယ်နှစ်ပါးသော အခါတို့နည်းဟူမူ—

အာနန္ဒာ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသော ညဥ့်အခါနှင့် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသ နိဗ္ဗာနဓာတ်'ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသော ညဥ့်အခါတို့ပင်တည်း။

အာနန္ဒာ ဤနှစ်ပါးသော အခါတို့၌ မြတ်စွာဘုရား၏ ကိုယ်တော်သည် အလွန်ပင် စင်ကြယ်၏၊ အရေအဆင်းတော်သည် အလွန်ပြိုးပြိုးပြက်တောက်ပ၏။အာနန္ဒာယနေ့ညဥ့်သန်းလွဲ(ပစ္ဆိမယာမ်)၌ ကုသိနာရုံပြည် (မြို့ဝင်ခါနီး) လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင် အစုံတို့၏ အကြား၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ဝင်စံခြင်းသည် ဖြစ်လတ္တံ့ ဟု မိန့်တော်မူပြီးလျှင် အာနန္ဒာ လာသွားကုန်အံ့၊ ကကုဓာ မြစ်သို့ ချဉ်းကပ်ကုန်အံ့ ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

## သီးခြားဂါထာ

ပုက္ကုသသည် ရွှေအဆင်းရှိသော အဝတ်ချောအစုံကို မြတ်စွာဘုရားအား ကပ်လှူ၏။ ထို(အဝတ်အစုံ)ကို ဝတ်ရုံထားသော မြတ်စွာဘုရားသည် ရွှေအဆင်းရှိလျက် တင့်တယ်တော်မူပါပေ၏။

၁၉၆။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကကုဓာမြစ်သို့ ချဉ်းကပ်တော်မူ၍ ထိုမြစ်၌ သက်ဆင်းလျက် ရေချိုးတော်မူ သောက်တော်မူပြီးနောက် တဖန် ပြန်တက်ပြီးလျှင် သရက်တောသို့ ချဉ်းကပ်တော်မူ၍ "စုန္ဒ ငါ၏ ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့၊ စုန္ဒ(ငါ)ပင်ပန်း၏၊ လျောင်းစက်ဦးအံ့"ဟု (အသျှင်စုန္ဒအား မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်စုန္ဒသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလေ၏။ ထိုနောက် မြတ်စွာဘုရားသည် (လက်ျာ)ခြေပေါ်

http://www.dhammadownload.com



၌ (လက်ဝဲ)ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် (မည်သည့်အချိန်၌) ထအံ့ ဟု နှလုံးသွင်း ပိုင်းခြားလျက် လက်ျာနံတောင်းဖြင့် မြတ်သောလျောင်းစက်ခြင်းကို ပြုတော်မူ၏။ အသျှင်စုန္ဒသည်ကား ထိုအရပ်၌ပင် မြတ်စွာဘုရား၏ မျက်မှောက်၌ ထိုင်နေ၏။

## ဂါထာများ

ဤလောက၌ အတုမရှိသော သစ္စာလေးပါးကို သိတော်မူသော ဆရာသခင် မြတ်စွာဘုရားသည် ရေကြည်လင်ချိုမြိန်သန့်ရှင်သော ကကုဓာမြစ်သို့ ချဉ်းကပ်တော်မူပြီးလျှင် မပင်ပန်းသော [၁] သဘောရှိသည်ဖြစ်၍ သက်ဆင်းတော်မူကာ ရေချိုးတော်မူ သောက်တော်မူပြီးလျှင် ပြန်တက်တော်မူ၏။ ဤ(သာသနာတော်)၌ တရားတို့ကို တီထွင်ဟောကြားတော်မူတတ်သော ဘုန်းတော်ကြီးသော ဆရာသခင်မြတ်စွာဘုရားသည် ထိုသို့ပြန်တက်တော်မူပြီးလျှင် ရဟန်းအပေါင်း၏ အလယ်၌(ရဟန်းအပေါင်း)ကြည့်ရှုခြံရံလျက် သရက်တောသို့ ချဉ်းကပ်တော်မူ၏။

ငါ၏ (ဒုကုဋ်သင်္ကန်းကြီးကို)လေးထပ်ခေါက်၍ ခင်းပေးလော့၊ လျောင်းစက်ဦးအံ့ ဟု စုန္ဒမည်သော ရဟန်းကို မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ မြတ်စွာဘုရား စေခိုင်းတော်မူလျှင် ထိုစုန္ဒသည် (ဒုကုဋ်သင်္ကန်းကြီးကို) လေးထပ်ခေါက်၍ လျင်မြန်စွာ ခင်းပေး၏။

မြတ်စွာဘုရားသည် မပင်ပန်းသော သဘောရှိသည်ဖြစ်၍ လျောင်းစက်တော်မူ၏၊ စုန္ဒသည်လည်း ထို(မြတ်စွာဘုရား)၏ မျက်မှောက်၌ပင် ထိုင်နေလေ၏။

၁၉၇။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို မိန့်တော်မူ၏—

"အာနန္ဒာ တစုံတယောက်သောသူသည် ရွှေပန်းထိမ်သည့်သား စုန္ဒအား 'အချင်းစုန္ဒ သင်၏ဆွမ်းကို နောက်ဆုံး ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူရချေ၏၊ ထို့ကြောင့် သင့်အား လာဘ်မကောင်းလေစွ အရမတော်လေစွ' ဟု ဆိုလျက် နှလုံးမသာခြင်းကို ဖြစ်စေသော်လည်း ဖြစ်စေရာ၏။ အာနန္ဒာ (ထိုသို့ဖြစ်စေခဲ့ပါလျှင်) ရွှေပန်းထိမ်သည့်သား စုန္ဒ၏ နှလုံးမသာခြင်းကို ဤသို့ဖြေဖျောက်ရမည်၊ 'ဒါယကာ စုန္ဒ သင်၏ဆွမ်းကို နောက်ဆုံး ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ထို့ကြောင့် သင့်အား ကောင်းပါပေစွ၊ အရတော်ပါပေစွ၊ ဒါယကာစုန္ဒ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို ကြားနာလိုက်ရ၏၊ ခံယူလိုက်ရ၏၊ အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်သော အချင်းချင်း တူမျှ၍ အကျိုးဝိပါက်တူမျှကုန်သော ဤဆွမ်းနှစ်မျိုးတို့သည် ရှိကုန်၏။

အဘယ် နှစ်မျိုးတို့နည်းဟူမူ —

အကြင် ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏၊ (ဤဆွမ်းလည်း တမျိုး)။

အကြင် ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသ နိဗ္ဗာနဓာတ်'ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူ၏၊ (ဤဆွမ်းလည်းတမျိုး)။

---

၁။ သုက်ိလန္တရူပေါ ဟု ရှိသော် ဥဒါန်းပါဠိနှင့်အညီ အလွန်ပင်ပန်းသော သဘောရှိသည်ဖြစ်၍ ဟု ဤသို့လည်း ဖြ သင့်၏။

http://www.dhammadownload.com



အခြား ဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်သော အချင်းချင်းတူမျှ၍ အကျိုး ဝိပါက် တူမျှကုန်သော ဆွမ်းနှစ်မျိုးတို့ ဟူသည် ဤသည်တို့ပင်တည်း၊ (ဟူ၍ ဤစကားကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာလိုက်ရ၏ ခံယူလိုက်ရ၏၊ ထို့ကြောင့်) ရွှေပန်းထိမ် သည့်သား ဒါယကာစုန္ဒသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ အဆင်းလှခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ ချမ်းသာခြင်းကို ဖြစ်စေတတ် သော ကံကို ဆည်းပူးရပေပြီ၊ အခြံအရံများခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ နတ်ပြည်သို့ ရောက်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ အကြီးအကဲ ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ' ဟု ဟောကြား၍ ရွှေပန်းထိမ်သည့်သား စုန္ဒ၏ နှလုံးမသာခြင်းကို ဖြေဖျောက်ရမည် အာနန္ဒာ" ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအခိုက်ဝယ် ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

"ပေးလှူသူအား ကောင်းမှုသာ တိုးပွါး၏၊ စောင့်စည်းသူအား ရန်မပွါးနိုင်၊ ဉာဏ်ရှိသူသည် မကောင်းမှုကို ပယ်စွန့်၏၊ ထိုသို့(ပယ်စွန့်)သူသည် ရာဂ ဒေါသ မောဟ တို့ကုန်၍ (ကိလေသာ မီး) ငြိမ်းအေးလေတော့သတည်း" ဟု (ကျူးရင့်တော်မူ၏)။

စတုတ္ထ အခန်း ပြီး၏။

---

## အင်ကြင်းပင်အစုံ

၁၉၈။ ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ လာသွားကုန်အံ့၊ ဟိရညဝတီမြစ်၏ ထိုမှာ ဖက်ကမ်း ကုသိနာရုံ ပြည် (မြို့ဝင်ခါနီး) လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ချဉ်းကပ် ကုန်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာ သည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ဟိရညဝတီမြစ်၏ ထိုမှာ ဖက်ကမ်း ကုသိနာရုံပြည် (မြို့ဝင်ခါနီး) လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ချဉ်းကပ် ပြီးလျှင် "အာနန္ဒာ အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်း ကို ခင်းလော့၊ အာနန္ဒာ (ငါ) ပင်ပန်း၏၊ လျောင်းစက်အံ့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အင်ကြင်းပင် အစုံတို့၏ အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်းကို ခင်းလေ၏။ ထိုအခါ မြတ်စွာဘုရားသည် (လက်ျာ)ခြေပေါ်၌ (လက်ဝဲ)ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် လက်ျာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူ၏။

ထိုစဉ်အခါ၌ အင်ကြင်းပင် အစုံတို့သည် အခါမဲ့ ပွင့်သောပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်လျက် ရှိကုန်၏၊ ထို(အင်ကြင်းပင်)တို့သည် မြတ်စွာဘုရားကို ပူဇော်သည့် အနေဖြင့် ပန်းတို့ကို မြတ်စွာ ဘုရား၏ ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်၏၊ လွှမ်းလျက် ကြဲဖြန့်ကုန်၏၊ မပြတ်မစဲ ကြဲဖြန့်ကုန်၏။

http://www.dhammadownload.com



မန္ဒာရဝ မည်သော နတ်ပန်း (ထင်ရှားပန်း) တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ ထို (ပန်း)တို့ကိုလည်း (နတ်တို့သည်) မြတ်စွာဘုရားကို ပူဇော်သည့် အနေဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်၏၊ လွှမ်းလျက် ကြဲဖြန့်ကုန်၏၊ မပြတ်မစဲ ကြဲဖြန့်ကုန်၏။

နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ ထို(စန္ဒကူး နံ့သာမှုန့်) တို့ကိုလည်း (နတ်တို့သည်) မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်၏၊ လွှမ်းလျက် ကြဲဖြန့်ကုန်၏၊ မပြတ်မစဲ ကြဲဖြန့်ကုန်၏။

နတ်တူရိယာတို့ကိုလည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျက် ရှိကုန်၏။

နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ ဖြစ်ပေါ် လျက် ရှိကုန်၏။

၁၉၉။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို မိန့်တော်မူ၏—

"အာနန္ဒာ အင်ကြင်းပင် အစုံတို့သည် အခါမဲ့ ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ် ပွင့်လျက် ရှိကုန်၏၊ ထို (အင်ကြင်းပင်) တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ပန်းတို့ကို မြတ်စွာဘုရား၏ ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်၏၊ လွှမ်းလျက်ကြဲဖြန့်ကုန်၏၊ မပြတ်မစဲ ကြဲဖြန့်ကုန်၏။

မန္ဒာရဝ မည်သော နတ်ပန်း(ထင်ရှားပန်း)တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ ထို(ပန်း)တို့ကိုလည်း (နတ်တို့သည်) မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်၏၊ လွှမ်းလျက်ကြဲဖြန့်ကုန်၏၊ မပြတ်မစဲ ကြဲဖြန့်ကုန်၏။

နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ ထို(စန္ဒကူး နံ့သာမှုန့်)တို့ကိုလည်း (နတ်တို့သည်) မြတ်စွာဘုရားကို ပူဇော်သည့် အနေဖြင့် မြတ်စွာ ဘုရား၏ ကိုယ်တော်ထက်သို့ ကြဲဖြန့်ကုန်၏၊ လွှမ်းလျက် ကြဲဖြန့်ကုန်၏၊ မပြတ်မစဲ ကြဲဖြန့် ကုန်၏။

နတ်တူရိယာတို့ကိုလည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျက် ရှိကုန်၏။

နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ ဖြစ်ပေါ် လျက်ရှိကုန်၏။

အာနန္ဒာ ဤမျှလောက် (ပူဇော်မှု)ဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည်မမည်သေး၊ အလေးပြုသည်မမည်သေး၊ မြတ်နိုးသည် မမည်သေး၊ ပူဇော်သည် မမည်သေး၊ ပသသည် မမည် သေး၊ အာနန္ဒာ အကြင် ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ ဥပါသကာဖြစ်စေ ဥပါသိကာမ ဖြစ်စေ (လောကုတ္တရာ)တရားနှင့်လျော်သော တရားကို ကျင့်လျက် နေ၏၊ လျော်သော အကျင့်ကို ကျင့်လျက်နေ၏၊ တရားနှင့် လျော်စွာကျင့်လျက်နေ၏၊ ထိုသူသည် အမြတ်ဆုံး ပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည်မည်၏၊ အလေးပြုသည်မည်၏၊ မြတ်နိုးသည် မည်၏၊ ပူဇော်သည် မည်၏၊ ပသသည် မည်၏။

http://www.dhammadownload.com



အာနန္ဒာ ထို့ကြောင့် ဤ (သာသနာတော်) ၌ (လောကုတ္တရာ)တရားနှင့် လျော်သော တရားကို ကျင့်လျက်နေကုန်အံ့၊ လျော်သော အကျင့်ကို ကျင့်လျက်နေကုန်အံ့၊ တရားနှင့် လျော်စွာ ကျင့်လျက်နေကုန်အံ့ ဟု ဤသို့ နှလုံးသွင်းလျက် သင်တို့ ကျင့်ကြံအားထုတ်ရမည် အာနန္ဒာ"ဟု (မိန့်တော်မူ၏)။

## ဥပဝါဏမထေရ်

၂၀၀။ ထိုအခါ အသျှင်ဥပဝါဏသည် မြတ်စွာဘုရားကို ယပ်ခပ်လျက် မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်လျက် ရှိ၏။ ထိုအခါမြတ်စွာဘုရားသည် "ရဟန်းဖဲသွားလော့၊ ငါ့ရှေ့၌ ရပ်မနေလင့်" ဟု (မိန့်လျက်) အရှင်ဥပဝါဏအား ဖဲစေတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာအား ဤသို့သော အကြံသည် ဖြစ်၏—

"ဤအသျှင်ဥပဝါဏသည် ကာလရှည်မြင့်စွာ မြတ်စွာဘုရား၏ ထံပါး၌ နေ၍ အနီး၌ အမြဲရှိသော အလုပ်အကျွေးဖြစ်ခဲ့၏၊ သို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် နောက်ဆုံးကာလ၌ 'ရဟန်း ဖဲသွားလော့၊ ငါ့ရှေ့၌ ရပ်မနေလင့်' ဟု (မိန့်လျက်) အသျှင်ဥပဝါဏကို ဖဲစေတော်မူ၏။

မြတ်စွာဘုရားသည် 'ရဟန်း ဖဲသွားလော့၊ ငါ့ရှေ့၌ ရပ်မနေလင့်' ဟု အသျှင်ဥပဝါဏကို ဖဲသွားစေတော်မူရာ၌ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း" ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ မေးလျှောက်၏—

"အသျှင်ဘုရား ဤအသျှင်ဥပဝါဏသည် ကာလရှည်မြင့်စွာ မြတ်စွာဘုရား၏ ထံပါး၌နေ၍ အနီး၌ အမြဲရှိသော အလုပ်အကျွေးဖြစ်ခဲ့ပါ၏၊ သို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် နောက်ဆုံး ကာလ၌ 'ရဟန်း ဖဲသွားလော့၊ ငါ့ရှေ့၌ ရပ်မနေလင့်' ဟု အသျှင်ဥပဝါဏကို ဖဲစေတော်မူဘိ၏။

မြတ်စွာဘုရားသည် 'ရဟန်း ဖဲသွားလော့၊ ငါ့ရှေ့၌ ရပ်မနေလင့်'ဟု အသျှင်ဥပဝါဏကိုဖဲစေတော်မူရာ၌ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု (မေးလျှောက်၏)။

အာနန္ဒာ တသောင်းသော လောကဓာတ်၌ (ရှိသော) နတ်အပေါင်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် များသောအားဖြင့် စည်းဝေးလာကြကုန်၏၊ အာနန္ဒာ ကုသိနာရုံပြည် (မြို့ဝင်ခါနီး) လမ်းကွေ့ မလ္လမင်းတို့ အင်ကြင်းဥယျာဉ်၏ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာအတွင်း၌ တန်ခိုးကြီးသော နတ်တို့နှင့် မပြည့်သော အရပ်မည်သည် သားမြီးဖျားထိုးလောက်ရုံမျှသော်လည်း မရှိချေ။

အာနန္ဒာ နတ်တို့သည် (ဤသို့)ကဲ့ရဲ့နေကုန်၏—

"ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် အဝေးမှ လာခဲ့ရကုန်၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတို့သည် လောက၌ တရံတခါသာ ပွင့်တော်မူကုန်၏၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ယနေ့ညဥ့်သန်းလွဲ(ပစ္ဆိမယာမ်)၌ ပင်လျှင် ဖြစ်လတ္တံ့၊ တန်ခိုးကြီးသော ဤ(ဥပဝါဏ) ရဟန်းသည်လည်း မြတ်စွာဘုရား၏ ရှေ့တော်၌ ကွယ်လျက် ရပ်တည်နေဘိ၏။

http://www.dhammadownload.com



ငါတို့သည် နောက်ဆုံးကာလ၌ မြတ်စွာဘုရားအား ဖူးမြော်ခွင့်ကို မရကြတော့ပါတကား" ဟု (ကဲ့ရဲ့နေကုန်၏) ဟူ၍ မိန့်တော်မူ၏။

၂၀၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား နတ်တို့သည် အဘယ်သို့ အခြေအနေရှိလျက် စိတ်ဖြစ်နေပါကုန်သနည်း ဟု (လျှောက်၏)။

အာနန္ဒာ ကောင်းကင်၌ မြေပြင်ဟု အမှတ်ရှိလျက် တည်နေသော နတ်တို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလတ္တံ့" ဟု ဆံပင်တို့ကိုဖြန့်၍ ငိုကြွေးကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထိုဤဤလူးလှိမ့်ကုန်၏။

အာနန္ဒာ မြေပြင်၌ မြေပြင် ဟု အမှတ်ရှိလျက် တည်နေသော နတ်တို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလတ္တံ့" ဟု ဆံပင်တို့ကိုဖြန့်၍ ငိုကြွေးကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထိုဤဤ လူးလှိမ့်ကုန်၏။

ကာမရာဂကင်းပြီးသော နတ်တို့သည်ကား "ပြုပြင်ရသော 'သင်္ခါရ'တရားတို့သည် မမြဲသော သဘောရှိကုန်၏၊ ဤပြုပြင်ရသော'သင်္ခါရ'တရားထည်း၌ ထို(မြဲခြင်း)ကို အဘယ်မှာ ရနိုင်ပါအံ့နည်း" ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏ ဟု (မိန့်တော်မူ၏)။

## သံဝေဂရစေတတ်သော ဌာနလေးပါး

၂၀၂။ အသျှင်ဘုရား အရပ်မျက်နှာတို့၌ (ဝါကပ်၍)ဝါကျွတ်ပြီးသော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ကြွလာပါကုန်၏၊ ထိုသို့ ကြွလာသော ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သော ရဟန်းတို့အား ဖူးမြော်ခွင့် ဆည်းကပ်ခွင့်ကို ရှေးအခါ၌ ကျွန်ုပ်တို့ ရပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရား ကွယ်လွန်သွားသော နောက်အခါ၌ကား ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သော ရဟန်းတို့အား ဖူးမြော်ခွင့် ဆည်းကပ်ခွင့်ကို အကျွန်ုပ်တို့ ရကြတော့မည်မဟုတ်ပါ ဟု (လျှောက်၏)။

အာနန္ဒာ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်ကုန်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်ကုန်သော ဌာနတို့သည် လေးပါးရှိကုန်၏။ အဘယ်လေးပါးတို့နည်းဟူမူ—

"ဤ(လုမ္ဗိနီ)ဌာန၌ မြတ်စွာဘုရားသည် ဖွားတော်မူ၏"၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား)သံဝေဂရစေတတ်သော ဌာနပေတည်း။

"ဤ(မဟာဗောဓိ)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏"၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား)သံဝေဂရစေတတ်သော ဌာနပေတည်း။

http://www.dhammadownload.com



"ဤ(မိဂဒါဝုန်)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်ဓမ္မစက်ကို ဟောကြားလည်စေတော်မူ၏"၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား)သံဝေဂရစေတတ်သော ဌာနပေတည်း။

"ဤ(ကုသိနာရုံ)ဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသ နိဗ္ဗာနဓာတ်'ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏"၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

အာနန္ဒာ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်ကုန်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနတို့သည် ဤလေးပါးတို့ပေတည်း။

အာနန္ဒာ သဒ္ဓါတရားရှိကုန်သော ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည် "ဤ(လုမ္ဗိနီ)ဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏"ဟူ၍၎င်း "ဤ(မဟာဗောဓိ)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏"ဟူ၍၎င်း "ဤ(မိဂဒါဝုန်)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်ဓမ္မစက်ကို ဟောကြားလည်စေတော်မူ၏"ဟူ၍၎င်း "ဤ(ကုသိနာရုံ)ဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသ နိဗ္ဗာနဓာတ်'ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏"ဟူ၍၎င်း (အောက်မေ့လျက်) လာရောက်ကုန်လတ္တံ့၊ အာနန္ဒာ စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သော သူတို့သည် ကြည်ညိုသော စိတ် ရှိလျက် သေကုန်ငြားအံ့၊ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။

## အသျှင်အာနန္ဒာ၏ မေးခွန်း

၂၀၃။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မာတုဂါမနှင့် စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံးရပါမည်နည်း ဟု (မေးလျှောက်၏)။

အာနန္ဒာ မတွေ့မြင်ရအောင် ကျင့်သုံးရမည် ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား တွေ့မြင်ခဲ့သော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း ဟု (မေးလျှောက်ပြန်၏)။
အာနန္ဒာ စကားမပြောပဲ နေရမည် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား (မလွှဲသာ၍) စကားပြောရသော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း ဟု (မေးလျှောက်ပြန်၏)။

အာနန္ဒာ (အမိရင်းစသည်ကဲ့သို့) အမှတ် (သတိ)ထား၍ ပြောဆိုရမည် ဟု (မိန့်တော်မူ၏)။

၂၀၄။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အလောင်းတော်နှင့် စပ်လျဉ်း၍ အဘယ်သို့ ဆောင်ရွက်ရပါမည်နည်း ဟု (မေးလျှောက်ပြန်၏)။

အာနန္ဒာ မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ သင်တို့ကြောင့်ကြမစိုက်ကုန်လင့်၊ အာနန္ဒာ ငါတို့က်တွန်း၏ မြတ်သောအကျင့်၌သာ အားထုတ်ကြကုန်လော့၊ မြတ်သော အကျင့်၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စိတ်ကို စေလွှတ်၍ နေကြကုန်လော့။

http://www.dhammadownload.com



အာနန္ဒာ မြတ်စွာဘုရားကို အလွန်ကြည်ညိုကုန်သော မင်းမျိုးပညာရှိ ပုဏ္ဏားမျိုးပညာရှိ သူဌေးသူကြွယ်မျိုးပညာရှိတို့သည် မြတ်စွာဘုရား၏ အလောင်းတော်အား ပူဇော်မှုကို ပြုကြကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။

၂၀၅။ အသျှင်ဘုရား မြတ်စွာဘုရား၏ အလောင်းတော်၌ အဘယ်သို့ ဆောင်ရွက်အပ်ပါသနည်း ဟု (မေးလျှောက်ပြန်၏)။

အာနန္ဒာ စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်သကဲ့သို့ မြတ်စွာဘုရား၏ အလောင်းတော်၌ ဆောင်ရွက်အပ်ပေ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား စကြဝတေးမင်း၏ အလောင်း၌ အဘယ်သို့ ဆောင်ရွက်ကြပါသနည်း ဟု (မေးလျှောက်ပြန်၏)။

အာနန္ဒာ စကြဝတေးမင်း၏ အလောင်းကို (ကာသိတိုင်းဖြစ်) အဝတ်သစ်ဖြင့် ရစ်ပတ်ကုန်၏၊ (ကာသိတိုင်းဖြစ်) အဝတ်သစ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနုဖြင့် ရစ်ပတ်ကုန်၏၊ ဝါဂွမ်းနုဖြင့် ရစ်ပတ်ပြီးလျှင် (ကာသိတိုင်းဖြစ်)အဝတ်သစ်ဖြင့် ရစ်ပတ်ပြန်ကုန်၏၊ ဤနည်းအတိုင်း ပုဆိုးအစုံငါးရာတို့ဖြင့် စကြဝတေးမင်း၏ အလောင်းကို ရစ်ပတ်ပြီးလျှင် ဆီနှင့်တကွသော ရွှေတလား[၁]၌ထည့်၍ အခြားရွှေတလား-ဖုံးဖြင့် အုပ်ပြီးသော် အလုံးစုံသော နံ့သာ (ထင်း)တို့ကို ထင်းပုံပြု၍ စကြဝတေးမင်း၏ အလောင်းကို မီးသင်္ဂြိုဟ်ကုန်၏၊ လမ်းမလေးခွဆုံရာ၌ စကြဝတေးမင်း၏ စေတီကို တည်ထားကုန်၏။

အာနန္ဒာ ဤသို့လျှင် စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်ကုန်၏။

အာနန္ဒာ စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်ကုန်သကဲ့သို့ ထိုအတူ မြတ်စွာဘုရား၏ အလောင်းတော်၌လည်း ဆောင်ရွက်အပ်ပေ၏၊ လမ်းမလေးခွဆုံရာ၌ မြတ်စွာဘုရား၏ စေတီကို (တည်ထား)အပ်ပေ၏။

ထို(စေတီ)၌ အကြင်သူတို့သည် ပန်းကိုဖြစ်စေ နံ့သာကိုဖြစ်စေ နံ့သာမှုန့်ကိုဖြစ်စေ တင်မူလည်း တင်ကုန်လတ္တံ့၊ ရှိခိုးမူလည်း ရှိခိုးကုန်လတ္တံ့၊ စိတ်ဖြင့်မူလည်း ကြည်ညိုကုန်လတ္တံ့၊ ထိုသို့ပြုခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ထိုသူတို့အား စီးပွါးချမ်းသာ အလို့ငှါ ဖြစ်လတ္တံ့။

## စေတီထိုက်သောပုဂ္ဂိုလ်

၂၀၆။ အာနန္ဒာ ဤလေးပါးသော ပုဂ္ဂိုလ်တို့ကို စေတီတည်ထိုက်ကုန်၏။ အဘယ်လေးပါးတို့နည်းဟူမူ—

ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို စေတီတည်ထိုက်၏။

ပစ္စေကဗုဒ္ဓါကို စေတီတည်ထိုက်၏။

---

၁။ အာယသာယ-ဟူသော ပါဠိရင်းအတိုင်းဆိုလျှင် သံတလားဟု ပြန်ဆိုသင့်၏၊ သို့ရာတွင် သောဝဏ္ဏာယ-ဟူသော အဋ္ဌကထာနှင့်အညီ ရွှေတလားဟု ပြန်ဆိုထားသည်။

http://www.dhammadownload.com



မြတ်စွာဘုရား၏ သာဝကကို စေတီတည်ထိုက်၏။

စကြဝတေးမင်းကို စေတီတည်ထိုက်၏။ (ဤလေးပါးတို့တည်း)။

အာနန္ဒာ အဘယ်သို့သော အကျိုးထူးကိုစွဲ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို စေတီတည်ထိုက်သနည်း။

အာနန္ဒာ "ဤ(စေတီ)သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စေတီတည်း" ဟု လူအများတို့သည် စိတ်ဖြင့် ကြည်ညိုကုန်၏၊ ထိုသူတို့သည် ထို(စေတီ)၌ စိတ်ဖြင့် ကြည်ညိုပြီးသော် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရကုန်၏။

အာနန္ဒာ ဤအကျိုးထူးကိုစွဲ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတိကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို စေတီတည်ထိုက်၏။

အာနန္ဒာ အဘယ်သို့သော အကျိုးထူးကိုစွဲ၍ ပစ္စေကဗုဒ္ဓါကို စေတီတည်ထိုက်သနည်း။

အာနန္ဒာ "ဤ(စေတီ)သည် ကိုယ်တိုင် သစ္စာလေးပါးကို သိတော်မူသော ပစ္စေကဗုဒ္ဓါ၏ စေတီတည်း" ဟု လူအများတို့သည် စိတ်ဖြင့် ကြည်ညိုကုန်၏၊ ထိုသူတို့သည် ထို(စေတီ)၌ စိတ်ဖြင့် ကြည်ညိုပြီးသော် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရကုန်၏။

အာနန္ဒာ ဤအကျိုးထူးကို စွဲ၍ ပစ္စေကဗုဒ္ဓါကို စေတီတည်ထိုက်၏။

အာနန္ဒာ အဘယ်သို့သော အကျိုးထူးကို စွဲ၍ မြတ်စွာဘုရား၏ တပည့်သား 'သာဝက'ကို စေတီတည်ထိုက်သနည်း။

အာနန္ဒာ "ဤ(စေတီ)သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ တပည့်သား 'သာဝက'၏ စေတီတည်း" ဟု လူအများတို့သည် စိတ်ဖြင့်ကြည်ညိုကုန်၏၊ ထိုသူတို့သည် ထို(စေတီ)၌ စိတ်ဖြင့် ကြည်ညိုပြီးသော် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရကုန်၏။

အာနန္ဒာ ဤအကျိုးထူးကို စွဲ၍ မြတ်စွာဘုရား၏ တပည့်သား 'သာဝက'ကို စေတီတည်ထိုက်၏။

အာနန္ဒာ အဘယ်သို့သော အကျိုးထူးကို စွဲ၍ စကြဝတေးမင်းကို စေတီတည်ထိုက်သနည်း။

အာနန္ဒာ "ဤ(စေတီ)သည် တရားစောင့်သော ထိုတရားမင်း၏ စေတီတည်း" ဟု လူအများတို့သည် စိတ်ဖြင့် ကြည်ညိုကုန်၏၊ ထိုသူတို့သည် ထို(စေတီ)၌ စိတ်ဖြင့် ကြည်ညိုပြီးသော် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရကုန်၏။

အာနန္ဒာ ဤအကျိုးထူးကို စွဲ၍ စကြဝတေးမင်းကို စေတီတည်ထိုက်၏။

အာနန္ဒာ စေတီတည်ထိုက်သော ပုဂ္ဂိုလ်တို့သည် ဤလေးပါးတို့ပေတည်း" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## အသျှင်အာနန္ဒာ၏ အံ့ဖွယ်လေးပါး

၂၀၇။ ထိုအခါ အသျှင်အာနန္ဒာသည် ကျောင်းတွင်းသို့ ဝင်၍ တံခါးတိုင်ကို မှီပြီးလျှင် "ငါသည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်မျှသာ ဖြစ်၍ (အထက်မဂ်အလို့ငှါ) ပြုဖွယ်ကိစ္စရှိချေသေး၏၊ ငါ့အား အစဉ် သနားတော်မူသော ဆရာသခင် မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုချေတော့မည်" ဟု ငိုကြွေး လျက် ရပ်တည်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ အာနန္ဒာ အဘယ်မှာနည်း" ဟု ရဟန်းတို့အား မိန့်တော်မူ၏။

အသျှင်ဘုရား ဤအာနန္ဒာသည် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကို မှီပြီးလျှင် "ငါသည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်မျှသာဖြစ်၍ (အထက်မဂ်အလို့ငှါ)ပြုဖွယ်ကိစ္စရှိချေသေး၏၊ ငါ့အား အစဉ် သနားတော်မူသော ဆရာသခင် မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုချေတော့မည်တကား" ဟု ငိုကြွေးလျက် ရပ်တည်နေပါ၏ ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း လာလော့၊ သင်သည် ငါ၏ စကားဖြင့် 'ငါ့သျှင် အာနန္ဒာ သင့်ကို မြတ်စွာဘုရားသည် ခေါ်တော်မူ၏' ဟု အာနန္ဒာကိုခေါ်ချေလော့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အသျှင် အာနန္ဒာထံသို့ ချဉ်းကပ်၍ "ငါ့သျှင် အာနန္ဒာ သင့်ကို မြတ်စွာဘုရားသည် ခေါ်တော်မူ၏" ဟု အသျှင် အာနန္ဒာအား ဤစကားကို ပြောကြား၏။

"ငါ့သျှင် ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် ထိုရဟန်းအား ဝန်ခံပြီးလျှင် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေ သော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"အာနန္ဒာ တန်လော့ မစိုးရိမ် မပူဆွေးလင့် မငိုကြွေးလင့် 'ချစ်ခင်မြတ်နိုးသော သူအားလုံး တို့နှင့် ရှင်လျက် ကွဲကွာခြင်း သေ၍ ကွဲကွာခြင်း ဘဝခြားလျက် ကွဲကွာခြင်းများကို' ရှေးမဆွကပင် ငါဟောကြားခဲ့ပြီး မဟုတ်လော၊ အာနန္ဒာ ဤအရာ၌ 'အကြင်တရားသည် အသစ် ဖြစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ်ခြင်း ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်း သဘောရှိ၏၊ ထိုတရားကို မြတ်စွာဘုရား၏ ကိုယ်တော်ပင် ဖြစ်သော်လည်း မပျက်စီးပါစေလင့်' ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ဤသို့ ရနိုင်ရန် အကြောင်း မရှိချေ။

အာနန္ဒာ သင်သည် (မြတ်စွာဘုရား၏)အကျိုးစီးပွါးကို လိုလားလျက် ချမ်းသာကို လိုလား လျက် မျက်မှောက် မျက်ကွယ် ခြားနားခြင်း မရှိပဲ ပြုသော အတိုင်းမသိ များပြားသော မေတ္တာ ကာယကံဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးခဲ့၏၊ (မြတ်စွာ ဘုရား၏) အကျိုးစီးပွါးကို လိုလားလျက် ချမ်းသာကို လိုလားလျက် မျက်မှောက်မျက်ကွယ ခြားနားခြင်းမရှိပဲ ပြုသော အတိုင်းမသိ များပြားသော မေတ္တာဝစီကံဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးခဲ့၏၊ (မြတ်စွာဘုရား၏) အကျိုးစီးပွါးကို လိုလား

http://www.dhammadownload.com



လျက် ချမ်းသာကို လိုလားလျက် မျက်မှောက်မျက်ကွယ် ခြားနားခြင်းမရှိပဲ ပြုသော အတိုင်းမသိ များပြားသော မေတ္တာမနောကံဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးခဲ့၏။ အာနန္ဒာ သင်သည် ပြုထားပြီးသော ကောင်းမှုများစွာ ရှိသူဖြစ်၏၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရစ်လော့၊ လျင်စွာပင် ရဟန္တာဖြစ်လတ္တံ့" ဟု (မိန့်တော်မူ၏)။

၂၀၈။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏ "ရဟန်းတို့ ရှေးကာလ၌ (ပွင့်တော်မူကုန်သော) ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားတို့၏ အလုပ်အကျွေးတို့သည်လည်း ငါ၏ (အလုပ်အကျွေး) အာနန္ဒာကဲ့သို့သာ (ဂုဏ်)အတိုင်းအရှည်ရှိကုန်၏။

ရဟန်းတို့ နောက်ကာလ၌ (ပွင့်လတ္တံ့ကုန်သော) ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတို့၏ အလုပ်အကျွေးတို့သည်လည်း ငါ၏ (အလုပ်အကျွေး)အာနန္ဒာကဲ့သို့သာ (ဂုဏ်)အတိုင်းအရှည်ရှိကုန်လတ္တံ့။

ရဟန်းတို့ အာနန္ဒာသည် ပညာရှိပေ၏၊ ထက်မြက်သော ဉာဏ်ရှိပေ၏၊ 'ဤအခါကား မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရဟန်းတို့ ချဉ်းကပ်ရန် အခါတည်း၊ ဤအခါကား ရဟန်းမိန်းမတို့ (ချဉ်းကပ်ရန်)အခါတည်း၊ ဤအခါကား ဥပါသကာတို့ (ချဉ်းကပ်ရန်)အခါတည်း၊ ဤအခါကား ဥပါသိကာမတို့(ချဉ်းကပ်ရန်)အခါတည်း၊ ဤအခါကား မင်းနှင့် အမတ်ကြီးတို့ တိတ္ထိနှင့် တိတ္ထိတပည့်တို့ (ချဉ်းကပ်ရန်) အခါတည်း' ဟု သိပေ၏" ဟူ၍ (မိန့်တော်မူ၏)။

## အသျှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်လေးပါး

၂၀၉။ ရဟန်းတို့ အာနန္ဒာ၌ မဖြစ်ဘူးမြဲ ဖြစ်သော ဤလေးပါးသော အံ့ဖွယ်ဂုဏ်တို့သည် ရှိကုန်၏၊ အဘယ်လေးပါးတို့နည်းဟူမူ—

ရဟန်းတို့ ရဟန်းပရိသတ်သည် အာနန္ဒာကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြားအံ့၊ ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်း မြောက်၏။ ထို(ပရိသတ်)၌ အာနန္ဒာသည် အကယ်၍ တရားဟောငြားအံ့၊ ထို(ပရိသတ်)သည် ဟောသော တရားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ အာနန္ဒာသည် (တရားကိုရပ်သိမ်း၍) ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းပရိသတ်သည် (တရားနာ၍) မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤလည်း အံ့ဖွယ်ဂုဏ်တပါး)။

ရဟန်းတို့ ရဟန်းမိန်းမ ပရိသတ်သည် အာနန္ဒာကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြားအံ့၊ ထို(ပရိသတ်)သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထို(ပရိသတ်)၌ အာနန္ဒာသည် အကယ်၍ တရားဟောငြားအံ့၊ ထို(ပရိသတ်)သည် ဟောသော တရားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ အာနန္ဒာသည် (တရားကို ရပ်သိမ်း၍)ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းမိန်းမ ပရိသတ်သည် (တရားနာ၍) မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤလည်း အံ့ဖွယ်ဂုဏ်တပါး)။

ရဟန်းတို့ ဥပါသကာပရိသတ်သည် အာနန္ဒာကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြားအံ့၊ ထို(ပရိသတ်)သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထို(ပရိသတ်)၌ အာနန္ဒာသည်

http://www.dhammadownload.com



အကယ်၍ တရားဟောငြ်ား အံ့၊ ထိုပရိသတ်သည် ဟောသော တရားဖြင့်လည်း နှစ်သက် ဝမ်းမြောက်၏။ ရဟန်းတို့ အာနန္ဒာသည် (တရားကိုရုပ်သိမ်း၍) ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသကာပရိသတ်သည် (တရားနာ၍) မရောင့်ရဲနိုင်သည်သာလျှင်ဖြစ်၏။ (ဤလည်းအံ့ဖွယ် ဂုဏ်တပါး) ။

ရဟန်းတို့ ဥပါသိကာမပရိသတ်သည် အာနန္ဒာကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြ်ားအံ့၊ ထို(ပရိသတ်) သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထို(ပရိသတ်) ၌ အာနန္ဒာသည် အကယ်၍ တရားဟောငြ်ားအံ့၊ ထိုပရိသတ်သည် ဟောသောတရားဖြင့်လည်း နှစ်သက်ဝမ်း မြောက်၏။ ရဟန် တို့ အာနန္ဒာသည်(တရားကို ရုပ်သိမ်း၍) ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသိကာမပရိသတ်သည် (တရားနာ၍) မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤလည်းအံ့ဖွယ် ဂုဏ်တပါး) ။

ရဟန်းတို့ အာနန္ဒာ၌ မဖြစ်ဘူးမြဲ ဖြစ်သော အံ့ဖွယ်ဂုဏ်တို့သည် ဤလေးပါးတို့တည်း။

## စကြဝတေးမင်း၏ အံ့ဖွယ်ဂုဏ်လေးပါး

ရဟန်းတို့ စကြဝတေးမင်း၌မဖြစ်ဘူးမြဲဖြစ်သော ဤလေးပါးသော အံ့ဖွယ်ဂုဏ်တို့သည် ရှိကုန်၏၊ အဘယ်လေးပါးတို့နည်းဟူမူ—

ရဟန်းတို့ မင်းပရိသတ်သည် စကြဝတေးမင်းကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြ်ားအံ့၊ ထို(ပရိသတ်) သည် ဖူးမြော်ရသဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ထို(ပရိသတ်) ၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောငြ်ားအံ့၊ ထို(ပရိသတ်) သည် ပြောသောစကားဖြင့် လည်း နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ စကြဝတေးမင်းသည် (စကားကို ရုပ်သိမ်း၍) ဆိတ်ဆိတ်နေသည့်တိုင်အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤလည်း အံ့ဖွယ်ဂုဏ်တပါး) ။

ရဟန်းတို့ ပုဏ္ဏားပရိသတ်သည်။ပ။

ရဟန်းတို့ သူဌေး သူကြွယ် ပရိသတ်သည်။ပ။

ရဟန်းတို့ သူတော်သူမြတ် ပရိသတ်သည် စကြဝတေးမင်းကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြ်ားအံ့၊ ထို(ပရိသတ်) သည် ဖူးမြော်ရသဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ထို(ပရိသတ်) ၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောငြ်ားအံ့၊ ထို(ပရိသတ်) သည် ပြောသော စကားဖြင့် လည်း နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ စကြဝတေးမင်းသည် (စကားကို ရုပ်သိမ်း၍) ဆိတ်ဆိတ်နေသည့်တိုင်အောင် သူတော်သူမြတ် ပရိသတ်သည် မရောင့်ရဲနိုင်သည် သာလျှင် ဖြစ်၏။ (ဤလည်း အံ့ဖွယ်ဂုဏ်တပါး) ။ (ဤလေးပါးတို့ပင်တည်း) ။

ရဟန်းတို့ ဤအတူ အာနန္ဒာ၌ မဖြစ်ဘူးမြဲဖြစ်သော ဤလေးပါးသော အံ့ဖွယ်ဂုဏ်တို့သည် ရှိကုန်၏။

ရဟန်းတို့ ရဟန်းပရိသတ်သည် အာနန္ဒာကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြ်ားအံ့၊ ထို(ပရိသတ်) သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထို(ပရိသတ်) ၌ အာနန္ဒာသည်

http://www.dhammadownload.com



အကယ်၍ တရားဟောငြားအံ့၊ ထို(ပရိသတ်)သည် ဟောသောတရားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ အာနန္ဒာသည် (တရားကိုရှုပ်သိမ်း၍) ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းပရိသတ်သည် (တရားနာ၍) မရောင့်ရဲနိုင်သည်သာလျှင်ဖြစ်၏။ (ဤလည်း အံ့ဖွယ်ဂုဏ်တပါး)။

ရဟန်းတို့ ရဟန်းမိန်းမပရိသတ်သည်။ပ။

ရဟန်းတို့ ဥပါသကာပရိသတ်သည်။ပ။

ရဟန်းတို့ ဥပါသိကာမပရိသတ်သည် အာနန္ဒာကို ဖူးမြော်ခြင်းငှါ အကယ်၍ ချဉ်းကပ်ငြားအံ့၊ ထို(ပရိသတ်)သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထို(ပရိသတ်)၌ အာနန္ဒာသည် အကယ်၍ တရားဟောငြားအံ့၊ ထို(ပရိသတ်)သည် ဟောသောတရားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ အာနန္ဒာသည် (တရားကိုရှုပ်သိမ်း၍) ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသိကာမ ပရိသတ်သည် (တရားနာ၍) မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤလည်း အံ့ဖွယ်ဂုဏ်တပါး)။

ရဟန်းတို့ အာနန္ဒာ၌ မဖြစ်ဘူးမြဲဖြစ်သော ဤလေးပါးသော အံ့ဖွယ်ဂုဏ်တို့သည် ရှိကုန်၏ဟု (မိန့်တော်မူ၏)။

## မဟာသုဒဿနသုတ်ကိုဟောတော်မူခြင်း

၂၁၀။ ဤသို့ မိန့်တော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား မြတ်စွာဘုရားသည် ကျေးတောကျသော မြို့လက်ဖြစ်သော ဤမြို့သိမ်မြို့ငယ်၌ ပရိနိဗ္ဗာန်ပြုတော်မမူပါလင့်၊ အသျှင်ဘုရား တပါးသော စမ္ပာပြည် ရာဇဂြိုဟ်ပြည် သာဝတ္ထိပြည် သာကေတမြို့ ကောသမ္ဗီပြည် ဗာရာဏသီပြည်ကြီးတို့သည် ရှိပါကုန်၏၊ ထို(ပြည်ကြီး)တို့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ထို(ပြည်ကြီး)တို့၌ မြတ်စွာဘုရားကို အလွန်ကြည်ညိုကုန်သော မင်းသူဌေး ပုဏ္ဏားသူဌေး သူကြွယ်သူဌေးတို့သည် များစွာရှိပါကုန်၏။ ထို(သူဌေး)တို့သည် မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်ကြပါကုန်လတ္တံ့" ဟု (လျှောက်၏)။

အာနန္ဒာ "ကျေးတောကျသော မြို့လက်ဖြစ်သော မြို့သိမ်မြို့ငယ်" ဟု ဤသို့ မဆိုလင့်၊ အာနန္ဒာ ဤသို့ မဆိုလင့်။

အာနန္ဒာ ရှေး၌ဖြစ်ဘူးသည်ကား တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော မဟာသုဒဿန မည်သော စကြဝတေးမင်းသည် ရှိ၏၊ (ထိုမင်းသည်) ရန်အပေါင်းကို အောင်၏၊ တိုင်းနိုင်ငံကို တည်ငြိမ်စေ၏၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံ၏။ အာနန္ဒာ ဤ(ကုသိနာရုံ)မြို့သည် မဟာသုဒဿနမင်း၏ ကုသာဝတီမည်သော နေပြည်တော်ဖြစ်ခဲ့ဘူး၏၊ အရှေ့ အနောက် အလျား တဆယ့်နှစ်ယူဇနာ ရှိ၏၊ တောင် မြောက်အနံ ခုနစ်ယူဇနာရှိ၏။

အာနန္ဒာ ကုသာဝတီနေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူ (ဦးရေ)ရှိ၏၊ လူ(မျိုးစုံ)တို့ဖြင့် ပြွမ်း၏၊ အစားအစာ ပေါများ၏။

http://www.dhammadownload.com



အာနန္ဒာ ဥပမာအားဖြင့် အာဋကမန္ဒာမည်သော နတ်မြို့တော်သည် ပြည့်စုံကြွယ်ဝသကဲ့သို့ စည်ပင်ဝပြောသကဲ့သို့ များသော နတ်(ဦးရေ)ရှိသကဲ့သို့ နတ်ဘီလူး(မျိုးစုံ)တို့ဖြင့် ပြွမ်းသကဲ့သို့ အစားအသာ ပေါများသကဲ့သို့ အာနန္ဒာ ဤအတူ ကုသာဝတီနေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူ(ဦးရေ)ရှိ၏၊ လူ(မျိုးစုံ)တို့ဖြင့် ပြွမ်း၏၊ အစားအစာပေါများ၏။

အာနန္ဒာ ကုသာဝတီနေပြည်တော်သည် ဆင်သံ မြင်းသံ ရထားသံ စည်ကြီးသံ မုရိုးစည်သံ စောင်းသံ သီချင်းသံ ခရုသင်းသံ ကြေးနင်းခွက်ခွင်းသံ "စားကြပါ သောက်ကြပါ ခဲကြပါ"ဟု ဆိုသော ဆယ်ခုမြောက်အသံ ဤဆယ်ပါးသော အသံတို့ဖြင့် နေ့ရော ညဉ့်ပါ မစဲမဆိတ်သည်သာ ဖြစ်၏။

အာနန္ဒာ သင်သွားချေလော့၊ ကုသိနာရုံပြည်သို့ ဝင်ပြီးလျှင် "ဝါသိဋ္ဌအနွယ် (မလ္လမင်း)တို့ ယနေ့ညဉ့်သန်းလွဲ(ပစ္ဆိမယာမ်)၌ပင် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့၊ ဝါသိဋ္ဌအနွယ်(မလ္လမင်း)တို့ လာကြကုန်လော့၊ လာကြကုန်လော့၊ 'ငါတို့၏ နယ်ပယ်အတွင်း၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပါလျက် ငါတို့သည် နောက်ဆုံးကာလ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရလိုက်ကြ'ဟု နောင်အခါ နှလုံးမသာ မဖြစ်ကြပါကုန်လင့်" ဟူ၍ ကုသိနာရုံပြည်သား မလ္လမင်းတို့အား ပြောကြားချေလော့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် မိမိလျှင် နှစ်ယောက်မြောက်ရှိသည်ဖြစ်၍ (အဖော်တပါးနှင့်တကွ) ကုသိနာရုံပြည်သို့ ဝင်လေ၏။

## မလ္လမင်းတို့ ရှိခိုးခြင်း

၂၁၁။ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် တစုံတခုသော ကိစ္စဖြင့် မင်းကွန်း၌ စည်းဝေးနေကုန်၏။

ထိုအခါ အသျှင်အာနန္ဒာသည် ကုသိနာရုံပြည်သား မလ္လမင်းတို့၏ လွှတ်တော်သို့ ချဉ်းကပ်ပြီးလျှင် "ဝါသိဋ္ဌအနွယ် (မလ္လမင်း)တို့ ယနေ့ညဉ့်သန်းလွဲ (ပစ္ဆိမယာမ်)၌ပင် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူခြင်းသည် ဖြစ်လတ္တံ့၊ ဝါသိဋ္ဌအနွယ် (မလ္လမင်း)တို့ လာကြကုန်လော့၊ လာကြကုန်လော့၊ 'ငါတို့၏ နယ်ပယ်အတွင်း၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပါလျက် ငါတို့သည် နောက်ဆုံးကာလ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရလိုက်ကြ'ဟု နောင်အခါ နှလုံးမသာ မဖြစ်ကြပါစေကုန်လင့်" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့အား ပြောကြားလေ၏။

အသျှင်အာနန္ဒာ ၏ ဤ(စကား)ကို ကြားကုန်သည်ရှိသော် မလ္လမင်းတို့သည်၎င်း မလ္လမင်းတို့၏ သားသမီး ချွေးမ မိဖုရားတို့သည်၎င်း အလွန် ကြေကွဲဝမ်းနည်းလျက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလတ္တံ့" ဟု အချို့သော သူတို့သည် ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှုလူးလိမ့်ကုန်၏၊ ထိုထို ဤဤ လူးလိမ့်ကုန်၏။

http://www.dhammadownload.com



ထိုအခါ မလ္လမင်းတို့သည်၎င်း မလ္လမင်းတို့၏ သား သမီး ချွေးမ မိဖုရားတို့သည်၎င်း အလွန်ကြေကွဲဝမ်းနည်းလျက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ မလ္လမင်းတို့၏ (မြို့ဝင်ခါနီး) လမ်းကွေ့ဖြစ်သော အင်ကြင်းဥယျာဉ်ရှိ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကုန်၏။

ထိုအခါ အသျှင်အာနန္ဒာအား ဤသို့သော အကြံသည် ဖြစ်၏—

"ငါသည် ကုသိနာရုံပြည်သား မလ္လမင်းတို့ကို တယောက်စီ တယောက်စီ မြတ်စွာဘုရားအား ကန်တော့စေလျှင် မလ္လမင်းတို့ ကန်တော့၍ မပြီးသေးမီပင် ဤညဉ့်သည် ကုန်ဆုံးသွားလတ္တံ့၊ ငါသည် ကုသိနာရုံပြည်သား မလ္လမင်းတို့ကို အမျိုးတူ အစုလိုက် အစုလိုက်ထား၍ 'အသျှင်ဘုရား ဤမည်သော မလ္လမင်းသည် သားသမီး မိဖုရား အမတ်ပရိသတ်နှင့်တကွ မြတ်စွာဘုရားအား ခြေတော်ဦးခိုက်လျက် ကန်တော့ပါသည်' ဟု (လျှောက်ကာ လျှောက်ကာ) မြတ်စွာဘုရားအား ကန်တော့စေရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင်အာနန္ဒာသည် ကုသိနာရုံပြည်သား မလ္လမင်းတို့ကို အမျိုးတူ အစုလိုက် အစုလိုက် ထား၍ "အသျှင်ဘုရား ဤမည်သော မလ္လမင်းသည် သားသမီး မိဖုရား အမတ် ပရိသတ်နှင့်တကွ မြတ်စွာဘုရားအား ခြေတော်ဦးခိုက်လျက် ကန်တော့ပါသည်" ဟု (လျှောက်ကာ လျှောက်ကာ) ကန်တော့စေ၏။

ထိုအခါ အသျှင်အာနန္ဒာသည် ဤနည်းဖြင့် ကုသိနာရုံပြည်သား မလ္လမင်းတို့ကို မြတ်စွာဘုရားအား ကန်တော့စေရာ ညဉ့်ဦးယာမ်၌ပင်လျှင် ပြီးဆုံးလေ၏။

## သုဘဒ်ပရိဗိုဇ်ဝတ္ထု

၂၁၂။ ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည်၌ တည်းခိုနေလျက်ရှိ၏။ သုဘဒ္ဒပရိဗိုဇ်သည် "ယနေ့ညဉ့် သန်းလွဲ (ပစ္ဆိမယာမ်)၌ ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့" ဟု ကြားလေ၏။ ထိုအခါ သုဘဒ္ဒပရိဗိုဇ်အား ဤသို့ အကြံဖြစ်၏—

"(အသက်)ကြီးကုန်သော (အရွယ်)ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပရိဗိုဇ်တို့ ပြောသော စကားကို ကြားဘူး၏၊ 'ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားတို့သည် လောက၌ တရံတခါသာ ပွင့်တော်မူကြကုန်၏' ဟု (ကြားဘူး၏)။ ယနေ့ညဉ့်သန်းလွဲ(ပစ္ဆိမယာမ်)၌ပင်လျှင် ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် ဖြစ်လတ္တံ့၊ ဤငါ့အားလည်း ယုံမှားတခု ဖြစ်ပေါ်လျက်ရှိ၏၊ 'ဤယုံမှားကို ငါပယ်ဖျောက်နိုင်အောင် ရဟန်းဂေါတမသည် ငါ့အား တရားဟောခြင်းငှါ စွမ်းနိုင်၏၊ ငါသည် ရဟန်းဂေါတမကို ယုံကြည်၏" ဟူ၍ (အကြံဖြစ်၏)။

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် (မြို့ဝင်ခါနီး) လမ်းကွေ့ဖြစ်သော မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်ရှိ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏၊ "အသျှင်အာနန္ဒာ (အသက်)ကြီးကုန်သော (အရွယ်)ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပရိဗိုဇ်တို့ ပြောသောစကားကို အကျွန်ုပ် ကြားဘူးပါ၏၊ 'ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတို့သည် လောက၌ တရံတခါသာ ပွင့်တော်မူကြကုန်၏' ဟု (ကြားဘူးပါ၏)။ ယနေ့ညဉ့်သန်းလွဲ (ပစ္ဆိမယာမ်)၌ပင်လျှင်

http://www.dhammadownload.com



ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် ဖြစ်လတ္တံ့ ' ဟု ဆိုပါသည်၊ အကျွန်ုပ်အားလည်း ယုံမှားတခု ဖြစ်ပေါ်လျက်ရှိ၏၊ 'ဤယုံမှားကို အကျွန်ုပ်ပယ်ဖျောက်နိုင်အောင် ရဟန်းဂေါတမသည် အကျွန်ုပ်အား တရားဟောခြင်းငှါ စွမ်းနိုင်ပါသည်'ဟု ရဟန်းဂေါတမကို အကျွန်ုပ် ယုံကြည်ပါသည်။ အသျှင်အာနန္ဒာ တောင်းပန်ပါ၏၊ အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမြော်ခွင့်ရလိုပါသည်" ဟု (လျှောက်၏)။

ဤသို့လျှောက်သော် အသျှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်ကို "ငါ့သျှင် သုဘဒ္ဒ ခွင့်မပြုနိုင်ပါ၊ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလျက်ရှိ၏၊ မြတ်စွာဘုရားကို မညှဉ်းဆဲပါလင့်" ဟု ပြန်ကြား၏။

သုဘဒ္ဒပရိဗိုဇ်သည်နှစ်ကြိမ်မြောက်လည်း။ပ။

သုဘဒ္ဒပရိဗိုဇ်သည် သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏။ "အသျှင်အာနန္ဒာ (အသက်)ကြီးကုန်သော (အရွယ်)ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပရိဗိုဇ်တို့ ပြောသောစကားကို အကျွန်ုပ်ကြားဘူး၏၊ 'ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားတို့သည် လောက၌ တရံတခါသာ ပွင့်တော်မူကြကုန်၏' ဟု (ကြားဘူးပါ၏)၊ ယနေ့ညဉ့်သန်းလွဲ(ပစ္ဆိမယာမ်)၌ပင်လျှင် ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် ဖြစ်လတ္တံ့ ဟု ဆိုပါသည်၊ ကျွန်ုပ်အားလည်း ဤ ယုံမှားခြင်း တခုဖြစ်ပေါ်လျက်ရှိ၏၊ 'ဤယုံမှားကို အကျွန်ုပ် ပယ်ဖျောက်နိုင်အောင် ရဟန်းဂေါတမ သည် အကျွန်ုပ်အား တရားဟောခြင်းငှါ စွမ်းနိုင်ပါသည်' ဟု ရဟန်းဂေါတမကို အကျွန်ုပ် ယုံကြည်ပါသည်။ အသျှင်အာနန္ဒာ တောင်းပန်ပါ၏၊ အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမြော်ခွင့် ရလိုပါသည်" ဟု (လျှောက်၏)။

အသျှင်အာနန္ဒာသည် သုံးကြိမ်မြောက်လည်း သုဘဒ္ဒပရိဗိုဇ်အား ဤစကားကို ပြောဆို၏၊ "ငါ့သျှင်သုဘဒ္ဒ ခွင့်မပြုနိုင်ပါ၊ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလျက်ရှိ၏၊ မြတ်စွာဘုရားကို မညှဉ်းဆဲပါလင့်" ဟု (ပြန်ကြား၏)။

၂၁၃။ မြတ်စွာဘုရားသည် သုဘဒ္ဒပရိဗိုဇ်နှင့် အသျှင်အာနန္ဒာ စကားပြောဆိုနေသည်ကို ကြားတော်မူလေ၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို မိန့်တော်မူ၏—

"အာနန္ဒာ တားမြစ်ရန်မသင့်၊ သုဘဒ္ဒကို မတားမြစ်ပါလင့်၊ အာနန္ဒာ သုဘဒ္ဒသည် မြတ်စွာဘုရားကို ဖူးမြော်ခွင့် ရပါစေလော့၊ သုဘဒ္ဒသည် ငါ့အား မေးလျှင် ထိုမေးသမျှသည် ညှဉ်းဆဲလို၍မဟုတ်ပဲ သိလို၍မေးခြင်းသာ ဖြစ်ပါလိမ့်မည်၊ သူမေးသည်ကို ငါဖြေလိုက်လျှင် ထို(အဖြေ)ကို လျင်မြန်စွာ သူသိပါလိမ့်မည်" ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်အာနန္ဒာသည် "ငါ့သျှင် သုဘဒ္ဒ မြတ်စွာဘုရားသည် သင့်အား ခွင့်ပြုတော်မူနေပြီ၊ သွားပေတော့" ဟု (သုဘဒ္ဒပရိဗိုဇ်အား ဆို၏)။

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

http://www.dhammadownload.com



"အသျှင်ဂေါတမ အကြင်သမဏဗြာဟ္မဏတို့သည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းဆရာလည်း ဖြစ်ကုန်၏၊ ထင်ရှားကုန်၏၊ ကျော်စောကုန်၏၊ အယူဝါဒတည်ဆွင်သူတို့ ဖြစ်ကုန်၏၊ သူတော်ကောင်း ဟု လူအများက သမုတ်ထားသူများ ဖြစ်ကုန်၏၊ ဤသူတို့ကား အဘယ်သူတို့နည်း၊ ပူရဏကဿပ မက္ခလိဂေါသာလ အဇိတကေသကမ္ဗလ ပကုဓကစ္စာယန ဗေလဋ္ဌ၏သား သဉ္စယ နာဋ၏သား နိဂဏ္ဌတို့ပင်တည်း။

ထို(သမဏဗြာဟ္မဏ)အားလုံးတို့သည်ပင် မိမိတို့၏ ဝန်ခံချက်အတိုင်း သိပါကုန်သလော၊ (သို့မဟုတ်) အားလုံးတို့သည်ပင် (မိမိတို့ ဝန်ခံချက်အတိုင်း) မသိပါကုန်သလော၊ သို့မဟုတ် အချို့တို့သည်သာ သိ၍ အချို့တို့သည် မသိပါကုန်သလော" ဟု (လျှောက်၏)။

သုဘဒ္ဒ မမေးလင့် "ထို(သမဏဗြာဟ္မဏ)အားလုံးတို့သည်ပင် မိမိတို့၏ ဝန်ခံချက်အတိုင်း သိကုန်သလော၊ သို့မဟုတ် အားလုံးတို့သည်ပင် မသိကုန်သလော၊ သို့မဟုတ် အချို့တို့သည်သာ သိ၍ အချို့တို့သည် မသိကုန်သလော" ဟူသော အမေးကို ထားလိုက်ဦးလော့။

သုဘဒ္ဒ သင့်အား ငါတရားဟောအံ့၊ ထို(တရား)ကိုနာလော့၊ ကောင်းစွာ နှလုံးသွင်းလော့ ဟောပေအံ့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားအား ဝန်ခံ၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

၂၁၄။ "သုဘဒ္ဒ အကြင်တရားဝိနည်းဟူသော သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်(တရား)သည် မရှိ၊ ထို(အရိယမဂ်တရားမရှိသော သာသနာ)၌ (သောတာပန်)ရဟန်းသည်လည်း မရှိ၊ ဒုတိယအဆင့် (သကဒါဂါမ်)ရဟန်းသည်လည်း မရှိ၊ တတိယအဆင့် (အနာဂါမ်)ရဟန်းသည်လည်း မရှိ၊ စတုတ္ထအဆင့် (ရဟန္တာ)ရဟန်းသည်လည်း မရှိ။

သုဘဒ္ဒ အကြင်တရား ဝိနည်းဟူသော သာသနာတော်၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်(တရား)သည်ရှိ၏၊ ထို(အရိယမဂ်တရားရှိသော သာသနာတော်)၌ (သောတာပန်)ရဟန်းသည်လည်း ရှိ၏၊ ဒုတိယအဆင့်(သကဒါဂါမ်)ရဟန်းသည်လည်း ရှိ၏၊ တတိယအဆင့် (အနာဂါမ်) ရဟန်းသည်လည်း ရှိ၏၊ စတုတ္ထအဆင့်(ရဟန္တာ)ရဟန်းသည်လည်း ရှိ၏။

သုဘဒ္ဒ (ငါ၏)တရားဝိနည်းဟူသော ဤသာသနာတော်၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်(တရား)သည် ရှိပေ၏၊ ဤ (အရိယမဂ်တရားရှိသော သာသနာတော်) ၌သာလျှင် (သောတာပန်) ရဟန်းသည် ရှိပေ၏၊ ဤ(သာသနာတော်) ၌သာလျှင် ဒုတိယအဆင့်(သကဒါဂါမ်)ရဟန်းသည် ရှိပေ၏၊ ဤ(သာသနာတော်)၌သာလျှင် တတိယအဆင့် (အနာဂါမ်)ရဟန်းသည် ရှိပေ၏၊ ဤ(သာသနာတော်)၌ သာလျှင် စတုတ္ထအဆင့် (ရဟန္တာ)ရဟန်းသည် ရှိပေ၏။ (ဤငါ၏ သာသနာတော်မှ) တပါးသော အယူဝါဒ(သာသနာ)တို့သည် တရားကို သိမြင်သော ရဟန်းမြတ် (တကျိပ်နှစ်ယောက်[၁])တို့မှ ဆိတ်ကုန်၏၊ သုဘဒ္ဒ ဤရဟန်းမြတ် (တကျိပ်နှစ်ယောက်)တို့သည် မှန်စွာ(အဆင့်ဆင့် ဟောပြောလျက်) နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်ရာ၏—

၁။ ရဟန်းမြတ် တကျိပ်နှစ်ယောက် ဟူသည်မှာ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့နှင့် အားထုတ်ဆဲ ဝိပဿကပုဂ္ဂိုလ် လေးယောက်တို့ပေတည်း။

http://www.dhammadownload.com



သုဘဒ္ဒ (ငါသည်) သဗ္ဗညုတဉာဏ်ကို ရှာလိုသည်ဖြစ်၍ နှစ်ဆယ့်ကိုးနှစ်အရွယ်က ရဟန်းပြု ခဲ့၏၊ သုဘဒ္ဒ ငါရဟန်းပြုသည်မှစ၍ အနှစ်ငါးဆယ်ကျော်ခဲ့လေပြီ၊ ဤ(ငါ၏ သာသနာတော်)မှ အပ၌ အရိယမဂ်တရား၏ ရှေ့ပိုင်းဖြစ်သော ဝိပဿနာမဂ်ကို ပွါးစေသော သူသည်လည်း မရှိ ချေ၊ (သောတာပန်) ရဟန်းသည်လည်း မရှိချေ၊ ဒုတိယအဆင့် (သကဒါဂါမ်) ရဟန်းသည် လည်း မရှိချေ၊ တတိယအဆင့် (အနာဂါမ်) ရဟန်းသည်လည်း မရှိချေ၊ စတုတ္ထ အဆင့် (ရဟန္တာ) ရဟန်းသည်လည်း မရှိချေ။ (ဤငါ၏ သာသနာတော်မှ) တပါးသော အယူဝါဒ (သာသနာ)တို့သည် တရားကို သိမြင်သော ရဟန်းမြတ် (တကျိပ်နှစ်ယောက်)တို့မှ ဆိတ်ကုန် ၏၊ သုဘဒ္ဒ ဤရဟန်းမြတ် (တကျိပ်နှစ်ယောက်) တို့သည် မှန်စွာ (အဆင့်ဆင့် ဟောပြော လျက်) နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည် ဖြစ်လေရာ၏" ဟု (ဟောတော်မူ၏)။

၂၁၅။ ဤသို့ဟောတော်မူသည်ရှိသော် သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ "အသျှင်ဘုရား (တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား(တရား တော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန် ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကိုမြင်ကြလိမ့်မည်' ဟု အမိုက် မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း။ အသျှင်ဘုရား ဤအတူပင်လျှင် အသျှင် ဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကိုပြတော်မူပါပေ၏၊ အသျှင်ဘုရား ထို အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံ၌ ရှင်အဖြစ်ကိုရလိုပါ၏၊ ပဉ္စင်းအဖြစ်ကိုရလိုပါ၏" ဟု (လျှောက်၏)။

"သုဘဒ္ဒ (သာသနာတော်မှ)တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသောသူသည် ဤတရား ဝိနည်း (သာသနာတော်)၌ အကယ်၍ ရှင်အဖြစ်ကိုရလိုမူ၊ ရဟန်းအဖြစ်ကိုရလိုမူ၊ လေးလတို့ပတ်လုံး အစမ်းကျင့်သုံးရ၏၊ လေးလလွန်သောအခါ ရဟန်းတို့သည် ကြေနပ်သောစိတ်ရှိကြလျှင် ရှင်ပြု ပေးကုန်လတ္တံ့၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကုန်လတ္တံ့၊ သို့သော် ဤအရာ၌ ငါသည်ကား ပုဂ္ဂိုလ် တို့၏ခြားနားသည်၏ အဖြစ်ကိုသိသေး၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သာသနာတော်မှ တပါးသောအယူရှိသည့်တိတ္ထိဖြစ်ဘူးသောသူတို့သည် ဤ တရားဝိနည်း (သာသနာတော်)၌ အကယ်၍ ရှင်အဖြစ်ကိုရလိုကုန်မူ၊ ရဟန်းအဖြစ်ကိုရလိုကုန်မူ၊ လေးလတို့ပတ်လုံး အစမ်းကျင့်သုံးရကုန်ငြားအံ့၊ လေးလလွန်သောအခါ ရဟန်းတို့သည် ကြေနပ် သောစိတ်ရှိကြလျှင် ရှင်ပြုပေးကုန်ငြားအံ့၊ ရဟန်းအဖြစ်သို့မြှင့်တင်ပေးကုန်ငြားအံ့၊ အကျွန်ုပ်သည် လေးနှစ်ပတ်လုံး အစမ်းကျင့်သုံးပါမည်၊ လေးနှစ်လွန်သောအခါ ရဟန်းတို့သည် ကြေနပ်သောစိတ် ရှိကြလျှင် ရှင်ပြုပေးတော်မူကြပါစေ၊ရဟန်းအဖြစ်သို့ မြှင့်တင်ပေးတော်မူကြပါစေ ဟု(လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ သို့ဖြစ်လျှင် သုဘဒ္ဒကို ရှင်ရဟန်းပြုပေးလော့" ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

http://www.dhammadownload.com



ထိုနောက် သုဘဒ္ဒပရိဗိုဇ်သည် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—

"ငါ့သျှင် အာနန္ဒာ သင်တို့သည် ဤသာသနာတော်ဝယ် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ကပည့်အဖြစ်ဖြင့် အဘိသိက် သွန်းခြင်းကို ရရှိပါပေကုန်၏၊ ငါ့သျှင် အာနန္ဒာ သင်တို့သည် လာဘ်ကောင်းပါပေကုန်စွ၊ အရတော်ပါပေကုန်စွ" ဟု (လျှောက်၏)။

သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကိုရလေ၏၊ ရဟန်းအဖြစ်ကိုရလေ၏၊ ရဟန်းဖြစ်၍ မကြာမီ အသျှင်သုဘဒ္ဒသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့)စိတ်ကို စေလွှတ်၍ နေ၏။

ထိုသို့နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ (အသျှင်သုဘဒ္ဒသည်) မကြာမီယခုဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကိုပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ်ကိစ္စမရှိတော့ပြီ" ဟု သိ၏။ အသျှင်သုဘဒ္ဒသည် ရဟန္တာတို့တွင် တပါး (အပါအဝင်)ဖြစ်၍ မြတ်စွာဘုရား၏ နောက်ဆုံးမျက်မှောက်တပည့်ဖြစ်လေ၏။

ပဉ္စမအခန်း ပြီး၏။

---

## မြတ်စွာဘုရား၏ နောက်ဆုံးစကားတော်

၂၁၆။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို ဤသို့ မိန့်တော်မူ၏—

"အာနန္ဒာ 'တရားစကားတော်သည် ဟောကြားသောဆရာ (ဘုရား)မှ ကင်းကွာခဲ့လေပြီ၊ ငါတို့၏ ဆရာ(ဘုရား)သည် မရှိတော့ပြီ' ဟု သင်တို့အား ဤသို့သော ထင်မှတ်ခြင်း ဖြစ်သော်လည်း ဖြစ်ရာ၏၊ အာနန္ဒာ ဤအရာကို ဤသို့ မထင်မှတ်အပ်။ အာနန္ဒာ ငါဟောကြား ပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ဆရာ (ဘုရား) ပင် ဖြစ်ပေ၏။

အာနန္ဒာ ယခုအခါ ရဟန်းတို့သည် အချင်းချင်း ငါ့သျှင် 'အာဝုသော' ဟူသော စကားဖြင့် (ကြီးငယ်မရွေး) ခေါ်ကုန်သကဲ့သို့ ငါကွယ်လွန်သောအခါ၌ကား ဤနည်းဖြင့် မခေါ်အပ်။ အာနန္ဒာ မထေရ်ကြီးဖြစ်သော ရဟန်းသည် သီတင်းငယ် ရဟန်းကို အမည်ဖြင့် ဖြစ်စေ၊ အနွယ်ဖြင့် ဖြစ်စေ ငါ့သျှင် 'အာဝုသော' ဟူသောစကားဖြင့် ဖြစ်စေ ခေါ်အပ်၏၊ သီတင်းငယ်ရဟန်းသည်ကား မထေရ်ကြီးဖြစ်သော ရဟန်းကို အသျှင်ဘုရား 'ဘန္တေ' ဟူ၍ သော်၎င်း အသျှင် 'အာယသ္မာ' ဟူ၍သော်၎င်း (ဤသို့သာ) ခေါ်အပ်၏။

အာနန္ဒာ သံဃာတော်သည် ငါကွယ်လွန်သောအခါ၌ အသေးအနုပ် သိက္ခာပုဒ်တို့ကို နုတ်ပယ်လိုခဲ့သော် နုတ်ပယ်လေလော့။ အာနန္ဒာ ငါကွယ်လွန်သောအခါ၌ ဆန္နရဟန်းအား ဗြဟ္မဒဏ် ပေးအပ်၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဗြဟ္မဒဏ် ဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ ဆန္ဒရဟန်းသည် ပြောဆိုလိုရာ (စကား)ကို ပြောဆိုနိုင်၏၊ (သို့ရာတွင်) ရဟန်းတို့သည်ကား ထို(ဆန္ဒရဟန်း)ကို မပြောဆိုအပ်၊ မဆုံးမအပ်၊ မကံမြစ်အပ် ဤကား (ဗြဟ္မဒဏ်တည်း)။

၂၁၇။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား မိန့်တော်မူ၏—

"ရဟန်းတို့ ဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်းသည် တစုံတယောက်သော ရဟန်းအား ဖြစ်လျက်ရှိငြားအံ့၊ ရဟန်းတို့ (ငါ့အား) မေးကြကုန်လော့၊ 'မြတ်စွာဘုရားသည် ငါတို့၏ မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို ရှေးတော်၌ ပြန်၍ မေးခြင်းငှါ မစွမ်းနိုင်ခဲ့ကြပါတကား' ဟု သင်တို့သည် နောင်တ တဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ထိုရဟန်းတို့သည် ဆိတ်ဆိတ်နေကြကုန်၏။ မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း။ပ။ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်လည်း ရဟန်းတို့အား မိန့်တော်မူပြန်၏—

"ရဟန်းတို့ ဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်းသည် တစုံတယောက်သော ရဟန်းအား ဖြစ်လျက်ရှိငြားအံ့၊ ရဟန်းတို့ (ငါ့အား)မေးကြကုန်လော့၊ 'မြတ်စွာဘုရားသည် ငါတို့၏ မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို ရှေးတော်၌ ပြန်၍ မေးခြင်းငှါ မစွမ်းနိုင်ခဲ့ကြပါတကား' ဟု သင်တို့သည် နောင်တ တဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်" ဟု (မိန့်တော်မူ၏)။

သုံးကြိမ်မြောက်လည်း ထိုရဟန်းတို့သည် ဆိတ်ဆိတ်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့ မိန့်တော်မူ၏—

"ရဟန်းတို့ သင်တို့သည် ဘုရား၌ ရိုသေသဖြင့် မမေးကြသည်သော်လည်း ဖြစ်ငြားအံ့၊ ရဟန်းတို့ အဖော်ရဟန်း အချင်းချင်းအားမူလည်း (မိမိ၏ ယုံမှားတွေးတောခြင်းကို) ပြောကြားလော့" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော်လည်း ထိုရဟန်းတို့သည် ဆိတ်ဆိတ်ပင် နေကြကုန်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အံ့ဖွယ်ဖြစ်ပါပေ၏ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏ အသျှင်ဘုရား၊ အသျှင်ဘုရား ဤရဟန်းသံဃာထည်း၌ 'တပါးသော ရဟန်းမျှသော်လည်း မြတ်စွာဘုရား၌ဖြစ်စေ တရားတော်၌ ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်းမရှိ' ဟု အကျွန်ုပ် ယုံကြည်ပါသည်" ဟု (လျှောက်၏)။

အာနန္ဒာ သင်သည် ယုံကြည်ခြင်းကြောင့်သာလျှင် ဆိုပေ၏၊ အာနန္ဒာ ဤရဟန်းသံဃာထည်း၌ တပါးသော ရဟန်းမျှသော်လည်း ဘုရား၌ဖြစ်စေ၊ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်း မရှိကြောင်းကို မြတ်စွာဘုရားအား သိပြီးပင် ဖြစ်ပေ၏။

http://www.dhammadownload.com



အာနန္ဒာ ဤရဟန်းငါးရာတို့တွင် အောက်ထစ်ဆုံးဖြစ်သော ရဟန်းသည်ပင် အပါယ်သို့ ကျခြင်း သဘောမရှိသော ကိန်းသေ မြဲသော [၁] အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်ပေ၏ ဟု(မိန့်တော်မူ၏)။

၂၁၇။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ သင်တို့အား ယခု (ငါ) မိန့်မှာတော်မူခဲ့အံ့၊ ပြုပြင်ပေးရသော 'သင်္ခါရ' တရား တို့သည် ပျက်စီးခြင်း သဘောရှိကုန်၏၊ မမေ့သော သတိတရားဖြင့် [၂] ကိစ္စပြီးအောင် အားထုတ် ကြကုန်လော့" ဟု (မိန့်တော်မူ၏)။

ဤကား မြတ်စွာဘုရား၏ နောက်ဆုံးမိန့်ခွန်းတော်ပေတည်း။

၂၁၈။ ထို့နောက် မြတ်စွာဘုရားသည် ပဌမဈာန်ကို ဝင်စားတော်မူ၏၊ ပဌမဈာန်မှ ထတော်မူ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏၊ ဒုတိယဈာန်မှ ထတော်မူ၍ တတိယဈာန်ကို ဝင်စားတော်မူ၏၊ တတိယဈာန်မှထတော်မူ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှ ထတော်မူ၍ အာကာ သာနဉ္စာယတန (သမာပတ်)ကို ဝင်စားတော်မူ၏၊ အာကာသာနဉ္စာယတန သမာပတ်မှ ထတော် မူ၍ ဝိညာဏဉ္စာယတန (သမာပတ်)ကို ဝင်စားတော်မူ၏၊ ဝိညာဏဉ္စာယတနသမာပတ်မှ ထတော်မူ၍ အာကိဉ္စညာယတန (သမာပတ်)ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတန (သမာပတ်)ကို ဝင်စားတော်မူ၏၊ နေဝသညာနာသညာယတနသမာ ပတ်မှ ထတော်မူ၍ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် "အသျှင်အနုရုဒ္ဓါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါပြီ လော" ဟု အသျှင်အနုရုဒ္ဓါအား မေးလျှောက်၏။

ငါ့သျှင်အာနန္ဒာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မမူသေး၊ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓ(သမာပတ်) ကို ဝင်စားတော်မူလျက်ရှိ၏ ဟု(ပြန်ကြားတော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတန (သမာပတ်)ကို ဝင်စားတော်မူ၏၊ နေဝသညာနာသညာယတန သမာပတ်မှ ထတော်မူ၍ အာကိဉ္စညာယတန(သမာပတ်) ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတန သမာပတ်မှ ထတော်မူ၍ ဝိညာဏဉ္စာယတန (သမာပတ်)ကို ဝင်စားတော်မူ၏၊ ဝိညာဏဉ္စာယတန သမာပတ်မှ ထတော်မူ၍ အာကာသာနဉ္စာယတန (သမာပတ်)ကို ဝင်စားတော်မူ၏၊ အာကာ သာနဉ္စာယတနသမာပတ်မှ ထတော်မူ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှ ထတော် မူ၍ တတိယဈာန်ကိုဝင်စားတော်မူ၏၊ တတိယဈာန်မှထတော်မူ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏၊ ဒုတိယဈာန်မှ ထတော်မူ၍ ပဌမဈာန်ကို ဝင်စားတော်မူ၏၊ ပဌမဈာန်မှ ထတော်မူ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏၊ ဒုတိယဈာန်မှ ထတော်မူ၍ တတိယဈာန်ကို ဝင်စားတော်မူ၏၊ တတိယဈာန်မှ

---

၁။ သုဂတိဂ္ဂိသာဖြစ်ရသော ကိန်းသေမြဲသော (တနည်း) ဆင်းရဲ၏အဆုံးသို့ရောက်ရန် ကိန်းသေမြဲသော်။

၂။ အပ္ပမာဒေန သမ္ပာဒေထာတိ သတိအဝိပ္ပဝါသေန သဗ္ဗကိစ္စာနိ သမ္ပာဒေထ-ဟူသော အဋ္ဌကထာနှင့်အညီ သတိတရားဖြင့် ဟု ကရိုဏ်းအနက်ပြန်ဆိုထားသည်။

http://www.dhammadownload.com



ထတော်မူ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှ ထတော်မူပြီး သည်၏ အခြားမဲ့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူလေသတည်း။

၂၂၀။ **မြတ်စွာဘုရား** ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန် ပြုသည်နှင့် တပြိုင်နက် ကြက်သီးမွေးညင်းထစေလျက် ကြောက်မက်ဖွယ်ရာကြီးစွာသော မြေလျှင်လှုပ်ခြင်းသည်ဖြစ်လေ၏၊ တော်လည်းသံ (နတ်စည်)တို့သည်လည်း တခြိမ့်ခြိမ့်မြည်ဟည်းကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု**တော်**မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုသည်နှင့်တပြိုင်နက် သဟမ္ပတိ ဗြဟ္မာသည် ဤဂါထာကို **ရွတ်ဆို၏—**

"ကိုယ်တိုင်**(အလုံးစုံကို) သိတော်မူသော** အားဆယ်ပါးနှင့်ပြည့်စုံတော်မူသော **ဤသို့သော** ဆရာသခင် **အတုမဲ့ဘုရားသျှင် သော်မှလည်း** အကြင်လောက၌ ပရိနိဗ္ဗာန် **ပြု**တော်မူရချေ သေး၏၊ **ထိုလောကထည်း၌ (ရှိသမျှ)** သတ္တဝါအားလုံးတို့သည် ရုပ် နာမ် **အစုအတ္တဘော**ကို စွန့်ပစ်ကြရကုန်**မည်ချည်းသာတည်း**" ဟု (ရွတ်ဆို**၏**)။

၂၂၁။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူ**သည်ရှိသော် ပရိနိဗ္ဗာန်**ပြုသည်နှင့် တပြိုင်နက် နတ်တို့အရှင် သိကြားမင်းသည် ဤဂါထာကို ရွတ်ဆို**၏—**

"ဖြစ်ခြင်း ပျက်ခြင်း **သဘောရှိ၍** ပြုပြင်ရသော **'သင်္ခါရ' တရားတို့သည်** မမြဲလေကုန်စွ တကား၊ ဖြစ်ပေါ်ပြီးနောက် **ချုပ်ပျောက်**လေကုန်စွ**တကား၊ ထို(သင်္ခါရတရား)**တို့၏ ငြိမ်းခြင်း သည်သာလျှင် ချမ်းသာ**ပေလိမ့်မည်တကား**" ဟု (ရွတ်ဆို**၏**)။

၂၂၂။ **မြတ်စွာ**ဘုရား ပရိနိဗ္ဗာ**န် ပြု**တော်မူသည်ရှိသော် **ပရိနိဗ္ဗာန်ပြုသည်**နှင့် တပြိုင်နက် အသျှင်အနုရုဒ္ဓါ**သည်** ဤဂါထာတို့ကို **ရွတ်ဆို၏—**

"တဏှာကင်းတော်မူသော မြတ်စွာ**ဘုရားသည် (ငြိမ်းအေးသော) နိဗ္ဗာန်ကို (ကြွရန်)** ရည်စူး၍ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ (ထိုကြောင့်)**စိတ်ခတ်ကြံ့ခိုင်၍ ကောင်းဆိုး နှစ်ပါးကို** အတူထားလျက် ရှုတော်မူနိုင်သော မြတ်စွာဘုရား၏ ထွက်လေ ဝင်လေတို့သည် မရှိတော့ပြီ တကား။

(မြတ်စွာဘုရားသည်) ညှိုးငယ်ခြင်း မရှိသော စိတ်ဖြင့် ဝေဒနာကို သည်းခံတော်မူလေပြီ၊ ထိုမြတ်စွာဘုရား၏ စိတ်တော်သည် ဆီမီးလုံငြိမ်းသကဲ့သို့ပင် (ချုပ်ငြိမ်း) လွတ်မြောက်တော် မလေပြီတကား" ဟု (ရွတ်ဆို၏)။

၂၂၃။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုသည်နှင့်တပြိုင်နက် အသျှင် အာနန္ဒာသည် ဤဂါထာကို ရွတ်ဆို၏—

"မွန်မြတ်သော ဂုဏ်တော်အားလုံးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်ပရိနိဗ္ဗာန် ပြုတော်မူလတ်သော် ထိုအခိုက်ဝယ် ကြောက်မက်ဖွယ်(မြေလှုပ်ခြင်း)သည် ဖြစ်လေပြီတကား၊ ကြက်သီးမွေးညှင်းထဖွယ်(မြေလှုပ်ခြင်း)သည် ဖြစ်လေပြီတကား" ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



၂၂၄။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ အရပ်၌ (ရှိသော)ရာဂမကင်းသေးသည့် အချို့သောရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလေပြီ" ဟု (ဆိုကာ)လက်မောင်းတို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကုန်၏၊ ပြတ်ကျသကဲ့သို့ လည်းကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထိုဤဤလူးလှိမ့်ကုန်၏။

ရာဂကင်းပြီးသော ရဟန်းတို့သည်ကား "ပြုပြင်ရသော 'သင်္ခါရ' တရားတို့သည် မမြဲသော သဘောရှိကုန်၏၊ ဤ(သင်္ခါရတရားထည်း) ၌ ထို(မြဲခြင်း)ကို အဘယ်မှာ ရနိုင်ပါအံ့နည်း" ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏။

၂၂၅။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ငါ့သျှင်တို့ တန်ကြလော့၊ မစိုးရိမ် မပူဆွေးကြလင့်၊ မငိုကြွေးကြလင့်၊ 'ချစ်ခင်မြတ်နိုးသော သူအားလုံးတို့နှင့် (ရှင်လျက်) ကွဲကွာခြင်း (သေ၍) ကွဲကွာခြင်း ဘဝခြားလျက် ကွဲကွာခြင်းများကို' ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြားခဲ့ပြီး မဟုတ်ပါလော၊ ငါ့သျှင်တို့ ဤအရာ၌ 'အကြင်တရားသည် အသစ်ဖြစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ်လာခြင်း ပြုပြင်ရခြင်း သဘော ရှိ၍ ပျက်စီးခြင်း သဘောရှိ၏၊ ထိုတရားကို မပျက်စီးပါစေလင့်' ဟု လိုလားတောင့်တချက် အတိုင်း အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ဤသို့ ရနိုင်ရန် အကြောင်းသည် မရှိချေ၊ ငါ့သျှင်တို့ နတ်တို့သည် ကဲ့ရဲ့နေကြကုန်၏" ဟု (မိန့်တော်မူ၏)။

အသျှင်အနုရုဒ္ဓါ နတ်ဘို့သည် အဘယ်သို့ အခြေအနေရှိလျက် စိတ်ဖြစ်နေကြပါကုန်သနည်း ဟု (လျှောက်ကြကုန်၏)။

ငါ့သျှင်အာနန္ဒာ ကောင်းကင်၌ မြေပြင် ဟု အမှတ်ရှိလျက် တည်နေသော နတ်တို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလေပြီ" ဟု (ဆိုကာ)ဆံပင်တို့ကို ကြဲဖြန့်၍ ငိုကြွေးမြည်တမ်းကုန်၏၊ လက်မောင်းတို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကုန်၏၊ ပြတ်ကျသကဲ့သို့ လည်းကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထိုဤဤ လူးလှိမ့်ကုန်၏။

ငါ့သျှင်အာနန္ဒာ မြေပြင်၌ မြေပြင်ဟု အမှတ်ရှိလျက် တည်နေကုန်သော နတ်တို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလေပြီ" ဟု (ဆိုကာ)ဆံပင်တို့ကို ကြဲဖြန့်၍ ငိုကြွေးမြည်တမ်းကုန်၏၊ လက်မောင်းတို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကုန်၏၊ ပြတ်ကျသကဲ့သို့ လည်းကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထိုဤဤ လူးလှိမ့်ကုန်၏။

ဒီ-မြန်-၂-၁၀

http://www.dhammadownload.com



ရာဂကင်းပြီးသော နတ်တို့သည်ကား "ပြုပြင်ရသော 'သင်္ခါရ' တရားတို့သည် မမြဲသော သဘော ရှိကုန်၏၊ ဤ(သင်္ခါရတရားထည်း)၌ ထို(မမြဲခြင်း)ကို အဘယ်မှာရနိုင်ပါအံ့နည်း" ဟု အောက်မေ့ ဆင်ခြင်လျက် သည်းခံကုန်၏၊ ထိုအခါ အသျှင်အနုရုဒ္ဓါနှင့် အသျှင်အာနန္ဒာတို့သည် ထိုညဥ့်ကြွင်း (မိုးသောက်ယံ)ကို တရားစကားဖြင့် ကုန်လွန်စေကြကုန်၏။

၂၂၆။ ထို့နောက်အသျှင်အနုရုဒ္ဓါသည် "ငါ့သျှင်အာနန္ဒာသွားချေလော့၊ ကုသိနာရုံပြည်သို့ ဝင်၍ ကုသိနာရုံပြည်သား မလ္လမင်းတို့အား 'ဝါသေဋ္ဌအနွယ်(မလ္လမင်း)တို့၊ မြတ်စွာဘုရားသည် ပရိ နိဗ္ဗာန်ပြုတော်မူလေပြီ၊ယခုအခါ၌ ဆောင်ရွက်ရန်မှာ သင်တို့၏အလိုအတိုင်းပင် ဖြစ်သည်' ဟု ပြော ကြားချေလော့" ဟူ၍ အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် အသျှင်အနုရုဒ္ဓါအား ဝန်ခံပြီးလျှင် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် မိမိလျှင် နှစ်ယောက်မြောက်သည် ဖြစ်၍ (အဖော်တပါးနှင့်တကွ) ကုသိနာရုံပြည်သို့ ဝင်လေ၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် ထို (ပရိနိဗ္ဗာန်ပြုခြင်းနှင့်စပ်သော) ကိစ္စဖြင့်ပင် လျှင် လွှတ်တော်၌ စည်းဝေးလျက်ရှိနေကြကုန်၏။ ထိုအခါ အသျှင်အာနန္ဒာသည် ကုသိနာရုံပြည်သား မလ္လမင်းတို့၏ လွှတ်တော်သို့ ချဉ်းကပ်ပြီးလျှင် ကုသိနာရုံပြည်သား မလ္လမင်းတို့အား "ဝါသေဋ္ဌ အနွယ် (မလ္လမင်း)တို့၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ယခုအခါ၌ ဆောင်ရွက်ရန်မှာ သင်တို့၏ အလိုအတိုင်းပင် ဖြစ်သည်" ဟု ပြောကြားလေ၏။

အသျှင်အာနန္ဒာ၏ ဤ(စကား)ကိုကြားကုန်သည်ရှိသော် မလ္လမင်းတို့သည်၎င်း မလ္လမင်းတို့၏ သားသမီး ချွေးမ မိဖုရားတို့သည်၎င်း အလွန်ကြေကွဲဝမ်းနည်းလျက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ "ဘုန်း တော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော် မူလေပြီ" ဟု (ဆိုကာ) အချို့သူတို့သည် ဆံပင်တို့ကို ဖြဲဖြန့်၍ ငိုကြွေးမြည်တမ်းကုန်၏၊ လက်မောင်း တို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကုန်၏၊ ပြတ်ကျသကဲ့သို့ လည်းကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထိုဤဤ လူးလှိမ့်ကုန်၏။

## မြတ်စွာဘုရားအလောင်းတော်ကိုပူဇော်ခြင်း

၂၂၇။ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် "သို့ဖြစ်လျှင် အချင်းတို့ ကုသိနာရုံပြည်၌ ပန်းနံ့သာကို၎င်း အတီးအမှုတ်တူရိယာ အလုံးစုံကို၎င်း စုခဲ့ကြကုန်လေလော့" ဟု မင်းချင်းတို့အား အမိန့်ပေးကုန်၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် ပန်းနံ့သာတို့ကို၎င်း အတီးအမှုတ်တူရိယာအလုံး စုံတို့ကို၎င်း ပုဆိုးအစုံငါးရာတို့ကို၎င်း ယူ၍ မလ္လမင်းတို့၏ လမ်းကျွေးအင်ကြင်းဥယျာဉ်ဝယ် မြတ်စွာ ဘုရား၏ အလောင်းတော်ရှိရာသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား၏ အလောင်းတော်ကို ကခြင်း သီ ခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း ပန်းနံ့သာတို့ဖြင့်၎င်း အရိုအသေပြုကုန်လျက် အလေးပြုကုန်လျက် မြတ်

http://www.dhammadownload.com



နိုးကုန်လျက် ပူဇော်ကုန်လျက် အဝတ်(ဗိတာန်) မျက်နှာကြက်တို့ကို ပြုကုန်လျက် တန်ဆောင်းဝန်းတို့ကို စီရင်ကုန်လျက် တခုနေ့ကိုကုန်လွန်စေ၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့အား "မြတ်စွာဘုရား၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်ခြင်းငှါ ယနေ့အချိန်အလွန်နှောင်းလေပြီ၊ ငါတို့မြတ်စွာဘုရားအလောင်းတော်ကို နက်ဖြန်မှ မီးသင်္ဂြိုဟ်ကုန်အံ့" ဟူ၍ (ကြံစည်ဆုံးဖြတ်ခြင်းသည် ဖြစ်၏)။

ထိုအခါကုသိနာရုံပြည်သား မလ္လမင်းတို့သည် မြတ်စွာဘုရားအလောင်းတော်ကို ကခြင်းသီခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း ပန်းနံ့သာတို့ဖြင့်၎င်း အရိုအသေပြုကုန်လျက် အလေးပြုကုန်လျက် မြတ်နိုးကုန်လျက် ပူဇော်ကုန်လျက် အဝတ်(ဗိတာန်)မျက်နှာကြက်တို့ကို ပြုကုန်လျက် တန်ဆောင်းဝန်းတို့ကို စီရင်ကုန်လျက် နှစ်ရက်မြောက်သော နေ့ကိုလည်း ကုန်လွန်စေပြန်၏၊ (ထိုအတူ) သုံးရက်မြောက်သောနေ့ကိုလည်း ကုန်လွန်စေပြန်၏၊ လေးရက်မြောက်သောနေ့ကိုလည်း ကုန်လွန်စေပြန်၏၊ ငါးရက်မြောက်သောနေ့ကိုလည်း ကုန်လွန်စေပြန်၏၊ ခြောက်ရက်မြောက်သောနေ့ကိုလည်း ကုန်လွန်စေပြန်၏။

ထို့နောက် ခုနစ်ရက်မြောက်သောနေ့၌ ကုသိနာရုံပြည်သား မလ္လမင်းတို့အား ဤသို့သောကြံစည်ဆုံးဖြတ်ခြင်းသည်ဖြစ်၏—

"ငါတို့သည်မြတ်စွာဘုရား၏အလောင်းတော်ကို ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း ပန်းနံ့သာတို့ဖြင့်၎င်း အရိုအသေပြုကြကုန်လျက် အလေးပြုကြကုန်လျက် မြတ်နိုးကုန်လျက် ပူဇော်ကုန်လျက် မြို့၏ အပြင်တောင်ဘက်လမ်းဖြင့် မြို့၏အပြင်တောင်အရပ်သို့ဆောင်ယူ၍ မြတ်စွာဘုရား၏အလောင်းတော်ကို မြို့၏ တောင်အရပ်၌ မီးသင်္ဂြိုဟ်ကုန်အံ့" ဟု (ကြံစည်ဆုံးဖြတ်ခြင်းသည်ဖြစ်၏)။

၂၂၈။ ထိုစဉ်အခါ မလ္လမင်းအကြီးအမှူး ရှစ်ယောက်တို့သည် ဦးခေါင်းဆေး၍ အသစ်စက်စက် အဝတ်တို့ကို ဝတ်ဆင်ကုန်လျက် "မြတ်စွာဘုရား၏ အလောင်းတော်ကို ငါတို့ချီမကုန်အံ့" ဟု (ရည်ရွယ်၍ ချီမကုန်သည်ရှိသော်) ကြွစေခြင်းငှါမစွမ်းနိုင်ကုန်၊ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် အသျှင်အနုရုဒ္ဓါအား ဤသို့ မေးလျှောက်ကုန်၏—

"အသျှင်အနုရုဒ္ဓါ ဤမလ္လမင်း အကြီးအမှူး ရှစ်ယောက်တို့သည် ဦးခေါင်းဆေး၍ အသစ်စက်စက် အဝတ်တို့ကို ဝတ်ကြပြီးလျှင် "မြတ်စွာဘုရား၏အလောင်းတော်ကို ငါတို့ချီမကုန်အံ့" ဟု (ရည်ရွယ်၍ ချီမကုန်သည်ရှိသော်) ကြွစေခြင်းငှါ မစွမ်းနိုင်ပါကုန်။ အသျှင်အနုရုဒ္ဓါ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း" ဟု (မေးလျှောက်ကုန်၏)။

ဝါသေဋ္ဌအနွယ်(မလ္လ)မင်းတို့ အသင်တို့ အလိုကားတမျိုး၊ နတ်တို့အလိုကားတမျိုး ဖြစ်နေ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား နတ်တို့အလိုကား အဘယ်သို့ပါနည်း ဟု (မေးလျှောက်ကြပြန်၏)။

ဝါသေဋ္ဌအနွယ် (မလ္လမင်းတို့) သင်တို့၏ အလိုကား "ငါတို့သည် မြတ်စွာဘုရားအလောင်းတော်ကို ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း ပန်းနံ့သာတို့ဖြင့်၎င်း အရိုအသေပြုကုန်လျက် အလေးပြုကုန်လျက် မြတ်နိုးကုန်လျက် ပူဇော်ကုန်လျက် မြို့၏အပြင် တောင်ဘက်လမ်းဖြင့် မြို့၏အပြင်

http://www.dhammadownload.com



တောင်အရပ်သို့ ဆောင်ယူပြီးလျှင် မြတ်စွာဘုရားအလောင်းတော်ကို မြို့၏ တောင်ဘက်အရပ်၌ မီးသင်္ဂြိုဟ်ကုန်အံ့” ဟု ဤသို့ ဖြစ်၏။

ဝါသေဋ္ဌအနွယ် (မလ္လမင်း) တို့ နတ်တို့အလိုကား “ငါတို့သည် မြတ်စွာဘုရား အလောင်းတော်ကို နတ်ဘို့၏ ကခြင်း၊ သီခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း၊ ပန်းနံ့သာတို့ဖြင့်၎င်း၊ အရိုအသေပြုကုန်လျက် အလေးပြုကုန်လျက် မြတ်နိုးကုန်လျက် ပူဇော်ကုန်လျက် မြို့၏ မြောက်ဘက်လမ်းဖြင့် မြို့၏ မြောက်အရပ်သို့ ဆောင်ယူပြီးလျှင် မြောက်ဘက်တံခါးမှ မြို့တွင်းသို့သွင်းလျက် မြို့လယ်လမ်းဖြင့် မြို့လယ်သို့ ဆောင်ယူကာ အရှေ့တံခါးမှထွက်၍ မြို့၏အရှေ့အရပ် မလ္လမင်းတို့၏ မကုဋဗန္ဓန[1]မည်သော စေတီဌာနၥ် မြတ်စွာဘုရား အလောင်းတော်ကို မီးသင်္ဂြိုဟ်ကုန်အံ့ဟု” ဤသို့ဖြစ်၏။

အသျှင်ဘုရား နတ်တို့၏ အလိုအတိုင်း ပင်ဖြစ်ပါစေလော့ ဟု (လျှောက်ကုန်၏)။

၂၂၉။ ထိုစဉ်အခါ၌ မလ္လမင်းတို့၏ ကုသိနာရုံ ပြည်ဝယ် အိမ်ဝင်းခြံစပ်နှင့် အညစ်အကြေးစွန့်ရာ တံမျက်ချေးစွန့်ရာအရပ်များပါမကျန် မန္ဒာရဝနတ်ပန်း (ထင်ရှားပန်း) တို့ဖြင့် ဒူးဆစ် မြုပ်လောက်အောင် ဖြန့်ခင်းထားလျက်ရှိ၏။ ထိုအခါနတ်တို့သည်၎င်း၊ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်၎င်း၊ နတ်လူဘို့၏ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်၎င်း၊ ပန်းနံ့သာတို့ဖြင့်၎င်း၊ အရိုအသေပြုကြကုန်လျက် အလေးပြုကြကုန်လျက် မြတ်နိုးကြကုန်လျက် ပူဇော်ကြကုန်လျက် မြို့၏အပြင် မြောက်ဘက်လမ်းဖြင့် မြို့၏မြောက်အရပ်သို့ ဆောင်ယူပြီးလျှင် မြောက်ဘက်တံခါးမှ မြို့တွင်းသို့ သွင်းလျက် မြို့လယ်လမ်းဖြင့် မြို့လယ်သို့ ဆောင်ယူကာ အရှေ့တံခါးမှထွက်၍ မြို့၏ အရှေ့အရပ် မလ္လမင်းတို့၏ မကုဋဗန္ဓနမည်သော စေတီဌာန၌ မြတ်စွာဘုရား အလောင်းတော်ကို ချထားကုန်၏။

၂၃၀။ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် “အသျှင်အာနန္ဒာ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အလောင်းတော်၌ အဘယ်သို့ဆောင်ရွက်ရပါကုန်အံ့နည်း” ဟု အသျှင်အာနန္ဒာအား မေးလျှောက်ကုန်၏။

ဝါသေဋ္ဌအနွယ် (မလ္လမင်း) တို့ စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်သကဲ့သို့ မြတ်စွာဘုရား၏ အလောင်းတော်၌ ဆောင်ရွက်အပ်ပေ၏ဟု (မိန့်တော်မူ၏)။

အသျှင်အာနန္ဒာ စကြဝတေးမင်း၏ အလောင်းတော်၌ အဘယ်သို့ ဆောင်ရွက်ပါကုန်သနည်း ဟု (မေးလျှောက်ကြပြန်၏)။

ဝါသေဋ္ဌအနွယ် (မလ္လမင်း) တို့ စကြဝတေးမင်း၏ အလောင်းကို အသစ်စက်စက် အဝတ်ဖြင့် ရစ်ပတ်ကုန်၏၊ အသစ်စက်စက် အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနုဖြင့်ရစ်ပတ်ကုန်၏၊ ဝါဂွမ်းနုဖြင့် ရစ်ပတ်ပြီးလျှင် အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ပြန်ကုန်၏၊ ဤနည်း အတိုင်း အစုံ ငါးရာတို့ဖြင့် စကြဝတေးမင်း၏ အလောင်းကို ရစ်ပတ်ပြီးလျှင် ဆီနှင့်တကွသောရွှေတလား၌ထည့်၍ အခြားရွှေတလားဖုံးဖြင့် အုပ်ပြီးသော် နံ့သာမျိုးစုံတို့ကို ထင်းပုံပြု၍ စကြဝတေးမင်း၏ အလောင်းကို မီးသင်္ဂြိုဟ်ကုန်၏။ လမ်းမကြီးလေးခု ဆုံရာ၌ စကြဝတေးမင်း၏ စေတီကို တည်ထားကုန်၏။ ဝါသေဋ္ဌအနွယ် (မလ္လမင်း)တို့ ဤသို့လျှင် စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်ကုန်၏။

---

၁။ မလ္လမင်းတို့ အဘိသိက်ခံသောအခါ မကိုဋ်ဖွဲ့ဆောင်းခြင်းစသည်ဖြင့် တန်ဆာဆင်ရာဖြစ်သော မင်းကွန်းကို ရှိသေလေးစားရာဖြစ်သောကြောင့် မကုဋဗန္ဓနစေတီ ဟု ခေါ်ကြောင်း အဋ္ဌကထာဋီကာတို့၌ ဆို၏။

http://www.dhammadownload.com



ဝါသေဋ္ဌအနွယ် (မလ္လမင်း)တို့ စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်သကဲ့သို့ပင် မြတ်စွာဘုရား၏ အလောင်းတော်၌ ဆောင်ရွက်အပ်ပေ၏၊ လမ်းမကြီးလေးခုဆုံရာ၌ မြတ်စွာဘုရား၏ စေတီတော်ကိုတည်ထားအပ်ပေ၏။

ထိုစေတီ၌ အကြင်သူတို့သည် ပန်းကိုဖြစ်စေ၊ နံ့သာကိုဖြစ်စေ၊ နံ့သာမှုန့်ကိုဖြစ်စေ တင်မူလည်း တင်ကုန်လတ္တံ့၊ ရှိခိုးမူလည်း ရှိခိုးကုန်လတ္တံ့၊ စိတ်ဖြင့်မူလည်း ကြည်ညိုကုန်လတ္တံ့၊ ထို (အမှုများ) သည် ကြာမြင့်စွာသော ကာလပတ်လုံး ထိုသူတို့အား စီးပွါးချမ်းသာအလို့ငှါ ဖြစ်ပေလတ္တံ့ ဟု (အသျှင်အာနန္ဒာသည် မလ္လမင်းတို့အား) ပြန်ကြားပေ၏။ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် "အချင်းတို့ သို့ဖြစ်လျှင် မလ္လမင်းတို့၏ ဝါဂွမ်းနုများကို စုခဲ့ကြကုန်လော့" ဟု မင်းချင်းတို့အား အမိန့်ပေးကုန်၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနုဖြင့် ရစ်ပတ်ကုန်၏၊ ဝါဂွမ်းနုဖြင့် ရစ်ပတ်ပြီးလျှင် အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ပြန်ကုန်၏။ဤနည်းအတိုင်း ပုဆိုးအစုံငါးရာတို့ဖြင့် မြတ်စွာဘုရား၏ အလောင်းတော်ကို ရစ်ပတ်ပြီးလျှင် ဆီနှင့်တကွသော ရွှေတလား၌ထည့်၍အခြားရွှေတလားဖုံးဖြင့် အုပ်ပြီးသော် နံ့သာမျိုးစုံတို့ကို ထင်းပုံပြု၍ မြတ်စွာဘုရား၏ အလောင်းတော်ကို ထင်းပုံ၌ တင်ကုန်၏။

## မဟာကဿပမထေရ်ဝတ္ထု

၂၃၁။ ထိုစဉ်အခါ၌ အသျှင်မဟာကဿပသည် ငါးရာမျှသော ရဟန်း သံဃာများနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ခရီးရှည်ကြွလာလျက်ရှိ၏။ ထိုအခါ အသျှင်မဟာကဿပသည် လမ်းခရီးမှဖဲ၍ တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူ၏၊ ထိုစဉ်အခါ၌ တယောက်သော တက္ကတွန်း 'အာဇီဝက' သည် ကုသိနာရုံပြည်မှ မန္ဒာရဝနတ်ပန်းကိုယူ၍ ပါဝါပြည်သို့လာလျက်ရှိ၏။ အသျှင်မဟာကဿပ သည် ထိုတက္ကတွန်း 'အာဇီဝက'ကို အဝေးမှ လာနေစဉ်ပင် မြင်တော်မူ၍ "ငါ့သျှင် ငါတို့ဆရာ ဖြစ်သော မြတ်စွာဘုရားကို သိပါ၏လော" ဟု ထိုအာဇီဝကအား မေးတော်မူ၏။

ငါ့သျှင် ခြေဘ်သိပါ၏၊ ရဟန်းဂေါတမပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ ခုနစ်ရက်ရှိပါပြီ၊ ထို (ပရိနိဗ္ဗာန်) ပြုရာအရပ်မှ ဤမန္ဒာရဝနတ်ပန်းကို အကျွန်ုပ်ယူလာခဲ့ပါသည် ဟု (တက္ကတွန်းသည်) ပြန်ကြား၏။ (ထိုအခါ) အသျှင်မဟာကဿပ၏ နောက်ပါ ရဟန်းငါးရာတို့တွင် ရာဂမကင်းသေးသော အချို့ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလေပြီ" ဟု လက်မောင်းဘိုကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကုန်၏၊ ပြတ်ကျသကဲ့သို့ လည်းကျကုန်၏၊ ရှေးရှုလူးလိမ့်ကုန်၏၊ ထိုထိုဤဤ လူးလိမ့်ကုန်၏။

ရာဂကင်းပြီးသော ရဟန်းတို့သည်ကား "ပြုပြင်ပေးရသော 'သင်္ခါရ' တရားတို့သည် အမြဲ မရှိကုန်၊ ဤ (သင်္ခါရတရားထည်း) ၌ ထို (မြဲခြင်းသဘော) ကို အဘယ်မှာ ရနိုင်ပါအံ့နည်း" ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံကုန်၏။

၂၃၂။ ထိုစဉ်အခါ၌ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးသည် ထိုပရိသတ်၌ပါဝင်လျက် ရှိ၏။ ထိုအခါ တောထွက်ရဟန်းကြီး သုဘဒ္ဒသည် ရဟန်းတို့အား ဤစကားကိုဆို၏—

http://www.dhammadownload.com



"ငါ့သျှင်တို့ တန်ကြလော့၊ မစိုးရိမ် မပူဆွေးကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းစွာလွတ်မြောက်ပေကုန်ပြီ၊ (ထိုရဟန်းကြီးသည်) 'ဤကား သင်တို့အား အပ်၏ ဤကား သင်တို့အား မအပ်' ဟု ငါတို့ကို ချုပ်ချယ်ခဲ့၏၊ ယခုအခါ၌ကား ငါတို့သည် အလိုရှိသော အရာကို ပြုကုန်အံ့၊ အလိုမရှိသော အရာကို မပြုပဲ နေကုန်အံ့" ဟု (ဆို၏)။

ထိုအခါ အသျှင်မဟာကဿပသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ငါ့သျှင်တို့ တန်ကြလော့၊ မစိုးရိမ်မပူဆွေးကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ 'ချစ်ခင်မြတ်နိုးသောသူအားလုံးတို့နှင့် (ရှင်လျက်) ကွဲကွာခြင်း၊ (သေ၍) ကွဲကွာခြင်း ဘဝခြားလျက်ကွဲကွာခြင်းများ' ကို ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြားခဲ့ပြီမဟုတ်ပါလော၊ ငါ့သျှင်တို့ ဤအရာ၌ 'အကြင်တရားသည် အသစ်ဖြစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ်လာခြင်း ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်းသဘောရှိ၏၊ ထိုတရားကို မပျက်စီးပါစေလင့်' ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာရနိုင်ပါအံ့နည်း၊ ဤသို့ရနိုင်ရန် အကြောင်းမရှိချေဟု ဤစကားကို မြတ်စွာဘုရားသည် ကြိုတင်၍ ဟောတော်မူဘူးသည် မဟုတ်ပါလော" ဟု (မိန့်တော်မူ၏)။

၂၃၃။ ထိုစဉ်အခါ၌ မလ္လမင်းအကြီးအမှူးလေးယောက်တို့သည် ဦးခေါင်းဆေးကုန်၍ အသစ်စက်စက်အဝတ်တို့ကို ဝတ်ဆင်ကုန်လျက် "မြတ်စွာဘုရား၏ နံ့သာထင်းပုံကို ငါတို့ မီးတိုက်ကုန်အံ့" ဟု (ရည်ရွယ်၍ မီးတိုက်ကုန်သည်ရှိသော်) မီးစွဲလောင်ခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုအခါ ကုသိနာရုံပြည်သားမလ္လမင်းတိသည် အသျှင်အနုရုဒ္ဓါအား ဤသို့ မေးလျှောက်ကုန်၏—

"အသျှင်အနုရုဒ္ဓါ မလ္လမင်း အကြီးအမှူးလေးယောက်တို့သည် ဦးခေါင်းဆေး၍ အသစ်စက်စက် အဝတ်တို့ကို ဝတ်ဆင်ကုန်လျက် 'မြတ်စွာဘုရား၏ (နံ့သာ) ထင်းပုံကို ငါတို့ မီးတိုက်ကုန်အံ့' ဟု (ရည်ရွယ်၍ မီးတိုက်ကုန်သည်ရှိသော်) မီးစွဲလောင်စေခြင်းငှါ မစွမ်းနိုင်ပါကုန်၊ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း" ဟု (မေးလျှောက်ကုန်၏)။

ဝါသေဋ္ဌအနွယ် (မလ္လမင်း) တို့ နတ်တို့၏ အလိုသည် တမျိုးဖြစ်နေ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား နတ်တို့၏ အလိုကား အဘယ်သို့ပါနည်း ဟု (မေးလျှောက်ကြပြန်၏)။

ဝါသေဋ္ဌအနွယ် (မလ္လမင်း) တို့ "အသျှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ငါးရာမျှသော ရဟန်း သံဃာများနှင့်အတူ ကြွလာတော်မူလျက်ရှိ၏။ အသျှင်မဟာကဿပသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်၍ ရှိမခိုးရ သေးမီ မြတ်စွာဘုရား၏ နံ့သာ ထင်းပုံသည် မီးမတောက်လောင်စေသတည်း "ဟု နတ်တို့၏ အလိုသည် ဖြစ်လျက်ရှိ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား နတ်တို့၏ အလိုအတိုင်းသာဖြစ်ပါစေလော့ ဟု (လျှောက်ကုန်၏)။

၂၃၄။ ထိုအခါ အသျှင်မဟာကဿပသည် ကုသိနာရုံပြည် မလ္လမင်းတို့၏ မကုဋဗန္ဓနမည်သော စေတီဌာန၌ မြတ်စွာဘုရား၏ နံ့သာထင်းပုံသို့ ချဉ်းကပ်ပြီးနောက် သင်္ကန်းကို ပခုံးတဖက်၌ လက်ကန်

http://www.dhammadownload.com



တော့တင်ကာ လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကို လကျာ်ရစ် သုံးပတ် လှည့်ကာ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လျက် ရှိခိုးလေ၏။ ထို(နောက်ပါ)ရဟန်းငါးရာတို့သည်လည်း သင်္ကန်းကို ပခုံး တဖက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကို လကျာ်ရစ်သုံးပတ်လှည့်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လျက် ရှိခိုးကြလေကုန်၏။ အသျှင်မဟာကဿပနှင့် ထိုရဟန်း ငါးရာတို့ ရှိခိုးပြီးလတ်သော် မြတ်စွာဘုရား၏ (အလောင်းတော်တည်ရာ) နံ့သာထင်းပုံသည် အလိုလို ပင်[၁] လျှင် မီးတောက်လောင်လေ၏။

၂၃၅။ မီးတောက်လောင်သော မြတ်စွာဘုရား၏အလောင်းတော်မှ အရေပါး အရေထူ အသား အကြော အစေးတို့၏ ပြာသည်ရင်း မှိုင်းသည်ရင်း မထင်၊ သရီရဓာတ်တော်တို့သည် သာလျှင် ကြွင်း ကျန်ကုန်၏။ ဥပမာအားဖြင့် မီးတောက်လောင်သော ထောပတ်ဆီတို့၏ ပြာသည်ရင်း မှိုင်းသည်ရင်း မထင်သကဲ့သို့ မီးတောက်လောင်သောမြတ်စွာဘုရား၏ အလောင်းတော်မှ အရေပါး အရေထူ အသား အကြော အစေးတို့၏ ပြာသည်ရင်း မှိုင်းသည်ရင်း မထင်၊ သရီရဓာတ်တော်တို့သည်သာလျှင် ကြွင်း ကျန်ကုန်၏။ ထိုပုဆိုးအစုံငါးရာတို့တွင်လည်း အတွင်းအကျဆုံးပုဆိုးနှင့် အပြင်အကျဆုံးပုဆိုးနှစ်ထည် တို့ကိုသာလျှင်မီးမလောင်ကုန်။ မြတ်စွာဘုရား၏အလောင်းတော်ကို မီးလောင်ပြီးလတ်သော် ကောင်း ကင်မှ ရေအယဉ်သည် ထင်ရှားဖြစ်ပေါ်လာ၍မြတ်စွာဘုရား၏ နံ့သာထင်းပုံကို ငြိမ်းစေ၏။ ရေရှိသော အင်ကြင်းပင်တို့မှလည်း (ရေအယဉ်သည်)ပန်းထွက်၍ မြတ်စွာဘုရား၏ နံ့သာထင်းပုံကို ငြိမ်းစေ၏။ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်လည်းနံ့သာမျိုးစုံရေဖြင့် မြတ်စွာဘုရား၏ နံ့သာထင်းပုံကိုငြိမ်းစေ ကုန်၏။ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို မင်းကွန်း၌ (ထားလျက်) လှံချိုင့်ဖြင့်ကာရံ၍ လေးသည်တော်တပ်ဖြင့် ခြံရံစေပြီးလျှင် ခုနစ်ရက် ပတ်လုံး ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့်ရင်း ပန်းနံ့သာတို့ဖြင့်ရင်း အရိုအသေပြုကုန်၏၊ အလေး ပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏။

၂၃၆။ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား ကုသိနာရုံ ပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေ၏။ ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏၊ ငါသည်လည်း မင်းမျိုးဖြစ်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစုတပုံရထိုက်၏၊ ငါသည်လည်း မြတ်စွာ ဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထား ပူဇော်အံ့" ဟုကုသိနာရုံပြည်သား မလ္လမင်း တို့ ထံသို့ သံတမန်စေလွှတ်၏။

ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည်လည်း မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော် မူကြောင်းကိုကြားသိလေကုန်၏။ ထိုအခါ ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် "မြတ်စွာဘုရား သည်လည်း မင်းမျိုးဖြစ်၏၊ ငါတို့သည်လည်းမင်းမျိုးဖြစ်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစုတပုံရထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော် တို့ကို စေတီပုထိုးတည်ထား ပူဇော်ကုန်အံ့"ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ် ကုန်၏။

---

၁။ နတ်တို့အာနုဘော်ကြောင့် တောက်လောင်သည်ကိုပင် မီးရှို့သူမထင်ရှားသောကြောင့် အလိုလိုတောက်လောင် သည်ဟုဆိုကြောင်း အဋ္ဌကထာ၌ဖွင့်ပြ၏။

http://www.dhammadownload.com



ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည်လည်း မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည် "မြတ်စွာဘုရားသည် ငါတို့၏ ဆွေတော် မျိုးတော်များအနက် အထွဋ်အမြတ် ပေတည်း၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစုတပုံရထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီ ပုထိုးတည်ထား ပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

အလ္လကပ္ပပြည်သား ဗုလိမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ အလ္လကပ္ပပြည်သား ဗုလိမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏၊ ငါတို့သည်လည်း မင်းမျိုးဖြစ်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစုတပုံရထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ရာမရွာသား ကောဠိယမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူကြောင်း ကို ကြားသိလေကုန်၏။ ထိုအခါ ရာမရွာသား ကောဠိယမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏၊ ငါတို့သည်လည်း မင်းမျိုးဖြစ်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏သရီရဓာတ်တော်တို့ကို တစုတပုံ ရထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်အံ့"ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူကြောင်းကိုကြားသိလေ၏။ ထိုအခါ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏၊ ငါသည်လည်း ပုဏ္ဏားမျိုးဖြစ်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစုတပုံရထိုက်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်၏။

ပါဝါပြည်သား မလ္လမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူကြောင်းကိုကြားသိလေကုန်၏။ ထိုအခါ ပါဝါပြည်သား မလ္လမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏၊ ငါတို့သည်လည်းမင်းမျိုးဖြစ်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစုတပုံရထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ဤသို့ (သံတမန်စေလွှတ်၍) တောင်းဆိုကုန်သည် ရှိသော် ကုသိနာရုံပြည်သားမလ္လမင်းတို့သည် ထို (မင်း) ပေါင်းစုံတို့အား ဤစကားကိုဆိုကုန်၏၊ "မြတ်စွာဘုရားသည် ငါတို့၏ပြည်နယ်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ငါတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို (သင်တို့အား) ခွဲဝေ၍ မပေးကုန်အံ့" ဟု (ဆိုကုန်၏)။

၂၃၇။ ဤသို့ ဆိုကုန်သည်ရှိသော် ဒေါဏပုဏ္ဏားသည် ထို (မင်း)ပေါင်းစုံတို့အား ဤစကားကိုဆို၏—

http://www.dhammadownload.com



"အသျှင်တို့ အကျွန်ုပ်၏ တခွန်းသော စကားကို နားထောင်ကြပါဦး၊ အကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ သည်းခံသောဝါဒရှိပါသည်၊ ထိုမြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေရေးကြောင့် စစ်ဖြစ်ရန် မသင့်ပါ။ အသျှင်တို့ အလုံးစုံသော ငါတို့သည် တပေါင်းတည်း အညီအညွတ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ ခွဲဝေကြပါကုန်စို့၊ မြတ်စွာဘုရားကို လူအများတို့ ကြည်ညိုလျက်ရှိကြပါသည်၊ အရပ်မျက်နှာတို့၌ စေတီပုထိုးများ အနှံ့အပြား တည်ရှိကြပါစေ" ဟု (ဆို၏)။

၂၃၇။ ပုဏ္ဏား သို့ဖြစ်လျှင် သင်သည်ပင် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ အညီအမျှ ကောင်းစွာခွဲဝေပါလော့ဟု ဆိုကုန်၏။

"အသျှင်တို့ ကောင်းပါပြီ" ဟု ဒေါဏပုဏ္ဏားသည် ထို (မင်း) ပေါင်းစုံတို့အား ဝန်ခံ၍ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ရှစ်စု ရှစ်ပုံ အညီအမျှ ကောင်းစွာ ခွဲဝေပြီးလျှင် ထို မင်းပေါင်းစုံတို့အား ဤစကားကိုဆို၏—

"အသျှင်တို့ အကျွန်ုပ်အား ဤ(ဓာတ်တော်ခြင်သော) ပြည်တောင်းကို ပေးပါကုန်လော့၊ အကျွန်ုပ်သည်လည်း (ဓာတ်တော်ခြင်သော) ပြည်တောင်းကို စေတီပုထိုးတည်ထား ပူဇော်ပါအံ့" ဟု (ဆို၏)။

ထို (မင်းပေါင်းစုံ) တို့သည် ဒေါဏပုဏ္ဏားအား (ဓာတ်တော်ခြင်သော) ပြည်တောင်းကို ပေးကုန်၏။

ပိပ္ပလိဝနတိုင်းသား မောရိယမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကိုကြားသိလေကုန်၏။ ထိုအခါ ပိပ္ပလိဝနတိုင်းသား မောရိယ မင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏၊ ငါတို့သည်လည်းမင်းမျိုးဖြစ်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစုတပုံ ရထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထား ပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန် စေလွှတ်ကုန်၏။

မြတ်စွာဘုရား၏ သရီရဓာတ်တော်အဖို့သည် မရှိတော့ပြီ၊ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေ၍ ပေးပြီးကုန်ပြီ၊ ဤ (မီးသင်္ဂြိုဟ်ရာ) အရပ်မှ မီးသွေးကို ယူကုန်လော့ ဟု (မလ္လမင်းတို့က ဆိုသဖြင့်) ထို (မောရိယမင်း) တို့သည် ထို (မီးသင်္ဂြိုဟ်ရာ) အရပ်မှ မီးသွေးကို ယူဆောင်ကုန်၏။

## ဓာတ်တော်စေတီကိုပူဇော်ခြင်း

၂၃၈။ ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်၏။ ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် ဝေသာလီပြည်၌ မြတ်စွာဘုရား၏သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်ကြကုန်၏။ ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည်လည်း ကပိလဝတ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကုန်၏။ အလ္လကပ္ပပြည်သား ဗုလိမင်းတို့သည်လည်း အလ္လကပ္ပပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်ကြကုန်၏။ ရာမဂ္ဂါမသား ကောလိယမင်းတို့သည်လည်း ရာမဂ္ဂါမ၌ မြတ်စွာဘုရား၏သရီရဓာတ်

http://www.dhammadownload.com



တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်ကြကုန်၏။ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည်လည်း ဝေဋ္ဌဒီပတိုင်း၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏။ ပါဝါပြည်သား မလ္လမင်းတို့သည်လည်း ပါဝါပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏။ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်လည်း ကုသိနာရုံပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏။ ဒေါဏပုဏ္ဏားသည်လည်း ပြည်တောင်းကို စေတီပုထိုးတည်ထားပူဇော်၏။ ပိပ္ပလိဝနတိုင်းသား မောရိယမင်းတို့သည်လည်း (မီးသဂြိုဟ်ရာမှ ယူဆောင်ခဲ့သော) မီးသွေးတို့ကို ပိပ္ပလိတိုင်း၌ စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ဤသို့လျှင် သရီရဓာတ် စေတီပုထိုးရှစ်ဆူနှင့် ကိုးခုမြောက် ပြည်တောင်းစေတီပုထိုးတဆူ ဆယ်ခုမြောက် မီးသွေးစေတီပုထိုးတဆူ အားဖြင့် ဤစေတီပုထိုးတော် ဆယ်ဆူသည် ဖြစ်ပေါ်ခဲ့လေသတည်း။

## ဂါထာများ

၂၄၁။ စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရား၏ သရီရဓာတ်တော်သည် ရှစ်စိတ် (ရှစ်ဒေါဏ)ရှိ၏၊ ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရား၏ (သရီရဓာတ်တော်)ခုနစ်စိတ်ကို ဇမ္ဗုဒိပ်ကျွန်း၌ ကိုးကွယ်ပူဇော်ကြကုန်၏။ တစိတ်ကိုမူကား ရာမရွာ၌ နဂါးမင်းသည် ကိုးကွယ်ပူဇော်၏။ (၁)

တဆူသော စွယ်တော်ကို တာဝတိံသာနတ်တို့သည် ကိုးကွယ် ပူဇော်ကုန်၏၊ တဆူသော စွယ်တော်ကိုကား ဂန္ဓာရပြည်၌ ကိုးကွယ်ပူဇော်ကုန်၏၊ တဆူသော စွယ်တော်ကိုကား ကာလိင်္ဂမင်း၏တိုင်းနိုင်ငံ၌ ကိုးကွယ်ပူဇော်ကုန်၏၊ တဆူသောစွယ်တော်ကိုမူကား နဂါးမင်းသည် ကိုးကွယ်ပူဇော်၏။ (၂)

ထိုသရီရဓာတ်တော်၏ တန်ခိုးကြောင့်ပင်လျှင် ဤမဟာပထဝီမြေပြင်သည် မြတ်သော ဓာတ်တော် ပူဇော်ပွဲတို့ဖြင့် တန်ဆာဆင်ထားသကဲ့သို့ တင့်တယ်ပေ၏။ ဤသို့လျှင် မြတ်စွာဘုရား၏ ဤသရီရဓာတ်တော်ကို မြတ်ထက်မြတ် ဖြစ်သော နတ်လူတို့သည် ကောင်းစွာ အရိုအသေပြုကြကုန်၏။ (၃)

(အကြင်) သရီရဓာတ်တော်ကို နတ်မင်း နဂါးမင်း လူမင်းတို့သည် ပူဇော်ကြလေပြီ၊ ထိုအတူပင် မင်းထက်မင်းမြတ်တို့သည်လည်း ပူဇော်ကြလေပြီ၊ ထို(သရီရဓာတ်တော်)ကို ရရှိလတ်သော် လက်အုပ်ချီမိုး ရှိခိုးကြကုန်လော့၊ မြတ်စွာဘုရားဟူသည် ကမ္ဘာအရာတို့ဖြင့်သော်လည်း စင်စစ်တွေ့ရခဲ၏။ (၄)

ညီညွတ်သော သွားတော် လေးဆယ်[၁] နှင့် အလုံးစုံသော ဆံတော် မွေတော်တို့သည် ရှိကုန်၏၊ နတ်တို့သည် တဆူစီတဆူစီ စကြာဝဠာ အဆက်ဆက်သို့ ပင့်ဆောင်လေကုန်သတည်း။ (၅)

**သုံးခုမြောက် မဟာပရိနိဗ္ဗာနသုတ် ပြီး၏။**

---

၁။ သွားတော်လေးဆယ်ဟုဆိုသော်လည်း စွယ်တော်လေးဆူမှ တပါးသော သွားတော်သုံးဆယ့်ခြောက်ဆူကို သာလျှင် ယူရာ၏၊ ဤငါးဂါထာတို့ကို သီဟိုဠ်မထေရ်တို့ ထည့်သွင်းထားခဲ့သည်ဟု အဋ္ဌကထာ၌ဆို၏။

http://www.dhammadownload.com

# ၄–မဟာသုဒဿနသုတ်

၂၄၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး ပရိနိဗ္ဗာန်ပြုခါနီး၌ မြတ်စွာဘုရားသည် ကုသိနာရုံပြည် မြို့သို့ဝင်ရန် လမ်းကွေ့ မလ္လ မင်းတို့၏ အင်ကြင်း ဥယျာဉ်ဝယ် အင်ကြင်းပင်အစုံတို့၏ အကြား၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေသော အသျှင် အာနန္ဒာသည် မြတ်စွာဘုရား အား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား မြတ်စွာဘုရားသည် ကျေးတောကျသောမြို့လက်ဖြစ်သော ဤမြို့သိမ်မြို့ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မမူပါလင့်၊ အသျှင်ဘုရား တပါးသော စမ္ပာပြည် ရာဇဂြိုဟ်ပြည် သာဝတ္ထိပြည် သာကေတမြို့ ကောသမ္ဗီပြည် ဗာရာဏသီပြည်ကြီးတို့သည် ရှိပါကုန်၏၊ ထို (ပြည်ကြီး) တို့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ထိုပြည်ကြီးတို့၌ မြတ်စွာဘုရားကို အလွန်ကြည်ညိုကုန်သော မင်းသူဌေး ၊ပုဏ္ဏားသူဌေး သူကြွယ်သူဌေးတို့သည် များစွာ ရှိပါကုန်၏၊ ထို(သူဌေး) တို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ကြပါကုန်လတ္တံ့" ဟု (လျှောက်၏)။

၂၄၂။ အာနန္ဒာ "ကျေးတောကျသော မြို့လက်ဖြစ်သော မြို့သိမ်မြို့ငယ်"ဟု ဤသို့မဆိုလင့်၊ အာနန္ဒာ ဤသို့မဆိုလင့်။

## ကုသာဝတီနေပြည်တော်

အာနန္ဒာ ရှေး၌ ဖြစ်ဘူးသည်ကား သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်သူအပေါင်းတို့ကို အောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါး[၁] နှင့် ပြည့်စုံသော တရားစောင့်သော တရားနှင့်အညီ မင်းပြုသော မဟာသုဒဿနမည်သော စကြဝတေးမင်းသည် ရှိ၏။ အာနန္ဒာ ဤကုသိနာရုံမြို့သည် မဟာသုဒဿနမင်း၏ ကုသာဝတီမည်သော နေပြည်တော်ဖြစ်ခဲ့ဘူး၏။ အရှေ့အနောက် အလျား တဆယ့်နှစ်ယူဇနာ ရှိ၏၊ တောင်မြောက် အနံ ခုနစ်ယူဇနာရှိ၏။

အာနန္ဒာ ကုသာဝတီ နေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူ (ဦးရေ)ရှိ၏၊ လူ(မျိုးစုံ)တို့ဖြင့်ပြွမ်း၏၊ အစားအစာပေါများ၏။ အာနန္ဒာ ဥပမာအားဖြင့် အာဠကမန္ဒာမည်သော နတ်မြို့တော်သည် ပြည့်စုံကြွယ်ဝသကဲ့သို့ စည်ပင်ဝပြောသကဲ့သို့ များသောနတ်

၁။ ဤပြန်ဆိုချက်များမှာ မဟာပရိနိဗ္ဗာနသုတ်၌လာသော (၁) သတ္တရတနသမန္နာဂတော (၂) ဓမ္မိကော(၃)ဓမ္မရာဇာ (၄) စက္ကဝတ္တိဟူသော ပုဒ်များအရ ပြန်ဆိုခြင်းဖြစ်၏။ အခြားသုတ်များ၌လည်း စကြဝတေးမင်းကို ပြရာ၌ ၎င်းဂုဏ်ပုဒ် လေးခုပါရှိမြဲ ဖြစ်၏၊ ဤသုတ်၌ကား ၎င်းဂုဏ်ပုဒ်တို့ မရှိမူ၍ ခတ္တိယော မုဒ္ဒါဘိသိတ္တော ဟု ထူးခြားသောပုဒ်များရှိနေ၏၊ ထိုပုဒ်များအရပြန်ဆိုလျှင် မြေကြီးကိုအစိုးရသော ဦးထိပ်၌ အဘိသိက် သွန်းခြင်းရှိသော (မဟာသုဒဿနမည်သော)မင်းသည်ရှိ၏ဟုပြန်ဆိုရာ၏။

http://www.dhammadownload.com



(ဦးရေ) ရှိသကဲ့သို့ နတ်ဘီလူး (မျိုးစုံ)တို့ဖြင့်ပြွမ်းသကဲ့သို့ အစားအစာပေါများသကဲ့သို့ အာနန္ဒာ ဤအတူပင် ကုသာဝတီနေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသော လူ(ဦးရေ) ရှိ၏၊ လူ(မျိုးစုံ)တို့ဖြင့်ပြွမ်း၏၊ အစားအစာပေါများ၏။

အာနန္ဒာ ကုသာဝတီနေပြည်တော်သည် ဆင်သံ မြင်းသံ ရထားသံ စည်ကြီးသံ မုရိုးစည်သံ စောင်းသံ သီချင်းသံ ခရုသင်းသံ ကြေးနင်းခွက်ခွင်းသံ "စားကြပါ သောက်ကြပါ ခဲကြပါ" ဟုဆိုသော ဆယ်ခုမြောက်သောအသံ ( ဤ )ဆယ်ပါးသော အသံတို့ဖြင့် နေ့ရောညဉ့်ပါ မစဲမဆိတ်သည်သာ ဖြစ်၏။

အာနန္ဒာ ကုသာဝတီနေပြည်တော်သည် ရွှေတန်တိုင်းတထပ် ငွေတန်တိုင်းတထပ် ကြောင်မျက်ရွဲတန်တိုင်းတထပ် ဖလ်တန်တိုင်းတထပ် ကျောက်နီတန်တိုင်းတထပ် ပတ္တမြားပြောက်တန်တိုင်းတဘပ် ရတနာမျိုးစုံတန်တိုင်းတထပ် အားဖြင့် တန်တိုင်းခုနစ်ထပ်ခြံရံလျက်ရှိ၏။ အာနန္ဒာ ကုသာဝတီနေပြည်တော်၌ ရွှေတံခါးတခု ငွေတံခါးတခု ကြောင်မျက်ရွဲတံခါးတခု ဖလ်တံခါးတခုအားဖြင့် အရောင်လေးမျိုးရှိသော တံခါးတို့သည် ရှိကုန်၏။

တခုတခုသောတံခါး၌ လုံးပတ်တဆယ့်ငါးတောင် မြေဝင်တဆယ့်ငါးတောင် [၁] မြေပေါ်အမြင့် အတောင်ခြောက်ဆယ်ရှိသော ခုနစ်လုံးခုနစ်လုံးသော တံခါးတိုင်တို့ကို စိုက်ထူထားကုန်၏။ ထိုတံခါးတိုင်ခုနစ်လုံးတို့တွင် တလုံးသည် ရွှေဖြင့်ပြီး၏၊ တလုံးသည် ငွေဖြင့်ပြီး၏၊ တလုံးသည် ကြောင်မျက်ရွဲဖြင့် ပြီး၏၊ တလုံးသည် ဖလ်ဖြင့်ပြီး၏၊ တလုံးသည် ကျောက်နီဖြင့်ပြီး၏၊ တလုံးသည် ပတ္တမြားပြောက်ဖြင့်ပြီး၏၊ တလုံးသည် ရတနာမျိုးစုံတို့ဖြင့် ပြီး၏။

အာနန္ဒာ ကုသာဝတီနေပြည်တော်သည် ရွှေထန်းပင်တတန်း ငွေထန်းပင်တတန်း ကြောင်မျက်ရွဲထန်းပင်တဘန်း ဖလ်ဆန်းပင်တတန်း ပတ္တမြားနီထန်းပင်တတန်း ပတ္တမြားပြောက်ထန်းပင်တတန်း ရတနာခုနစ်မျိုးစုံထန်းပင်တတန်း အားဖြင့် ထန်းပင်တန်း ခုနစ်ခုကာရံလျက်ရှိ၏။ ရွှေထန်းပင်၏ ပင်စည်သည် ရွှေဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ငွေဖြင့်ပြီးကုန်၏။ ငွေထန်းပင်၏ ပင်စည်သည် ငွေဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ရွှေဖြင့်ပြီးကုန်၏။ ကြောင်မျက်ရွဲထန်းပင်၏ ပင်စည်သည် ကြောင်မျက်ရွဲဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ဖလ်ဖြင့်ပြီးကုန်၏။ ဖလ်ထန်းပင်၏ ပင်စည်သည် ဖလ်ဖြင့်ပြး၍ အရွက်အသီးတို့သည်ကား ကြောင်မျက်ရွဲဖြင့်ပြီးကုန်၏။ ပတ္တမြားနီထန်းပင်၏ ပင်စည်သည် ပတ္တမြားနီဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ပတ္တမြားပြောက်ဖြင့် ပြီးကုန်၏။ ပတ္တမြားပြောက်ဆန်းပင်၏ ပင်စည်သည် ပတ္တမြားပြောက်ဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ပတ္တမြားနီဖြင့် ပြးကုန်၏။ ရဘနာမျိုးစုံ ထန်းပင်၏ပင်စည်သည် ရတနာမျိုးစုံဖြင့်ပြီး၍ အရွက်အသီးတို့သည်လည်း ရတနာမျိုးစုံဘို့ဖြင့်ပင်ပြီးကုန်၏။

အာနန္ဒာ လေတိုက်ခတ်သည်ရှိသော် ထိုထန်းပင်တန်းတို့မှ ထွက်ပေါ်လာသော အသံသည် သာယာလည်း သာယာ၏၊ တပ်စွဲဖွယ်လည်း ဖြစ်၏၊ နှစ်သက်ဖွယ်လည်း ဖြစ်၏၊ မက်မောဖွယ်လည်း ဖြစ်၏၊ အာနန္ဒာ ဥပမာအားဖြင့် တူရိယာငါးပါးကို ကောင်းစွာပြင်ဆင်၍ အသံညှိကာ တတ်ကျွမ်းသူတို့ အညီအညွတ် တီးမှုတ်သည်ရှိသော် တူရိယာအသံသည် သာယာလည်း သာယာသကဲ့သို့ စွဲမက်

---

၁။ ပေါရိသ-တသူလျှင် မဇ္ဈိမပုရိသငါးတောင်ရှိသဖြင့် သုံးသအတွက် တဆယ့်ငါးတောင်ဟုပြန်ဆိုထားသည်။

http://www.dhammadownload.com



ဖွယ်လည်း ဖြစ်သကဲ့သို့ နှစ်သက်ဖွယ်လည်း ဖြစ်သကဲ့သို့ မက်မောဖွယ်လည်း ဖြစ်သကဲ့သို့ အာနန္ဒာ ဤအဘူပင် လေတိုက်ခတ်သည်ရှိသော် ထိုထန်းပင်တန်းတို့မှထွက်ပေါ်လာသော အသံသည် သာယာလည်း သာယာ၏၊ တပ်စွဲဖွယ်လည်းဖြစ်၏၊ နှစ်သက်ဖွယ်လည်းဖြစ်၏၊ မက်မောဖွယ်လည်း ဖြစ်၏၊ အာနန္ဒာ ထိုအခါ ကုသာဝတီနေပြည်တော်၌ ကစားကြူး မေထုန်ကြူး သေသောက်ကြူးကုန်သော သူဘို့သည် လေတိုက်ခတ်သော ထိုထန်းပင်တန်းတို့၏ အသံဖြင့် ကခုန်ပျော်မွေ့ကုန်၏။

## စက္ကာရတနာ

၂၄၃။ အာနန္ဒာ မဟာသုဒဿနမင်းသည် ရတနာခုနစ်ပါး တန်ခိုးလေးပါးတို့နှင့်ပြည့်စုံ၏။ အဘယ်ရတနာ ခုနစ်ပါးတို့နှင့် (ပြည့်စုံသနည်း)ဟူမူ။ အာနန္ဒာ မဟာသုဒဿနမင်းအား တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ ဦးခေါင်းဆေးမင်္ဂလာပြုပြီးလျှင် (အဋ္ဌင်္ဂ)ဥပုသ်ကို ဆောက်တည်လျက် မြတ်သော ပြာသာဒ်ထက်၌ နေစဉ် အကန့်တထောင်ရှိသော အကွပ်ပုံတောင်းများနှင့်တကွ အခြင်းအရာ အလုံးစုံ ရှိသော နတ်တန်ခိုးနှင့် ပြည့်စုံသော စက္ကာရတနာသည် ဖြစ်ပေါ်လာ၏၊ (ထိုစက္ကာရတနာကို) မြင်လတ်သော် မဟာသုဒဿနမင်းအား ဤသို့သို့သော အကြံသည်ဖြစ်၏—

"မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိက်သိက်သွန်းပြီးသော အကြင်မင်းအား တဆယ့်ငါးရက်မြောက် ထိုဥပုသ်နေ့၌ ဦးခေါင်းဆေးမင်္ဂလာပြုပြီးလျှင် (အဋ္ဌင်္ဂ) ဥပုသ်ကို ဆောက်တည်လျက် မြတ်သောပြာသာဒ်ထက်၌နေစဉ် အကန့် တထောင်ရှိသော အကွပ်ပုံတောင်းများနှင့်တကွ အခြင်းအရာ အလုံးစုံရှိသော နတ်တန်ခိုးနှင့်ပြည့်စုံသော စက္ကာရတနာသည် ဖြစ်ပေါ်လာငြားအံ့၊ ထိုမင်းသည် စကြဝတေးမင်းဖြစ်၏ ဟူသော ဤစကားကို ငါကြားဘူး၏၊ ငါသည် စကြဝတေးမင်းဖြစ်ရာသလော" ဟု (အကြံဖြစ်၏)။

၂၄၄။ အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းသည် နေရာမှထပြီးလျှင် အပေါ်ရုံစုလျားကို ပခုံးတဖက်၌တင်၍ လက်ဝဲလက်ဖြင့်ရွှေကရားကို ကိုင်လျက် "အသျှင်စက္ကာရတနာသည် လည်စေသတည်း၊ အသျှင် စက္ကာရတနာသည် အောင်စေသတည်" ဟု (ဆို၍) စက္ကာရတနာကို လက်ျာလက်ဖြင့် ရေသွန်းဖျန်း၏။

အာနန္ဒာ ထိုအခါ ထိုစက္ကာရတနာသည် အရှေ့အရပ်သို့လည်သွားလေ၏၊ စစ်အင်္ဂါလေးပါးနှင့်တကွ မဟာသုဒဿနမင်းသည်လည်း တပါတည်း လိုက်ပါသွားလေ၏၊ အာနန္ဒာ စက္ကာရတနာ ရပ်တန့်ရာအရပ်၌ စစ်အင်္ဂါလေးပါးနှင့်တကွ မဟာသုဒဿနမင်းသည် စခန်းချလျက်နေ၏။

အာနန္ဒာ အရှေ့အရပ်၌ရှိသော ထီးဖြူမင်းတို့သည် မဟာသုဒဿနမင်းထံသို့ ချဉ်းကပ်ပြီးလျှင် "မင်းကြီး ကြွတော်မူပါ၊ မင်းကြီး အရှင်၏ လာခြင်းသည် ကောင်းသော လာခြင်းဖြစ်ပါသည်၊ မင်းကြီး (ဤနိုင်ငံသည်) အရှင်၏ နိုင်ငံပါတည်း၊ မင်းကြီးဆုံးမတော်မူပါ ဟု" ဆိုကုန်၏။

မဟာသုဒဿနမင်းသည် ဤသို့မိန့်ဆို၏၊ "အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ ကာမဂုဏ်တို့၌ ဖောက်ပြားသော အကျင့်ကို မကျင့်အပ်၊ မဟုတ်မမှန်သောစကားကို မပြောအပ်၊ သေရည်သေရက်ကို မသောက်အပ်၊ ကောက်ခံမြဲအခွန် အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့" ဟု (မိန့်ဆို၏)။ အာနန္ဒာ အရှေ့အရပ်၌ရှိသော ထီးဖြူမင်းတို့သည် မဟာသုဒဿနမင်း၏ သြဇာခံမင်းတို့ဖြစ်လေကုန်၏။

http://www.dhammadownload.com



အာနန္ဒာ ထိုအခါ ထိုစကြာရတနာသည် အရှေ့သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန်ပြန်တက်ပြီးလျှင် တောင်အရပ်သို့ လည်သွားလေ၏။ပ။ တောင်သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန်ပြန်တက်ပြီးလျှင် အနောက်အရပ်သို့ လည်သွားလေ၏။ပ။ အနောက်သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန်ပြန်တက်ပြီးလျှင် မြောက်အရပ်သို့ လည်သွားလေ၏၊ စစ်အင်္ဂါလေးပါးနှင့်တကွ မဟာသုဒဿနမင်းသည်လည်း တပါတည်းလိုက်ပါသွားလေ၏၊ အာနန္ဒာ စကြာရတနာရပ်တံ့ရာအရပ်၌ စစ်အင်္ဂါလေးပါးနှင့် တကွ မဟာသုဒဿနမင်းသည် စခန်းချလျက်နေ၏။

အာနန္ဒာ မြောက်အရပ်၌ ရှိသောထီးပြိုင်မင်းတို့သည် မဟာသုဒဿနမင်းထံ ချဉ်းကပ်၍ ဤသို့ဆိုကုန်၏၊ "မင်းကြီးကြွတော်မူပါ၊ မင်းကြီး အရှင်၏ လာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါသည်၊ မင်းကြီး (ဤနိုင်ငံသည်) အရှင်၏ နိုင်ငံပါတည်း၊ မင်းကြီးဆုံးမတော်မူပါ" ဟု (ဆိုကုန်၏)။

မဟာသုဒဿနမင်းသည် ဤသို့ မိန့်ဆို၏၊ "အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ ကာမဂုဏ်တို့၌ ဖောက်ပြားသော အကျင့်ကို မကျင့်အပ်၊ မဟုတ်မမှန်သော စကားကို မပြောဆိုအပ်၊ သေရည်သေရက်ကို မသောက်အပ်၊ ကောက်ခံမြဲ အခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့" ဟု (ဆို၏)။ အာနန္ဒာ မြောက်အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် မဟာသုဒဿနမင်း၏ သြဇာခံမင်းတို့ ဖြစ်လေကုန်၏။

၂၄၅။ အာနန္ဒာ ထိုအခါ ထိုစကြာရတနာသည် သမုဒ္ဒရာအပိုင်းအခြားရှိသော မြေကိုအောင်မြင်ပြီး၍ ကုသာဝတီ မင်းနေပြည်တော်သို့ တဖန် ပြန်လည်ပြီးလျှင် မဟာသုဒဿနမင်း၏ နန်းတော်တံခါးလွတ်ရုံးတော်မုတ်ဦး၌ မဟာသုဒဿနမင်း၏ နန်းတော်ကို တင့်တယ်စေလျက် ဝင်ရိုးတပ်ထားဘိသကဲ့သို့တည်နေ၏။ အာနန္ဒာ မဟာသုဒဿနမင်းအား ဖြစ်ပေါ်လာသော စကြာရတနာသည် ဤသို့ သဘောရှိပေ၏။ (၁)

## ဆင်ရတနာ

၂၄၆။ အာနန္ဒာ တဖန်ထိုပြင်လည်း မဟာသုဒဿနမင်းအား ကိုယ်လုံးဖြူသော အင်္ဂါခုနစ်ပါးဖြင့် (မြေ၌ထိလျက်) တည်သော တန်ခိုးရှိသော ကောင်းကင်ပျံနိုင်သော ဥပေါသထ ဆင်မင်းမျိုးဖြစ်သော ဆင်ရတနာသည်ဖြစ်ပေါ်လာ၏။ ထို (ဆင်ရတနာ) ကို မြင်လတ်သော် မဟာသုဒဿနမင်း၏ စိတ်သည် ကြည်နူးလျက်ရှိ၏၊ "အချင်းတို့ ဤဆင်ယာဉ် (ရတနာ) သည် လိမ္မာပြီးဖြစ်ပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။ အာနန္ဒာ ထို အခါ ထို (ဆင်ရတနာ) သည် ကာလရှည်မြင့်စွာ အပြည့်အစုံ သင်ကြားဆုံးမထားပြီးသော အာဇာနည်ဂန္ဓ ဆင်မျိုးကဲ့သို့ပင် လိမ္မာလျက်ရှိ၏။ အာနန္ဒာ ရှေး၌ဖြစ်ဘူးသည်ကား မဟာသုဒဿနမင်းသည် ထိုဆင်ရတနာကိုပင် စုံစမ်းလိုသည်ဖြစ်၍ နံနက်အခါ၌ တက်စီးလျက် သမုဒ္ဒရာအပိုင်းအခြားရှိသော မြေပြင်အားလုံးကို လှည့်လည်ပြီးလျှင် ကုသာဝတီ နေပြည်တော်သို့ ပြန်လာ၍ နံနက်ပွဲတော်စာ သုံးဆောင်လေ၏။ အာနန္ဒာ မဟာသုဒဿနမင်းအား ဖြစ်ပေါ်လာသော ဆင်ရတနာသည် ဤသို့ သဘောရှိပေ၏။ (၂)

http://www.dhammadownload.com



## မြင်းရတနာ

၂၄၇။ အာနန္ဒာ တဖန် ထို့ပြင်လည်း မဟာသုဒဿနမင်းအား ကိုယ်လုံးဖြူ၍ ဦးခေါင်း ညိုသော ဖြူဆံမြက်ကဲ့သို့ ထိပ်ဆံရှိသော တန်ခိုးရှိသော ကောင်းကင်ပျံနိုင်သော ဝလာဟက မြင်း မင်းမျိုးဖြစ်သော မြင်းရတနာသည် ဖြစ်ပေါ်လာ၏။ ထိုမြင်းရတနာကို မြင်လတ်သော် မဟာသုဒဿန မင်း၏ စိတ်သည် ကြည်နူးလျက်ရှိ၏၊ "အချင်းတို့ ဤမြင်းယာဉ် (ရတနာ)သည် လိမ္မာပြီးဖြစ်ပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုအခါ ထိုမြင်းရတနာသည် ကာလရှည်မြင့်စွာ အပြည့်အစုံသင်ကြား ဆုံးမထားပြီးသော အာဇာနည် မြင်းကဲ့သို့ပင် လိမ္မာလျက်ရှိ၏။ အာနန္ဒာ ရှေး၌ ဖြစ်ဘူးသည်ကား မဟာသုဒဿနမင်းသည် ထိုမြင်းရတနာကိုပင် စုံစမ်းလိုသည်ဖြစ်၍ နံနက် အခါ၌ တက်စီးလျက် သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော မြေပြင်အားလုံးကို လှည့်လည် ပြီးလျှင် ကုသာဝတီနေပြည်တော်သို့ ပြန်လာ၍ နံနက်ပွဲတော်စားသုံးဆောင်လေ၏။ အာနန္ဒာ မဟာသုဒဿနမင်းအား ဖြစ်ပေါ်လာသော မြင်းရတနာသည် ဤသို့သဘောရှိပေ၏။ (၃)

## ပတ္တမြားရတနာ

၂၄၈။ အာနန္ဒာ တဖန်ထို့ပြင်လည်း မဟာသုဒဿနမင်းအား ကြောင်မျက်ရွဲရတနာသည် ဖြစ်ပေါ်လာ၏။ ထိုကြောင်မျက်ရွဲရတနာသည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မျောင့်ရှိ၏၊ ကောင်းစွာပြုပြင်ပြီးဖြစ်၏၊ အရည်ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျုကင်း၏၊ (သွေးခြင်း ဖောက်ခြင်းစသော) အခြင်းအရာအားလုံးနှင့် ပြည့်စုံ၏။ အာနန္ဒာ ထိုကြောင်မျက်ရွဲ၏ အရောင် သည် ထက်ဝန်းကျင် တယူဇနာတိုင်အောင် ပြန့်နှံ့၏။

အာနန္ဒာ ရှေး၌ဖြစ်ဘူးသည်ကား မဟာသုဒဿနမင်းသည် ထို ကြောင်မျက်ရွဲရတနာကို ပင် စုံစမ်းလိုသည်ဖြစ်၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကို စင်းကျင်းလျက် ဝေဠုရိယ ကြောင်မျက်ရွဲ ရတနာကို တံခွန်ဖျားး၌ တင်ပြီးလျှင် ညဉ့်သန်ကောင်ယာမ် မှောင်မိုက်နေစဉ် ခရီးထွက်တော်မူ၏။ အာနန္ဒာ ပတ်ဝန်းကျင်အရပ်မှ ရွာသားတို့သည် ထိုကြောင်မျက်ရွဲရတနာ၏ အရောင်ဖြင့် မိုးလင်း ပြီဟု မှတ်ထင်လျက် အမှုကိစ္စတို့ကို ပြုလုပ်ကြကုန်၏။ အာနန္ဒာ မဟာသုဒဿနမင်းအား ဖြစ်ပေါ် လာသော (ဝေဠုရိယ) ကြောင်မျက်ရွဲ ရတနာသည် ဤသို့ သဘောရှိပေ၏။ (၄)

## မိဖုရားရတနာ

၂၄၉။ အာနန္ဒာ တဖန် ထို့ပြင်လည်း မဟာသုဒဿနမင်းအား အလွန်အဆင်းလှသော ရှုချင် ဖွယ်ရှိသော (စိတ်ကို) ကြည်နူးစေတတ်သော မြတ်သောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော မမြင့်လွန်း မနိမ့်လွန်း မကြုံလွန်း မဆူလွန်း မမည်းလွန်း မဖြူလွန်းသော လူတို့၏အဆင်းကိုလွန်၍ နတ်တို့၏ အဆင်းတမျှရှိသော မိဖုရားရတနာသည် ဖြစ်ပေါ်လာ၏၊ အာနန္ဒာ ထိုမိဖုရားရတနာ၏ ကိုယ်အတွေ့ သည် လဲမွှေ့အစုကဲ့သို့၎င်း ဝါဂွမ်းအစုကဲ့သို့၎င်း ညက်ညော၏။

အာနန္ဒာ ထိုမိဖုရားရတနာ၏ ကိုယ်ငွေ့သည် အေးသောအခါ၌ ပူ၏၊ ပူသောအခါ၌ အေး၏၊ အာနန္ဒာ ထိုမိဖုရားရတနာ၏ ကိုယ်မှ စန္ဒကူးနံ့သည် လှိုင်၏၊ ခံတွင်းမှ ကြာညိုနံ့သည် ကြိုင်၏၊ အာနန္ဒာ မဟာသုဒဿနမင်း၏ ထိုမိဖုရားရတနာသည် ရှေးဦးစွာ (အိပ်ရာနေရာမှ) ထလေ့ရှိ၏၊

http://www.dhammadownload.com



နောက်မှ အိပ်လေ့ထိုင်လေ့ရှိ၏၊ အဘယ်ကိုပြုရပါအံ့နည်းဟု နာခံလေ့ရှိ၏၊ နှစ်ခြိုက်ဖွယ်ကို ပြုကျင့်လေ့ရှိ၏၊ ချစ်ဖွယ်စကားကို ဆိုလေ့ရှိ၏၊ အာနန္ဒာ ထိုမိဖုရားရတနာသည် မဟာသုဒဿနမင်းကို စိတ်ဖြင့်သော်လည်းလွန်ကြူး၍မကျင့်၊ ကိုယ်ဖြင့်မူကား အဘယ်မှာလွန်ကြူး၍ ကျင့်ပါအံ့နည်း။ အာနန္ဒာ မဟာသုဒဿနမင်းအား ဖြစ်ပေါ်လာသော မိဖုရားရတနာသည် ဤသို့သဘောရှိပေ၏။ (၅)

## သူဌေးရတနာ

၂၅၀။ အာနန္ဒာ တဖန်ထိုပြင်လည်း မဟာသုဒဿနမင်းအားသူဌေးရတနာသည် ဖြစ်ပေါ်လာ၏၊ ထို (သူဌေးရတနာ) အား ကံကြောင့်ဖြစ်သော နတ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ ယင်း (နတ်မျက်စိ) ဖြင့် အရှင်ရှိ အရှင်မဲ့ဖြစ်သော မြှုပ်နှံထားသည့်ရတနာအိုးများကို မြင်နိုင်၏၊ ထို (သူဌေးရတနာ)သည် မဟာသုဒဿနမင်းကို ချဉ်းကပ်၍ ဤသို့လျှောက်ထား၏၊ "မင်းမြတ် အရှင်မင်းမြတ်သည် ကြောင့်ကြမဲ့နေတော်မူပါလော့၊ အရှင်မင်းမြတ်အတွက် ဥစ္စာဖြင့် ပြုဖွယ်ကိစ္စကို အကျွန်ုပ်သည် ဥစ္စာဖြင့် ပြုပါအံ့" ဟု (လျှောက်၏)။

အာနန္ဒာ ရှေး၌ဖြစ်ဘူးသည်ကား မဟာသုဒဿနမင်းသည် ထိုသူဌေးရတနာကိုပင် စုံစမ်းလိုသည်ဖြစ်၍ လှေကိုစီးလျက် ဂင်္ဂါမြစ်အလယ် ရေစီးကြောင်းသို့ သွားရောက်ပြီးလျှင် "သူဌေး ရွှေငွေကို ငါအလိုရှိ၏" ဟု သူဌေးရတနာအားဆို၏။

မင်းမြတ် သို့ဖြစ်လျှင် လှေကို တဖက်ကမ်းသို့ ကပ်ပါစေလော့ ဟု (လျှောက်၏)။

သူဌေး ဤနေရာ၌ပင် လျှင် ရွှေငွေကို ငါအလိုရှိ၏ ဟု (ဆို၏)။

အာနန္ဒာ ထိုအခါ ထိုသူဌေးရတနာသည် လက်နှစ်ဖက်တို့ဖြင့် ရေကိုယက်၍ ရွှေငွေဖြင့်ပြည့်သော အိုးကိုထုတ်ဖော်ပြီးလျှင် မဟာသုဒဿနမင်းအား ဤသို့ လျှောက်၏။

"မင်းမြတ် ဤမျှဖြင့် တော်လောက်ပါပြီလော၊ မင်းမြတ် ဤမျှဖြင့် ဆောင်ရွက်ရာ ရောက်ပါပြီလော၊ မင်းမြတ် ဤမျှဖြင့် ပူဇော်ရာရောက်ပါပြီလော" ဟု (လျှောက်၏)။

"သူဌေး ဤမျှဖြင့် တော်လောက်ပါပြီ၊ ဤမျှဖြင့် ဆောင်ရွက်ရာ ရောက်ပါပြီ၊ ဤမျှဖြင့် ပူဇော်ရာရောက်ပါပြီ" ဟု မဟာသုဒဿနမင်းသည် ဆို၏၊ အာနန္ဒာ မဟာသုဒဿနမင်းအား ဖြစ်ပေါ်လာသော သူဌေးရတနာသည် ဤသို့သဘောရှိပေ၏။ (၆)

## သားကြီးရတနာ

၂၅၁။ အာနန္ဒာ တဖန် ထိုပြင်လည်း မဟာသုဒဿနမင်းအား ထက်မြက်လိမ္မာ ပညာရှိသော သားကြီးရတနာသည် ဖြစ်ပေါ်လာ၏၊ (ထိုသားကြီးရတနာသည်) မဟာသုဒဿနမင်းထံ ဝင်ရောက်ခစားစေခြင်းငှါ သင့်တော်သူကို ဝင်ရောက်ခစားစေ၍ မသင့်သောသူကို ပယ်ရှားရန်စွမ်းနိုင်၏၊ ရာထူး၌ခန့်ထားသင့်သော သူကိုခန့်ထားရန်လည်း စွမ်းနိုင်၏၊ ထို (သားကြီးရတနာ) သည် မဟာသုဒဿနမင်းထံသို့ ချဉ်းကပ်၍ "မင်းမြတ် အရှင်မင်းမြတ်သည် ကြောင့်ကြမဲ့နေတော်မူပါလော့၊ အကျွန်ုပ်သည် စီမံခန့်ခွဲပါအံ့"ဟု လျှောက်၏။ အာနန္ဒာ မဟာသုဒဿနမင်းအား ဖြစ်ပေါ်လာသော သားကြီးရတနာသည် ဤသို့သဘောရှိပေ၏။ (၇)

အာနန္ဒာ မဟာသုဒဿနမင်းသည် ဤဆိုခဲ့သော ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံပေ၏။

http://www.dhammadownload.com



## တန်ခိုးလေးပါးနှင့် ပြည့်စုံခြင်း

၂၅၂။ အာနန္ဒာ မဟာသုဒဿနမင်းသည် တန်ခိုးလေးပါးတို့နှင့် ပြည့်စုံ၏ (ဟူရာ၌) အဘယ် တန်ခိုးလေးပါးတို့နှင့် ပြည့်စုံသနည်းဟူမူ—

အာနန္ဒာ မဟာသုဒဿနမင်းသည် သူတပါးတို့ထက်လွန်ကဲ၍ အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏၊ အာနန္ဒာ မဟာသုဒဿနမင်းသည် ရှေးဦးစွာသော ဤတန်ခိုးနှင့် ပြည့်စုံပေ၏။

အာနန္ဒာ တဖန်ထို့ပြင်လည်း မဟာသုဒဿနမင်းသည် သူတပါးတို့ထက်လွန်ကဲ၍ အသက် ရှည်၏၊ ကြာမြင့်စွာတည်ခြင်းရှိ၏၊ အာနန္ဒာ မဟာသုဒဿနမင်းသည် နှစ်ခုမြောက်သော ဤတန်ခိုးနှင့်လည်းပြည့်စုံပေ၏။

အာနန္ဒာ တဖန်ထို့ပြင်လည်း မဟာသုဒဿနမင်းသည် သူတပါးတို့ထက်လွန်ကဲ၍ အနာ ကင်း၏၊ ရောဂါကင်း၏၊ အစာကို အညီအမျှကြေစေတတ်သည့် မအေးလွန်း မပူလွန်းသော ဝမ်းမီးနှင့်ပြည့်စုံ၏။ အာနန္ဒာ မဟာသုဒဿနမင်းသည် သုံးခုမြောက်သော ဤဆိုခဲ့သော တန်ခိုးနှင့်လည်း ပြည့်စုံပေ၏။

အာနန္ဒာ တဖန်ထို့ပြင်လည်း မဟာသုဒဿနမင်းကို ပုဏ္ဏားနှင့်သူကြွယ်တို့သည် ချစ်ခင် မြတ်နိုးကုန်၏၊ အာနန္ဒာ ဥပမာအားဖြင့် ဖခင်ကို သားသမီးတို့သည် ချစ်ခင်မြတ်နိုးကုန် သကဲ့သို့ပင် မဟာသုဒဿနမင်းကို ပုဏ္ဏားနှင့် သူကြွယ်တို့သည် ချစ်ခင်မြတ်နိုးကုန်၏၊ အာနန္ဒာ မဟာသုဒဿနမင်းသည်လည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုး၏၊ အာနန္ဒာ ဥပမာ အားဖြင့် ဖခင်သည် သားသမီးတို့ကို ချစ်ခင်မြတ်နိုးသကဲ့သို့ပင် မဟာသုဒဿနမင်းသည်လည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုး၏။

အာနန္ဒာ ရှေး၌ ဖြစ်ခဲ့ဘူးသည်ကား မဟာသုဒဿနမင်းသည် အင်္ဂါလေးပါးရှိသော စစ်တပ် ဖြင့် ဥယျာဉ်မြေအရပ်သို့ ထွက်တော်မူ၏၊ အာနန္ဒာ ထိုအခါ၌ ပုဏ္ဏားနှင့် သူကြွယ်တို့သည် မဟာ သုဒဿနမင်းသို့ ချဉ်းကပ်၍ "မင်းမြတ် အရှင်မင်းမြတ်ကို အကျွန်ုပ်တို့ကြာမြင့်စွာဖူးမျှော်နိုင်ရန် အလို့ငှါ ဖြည်းဖြည်းကြွသွားတော်မူပါလော့"ဟု ဆိုကုန်၏။ အာနန္ဒာ မဟာသုဒဿနမင်းသည်လည်း "အချင်းရထားထိန်း ငါသည် ပုဏ္ဏားနှင့် သူကြွယ်တို့ကို ကြာမြင့်စွာမြင်နိုင်ရန် အလို့ငှါ ရထားကို ဖြည်းဖြည်းမောင်းနှင်လော့" ဟု ရထားထိန်းအား မိန့်တော်မူ၏။

အာနန္ဒာ မဟာသုဒဿနမင်းသည် လေးခုမြောက်သော ဤတန်ခိုးနှင့်လည်း ပြည့်စုံပေ၏။ အာနန္ဒာ မဟာသုဒဿနမင်းသည် ဤတန်ခိုးလေးပါးတို့နှင့်ပြည့်စုံပေ၏။

## ဓမ္မပြာသာဒ်နှင့် ဓမ္မရေကန်

၂၅၃။ အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းအား ဤသို့သောအကြံဖြစ်၏ "ငါသည် ဤ ထန်းပင်(တန်း)တို့၏ အကြား၌ ကုလလေးတာ[၁] တရာစီတရာစီကျယ်ပြန့်သော လေးထောင့်ကန်တို့ကို ဖန်ဆင်းရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။ အာနန္ဒာ မဟာသုဒဿနမင်းသည် ထိုထန်းပင်

၁။ ဤ၌ ကုလလေးတာ-ဟု ခေါ်သော ဓနုတာသည် လေးတောင်ရှိ၍ ကုလလေးတာတရာသည် အတောင်လေးရာနှင့် ညီမျှ၏။

http://www.dhammadownload.com



(တန်း) တို့၏ အကြား၌ ကုလလေးတာတရာစီတရာစီ ကျယ်ပုံ့သော လေးထောင့်ကန်တို့ကို ဖန်ဆင်းလေ၏။ အာနန္ဒာ ထိုလေးထောင့်ကန်တို့ကို ရွှေအုတ်တမျိုး၊ ငွေအုတ်တမျိုး၊ (ဝေဠုရိယ) ကြောင်မျက်ရွဲအုတ်တမျိုး၊ ဖလ်အုတ်တမျိုးဟူ၍ အရောင်လေးမျိုးရှိသော အုတ်တို့ဖြင့် စီထားကုန်၏။

အာနန္ဒာ ထိုလေးထောင့်ကန်တို့၌ ရွှေစောင်းတန်း တမျိုး၊ ငွေစောင်းတန်းတမျိုး၊ ကြောင်မျက်ရွဲစောင်းတန်းတမျိုး၊ ဖလ်စောင်းတန်းတမျိုးအားဖြင့် အရောင်လေးမျိုးရှိသော စောင်းတန်းလေးခုစီ ရှိကုန်၏။ ရွှေစောင်းတန်း၌ လက်ရန်းတိုင်တို့သည် ရွှေဖြင့်ပြီး၍ စိန်ချွန် [၁] နှင့် နဖူးစည်းတို့သည် ငွေဖြင့်ပြီးကုန်၏။ ငွေစောင်းတန်း လက်ရန်းတိုင်တို့သည် ငွေဖြင့်ပြီးကုန်၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ရွှေဖြင့်ပြီးကုန်၏။ ကြောင်မျက်ရွဲ စောင်းတန်း၌ လက်ရန်းတိုင်တို့သည် (ဝေဠုရိယ) ကြောင်မျက်ရွဲဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ဖလ်ဖြင့်ပြီးကုန်၏။ ဖလ်စောင်းတန်း၌ လက်ရန်းတိုင်တို့သည် ဖလ်ဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ကြောင်မျက်ရွဲဖြင့်ပြီးကုန်၏။

အာနန္ဒာ ထိုလေးထောင့်ကန်တို့သည် အရံအတားနှစ်ခုစီ ကာရံလျက်ရှိကုန်၏၊ အရံအတား တခုသည် ရွှေဖြင့်ပြီး၍ အရံအတားတခုကား ငွေဖြင့်ပြီး၏၊ ရွှေဖြင့်ပြီးသော အရံအတား၌ တိုင်တို့သည် ရွှေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ငွေဖြင့်ပြီးကုန်၏။ ငွေဖြင့်ပြီးသော အရံအတား၌ တိုင်တို့သည် ငွေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ရွှေဖြင့်ပြီးကုန်၏။

အာနန္ဒာ ထိုအခါ၌ မဟာသုဒဿနမင်းအား ဤသို့သော အကြံသည်ဖြစ်၏၊ "ငါသည် ဤလေးထောင့်ကန်တို့၌ (ဥပ္ပလ)ကြာ ပဒုမ္မာကြာ ကုမုဒြာကြာ ပုဏ္ဍရိက်ကြာ ဟူသော ဥတုသုံးပါးလုံး ပွင့်သော လူအများသုံးနိုင်ခွင့်ရှိသော ပန်းမျိုးကို စိုက်ပျိုးစေရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။ အာနန္ဒာ မဟာသုဒဿနမင်းသည် ထိုလေးထောင့်ကန်တို့၌ ဥပ္ပလကြာ ပဒုမ္မာကြာ ကုမုဒြာကြာ ပုဏ္ဍရိက်ကြာ ဟူသော ဥတုသုံးပါးလုံးပွင့်သော လူအများသုံးနိုင်ခွင့်ရှိသော ပန်းမျိုးကို စိုက်ပျိုးစေ၏။

၂၅၄။ အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းအား ဤသို့သော အကြံသည် ဖြစ်ပြန်၏၊ "ငါသည် ဤလေးထောင့်ကန်တို့၏ကမ်း၌ ရောက်လာသမျှသော လူအပေါင်းကို ရေချိုးပေးရန်အလို့ငှါ ရေချိုးပေးသူများကို ခန့်ထားရမူ ကောင်းလေစွ" ဟု (အကြံ ဖြစ်ပြန်၏)။ အာနန္ဒာ မဟာသုဒဿနမင်းသည် ထိုလေးထောင့်ကန်တို့၏ကမ်း၌ ရောက်လာသမျှ လူအပေါင်းကို ရေချိုးပေးရန် အလို့ငှါ ရေချိုးပေးသူများကို ခန့်ထားလေ၏။

အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းအား ဤသို့သော အကြံသည် ဖြစ်ပြန်၏၊ "ငါသည် ဤလေးထောင့်ကန်တို့၏ ကမ်း၌ ထမင်းအလိုရှိသော သူအား ထမင်းအလှူကို အဖျော်အလိုရှိသော သူအား အဖျော်အလှူကို အဝတ်အလိုရှိသောသူအား အဝတ်အလှူကို ယာဉ်အလိုရှိသောသူအား ယာဉ်အလှူကို အိပ်ရာအလိုရှိသောသူအား အိပ်ရာအလှူကို မိန်းမအလိုရှိသောသူအား မိန်းမအလှူကို ငွေအလိုရှိသောသူအား ငွေအလှူကို ရွှေအလိုရှိသောသူအား ရွှေအလှူကို ပေးလှူစေရမူ ကောင်းလေစွ" ဟု (အကြံဖြစ်ပြန်၏)။

---

၁။ စိန်ချွန်ဟူသည် လက်ရန်းတန်း၌ စိုက်ထောင်ထားသော အချွန်အတက်ကလေးများကိုဆိုသည်။

http://www.dhammadownload.com



အာနန္ဒာ မဟာသုဒဿနမင်းသည် ထိုရေကန်တို့၏ ကမ်း၌ ထမင်းအလိုရှိသောသူအား ထမင်းအလှူကို အဖျော်အလိုရှိသောသူအား အဖျော်အလှူကို အဝတ်အလိုရှိသောသူအား အဝတ်အလှူကို ယာဉ်အလိုရှိသောသူအား ယာဉ်အလှူကို အိပ်ရာအလိုရှိသောသူအား အိပ်ရာအလှူကို မိန်းမအလိုရှိသောသူအား မိန်းမအလှူကို ငွေအလိုရှိသောသူအား ငွေအလှူကို ရွှေအလိုရှိသောသူအား ရွှေအလှူကို ပေးလှူစေ၏။

၂၅၅။ အာနန္ဒာ ထိုအခါ၌ ပုဏ္ဏားနှင့် သူကြွယ်တို့သည် များစွာသော ဥစ္စာကို ယူဆောင်လာကာ မဟာသုဒဿနမင်းသို့ ချဉ်းကပ်ပြီးလျှင် "မင်းမြတ် မင်းမြတ်အတွက်ပင်ရည်ရွယ်၍ ဤများစွာသောဥစ္စာကို ယူဆောင်လာခဲ့ပါသည်၊ မင်းမြတ်သည် ထို(ဥစ္စာ)ကို ခံယူတော်မူပါ" ဟု (လျှောက်ကုန်၏)။ အချင်းတို့ အလိုမရှိပြီ၊ တရားသော အခွန် အတုတ်ဖြင့် စုဆောင်းထားသော ဤငါ့ဥစ္စာသည်လည်း များလှပါ၏၊ ထို(သင်တို့၏ဥစ္စာ)သည်လည်း သင်တို့၏(ဥစ္စာပင်) ဖြစ်ပါစေ၊ ဤ(ငါ့ဥစ္စာ)မှလည်း ထပ်၍ ယူကုန်ဦးလော့ ဟု (မိန့်ဆို၏)။

ဤသို့ မဟာသုဒဿနမင်းက ငြင်းပယ်လိုက်သည်ရှိသော် ထိုပုဏ္ဏားနှင့် သူကြွယ်တို့သည် တခုသောနေရာသို့ဖဲသွားကြပြီးလျှင် "ဤဥစ္စာတို့ကို ငါတို့၏ အိမ်သို့ တဖန်ပြန်၍ ယူဆောင်သည်ရှိသော် ငါတို့အား မလျောက်ပတ်၊ ငါတို့သည် မဟာသုဒဿနမင်းအား နန်းတော် တည်ဆောက်ပေးရမူ ကောင်းလေစွ" ဟု အညီအညွတ်ကြံစည်ဆုံးဖြတ်ကုန်၏။ (ဤသို့ ဆုံးဖြတ်ပြီးလျှင်) ထိုသူတို့သည် မဟာသုဒဿနမင်းထံသို့ ချဉ်းကပ်၍ "မင်းမြတ် အရှင်မင်းမြတ်အား နန်းတော်တည်ဆောက်ပေးပါကုန်အံ့" ဟု ဆိုကုန်၏။ အာနန္ဒာ မဟာသုဒဿနမင်းသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံလေ၏။

၂၅၆။ အာနန္ဒာ ထိုအခါ နတ်တို့၏ အရှင်သိကြားမင်းသည် မဟာသုဒဿနမင်း၏ စိတ်အကြံကို (မိမိ) စိတ်ဖြင့် သိ၍ "အချင်းဝိသုကြံ လာလော့ သင်သည် မဟာသုဒဿနမင်းအားဓမ္မမည်သော (နန်း) ပြာသာဒ်ကို ဖန်ဆင်းပေးချေလော့" ဟု ဝိသုကြံနတ်သားကို အမိန့်ပေး၏။ "အရှင်သိကြားမင်း ကောင်းပါပြီ" ဟု ဝိသုကြံနတ်သားသည် နတ်တို့၏ အရှင် သိကြားမင်းအား ဝန်ခံပြီးလျှင် အားရှိသော ယောကျ်ားသည် ကွေးထားသောလက်မောင်းကို ဆန့်သကဲ့သို့၎င်း၊ ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့၎င်း၊ တာဝတိံသာနတ်ပြည်မှ ကွယ်ခဲ့၍ မဟာသုဒဿနမင်း၏ ရှေ့၌ ထင်ရှားပေါ်လာ၏။

အာနန္ဒာ ထိုအခါ ဝိသုကြံနတ်သားသည် မဟာသုဒဿနမင်းအား "မင်းမြတ် အရှင်မင်းမြတ်အား ဓမ္မမည်သော (နန်း) ပြာသာဒ်ကို ဖန်ဆင်းပေးပါအံ့"ဟု ဆို၏။ အာနန္ဒာ မဟာသုဒဿနမင်းသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံလေ၏။

အာနန္ဒာ ဝိသုကြံနတ်သားသည် မဟာသုဒဿနမင်းအား ဓမ္မမည်သော (နန်း) ပြာသာဒ်ကို ဖန်ဆင်းပေးလေ၏။ အာနန္ဒာ ဓမ္မမည်သော (နန်း)ပြာသာဒ်သည် အရှေ့ အနောက် အလျားတယူဇနာ တောင်မြောက်အနံယူဇနာခွဲ 'ယူဇနာဝက်' ရှိ၏။ အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်၏ အောက်ခံခုံသည် အမြင့်တဆယ့်ငါးတောင်ရှိ၏၊ (ယင်းခုံကို) ရွှေအုတ်တမျိုး ငွေအုတ်တမျိုး ကြောင်မျက်ရွဲအုတ်တမျိုး ဖလ်အုတ်တမျိုး ဟူ၍ အရောင်လေးမျိုးရှိသော အုတ်တို့ဖြင့် စီထား၏။

အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်၌ ရွှေတိုင်တမျိုး ငွေတိုင်တမျိုး ကြောင်မျက်ရွဲတိုင်တမျိုး ဖလ်တိုင်တမျိုး ဟူ၍ အရောင်လေးမျိုးရှိသော တိုင်ပေါင်း ရှစ်သောင်းလေးထောင်ရှိ၏။

http://www.dhammadownload.com



အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်၌ ရွှေပျဉ်ချပ်တမျိုး ငွေပျဉ်ချပ်တမျိုး ကြောင်မျက်ရွဲ ပျဉ်ချပ်တမျိုး ဖလ်ပျဉ်ချပ်တမျိုး ဟူ၍ အရောင်လေးမျိုးရှိသော ပျဉ်ချပ်တို့ကို ခင်းထား၏။

အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်၌ ရွှေစောင်းတန်းတမျိုး ငွေစောင်းတန်းတမျိုး ကြောင်မျက်ရွဲစောင်းတန်းတမျိုး ဖလ်စောင်းတန်းတမျိုး ဟူ၍ အရောင်လေးမျိုးရှိသော စောင်းတန်းနှစ်ဆယ့်လေးသွယ်ရှိ၏။ ရွှေစောင်းတန်း၌ လက်ရန်းတိုင်တို့သည် ရွှေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ငွေဖြင့်ပြီးကုန်၏။ ငွေစောင်းတန်း၌ လက်ရန်းတိုင်တို့သည် ငွေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ရွှေဖြင့်ပြီးကုန်၏။

ကြောင်မျက်ရွဲစောင်းတန်း၌ လက်ရန်းတိုင်တို့သည် ကြောင်မျက်ရွဲဖြင့် ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ဖလ်ဖြင့်ပြီးကုန်၏။ ဖလ်စောင်းတန်း၌ လက်ရန်းတိုင်တို့သည် ဖလ်ဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ကြောင်မျက်ရွဲဖြင့် ပြီးကုန်၏။

အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်မ၌ ရွှေပြာသာဒ်ဆောင်တမျိုး ငွေပြာသာဒ်ဆောင်တမျိုး ကြောင်မျက်ရွဲပြာသာဒ်ဆောင်တမျိုး ဖလ်ပြာသာဒ်ဆောင်တမျိုးဟူ၍ အရောင်လေးမျိုးရှိသော ပြာသာဒ်ဆောင်ပေါင်း ရှစ်သောင်းလေးထောင်ရှိ၏။ ရွှေပြာသာဒ်ဆောင်၌ ငွေပလ္လင်ကို ခင်းထား၏၊ ငွေပြာသာဒ်ဆောင်၌ ရွှေပလ္လင်ကို ခင်းထား၏၊ ကြောင်မျက်ရွဲ ပြာသာဒ်ဆောင်၌ ဆင်စွယ်ပလ္လင်ကို ခင်းထား၏၊ ဖလ်ပြာသာဒ်ဆောင်၌ စန္ဒကူးနှစ်ပလ္လင်ကို ခင်းထား၏။

ရွှေပြာသာဒ်ဆောင် တံခါးဝ၌ ငွေထန်းပင်တည်ရှိ၏၊ ထို (ထန်းပင်)၏ ပင်စည်သည် ငွေဖြင့် ပြီး၍ အရွက်အသီးတို့သည်ကား ရွှေဖြင့်ပြီးကုန်၏။ ငွေပြာသာဒ်ဆောင်တံခါးဝ၌ ရွှေထန်းပင်တည်ရှိ၏၊ ထို(ထန်းပင်)၏ ပင်စည်သည် ရွှေဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ငွေဖြင့်ပြီးကုန်၏။ ကြောင်မျက်ရွဲ ပြာသာဒ်ဆောင်တံခါးဝ၌ ဖလ်ဖြင့်ပြီးသော ထန်းပင်တည်ရှိ၏၊ ထို (ထန်းပင်)၏ ပင်စည်သည် ဖလ်ဖြင့်ပြီး၍ အရွက် အသီးတို့သည်ကား ကြောင်မျက်ရွဲဖြင့် ပြီးကုန်၏။ ဖလ် ပြာသာဒ်ဆောင်တံခါးဝ၌ ကြောင်မျက်ရွဲဖြင့်ပြီးသော ထန်းပင်တည်ရှိ၏၊ ထို (ထန်းပင်)၏ ပင်စည် သည် ကြောင်မျက်ရွဲဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ဖလ်ဖြင့်ပြီးကုန်၏။

၂၅၇။ အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းအား "မဟာဝိယူဟမည်သော ပြာသာဒ်ဆောင်တံခါးဝ၌ ရွှေအတိပြီးသော ထန်းတောကို ဖန်ဆင်းပြီးလျှင် ယင်းထန်းတော၌ နေ့သန့်စင်ကာ နေရမှု ကောင်းလေစွ"ဟု အကြံဖြစ်ပြန်၏။ အာနန္ဒာ မဟာသုဒဿနမင်းသည် မဟာဝိယူဟမည်သော ပြာသာဒ်ဆောင်တံခါးဝ၌ ရွှေအတိပြီးသော ထန်းတောကို ဖန်ဆင်းပြီးလျှင် ယင်းထန်းတော၌ နေသန့်စင်ကာနေ၏။ အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်သည် အရံအတားနှစ်ခုတို့ဖြင့် ကာရံလျက်ရှိ၏၊ အရံအတားတခုကား ရွှေဖြင့်ပြီး၏၊ တခုကားငွေဖြင့်ပြီး၏။ ရွှေဖြင့်ပြီးသော အရံအတား၌ တိုင်တို့သည် ရွှေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ငွေဖြင့်ပြီးကုန်၏။ ထိုငွေဖြင့်ပြီးသော အရံအတား၌ တိုင်တို့သည် ငွေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ရွှေဖြင့်ပြီးကုန်၏။

၂၅၈။ အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်သည် ခြူကွန်ရက်နှစ်ခုတို့ဖြင့် ကာရံလျက် ရှိ၏၊ ကွန်ရက်တခုကားရွှေဖြင့်ပြီး၏၊ ကွန်ရက်တခုကားငွေဖြင့်ပြီး၏။ ရွှေကွန်ရက်၌ ငွေခြူတို့ကို ဆွဲထားကုန်၏၊ ငွေကွန်ရက်၌ ရွှေခြူတို့ကိုဆွဲထားကုန်၏။ အာနန္ဒာ လေတိုက်ခတ်သည် ရှိသော်

http://www.dhammadownload.com



ထိုခြူနှင့် ကွန်ရက်တို့မှ ထွက်ပေါ်လာသော အသံသည် သာယာလည်း သာယာ၏၊ စွဲမက်ဖွယ်လည်း ဖြစ်၏၊ နှစ်သက်ဖွယ်လည်း ဖြစ်၏၊ မက်မောဖွယ်လည်းဖြစ်၏။

အာနန္ဒာ ဥပမာအားဖြင့် တူရိယာ ငါးပါးကို ကောင်းစွာ ပြင်ဆင်၍ အသံညီကာ တတ်ကျွမ်းသူတို့ အညီအညွတ်တီးမှုတ်သည်ရှိသော် တူရိယာသံသည် သာယာလည်း သာယာသကဲ့သို့ စွဲမက်ဖွယ်လည်းဖြစ်သကဲ့သို့ နှစ်သက်ဖွယ်လည်းဖြစ်သကဲ့သို့ မက်မောဖွယ်လည်းဖြစ်သကဲ့သို့ အာနန္ဒာ ဤအတူပင် လေတိုက်ခတ်သည်ရှိသော် ထို ခြူနှင့် ကွန်ရက်တို့၏ အသံသည် သာယာလည်း သာယာ၏၊ စွဲမက်ဖွယ်လည်းဖြစ်၏၊ နှစ်သက်ဖွယ်လည်းဖြစ်၏၊ မက်မောဖွယ်လည်းဖြစ်၏၊ အာနန္ဒာ ထိုအခါ ကုသာဝတီ နေပြည်တော်၌ ကစားကြူး မေထုန်ကြူး သေသောက်ကြူးကုန်သော သူတို့သည် လေတိုက်ခတ်သော ထိုခြူနှင့်ကွန်ရက်တို့၏ အသံဖြင့် ကခုန်ပျော်မြူးကုန်၏။

အာနန္ဒာ ဓမ္မမည်သော (နန်း) ပြာသာဒ်သည် ပြီးစီးလတ်သော် မကြည့်ရှုနိုင်လောက်အောင် အလွန်တောက်ပ၏၊ မျက်စိကျိန်းအောင် တောက်ပ၏။ အာနန္ဒာ ဥပမာအားဖြင့် မိုးဥတု အဆုံး တန်ဆောင်မုန်းလအခါ၌ တိမ်တိုက်ကင်း၍ ကောင်းကင်စင်ကြယ်လတ်သော် ကောင်းကင်၌ တက်ထွန်းလျက်ရှိသော နေမင်းသည် မကြည့်ရှုနိုင်အောင် အလွန်တောက်ပသကဲ့သို့ မျက်စိ ကျိန်းအောင် တောက်ပသကဲ့သို့ အာနန္ဒာ ဤအတူပင် ဓမ္မမည်သော (နန်း) ပြာသာဒ်သည် မကြည့်ရှုနိုင်အောင် အလွန်တောက်ပ၏၊ မျက်စိကျိန်းအောင်တောက်ပ၏။

၂၅၉။ အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းအား "ဓမ္မမည်သော (နန်း) ပြာသာဒ်၏ ရှေ့၌ ဓမ္မမည်သောလေးထောင့်ကန်ကို ဖန်ဆင်းရမူကောင်းလေစွ"ဟု အကြံဖြစ်ပြန်၏။ အာနန္ဒာ မဟာသုဒဿနမင်းသည် ဓမ္မမည်သော (နန်း) ပြာသာဒ်၏ ရှေ့၌ ဓမ္မမည်သော လေးထောင့်ကန်ကို ဖန်ဆင်းလေ၏။ အာနန္ဒာ ဓမ္မမည်သော လေးထောင့်ကန်သည် အရှေ့အနောက်အလျား တယူဇနာရှိ၏၊ တောင်မြောက်အနံ ယူဇနာဝက်ရှိ၏၊ အာနန္ဒာ ဓမ္မမည်သော လေးထောင့်ကန်ကို ရွှေအုတ်တမျိုး ငွေအုတ်တမျိုး (ဝေဠုရိယ) ကြောင်မျက်ရွဲအုတ်တမျိုး ဖလ်အုတ်တမျိုးဟူ၍ အရောင်လေးမျိုး ရှိသော အုတ်တို့ဖြင့် စီအား၏။

အာနန္ဒာ ဓမ္မမည်သော လေးထောင့်ကန်၌ ရွှေစောင်းတန်းတမျိုး ငွေစောင်းတန်းတမျိုး (ဝေဠုရိယ) ကြောင်မျက်ရွဲစောင်းတန်းတမျိုး ဖလ်စောင်းတန်းတမျိုးဟူ၍ အရောင်လေးမျိုးရှိသော စောင်းတန်း နှစ်ဆယ့်လေးသွယ်ရှိ၏။ ရွှေစောင်းတန်း၌ လက်ရန်းတိုင်တို့သည် ရွှေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ငွေဖြင့်ပြီးကုန်၏။ ငွေစောင်းတန်း၌ လက်ရန်းတိုင်တို့သည် ငွေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ရွှေဖြင့် ပြီးကုန်၏။ ကြောင်မျက်ရွဲစောင်းတန်း၌ လက်ရမ်းတိုင်တို့သည် ကြောင်မျက်ရွဲဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ဖလ်ဖြင့် ပြီးကုန်၏။ ဖလ်စောင်းတန်း၌ လက်ရန်းတိုင်တို့သည် ဖလ်ဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ကြောင်မျက်ရွဲဖြင့် ပြီးကုန်၏။

အာနန္ဒာ ဓမ္မမည်သော လေးထောင့်ကန်သည် အရံအတားနှစ်ခုတို့ဖြင့် ကာရံလျက်ရှိ၏၊ အရံအတား တခုကား ရွှေဖြင့်ပြီး၏၊ တခုကား ငွေဖြင့် ပြီး၏။ ရွှေဖြင့်ပြီးသော အရံအတား၌ တိုင်တို့သည် ရွှေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ငွေဖြင့်ပြီးကုန်၏။ ငွေဖြင့် ပြီးသော အရံအတား၌ တိုင်တို့သည် ငွေဖြင့်ပြီး၍ စိန်ချွန်နှင့် နဖူးစည်းတို့ကား ရွှေဖြင့် ပြီးကုန်၏။

အာနန္ဒာ ဓမ္မမည်သော လေးထောင့်ကန်သည် ရွှေထန်းပင်တတန်း ငွေထန်းပင်တတန်း ကြောင်မျက်ရွဲထန်းပင်တတန်း ဖလ်ထန်းပင်တတန်း ပတ္တမြားနီထန်းပင်တတန်း ပတ္တမြားပြောက်ထန်းပင် တတန်း ရတနာမျိုးစုံထန်းပင်တတန်းအားဖြင့် ထန်းပင်တန်းခုနစ်ခုတို့ ကာရံလျက်ရှိ၏။

http://www.dhammadownload.com



ရွှေထန်းပင်၏ ပင်စည်သည် ရွှေဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ငွေဖြင့်ပြီးကုန်၏၊ ငွေထန်းပင်၏ ပင်စည်သည် ငွေဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ရွှေဖြင့် ပြီးကုန်၏။ ကြောင်မျက်ရွဲထန်းပင်၏ ပင်စည်သည် ကြောင်မျက်ရွဲဖြင့် ပြီး၍ အရွက်အသီးတို့သည်ကား ဖလ်ဖြင့် ပြီးကုန်၏။ ဖလ်ထန်းပင်၏ ပင်စည်သည် ဖလ်ဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ကြောင်မျက်ရွဲဖြင့်ပြီးကုန်၏။ ပတ္တမြားနီ ထန်းပင်၏ ပင်စည်သည် ပတ္တမြားနီဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ပတ္တမြားပြောက်ဖြင့် ပြီးကုန်၏။ ပတ္တမြားပြောက်ထန်းပင်၏ ပင်စည်သည် ပတ္တမြားပြောက်ဖြင့်ပြီး၍ အရွက်အသီးတို့သည်ကား ပတ္တမြားနီဖြင့် ပြီးကုန်၏။ ရတနာမျိုးစုံ ထန်းပင်၏ ပင်စည်သည် ရတနာမျိုးစုံဖြင့်ပြီး၍ အရွက်အသီးတို့သည်လည်း ရတနာမျိုးစုံတို့ဖြင့်ပင် ပြီးကုန်၏။

အာနန္ဒာ ထိုထန်းပင်တန်းတို့ကို လေတိုက်ခတ်သည်ရှိသော် အသံသည် သာယာလည်း သာယာ၏၊ စွဲမက်ဖွယ်လည်း ဖြစ်၏၊ နှစ်သက်ဖွယ်လည်း ဖြစ်၏၊ မက်မောဖွယ်လည်း ဖြစ်၏။ အာနန္ဒာ ဥပမာအားဖြင့် တူရိယာငါးပါးကို ကောင်းစွာပြင်ဆင်၍ အသံညှိကာ တတ်ကျွမ်းသူတို့ အညီအညွတ် တီးမှုတ်သည်ရှိသော် တူရိယာသံသည် သာယာလည်း သာယာသကဲ့သို့ စွဲမက်ဖွယ်လည်း ဖြစ်သကဲ့သို့ နှစ်သက်ဖွယ်လည်း ဖြစ်သကဲ့သို့ မက်မောဖွယ်လည်း ဖြစ်သကဲ့သို့၊ အာနန္ဒာ ဤအတူပင် ထိုထန်းပင်တန်းတို့ကို လေတိုက်ခတ်သည်ရှိသော် အသံသည် သာယာလည်း သာယာ၏၊ စွဲမက်ဖွယ်လည်း ဖြစ်၏၊ နှစ်သက်ဖွယ်သည်းဖြစ်၏၊ မက်မောဖွယ်လည်း ဖြစ်၏၊ အာနန္ဒာ ထိုအခါ ကုသာဝတီနေပြည်တော်၌ ကစားကြူး မေထုန်ကြူး သေသောက်ကြူးကုန်သော သူတို့သည် လေဘိုက်ခတ်သော ထိုထန်းပင်တို့၏ အသံဖြင့် ကခုန်ပျော်မြူးကုန်၏။

အာနန္ဒာ မဟာသုဒဿနမင်းသည် ဓမ္မမည်သော (နန်း) ပြာသာဒ်ကြီး ပြီးစီးလတ်သော် ဓမ္မမည်သော လေးထောင့်ကန်ကြီး ပြီးစီးလတ်သော် ထိုစဉ်အခါက သမဏထည်း၌ သမဏ ဟု အသိအမှတ်ပြုထားသော သူနှင့် ဗြာဟ္မဏထည်း၌ ဗြာဟ္မဏ ဟု အသိအမှတ် ပြုထားသော သူတို့အား အလိုရှိရာ ဝတ္ထုမျိုးစုံတို့ကို လိုသလောက် ပေးလှူပြီးလျှင် ဓမ္မမည်သော (နန်း)ပြာသာဒ်သို့ တက်လေ၏။

## စျာန်နှင့်ပြည့်စုံခြင်း

၂၆၀။ အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းသည် "ငါ့အား ယခုအခါ၌ ဤသို့ တန်ခိုးအာနုဘော်ကြီးလျက်ရှိခြင်းသည် အဘယ်ကံ၏ အကျိုး ဝိပါက်ပေနည်း" ဟု ဆင်ခြင်လေ၏။ အာနန္ဒာ ထိုနောက် မဟာသုဒဿနမင်းသည် "ငါ့အား ယခုအခါ၌ ဤသို့ တန်ခိုးအာနုဘော်ကြီးလျက် ရှိခြင်းသည် ပေးကမ်းခြင်း 'ဒါန' ဆုံးမခြင်း 'ဒမ' [၁] ကိုယ်နှုတ်စောင့်စည်းခြင်း 'သီလသံယမ' ဟူသော ကံသုံးပါးတို့၏ အကျိုးဝိပါက်ပေတည်း" ဟု သိမြင်လေ၏။

အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းသည် မဟာဝိယူဟမည်သော ပြာသာဒ်ဆောင်သို့ ချဉ်းကပ်၍ ထိုပြာသာဒ်တံခါးဝ၌ ရပ်လျက် (ဤသို့) ဥဒါန်းကျူးရင့်၏၊ "ကာမဝိတက် [၂] နေရစ်လော့၊ ဗျာပါဒဝိတက် [၃] နေရစ်လော့၊ ဝိဟိံသဝိတက် [၄] နေရစ်လော့၊ ကာမဝိတက် သင့်နယ်ကား ဤမျှသာ

---

၁။ ဓမဟူသည်မှာ အဋ္ဌင်္ဂဥပုသ်ကျင့်သုံးလျက် မိမိကိုယ်ကိုဆုံးမခြင်းပင် ဖြစ်သည်ဟု အဋ္ဌကထာ၌ ဆို၏။
၂။ ကာမဝိတက်-ကာမဂုဏ်ကို ကြံစည်ခြင်း။ ၃။ ဗျာပါဒဝိတက်-သူတပါးကိုချေဖျက်စေရန်ကြံစည်ခြင်း။
၄။ ဝိဟိံသဝိတက်-သူတပါးကို ညှဉ်းဆဲရန်ကြံစည်ခြင်း။

http://www.dhammadownload.com



ရှိ၏၊ ဗျာပါဒဝိတက် သင့်နယ်ကား ဤမျှသာရှိ၏၊ ဝိဟိံသဝိတက် သင့်နယ်ကား ဤမျှသာရှိ၏" ဟု (ဥဒါန်းကျူးရင့်၏)။

၂၆၁။ အာနန္ဒာ ထို့နောက် မဟာသုဒဿနမင်းသည် မဟာဝိယူဟမည်သော ပြာသာဒ်ဆောင်သို့ဝင်၍ ရွှေပလ္လင်ထက်၌ ထိုင်လျက် ကာမဂုဏ်တို့မှ ဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။

ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကိုပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ် ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ဒုတိယစျာန်သို့ရောက်၍ နေ၏။

နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင်'တတိယ' စျာန်ကြောင့် ထိုသူ့ကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယ စျာန်သို့ရောက်၍ နေ၏။ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ရောက်၍ နေ၏။

၂၆၂။ အာနန္ဒာ ထို့နောက် မဟာသုဒဿနမင်းသည် မဟာဝိယူဟမည်သော ပြာသာဒ်ဆောင်မှ ထွက်မြီးလျှင် ရွှေဖြင့်မြီးသော ပြာသာဒ်ဆောင်သို့ဝင်၍ ငွေပလ္လင်ထက်၌ ထိုင်နေလျက် ချမ်းသာစေလိုခြင်း 'မေတ္တာ' နှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို သုံးခုမြောက်အရပ်မျက်နှာကို လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့ စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သောသတ္တလောကကို ပြန့်ပြောသောမြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။

လျစ်လျူရှုခြင်း'ဥပေက္ခာ'နှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို သုံးခုမြောက်အရပ်မျက်နှာကို လေးခုမြောက်အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက်ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံ သော အရပ်မျက်နှာတို့၌ ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကိုပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော လျစ်လျူရှုခြင်း'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

http://www.dhammadownload.com



## မြို့ပေါင်းရှစ်သောင်းလေးထောင်စသည်

၂၆၃။ အာနန္ဒာ မဟာသုဒဿနမင်းအား ကုသာဝတီနေပြည်တော်လျှင် အချုပ်အခြာရှိသော မြို့ပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏၊ ဓမ္မမည်သော(နန်း)ပြာသာဒ်လျှင် အချုပ်အခြာရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်ရှိကုန်၏၊ မဟာဝိယူဟ ပြာသာဒ်ဆောင်လျှင် အချုပ်အခြာရှိသော ပြာသာဒ်ဆောင်ပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏၊ မွေးရှည်ကော်ဇောကြီး မွေးဖွာကော်ဇော ပန်းပြောက်ခြယ်ကော်ဇော ဝံပိုင့်ရေ အခင်းမြတ်တို့ဖြင့် ခင်းထားကုန်သော (နီသော)မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိကုန်သော ရွှေငွေ ဆင်စွယ် စန္ဒကူး`နှစ်တို့ဖြင့် ပြီးကုန်သော သလွန် 'ပလ္လင်'ပေါင်း ရှစ်သောင်း လေးထောင်ရှိကုန်၏။

ရွှေ တန်ဆာဆင်ယင်ကာ ရွှေ တံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ဥပေါသထဆင်မင်း အမှူးရှိသော ဆင်ပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏။

ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ဝလာဟကမြင်းမင်း အမှူးရှိသော မြင်းပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏။

ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ခြင်္သေ့ရေ ကျားရေ သစ်ရေ ဖြော့တော့သော ကမ္ဗလာအကာအရံရှိကုန်သော ဝေဇယန္တာရထားလျှင် အထွတ်အမြတ်ရှိသော ရထားပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏။

ဝေဠုရိယပတ္တမြား ရတနာလျှင် အထွတ်အမြတ်ရှိသော ပတ္တမြားပေါင်း ရှစ်သောင်း လေးထောင်ရှိကုန်၏။

သုဘဒ္ဒါမိဖုရားလျှင် အမှူးရှိသော မိဖုရားပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏။

သူဌေးရတနာလျှင် အမှူးရှိသော သူဌေးပေါင်း ရှစ်သောင်းလေးထောင်ရှိကုန်၏။

သားကြီးရတနာလျှင်အမှူးရှိသော ညီဘာခံမင်းပေါင်း ရှစ်သောင်းလေးထောင်ရှိ ကုန်၏။

နို့ထွက်သန်၍ ရွှေ ခွက်တို့ဖြင့် ခံယူရသော နို့ညှစ်နွားမပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏။

သိမ်မွေ့သောခုံ 'ခေါမ'ချည် ဝါချည် ပိုးချည် သိုးမွေးချည်တို့ဖြင့် ယက်ထားသော အဝတ်ပုဆိုးပေါင်း ကုဋေရှစ်သောင်း လေးထောင် ရှိကုန်၏။

အာနန္ဒာ မဟာသုဒဿနမင်းအား ညဉ့်တိုင်း နံနက်တိုင်း တင်ဆက်သော ပွဲတော်စာတို့သည် ယမင်းအိုး ရှစ်သောင်းလေးထောင်ချက်ရှိကုန်၏။

၂၆၄။ အာနန္ဒာ ထိုစဉ်အခါ၌ ရှစ်သောင်းလေးထောင်သော ဆင်တို့သည် မဟာသုဒဿနမင်းအား ညဉ့်တိုင်း နံနက်တိုင်း လာရောက်ခစား နေကုန်၏။

အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းအား ဤသို့သော အကြံသည်ဖြစ်၏၊ "ဤရှစ်သောင်းလေးထောင်သော ဆင်တို့သည် ငါ့အား ညဉ့်တိုင်းနံနက်တိုင်း လာရောက်ခစားနေကုန်၏၊ အနှစ်တရာ

http://www.dhammadownload.com



အနှစ်တရာလွန်မှ လေးသောင်း နှစ်ထောင် လေးသောင်းနှစ်ထောင် သော ဆင်တို့သည် တကြိမ် တကြိမ်သာလျှင် လာရောက်ခစားကုန်မူကား ကောင်းလေစွ” ဟု (အကြံဖြစ်၏)။

အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းသည်သားကြီး ရတနာကို (ဤသို့) မိန့်ဆို၏၊ “အမောင် သားကြီးရတနာ ဤရှစ်သောင်းလေးထောင်သော ဆင်တို့သည် ငါ့အား ညဦးတိုင်းနံနက်တိုင်းလာ ရောက်ခစားနေကုန်၏၊ အမောင်သားကြီးရတနာ သို့ဖြစ်ရာဝယ် အနှစ်တရာ အနှစ်တရာ လွန်မှ လေးသောင်းနှစ်ထောင် လေးသောင်းနှစ်ထောင်သော ဆင်တို့ကို တကြိမ် တကြိမ်သာလျှင် လာ ရောက်ခစားစေကုန်လော့” ဟု (မိန့်တော်မူ၏)။

အာနန္ဒာ သားကြီးရတနာသည် “ကောင်းပါပြီ အရှင်မင်းမြတ်”ဟု မဟာသုဒဿနမင်းအား ဝန်ခံ၏။

အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းအား နောက်ကာလ၌ အနှစ်တရာ အနှစ်တရာ လွန်မှ လေးသောင်း နှစ်ထောင် လေးသောင်း နှစ်ထောင်သော ဆင်တို့သည် တကြိမ် တကြိမ်သာလျှင် လာရောက်ခစားကုန်၏။

## သုဘဒ္ဒါမိဖုရားကြီးခစားခြင်း

၂၆၅။ အာနန္ဒာ ထိုနောက် နှစ်ပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာလွန်သော အခါ၌ သုဘဒ္ဒါမိဖုရားအား ဤသို့သောအကြံသည်ဖြစ်၏၊ “ငါသည် မဟာသုဒဿနမင်းကို မတွေ့မြင်ရသည်မှာ ကြာပြီ၊ ငါသည် မဟာသုဒဿနမင်းကို တွေ့မြင်ရန် ချဉ်းကပ်ရမူ ကောင်းလေစွ”ဟု (အကြံဖြစ်၏)။ ထိုအခါ သုဘဒ္ဒါမိဖုရားသည် မောင်းမ အပေါင်းကို ဤသို့ ပြောဆို၏၊ “ရှင်မတို့ လာကြလော့၊ ဦးခေါင်းဆေးလျှော်ကြလော့၊ အဝါရောင်အဝတ်တို့ကို ဝတ်ဆင်ကြလော့၊ ငါတို့သည် မဟာသုဒဿန မင်းကို မတွေ့မြင်ရသည်မှာ ကြာပြီ၊ မဟာသုဒဿနမင်းကို တွေ့မြင်ရန် ချဉ်းကပ်ကုန်အံ့” ဟု (ပြောဆို၏) ။

အာနန္ဒာ မောင်းမ အပေါင်းသည် “ကောင်းပါပြီ အရှင်မ” ဟု သုဘဒ္ဒါ မိဖုရားအား ဝန်ခံ ပြီးလျှင် ဦးခေါင်းဆေးလျှော်၍ အဝါရောင်အဝတ်တို့ကို ဝတ်ဆင်လျက် သုဘဒ္ဒါ မိဖုရားထံသို့ ချဉ်းကပ် ကုန်၏။

အာနန္ဒာ ထိုအခါ သုဘဒ္ဒါ မိဖုရားသည် သားကြီးရတနာကို (ဤသို့) ပြော့ဆို၏၊ “အမောင် သားကြီးရတနာ အင်္ဂါလေးပါးရှိသော စစ်တပ်ကို ပြင်ဆင်ပါလော၊ ငါတို့သည် မဟာသုဒဿနမင်းကို မတွေ့မြင်ရသည်မှာ ကြာပြီ၊ မဟာသုဒဿနမင်းကို တွေ့မြင်ရန် ချဉ်းကပ်ကုန်အံ့” ဟု (ပြောဆို၏)။

အာနန္ဒာ သားကြီးရတနာသည် “ကောင်းပါပြီ အရှင်မိဖုရား” ဟု သုဘဒ္ဒါမိဖုရားအား ဝန်ခံ၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကို ပြင်ဆင်စေပြီးလျှင် “အရှင်မိဖုရား အင်္ဂါလေးပါးရှိသော စစ်တပ်ကို ပြင်ဆင်ပြီးပါပြီ၊ ယခုအခါ သွားရန်မှာ အရှင်မိဖုရား၏ အလိုအတိုင်းပင်ဖြစ်ပါသည်”ဟု ပြန်ကြား၏။

အာနန္ဒာ ထိုအခါ သုဘဒ္ဒါမိဖုရားသည် မောင်းမ အပေါင်းနှင့်အတူ ဓမ္မမည်သော (နန်း) ပြာသာဒ်သို့ အင်္ဂါလေးပါးရှိသောစစ်တပ်ဖြင့် ချဉ်းကပ်ပြီးလျှင် ဓမ္မမည်သော (နန်းပြာသာဒ်သို့)

http://www.dhammadownload.com



တက်၍ မဟာဝိယူဟမည်သောပြာသာဒ်ဆောင်သို့ ချဉ်းကပ်ပြီးသော် တံခါးပေါက်ကို မှီလျက် ရပ်နေလေ၏။

အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းသည် အသံကိုကြားသဖြင့် "မည်သို့သော အသံပေနည်း၊ လူပေါင်းများစွာ၏ အသံနှင့်တူပါတကား" ဟု (ဆင်ခြင်၍) မဟာဝိယူဟ မည်သော ပြာသာဒ် ဆောင်မှ ထွက်လာလတ်သော် တံခါးပေါက်ကို မှီလျက်ရပ်နေသော သုဘဒ္ဒါ မိဖုရားကို မြင်လေလျှင် "မိဖုရား ဤနေရာ၌ပင် ရပ်နေလော့ (အတွင်းသို့) မဝင်လင့်" ဟု သုဘဒ္ဒါမိဖုရားကို မိန့်ဆို၏။

အာနန္ဒာ ထိုအခါ မဟာသုဒဿနမင်းသည် မင်းချင်းယောကျ်ားတယောက်ကို "အချင်း ယောကျ်ားလာလော့၊ သင်သည် မဟာဝိယူဟ မည်သော ပြာသာဒ်ဆောင်မှ ရွှေသလွန် 'ပလ္လင်' ကိုထုတ်ဆောင်၍ ရွှေအတိပြီးသော ထန်းတောဉ္ခ ခင်းလော့" ဟု မိန့်ဆို၏။ အာနန္ဒာ ထိုယောကျ်ား သည် "ကောင်းပါပြီ အရှင်မင်းကြီး" ဟု မဟာသုဒဿနမင်းအား ဝန်ခံပြီးလျှင် မဟာဝိယူဟမည်သော ပြာသာဒ်ဆောင်မှ ရွှေသလွန် 'ပလ္လင်' ကို ထုတ်ဆောင်၍ ရွှေအတိပြီးသော ထန်းတော၌ခင်းလေ ၏။

အာနန္ဒာ ထိုနောက် မဟာသုဒဿနမင်းသည် (လကျ်ာ) ခြေဖြင့် (လက်ဝဲ) ခြေကို စဉ်းငယ် လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် လကျ်ာ နံတောင်းဖြင့် မြတ်သော လျောင်းစက် ခြင်းကိုပြုလေ၏။

၂၆၆။ အာနန္ဒာ ထိုအခါ သုဘဒ္ဒါမိဖုရားသည် "မဟာသုဒဿနမင်း၏ ဣန္ဒြေတို့သည် အထူး ကြည်လင်ကုန်၏၊ အရေအဆင်းသည် သန့်ရှင်းစင်ကြယ်၏၊ ဝင်းပြောင် တောက်ပ၏၊ မဟာသုဒဿန မင်းသည် နတ်ရွာမစံပါစေလင့်" ဟု ကြံစည်တောင့်တပြီးလျှင် မဟာသုဒဿနမင်းအား ဤစကားကို လျှောက်တင်၏၊ "အရှင်မင်းမြတ် ကုသာဝတီနေပြည်တော်လျှင် အချုပ်အခြာရှိသော ဤမြို့ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (မြို့)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် ဓမ္မ ( နန်း ) ပြာသာဒ်လျှင် အချုပ်အခြာရှိသော ဤပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပြာသာဒ်) တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် မဟာဝိယူဟပြာသာဒ်ဆောင်လျှင် အချုပ်အခြာရှိသော ဤပြာသာဒ်ဆောင် ပေါင်း ရှစ်သောင်း လေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပြာသာဒ်ဆောင်) တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် မွေးရှည် ကော်ဇောကြီး သားမွေးဖြူကော်ဇော ပန်းပြောက်ခြယ်ကော်ဇော ဝံပိုင့်ရေ အခင်းမြတ်တို့ဖြင့် ခင်းထားကုန်သော နီသော မျက်နှာကြက်နှင့်တကွ အုံးနီ နှစ်ဖက်ရှိကုန် သော ရွှေငွေဆင်စွယ် စန္ဒကူးနှစ်တို့ဖြင့် ပြီးကုန်သော ဤသလွန် ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင် တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပလ္လင်) တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

http://www.dhammadownload.com



အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းထားကုန်သော ဥပေါသထ ဆင်မင်းလျှင် အမှူးရှိသော ဤဆင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ဆင်)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းထားကုန်သော ဝလာဟကမြင်းမင်းလျှင် အမှူးရှိသော ဤမြင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(မြင်း)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းထားကုန်သော ခြင်္သေ့ရေ ကျားရေ သစ်ရေ ဖြော့တော့သော ကမ္ဗလာ အကာအရံရှိကုန်သော ဝေဇယန္တာရထားလျှင် အထွတ်အမြတ်ရှိသော ဤရထားပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ရထား)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် ဝေဠုရိယ ပတ္တမြား ရတနာလျှင် အထွတ်အမြတ်ရှိသော ဤပတ္တမြားပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ပတ္တမြား)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် မိဖုရားကြီး ရတနာလျှင် အမှူးရှိသော ဤမိဖုရားပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(မိဖုရား)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် သူဌေးရတနာလျှင် အမှူးရှိသော ဤသူဌေးပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(သူဌေး)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် သားကြီးရတနာလျှင် အမှူးရှိသော ဤခတ္တိယ မင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤခတ္တိယမင်းတို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် နို့ထွက်သန်၍ ရွှေခွက်တို့ဖြင့် ခံယူရသော ဤနို့ညှစ်နွားမပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(နွားမ)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် သိမ်မွေ့သောခုံ (ခေါမ)ချည် ဝါချည် ပိုးချည် သိုးမွေးချည်တို့ဖြင့် ရက်ထားသော ဤအဝတ်ပုဆိုးပေါင်း ကုဋေရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(အဝတ်ပုဆိုး)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့။

အရှင်မင်းမြတ် ညဥ့်တိုင်း နံနက်တိုင်း အရှင်မင်းမြတ်အား တင်ဆက်သော ဤပွဲတော်စာတို့သည် ထမင်းအိုးပေါင်း ရှစ်သောင်းလေးထောင်ချက် ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ပွဲတော်စာ)တို့၌ တွယ်တာတော်မူပါဦးလော့၊ အသက်၌ ငဲ့ကွက်တော်မူပါဦးလော့" ဟု (လျှောက်တင်၏)။

http://www.dhammadownload.com



၂၆၇။ အာနန္ဒာ ဤသို့လျှောက်တင်သော် မဟာသုဒဿနမင်းသည် "မိဖုရား သင်သည် နာလိုဖွယ် နှစ်သက်ဖွယ် ချစ်ခင်ဖွယ် မြတ်နိုးဖွယ် စကားတို့ဖြင့် ရှည်မြင့်စွာ ကာလပတ်လုံး ငါ့အား ပြောဆိုခဲ့ပါလျက် နောက်ဆုံးအချိန်ကျမှ မနာလိုဖွယ် မနှစ်သက်ဖွယ် မချစ်ခင်ဖွယ် မမြတ်နိုးဖွယ် စကားတို့ဖြင့် အဘယ့်ကြောင့် ငါ့အား ပြောဆိုဘိသနည်း" ဟု သုဘဒ္ဒါမိဖုရားအား မိန့်ဆို၏။

အရှင်မင်းမြတ် အဘယ်သို့လျှင် အရှင်မင်းမြတ်အား လျှောက်ဆိုရပါအံ့နည်း ဟု (လျှောက်၏)။

မိဖုရား သင်သည် ငါ့အား ဤသို့ လျှောက်ဆိုလော့—

"အရှင်မင်းမြတ် ချစ်ခင်ဖွယ် မြတ်နိုးဖွယ် အားလုံးတို့နှင့် (ရှင်လျက်)ကွဲကွာခြင်း (သေ၍) ကွဲကွာခြင်း ဘဝခြားလျက် ကွဲကွာခြင်းသည် ဖြစ်မြဲပါတည်း၊ အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ငဲ့ကွက်ခြင်းရှိလျက် စုတေတော်မမူပါလင့်၊ ငဲ့ကွက်ခြင်းရှိလျက် စုတေခြင်းသည် ဆင်းရဲပါ၏၊ ငဲ့ကွက်ခြင်းရှိလျက် စုတေခြင်းသည် အကဲ့ရဲ့လည်း ခံရပါ၏။

အရှင်မင်းမြတ် ကုသာဝတီနေပြည်တော်လျှင် အချုပ်အခြာရှိသော ဤမြို့ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(မြို့)တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ဓမ္မ(နန်း)ပြာသာဒ်လျှင် အချုပ်အခြာရှိသော ဤပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ပြာသာဒ်)တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် မဟာဝိယူဟ ပြာသာဒ်ဆောင်လျှင် အချုပ်အခြာရှိသော ဤပြာသာဒ်ဆောင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ပြာသာဒ်ဆောင်) တို့၌ တွယ်တာခြင်းကိုစွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် မွေးရှည်ကော်ဇောကြီး သားမွေးဖြူကော်ဇော ပန်းပြောက်ချယ်ကော်ဇော ဝံပိုင့်ရေအခင်းမြတ်တို့ဖြင့် ခင်းထားကုန်သော နီသောမျက်နှာကြက်နှင့်တကွ အုံးနီ နှစ်ဖက်ရှိသော ရွှေငွေဆင်စွယ် စန္ဒကူးနှစ်တို့ဖြင့် ပြီးကုန်သော ဤသလွန် 'ပလ္လင်' ပေါင်းရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ပလ္လင်)တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ဥပေါသထဆင်မင်းလျှင် အမှူးရှိသော ဤဆင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ဆင်)တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ဝလာဟကမြင်းမင်းလျှင် အမှူးရှိသော ဤမြင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (မြင်း) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ခြင်္သေ့ရေ ကျားရေ သစ်ရေ ဖြော့တော့သော ကမ္ဗလာအကာအရံရှိကုန်သော ဝေဇယန္တာ

http://www.dhammadownload.com



ရထားလျှင် အထွတ်အမြတ်ရှိလေသော ဤရထားပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် (ရထား) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ဝေဇ္ဇယန္တ ပတ္တမြားရတနာလျှင် အထွတ်အမြတ်ရှိသော ဤပတ္တမြား ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပတ္တမြား) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် မိဖုရားကြီးရတနာလျှင် အမှူးရှိသော ဤမိဖုရားပေါင်း ရှစ်သောင်းလေးထောင် တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (မိဖုရား) တို့၌ တွယ်တာခြင်းကို စွန့်ပယ် တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် သူဌေးရတနာလျှင် အမှူးရှိသော ဤသူဌေးပေါင်းရှစ်သောင်းလေးထောင် တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (သူဌေး) တို့၌ တွယ်တာခြင်းကို စွန့်ပယ် တော်မူပါလော့၊ အသက်၌ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် သားကြီးရတနာလျှင် အမှူးရှိသော ဤ ညီဇာခံမင်းပေါင်း ရှစ်သောင်းလေး ထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ညီဇာခံမင်း) တို့၌ တွယ်တာ ခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် နို့ထွက်သန်၍ ရွှေခွက်တို့ဖြင့်ခံယူရသော ဤနို့ညှစ်နွားမပေါင်း ရှစ်သောင်း လေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (နွားမ) တို့၌ တွယ်တာ ခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် သိမ်မွေ့သော ခံ(ခေါမ)ချည် ဝါချည် ပိုးချည် သိုးမွေးချည်တို့ဖြင့် ရက်အပ် ကုန်သော ဤအဝတ်ပုဆိုးပေါင်း ကုဋေရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါ ကုန်၏၊ အရှင်မင်းမြတ် ဤ(အဝတ်ပုဆိုး) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ညဉ့်တိုင်း နံနက်တိုင်း တင်ဆက်သော ဤထမင်းအိုးပေါင်း ရှစ်သောင်းလေး ထောင် ချက် ပွဲတော်စာတို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပွဲတော်စာ) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်" ဟု (လျှောက် ဆိုလော့ ဟူ၍ မိန့်ဆို၏)။

၂၆၇။ အာနန္ဒာ ဤသို့မိန့်ဆိုသော် သုဘဒ္ဒါမိဖုရားသည် မျက်ရည်ကျလျက် ငိုကြွေးလေ၏။ အာနန္ဒာ ထိုအခါ သုဘဒ္ဒါမိဖုရားသည် မျက်ရည်တို့ကို သုတ်၍ မဟာသုဒဿနမင်းအား ဤစကားကို လျှောက်ဆို၏။

"အရှင်မင်းမြတ် ချစ်ခင်ဖွယ် မြတ်နိုးဖွယ် အားလုံးတို့နှင့် (ရှင်လျက်) ကွဲကွာခြင်း (သေ၍) ကွဲကွာခြင်း ဘဝခြားလျက်ကွဲကွာခြင်းသည် ဖြစ်မြဲပါတည်း၊ အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ငဲ့ကွက်ခြင်းရှိလျက် စုတေတော်မမူပါလင့်၊ ငဲ့ကွက်ခြင်းရှိလျက် စုတေခြင်းသည် ဆင်းရဲပါ၏၊ ငဲ့ကွက် ခြင်းရှိလျက် စုတေခြင်းသည် အကဲ့ရဲ့လည်းခံရပါ၏။

http://www.dhammadownload.com



အရှင်မင်းမြတ် ကုသာဝတီ နေပြည်တော်လျှင် အချုပ်အခြာရှိသော ဤမြို့ပေါင်း ရှစ်သောင်း လေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(မြို့)တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ဓမ္မ (နန်း) ပြာသာဒ်လျှင် အချုပ်အခြာရှိသော ဤပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပြာသာဒ်) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် မဟာဝိယူဟ ပြာသာဒ်ဆောင်လျှင် အချုပ်အခြာရှိသော ဤပြာသာဒ်ဆောင် ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပြာသာဒ် ဆောင်) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် မွေးရှည်ကော်ဇောကြီး သားမွေးဖြူကော်ဇော ပန်းပြောက်ခြယ် ကော်ဇော ဝံပိုင့်ရေအခင်းမြတ်တို့ဖြင့် ခင်းထားကုန်သော နီသော မျက်နှာကြက်နှင့်တကွ အုံးနီနှစ်ဖက်ရှိသော ရွှေငွေဆင်စွယ် စန္ဒကူးနှစ်တို့ဖြင့် မြီးကုန်သော ဤသလွန် 'ပလ္လင်' ပေါင်း ရှစ်သောင်းလေးထောင် တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပလ္လင်) တို့၌ တွယ်တာခြင်းကို စွန့်ပယ် တော်မူပါလော့၊ အသက်၌ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထား ကုန်သော ဥပေါသထဆင်မင်းလျှင် အမှူးရှိသော ဤဆင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(ဆင်) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါ လော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထား ကုန်သော ဝလာဟက မြင်းမင်းလျှင် အမှူးရှိသော ဤမြင်းပေါင်း ရှစ်သောင်း လေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(မြင်း)တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါ လော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့် ။

အရှင်မင်းမြတ် ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထား ကုန်သော ခြင်္သေ့ရေ ကျားရေ သစ်ရေ ဖြေ့တော့သော ကမ္ဗလာအကာအရံရှိကုန်သော ဝေဇယန္တာ ရထားလျှင် အထွတ်အမြတ်ရှိသော ဤရထားပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ် အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ရထား) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် စေဠုရိယ ပတ္တမြားရတနာလျှင် အထွတ်အမြတ်ရှိသော ပတ္တမြားပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ ပတ္တမြား(တို့၌) တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် မိဖုရားကြီးရတနာလျှင် အမှူးရှိသော ဤမိဖုရားပေါင်း ရှစ်သောင်းလေးထောင် တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ(မိဖုရား) တို့၌ တွယ်တာခြင်းကို စွန့်ပယ် တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

http://www.dhammadownload.com



အရှင်မင်းမြတ် သူဌေးရတနာလျှင် အမှူးရှိသော ဤသူဌေးပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (သူဌေး) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် သားကြီးရတနာလျှင် အမှူးရှိသော ဤသြဇာခံ မင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (သြဇာခံမင်း) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် နို့ထွက်သန်၍ ရွှေခွက်တို့ဖြင့် ခံယူရသော ဤနို့ညှစ်နွားမ ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (နွားမ) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် သိမ်မွေ့သောခုံ (ခေါမ) ချည် ဝါချည် ပိုးချည် သိုးမွေးချည် တို့ဖြင့် ရက်အပ်ကုန်သော ဤအဝတ် ပုဆိုးပေါင်း ကုဋေရှစ်သောင်းလေးထောင်တို့သည် အရှင်မင်းမြတ်အား ရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (အဝတ်ပုဆိုး) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်။

အရှင်မင်းမြတ် ညဉ့်ဘိုင်း နံနက်တိုင်း တင်ဆက်သော ဤထမင်းအိုးပေါင်း ရှစ်သောင်းလေးထောင်ချက် ပွဲတော်စာတို့သည် အရှင်မင်းမြတ်အားရှိပါကုန်၏၊ အရှင်မင်းမြတ် ဤ (ပွဲတော်စာ) တို့၌ တွယ်တာခြင်းကို စွန့်ပယ်တော်မူပါလော့၊ အသက်၌ ငဲ့ကွက်တော်မမူပါလင့်" ဟု (လျှောက်ဆို၏)။

## ဖြူဟွာ့ပြည်သို့ လားတော်မူခြင်း

၂၆၉။ အာနန္ဒာ ထိုနောက် မကြာမီပင် မဟာသုဒဿနမင်းသည် (နတ်ရွာစံလေ၏)။ အာနန္ဒာ မဟာသုဒဿနမင်းအား သေဘို့ရန်ဖြစ်ပေါ် လာသောဝေဒနာသည် ဥပမာအားဖြင့် သူကြွယ်အားဖြစ်စေ၊ သူကြွယ်သားအား ဖြစ်စေ၊ နှစ်သက်ဖွယ်အစာကို စားပြီးသောအခါ ထမင်းဆီရစ်သလောက်မျှသာ ဖြစ်ပေ၏။ အာနန္ဒာ မဟာသုဒဿနမင်းသည် နတ်ရွာစံပြီးလတ်သော် ကောင်းသောသူတို့၏ လားရာဖြစ်သော ဖြူဟွာ့ပြည်သို့ ရောက်လေ၏။

အာနန္ဒာ မဟာသုဒဿနမင်းသည် အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး သူငယ်တို့၏ကစားခြင်းဖြင့် ကစား၏၊ အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး အိမ်ရှေ့မင်းအဖြစ်ဖြင့် စံ၏။ အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး စကြဝတေးမင်းအဖြစ်ဖြင့် မင်းပြု၏။ အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး လူ့ဝတ်နှင့်ပင် ဓမ္မ (နန်း) ပြာသာဒ်ထက်၌ မြတ်သော အကျင့်ကို ကျင့်သုံး၏။ ထိုမဟာသုဒဿနမင်းသည် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွါးများပြီးလျှင် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ဗြဟ္မာ့ပြည်သို့လားလေ၏။

၂၇၀။ အာနန္ဒာ "ထိုစဉ်အခါက မဟာသုဒဿနမင်းသည် အခြားသူဖြစ်လေသလော" ဟု သင်တွေးထင်မူလည်း တွေးထင်ရာ၏။

http://www.dhammadownload.com



အာနန္ဒာ ဤအရာကို ဤသို့မမှတ်အပ်၊ ငါသည်ပင် ထိုစဉ်အခါက မဟာသုဒဿနမင်းဖြစ်ခဲ့၏။

ကုသာဝတီနေပြည်တော်လျှင် အချုပ်အခြာရှိသော ထိုမြို့ပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ မြို့များဖြစ်ခဲ့ကုန်၏။

ဓမ္မ (နန်း) ပြာသာဒ်လျှင် အချုပ်အခြာရှိသော ထိုပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ ပြာသာဒ်များဖြစ်ခဲ့ကုန်၏။

မဟာဗျူဟ ပြာသာဒ်လျှင် အချုပ်အခြာရှိသော ထိုပြာသာဒ်ဆောင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ ပြာသာဒ်ဆောင်များဖြစ်ခဲ့ကုန်၏။

မွေးရှည်ကော်ဇောကြီး သားမွေးဖြူကော်ဇော ပန်းပြောက်ချယ်ကော်ဇော ဝံပိုင့်ရေအခင်းမြတ်တို့ဖြင့် ခင်းထားကုန်သော နီသော မျက်နှာကြက်နှင့်တကွ အုံးနီနှစ်ဖက်ရှိသော ရွှေငွေဆင်စွယ် စန္ဒကူးနှစ်တို့ဖြင့် ပြီးကုန်သော ဤသလွန် 'ပလ္လင်' ပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ပလ္လင်များ ဖြစ်ခဲ့ကုန်၏။

ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ဥပေါသထဆင်မင်းလျှင် အမှူးရှိသော ထိုဆင်ပေါင်းရှစ်သောင်းလေးထောင်တို့သည် ငါ၏ဆင်များဖြစ်ခဲ့ကုန်၏။

ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ဝလာဟကမြင်းမင်း အမှူးရှိသော ထိုမြင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ မြင်းများဖြစ်ခဲ့ကုန်၏။

ရွှေတန်ဆာဆင်ယင်ကာ ရွှေတံခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ခြင်္သေ့ရေ ကျားရေ သစ်ရေ ဖြော့တော့သော ကမ္ဗလာ အကာအရံရှိကုန်သော ဝေဇယန္တာရထားလျှင် အထွတ်အမြတ်ရှိသော ထိုရထားပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ ရထားများဖြစ်ခဲ့ကုန်၏။

(ဝေဠုရိယ) ပတ္တမြားရတနာလျှင် အထွတ်အမြတ်ရှိသော ထိုပတ္တမြားပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ ပတ္တမြားများဖြစ်ခဲ့ကုန်၏။

မိဖုရားကြီးရတနာလျှင် အမှူးရှိသော ထိုမိဖုရားပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ မိဖုရားများ ဖြစ်ခဲ့ကုန်၏။

သူဌေးရတနာလျှင် အမှူးရှိသော ထိုသူဌေးပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ သူဌေးများဖြစ်ခဲ့ကုန်၏။

သားကြီးရတနာလျှင် အမှူးရှိသော ထိုခြံစားမင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ ခြံစားမင်းများဖြစ်ခဲ့ကုန်၏။

နို့ထွက်သန့်၍ ရွှေခွက်တို့ဖြင့် ခံယူရသော ထိုနို့ညှစ် နွားမပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏ နွားမများဖြစ်ခဲ့ကုန်၏။

http://www.dhammadownload.com



သိမ်မွေ့သော ခုံ 'ခေါမ' ချည် ဝါချည် ပိုးချည် သိုးမွေးချည်တို့ဖြင့် ရက်အပ်ကုန်သော ထိုအဝတ်ပုဆိုးပေါင်း ကုဋေရှစ်သောင်းလေးထောင်တို့သည် ငါ၏ အဝတ်ပုဆိုးများဖြစ်ခဲ့ကုန်၏။

ညဥ့်ဘိုင်း နံနက်တိုင်းဝင်ဆက်သော ထမင်းအိုး ရှစ်သောင်းလေးထောင်ချက် ထိုပွဲတော်စာတို့သည် ငါ၏ ပွဲတော်စာများဖြစ်ခဲ့ကုန်၏။

၂၇၁။ အာနန္ဒာ ထိုမြို့ပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါနေသောမြို့သည်ကား ကုသာဝတီနေပြည်တော် တမြို့တည်းသာလျှင် ဖြစ်၏။

အာနန္ဒာ ထိုပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါနေသော ပြာသာဒ်သည်ကား ဓမ္မ(နန်း)ပြာသာဒ်တဆောင်တည်းသာလျှင် ဖြစ်၏။

အာနန္ဒာ ထိုပြာသာဒ်ဆောင် ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါနေသော ပြာသာဒ်ဆောင်သည်ကား မဟာဝိယူဟ ပြာသာဒ်ဆောင် တဆောင်တည်းသာလျှင် ဖြစ်၏။

အာနန္ဒာ ထိုသလွန် 'ပလ္လင်'ပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါသုံးဆောင်သော သလွန်'ပလ္လင်'သည်ကား ရွှေသလွန်ဖြစ်စေ ငွေသလွန်ဖြစ်စေ ဆင်စွယ်သလွန်ဖြစ်စေ စန္ဒကူးနှစ်သလွန်ဖြစ်စေ သလွန်'ပလ္လင်'တခုတည်းသာလျှင် ဖြစ်၏။

အာနန္ဒာ ထိုဆင်ပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါစီးသောဆင်သည်ကား ဥပေါသထဆင်မင်း တစီးတည်းသာလျှင် ဖြစ်၏။

အာနန္ဒာ ထိုမြင်းပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါစီးသော မြင်းသည်ကား ဝလာဟကမြင်းမင်း တစီးတည်းသာလျှင်ဖြစ်၏။

အာနန္ဒာ ထိုရထားပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါစီးသောရထားသည်ကား ဝေဇယန္တာရထား တစီးတည်းသာလျှင်ဖြစ်၏။

အာနန္ဒာ ထိုမိဖုရားပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါ့ကိုလုပ်ကျွေးသော မိဖုရားသည်ကား မင်းအမျိုးသမီးဖြစ်စေ ကုန်သည်အမျိုးသမီးဖြစ်စေ မိဖုရားတဦးတည်းသာလျှင် ဖြစ်၏။

အာနန္ဒာ ထိုအဝတ်ပုဆိုး အစုံပေါင်း ကုဋေရှစ်သောင်းလေးထောင်တို့တွင် ထိုစဉ်အခါ၌ ငါဝတ်သော ပုဆိုးအစုံသည်ကား သိမ်မွေ့သောခုံ 'ခေါမ' ချည်ထည်ဖြစ်စေ ဝါချည်ထည်ဖြစ်စေ ပိုးထည်ဖြစ်စေ သိုးမွေးထည်ဖြစ်စေ အဝတ်ပုဆိုးတစုံတည်းသာလျှင်ဖြစ်၏။

အာနန္ဒာ ထိုထမင်းအိုးပေါင်း ရှစ်သောင်းလေးထောင်ချက် ပွဲတော်စာတို့တွင် ထိုစဉ်အခါ၌ ငါသုံးဆောင်သော တနင်္လောက်ရှိဟင်းနှင့် တကွမ်းစားချက်မျှ ထမင်းသည်ကား ထမင်းအိုးတလုံးချက်တည်းမှ ပွဲတော်စာသာလျှင်ဖြစ်၏။

၂၇၂။ အာနန္ဒာ ရှုလော့ ထိုအလုံးစုံသော သင်္ခါရတရားတို့သည် ကွယ်လွန်သွားလေကုန်ပြီ ချုပ်ပျောက်သွားလေကုန်ပြီ ဖောက်ပြန်သွားလေကုန်ပြီ၊ အာနန္ဒာ သင်္ခါရတရားတို့သည် ဤသို့ပင် မမြဲကြသည်ချည်းသာတည်း။ အာနန္ဒာ သင်္ခါရတရားတို့သည် ဤသို့ပင် မတည်တံ့ကြသည်ချည်းသာ

http://www.dhammadownload.com



တည်း၊ အာနန္ဒာ သင်္ခါရတရားတို့သည် ဤသို့ပင် အားမကိုးလောက်ကြသည်ချည်းသာတည်း၊ အာနန္ဒာ အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှါ အလွန်ပင် သင့်လှလေပြီ၊ စွဲမက်ခြင်းကင်းခြင်းငှါ အလွန်ပင် သင့်လှလေပြီ၊ (သင်္ခါရတရားတို့မှ) လွတ်မြောက်ခြင်းငှါ အလွန်ပင် သင့်လှလေပြီ၊ အာနန္ဒာ ငါသည် ဤ (ကုသာဝတီနေပြည်တော်)အရပ်၌ ကိုယ်ကောင်ကို ခြောက်ကြိမ်တိုင်တိုင် စွန့်ပစ်ခဲ့ရဘူးသည်ကို အမှတ်ရ၏၊ ထိုခြောက်ကြိမ်စလုံးပင် တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန် အပေါင်းကို အောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်းဖြစ်လျက်ချည်းသာလျှင် စွန့်ပစ်ခဲ့ရ၏၊ ဤသည်ကား ကိုယ်ကောင်ကို ခုနစ်ကြိမ်မြောက် စွန့်ပစ်ခြင်း ပေတည်း။

အာနန္ဒာ မြတ်စွာဘုရား၏ ကိုယ် ကောင်ကို ရှစ်ကြိမ်မြောက်စွန့်ပစ်ရန် အရပ်ကို နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော ဤနတ်လောကဌ်၌လည်း သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော ဤလူ့လောက၌လည်း ငါမမြင်တော့ချေ ဟု ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤ(တရားတော်)ကို ဟောတော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရားသည် ဤ(တရားတော်) ကို ဟောတော်မူပြီးလျှင် လူ နတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုမှတပါး ဤ ဂါထာကိုလည်း မိန့်တော်မူပြန်သတည်း—

> ပြုပြင်ရသော 'သင်္ခါရတရား' တို့သည် ဖြစ်ခြင်းပျက်ခြင်းသဘောရှိ၍ မမြဲလေကုန်စွ တကား။ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်လေကုန်စွတကား။ ထို (သင်္ခါရတရား) တို့၏ ငြိမ်းခြင်းသည်သာလျှင် ချမ်းသာပေတော့သည်တကား။

**လေးခုမြောက် မဟာသုဒဿနသုတ် ပြီး၏။**

http://www.dhammadownload.com

# ၅-ဇနဝသဘသုတ်

## နာတိကရွာသားတို့၏ အမေးကို ဖြေတော်မူခြင်း

၂၇၃။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် နာတိက (ရွာ) အုတ်တိုက်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုစဉ်အခါ၌ မြတ်စွာဘုရားသည် ပတ်ဝန်းကျင်ရှိ ထိုထိုဇနပုဒ်တို့၌ ကွယ်လွန်စုတေ သွားကြသော အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝတို့ကို (မေးလျှောက်သဖြင့်) ဖြေဆို ဟောကြားတော်မူ၏။ ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတိယတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သုရသေနတိုင်းတို့၌ “ဤမည်သော သူသည် ဤမည်သော ဘဝ၌ ဖြစ်၏၊ ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးကျိပ်ကျော်တို့သည် အောက် (ကာမဘုံ) ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် ‘အနှောင်အဖွဲ့’ တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထို(ဘုံ) ၌သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ်ပုဂ္ဂိုလ်များဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ကိုးကျိပ်ကျော် တို့သည် သုံးပါးသော သံယောဇဉ် ‘အနှောင်အဖွဲ့’ တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်၎င်း တပ်မက်ခြင်း ‘ရာဂ’ ပြစ်မှားခြင်း ‘ဒေါသ’ တွေဝေခြင်း ‘မောဟ’ တို့၏လည်း ခေါင်းပါးခြင်းကြောင့်၎င်း ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏အဆုံးကိုပြုလတ္တံ့သော သကဒါဂါမ်ပုဂ္ဂိုလ်များဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိက ရွာသား အလုပ်အကျွေး ဥပါသကာ ငါးရာကျော် တို့သည် သုံးပါးသော သံယောဇဉ် ‘အနှောင်အဖွဲ့’ တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော[1] အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ပုဂ္ဂိုလ်များဖြစ်ကုန်၏” ဟု (ဖြေဆို ဟောကြားတော်မူ၏)။

၂၇၄။ ထိုသို့ဖြေဆို ဟောကြားသည်ကို အလုပ်အကျွေးဥပါသကာဖြစ်သော နာတိကရွာသား တို့သည် (ဤသို့)ကြားကုန်၏။ “မြတ်စွာဘုရားသည် ပတ်ဝန်းကျင်ရှိ ထိုထိုဇနပုဒ်တို့၌ ကွယ်လွန် စုတေသွားကြသော အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝကို (မေးလျှောက်သဖြင့်) ဖြေဆို ဟောကြားတော်မူ၏။ ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတိယတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သုရသေနတိုင်း တို့၌ ‘ဤမည်သော သူသည် ဤမည်သော ဘဝ၌ ဖြစ်၏ ဤမည်သောသူသည် ဤမည်သော ဘဝ၌ဖြစ်၏’။

ကွယ်လွန်စုတေသွားကြသော နာတိက ရွာသား အလုပ်အကျွေး ဥပါသကာ ငါးကျိပ်ကျော် တို့သည် အောက် ကာမဘုံ၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် ‘အနှောင်

---

၁။ သုဂတိ၌သာဖြစ်ရန်ကိန်းသေမြဲသော တနည်း- ဆင်းရဲ၏အဆုံးသို့ရောက်ရန်ကိန်းသေမြဲသော။

http://www.dhammadownload.com



အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဖြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထို (ဘုံ) ၌ သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိသော အနာဂါမ်ပုဂ္ဂိုလ်များဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ကိုးကျိပ်ကျော် တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်၎င်း တပ်မက်ခြင်း 'ရာဂ' ပြစ်မှားခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' တို့၏လည်း ခေါင်းပါးခြင်းကြောင့်၎င်း ဤလူ့ပြည်သို့ တကြိမ်သာလျှင်လာ၍ ဆင်းရဲ၏ အဆုံးကိုပြုလတ္တံ့သော သကဒါဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးရာကျော် တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ပုဂ္ဂိုလ်များ ဖြစ်ကုန်၏" ဟု ဖြေဆို ဟောကြားတော်မူသည်ကို (ကြားကြကုန်၏)။

နာတိကရွာသား အလုပ်အကျွေးဥပါသကာတို့သည် မေးလျှောက်သဖြင့် မြတ်စွာဘုရားဖြေဆို ဟောကြားတော်မူသည်ကို ကြားကုန်၍ ထို အကြောင်းအရာဖြင့် ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက် ရွှင်ပြလျက်ရှိကုန်၏။

၂၇၅။ (ထိုအကြောင်း အရာကို) အသျှင်အာနန္ဒာသည် (ဤသို့ ကြားလေ၏)—

"မြတ်စွာဘုရားသည် ပတ်ဝန်းကျင်ရှိ ထိုထိုဇနပုဒ်တို့၌ ကွယ်လွန်စုတေသွားကြသော အလုပ် အကျွေး ဥပါသကာတို့သည် ဖြစ်ရာဘဝတို့ကို (မေးလျှောက်သဖြင့်) ဖြေဆိုဟောကြားတော် မူ၏။ ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတီယတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သုရသေနတိုင်းတို့၌ 'ဤမည်သော သူသည် ဤမည်သော ဘဝ၌ဖြစ်၏ ဤမည်သော သူသည် ဤမည်သော ဘဝ၌ဖြစ်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးကျိပ်ကျော် တို့သည် အောက် (ကာမဘုံ) ၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထို (ဘုံ) ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထို (ဘုံ) မှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ် ပုဂ္ဂိုလ်များ ဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ကိုးကျိပ်ကျော် တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်၎င်း တပ်မက်ခြင်း 'ရာဂ' ပြစ်မှားခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' တို့၏လည်း ခေါင်းပါးခြင်း ကြောင့်၎င်း ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ပုဂ္ဂိုလ်များဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးရာကျော် တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့

http://www.dhammadownload.com



ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ပုဂ္ဂိုလ်များဖြစ်ကုန်၏' ဟု (ဖြေဆိုဟောကြားတော်မူ၏)။

နာတိကရွာသား အလုပ်အကျွေး ဥပါသကာတို့သည် မေးလျှောက်သဖြင့် မြတ်စွာဘုရား ဖြေဆိုဟောကြားတော်မူသည်ကို ကြားကုန်၍ ထိုအကြောင်းအရာဖြင့် ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက်ရွှင်ပြလျက် ရှိကုန်၏" ဟု (ကြားလေ၏)။

## အသျှင်အာနန္ဒာ၏ သွယ်ဝိုက်သောစကား

၂၇၆။ ထိုအခါ အသျှင်အာနန္ဒာအား ဤသို့ အကြံဖြစ်လေ၏—

"ကွယ်လွန်စုတေသွားကြသော ဤမဂဓတိုင်းသား အလုပ်အကျွေးဥပါသကာတို့သည် များလည်း များကုန်၏၊ ရှေးလည်း ကျကုန်၏၊ အင်္ဂတိုင်း မဂဓတိုင်းတို့၌ ကွယ်လွန် စုတေသွားကြသော တိုင်းရင်းသားတို့တွင် အလုပ်အကျွေးဥပါသကာများ မရှိသကဲ့သို့ ဖြစ်၏။ စင်စစ်သော်ကား ထိုလူတို့သည် လည်း ဘုရား တရား သံဃာ၌ ကြည်ညိုကြပေကုန်၏၊ သီလတို့၌ ပြည့်စုံစွာ ကျင့်လေ့ ရှိကြပေကုန်၏၊ (သို့ဖြစ်ပါလျက်) ကွယ်လွန် စုတေသွားကြသော ထိုသူတို့၏ (အကြောင်းအရာ) ကို မြတ်စွာဘုရားသည် ဟောကြားတော်မမူသေးချေ။ ထိုသူတို့၏ (အကြောင်းအရာ)ကိုလည်း ဟောကြားပါမူ ကောင်းလေစွ၊ လူအများသည် ကြည်ညို၍ ကောင်းသော ဂတိသို့လားရာ၏။

ထို့ပြင် တရားစောင့်သော တရားသဖြင့် မင်းပြုသော မဂဓတိုင်းရှင် သေနိယမည်သော ဤဗိမ္ဗိသာရမင်းသည်လည်း ပုဏ္ဏားနှင့် သူကြွယ်တို့၏ရှင်း နိဂုံးနှင့် ဇနပုဒ်သားတို့၏ရှင်း အကျိုးစီးပွါးကို ဆောင်ပေ၏၊ ထို့ပြင်လည်း တရားစောင့်သော တရားသဖြင့် မင်းပြုသော ထိုဗိမ္ဗိသာရမင်းသည် 'ငါတို့အား ဤသို့ ချမ်းသာစေ၍ နတ်ရွာစံတော်မူလေ၏၊ တရားစောင့်သော ထိုတရားမင်း၏ နိုင်ငံတော်၌ ငါတို့သည် ဤသို့ ချမ်းသာစွာ နေကြရပေကုန်၏'ဟု လူတို့သည် (ထိုဗိမ္ဗိသာရမင်းကို) ချီးမွမ်းလျက် ရှိကုန်၏။ ထို(ဗိမ္ဗိသာရမင်း)သည်လည်း ဘုရား တရား သံဃာ၌ ကြည်ညိုပေ၏၊ သီလတို့၌ပြည့်စုံစွာ ကျင့်လေ့ရှိပေ၏။ ထို့ပြင် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် သေခါနီးတိုင်အောင်ပင် မြတ်စွာဘုရားကို ချီးကျူးလျက် နတ်ရွာစံလေသည်' ဟူ၍လည်း လူတို့ ဆိုကုန်သေး၏၊ ကွယ်လွန်စုတေသွားသော ထို(မင်း၏ အကြောင်းအရာ)ကို မြတ်စွာဘုရားသည် ဟောကြားတော်မမူသေးချေ၊ ထိုမင်း၏ အကြောင်းအရာကိုလည်း ဟောကြားပါမူ ကောင်းလေစွ၊ လူအများသည် ကြည်ညို၍ကောင်းသော ဂတိသို့ လားရာ၏။

မြတ်စွာဘုရားသည် သမ္ဗောဓိဉာဏ်ကို မဂဓတိုင်း၌ ရတော်မူ၏။ ယင်းမဂဓတိုင်း၌ ကွယ်လွန်စုတေသွားကြသော တိုင်းရင်းသား အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝတို့ကို မြတ်စွာဘုရားသည် အဘယ့်ကြောင့် မဟောကြားပဲ ရှိရာသနည်း၊ ကွယ်လွန်စုတေသွားကြသော မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝတို့ကို မြတ်စွာဘုရားသည် မဟောကြားပဲနေငြားအံ့၊ ထိုကြောင့် ထိုမဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့သည် စိတ်အားငယ်ကြကုန်ရာ၏။

http://www.dhammadownload.com



ယင်းသို့ မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့သည် စိတ်အားငယ်ကြရသော အကြောင်းရှိပါလျက် မြတ်စွာဘုရားသည် ထိုသူတို့၏ အကြောင်းအရာကို အဘယ့်ကြောင့် မဟောကြားပဲ ရှိရာအံ့နည်း" ဟု (အကြံဖြစ်လေ၏)။

၂၇၇။ အသျှင်အာနန္ဒာသည် မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့နှင့် စပ်လျဉ်းသော ဤအကြောင်းအရာကို တပါးတည်း ဆိတ်ကွယ်ရာ၌ အဖန်ဖန် တွေးတောပြီးလျှင် ညဉ့်၏အဆုံး မိုးသောက်ယာမ်၌ နေရာမှထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏၊ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား အကျွန်ုပ်သည် ဤစကားကို ကြားရပါ၏၊ 'မြတ်စွာဘုရားသည် ပတ်ဝန်းကျင်ရှိ ထိုဆိုဇနပုဒ်တို့၌ ကွယ်လွန်စုတေသွားကြသော အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝတို့ကို (မေးလျှောက်သဖြင့်)ဖြေဆိုဟောကြားတော်မူ၏၊ ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတိယတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သုရသေန တိုင်းတို့၌ 'ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်၏ ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်၏ ဟု (ဟောကြားတော်မူ၏)၊ ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးကျိပ်ကျော် တို့သည် အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထို(ဘုံ)၌ သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိသော အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေးဥပါသကာ ကိုးကျိပ်ကျော်တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်၎င်း တပ်မက်ခြင်း 'ရာဂ' ဖြစ်မှားခြင်း 'ဒေါသ' တွေဝေခြင်း'မောဟ'တို့၏ လည်း ခေါင်းပါးခြင်းကြောင့်၎င်း ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ပုဂ္ဂိုလ်များ ဖြစ်ကုန်၏။

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးရာကျော်တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ပုဂ္ဂိုလ်များ ဖြစ်ကုန်၏' ဟု (ဖြေဆိုဟောကြားတော်မူ၏)။

နာတိကရွာသား အလုပ်အကျွေး ဥပါသကာတို့သည် မေးလျှောက်သဖြင့် မြတ်စွာဘုရား ဖြေဆိုဟောကြားတော်မူသည်ကို ကြားသိကုန်၍ ထိုအကြောင်းအရာဖြင့် ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက် ရွှင်ပြလျက် ရှိပါကုန်၏။

အသျှင်ဘုရား ကွယ်လွန်စုတေသွားကြသော ဤမဂဓတိုင်းသား အလုပ်အကျွေးဥပါသကာတို့သည် စင်စစ် များလည်း များပါကုန်၏၊ ရှေးလည်း ကျပါကုန်၏၊ အင်္ဂတိုင်း မဂဓတိုင်းတို့၌ ကွယ်လွန်စုတေသွားကြသော တိုင်းရင်းသားတို့တွင် အလုပ်အကျွေးဥပါသကာများ မရှိသကဲ့သို့ ဖြစ်ပါ၏။ အသျှင်ဘုရား စင်စစ်သော်ကား ထိုသူတို့သည်လည်း ဘုရား တရား သံဃာ၌ ကြည်ညိုကြပါကုန်၏၊ သီလတို့၌ ပြည့်စုံစွာ ကျင့်လေ့ရှိကြပါကုန်၏၊ (သို့ဖြစ်ပါလျက်) ကွယ်လွန်စုတေသွားကြသော ထိုသူတို့၏ (အကြောင်းအရာ)ကို မြတ်စွာဘုရားသည် ဟောကြားတော်မမူသေးချေ၊ ထိုသူတို့၏ (အကြောင်းအရာ)ကိုလည်း ဟောကြားပါမူကား ကောင်းလေစွ၊ လူအများသည် ကြည်ညို၍ ကောင်းသောဂတိသို့ လားရာပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား ထို့ပြင် တရားစောင့်သော တရားသဖြင့် မင်းပြုသော မဂဓတိုင်းရှင် သေနိယ မည်သော ဤဗိမ္ဗိသာရမင်းသည်လည်း ပုဏ္ဏားနှင့်သူကြွယ်တို့၏ရင်း နိဂုံးနှင့် ဇနပုဒ်သားတို့၏ရင်း အကျိုးစီးပွါးကို ဆောင်ပါပေ၏။

ထို့ပြင်လည်း တရားစောင့်သော တရားသဖြင့် မင်းပြုသော ထိုဗိမ္ဗိသာရမင်းသည် 'ငါတို့အား ဤသို့ ချမ်းသာစေ၍ နတ်ရွာစံတော်မူလေ၏၊ တရားစောင့်သော ထိုတရားမင်း၏ နိုင်ငံတော်၌ ငါတို့သည် (ဤသို့)ချမ်းသာစွာနေကြရပေကုန်၏'ဟု လူတို့သည် (ထိုမင်းကို)ချီးမွမ်းလျက် ရှိပါကုန်၏။ အသျှင်ဘုရား ထို(ဗိမ္ဗိသာရမင်း)သည်လည်း ဘုရား တရား သံဃာ၌ ကြည်ညိုပါပေ၏၊ သီလတို့၌ ပြည့်စုံစွာ ကျင့်လေ့ရှိပါပေ၏။

ထို့ပြင် 'မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် သေခါနီးတိုင်အောင်ပင် မြတ်စွာဘုရားကို ချီးကျူးလျက် နတ်ရွာစံလေသည် ဟူ၍လည်း လူတို့ ဆိုပါကုန်သေး၏၊ ကွယ်လွန်စုတေသွားသော ထိုမင်း၏အကြောင်းအရာကို မြတ်စွာဘုရားသည် ဟောကြားတော်မမူရသေးပါ၊ ထိုမင်း၏ အကြောင်းအရာကိုလည်း ဟောကြားပါမူကား ကောင်းလေစွ၊ လူအများလည်း ကြည်ညို၍ ကောင်းသောဂတိသို့ လားရာပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ်ကို မဂဓတိုင်း၌ ရတော်မူပါ၏၊ အသျှင်ဘုရား ယင်းမဂဓတိုင်း၌ ကွယ်လွန်စုတေသွားကြသော တိုင်းရင်းသား အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝတို့ကို မြတ်စွာဘုရားသည် အဘယ့်ကြောင့် မဟောကြားပဲ ရှိရပါသနည်း။ အသျှင်ဘုရား ကွယ်လွန်စုတေသွားကြသော မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝတို့ကို မြတ်စွာဘုရားသည် မဟောကြားပဲ နေတော်မူငြားအံ့၊ ထို့ကြောင့် ထိုမဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့သည် စိတ်အားငယ်ကြကုန်ရာပါ၏။

ယင်းသို့ မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့သည် စိတ်အားငယ်ကြရာသော အကြောင်းရှိပါလျက် ထိုသူတို့၏အကြောင်းအရာကို မြတ်စွာဘုရားသည် အဘယ့်ကြောင့် မဟောကြားပဲ ရှိရပါသနည်း" ဟု (လျှောက်၏)။

အသျှင်အာနန္ဒာသည် မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့ကို အကြောင်းပြု၍ မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ဤသွယ်ဝိုက်သော စကားကို လျှောက်ထားပြီးသော် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

၂၇၈။ ထို့နောက် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာ ဖဲခွါသွား၍ မကြာမီပင် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် နာဒိကရွာသို့ ဆွမ်းခံဝင်တော်မူ၏၊ နာဒိကရွာ၌ ဆွမ်းခံ လှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခွါခဲ့ပြီးသော် ခြေတော်တို့ကို ဆေးကြော၍ အုတ်တိုက်ကျောင်းသို့ ဝင်တော်မူပြီးလျှင် မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့ကို အကြောင်းပြု၍ "ထိုသူတော်ကောင်းတို့၏ လားရာဂတိ ရောက်ရာဘဝကို သိအောင်ရှာအံ့"ဟု လိုလားလျက် နှလုံးသွင်းလျက် စိတ်အားလုံးဖြင့် ဆင်ခြင်လျက် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။

မြတ်စွာဘုရားသည် မဂဓတိုင်းသား "အလုပ်အကျွေး ဥပါသကာဖြစ်သော ထိုသူတော်ကောင်းတို့သည် ယင်းသို့လားရာဂတိ ရောက်ရာ ဘဝရှိကုန်၏" ဟု မြင်တော်မူ၏။

http://www.dhammadownload.com



ထို့နောက် မြတ်စွာဘုရားသည် ညနေချမ်းအချိန် တပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ အုတ်တိုက်ကျောင်းမှ ထွက်ခတော်မူပြီးလျှင် ကျောင်းရိပ်ဝယ် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

၂၇၉။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား မြတ်စွာဘုရားသည် အထူးသဖြင့် ငြိမ်သက်သော အသွင်အပြင်ရှိနေပါ၏၊ ဣန္ဒြေများ ကြည်လင်သောကြောင့် မြတ်စွာဘုရား၏ မျက်နှာတော် အဆင်းသည် အလွန်ပင် တောက်ပတင့်တယ်နေ၏။ အသျှင်ဘုရား ယနေ့ မြတ်စွာဘုရားသည် ငြိမ်သက်သော (အရဟတ္တဖိုလ်)သမာပတ်ဖြင့် နေတော်မူသည်" ဟု ထင်ပါသည် (ဟူ၍ လျှောက်၏)။

အာနန္ဒာ သင်သည် မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့ကို အကြောင်းပြု၍ ငါ၏ မျက်မှောက်၌ သွယ်ဝိုက်သော စကားကို လျှောက်ထားပြီးလျှင် နေရာမှထကာ ဖဲ့ခွါသွားခဲ့၏၊ (ထိုနောက် မကြာမီပင်) ငါသည် နာတိကရွာ၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခွါခဲ့ပြီးသော် ခြေတို့ကို ဆေး၍ အုတ်တိုက်ကျောင်းသို့ ဝင်ပြီးလျှင် ထိုမဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့ကိုပင် အကြောင်းပြု၍ "ထိုသူတော်ကောင်းတို့၏ ထိုလားရာဂတိ ရောက်ရာဘဝကို သိအောင်ရှုအံ့" ဟု လိုလားလျက် နှလုံးသွင်းလျက် စိတ်အားလုံးဖြင့် ခေါင်ခြင်လျက် ခင်းထားသောနေရာ၌ ထိုင်နေခဲ့၏။

အာနန္ဒာ ငါသည် ထိုမဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာဖြစ်သော သူတော်ကောင်းတို့၏ "လားရာဂတိ ရောက်ရာဘဝတို့ကို တွေ့မြင်ရပေ၏" ဟု (မိန့်တော်မူ၏)။

## ဇနဝသဘနတ်သား

၂၈၀။ အာနန္ဒာ ထိုအခါ (တဦးသော)နတ်သည် ကိုယ်ထင်ရှားမပြပဲ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ်သည် ဇနဝသဘ ဖြစ်ပါသည် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်သည် ဇနဝသဘဖြစ်ပါသည်" ဟု (အသံကို ကြားစေ၏)။ အာနန္ဒာ သင်သည် ဤမှ ရှေးအခါ၌ ဇနဝသဘဟူသော အမည်ကို ကြားဘူးသည် ဟု အမှတ်ရပါ၏လော ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် ဤမှ ရှေးအခါ၌ ဇနဝသဘဟူသော အမည်ကို ကြားဘူးသည်ဟု အမှတ်မရပါ၊ အသျှင်ဘုရား သို့သော်လည်း "ဇနဝသဘ" ဟူသောအမည်ကို ကြားသဖြင့် အကျွန်ုပ်အား ကြက်သီးမွေးညှင်းများထပါကုန်၏။ အသျှင်ဘုရား "ဇနဝသဘ ဟု ဤသို့ ခံ့ညားသော အမည်ဖြင့် ခေါ်ဝေါ်ရသော ထိုနတ်သည် မြင့်မြတ်သော နတ်ဖြစ်ပေလိမ့်မည်" ဟု အကျွန်ုပ် ထင်မြင်မိပါ၏။

အာနန္ဒာ အသံပေါ်လာသည့်မှ အခြားမဲ့၌ပင် အဆင်းသဏ္ဌာန် ခံ့ညားသော နတ်သည် ငါ၏ မျက်မှောက်၌ ထင်ရှားပေါ်လာပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ်သည် ဗိမ္ဗိသာရမင်း ဖြစ်ပါသည်၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်သည် ဗိမ္ဗိသာရမင်း ဖြစ်ပါသည်" ဟု နှစ်ကြိမ်မြောက်လည်း အသံကို ကြားစေပြန်၏။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် ဝေဿဝဏ်နတ်မင်း၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ရသည်မှာ ဤအကြိမ်သည် ခုနစ်ကြိမ်မြောက် ဖြစ်ပါသည် ထို (ဗိမ္ဗိသာရမင်းဘဝ) မှ စုတေခဲ့သော ထိုအကျွန်ုပ်သည် နတ်မင်းဖြစ်ခြင်းငှါ စွမ်းနိုင်ပါ၏၊ (သို့သော်လည်း)။

အကျွန်ုပ်သည် ဤ(နတ်ပြည်)မှ (စုတေ၍ လူ့ပြည်၌)ခုနစ်ဘဝ ထို(လူ့ပြည်)မှ (စုတေ၍ ဤနတ်ပြည်၌)ခုနစ်ဘဝ (ပေါင်း)တဆယ့်လေးဘဝတို့ တိုင်တိုင် ရှေးအခါက အကျွန်ုပ်၏ နေခဲ့ဘူးရာဌာနကို အကျွန်ုပ် အမှတ် [၁] ရလျက် ရှိပါ၏။

၂၈၁။ အသျှင်ဘုရား အကျွန်ုပ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး အပါယ်သို့ ကျခြင်း မရှိတော့ပါ၊ အပါယ်သို့ ကျခြင်း မရှိသော သောတာပန် ဖြစ်နေသည်ကို သိပါသည်၊ သို့ရာတွင် အကျွန်ုပ် အလို 'အာသာ' သည်ကား သကဒါဂါမ်ဖြစ်ရန် ထက်သန်လျက် တည်ရှိနေပါသည် ဟု (လျှောက်၏)။

"အသျှင်ဘုရား အကျွန်ုပ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး အပါယ်သို့ကျခြင်း မရှိတော့ပါ၊ အပါယ်သို့ ကျခြင်းမရှိသော သောတာပန် ဖြစ်နေသည်ကို သိပါသည်" ဟူ၍၎င်း "အကျွန်ုပ်၏အလို 'အာသာ' သည် သကဒါဂါမ်ဖြစ်ရန် ထက်သန်လျက် တည်ရှိနေပါသည်" ဟူ၍၎င်း ဆိုသော အရှင် ဇနဝသဘနတ်သား၏ ဤစကားသည် အံ့ဖွယ်ရှိပါပေ၏၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏။

အသျှင်ဇနဝသဘနတ်သားသည် ဤသို့ မြင့်မြတ်သော တရားထူးကို အဘယ်မှ ရခဲ့ပါသနည်း ဟူမူ—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား အသျှင်ဘုရား၏ အဆုံးအမတော်နှင့် ကင်း၍ ရခဲ့သည် မဟုတ်ပါ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အသျှင်ဘုရား၏ အဆုံးအမတော်နှင့် ကင်း၍ ရခဲ့သည် မဟုတ်ပါ၊ အသျှင်ဘုရား အကျွန်ုပ်သည် (မြတ်စွာဘုရားကို ရှေးဦးစွာ ဖူးတွေ့လျက်) မြတ်စွာဘုရား၌ အကြွင်းမဲ့ ယုံကြည်ခြင်းသို့ ရောက်သည့်အခါမှစ၍ ရှည်မြင့်စွာသော ကာလပတ်လုံး အပါယ်သို့ ကျခြင်း မရှိတော့ပါ၊ အပါယ်သို့ ကျခြင်းမရှိသော သောတာပန်ဖြစ်ခဲ့သည်ကို သိပါ၏၊ သို့ရာတွင် အကျွန်ုပ်၏ အလို 'အာသာ' သည်ကား သကဒါဂါမ်ဖြစ်ရန် ထက်သန်လျက် တည်ရှိနေပါသည်။

အသျှင်ဘုရား ဝေဿဝဏ် နတ်မင်းကြီးသည် ဝိရူဠှက နတ်မင်းကြီး အထံသို့ ကိစ္စတခုဖြင့် အကျွန်ုပ်ကို စေလွှတ်လိုက်သဖြင့် (လာခဲ့ရာ) ခရီးအကြားဝယ် (မြတ်စွာဘုရားသည်)အုတ်တိုက်ကျောင်းသို့ ဝင်တော်မူပြီးလျှင် မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့ကို အကြောင်းပြု၍ "ထိုသူတော်ကောင်းတို့၏ လားရာဂတိ ရောက်ရာဘဝကို သိအောင်ရှုအံ့" ဟု လိုလားလျက် နှလုံးသွင်းလျက် စိတ်အားလုံးဖြင့် ဆင်ခြင်လျက် ထိုင်နေတော်မူသည်ကို အကျွန်ုပ် တွေ့မြင်ရပါ၏။ အသျှင်ဘုရား အလွန်အံ့ဖွယ်ရာအကြောင်း တိုက်ဆိုင်သည်မှာ "ထို(မဂဓတိုင်းသား)သူတော်ကောင်းတို့သည် ယင်းသို့ လားရာဂတိ ရောက်ရာဘဝရှိကုန်၏" ဟု ထို(နတ်)ပရိသတ်၌ ဝေဿဝဏ်နတ်မင်းကြီး ပြောဆိုသော စကားကို ကိုယ်တိုင်ကြားနာ မှတ်သားလိုက်ရပါသည်။

---

၁။ ဤသို့အမှတ်ရလျက် ထိုဌာနတို့၌တွယ်တာမှုအားကြီးသောကြောင့် အထက်နတ်ပြည်တို့၌ ဖြစ်နိုင်ငြားသော်လည်း မဖြစ်မူ၍ ဤဝေဿဝဏ်နတ်မင်း၏ အပေါင်းအဖော်အဖြစ်သို့သာလျှင် ရောက်ရလေသည်ဟု အဋ္ဌကထာ၌ဆို၏။

http://www.dhammadownload.com



အသျှင်ဘုရား ထိုအကျွန်ုပ်အား "မြတ်စွာဘုရားကိုလည်း ဖူးမြော်အံ့၊ ဤအကြောင်းကိုလည်း မြတ်စွာဘုရားအား လျှောက်ထားအံ့" ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား ဤအကြောင်း နှစ်ပါး ကြောင့် အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်လာပါ၏။

## နတ်သဘင်

၂၈၂။ အသျှင်ဘုရား ယခင့်ယခင်ကာလက ဥတုလတို့ပြည့်ရာ ဝါဆိုလပြည့် တဆယ့်ငါးရက် မြောက် ဥပုသ်နေ့ညဉ့်၌ သုဓမ္မာနတ်သဘင်ဝယ် တာဝတိံသာ နတ်တို့သည် အားလုံးလိုလိုပင် အညီအညွတ် စည်းဝေးနေပါကုန်၏၊ များစွာသော နတ်ပရိသတ်တို့သည်လည်း ထက်ဝန်းကျင်၌ ထိုင်နေပါကုန်၏၊ နတ်မင်းကြီးလေးယောက်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ ထိုင်နေကြပါ ကုန်၏၊ အရှေ့အရပ်မှ ဓတရဋ္ဌ နတ်မင်းကြီးသည် အနောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါ၏၊ တောင်အရပ်မှ ဝိရူဠ္ဟက နတ်မင်းကြီးသည် မြောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါ၏၊ အနောက်အရပ်မှ ဝိရူပက္ခနတ်မင်းကြီးသည် အရှေ့အရပ် သို့ မျက်နှာမူကာ နတ်အပေါင်းကိုရှေးရှုလျက် ထိုင်နေပါ၏၊ မြောက်အရပ်မှ ဝေဿဝဏ်နတ်မင်းကြီး သည် တောင်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါ၏။

အသျှင်ဘုရား ယင်းသို့ သုဓမ္မာ နတ်သဘင်ဝယ် တာဝတိံသာနတ်တို့သည် အားလုံးလိုလိုပင် အညီအညွတ်စည်းဝေးနေကြလျက် များစွာသော နတ်ပရိသတ်တို့သည်လည်း ထက်ဝန်းကျင်၌ ထိုင် နေကြလျက် နတ်မင်းကြီးလေးယောက်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ ထိုင်နေကြသော အခါ ထိုနတ်မင်းကြီးတို့နေရာ၏ နောက်၌ အကျွန်ုပ်တို့ ထိုင်နေရပါ၏။

အသျှင်ဘုရား မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်သောအကျင့်ကိုကျင့်၍ တာဝတိံသာ နတ်ပြည်၌ ယခုမှ ဖြစ်လာကြသော နတ်တို့သည် အခြားနတ်တို့ထက် အဆင်းအားဖြင့်၎င်း အခြံအရံ အားဖြင့်၎င်း သာလွန်၍ တင့်တယ်ပါကုန်၏၊ အသျှင်ဘုရား ထို့ကြောင့် တာဝတိံသာ နတ်တို့သည် "အချင်းတို့ အသုရာအပေါင်းတို့ ဆုတ်ယုတ်၍ နတ်အပေါင်းတို့ ပြည့်နှက်စည်ကားလာပေကုန်စွ တကား" ဟု ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက်ရွှင်ပြလျက် ရှိပါကုန်၏။

အသျှင်ဘုရား ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာ နတ်တို့ ကြည်နူးနေကြ သည်ကို သိ၍ ဤဂါထာဖြင့် ဝမ်းမြောက်စကား ပြောကြား၏—

"အချင်းတို့ မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်သော အကျင့်ကို ကျင့်သုံး၍ ဤ တာဝတိံသာ နတ်ဘုံသို့ ရောက်လာသော အဆင်း အခြံအရံနှင့် ပြည့်စုံသော နတ်အသစ်တို့ကို တွေ့မြင်ကြရ၍ သိကြားမင်းနှင့်တကွ တာဝတိံသာနတ်တို့သည် မြတ်စွာဘုရားကို ဦးညွတ် ကုန်လျက်တရားတော်၏ တရားကောင်း အဖြစ်ကိုလည်း ချီးကျူးကုန်လျက် ဝမ်းမြောက်ပေ ကုန်စွတကား။

မြတ်စွာဘုရား၏တပည့် ဤ (နတ်ပြည်) သို့ ထူးခြားစွာ ရောက်လာကုန်သော ထို (နတ် အသစ်) တို့သည် အခြားနတ်တို့ထက် အဆင်းအားဖြင့်၎င်းအခြံအရံအားဖြင့်၎င်း အသက်အား ဖြင့်၎င်း သာလွန်တင့်တယ်ပေကုန်၏။

ဤ (အကြောင်းအရာ) ကို မြင်ကုန်၍ သိကြားမင်းနှင့်တကွ တာဝတိံသာနတ်တို့သည် မြတ်စွာဘုရားကို ဦးညွတ်ကုန်လျက် တရားတော်၏ တရားကောင်း အဖြစ်ကိုလည်း (ချီးကျူး ကုန်လျက်) ပျော်ရွှင်ကုန်၏ ဟု ဝမ်းမြောက်စကား ပြောကြား၏။

http://www.dhammadownload.com



အသျှင်ဘုရား ထို (သိကြားမင်း၏ ဝမ်းမြောက်စကား) ကြောင့် တာဝတိံသာနတ်တို့သည် “အချင်းတို့ အသုရာ အပေါင်းတို့ ဆုတ်ယုတ်၍ နတ်အပေါင်းတို့ ပြည့်နှက် စည်ကားပေကုန်စွတကား” ဟု အတိုင်းထက်အလွန်ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက်ရွှင်ပြလျက်ရှိပါကုန်၏။

အသျှင်ဘုရား ထိုအခါ သုဓမ္မာနတ်သဘင်ဝယ် တာဝတိံသာ နတ်တို့ စည်းဝေးခြင်း၏ အကြောင်းရင်း ဖြစ်သော ကိစ္စကို စဉ်းစားဆွေးနွေးပြီးဖြစ်သဖြင့် နတ်မင်းကြီးလေးယောက်တို့သည် ထိုကိစ္စနှင့်ပတ်သက်၍ မိန့်မှာချက် နောက်ထပ်ညွှန်ကြားချက်များကို ခံယူပြီးလျှင် ဖဲခွါမသွားကြသေးပဲ မိမိတို့နေရာတို့၌တည်လျက်ရှိကုန်၏။

မိန့်မှာချက်ကိုရရှိပြီးသော ထိုနတ်မင်းကြီး လေးယောက်တို့သည် နောက်ထပ်ညွှန်ကြားချက်ကိုလည်း ခံယူကြကုန်ပြီး၍ အထူးသဖြင့်စိတ်ကြည်နူးကာ မိမိတို့နေရာ၌ ငြိမ်သက်စွာတည်လျက်ရှိကုန်၏။

၂၇၃။ အသျှင်ဘုရား ထိုအခိုက်ဝယ် နတ်တို့၏ အာနုဘော်အလင်းရောင်ကို ကျော်လွန်၍ ကြီးကျယ်သော အလင်းရောင်သည် (မြောက်အရပ်မှ) ထွက်ပေါ်လာပါ၏။ အသျှင်ဘုရား ထိုအခါ နတ်တို့၏အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ကို မိန့်ဆိုပါ၏။

“အချင်းတို့ (ဗြဟ္မာထင်ရှားပေါ်လာရန်) ရှေ့ပြေးနိမိတ်တို့သည် ထင်ကုန်၏၊ ကြီးကျယ်သော အလင်းရောင်သည် ထွက်ပေါ်လာ၏၊ (သို့ဖြစ်၍) ဗြဟ္မာသည်ထင်ရှားပေါ်လာလတ္တံ့၊ ဤအလင်းရောင်ထွက်ပေါ်လာခြင်းသည် ဗြဟ္မာထင်ရှားပေါ်လာရန် ရှေ့ပြေးနိမိတ်ဖြစ်သည်” ဟု (မိန့်ဆိုပါ၏)။

ရှေ့ပြေး နိမိတ်တို့ထင်သောကြောင့် ဗြဟ္မာသည် ထင်ရှားပေါ်လာလတ္တံ့၊ ကြီးမားပြန့်ကျယ်သော ဤအလင်းရောင်ဖြစ်ပေါ်ခြင်းသည် ဗြဟ္မာပေါ်လာရန် ရှေ့ပြေးနိမိတ်ပေတည်း။

## သနကုံမာရဗြဟ္မာမင်းအကြောင်း

၂၇၄။ အသျှင်ဘုရား ထိုအခါ တာဝတိံသာနတ်တို့သည် “ဤအလင်းရောင်ကို သိရအောင် စောင့်ကြည့်ကုန်အံ့၊ ဤအလင်းရောင်ကြောင့် ဖြစ်ပေါ်မည့် အကျိုးကို မျက်မှောက်တွေ့မြင်ပြီးမှ သာလျှင် သွားကုန်အံ့” ဟု ရည်ရွယ်၍ မိမိတို့၏ ထိုင်မြဲနေရာတို့၌ပင် ထိုင်နေပါကုန်၏။ နတ်မင်းကြီးလေးယောက်တို့သည်လည်း “ဤအလင်းရောင်ကို သိရ အောင် စောင့်ကြည့်ကုန်အံ့၊ ဤအလင်းရောင်ကြောင့် ဖြစ်ပေါ်မည့်အကျိုးကို မျက်မှောက်တွေ့မြင်ပြီးမှသာလျှင် သွားကုန်အံ့” ဟု ရည်ရွယ်၍ မိမိတို့၏ ထိုင်မြဲနေရာတို့၌ပင် ထိုင်နေကြပါကုန်၏။

တာဝတိံသာနတ်တို့သည် ဗြဟ္မာပေါ်လာလတ္တံ့ဟုဆိုသော သိကြားမင်း၏ ဤစကားကိုကြားကုန်၍ “ဤအလင်းရောင်ကို သိရ အောင် စောင့်ကြည့်ကုန်အံ့၊ ဤအလင်းရောင်ကြောင့် ဖြစ်ပေါ်မည့် အကျိုးကို မျက်မှောက် တွေ့မြင်ပြီးမှသာလျှင် သွားကုန်အံ့” ဟူ၍ ငြိမ်သက်တည်ကြည်စွာ စိတ်ဝင်စားလျက်ရှိပါကုန်၏။

အသျှင်ဘုရား သနကုံမာရဗြဟ္မာသည် တာဝတိံသာနတ်တို့၏ (မျက်မှောက်၌) ထင်ရှားပေါ်လာသောအခါ ကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်းလျက် ပေါ်လာရပါ၏။ အသျှင်ဘုရား

---

၁။ အဝိပက္ကန္တာဟူသောပါဠိမူကွဲ အဂတာဟူသောအဋ္ဌကထာမူကွဲများနှင့်အညီ ပြန်ဆိုထားသည်။

http://www.dhammadownload.com



(အကြောင်းမူကား) ဖြဟ္မာ၏ ပြကတေ့ အဆင်းသည် တာဝတိံသာ နတ်တို့၏ မျက်စိ၌မထင်ပေါ် နိုင်ပါ။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် တာဝတိံသာနတ်တို့၏ (မျက်မှောက်၌) ထင်ရှားပေါ် လာသော အခါ အခြားသော နတ်တို့ထက်အဆင်းအားဖြင့်၎င်း အခြံအရံအားဖြင့်၎င်း သာလွန်၍ တင့်တယ်ပါ၏။

အသျှင်ဘုရား ဥပမာသော်ကား ရွှေစင်ရုပ်ကိုယ်သည် လူ၏ရုပ်ကိုယ်ထက်သာလွန်၍ တင့်တယ် သကဲ့သို့အသျှင်ဘုရား ဤအတူပင် သနင်္ကုမာရ ဗြဟ္မာသည် တာဝတိံသာနတ်တို့၏(မျက်မှောက်၌) ထင်ရှားပေါ်လာသောအခါ အခြားသော နတ်တို့ထက် အဆင်းအားဖြင့်၎င်း အခြံအရံအားဖြင့် ၎င်း သာလွန်၍ တင့်တယ်ပါ၏။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် တာဝတိံသာနတ်တို့၏ (မျက်မှောက်၌) ထင်ရှားပေါ် လာသောအခါ ထိုပရိသတ်၌ တဦးတယောက်သောနတ်မျှ သနင်္ကုမာရဗြဟ္မာကို ရှိလည်းမခိုးပါ၊ ခရီးဦးကြိုလည်းမပြုပါ၊ နေရာဖြင့်လည်း မဖိတ်ခေါ်ပါ၊ "ယခုအခါ သနင်္ကုမာရဗြဟ္မာသည် အလိုရှိရာ နတ်၏ ပလ္လင်၌ထိုင်လတ္တံ့" ဟု ဆိတ်ဆိတ်သာလျှင် နှလုံးသွင်းလျက် အလုံးစုံသော နတ်တို့သည် လက်အုပ်ချီကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြပါကုန်၏။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် အကြင်နတ်၏ ပလ္လင်၌ ထိုင်ငြားအံ့၊ ထိုနတ်သည် မြတ် သောဝမ်းမြောက်မှုကိုရပါ၏၊ မြတ်သော ဝမ်းသာမှုကိုရပါ၏၊ အသျှင်ဘုရား ဥပမာသော်ကား မင်း အဖြစ်ဖြင့် အဘိသိက်သွန်းပြီးခါစဖြစ်သော အဘိသိက်ခံရေမြေ့ ရှင်မင်းသည် မြတ်သော ဝမ်းမြောက် ဝမ်းသာမှုကို ရသကဲ့သို့ အသျှင်ဘုရား ဤအတူပင် သနင်္ကုမာရဗြဟ္မာသည် အကြင်နတ်၏ ပလ္လင်၌ ထိုင်ငြားအံ့၊ ထိုနတ်သည် မြတ်သောဝမ်းမြောက်မှုကို ရပါ၏၊ မြတ်သော ဝမ်းသာမှုကိုရပါ၏။

အသျှင်ဘုရား ထိုနောက် သနင်္ကုမာရဗြဟ္မာသည် ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ဖန်ဆင်းလျက် ဦးစွန်းငါးခုရှိသော သတိုသားအသွင်ဖြင့် တာဝတိံသာ နတ်တို့၏ (မျက်မှောက်၌) ထင်ရှားပေါ် လာပါ၏၊ ထို (ဗြဟ္မာ)သည် ကောင်းကင်သို့ ပျံတက်၍ ဟင်းလင်းအပြင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေပါ၏။

အသျှင်ဘုရား အားရှိသောယောကျ်ားသည် ကောင်းစွာခင်းထားသော ပလ္လင်၌ ဖြစ်စေ ညီညွတ်သောမြေပြင်၌ဖြစ်စေ ထက်ဝယ်ဖွဲ့ခွေထိုင်နေသကဲ့သို့ အသျှင်ဘုရား ဤအတူပင် သနင်္ကုမာရ ဗြဟ္မာသည် ကောင်းကင်သို့ ပျံတက်၍ ဟင်းလင်းအပြင် ကောင်းကင်၌ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေပြီး လျှင် တာဝတိံသာနတ်တို့ ကြည်နူးနေကြသည်ကို သိ၍ ဤဂါထာတို့ဖြင့် ဝမ်းမြောက်စကား ပြော ကြား၏—

"အချင်းတို့ မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်သော အကျင့်ကို ကျင့်သုံး၍ ဤ တာဝတိံသာနတ်ဘုံသို့ ရောက်လာသော အဆင်း အခြံအရံနှင့် ပြည့်စုံသော နတ်အသစ် တို့ကိုတွေ့မြင်ကြရ၍ သိကြားမင်းနှင့်တကွ တာဝတိံသာနတ်တို့သည် မြတ်စွာဘုရားကို ဦးညွတ် ကုန်လျက် တရားတော်၏ တရားကောင်းအဖြစ်ကိုလည်း (ချီးကျူးကုန်လျက်) ဝမ်းမြောက် ပေကုန်စွတကား။

http://www.dhammadownload.com



မြတ်စွာဘုရား၏ တပည့် ဤ(နတ်ပြည်) သို့ ထူးခြားစွာ ရောက်လာကုန်သော ထို(နတ်အသစ်) တို့သည် အခြားနတ်တို့ထက် အဆင်းအားဖြင့်၎င်း အခြံအရံအားဖြင့်၎င်း အသက်အားဖြင့်၎င်း သာလွန်တင့်တယ်ပေကုန်၏။

ဤ (အကြောင်းအရာ) ကို မြင်ကုန်၍ သိကြားမင်းနှင့်တကွ တာဝတိံသာ နတ်တို့သည် မြတ်စွာဘုရားကို ဦးညွတ်ကုန်လျက် တရားတော်၏ တရားကောင်းအဖြစ်ကိုလည်း (ချီးကျူးကုန်လျက်) ပျော်ရွှင်ကုန်၏" ဟု (ဝမ်းမြောက်စကား ပြောကြား၏)။

၂၇၅။ အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို မိန့်ဆိုပါ၏၊ အသျှင်ဘုရား ဤအကြောင်းကို မိန့်ဆိုသော သနင်္ကုမာရဗြဟ္မာ၏ အသံသည် သန့်ရှင်းခြင်း ပြတ်သားခြင်း သာယာခြင်း နားဝင်ချိုခြင်း အသံလုံခြင်း မကွဲအက်ခြင်း အသံအောင်ခြင်း မြည်ဟိန်းခြင်း ဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံပါ၏။

အသျှင် ဘုရား သနင်္ကုမာရဗြဟ္မာသည် ပရိသတ်ရှိသလောက်အသံဖြင့် ကြားသိစေပါသည်၊ ထို (ဗြဟ္မာ)၏အသံသည် ပရိသတ်၏ ပြင်ပသို့လည်း မထွက်ပါ၊ အသျှင်ဘုရား ဤသို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံရှိသူကို "ဗြဟ္မာ့ အသံနှင့်တူသော အသံရှိသူ"ဟူ၍ ဆိုအပ်ပါ၏။

အသျှင်ဘုရား ထိုအခါ သနင်္ကုမာရဗြဟ္မာသည် သုံးဆယ့်သုံးခုသော အတ္တဘောတို့ကို ဖန်ဆင်း၍ (သုံးကျိပ်သုံးယောက်သော) တာဝတိံသာနတ်တို့၏ ပလ္လင်တို့၌ အသီးအသီး ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးလျှင် တာဝတိံသာနတ်တို့ကို ပြောဆိုပါ၏—

"အချင်းတာဝတိံသာနတ်တို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ထိုမြတ်စွာဘုရားသည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာ အလို့ငှါ လွန်စွာကျင့်တော်မူပါပေ၏။

အချင်းတို့ အကြင်သူတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ကုန်၏၊တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ကုန်၏၊ သံဃာတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ကုန်၏၊သီလတို့၌ ပြည့်စုံစွာကျင့်လေ့ရှိကုန်၏။ ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တိနတ်ပြည်သို့ အချို့ရောက်ကြကုန်၏၊ နိမ္မာနရတိနတ်ပြည်သို့ အချို့ရောက်ကြကုန်၏၊ တုသိတာနတ်ပြည်သို့ အချို့ရောက်ကြကုန်၏။ ယာမာနတ်ပြည်သို့ အချို့ရောက်ကြကုန်၏၊ တာဝတိံသာနတ်ပြည်သို့ အချို့ရောက်ကြကုန်၏၊ စာတုမဟာရာဇ်နတ်ပြည်သို့ အချို့ရောက်ကြကုန်၏၊ အနိမ့်ဆုံး နတ်မျိုး၌ဖြစ်သော သူတို့သည်ပင်လျှင် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကုန်၏" ဟု (ပြောဆိုပါ၏)။

၂၇၆။ အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို ပြောဆိုပါ၏၊ အသျှင်ဘုရား ဤအကြောင်းကို သနင်္ကုမာရဗြဟ္မာပြောဆိုလတ်သော် "ငါ၏ပလ္လင်၌ ထိုင်နေသော ဗြဟ္မာတဦးတည်းသာပြောဆိုသည်" ဟု နတ်တို့သည် မှတ်ထင်ကုန်၏။

(ဗြဟ္မာ) တဦး ပြောဆိုလတ်သော် ဖန်ဆင်းထားသော ဗြဟ္မာအားလုံးပင် ပြောဆိုကုန်၏၊ (ဗြဟ္မာ) တဦး ဆိတ်ဆိတ်နေသော် ထိုဖန်ဆင်းထားသော ဗြဟ္မာအားလုံးပင် ဆိတ်ဆိတ်နေကုန်၏၊

http://www.dhammadownload.com



ထိုအခါ သိကြားမင်းနှင့်တကွသော တာဝတိံသာနတ်တို့သည် ငါ၏ ပလ္လင်၌ ထိုင်နေသော ဗြဟ္မာ တဦးတည်းသာ ပြောဆိုသည်ဟု မှတ်ထင်ကုန်၏။

အသျှင်ဘုရား ထိုနောက် သနင်္ကုမာရဗြဟ္မာသည် မိမိကိုယ်ကို တဦးတည်းအဖြစ်သို့ ပြန်၍ ဆောင်ပြီးလျှင်နတ်တို့၏အရှင် သိကြားမင်း၏ ပလ္လင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် တာဝတိံသာ နတ်တို့ကို ဤသို့ဟောပြောပါသည်။

## ပွါးများအပ်ပြီးသော ဣဒ္ဓိပါဒ်ရှိသူ

၂၇၇။ အချင်းတို့ ထိုအရာကို တာဝတိံသာနတ်တို့သည် အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် တန်ခိုးဖန်ဆင်းခြင်း၌ စွမ်းနိုင် စေခြင်းငှါ တန်ခိုးအရာ၌ ကျေပြွန်စေခြင်းငှါ အထူးထူး အပြားပြား တန်ခိုးဖန်ဆင်းနိုင်စေခြင်းငှါ ပြီးစီးခြင်း၏အခြေခံ ဤ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ကောင်းစွာ ဟောကြားထားပေ၏။

အဘယ်လေးပါးတို့နည်းဟူမူ—အချင်းတို့ ဤ (သာသနာတော်) ၌ ရဟန်းသည် ဆန္ဒလွန်ကဲသော သမာဓိနှင့်ရှင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ' နှင့်ရှင်း ပြည့်စုံပြီးသော ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားကိုပွါးများ၏၊ ဝီရိယလွန်ကဲသော သမာဓိနှင့်ရှင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ' နှင့်ရှင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားကို ပွါးများ၏၊ စိတ်လွန်ကဲသော သမာဓိ နှင့်ရှင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ' နှင့်ရှင်း ပြည့်စုံသော ပြီးစီးခြင်း၏အခြေခံ 'ဣဒ္ဓိပါဒ်' တရားကိုပွါးများ၏၊ ပညာလွန်ကဲသော သမာဓိနှင့်ရှင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ' နှင့်ရှင်း ပြည့်စုံသော ပြီးစီးခြင်း၏အခြေခံ 'ဣဒ္ဓိပါဒ်' တရားကို ပွါးများ၏။

အချင်းတို့ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် တန်ခိုးဖန်ဆင်း ခြင်းငှါ စွမ်းနိုင်စေခြင်းငှါ တန်ခိုးအရာ၌ ကျေပြွန်စေခြင်းငှါ တန်ခိုးအရာ၌ အလေ့အလာဖြစ်စေ ခြင်းငှါ အထူးထူးအပြားပြား တန်ခိုးဖန်ဆင်းနိုင်စေခြင်းငှါ ကောင်းစွာ ဟောကြားအပ်သော ပြီး စီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ ဟူသည် ဤသည်တို့ပင်တည်း။

အချင်းတို့ အတိတ်ကာလ၌ များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ပြီးစေကုန်သော ထိုသမဏ ဗြာဟ္မဏအားလုံးတို့သည် ဤ ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကိုပင် ပွါးများလေ့ လာကြသောကြောင့် ပြီးစေနိုင်ခဲ့ကုန်၏။

အချင်းတို့ အနာဂတ်ကာလ၌ များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေကုန်လတ္တံ့သော သမဏဗြာဟ္မဏအားလုံးတို့သည်လည်း ဤပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပင် ပွါးများလေ့လာကြသောကြောင့် ပြီးစေနိုင်ကုန်လတ္တံ့။

အချင်းတို့ ယခုပစ္စုပ္ပန်ကာလ၌ များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည်လည်း ဤပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကိုပင် ပွါး များလေ့လာကြသော ကြောင့် ပြီးစီးနိုင်စေကုန်၏။

http://www.dhammadownload.com



အချင်းတာဝတိံသာနတ်တို့ ဤသို့ သဘောရှိသော ငါ၏ တန်ခိုးအာနုဘော်ကိုလည်း မြင်ကုန်၏ မဟုတ်လော ဟု (မေး၏)။

မြင်ရပါကုန်၏ အရှင်မြတ်ဗြဟ္မာကြီး ဟု (ဖြေကြကုန်၏)။

အချင်းတို့ ငါသည်လည်း ဤပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားလေးပါးတို့ကို ပင် ပွဲ့မျှား လေ့လာထားသောကြောင့် ဤသို့တန်ခိုးအာနုဘော်ကြီးပေ၏ ဟု (ဆို၏)။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို ဟောပြောပါသည်။ အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကိုဟောပြောပြီးလျှင် တာဝတိံသာနတ်တို့ကို (ဤသို့လည်း) ဟောပြောပြန်ပါသည်။

၂၈၈။ အချင်းတို့ ထိုအရာကို တာဝတိံသာနတ်တို့သည် အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် (ချွန် မင်္ဂဖိုလ်) ချမ်းသာကိုရခြင်းငှါ အခွင့်ရမှု 'ဩကာသာဓိဂမ' သုံးပါးတို့ကို အထူးသဖြင့် သိတော်မူပါပေ၏၊ အဘယ်သုံးပါးတို့နည်းဟူမူ—

အချင်းတို့ ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့နှင့် ရောယှက်သည်ဖြစ်၍ အကုသိုလ် တရားတို့နှင့် ရောယှက်သည်ဖြစ်၍နေ၏။ ထိုသူသည် အခါတပါး၌ မြတ်သော တရားတော်ကိုကြားနာ ရ၏၊ နည်းလမ်းမှန်စွာ နှလုံးသွင်း၏၊ (လောကုတ္တရာ) တရားနှင့် လျော်သော အကျင့်ကိုကျင့်၏။ ထိုသူသည် မြတ်သော တရားကို နာရမှု နည်းလမ်းမှန်စွာ နှလုံးသွင်းမှု(လောကုတ္တရာ) တရားနှင့် လျော်စွာ ကျင့်မှုတို့ကို အကြောင်းပြု၍ ကာမဂုဏ်တို့နှင့် မရောယှက်သည်ဖြစ်၍ အကုသိုလ်တရား တို့နှင့် မရောယှက်သည်ဖြစ်၍ နေ၏။

ကာမဂုဏ်တို့နှင့် မရောယှက်သည်ဖြစ်၍ အကုသိုလ် တရားတို့နှင့် မရောယှက်သည်ဖြစ်၍ နေသော ထိုသူအား (ပဌမစျာန်) ချမ်းသာသည်ဖြစ်၍ ချမ်းသာသောကြောင့် အလွန်ဝမ်းမြောက်၏၊ အချင်းတို့ ဥပမာသော်ကား နှစ်သိမ့်မှုကြောင့် ဝမ်းမြောက်မှုဖြစ်သကဲ့သို့ ဤအတူပင် ကာမဂုဏ် တို့နှင့် မရောယှက်သည်ဖြစ်၍ အကုသိုလ် တရားတို့နှင့် မရောယှက်သည်ဖြစ်၍ နေသောထိုသူ အား (ပဌမစျာန်) ချမ်းသာသည်ဖြစ်၏၊ ချမ်းသာသောကြောင့် အလွန်ဝမ်းမြောက်၏။ အချင်းတို့ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထို မြတ်စွာဘုရားသည် (ချွန်မင်္ဂဖိုလ်) ချမ်းသာ ကိုရခြင်းငှါ ရှေးဦးစွာသော ဤအခွင့်ရမှု 'ဩကာသာဓိဂမ' ကို သိတော်မူပါပေ၏။

အချင်းတို့ တဖန် ထို့ပြင်လည်း ဤလောက၌ အချို့သော သူအား ရုန့်ရင်းသော ထွက်သက် ဝင်သက် 'ကာယသင်္ခါရ' တို့သည် မငြိမ်းကုန်၊ ရုန့်ရင်းသော ကြံစည်မှု စဉ်းစားမှု 'ဝစီသင်္ခါရ' တို့သည် မငြိမ်းကုန်၊ ရုန့်ရင်းသော ခံစားမှု မှတ်သားမှု 'စိတ္တသင်္ခါရ' တို့သည် မငြိမ်းကုန်၊ ထိုသူသည် အခါ တပါး၌ မြတ်သော တရားတော်ကို ကြားနာရ၏၊ နည်းလမ်းမှန်စွာနှလုံးသွင်း၏၊ (လောကုတ္တရာ) တရားနှင့်လျော်သော အကျင့်ကိုကျင့်၏။ ထိုသူအား မြတ်သောတရားကို နာရမှု နည်းလမ်းမှန်စွာ နှလုံးသွင်းမှု (လောကုတ္တရာ) တရားနှင့်လျော်စွာကျင့်မှုကို အကြောင်းပြု၍ ရုန့်ရင်းသော ထွက်သက် ဝင်သက် 'ကာယသင်္ခါရ' တို့သည် ငြိမ်းကုန်၏၊ ရုန့်ရင်းသော ကြံစည်မှု စဉ်းစားမှု 'ဝစီသင်္ခါရ' တို့သည် ငြိမ်းကုန်၏၊ ရုန့်ရင်းသော ခံစားမှု မှတ်သားမှု 'စိတ္တသင်္ခါရ' တို့သည် ငြိမ်းကုန်၏။ ထိုသူအား ရုန့်ရင်း

http://www.dhammadownload.com



သော ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရတို့၏ ငြိမ်းခြင်းကြောင့် (စတုတ္ထစျာန်) ချမ်းသာသည် ဖြစ်၏၊ ချမ်းသာသောကြောင့် အလွန်ဝမ်းမြောက်၏၊ အချင်းတို့ ဥပမာအားဖြင့် နှစ်သိမ့်မှုကြောင့် ဝမ်းမြောက်မှုဖြစ်သကဲ့သို့ ဤအတူပင် ရုန့်ရင်းသော ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ တို့၏ ငြိမ်းခြင်းကြောင့် (စတုတ္ထစျာန်) ချမ်းသာသည်ဖြစ်၏၊ ချမ်းသာသောကြောင့် အလွန်ဝမ်းမြောက်၏။ အချင်းတို့ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် (စျာန်မဂ်ဖိုလ်) ချမ်းသာကိုရခြင်းငှါ ဤနှစ်ကြိမ်မြောက်ဖြစ်သော ဤအခွင့်ရမှု 'ဩကာသာဓိဂမ' ကို သိတော်မူပါပေ၏။

အချင်းတို့ တဖန်ထို့ပြင်လည်း ဤလောက၌ အချို့သော သူသည် "ဤကား ကုသိုလ်တည်း" ဟု ဟုတ်မှန်သည့်အတိုင်းမသိ "ဤကား အကုသိုလ်တည်း" ဟု ဟုတ်မှန်သည့်အတိုင်းမသိ "ဤကား အပြစ်ရှိ၏ ဤကား အပြစ်မရှိ၊ ဤကား မှီဝဲအပ်၏ ဤအား မမှီဝဲအပ်၊ ဤကား ယုတ်၏ ဤကားမြတ်၏၊ ဤကား မည်းသော အဖို့ ဖြူသော အဖို့ရှိ၏" ဟု ဟုတ်မှန်သည့် အတိုင်းမသိ၊ ထိုသူသည် အခါတပါး၌ မြတ်သော တရားကို ကြားနာရ၏၊ နည်းလမ်းမှန်စွာ နှလုံးသွင်း၏၊ (လောကုတ္တရာ) တရားနှင့်လျော်သော အကျင့်ကိုကျင့်၏၊ ထိုသူသည် မြတ်သောတရားကို နာရမှု နည်းလမ်းမှန်စွာ နှလုံးသွင်းရမှု လောကုတ္တရာတရားနှင့် လျော်စွာ ကျင့်မှုတို့ကို အကြောင်းပြု၍ 'ဤကား ကုသိုလ် တည်း' ဟု ဟုတ်မှန်သည့် အတိုင်းသိ၏၊ "ဤကား အကုသိုလ်တည်း" ဟု ဟုတ်မှန်သည့် အတိုင်း သိ၏ "ဤကား အပြစ်ရှိ၏ ဤကား အပြစ်မရှိ၊ ဤကား မှီဝဲအပ်၏ ဤကားမမှီဝဲအပ်၊ ဤကားယုတ် ၏ ဤကားမြတ်၏၊ ဤကား မည်းသောအဖို့ ဖြူသောအဖို့ ရှိ၏" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။

ဤသို့သိမြင်သော ထိုသူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၏၊ သိမှု'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ ထိုသူ အား အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဖြစ်ပေါ်ခြင်းကြောင့် (မဂ်ဖိုလ်)ချမ်းသာသည်ဖြစ်၏၊ ချမ်းသာသောကြောင့် အလွန်ဝမ်းမြောက်၏၊ အချင်းတို့ ဥပမာသော်ကား နှစ်သိမ့်မှုကြောင့် ဝမ်းမြောက်မှုဖြစ်သကဲ့သို့ ဤအတူပင် အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဖြစ်ပေါ်ခြင်းကြောင့် (မဂ်ဖိုလ်) ချမ်းသာသည်ဖြစ်၏၊ ချမ်းသာ သောကြောင့် အလွန်ဝမ်းမြောက်၏။ အချင်းတို့ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော ပူဇော် အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထို မြတ်စွာဘုရားသည် (စျာန်မဂ်ဖိုလ်) ချမ်းသာကိုရခြင်းငှါ သုံးကြိမ်မြောက်ဖြစ်သော ဤအခွင့် ရမှု 'ဩကာသာဓိဂမ' ကို သိတော်မူပါပေ၏။

အချင်းတို့ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် (စျာန်မဂ် ဖိုလ်) ချမ်းသာကိုရခြင်းငှါ သိတော်မူထားသော အခွင့်ရမှု 'ဩကာသာဓိဂမ' သုံးပါးတို့ဟူသည်" ဤသည်တို့ပင်တည်း။

အသျှင်ဘုရား ဤအကြောင်းကိုလည်း သနင်္ကုမာရဗြဟ္မာသည် ဟောပြောပြန်ပါသည်၊ အသျှင် ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို ဟောပြောပြီးလျှင် တာဝတိံသာနတ်တို့ကို(ဤသို့ လည်း)ဟောပြောပြန်ပါသည်။

http://www.dhammadownload.com



## သတိပဋ္ဌာန်လေးပါး

၂၇၉။ “အချင်းတို့ ထိုအရာကို တာဝတိံသာနတ်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထို မြတ်စွာဘုရားသည် ဤသတိပဋ္ဌာန်တရား လေးပါး တို့ကို ကောင်းစွာဟောကြားထားပေ၏၊ (မင်ဖိုလ်ဟု ဆိုအပ်သော) ကုသိုလ်ရခြင်းငှါ ဟောကြား ထားပေ၏။

အဘယ်လေးပါးတို့နည်းဟူမူ——အချင်းတို့ ဤ (သာသနာတော်) ၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် မိမိ၏ ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ (ဖြစ်တတ် သော) လိုချင်တပ်မက်ခြင်းကို ပယ်ဖျောက်၍ နေ၏၊ မိမိ၏ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် နေသော ရဟန်းသည် ထို (မိမိရုပ်ကိုယ်) ၌ ကောင်းစွာ စူးစိုက်တည်ကြည်၏၊ ကောင်းစွာ ကြည်လင်၏၊ ထို (ရဟန်း) သည် ထို (မိမိရုပ်ကိုယ်) ၌ ကောင်းစွာ စူးစိုက်တည်ကြည်၍ ကောင်းစွာ ကြည်လင်လတ်သော် ပြင်ပသူတပါး၏ ရုပ်ကိုယ်၌ ဉာဏ်အမြင်ကိုဖြစ်စေ၏။

ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် မိမိ၏ခံစားမှု ‘ဝေဒနာ’ တို့၌ ခံစားမှု ‘ဝေဒနာ’ ဟု အဖန်ဖန်ရှုလျက်နေ၏။ပ။ ပြင်ပသူတပါး၏ ခံစားမှု ‘ဝေဒနာ’ တို့၌ ဉာဏ်အမြင်ကို ဖြစ်စေ၏။

ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် မိမိ၏စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက် နေ၏။ပ။ ပြင်ပသူတပါး၏ စိတ်၌ ဉာဏ်အမြင်ကို ဖြစ်စေ၏။

ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် မိမိ၏သဘောတရား ‘ဓမ္မ’တို့၌ သဘော တရား ‘ဓမ္မ’ဟု အဖန်ဖန်ရှုလျက် လောက၌ (ဖြစ်တတ်သော) လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာ ယာခြင်းကို ပယ်ဖျောက်၍နေ၏၊ မိမိ၏ သဘောတရား ‘ဓမ္မ’ တို့၌ သဘောတရား ‘ဓမ္မ’ ဟု အဖန်ဖန် ရှုလျက် နေသောရဟန်းသည် ထို(မိမိ၏သဘောတရား)တို့၌ ကောင်းစွာ စူးစိုက်တည်ကြည် ၏၊ ကောင်းစွာကြည်လင်၏၊ ထို(ရဟန်း)သည် ထို (မိမိသဘောတရား) တို့၌ ကောင်းစွာ စူးစိုက် တည်ကြည်၍ ကောင်းစွာ ကြည်လင်လတ်သော် ပြင်ပသူတပါး၏ သဘောတရား ‘ဓမ္မ’ တို့၌ ဉာဏ် အမြင်ကိုဖြစ်စေ၏။

အချင်းတို့ (အလုံးစုံကို) သိတော်မူ မြင်တော်မူသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် (မဂ်ဖိုလ်ဟု ဆိုအပ်သော) ကုသိုလ်ကို ရခြင်းငှါ ဟောကြားထားသော သတိပဋ္ဌာန်လေးပါးတို့” ဟူသည် ဤသည်တို့ပင်တည်း။

အသျှင်ဘုရား ဤအကြောင်းကို သနင်္ကုမာရဗြဟ္မာဟောပြောပါသည်၊ အသျှင်ဘုရား ဤ သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို ဟောပြောပြီးလျှင် တာဝတိံသာနတ်တို့အား (ဤသို့ လည်း)ဟောပြောပြန်ပါသည်။

## သမာဓိ၏အခြံအရံခုနစ်ပါး

၂၈၀။ “အချင်းတို့ ထိုအရာကို တာဝတိံသာ နတ်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ (အလုံးစုံကို)သိတော်မူ မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သမ္မာသမာဓိကို ပွါးများခြင်းငှါ

http://www.dhammadownload.com



သမ္မာသမာဓိ လုံးဝပြည့်စုံခြင်းငှါ ဤသမ္မာသမာဓိ၏ အခြံအရံ ခုနစ်ပါးတို့ကို ကောင်းစွာဟောကြားတော်မူပေ၏။

အဘယ်ခုနစ်ပါးတို့နည်းဟူမူ—မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ'တို့ ပေတည်း။

အချင်းတို့ ဤအင်္ဂါခုနစ်ပါးတို့ ခြံရံလျက်ရှိသော စိတ်၏တည်ကြည်မှု ဤအရိယသမ္မာသမာဓိကို အကြောင်းနှင့် ပြည့်စုံသည်ဟူ၍ရင်း အခြံအရံနှင့် ပြည့်စုံသည်ဟူ၍ရင်း ဆိုအပ်ပေ၏။

အချင်းတို့ မှန်စွာသိမြင်ခြင်း ရှိသော သူအား မှန်စွာကြံခြင်းသည် ဖြစ်၏၊ မှန်စွာကြံခြင်းရှိသော သူအား မှန်စွာပြောဆိုခြင်းသည် ဖြစ်၏၊ မှန်စွာပြောဆိုခြင်း ရှိသောသူအား မှန်စွာပြုလုပ်ခြင်းသည် ဖြစ်၏၊ မှန်စွာပြုလုပ်ခြင်းရှိသောသူအား မှန်စွာအသက်မွေးခြင်းသည် ဖြစ်၏၊ မှန်စွာ အသက်မွေးခြင်း ရှိသော သူအား မှန်စွာအားထုတ်ခြင်းသည် ဖြစ်၏၊ မှန်စွာအားထုတ်ခြင်းရှိသောသူအား မှန်စွာ အောက်မေ့ခြင်းသည် ဖြစ်၏၊ မှန်စွာအောက်မေ့ခြင်းရှိသောသူအား မှန်စွာ တည်ကြည်ခြင်းသည် ဖြစ်၏၊ မှန်စွာတည်ကြည်ခြင်းရှိသောသူအား မှန်စွာသိခြင်းသည် ဖြစ်၏၊ မှန်စွာသိခြင်းရှိသော သူအား မှန်စွာလွတ်မြောက်ခြင်းသည် ဖြစ်၏။

အချင်းတို့ (တရားတော်၏ ဂုဏ်ကို) ကောင်းစွာ ပြောဆိုလိုသော သူသည် "ဘုရားသျှင် ဟောသောတရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်မြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးကို ပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့် ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ (မိမိတို့ကိုယ်ထည်း စိတ်ထည်း၌) ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း၊ ဖွင့်လှစ်ထားသော အမြိုက်နိဗ္ဗာန် တံခါးကြီးပါပေတည်း" ဟူ၍ အကြင် တရားကို ပြောဆိုရာ၏၊ ကောင်းစွာ ပြောဆိုလိုက ထိုသို့ ပြောဆိုရသော တရားသည် ဤ (သမ္မာဒိဋ္ဌိအစရှိသော) တရားတော်သာလျှင် ဖြစ်ပေ၏။ အချင်းတို့ အကြောင်းမူကား မြတ်စွာဘုရား ဟောတော်မူသော ဤတရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်လည်း မှန်ပါပေ၏၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်လည်း မှန်ပါပေ၏၊ အခါမလင့် အကျိုးကို ပေးတတ်သော တရားတော်လည်း မှန်ပါပေ၏၊ လာလှည့် ရှုလှည့် ဟု ပြထိုက်သော တရားတော်လည်း မှန်ပါပေ၏၊ (မိမိတို့ကိုယ်ထည်း စိတ်ထည်း၌) ဆောင်ယူထားထိုက်သော တရားတော်လည်း မှန်ပါပေ၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်လည်း မှန်ပါပေ၏၊ ဖွင့်လှစ်ထားသော အမြိုက်နိဗ္ဗာန် တံခါးကြီးလည်း မှန်ပါပေ၏။

အချင်းတို့ အကြင်သူတို့သည် ဘုရား တရား သံဃာကို ဉာဏ်ဖြင့်တွေ့၍ (တုန်လှုပ်ခြင်းမရှိသော) ကြည်ညိုခြင်းနှင့် ပြည့်စုံကုန်၏၊ အရိယာတို့ မြတ်နိုးသော သီလတို့နှင့် ပြည့်စုံကုန်၏။ (ထိုပြင်) အကြင်မဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာ နှစ်သန်းလေးသိန်းကျော်တို့သည် တရားတော်ဖြင့် ယဉ်ကျေးသိမ်မွေ့လျက် (လူ့ပြည်မှ) ကွယ်လွန်စုတေခဲ့၍ နတ်ပြည်၌ ထင်ရှားဖြစ်လာကုန်၏၊ (ထိုသူအားလုံးတို့သည်) သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်လေးပါးသို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိ

http://www.dhammadownload.com



သော သောတာပန် ပုဂ္ဂိုလ်များ ဖြစ်ကုန်၏၊ ဤပုဂ္ဂိုလ်များထည်း၌ သကဒါဂါမိ ပုဂ္ဂိုလ်တို့သည် ပါဝင်လျက် ရှိကုန်၏။

ဤ(သောတာပန် သကဒါဂါမ်)တို့မှ တပါး ကောင်းမှုအဘို့ကြောင့် ဖြစ်သော အနာဂါမ် ပုဂ္ဂိုလ်တို့လည်း ရှိကြသေး၏ ဟု အကျွန်ုပ်သိပါ၏၊ သို့ရာတွင် မုသာဝါဒ ဖြစ်မည်စိုး၍ အတိအကျ အရေအတွက်ကို ဖော်ပြရန်ကား မစွမ်းနိုင်ပါ။

၂၉၁။ အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို ဟောပြောပါ၏။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို ဟောပြောလတ်သော် ဝေဿဝဏ် နတ်မင်းကြီးအား ဤသို့သော စိတ်အကြံသည် ထင်ရှားဖြစ်ပါ၏—

"အချင်းတို့ အံ့ဖွယ်ရှိပါပေစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား၊ ဤမျှလောက် ကြီးကျယ် မြင့်မြတ်သော ဆရာသည် ဖြစ်ပေါ်တုံဘိ၏၊ ဤမျှလောက် ကြီးကျယ် မြင့်မြတ်သော တရားဟောခြင်းသည် ဖြစ်ပေါ်တုံဘိ၏၊ ဤမျှလောက် များပြားသော တရားထူး ရသူတို့သည် ထင်ရှားပေါ်လာကုန်ဘိ၏" ဟု (စိတ်အကြံသည် ဖြစ်ပါ၏)။

အသျှင်ဘုရား ထိုအခါ သနင်္ကုမာရဗြဟ္မာသည် ဝေဿဝဏ်နတ်မင်းကြီး၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ ဝေဿဝဏ် နတ်မင်းကြီးအား ဤစကားကို ဆိုပါ၏ "ထိုအရာကို အရှင်ဝေဿဝဏ် နတ်မင်းကြီးသည် အဘယ်သို့ မှတ်ထင်ပါသနည်း၊ အတိတ်ကာလ၌လည်း ဤမျှလောက် ကြီးကျယ်မြင့်မြတ်သော ဆရာသည် ဖြစ်ပေါ်ခဲ့ဘူးပြီ၊ ဤမျှလောက် ကြီးကျယ်မြင့်မြတ်သော တရားဟောခြင်းသည် ဖြစ်ပေါ်ခဲ့ဘူးပြီ၊ ဤမျှလောက် များပြားသော တရားထူးရသူတို့သည် ထင်ရှားပေါ်လာခဲ့ဘူးကုန်ပြီ၊ အနာဂတ်ကာလ၌လည်း ဤမျှလောက် ကြီးကျယ်မြင့်မြတ်သော ဆရာသည် ဖြစ်ပေါ်ဦးလတ္တံ့၊ ဤမျှလောက် ကြီးကျယ်မြင့်မြတ်သော တရားဟောခြင်းသည် ဖြစ်ပေါ်ဦးလတ္တံ့၊ ဤမျှလောက် များပြားသော တရားထူးရသူတို့သည် ထင်ရှားပေါ်လာကုန်ဦးလတ္တံ့" ဟု (ဆိုပါ၏)။ အသျှင်ဘုရား ဤအကြောင်းကို သနင်္ကုမာရဗြဟ္မာသည် တာဝတိံသာ နတ်တို့အားပြောဆိုပါ၏။

၂၉၂။ တာဝတိံသာ နတ်တို့အား သနင်္ကုမာရဗြဟ္မာ ပြောဆိုသော ဤစကားကို ဝေဿဝဏ် နတ်မင်းကြီးသည် ကိုယ်တိုင်ကြားနာ ခံယူပြီးလျှင် မိမိပရိသတ်အား (တဆင့်)ပြောကြားပါ၏၊ မိမိပရိသတ်အား ဝေဿဝဏ် နတ်မင်းကြီးပြောဆိုသော ဤအကြောင်းကို ဇနဝသဘနတ်သားသည် ကိုယ်တိုင်ကြားနာခံယူပြီးလျှင် မြတ်စွာဘုရားအား လျှောက်ကြား၏၊ မြတ်စွာဘုရားသည် ဤအကြောင်းကို ဇနဝသဘနတ်သား၏ထံမှ ကြားနာလက်ခံတော်မူရသည့်ပြင် ကိုယ်တိုင်လည်းထူးသော ဉာဏ်ဖြင့် သိတော်မူ၍ အသျှင်အာနန္ဒာအား ဟောကြားတော်မူ၏၊ အသျှင်အာနန္ဒာသည် ဤအကြောင်းကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခံယူပြီးလျှင် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့အား တဆင့်ဟောကြားတော်မူ၏။

ယင်းသို့ ဟောကြားသဖြင့်လည်း ဤမြတ်သောအကျင့် (သာသနာတော်)သည် ပညာရှိ နတ်လူတို့ ကောင်းစွာပြနိုင်သည့်တိုင်အောင် ပြည့်စုံစည်ပင် ပြန့်ပွါးလျက် လူအများသိ ဖြစ်ကာ အကြီးအကျယ် ထွန်းကားလေသတည်း။

**ငါးခုမြောက် ဇနဝသဘသုတ် ပြီး၏။**

http://www.dhammadownload.com

# ၆–မဟာဂေါဝိန္ဒသုတ်

၂၉၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဂန္ဓဗ္ဗနတ်မျိုးဖြစ်သော ပဉ္စသိခ နတ်သားသည် ညဉ့်ဦးယာမ် လွန်ပြီးသော သန်ကောင်ယာမ် အခါ၌အလွန်နှစ်သက်ဖွယ်သောအဆင်းရှိသည်ဖြစ်၍ ဂိဇ္ဈကုဋ်တတောင်လုံးကို မိမိကိုယ်ရောင်ဖြင့် ထိန်လင်းစေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ "အသျှင်ဘုရား အကျွန်ုပ်သည်တာဝတိံသာနတ်တို့ထံမှ ကြားနာမှတ်သားထားသောအကြောင်းအရာကို မြတ်စွာဘုရားအား လျှောက်ပါအံ့" ဟု (လျှောက်၏)။ "ပဉ္စသိခ လျှောက်လော့" ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

## နတ်သဘင်

၂၉၄။ အသျှင်ဘုရား ယခင်ယခင်ကာလက နှစ်ဥတုလတို့၏ ပြည့်ရာ တန်ဆောင်မုန်းလပြည့် တဆယ့်ငါးရက်မြောက် ဥပုသ်နေ့ဖြစ်သော ပဝါရဏာနေ့ညဉ့်၌ သုဓမ္မာနတ်သဘင်ဇယ် တာဝတိံသာ နတ်တို့သည် အားလုံးလိုလိုပင် အညီအညွတ် စည်းဝေးနေကြပါကုန်၏၊ များစွာသော နတ်ပရိသတ်တို့သည်လည်း ထက်ဝန်းကျင်၌ ထိုင်နေကြပါကုန်၏၊ နတ်မင်းကြီး လေးယောက်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ ထိုင်နေကြပါကုန်၏၊ အရှေ့အရပ်မှ ဓတရဋ္ဌနတ်မင်းကြီးသည် အနောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါ၏၊ တောင်အရပ်မှ ဝိရုဠှက နတ်မင်းကြီးသည် မြောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါ၏၊ အနောက်အရပ်မှ ဝိရူပက္ခ နတ်မင်းကြီးသည် အရှေ့အရပ်သို့မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါ၏၊ မြောက်အရပ်မှ ဝေဿဝဏ်နတ်မင်းကြီးသည် တောင်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါ၏။

အသျှင်ဘုရား ယင်းသို့ သုဓမ္မာနတ်သဘင်ဝယ် တာဝတိံသာ နတ်တို့သည် အားလုံးလိုလိုပင် အညီအညွတ် စည်းဝေးနေကြလျက် များစွာသော နတ်ပရိသတ်တို့သည်လည်း ထက်ဝန်းကျင်၌ ထိုင်နေကြလျက် နတ်မင်းကြီးလေးယောက်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ ထိုင်နေကြသော အခါ ထိုနတ်မင်းကြီးတို့ နေရာ၏ နောက်၌ အကျွန်ုပ်တို့ ထိုင်နေရပါ၏။

အသျှင်ဘုရား မြတ်စွာဘုရား သာသနာတော်၌ မြတ်သော အကျင့်ကို ကျင့်သုံး၍ တာဝတိံသာ နတ်ပြည်၌ ယခုမှ ဖြစ်လာကြသော နတ်တို့သည် အခြား နတ်တို့ထက် အဆင်းအားဖြင့်ရင်း အခြံအရံ အားဖြင့်ရင်း သာလွန်၍ တင့်တယ်ပါကုန်၏၊ အသျှင်ဘုရား ထို့ကြောင့် တာဝတိံသာ နတ်တို့သည် "အချင်းတို့ အသုရာ အပေါင်းတို့ ဆုတ်ယုတ်၍ နတ်အပေါင်းတို့ ပြည့်နှက်စည်ကားလာပေကုန်စွတကား" ဟု ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက်ရွှင်ပျလျက် ရှိပါကုန်၏။

၂၉၅။ အသျှင်ဘုရား ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာ နတ်တို့ ကြည်နူးနေကြသည်ကိုသိ၍ ဤဂါထာတို့ဖြင့် ဝမ်းမြောက်စကား ပြောကြားပါ၏—

http://www.dhammadownload.com

http://www.dhammadownload.com



"အချင်းတို့ မြတ်စွာဘုရား၏သာသနာတော်၌ မြတ်သောအကျင့်ကို ကျင့်သုံး၍ ဤတာဝတိံသာဘုံသို့ ရောက်လာသော အဆင်းအခြံအရံနှင့် ပြည့်စုံသော နတ်အသစ်တို့ကို တွေ့မြင်ရကုန်၍သိကြားမင်းနှင့်တကွ တာဝတိံသာနတ်တို့သည် မြတ်စွာဘုရားကို ဦးညွတ်ကုန်လျက် တရားတော်၏ တရားကောင်း အဖြစ်ကိုလည်း (ချီးကျူးကုန်လျက်) ဝမ်းမြောက်ပေကုန်စွတကား။

မြတ်စွာဘုရား၏ တပည့်ဖြစ်သော ဤ(နတ်ပြည်)သို့ ထူးခြားစွာ ရောက်လာကုန်သော ထို (နတ်အသစ်) တို့သည် အခြားနတ်တို့ထက် အဆင်းအားဖြင့်၎င်း အခြံအရံအားဖြင့်၎င်း အသက်အားဖြင့်၎င်း သာလွန်၍ တင့်တယ်ပေကုန်၏။

ဤ (အကြောင်းအရာ)ကို မြင်ကုန်၍ သိကြားမင်းနှင့်တကွ တာဝတိံသာ **နတ်တို့သည်** မြတ်စွာဘုရားကို ဦးညွတ်ကုန်လျက် တရားတော်၏ တရားကောင်း အဖြစ်ကိုလည်း (**ချီးကျူး**ကုန်လျက်) ပျော်ရွှင်ကုန်၏" ဟု (ဝမ်းမြောက်စကား ပြောကြား၏)။

အသျှင်ဘုရား ထို (သိကြားမင်း၏ ဝမ်းမြောက်စကား) ကြောင့် တာဝတိံသာ **နတ်တို့သည်** "အချင်းတို့ အသူရာအပေါင်းတို့ ဆုတ်ယုတ်၍ နတ်အပေါင်းတို့ ပြည့်နှက်စည်ကား လာပေကုန်စွတကား" ဟု အတိုင်းထက် အလွန် ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက် ရွှင်ပျလျက် ရှိပါကုန်၏။

## မဖောက်မပြန်ဟုတ်မှန်သောဂုဏ်ရှစ်ပါး

၂၉၆။ အသျှင်ဘုရား ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ ကြည်နူးနေကြသည်ကိုသိ၍ "အချင်းတို့ သင်တို့သည် ထိုမြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးတို့ကို နာကြားလိုကြသလော" ဟု (တာဝတိံသာနတ်တို့ကို မေးပါသည်)။

အရှင်သိကြားမင်း အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးတို့ကို နာကြားလိုပါကုန်၏ ဟု (နတ်တို့က ပြန်ကြားပါသည်)။

အသျှင်ဘုရား ထိုအခါ နတ်တို့အသျှင် သိကြားမင်းသည် မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးတို့ကို ဟောပြောပါသည်။

အချင်းတို့ တာဝတိံသာနတ်တို့သည် ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသနည်း၊ ထိုမြတ်စွာဘုရားသည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ကျင့်တော်မူပါပေ၏၊ ဤသို့ လူအများ၏ စီးပွါးချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ကျင့်တော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန် ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ (၁)

ထိုမြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးကို ပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ဖိတ်ခေါ် ထိုက်သော တရားတော်ပါပေတည်း၊ (မိမိကိုယ်ထည်း စိတ်ထည်း၌) ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း၊ ဤသို့ (မိမိကိုယ်ထည်း စိတ်ထည်း၌)ဆောင်ယူထားထိုက်သော တရားကို ဟောတော်မူသည့် ဤအင်္ဂါနှင့်ပြည့်စုံသောဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန် ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ (၂)

http://www.dhammadownload.com



ထိုမြတ်စွာဘုရားသည် "ဤကား ကုသိုလ်တည်း" ဟု ကောင်းစွာဖော်ပြတော်မူပါပေ၏၊ "ဤကား အကုသိုလ်တည်း" ဟု ကောင်းစွာဖော်ပြတော်မူပါပေ၏၊ "ဤကား အပြစ်ရှိ၏ ဤကား အပြစ်မရှိ၊ ဤကား မှီဝဲအပ်၏ ဤကား မမှီဝဲအပ်၊ ဤကား ယုတ်၏ ဤကား မြတ်၏၊ ဤကား မည်းညစ်သောအဖို့ ဖြူစင်သောအဖို့ရှိ၏" ဟု ကောင်းစွာ ဖော်ပြတော်မူပါပေ၏။ ဤသို့ ကုသိုလ် အကုသိုလ် အပြစ်ရှိ အပြစ်မရှိ မှီဝဲအပ် မမှီဝဲအပ် အယုတ်အမြတ် မည်းညစ်သောအဖို့ ဖြူစင်သောအဖို့ ရှိသောတရားတို့ကို ဖော်ပြတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ရကုန် ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့ မတွေ့မြင်ရကုန်။ (၃)

ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကောင်းစွာ ဖော်ပြတော်မူပါပေ၏၊ နိဗ္ဗာန်နှင့်အကျင့်သည် နီးနှောဆက်စပ်လျက်ရှိပါပေ၏၊ ဥပမာအားဖြင့် ဂင်္ဂါမြစ်ရေသည် ယမုနာမြစ်ရေနှင့် နီးနှောဆက်စပ်လျက် တပေါင်းတည်း ဖြစ်သကဲ့သို့ ဤအတူပင် ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို ကောင်းစွာဖော်ပြတော်မူပါပေ၏၊ နိဗ္ဗာန်နှင့် အကျင့်သည် နီးနှောဆက်စပ်လျက် ရှိပါပေ၏၊ ဤသို့ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ဟောကြားတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ (၄)

ထိုမြတ်စွာဘုရားအား လာဘ်သပ်ပကာ အကျော်အစောသည် မင်းများပင် ဝမ်းသာအားရ ဖြစ်နေကြသည် ဟု ထင်ရလောက်အောင် အလွန်ပြည့်စုံပါပေ၏၊ သို့သော်လည်း ထိုမြတ်စွာဘုရားသည် ကား မာန်ယစ်ခြင်းကင်းလျက် အစာအာဟာရကို ဘုဉ်းပေးတော်မူပါပေ၏။ ဤသို့ မာန်ယစ်ခြင်း ကင်းလျက် အစာအာဟာရကို ဘုဉ်းပေးတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့ မတွေ့မြင်ရကုန်။ (၅)

ထိုမြတ်စွာဘုရားသည် ကျင့်သုံးဆဲ သေက္ခပုဂ္ဂိုလ်နှင့် ကျင့်သုံးပြီး ရဟန္တာပုဂ္ဂိုလ်ဟူသော အဖော်များ ရှိနေပါသော်လည်း ထိုအဖော်များကို စွန့်ခွါ၍ တပါးတည်းမွေ့လျော်လျက် နေတော်မူပါပေ၏၊ ဤသို့ တပါးတည်းမွေ့လျော်သည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့ မတွေ့မြင်ရကုန်။ (၆)

ထိုမြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိတော်မူပါပေ၏၊ ပြုကျင့်သည့် အတိုင်း ဟောပြောလေ့ရှိပါပေ၏။ ဤသို့ ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိ၍ ပြုကျင့်သည့် အတိုင်း ဟောပြောလေ့ရှိလျက် ဤနည်းဖြင့် (လောကုတ္တရာ) တရားအားလျော်သော အကျင့်ကို ကျင့်သည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန်၊ ယခုလည်း ထို မြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ (၇)

ထိုမြတ်စွာဘုရားသည် မြတ်သောမှီရာဖြစ်သော အာဒိဗြဟ္မစရိယဖြင့် အလုံးစုံသောတရားတို့၌ ယုံမှားခြင်းဝိစိကိစ္ဆာခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပါပေ၏၊ သို့လော သို့လော တွေးတောခြင်း ကင်းပြီးဖြစ်တော်မူပါပေ၏၊ အလုံးစုံပြီးမြောက်သော နှလုံးအလို ရှိတော်မူပါပေ၏၊ ဤသို့ မြတ်သော မှီရာဖြစ်သော အာဒိဗြဟ္မစရိယဖြင့် အလုံးစုံသော တရားတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာ ခရီးခဲကို ကူးမြောက်ပြီးဖြစ်လျက် သို့လော သို့လော တွေးတောခြင်း ကင်းပြီးဖြစ်လျက် အလုံးစုံပြီးမြောက် သော နှလုံးအလိုရှိသည့် ဤအင်္ဂါနှင့်ပြည့်စုံသောဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ရကုန်၊ ယခု လည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့ မတွေ့မြင်ရကုန်။ (၈)

http://www.dhammadownload.com



၂၉၇။ အသျှင်ဘုရား နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာ နတ်တို့အား မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဤဂုဏ်ရှစ်ပါးတို့ကို ဟောပြောပါသည်၊ အသျှင်ဘုရား ထို(သို့ဟောပြောသော) ကြောင့် တာဝတိံသာ နတ်တို့သည် မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးတို့ကို ကြားနာရ၍ အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက် နှင်ပျလျက် ရှိပါကုန်၏။

အသျှင်ဘုရား ထို (နတ်အစည်းအဝေး) ၌ အချို့နတ်တို့သည် ဤသို့ဆိုပါကုန်၏—

"အချင်းတို့ (ယခု) မြတ်စွာဘုရားကဲ့သို့သော လေးဆူသော မြတ်စွာဘုရားတို့သည် လောက၌ ပွင့်၍ တရားကို ဟောကြပါမူ ကောင်းလေစွ၊ ထို(သို့ပွင့်၍ တရားဟောခြင်း)သည် လူအများတို့၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏" ဟု (ဆိုပါကုန်၏)။

အချို့နတ်တို့သည် ဤသို့ ဆိုပါကုန်၏—

"အချင်းတို့ လေးဆူသော မြတ်စွာဘုရားတို့ကို ထားပါကုန်ဦး၊ အချင်းတို့ သုံးဆူသော မြတ်စွာဘုရားတို့သည် (ယခု) မြတ်စွာဘုရားကဲ့သို့ လောက၌ ပွင့်၍ တရားကို ဟောကြပါမူ ကောင်းလေစွ၊ ထို(သို့ပွင့်၍ တရားဟောခြင်း)သည် လူအများ၏ စီးပွါးချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာ အလို့ငှါ ဖြစ်ရာ၏" ဟု (ဆိုပါကုန်၏)။

အချို့နတ်တို့သည် ဤသို့ ဆိုပါကုန်၏—

"အချင်းတို့ သုံးဆူသော မြတ်စွာဘုရားတို့ကို ထားပါကုန်ဦး၊ အချင်းတို့ နှစ်ဆူသော မြတ်စွာဘုရားတို့သည် (ယခု)မြတ်စွာဘုရားကဲ့သို့ လောက၌ ပွင့်၍ တရားကို ဟောကြပါမူ ကောင်းလေစွ၊ ထို (သို့ပွင့်၍ တရားဟောခြင်း) သည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏" ဟု (ဆိုပါကုန်၏)။

၂၉၈။ အသျှင်ဘုရား ဤသို့ ဆိုကုန်လတ်သော် နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာ နတ်တို့အား ဤစကားကို ဆိုပါ၏—

"အချင်းတို့ တခုတည်းသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော နှစ်ဆူသော ဘုရားရှင်တို့သည် မရှေးမနှောင်း (တပြိုင်နက်)ဖြစ်ရာသော အကြောင်းသည် မရှိပေ။ အချင်းတို့ ထိုမြတ်စွာဘုရားသည် အနာရောဂါကင်းသည်ဖြစ်၍ အသက်ရှည်မြင့်စွာ တည်နေနိုင်ပါမူ ကောင်းလေစွ၊ ထိုသို့တည်နေခြင်းသည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏" ဟု (ဆိုပါ၏)။

အသျှင်ဘုရား ထိုအခါ သုဓမ္မာနတ်သဘင်ဝယ် တာဝတိံသာ နတ်တို့စည်းဝေးခြင်း၏ အကြောင်းရင်းဖြစ်သော ကိစ္စကို စဉ်းစားဆွေးနွေးပြီးသဖြင့် နတ်မင်းကြီးလေးယောက်တို့သည် ထိုကိစ္စနှင့်

http://www.dhammadownload.com



ပတ်သက်၍ မိန့်မှာချက် နောက်ထပ် ညွှန်ကြားချက်များကို ခံယူပြီးလျှင် ဖဲခွါမသွားကြသေးမူ၍ မိမိတို့နေရာ၌ တည်လျက်ရှိပါကုန်၏—

မိန့်မှာချက်ကို ရရှိသော ထိုနတ်မင်းကြီးလေးယောက်တို့သည် နောက်ထပ်ညွှန်ကြားချက်ကို လည်း ခံယူကုန်ပြီး၍ စိတ်ကြည်နူးကာ မိမိတို့နေရာ၌ ငြိမ်သက်စွာ တည်လျက်ရှိကုန်၏။

၂၉၉။ အသျှင်ဘုရား ထိုအခိုက်တွင် နတ်တို့၏ နတ်အာနုဘော်(အလင်းရောင်)ကို ကျော်လွန် ၍ ကြီးကျယ်သော အလင်းရောင်သည် မြောက်အရပ်မှ ထွက်ပေါ်လာပါ၏။ အသျှင်ဘုရား ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ကို မိန့်ဆိုပါ၏—

"အချင်းတို့ (ပြဟ္မာထင်ရှားပေါ်လာရန်) ရှေ့ပြေးနိမိတ်တို့သည် ထင်ကုန်၏၊ ကြီးကျယ်သော အလင်းရောင်သည် ထွက်ပေါ်လာ၏၊ (သို့ဖြစ်၍) ပြဟ္မာသည် ထင်ရှားပေါ်လာလတ္တံ့၊ ဤအလင်း ရောင် ထွက်ပေါ်လာခြင်းသည် ပြဟ္မာထင်ရှား ဖြစ်ပေါ်လာရန် ရှေ့ပြေးနိမိတ် ဖြစ်သည်" ဟု (မိန့်ဆို ပါ၏)။

ရှေ့ပြေးနိမိတ်တို့ ထင်သောကြောင့် ပြဟ္မာသည် ထင်ရှားပေါ်လာလတ္တံ့၊ ဤကြီးမား ပြန့်ကျယ်သော အလင်းရောင် ဖြစ်ပေါ်ခြင်းသည် ပြဟ္မာပေါ်လာရန် ရှေ့ပြေးနိမိတ်ပေတည်း။

## သနကုံမာရပြဟ္မာမင်းအကြောင်း

၃၀၀။ အသျှင်ဘုရား ထိုအခါ တာဝတိံသာနတ်တို့သည် "ဤအလင်းရောင်ကို သိရအောင် စောင့်ကြည့်ကုန်အံ့၊ ဤအလင်းရောင်ကြောင့် ဖြစ်ပေါ်မည့်အကျိုးကို မျက်မှောက် တွေ့မြင်ပြီးမှသာ လျှင် သွားကုန်အံ့" ဟု (ရည်ရွယ်၍) မိမိတို့၏ ထိုင်မြဲနေရာတို့၌ပင် ထိုင်နေပါကုန်၏။ နတ်မင်းကြီး လေးယောက်တို့သည်လည်း "ဤအလင်းရောင်ကို သိရအောင် စောင့်ကြည့်ကုန်အံ့၊ ဤအလင်းရောင် ကြောင့် ဖြစ်ပေါ်မည့်အကျိုးကို မျက်မှောက်တွေ့မြင်ပြီးမှသာလျှင် သွားကုန်အံ့" ဟု (ရည်ရွယ်၍) မိမိ မိမိတို့၏ ထိုင်မြဲနေရာတို့၌ပင် ထိုင်နေပါကုန်၏။

တာဝတိံသာ နတ်တို့သည် ပြဟ္မာပေါ်လာလတ္တံ့ ဟု ဆိုသော သိကြားမင်း၏ ဤစကားကို ကြားကုန်၍ "ဤအလင်းရောင်ကို သိရအောင် စောင့်ကြည့်ကုန်အံ့၊ ဤအလင်းရောင်ကြောင့် ဖြစ် ပေါ်မည့်အကျိုးကို မျက်မှောက်တွေ့မြင်ပြီးမှသာလျှင် သွားကုန်အံ့" ဟု (ရည်ရွယ်၍) ငြိမ်ဆက် တည်ကြည်စွာ စိတ်ဝင်စားလျက်ရှိပါကုန်၏။

အသျှင်ဘုရား သနကုံမာရပြဟ္မာသည် တာဝတိံသာ နတ်တို့၏ (မျက်မှောက်၌)ကြမ်းတမ်း သော အတ္တဘောကို ဖန်ဆင်းလျက် ပေါ်လာရပါ၏။ အသျှင်ဘုရား (အကြောင်းမူကား) ပြဟ္မာ၏ ပကတိအဆင်းသည် တာဝတိံသာနတ်တို့၏ မျက်စိ၌ မထင်ပေါ်နိုင်ပါ။

အသျှင်ဘုရား သနကုံမာရပြဟ္မာသည် တာဝတိံသာ နတ်တို့၏ (မျက်မှောက်၌) ထင်ရှား ပေါ်လာသောအခါ အခြားသော နတ်တို့ထက် အဆင်း အားဖြင့်၎င်း အဆင်တန်ဆာအားဖြင့်၎င်း သာလွန်၍ တင့်တယ်ပါ၏။

အသျှင်ဘုရား ဥပမာအားဖြင့် ရွှေစင်ရုပ်ကိုယ်သည် လူ၏ရုပ်ကိုယ်ထက်သာလွန်၍ တင့်တယ် သကဲ့သို့ အသျှင်ဘုရား ဤအတူပင် သနကုံမာရပြဟ္မာသည် တာဝတိံသာနတ်တို့၏ (မျက်မှောက်၌)

http://www.dhammadownload.com



ထင်ရှားပေါ်လာသောအခါ အခြားသောနတ်တို့ထက် အဆင်းအားဖြင့်ငှင်း အဆင်တန်ဆာအား ဖြင့်ငှင်း သာလွန်၍ တင့်တယ်ပါ၏။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် တာဝတိံသာနတ်တို့၏ (မျက်မှောက်၌) ထင်ရှား ပေါ်လာသောအခါ ထိုပရိသတ်၌ တဦးတယောက်သော နတ်မျှ သနင်္ကုမာရဗြဟ္မာကို ရှိလည်းမခိုးပါ၊ ခရီးဦးကြိုလည်းမပြုပါ၊ နေရာဖြင့်လည်းမဖိတ်ခေါ်ပါ၊ "ယခုအခါ သနင်္ကုမာရဗြဟ္မာသည် အလိုရှိရာ နတ်၏ပလ္လင်၌ ထိုင်လတ္တံ့" ဟု (ဆိတ်ဆိတ်သာလျှင်နှလုံးသွင်းလျက်) အလုံးစုံသော နတ်တို့သည် လက်အုပ်ချီကာ ထက်ဝယ်ဖွဲ့ခွေထိုင်နေပါကုန်၏။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် အကြင်နတ်၏ ပလ္လင်၌ ထိုင်ငြားအံ့၊ ထိုနတ်သည် မြတ်သော ဝမ်းမြောက်မှု မြတ်သောဝမ်းသာမှုကို ရပါ၏။ အသျှင်ဘုရား ဥပမာအားဖြင့်မင်းအဖြစ်ဖြင့် အဘိသိက်သွန်းပြီးခါစဖြစ်သော အဘိသိက်ခံ ရေမြေ့ရှင်မင်းသည် မြတ်သော ဝမ်းမြောက်မှု ဝမ်းသာမှုကိုရသကဲ့သို့ အသျှင်ဘုရား ဤအတူပင် သနင်္ကုမာရဗြဟ္မာသည် အကြင်နတ်၏ ပလ္လင်၌ ထိုင်ငြားအံ့၊ ထိုနတ်သည် မြတ်သောဝမ်းမြောက်မှုကို ရပါ၏၊ မြတ်သောဝမ်းသာမှုကို ရပါ၏။

အသျှင်ဘုရား ထို့နောက် သနင်္ကုမာရဗြဟ္မာသည် တာဝတိံသာနတ်တို့ ကြည်နူးနေကြသည်ကို သိ၍ ကိုယ်ထင်ရှားမပြ သေးပဲ ဤဂါထာတို့ဖြင့် ဝမ်းမြောက်စကား ပြောကြား၏—

"အချင်းတို့ မြတ်စွာဘုရား၏သာသနာတော်၌ မြတ်သောအကျင့်ကိုကျင့်သုံး၍ ဤတာဝတိံသာနတ်ဘုံသို့ ရောက်လာသော အဆင်းအခြံအရံနှင့်ပြည့်စုံသော နတ်အသစ်တို့ကို တွေ့မြင်၍ သိကြားမင်းနှင့်တကွ တာဝတိံသာနတ်တို့သည် မြတ်စွာဘုရားကို ဦးညွှတ်ကုန်လျက် တရားတော်၏ တရားကောင်းအဖြစ်ကိုလည်း (ချီးကျူးကုန်လျက်) ဝမ်းမြောက်ပေကုန်စွတကား။

မြတ်စွာဘုရား၏ တပည့်ဖြစ်သော ဤနတ်ပြည်သို့ ထူးခြားစွာရောက်လာကုန်သော ထို (နတ်အသစ်)တို့သည် အခြားနတ်တို့ထက် အဆင်းအားဖြင့်ငှင်း အခြံအရံအားဖြင့်ငှင်း အသက် အားဖြင့်ငှင်း သာလွန်၍တင့်တယ်ပေကုန်၏။

ဤ (အကြောင်းအရာ)ကို မြင်ကုန်၍ သိကြားမင်းနှင့်တကွ တာဝတိံသာ နတ်တို့သည် မြတ်စွာဘုရားကို ဦးညွှတ်ကုန်လျက် တရားတော်၏ တရားကောင်း အဖြစ်ကိုလည်း (ချီးကျူး ကုန်လျက်) ပျော်ရွှင်ကုန်၏" ဟု (ဝမ်းမြောက်စကား ပြောကြား၏)။

၃၀၁။ အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ဤအကြောင်းကို မိန့်ဆိုပါ၏။ အသျှင်ဘုရား ဤအကြောင်းကို မိန့်ဆိုသော သနင်္ကုမာရဗြဟ္မာ၏အသံသည် သန့်ရှင်းခြင်း ပြတ်သားခြင်း သာယာ ခြင်း နားဝင်ချိုခြင်း အသံလုံခြင်း မကွဲအက်ခြင်း အသံအောင်ခြင်း မြည်ဟိန်းခြင်း ဟူသော အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံပါ၏။

အသျှင်ဘုရား သနင်္ကုမာရဗြဟ္မာသည် ပရိသတ်ရှိသလောက် အသံဖြင့် ကြားသိစေပါသည်၊ ထို(ဗြဟ္မာ)၏ အသံသည် ပရိသတ်ပြင်ပသို့လည်း မထွက်ပါ၊ အသျှင်ဘုရား ဤသို့အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံရှိသူကို ဗြဟ္မာ့အသံနှင့်တူသော အသံရှိသူ ဟူ၍ ဆိုအပ်ပါ၏။

အသျှင်ဘုရား ထိုအခါ တာဝတိံသာနတ်တို့သည် သနင်္ကုမာရဗြဟ္မာအား ဤစကားကို ဆိုပါကုန်၏—

http://www.dhammadownload.com



"အသျှင်ပြဟ္မာကြီး အကျွန်ုပ်တို့သည် ဤအကြောင်းကို သိရ၍ အလွန်ဝမ်းမြောက်ပါကုန်၏၊ နတ်တို့အရှင် သိကြားမင်းသည် ထိုမြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးတို့ကို ဟောပြောပါ၏၊ ထိုဂုဏ်တို့ကို သိရ၍ အကျွန်ုပ်တို့သည် ဝမ်းမြောက်ပါကုန်၏" ဟု (ဆိုပါကုန်၏)။

## မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါး

၁၀၂။ အသျှင်ဘုရား ထိုအခါ သနင်္ကုမာရပြဟ္မာသည် နတ်တို့အရှင် သိကြားမင်းအား ဤစကားကိုဆို၏၊ "နတ်တို့အရှင် သိကြားမင်း တောင်းပန်ပါ၏၊ အကျွန်ုပ်တို့သည်လည်း ထိုမြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးတို့ကို နာကြားလိုပါကုန်၏" ဟု(ဆိုပါ၏)။

အသျှင်ဘုရား နတ်တို့အရှင် သိကြားမင်းသည် "ကောင်းပါပြီ အသျှင်ပြဟ္မာကြီး" ဟု သနင်္ကုမာရ ပြဟ္မာအားဝန်ခံ၍ မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါးတို့ကို ဟောကြား၏။

အသျှင်ပြဟ္မာကြီး ထိုအရာကိုအဘယ်သို့မှတ်ထင်ပါသနည်း၊ ထိုမြတ်စွာဘုရားသည် လူအများ၏ စီးပွါးချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာ အလို့ငှါ လွန်စွာ ကျင့်တော်မူပါပေ၏၊ ဤသို့လူအများ၏ စီးပွါးချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာအလို့ငှါ ကျင့်တော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး အကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်။ (၁)

ထိုမြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သောတရားတော်ပါပေတည်း၊ အခါမလင့် အကျိုးကိုပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့် ဟု ဖိတ်ခေါ် ထိုက်သော တရားတော်ပါပေတည်း၊ (မိမိ၏ကိုယ်ထည်း စိတ်ထည်း၌) ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း။ ဤသို့ (မိမိ၏ကိုယ်ထည်း စိတ်ထည်း၌) ဆောင်ယူထားထိုက်သော တရားတော်ကို ဟောတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး အကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်။ (၂)

ထိုမြတ်စွာဘုရားသည် "ဤကား ကုသိုလ်တည်း" ဟု ကောင်းစွာ ဖော်ပြတော်မူပါပေ၏၊ "ဤကား အကုသိုလ်တည်း" ဟု ကောင်းစွာဖော်ပြတော်မူပါပေ၏၊ "ဤကား အပြစ်ရှိ၏ ဤကား အပြစ်မရှိ၊ ဤကား မှီဝဲအပ်၏ ဤကား မမှီဝဲအပ်၊ ဤကား ယုတ်၏ ဤကားမြတ်၏၊ ဤကား မည်းညစ်သောအဖို့ ဖြူစင်သောအဖို့ ရှိ၏" ဟု ကောင်းစွာ ဖော်ပြတော်မူပါပေ၏။ ဤသို့ ကုသိုလ် အကုသိုလ်အပြစ်ရှိ အပြစ်မရှိ မှီဝဲအပ် မမှီဝဲအပ် အယုတ် အမြတ် မည်းညစ်သောအဖို့ ဖြူစင်သော အဖို့ရှိသော တရားတို့ကို ဖော်ပြတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်။ (၃)

ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ကောင်းစွာဖော်ပြတော်မူပါပေ၏၊ နိဗ္ဗာန်နှင့်အကျင့်သည် နှီးနှောဆက်စပ်လျက်ရှိပါပေ၏၊ ဥပမာအားဖြင့် ဂင်္ဂါမြစ်ရေ

http://www.dhammadownload.com



သည် ယမုနာမြစ်ရေနှင့် နီးနှောဆက်စပ်လျက် တပေါင်းတည်းဖြစ်သကဲ့သို့၊ ဤအတူပင် ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို ကောင်းစွာဖော်ပြတော်မူပါပေ၏၊ နိဗ္ဗာန်နှင့်အကျင့်သည် နီးနှောဆက်စပ်လျက်ရှိပါပေ၏၊ ဤသို့ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ဟောကြားတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး အကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်။ (၄)

ထိုမြတ်စွာဘုရားအား လာဘ်သပ်ပကာ အကျော်အစောသည် မင်းများပင် ဝမ်းသာအားရ ဖြစ်နေကြသည် ဟု ထင်ရလောက်အောင် အလွန်ပြည့်စုံပါပေ၏။ သို့သော်လည်း ထိုမြတ်စွာဘုရားသည်ကား မာန်ယစ်ခြင်းကင်းလျက် အစာအာဟာရကို ဘုဉ်းပေးတော်မူပါပေ၏၊ဤသို့ မာန်ယစ်ခြင်းကင်းလျက် အစာအာဟာရကို ဘုဉ်းပေးတော်မူသည့် ဤအင်္ဂါနှင့်ပြည့်စုံသော ဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး အကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်။ (၅)

ထိုမြတ်စွာဘုရားသည် ကျင့်သုံးဆဲ သေက္ခပုဂ္ဂိုလ်နှင့် ကျင့်သုံးပြီး ရဟန္တာပုဂ္ဂိုလ်ဟူသော အဖော်များ ရှိနေပါသော်လည်း ထိုအဖော်များကို စွန့်ခွါ၍ တပါးတည်း မွေ့လျော်လျက် နေတော်မူပါပေ၏။ ဤသို့ တပါးတည်း မွေ့လျော်သည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး အကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်။ (၆)

ထိုမြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိတော်မူပါပေ၏၊ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိတော်မူပါပေ၏၊ ဤသို့ ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိ၍ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိလျက် ဤနည်းဖြင့် (လောကုတ္တရာ)တရားအား လျော်သော အကျင့်ကို ကျင့်သည့် ဤအင်္ဂါနှင့် ပြည့်စုံသည့် ဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး အကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်။ (၇)

ထိုမြတ်စွာဘုရားသည် မြတ်သော မိစ္ဆာဖြစ်သော အာဒိဗြဟ္မစရိယဖြင့် အလုံးစုံသောတရားတို့၌ ယုံမှားခြင်းဝိစိကိစ္ဆာခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပါပေ၏၊ သို့လော သို့လော တွေးတောခြင်း ကင်းပြီး ဖြစ်တော်မူပါပေ၏၊ အလုံးစုံပြီးမြောက်သော နှလုံးအလို ရှိတော်မူပါပေ၏၊ ဤသို့ မြတ်သော မိစ္ဆာဖြစ်သော အာဒိဗြဟ္မစရိယဖြင့် အလုံးစုံသော တရားတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာခရီးခဲကို ကူးမြောက်ပြီးဖြစ်လျက် သို့လော သို့လော တွေးတောခြင်း ကင်းပြီးဖြစ်လျက် အလုံးစုံပြီးမြောက်သော နှလုံးအလိုရှိသည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ကျွန်ုပ်တို့ မတွေ့မြင်ရပါကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး အကျွန်ုပ်တို့ မတွေ့မြင်ရပါကုန် (၈) ဟူ၍—

၃၀၃။ မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရစ်ပါးတို့ကို နတ်တို့အရှင် သိကြားမင်းသည် သနင်္ကုမာရဗြဟ္မာအား ဟောပြောပါသည် အသျှင်ဘုရား။

အသျှင်ဘုရား ထို(သို့ သိကြားမင်း ဟောပြောသော)ကြောင့် သနင်္ကုမာရဗြဟ္မာသည် မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရစ်ပါးတို့ကို ကြားနာရ၍ ဝမ်းမြောက်ဝမ်းသာ နှစ်ခြိုက်ရွှင်ပြလျက် ရှိပါ၏။

အသျှင်ဘုရား ထိုအခါ သနင်္ကုမာရဗြဟ္မာသည် ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ဖန်ဆင်းလျက် ဦးစွန်း ငါးခုရှိသော သတို့သားအသွင်ဖြင့် တာဝတိံသာနတ်တို့၏ (မျက်မှောက်၌)ထင်ရှား

http://www.dhammadownload.com



ပေါ်လာပါ၏။ ထိုမြဟ္မာသည် ကောင်းကင်သို့ ပျံတက်၍ ဟင်းလင်းအပြင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပါ၏။

အသျှင်ဘုရား ခွန်အားရှိသော ယောကျ်ားသည် ကောင်းစွာ ခင်းထားသော ပလ္လင်၌ဖြစ်စေ ညီညွတ်သော မြေပြင်၌ဖြစ်စေ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသကဲ့သို့ အသျှင်ဘုရား ဤအတူပင် သနင်္ကုမာရဗြဟ္မာသည် ကောင်းကင်သို့ ပျံတက်၍ ဟင်းလင်းအပြင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် တာဝတိံသာနတ်တို့ကို (ဤသို့) ပြောဆိုပါ၏။

## ဂေါဝိန္ဒပုဏ္ဏားဝတ္ထု

၃၀၄။ အချင်းတို့ ထိုအရာကို တာဝတိံသာနတ်တို့သည် အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုမြတ်စွာဘုရားသည် ရှည်မြင့်စွာသော ကာလကပင် ကြီးကျယ်သော ပညာရှိ ဖြစ်ခဲ့ဘူး၏။

အချင်းတို့ ရှေး၌ဖြစ်ဘူးသည်ကား ဒိသမ္ပတိ မည်သော မင်းသည်ရှိ၏၊ ဒိသမ္ပတိမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဂေါဝိန္ဒ အမည်ရှိ၏၊ ဒိသမ္ပတိမင်းအား ရေဏုမည်သော သားတော်သည်ရှိ၏၊ ဂေါဝိန္ဒ ပုဏ္ဏားအားလည်း ဇောတိပါလ လုလင်မည်သော သားသည် ရှိ၏၊ ဤဆိုခဲ့သော ရေဏုမင်းသား ဇောတိပါလ လုလင်တို့နှင့်တကွ အခြားမင်းသားခြောက်ဦးအားဖြင့် ဤရှစ်ဦးတို့သည် အပေါင်းအဖော်များ ဖြစ်ကြကုန်၏။

အချင်းတို့ ထို့နောက် ကာလကြာမြင့်သောအခါ ဂေါဝိန္ဒပုဏ္ဏားသည် ကွယ်လွန်လေ၏။ ဂေါဝိန္ဒပုဏ္ဏား ကွယ်လွန်သောအခါ ဒိသမ္ပတိမင်းသည် ငိုကြွေးမြည်တမ်း၏၊ "အချင်းတို့ ငါတို့သည် အလုံးစုံသော ကိစ္စတို့ကို ဂေါဝိန္ဒပုဏ္ဏားအား လွှဲအပ်၍ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားနေရကုန်စဉ် ငါတို့၏ ဂေါဝိန္ဒပုဏ္ဏားသည် ကွယ်လွန်ခဲ့၏တကား" ဟု (ငိုကြွေးမြည်တမ်း၏)။ အချင်းတို့ ဤသို့ဆို၍ ငိုကြွေးသော် ရေဏုမင်းသားသည် ဒိသမ္ပတိမင်းအား ဤစကားကို လျှောက်၏။

"အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ဂေါဝိန္ဒပုဏ္ဏား ကွယ်လွန်သည့်အတွက် ပြင်းစွာမငိုကြွေးမမြည်တမ်းပါကုန်လင့်၊ အရှင်မင်းမြတ် ဂေါဝိန္ဒပုဏ္ဏား၏သား ဇောတိပါလမည်သော လုလင်သည် ရှိပါ၏၊ (သူသည်) အဖထက်သာ၍ ပညာလည်းရှိပါ၏၊ အဖထက်သာ၍ အမှုကိစ္စကိုလည်း မြင်စွမ်းနိုင်ပါ၏၊ သူ့အဖညွှန်ကြားခဲ့သော အမှုကိစ္စတို့သည်လည်း ဇောတိပါလလုလင် ညွှန်ကြားချက်တို့သာ ဖြစ်ပါကုန်၏" ဟု (လျှောက်၏)။

မင်းသား ဤသို့ ဟုတ်ပါ၏လော ဟု (မေးတော်မူ၏)။

အရှင်မင်းမြတ် ဤသို့ ဟုတ်ပါ၏ ဟု (လျှောက်တင်၏)။

## မဟာဂေါဝိန္ဒဝတ္ထု

၃၀၅။ အချင်း(နတ်)တို့ ထိုအခါ ဒိသမ္ပတိမင်းသည် (မင်းချင်း)ယောကျ်ား တယောက်အား အမိန့်ပေး၏ —

"အချင်းယောကျ်ား သင်သည် လာလော့၊ ဇောတိပါလလုလင်ထံသို့ ချဉ်းကပ်၍ ဇောတိပါလလုလင်ကို ဤသို့ ဆိုချေလော့၊ အသျှင်ဇောတိပါလအား ကောင်းသော မင်္ဂလာဖြစ်ပါစေသတည်း၊ ဒိသမ္ပတိမင်းသည် အသျှင်ဇောတိပါလလုလင်ကို ခေါ်ပါ၏၊ ဒိသမ္ပတိမင်းသည် အသျှင်ဇောတိပါလလုလင်အား တွေ့မြင်လိုပါ၏ ဟု ဆိုချေလော့" ဟူ၍ (အမိန့်ပေး၏)။

http://www.dhammadownload.com



အချင်းတို့ ထိုယောကျ်ားသည် "ကောင်းပါပြီ အရှင်မင်းမြတ်" ဟု ဒိသမ္ပတိမင်းအား ဝန်ခံ၍ ဇောတိပါလလုလင်ထံ ချဉ်းကပ်ပြီးလျှင် ဇောတိပါလ လုလင်အား ဤစကားကို ဆို၏။

"အသျှင်ဇောတိပါလအား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း၊ ဒိသမ္ပတိမင်းသည် အသျှင် ဇောတိပါလလုလင်ကို ခေါ်ပါ၏၊ ဒိသမ္ပတိမင်းသည် အသျှင်ဇောတိပါလလုလင်အား တွေ့မြင်လိုပါ၏" ဟု (ဆို၏)။ ထိုဇောတိပါလလုလင်သည် "ကောင်းပြီ အချင်း (ယောကျ်ား)" ဟု ထိုယောကျ်ား အား ဝန်ခံ၍ ဒိသမ္ပတိမင်းထံသို့ ချဉ်းကပ်ပြီးလျှင် ဒိသမ္ပတိမင်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ် ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေ၏။

အချင်းတို့ ဒိသမ္ပတိမင်းသည် တခုသောနေရာ၌ ထိုင်နေသော ဇောတိပါလလုလင်အား ဤ စကားကို ဆို၏။

"အသျှင်ဇောတိပါလသည် ငါတို့အား ညွှန်ကြားဆုံးမပါလော့၊ အသျှင်ဇောတိပါလသည် ငါတို့ အား ညွှန်ကြားဆုံးမရန် မငြင်းပယ်ပါလင့်၊ သင့်ကို သင့်အဖနေရာ၌ ထားပါအံ့၊ ဂေါဝိန္ဒပုရောဟိတ် ရာထူး၌ ခန့်ပါအံ့" ဟု (ဆို၏)။

"ကောင်းပါပြီ အရှင်မင်းမြတ်" ဟု ထိုဇောတိပါလလုလင်သည် ဒိသမ္ပတိမင်းအား ဝန်ခံ၏၊ ထိုအခါ ဒိသမ္ပတိမင်းသည် ဇောတိပါလလုလင်ကို ဂေါဝိန္ဒပုရောဟိတ် ရာထူး၌ ခန့်၍ သူ့အဖနေရာ၌ ထား၏။

ဂေါဝိန္ဒပုရောဟိတ် ရာထူး၌ ခန့်၍ သူ့အဖနေရာ၌ ထားပြီးသည်ရှိသော် ဇောတိပါလလုလင် သည် ထိုမင်းအား ဖခင်ညွှန်ကြား ဆုံးမခဲ့ဘူးသော အမှုကိစ္စတို့ကိုလည်း ညွှန်ကြားဆုံးမ၏၊ ဖခင် မညွှန်ကြား မဆုံးမဘူးသေးသော အမှုကိစ္စတို့ကိုလည်း ညွှန်ကြားဆုံးမ၏၊ ဖခင်စီရင်ပြီးစီးစေခဲ့ ဘူးသော ထိုမင်း၏လုပ်ငန်းဆောင်တာ တို့ကိုလည်း စီရင်ပြီးစီးစေ၏၊ ဖခင် မစီရင်မပြီးစီးစေခဲ့ဘူး သေးသော လုပ်ငန်းဆောင်တာတို့ကိုလည်း စီရင်ပြီးစီးစေ၏။

လူတို့သည် အချင်းတို့ (ဇောတိပါလသည်) "ဂေါဝိန္ဒပုဏ္ဏားပေတကား၊ မဟာဂေါဝိန္ဒပုဏ္ဏား ပေတကား" ဟု ထိုဇောတိပါလလုလင်ကို ချီးကျူးကုန်၏၊ အချင်းတို့ ဤသို့ လူအများ ချီးကျူးကြ သောကြောင့် ဇောတိပါလလုလင်အား ဂေါဝိန္ဒ မဟာဂေါဝိန္ဒ ဟူ၍ သာလျှင်အမည်တွင်လေ၏။

## မင်းစည်းစိမ်ကိုခွဲဝေခြင်း

၃၀၆။ အချင်းတို့ ထိုနောက် မဟာဂေါဝိန္ဒသည် ထို(ဆိုခဲ့သော)မင်းသားခြောက်ယောက်တို့ ထံသို့ ချဉ်းကပ်၍ ထိုမင်းသားတို့အား ဤစကားကို ဆို၏—

"အရှင်(မင်းသား)တို့ ဒိသမ္ပတိမင်းသည် အိုမင်း ကြီးရင့်နေပြီ၊ အရွယ်လွန်နေပြီ၊ အဆုံးပိုင်းသို့ ရောက်နေပြီ၊ အရှင် (မင်းသား)တို့ မည်သူမျှ အသက်ရှင်နေမည့်ကာလကို မသိနိုင်ပါ၊ ဒိသမ္ပတိမင်း ကွယ်လွန်သည်ရှိသော် မင်းမြှောက်နိုင်ခွင့် ရှိသူတို့သည် ရေဏု(မင်းသား)ကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်ရာသော အကြောင်းသည် ရှိ၏၊ အရှင်(မင်းသား)တို့ လာကုန်လော့၊ ရေဏုမင်းသားထံသို့ ချဉ်းကပ်၍ ရေဏုမင်းသားကို ဤသို့ ဆိုကုန်လော့၊ အကျွန်ုပ်တို့သည် အရှင်ရေဏု၏ ချစ်ခင်မြတ်နိုး သော အပေါင်းအဖော်များ ဖြစ်ကြပါသည်၊ မမုန်းနိုင်သူများ ဖြစ်ကြပါသည်၊ အရှင်(မင်းသား) ချမ်းသာလျှင် အကျွန်ုပ်တို့လည်း ချမ်းသာပါကုန်၏၊ အရှင်(မင်းသား) ဆင်းရဲလျှင် အကျွန်ုပ်တို့လည်း

http://www.dhammadownload.com



ဆင်းရဲပါကုန်၏၊ ဒိသမ္ပတိမင်းသည် အိုမင်းကြီးရင့်နေပါပြီ၊ အရွယ်လွန်နေပါပြီ၊ အဆုံးပိုင်းသို့ ရောက်နေပါပြီ၊ အရှင် (မင်းသား) မည်သူမျှအသက်ရှင်နေမည့် ကာလကို မသိနိုင်ပါ၊ ဒိသမ္ပတိမင်း ကွယ်လွန်သည်ရှိသော် မင်းမြှောက်နိုင်ခွင့်ရှိသူတို့သည် အရှင်ရေဏု (မင်းသား) ကို မင်းအဖြစ်၌ အဘိသိက်သွန်းကုန်ရာသော အကြောင်းသည်ရှိပါ၏။ အရှင်ရေဏု (မင်းသား) သည် မင်းအဖြစ်ကို ရလျှင် အကျွန်ုပ်တို့အား မင်းစည်းစိမ်ကို ခွဲဝေပေးစေလိုပါ၏' ဟု ဆိုကုန်လော့" ဟူ၍ (ဆို၏)။

"ကောင်းပါပြီ အသျှင်"ဟု ထိုမင်းသားခြောက်ယောက်တို့သည် မဟာဂေါဝိန္ဒပုဏ္ဏားအား ဝန်ခံ၍ ရေဏုမင်းသားထံသို့ ချဉ်းကပ်ပြီးလျှင် ရေဏုမင်းသားအား ဤစကားကို ဆိုကုန်၏ "အကျွန်ုပ်တို့သည် အရှင်ရေဏု၏ ချစ်ခင်မြတ်နိုးသော အပေါင်း အဖော်များဖြစ်ကြပါသည်၊ မမုန်းနိုင်သူများ ဖြစ်ကြ ပါသည်၊ အရှင် (မင်းသား) ချမ်းသာလျှင် အကျွန်ုပ်တို့လည်း ချမ်းသာပါကုန်၏။ အရှင် (မင်းသား) ဆင်းရဲလျှင် အကျွန်ုပ်တို့လည်း ဆင်းရဲပါကုန်၏။ အရှင် (မင်းသား) ဒိသမ္ပတိမင်းသည် အိုမင်း ကြီးရင့်နေပါပြီ၊ အရွယ်လွန်နေပါပြီ၊ အဆုံးပိုင်းသို့ ရောက်နေပါပြီ၊ အရှင် (မင်းသား) မည်သူမျှ အသက်ရှင်နေမည့်ကာလကို မသိနိုင်ပါ၊ ဒိသမ္ပတိမင်း ကွယ်လွန်သည်ရှိသော် မင်းမြှောက်နိုင်ခွင့်ရှိသူတို့သည် အရှင်ရေဏုမင်းသားကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်ရာသော အကြောင်းသည်ရှိပါ၏။ အရှင်ရေဏု(မင်းသား) သည် မင်းအဖြစ်ကိုရလျှင် အကျွန်ုပ်တို့အား မင်းစည်းစိမ်ကို ခွဲဝေပေးစေလိုပါ၏" ဟု (ဆိုကြကုန်၏)။

အရှင် (မင်းသား) တို့ အကျွန်ုပ်၏ နိုင်ငံတော်၌ အရှင်တို့ကို ထား၍ အခြားအဘယ်မည်သော သူသည် ကြီးပွါးချမ်းသာပါအံ့နည်း [၁]၊ အရှင် (မင်းသား) တို့ အကျွန်ုပ်သည် မင်းအဖြစ်ကိုရပါလျှင် သင်တို့အား မင်းစည်းစိမ်ကို ခွဲဝေပေးပါအံ့ ဟု (ဆို၏)။

၃၀၇။ အချင်းတို့ ထို့နောက်ကာလကြာမြင့်လတ်သော် ဒိသမ္ပတိမင်းသည် ကွယ်လွန် လေ၏။ ဒိသမ္ပတိမင်း ကွယ်လွန်သည်ရှိသော် မင်းမြှောက်နိုင်ခွင့်ရှိသူတို့သည် ရေဏုမင်းသားကို မင်းအဖြစ်၌ အဘိသိက်သွန်းကုန်၏။ ရေဏု (မင်းသား) သည် မင်းအဖြစ်ဖြင့် အဘိသိက်ခံပြီးလတ်သော် ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားနေလျက်ရှိ၏။

အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် ထိုမင်းသား ခြောက်ယောက်တို့ထံသို့ ချဉ်းကပ်၍ ထိုမင်းသားခြောက်ယောက်တို့အား ဤစကားကိုဆို၏။

အချင်းတို့ ဒိသမ္ပတိမင်းကွယ်လွန်သည်ဖြစ်၍ ရေဏုမင်းသားသည် မင်းအဖြစ်ဖြင့် အဘိသိက် ခံပြီးလျှင် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားနေလျက်ရှိ၏၊ အရှင် (မင်းသား) တို့ ကာမဂုဏ်ဟူသည် ယစ်မူးမေ့လျော့စေတတ်ကုန်၏၊ အဘယ်သူသည် (မည်သို့ဖြစ်မည်ကို) သိနိုင်အံ့နည်း၊ အရှင် (မင်းသား)တို့ လာကြကုန်လော့၊ ရေဏုမင်းသားထံသို့ ချဉ်းကပ်၍ ရေဏုမင်းကို ဤသို့ ဆိုချေကုန်လော့။

အရှင် (ရေဏုမင်း) ဒိသမ္ပတိမင်း ကွယ်လွန်၍ အရှင်ရေဏုကို မင်းအဖြစ်၌ အဘိသိက်သွန်းပြီး ပါပြီ၊ အရှင် (ရေဏုမင်းသည်) ထို (ဝန်ခံဘူးသော) စကားကို အမှတ်ရပါ၏လော ဟု (ဆိုချေကုန်လော့ဟူ၍ဆို၏)။

---

၁။ သုခမေဓေထဟူသော ပါဠိအရပြန်ဆိုထားသည်။

http://www.dhammadownload.com



၃၀၀။ "ကောင်းပါပြီ အသျှင်" ဟု ထိုခြောက်ယောက်သော မင်းသားတို့သည် မဟာဂေါဝိန္ဒ ပုဏ္ဏားအား ဝန်ခံကုန်၍ ရေဏုမင်းထံသို့ ချဉ်းကပ်ပြီးလျှင် ရေဏုမင်းအား ဤစကားကိုဆိုကြကုန်၏။

"အရှင် (ရေဏုမင်း) ဒိသမ္ပတိမင်းသည် ကွယ်လွန်၍ အရှင်ရေဏုကို မင်းအဖြစ်၌ အဘိသိက် သွန်းပြီးပါပြီ၊ အရှင် (ရေဏုမင်း) သည် ထို (ဝန်ခံဘူးသော) စကားကို အမှတ်ရပါ၏လော" ဟု (ဆိုကြကုန်၏)။

အရှင်မင်းသားတို့ ထို (ဝန်ခံဘူးသော) စကားကို အကျွန်ုပ်အမှတ်ရပါ၏။ အရှင် (မင်းသား) တို့ မြောက်အရပ်၌ ကျယ်ပြန့်၍ တောင်အရပ်၌လှည်းဦးကင်းသဏ္ဌာန်ရှိသော ဤနိုင်ငံတော်နယ်မြေ ကိုခုနစ်ပိုင်း အညီအမျှကောင်းစွာ ခွဲဝေပေးခြင်းငှါ အဘယ်သူသည် စွမ်းနိုင်ပါအံ့နည်း ဟု (ဆို၏)။

အရှင် (ရေဏုမင်း) မဟာဂေါဝိန္ဒပုဏ္ဏားကို ထား၍ အခြားမည်သူမျှ စွမ်းနိုင်မည်မဟုတ်ပါ ဟု (ဆိုကြကုန်၏)။

အချင်းတို့ ထိုအခါ ရေဏုမင်းသည် (မင်းချင်း) ယောကျ်ား တယောက်ကို မိန့်တော်မူ၏။

"အချင်းယောကျ်ား လာလော့၊ သင်သည် မဟာဂေါဝိန္ဒပုဏ္ဏားထံသို့ ချဉ်းကပ်၍ မဟာဂေါဝိန္ဒ ပုဏ္ဏားအား အသျှင်ပုဏ္ဏား အရှင့်ကို ရေဏုမင်းသည် ခေါ်ပါ၏ ဟု ဆိုချေလော့" (ဟူ၍အမိန့်ပေး၏)။

အချင်းတို့ ထိုယောကျ်ားသည် "ကောင်းပါပြီ အရှင်မင်းမြတ်" ဟု ရေဏုမင်းအား ဝန်ခံ၍ ဂေါဝိန္ဒပုဏ္ဏားထံသို့ ချဉ်းကပ်ပြီးလျှင် မဟာဂေါဝိန္ဒပုဏ္ဏားအား "ဆရာပုဏ္ဏား အသျှင့်ကို ရေဏုမင်းသည် ခေါ်ပါ၏" ဟု ဆို၏။

"ကောင်းပါပြီ အချင်းယောကျ်ား" ဟု ထိုမဟာဂေါဝိန္ဒပုဏ္ဏားသည် ထိုယောကျ်ားအား ပြန်ကြား၍ ရေဏုမင်းထံသို့ ချဉ်းကပ်ပြီးလျှင် ရေဏုမင်းနှင့် အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေသော မဟာဂေါဝိန္ဒပုဏ္ဏားအား ရေဏုမင်းသည် ဤစကားကို ဆို၏။ "အသျှင် ဂေါဝိန္ဒ ကြွပါလော့၊ မြောက်အရပ်၌ ကျယ်ပြန့်၍ တောင်အရပ်၌ လှည်းဦးကင်းသဏ္ဌာန် ရှိသော နိုင်ငံတော်နယ်မြေကို ခုနစ်ပိုင်း အညီအမျှကောင်းစွာ ခွဲဝေ ပေးပါလော့" ဟု (ဆို၏)။

"ကောင်းပါပြီ အရှင်မင်းမြတ်" ဟု ထိုမဟာဂေါဝိန္ဒပုဏ္ဏားသည် ရေဏုမင်းအား ဝန်ခံ၍ မြောက်အရပ်၌ ကျယ်ပြန့်၍ တောင်အရပ်၌ လှည်းဦးကင်းသဏ္ဌာန်ရှိသော ထိုနိုင်ငံတော်နယ်မြေ ကို ခုနစ်ပိုင်း အညီအမျှ ကောင်းစွာ ခွဲဝေပေးလေ၏၊ အားလုံးသော နိုင်ငံ နယ်မြေ တို့ကို လှည်းဦးကင်း သဏ္ဌာန် ချည်းဖြစ်စေလေ၏။ ထို (ခုနစ်နိုင်ငံ) တို့တွင် ရေဏုမင်း၏ နိုင်ငံသည် အလယ်၌ တည်ရှိ၏။

၃၀၉။ ကာလိင်္ဂတိုင်း၌ ဒန္တပုရပြည်ကိုရင်း အဿကတိုင်း၌ ပေါတနပြည်ကိုရင်း အဝန္တိတိုင်း၌ မဟေသယပြည်ကိုရင်း သောဝီရတိုင်း၌ ရောရုကပြည်ကိုရင်း ဝိဒေဟတိုင်း၌ မိထိလာပြည်ကိုရင်း အင်္ဂတိုင်း၌ စမ္ပာပြည်ကိုရင်း ကာသိတိုင်း၌ ဗာရာဏသီပြည်ကိုရင်း ဤခုနစ်တိုင်း ခုနစ်ပြည်တို့ကို မဟာဂေါဝိန္ဒပုဏ္ဏားတည်ထောင်ထားခဲ့လေသတည်း။

http://www.dhammadownload.com



၃၁၀။ အချင်းတို့ ထိုအခါ ထိုခြောက်ယောက်သော မင်းတို့သည် "ငါတို့ လိုချင်မြဲ့လင့် လိုလားတောင့်တနေသော စည်းစိမ်ကို ရပေပြီ" ဟု မိမိတို့ရရှိထားသောစည်းစိမ်ဖြင့် ဝမ်းမြောက် လျက်ရှိကုန်၏၊ ကြံ့ရွှယ်ချက်ပြည့်စုံလျက်ရှိကုန်၏။

ရေဏုမင်းနှင့်တကွ သတ္တဘူမင်း ဗြဟ္မဒတ်မင်း ဝေဿဘူမင်း ဘရတမင်း ဓတရဋ္ဌမင်း နှစ်ယောက်အားဖြင့် ဤခုနစ်ဦးသော မင်းတို့သည် ထိုစဉ်အခါ၌ (ဇမ္ဗူဒိပ်ကျွန်းအပြင်၌) တိုင်းပြည်ဝန်ကို ဆောင်သော မင်းတို့ဖြစ်ကုန်၏။

ပဌမအခန်း ပြီး၏။

---

## ကျော်စောသတင်းပြန့်နှံ့၍ထွက်ခြင်း

၃၁၁။ အချင်းတို့ ထိုအခါ ထိုခြောက်ဦးသော မင်းတို့သည် မဟာဂေါဝိန္ဒပုဏ္ဏားထံသို့ ချဉ်းကပ်၍ မဟာဂေါဝိန္ဒပုဏ္ဏားအား ဤစကားကိုဆိုကုန်၏။ "အသျှင်ဂေါဝိန္ဒသည် ရေဏုမင်း၏ ချစ်ခင်မြတ်နိုးသော အပေါင်း အဖော်ဖြစ်၍ မမုန်းနိုင်သူဖြစ်သကဲ့သို့ ဤအတူပင် အသျှင်ဂေါဝိန္ဒသည် အကျွန်ုပ်တို့၏ ချစ်ခင်မြတ်နိုးသော အပေါင်း အဖော်ဖြစ်၍ မမုန်းနိုင်သူလည်းဖြစ်ပါသည်၊ အသျှင် ဂေါဝိန္ဒသည် အကျွန်ုပ်တို့အား ညွှန်ကြား ဆုံးမပါလော့၊ အသျှင်ဂေါဝိန္ဒသည် အကျွန်ုပ်တို့အား ညွှန်ကြားဆုံးမရန် မငြင်းပယ်ပါလင့်" ဟု (ဆိုကြကုန်၏)။

"ကောင်းပါပြီ အရှင်မင်းတို့" ဟု ထို မဟာဂေါဝိန္ဒ ပုဏ္ဏားသည် ထို ခြောက်ဦးသော မင်းတို့အား ဝန်ခံလေ၏။

အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် မုဒ္ဓါဘိသိက်ခံပြီးသော မင်းမျိုးအစစ်ဖြစ်သော ခုနစ်ဦးသော မင်းတို့ကို မင်းကျင့်တရား၌ ညွှန်ကြားဆုံးမ၍ ပုဏ္ဏားသူဌေး ခုနစ်ယောက်တို့အားရင်း သန့်စင်ပြီး ပုဏ္ဏားလုလင်[၁] ခုနစ်ရာတို့အားရင်း ဗေဒင်တို့ကို သင်ကြားပေးလေ၏။

၃၁၂။ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏား၏ ကောင်းသော ကျော်စော သတင်းသည် နောက်ကာလ၌ ဤသို့ပြန့်နှံ့၍ ထွက်၏။

"မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာကို မျက်မှောက်တွေ့မြင်ရ၏၊ မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာနှင့်မျက်မှောက်ဆွေးနွေးပြောဆိုရ၏ တိုင်ပင်ရ၏" ဟု (ပြန့်နှံ့၍ထွက်၏)။

အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားအား ဤသို့သော အကြံသည်ဖြစ်လေ၏။

"ငါ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ပြန့်နှံ့၍ ထွက်နေ၏ 'မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာကို မျက်မှောက်တွေ့မြင်ရ၏၊ မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာနှင့်မျက်မှောက်ဆွေးနွေး ပြောဆိုတိုင်ပင်ရ၏ ဟု (ပြန့်နှံ့၍ထွက်နေ၏)။ စင်စစ်သော်ကား ငါသည် ဗြဟ္မာကို မတွေ့မြင်ရချေ၊

---

၁။ နှာတကပုဗ်ကို ကျင့်ဝတ်ပြီးဆုံးသဖြင့် ရေချိုးပြီးနောက် အခြား ပုဏ္ဏားတို့နှင့်အတူစားသောက်ခြင်းမပြုပဲ သီးခြားနေ ထိုင်သောသူဟု အဋ္ဌကထာ၌ဖွင့်ဆို၏၊ သဏ္ဍတအဘိဓာန်တို့၌ကား (၁) ဝိဇ္ဇာနှာတက = အတတ်ပညာအရာ၌ ပြီးဆုံး သန့်စင်ပြီးသော ပုဏ္ဏား (၂) ဝတနှာတက = ကျင့်ဝတ်အရာ၌ ပြီးဆုံးသန့်စင်ပြီးသော ပုဏ္ဏား (၃) ဥဘယနှာတက = ထိုနှစ်မျိုးလုံး ပြီးဆုံးသန့်စင်ပြီးသော ပုဏ္ဏားဟူ၍ သုံးမျိုးဖော်ပြလျက်ရှိ၏။

http://www.dhammadownload.com



ဗြဟ္မာနှင့် မဆွေးနွေး မပြောဆို မတိုင်ပင်ရချေ၊ သို့သော် (အသက်) ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုကြသော ဤစကားကို ငါကြားဘူး၏။ 'မိုးလေးလပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများ ဝင်စားနေသော သူသည် ဗြဟ္မာကို တွေ့မြင်ရ၏၊ ဗြဟ္မာနှင့် ဆွေးနွေးပြောဆို တိုင်ပင်ရ၏' ဟု (ကြားဘူး၏)၊ ငါသည် မိုးလေးလပတ်လုံး တယောက်တည်းကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများ ဝင်စားနေရမှု ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

၃၁၃။ အချင်းတို့ ထို့နောက် မဟာဂေါဝိန္ဒပုဏ္ဏားသည် ရေဏုမင်းထံသို့ ချဉ်းကပ်၍ ရေဏုမင်းအား ဤစကားကို ဆို၏။

"အရှင် အကျွန်ုပ်၏ ကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ ဤသို့ ထွက်နေပါ၏၊ 'မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာကို မျက်မှောက်တွေ့မြင်ရ၏၊ မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာနှင့် မျက်မှောက် ပြောဆိုဆွေးနွေးတိုင်ပင်ရ၏' ဟု (ပြန့်နှံ့၍ထွက်နေပါ၏)။ အရှင် စင်စစ်သော်ကား အကျွန်ုပ်သည် ဗြဟ္မာကို မတွေ့မြင်ရပါ၊ ဗြဟ္မာနှင့် မဆွေးနွေးမပြောဆို မတိုင်ပင်ရပါ၊ သို့သော် (အသက်) ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုသော ဤစကားကို အကျွန်ုပ်ကြားဘူးပါ၏ 'မိုးလေးလပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စား နေသော သူသည် ဗြဟ္မာကို တွေ့မြင်ရ၏၊ ဗြဟ္မာနှင့် ဆွေးနွေးပြောဆိုရ၏' ဟု (ကြားဘူးပါသည်)။ အရှင် အကျွန်ုပ်သည် မိုးလေးလပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများ ဝင်စားနေရန် အလိုရှိပါ၏၊ ထမင်းပို့သူ တယောက်မှတပါး မည်သူမျှ ကျွန်ုပ်ထံသို့ မချဉ်းကပ်စေလိုပါ" ဟု (ဆို၏)။

ယခုအခါ၌ ကရုဏာစျာန်ကို ပွါးများဝင်စားနေရန် အချိန်ကို အသျှင်ဂေါဝိန္ဒသိပါ၏ (ပွါးများဝင်စားနေရန်မှာ အသျှင်၏ အလိုအတိုင်းပင် ဖြစ်ပါသည် ဟု (ရေဏုမင်းဆို၏)။

၃၁၄။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် ထိုခြောက်ယောက်သော မင်းတို့ထံသို့ ချဉ်းကပ်၍ ထိုခြောက်ယောက်သော မင်းတို့အား ဤစကားကို ဆိုပြန်၏။

"အရှင်တို့ အကျွန်ုပ်၏ ကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ ဤသို့ ထွက်နေပါ၏၊ 'မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာကို မျက်မှောက်တွေ့မြင်ရ၏၊ မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာနှင့် မျက်မှောက် ဆွေးနွေးပြောဆိုတိုင်ပင်ရ၏' ဟု (ပြန့်နှံ့၍ထွက်နေပါ၏)။ စင်စစ်သော်ကား အကျွန်ုပ်သည် ဗြဟ္မာကို မတွေ့မြင်ရပါ၊ ဗြဟ္မာနှင့် မဆွေးနွေး မပြောဆို မတိုင်ပင်ရပါ၊ သို့သော် (အသက်) ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုကြသော ဤစကားကို ကြားဘူးပါ၏၊ 'မိုးလေးလတို့ပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စားနေသောသူသည် ဗြဟ္မာကို တွေ့မြင်ရ၏၊ ဗြဟ္မာနှင့် ဆွေးနွေးပြောဆိုတိုင်ပင်ရ၏' ဟု (ကြားဘူးပါ၏၊)အရှင်တို့ အကျွန်ုပ်သည် မိုးလေးလပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စားနေရန် အလိုရှိပါ၏၊ ထမင်းပို့သူ တယောက်မှ တပါး မည်သူမျှ ကျွန်ုပ်ထံသို့ မချဉ်းကပ်စေလိုပါ" ဟု (ဆိုပြန်၏)။

ယခုအခါ၌ ကရုဏာစျာန် ပွါးများဝင်စားနေရန် အချိန်ကို အသျှင်ဂေါဝိန္ဒသိပါ၏ (ပွါးများဝင်စားနေရန်မှာ အသျှင်၏ အလိုအတိုင်းပင် ဖြစ်ပါ၏) ဟု မင်းခြောက်ယောက်တို့ ဆိုကြကုန်၏။

http://www.dhammadownload.com



၃၁၅။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် ပုဏ္ဏားသူဌေးခုနစ်ယောက်နှင့် သန့်စင်ပြီးသော ပုဏ္ဏားလုလင် ခုနစ်ရာတို့ထံသို့ ချဉ်းကပ်၍ ထိုသူတို့အား ဤစကားကို ဆိုပြန်၏။

"အချင်းတို့ ငါ၏ကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ ဤသို့ ထွက်နေပါ၏၊ 'မဟာဂေါဝိန္ဒ ပုဏ္ဏားသည် ဗြဟ္မာကို မျက်မှောက်တွေ့မြင်ရ၏၊ မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာနှင့် ဆွေးနွေးပြောဆို တိုင်ပင်ရ၏' ဟု (ပြန့်နှံ့၍ ထွက်နေပါ၏)၊ အချင်းတို့ စင်စစ်သော်ကား ငါသည် ဗြဟ္မာကို မတွေ့မြင်ရချေ၊ ဗြဟ္မာနှင့် မဆွေးနွေး မပြောဆို မတိုင်ပင်ရချေ၊ သို့သော် (အသက်) ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုကြသော ဤစကားကို ကြားဘူး၏၊ 'မိုးလေးလပတ်လုံး တယောက်တည်းကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စားနေသော သူသည် ဗြဟ္မာကို တွေ့မြင်ရ၏ ဗြဟ္မာနှင့် ဆွေးနွေးပြောဆို တိုင်ပင်ရ၏' ဟု (ကြားဘူး၏)။ အချင်းတို့ ထို့ကြောင့် သင်တို့သည် နာယူသင်ကြားပြီးဖြစ်သော ဗေဒင်တို့ကိုသာလျှင် အကျယ်အားဖြင့် (အကြွင်းမဲ့) ရွတ်အံ (သရဇ္ဈာယ်) နေကြကုန်လော့၊ အချင်းချင်းလည်း ဗေဒင်တို့ကို ပို့ချသင်ကြားနေကြကုန်လော့၊ အချင်းတို့ ငါသည် မိုးလေးလပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စားနေရန် အလိုရှိ၏၊ ထမင်းပို့သူမှ တပါး မည်သူမျှ ငါ့ထံသို့ မချဉ်းကပ်စေလို" ဟု (ဆိုပြန်၏)။

ယခုအခါ၌ ကရုဏာစျာန်ပွါးများ ဝင်စားရန် အချိန်ကို အသျှင်ဂေါဝိန္ဒသိပါ၏၊ (ပွါးများဝင်စားနေရန်မှာ အသျှင်၏အလိုအတိုင်းပင် ဖြစ်ပါသည်) ဟု (ဆိုကြကုန်၏)။

၃၁၆။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် အမျိုးတူဖြစ်ကုန်သော မယားလေးဆယ်တို့ ထံသို့ ချဉ်းကပ်၍ ထိုမယားတို့အား ဤစကားကို ဆိုပြန်၏။

"ရှင်မတို့ ငါ၏ကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ ဤသို့ ထွက်နေ၏။

'မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာကို တွေ့မြင်ရ၏၊ မဟာဂေါဝိန္ဒပုဏ္ဏားသည် ဗြဟ္မာနှင့် ဆွေးနွေးပြောဆိုတိုင်ပင်ရ၏'ဟု (ပြန့်နှံ့၍ ထွက်နေ၏)။ ရှင်မတို့ စင်စစ်သော်ကား ငါသည် ဗြဟ္မာကို မတွေ့မြင်ရချေ၊ ဗြဟ္မာနှင့် မဆွေးနွေး မပြောဆို မတိုင်ပင်ရချေ၊ သို့သော် (အသက်)ကြီးကုန်သော (အရွယ်)ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုကြသော ဤစကားကို ငါကြားဘူး၏၊ 'မိုးလေးလပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စားနေသူသည် ဗြဟ္မာကို တွေ့မြင်ရ၏၊ ဗြဟ္မာနှင့် ဆွေးနွေးပြောဆိုတိုင်ပင်ရ၏' ဟု (ကြားဘူး၏)။ ရှင်မတို့ ငါသည် မိုးလေးလပတ်လုံး တယောက်တည်းကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စားနေရန် အလိုရှိ၏၊ ထမင်းပို့သူမှတပါး မည်သူမျှ မချဉ်းကပ်စေလို" ဟု (ဆိုပြန်၏)။

ယခုအခါ၌ ကရုဏာစျာန် ပွါးများဝင်စားနေရန် အချိန်ကို အသျှင်ဂေါဝိန္ဒသိပါ၏၊ (ပွါးများဝင်စားနေရန်မှာ အသျှင်၏အလိုအတိုင်းပင် ဖြစ်ပါသည်) ဟု (ဆိုကြကုန်၏)။

၃၁၇။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် မြို့၏ အရှေ့အရပ်၌ မင်းကွန်းအသစ်ကို ဆောက်လုပ်စေ၍ မိုးလေးလတို့ပတ်လုံး တယောက်တည်းကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွါးများဝင်စားနေလေ၏၊ ထမင်းပို့သူ တယောက်မှတပါး မည်သူမျှ (မဟာဂေါဝိန္ဒပုဏ္ဏားထံသို့)မချဉ်းကပ်ချေ။

http://www.dhammadownload.com



အချင်းတို့ ထိုအခါ လေးလလွန်လတ်သော် မဟာဂေါဝိန္ဒ ပုဏ္ဏားအား စိတ်အားလျော့ခြင်းသည် ဖြစ်၏၊ (ဗြဟ္မာကို) တမ်းတခြင်းသည်ဖြစ်၏ "ငါသည် (အသက်)ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောကြသော ဤစကားကို ကြားရဘူး၏ 'မိုးလေးလပတ်လုံး တယောက်တည်း ကိန်းအောင်းလျက် ကရုဏာဈာန်ကို ပွါးများဝင်စားနေသောသူသည် ဗြဟ္မာကို တွေ့မြင်ရ၏၊ ဗြဟ္မာနှင့် ဆွေးနွေးပြောဆိုတိုင်ပင်ရ၏' ဟု (ကြားရဘူး၏)။ ငါသည် မိုးလေးလပတ်လုံး ကရုဏာဈာန်ကို ပွါးများဝင်စားနေပါလျက် ဗြဟ္မာကို မတွေ့မြင်ရချေ၊ ဗြဟ္မာနှင့် မဆွေးနွေး မပြောဆိုမတိုင်ပင်ရချေ" ဟု (စိတ်အားလျော့ကာ တမ်းတခြင်းသည် ဖြစ်၏)။

## ဗြဟ္မာမင်းနှင့် ဆွေးနွေးခြင်း

၃၁၈။ အချင်းတို့ ထိုအခါ သနင်္ကုမာရဗြဟ္မာသည် မဟာဂေါဝိန္ဒ ပုဏ္ဏား၏ စိတ်အကြံကို (မိမိ) စိတ်ဖြင့်သိ၍ ဥပမာအားဖြင့် ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်သောလက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူပင် ဗြဟ္မာပြည်မှ ကွယ်ခဲ့၍ မဟာဂေါဝိန္ဒ ပုဏ္ဏား၏ မျက်မှောက်၌ ကိုယ်ထင်ရှားပေါ်လာ၏။ အချင်းတို့ မမြင်ဘူးသော ရုပ်အဆင်းကို မြင်ရသူအား ဖြစ်တတ်သကဲ့သို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားအား ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် ဖြစ်၏။ အချင်းတို့ ထို့နောက် မဟာဂေါဝိန္ဒပုဏ္ဏားသည် ကြောက်ရွံ့ထိတ်လန့်ကာ ကြက်သီးမွေးညင်းထလျက် သနင်္ကုမာရဗြဟ္မာအား ဂါထာဖြင့် ပြောဆို၏—

"အသျှင် သင်သည် အလွန်အဆင်းလှပါပေ၏၊ အလွန်တောက်ပပါပေ၏၊ အလွန်ကြက်သရေရှိပါပေ၏၊ သင်သည် အဘယ်သူဖြစ်ပါသနည်း၊ ငါတို့မသိ၍သင့်ကို မေးပါကုန်၏၊ ငါတို့သည် သင့်ကို အဘယ်သို့သိရပါအံ့နည်း" ဟု (ပြောဆို၏)။

ဗြဟ္မာ့လောက၌ ဗြဟ္မာအားလုံးတို့သည် စင်စစ်အားဖြင့် ငါ့ကို သနင်္ကုမာရဟူ၍သိကုန်၏၊ ဂေါဝိန္ဒ သင်သည် ဤသို့ပင် သိပါလေလော့ ဟု (ဗြဟ္မာမင်းက ဆို၏)။

"အသျှင်ဗြဟ္မာအား နေရာ ရေ ခြေနယ်ဆီနှင့် ချိုမြိန်သော ဟင်းရွက်ဟူသော ဧည့်ဝတ်တို့ကို တည်ထားပါကုန်၏၊ အသျှင်သည် အကျွန်ုပ်တို့၏ တည်ထားအပ်သော ဧည့်ဝတ်တို့ကိုလက်ခံတော်မူပါလော့" ဟု (ဂေါဝိန္ဒကဆိုပြန်၏)။

ဂေါဝိန္ဒ သင်ဆိုသည့်အတိုင်း သင်၏ ဧည့်ဝတ်ကို ငါတို့ လက်ခံပါကုန်၏၊ သင်သည် မျက်မှောက်အကျိုးစီးပွါးအလို့ငှါရင်း တမလွန် ချမ်းသာအလို့ငှါရင်း အလိုရှိရာကိုမေးမြန်းလော့၊ ငါခွင့်ပြုပါ၏ ဟု (ဗြဟ္မာကဆို၏)။

၃၁၉။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားအား ဤသို့သော အကြံသည်ဖြစ်၏—

"သနင်္ကုမာရဗြဟ္မာသည် ငါ့ကိုခွင့်ပြုပြီ၊ ငါသည် သနင်္ကုမာရဗြဟ္မာအား မျက်မှောက် အကျိုးကို မေးရအံ့လော၊ တမလွန် အကျိုးကိုမေးရအံ့လော" ဟု (အကြံဖြစ်၏)။

အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားအား ဤသို့သော အကြံသည်ဖြစ်ပြန်၏။

http://www.dhammadownload.com



"ငါသည် မျက်မှောက်အကျိုးတို့၌ ကျွမ်းကျင်၏၊ သူတပါးတို့သည်ပင် ငါ့အား မျက်မှောက် အကျိုးကို မေးမြန်းရကုန်၏၊ ငါသည် သနင်္ကုမာရဗြဟ္မာအား တမလွန် အကျိုးကိုသာ မေးရမူ ကောင်းလေစွ" ဟု (အကြံဖြစ်ပြန်၏)။

"အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် သနင်္ကုမာရဗြဟ္မာကို ဂါထာဖြင့်မေးမြန်း၏—

"အသျှင်ဗြဟ္မာ သူတပါးတို့သိလိုသော အရာတို့၌ အကျွန်ုပ်သည် ယုံမှားရှိသည်ဖြစ်၍ယုံမှား မရှိသော သနင်္ကုမာရဗြဟ္မာကို မေးပါ၏၊ အဘယ်တရား၌ တည်၍ အဘယ်တရား၌ကျင့်သော ပုဂ္ဂိုလ်သည် သေခြင်းကင်းသော ဗြဟ္မာလောကသို့ ရောက်နိုင်ပါသနည်း" ဟု (မေး၏)။

ဂေါဝိန္ဒပုဏ္ဏား လူ့လောကအရာတို့၌ ငါ့ဥစ္စာဟု တွယ်တာခြင်းကို ပယ်ပြီးလျှင်မေထုန်အကျင့် မှရှောင်ကြဉ်က တယောက်တည်းနေလျက် ကရုဏာစျာန်၌ ဝင်စား၍ စိမ်းညှီသော အနံ့မှ ကင်းသည်ဖြစ်ရာ၏၊ ဤတရား၌တည်၍ ဤတရား၌ကျင့်သော ပုဂ္ဂိုလ်သည် သေခြင်းကင်းသော ဗြဟ္မာလောကသို့ရောက်နိုင်ပေ၏ ဟု (ဆို၏)။

၃၂၀။ "ငါ့ဥစ္စာဟု တွယ်တာခြင်းကို ပယ်ပြီးလျှင် "ဟု ဆိုသော အသျှင်၏စကားကို အကျွန်ုပ် နားလည်သည်မှာ—

ဤလောက၌ အချို့သောသူသည် နည်းသောဥစ္စာစုကို စွန့်၍ဖြစ်စေ များသောဥစ္စာစုကို စွန့်၍ ဖြစ်စေ နည်းသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ များသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏၊ဤသို့ လျှင် အကျွန်ုပ်သည် "ငါ့ဥစ္စာဟု တွယ်တာခြင်းကိုပယ်ပြီးလျှင်"ဟု ဆိုသော အသျှင်၏စကားကို နားလည်ပါ၏။

"တယောက်တည်းနေလျက်" ဟု ဆိုသော အသျှင်၏စကားကို အကျွန်ုပ် နားလည်သည်မှာ—

ဤလောက၌ အချို့သောသူသည် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်္ချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏၊ ဤသို့လျှင် အကျွန်ုပ်သည် "တယောက်တည်း နေလျက်" ဟု ဆိုသော အသျှင်၏စကားကိုနားလည်ပါ၏။

"ကရုဏာစျာန်၌ ဝင်စား၍" ဟု ဆိုသော အသျှင်၏စကားကို အကျွန်ုပ် နားလည်သည်မှာ—

ဤလောက၌ အချို့သောသူသည် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ် ကို ပြန့်နှံ့စေ၍ နေ၏၊ ထိုအတူနှစ်ခုမြောက်သော အရပ်ကို သုံးခုမြောက်သော အရပ်ကို လေးခု မြောက်သော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ဤသို့ အထက်အောက်ဖီလာ အလုံးစုံသော အရပ်မျက် နှာတို့၌ ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူ ပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ကရုဏာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ဤသို့လျှင် အကျွန်ုပ်သည် "ကရုဏာစျာန်၌ဝင်စား၍"ဟု ဆိုသော အသျှင်၏စကားကို နားလည်ပါ၏။

"စိမ်းညှီသော အနံ့" ဟု ဆိုသော အသျှင်စကားကိုမူကား အကျွန်ုပ်နားမလည်ပါ—

http://www.dhammadownload.com



အသျှင်ဗြဟ္မာ လူ့လောကအရာတို့၌ အဘယ်အရာတို့သည် စိမ်းညှီသော အနံ့တို့ဖြစ်ပါသနည်း၊ ဤလူ့လောက၌ ထို (စိမ်းညှီသော အနံ့)တို့ကို အကျွန်ုပ်မသိပါ၊ အသျှင်ဗြဟ္မာ ဟောကြားပါလော့၊ အဘယ်တရားက ပိတ်ဖုံးထားသောကြောင့် သတ္တဝါ အပေါင်းသည် အညှီနံ့ လှိုင်နေပါသနည်း၊ အဘယ့်ကြောင့် အပါယ်သို့ လားရပါသနည်း၊ အဘယ့်ကြောင့် ဗြဟ္မာ့ပြည်လမ်း ပိတ်နေပါသနည်း ဟု (မေး၏)။

(ဂေါဝိန္ဒပုဏ္ဏား) အမျက်ထွက်ခြင်း လိမ်လည်ခြင်း လှည့်စားခြင်း (အဆွေခင်ပွန်းကို) ပြစ်မှားခြင်း စေးနှဲခြင်း အလွန်မာန်မူခြင်း ငြူစူခြင်း လိုချင်ခြင်း ဝန်တိုခြင်း သူတပါးကို ညှဉ်းဆဲခြင်း တပ်မက်ခြင်း စိတ်ဆိုးခြင်း မာန်ယစ်ခြင်း တွေဝေခြင်း ဟူသော ဤတရား (တဆယ့်လေးပါး)တို့ ယှဉ်တွဲနေသော သတ္တဝါသည် စိမ်းညှီသော အနံ့ရှိ၏၊ အပါယ်သို့လားရ၏၊ ဗြဟ္မာ့ပြည်လမ်း ပိတ်လျက်ရှိ၏ ဟု (ဆို၏)။

စိမ်းညှီသော အနံ့တို့ကို အသျှင်ဗြဟ္မာပြောဟော၍ အကျွန်ုပ်သိရသည့် အတိုင်း ဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသော သူသည် ထိုစိမ်းညှီသော အနံ့တို့ကိုပယ်ဖျောက်ရန် မလွယ်ပါ၊ အသျှင်ဗြဟ္မာ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါအံ့ ဟု (ဆို၏)။

ယခုအခါ ရဟန်းပြုရန်အချိန်ကို အရှင်ဂေါဝိန္ဒသိပါ၏၊ (ရဟန်းပြုရန်မှာ အသျှင်ဂေါဝိန္ဒ၏ အလို အတိုင်းပင် ဖြစ်ပါသည်) ဟု (ဗြဟ္မာကပြော၏)။

## ရေဏုမင်းကိုလျှောက်ထားခြင်း

၃၂၁။ အချင်းတို့ ထို့နောက် မဟာဂေါဝိန္ဒပုဏ္ဏားသည် ရေဏုမင်းထံသို့ ချဉ်းကပ်၍ ရေဏုမင်းအား ဤစကားကိုဆို၏—

"အရှင်မင်းမြတ် အရှင်မင်းမြတ်၏ တိုင်းပြည်ရေးရာကို စီမံအုပ်ချုပ်မည့်တပါးသော ပုရောဟိတ်ကို ယခုရှာတော်မူပါလော့၊ အရှင်မင်းမြတ် အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းငှါ အလိုရှိပါ၏၊ စိမ်းညှီသော အနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ် ကြားနာရသည့်အတိုင်း ဆိုလျှင် အိမ်ရာတည်ထောင် ဤလူ့ဘောင်၌ နေသောသူသည် ထို(စိမ်းညှီသော အနံ့)တို့ကို ပယ်ဖျောက်ရန်မလွယ်ပါ၊ အရှင်မင်းမြတ် အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့" ဟု (ဆို၏)။

(အရှင်မင်းမြတ်) အကျွန်ုပ်သည် ရေမြေ့ရှင် ရေဏုမင်းကို ကြားလျှောက်ပါ၏၊ အရှင်မင်းပင် တိုင်းပြည်ရေးရာကို စီမံခန့်ခွဲတော်မူပါလော့၊ အကျွန်ုပ်သည်ကား ပုရောဟိတ်ရာထူး၌ မပျော်မွေ့တော့ပါ။

ဂေါဝိန္ဒ(ပုဏ္ဏား) ငါသည် ရေမြေ့အရှင် စစ်သည်ဗိုလ်ပါတို့၏အရှင် ဘုရင်မင်းပေတည်း၊ သင့်အား အကယ်၍ ကာမဂုဏ်စည်းစိမ်တို့မှ ယုတ်လျော့ခြင်းရှိလျှင် ငါဖြည့်တင်းပေးအံ့၊ သင့်အား ညှဉ်းဆဲသူရှိလျှင် ငါတားမြစ်အံ့၊ သင်ကား အဖ ငါကား သားဖြစ်ပေ၏၊ ငါတို့ကို မစွန့်ပါလင့်။

(အရှင်မင်းမြတ်) အကျွန်ုပ်အား ကာမဂုဏ်စည်းစိမ်တို့မှ ယုတ်လျော့ခြင်းမရှိပါ၊ အကျွန်ုပ်အား ညှဉ်းဆဲသူသည်လည်း မရှိပါ၊ ဗြဟ္မာ၏တရားစကားကို ကြားနာရသောကြောင့် အကျွန်ုပ်သည် အိမ်၌မပျော်မွေ့တော့ပါ။

http://www.dhammadownload.com



ဂေါဝိန္ဒ(ပုဏ္ဏား)ဗြဟ္မာသည် အဘယ်သို့သော အဆင်းရှိပါသနည်း၊ သင့်အား အဘယ်သို့သော အကြောင်းအရာကို ပြောပြောပါသနည်း၊ သင်သည် ဗြဟ္မာ၏ အဘယ်တရားစကားကို ကြား၍ အိမ်ရာတို့ကိုရင်း ငါတို့ကိုရင်း တိုင်းသူပြည်သား အားလုံးတို့ကိုရင်း စွန့်ဘိသနည်း။

(အရှင်မင်းမြတ်)အကျွန်ုပ်သည် (မိုးလေးလပတ်လုံး) တယောက်တည်း ကျင့်သုံးကာ ယဇ်ပူဇော်လိုသည်ဖြစ်၍ သမန်းမြက်ရွက်တို့ကို ဖြန့်ခင်းလျက် ရှေးမဆွကပင် မီးကို ညှိထွန်းပြီး ဖြစ်ခဲ့ပါ၏။

ထိုအခါ ဗြဟ္မာ့လောကမှ သနင်္ကုမာရဗြဟ္မာသည် အကျွန်ုပ်၏ မျက်မှောက်၌ ထင်ရှားပေါ်လာ၍ အကျွန်ုပ်၏ အမေးကို ဖြေကြားပါ၏၊ ထိုအဖြေကို ကြားနာရ၍ အကျွန်ုပ်သည် အိမ်၌ မပျော်မွေ့တော့ပါ။

ဂေါဝိန္ဒ(ပုဏ္ဏား)အသျှင်ပြောဆိုသောစကားကို အကျွန်ုပ်ယုံကြည်ပါ၏၊ သင်တို့သည် ဗြဟ္မာ၏ တရားစကားကို ကြားနာရ၍ (ရဟန်းပြုရန်မှ)တပါး အခြား အဘယ်သို့ ပြုနိုင်ကုန်အံ့နည်း။

ဂေါဝိန္ဒ (ပုဏ္ဏား)အသျှင်သည် ငါတို့၏ ဆရာပေတည်း၊ ငါတို့သည် သင့်ကို အတုလိုက်၍ ကျင့်ပါကုန်အံ့၊ ချောမွတ်သော အညစ်အကြေး ကင်းစင်သော အလွန်တောက်ပသော ဝေဠုရိယ ပတ္တမြားကဲ့သို့ ဤအဝါပင် အသျှင်ဂေါဝိန္ဒ၏ အဆုံးအမ၌ စင်ကြယ်စွာကျင့်ပါကုန်အံ့ ဟု (ဆို၏)။

အသျှင်ဂေါဝိန္ဒသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ အကယ်၍ ဝင်ရောက်လျှင် အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ဝင်ရောက်သော် သင်၏ အဖြစ်နှင့် ကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆို၏)။

## မင်းခြောက်ပါးတို့ကိုလျှောက်ထားခြင်း

၃၂၂။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် ထိုခြောက်ဦးသောမင်းတို့ထံသို့ ချဉ်းကပ်၍ ခြောက်ဦးသော မင်းတို့အား ဤစကားကို ဆို၏—

"အရှင်တို့ အရှင်တို့အား တိုင်းပြည်ရေးရာတို့ကို စီမံအုပ်ချုပ်မည့် တပါးသော ပုရောဟိတ်ကို ယခုရှာတော်မူပါကုန်လော့၊ အရှင်တို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းငှါ အလိုရှိပါ၏၊ စိမ်းညှိသော အနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ် ကြားနာရသည့်အတိုင်းဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသောသူသည် ထို(စိမ်းညှိသောအနံ့)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ၊ အရှင်တို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့"ဟု (ဆို၏)။

အချင်းတို့ ထိုအခါ ထိုခြောက်ဦးသော မင်းတို့သည် တနေရာသို့ ဖဲသွားပြီးလျှင် "ဤပုဏ္ဏားတို့မည်သည် ဥစ္စာ၌ တပ်မက်ကုန်၏၊ ငါတို့သည် မဟာဂေါဝိန္ဒပုဏ္ဏားကို ဥစ္စာဖြင့် ဖြားယောင်းရမူ ကောင်းလေစွ" ဟု အညီအညွတ်တိုင်ပင်ကုန်၏။ ထိုသို့တိုင်ပင်ပြီးနောက် ထိုမင်းတို့သည် မဟာဂေါဝိန္ဒပုဏ္ဏားထံ ချဉ်းကပ်၍ "အသျှင်ပုဏ္ဏား ဤခုနစ်နိုင်ငံတို့၌ များစွာသော ဥစ္စာနှစ်သည်ရှိပါ၏၊ ထိုဥစ္စာနှစ်မှ အသျှင်ပုဏ္ဏား အလိုရှိသလောက် ဆောင်ယူပါလော့" ဟု ဆိုကြကုန်၏။

http://www.dhammadownload.com



လုံလောက်ပါပြီ အရှင်မင်းတို့ အရှင်မင်းတို့၏ ချီးမြှင့်မှုကြောင့်ပင်လျှင် အကျွန်ုပ်အားလည်း များစွာသော ဥစ္စာနှစ်သည် ရှိနေပါ၏၊ ထိုဥစ္စာနှစ် အားလုံးကို စွန့်ပယ်၍ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါအံ့၊ စိမ်းညှိသောအနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ်ကြားနာရသည့်အတိုင်းဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသောသူသည် ထို(စိမ်းညှိသောအနံ့)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ၊ အရှင်တို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့ ဟု ဆို၏။

အချင်းတို့ ထို့နောက် ထိုခြောက်ဦးသော မင်းတို့သည် တနေရာသို့ ဖဲသွားပြီးလျှင် "ဤပုဏ္ဏားတို့မည်သည် မိန်းမတို့၌ တပ်မက်ကုန်၏၊ ငါတို့သည် မဟာဂေါဝိန္ဒပုဏ္ဏားကို မိန်းမတို့ဖြင့် ဖြားယောင်းရမူကောင်းလေစွ" ဟု အညီအညွတ် တိုင်ပင်ပြန်ကုန်၏။ (ထိုသို့တိုင်ပင်ပြီးနောက်) ထို(မင်း)တို့သည် မဟာဂေါဝိန္ဒ ပုဏ္ဏားထံ ချဉ်းကပ်၍ "အသျှင် ပုဏ္ဏား ဤခုနစ်နိုင်ငံတို့၌ များစွာသောမိန်းမတို့သည် ရှိပါကုန်၏၊ ထို(မိန်းမများထည်း)မှ အသျှင်ပုဏ္ဏား အလိုရှိသလောက် ဆောင်ယူပါလော့" ဟု (ဆိုကြကုန်၏)။

တော်လောက်ပါပြီ အရှင်မင်းတို့ အကျွန်ုပ်အားလည်း အမျိုးတူ မယားလေးဆယ်တို့သည် ရှိပါကုန်၏၊ ထိုမယား အားလုံးတို့ကိုလည်း ပယ်စွန့်၍ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့၊ စိမ်းညှိသောအနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ် ကြားနာရသည့်အတိုင်း ဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသောသူသည် ထို(စိမ်းညှိသောအနံ့)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ၊ အရှင်တို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့ ဟု (ဆို၏)။

၃၂၃။ အသျှင်ဂေါဝိန္ဒသည် လူ့ဘောင်မှ ရဟန်း ဘောင်သို့ အကယ်၍ ဝင်ရောက်လျှင် အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ ဝင်ရောက်သော် သင်၏ အဖြစ်နှင့် အကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

(အရှင်မင်းတို့) ပုထုဇဉ်တို့ ငြိတွယ်ရာ ကာမဂုဏ်တို့ကို သင်တို့ အကယ်၍ စွန့်လိုကုန်ငြားအံ့၊ သည်းခံခြင်းအားဖြင့် ပြည့်စုံစေလျက် မြဲမြံစွာ အားထုတ်ကုန်လော့။

ဗြဟ္မာ့ဘုံသို့ ရောက်ခြင်းငှါ ဤ(ကရုဏာဈာန်)လမ်းသည် ဖြောင့်မတ်သော လမ်းပေတည်း၊ ဤ(ကရုဏာဈာန်)လမ်းသည် အမြတ်ဆုံးလမ်းပေတည်း၊ ဤ(ကရုဏာဈာန်)သည် သူတော်ကောင်းတို့ စောင့်ရှောက်ထားသော တရားကောင်းပေတည်း ဟု (မဟာဂေါဝိန္ဒ ဆို၏)။

သို့ဖြစ်လျှင် အသျှင်ဂေါဝိန္ဒသည် ခုနစ်နှစ် ဆိုင်းငံ့ပါဦးလော့၊ ခုနစ်နှစ် လွန်သောအခါ အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ဝင်ရောက်သော် သင်၏ အဖြစ်နှင့် အကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

အရှင်မင်းတို့ ခုနစ်နှစ်သည် ကြာလွန်းပါ၏၊ အရှင်မင်းတို့ကို ခုနစ်နှစ်ပတ်လုံး အကျွန်ုပ် မဆိုင်းငံ့နိုင်ပါ၊ အရှင်မင်းတို့ မည်သူမျှ အသက်ရှင်နေမည့်ကာလကို မသိနိုင်ပါ၊ တမလွန်ဘဝသို့ မချွတ်သွားရပါမည်၊ (ထိုအချက်များကို) ဆင်ခြင်၍ သိအပ်ပါ၏၊ ကုသိုလ်ကို ပြုအပ်ပါ၏၊ မြတ်သောအကျင့်ကို ကျင့်အပ်ပါ၏၊ (အကြောင်းမှုကား)ပဋိသန္ဓေနေသောသူအား မသေခြင်းသည် မရှိပါ၊ စိမ်းညှိသော အနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ်ကြားနာရသည့်အတိုင်း ဆိုလျှင် အိမ်ရာတည်ထောင် လူ့

http://www.dhammadownload.com



ဘောင်၌ နေသောသူသည် ထို(စိမ်းညိုသောအနံ့)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ၊ အရှင်တို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့ ဟု (ဆို၏)။

သို့ဖြစ်လျှင် အသျှင်ဂေါဝိန္ဒသည် ခြောက်နှစ် ဆိုင်းငံ့ပါဦးလော့။ပ။ ငါးနှစ်ဆိုင်းငံ့ပါဦးလော့။ လေးနှစ်ဆိုင်းငံ့ပါဦးလော့။ သုံးနှစ်ဆိုင်းငံ့ပါဦးလော့။ နှစ်နှစ်ဆိုင်းငံ့ပါဦးလော့။ တနှစ်ဆိုင်းငံ့ပါဦးလော့၊ တနှစ်လွန်သောအခါ အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ဝင်ရောက်သော် သင်၏အဖြစ်နှင့် အကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

အရှင်မင်းတို့ တနှစ်သည် ကြာလွန်းပါသေး၏၊ အရှင်မင်းတို့ကို တနှစ်ပတ်လုံး အကျွန်ုပ်မဆိုင်းငံ့နိုင်ပါ၊ အရှင်မင်းတို့ မည်သူမျှ အသက်ရှင်နေမည့်ကာလကို မသိနိုင်ပါ၊ တမလွန်ဘဝသို့ မချွတ်သွားရပါမည်၊ (ထိုအချက်များကို)ဆင်ခြင်၍ သိအပ်ပါ၏၊ ကုသိုလ်ကို ပြုအပ်ပါ၏၊ မြတ်သော အကျင့်ကို ကျင့်အပ်ပါ၏၊ အကြောင်းမူကား ပဋိသန္ဓေနေသောသူအား မသေခြင်းမည်သည် မရှိပါ။ စိမ်းညိုသောအနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ်ကြားနာရသည့် အတိုင်းဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌နေသော သူသည် ထို(စိမ်းညိုသောအနံ့)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ။ အရှင်တို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့ ဟု (ဆို၏)။

သို့ဖြစ်လျှင် အသျှင်ဂေါဝိန္ဒသည် ခုနစ်လဆိုင်းငံ့ပါဦးလော့၊ ခုနစ်လလွန်သောအခါ အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ဝင်ရောက်သော် သင်၏ အဖြစ်နှင့် အကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

အရှင်မင်းတို့ ခုနစ်လသည် ကြာလွန်းပါသေး၏၊ အရှင်မင်းတို့ကို ခုနစ်လပတ်လုံး အကျွန်ုပ် မဆိုင်းငံ့နိုင်ပါ၊ အရှင်မင်းတို့ မည်သူမျှ အသက်ရှင်မည့်ကာလကို မသိနိုင်ပါ၊ တမလွန်ဘဝသို့ မချွတ်သွားရပါမည်၊ (ထိုအချက်များကို)ဆင်ခြင်၍ သိအပ်ပါ၏၊ ကုသိုလ်ကို ပြုအပ်ပါ၏၊ မြတ်သောအကျင့်ကို ကျင့်အပ်ပါ၏၊ (အကြောင်းမူကား) ပဋိသန္ဓေနေသောသူအား မသေခြင်း မည်သည် မရှိပါ။ စိမ်းညိုသော အနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ်ကြားနာရသည့်အတိုင်းဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌နေသော သူသည် ထို(စိမ်းညိုသောအနံ့)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ။ အရှင်မင်းတို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့ ဟု (ဆို၏)။

သို့ဖြစ်လျှင် အသျှင်ဂေါဝိန္ဒသည် ခြောက်လဆိုင်းငံ့ပါဦးလော့။ပ။ ငါးလဆိုင်းငံ့ပါဦးလော့။ လေးလဆိုင်းငံ့ပါဦးလော့။ သုံးလဆိုင်းငံ့ပါဦးလော့။ နှစ်လဆိုင်းငံ့ပါဦးလော့။ တလဆိုင်းငံ့ပါဦးလော့။ လခွဲဆိုင်းငံ့ပါဦးလော့၊ လခွဲလွန်သောအခါ အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ဝင်ရောက်သော် သင်၏အဖြစ်နှင့် အကျွန်ုပ်တို့၏အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

အရှင်မင်းတို့ လခွဲသည် ကြာလွန်းပါသေး၏၊ အရှင်မင်းတို့ကို လခွဲပတ်လုံး အကျွန်ုပ် မဆိုင်းငံ့နိုင်ပါ၊ အရှင်မင်းတို့ မည်သူမျှ အသက်ရှင်နေမည့် ကာလကို မသိနိုင်ပါ၊ တမလွန်ဘဝသို့ မချွတ်သွားရပါမည်၊ (ထိုအချက်များကို)ဆင်ခြင်၍ သိအပ်ပါ၏၊ ကုသိုလ်ကို ပြုအပ်ပါ၏၊ မြတ်သောအကျင့်ကို ကျင့်အပ်ပါ၏၊ အကြောင်းမူကား ပဋိသန္ဓေနေသောသူအား မသေခြင်းမည်သည် မရှိပါ၊ စိမ်းညိုသော အနံ့တို့ကို ဗြဟ္မာပြောဟော၍ အကျွန်ုပ် ကြားနာရသည့်အတိုင်းဆိုလျှင် အိမ်ရာတည်ထောင် လူ့

http://www.dhammadownload.com



ဘောင်၌ နေသောသူသည် ထို(စိမ်းညို့သောအန့်)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ။ အရှင်မင်းတို့ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါတော့အံ့ ဟု (ဆို၏)။

သို့ဖြစ်လျှင် အကျွန်ုပ်တို့သည် မိမိတို့၏ သား ညီအစ်ကိုတို့ကို မင်းအဖြစ်ဖြင့် (လွှဲအပ်လျက်) ဆုံးမပြီးသည်တိုင်အောင် အသျှင်ဂေါဝိန္ဒသည် ခုနစ်ရက်မျှ ဆိုင်းငံ့တော်မူပါလော့၊ ခုနစ်ရက်လွန်သော အခါ အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ဝင်ရောက်သော် သင်၏အဖြစ်နှင့် အကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

အရှင်မင်းတို့ ခုနစ်ရက်သည်ကား မကြာမြင့်လှပေ အရှင်တို့ကို ခုနစ်ရက် အကျွန်ုပ် ဆိုင်းငံ့ပါအံ့ ဟု (ဆို၏)။

## ပုဏ္ဏားသူဌေး စသည်တို့အား ပြောကြားခြင်း

၃၂၄။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် ပုဏ္ဏားသူဌေးခုနစ်ယောက်နှင့် သန့်စင်ပြီးသော ပုဏ္ဏားလုလင် ခုနစ်ရာတို့ထံသို့ ချဉ်းကပ်၍ ထိုသူတို့အား ဤစကားကို ဆို၏—

"အချင်းတို့ သင်တို့အား ဗေဒင်တို့ကို သင်ကြားပေးမည့် တပါးသောဆရာကို ရှာကြကုန်လော့၊ အချင်းတို့ ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းငှါ အလိုရှိ၏၊ စိမ်းညို့သောအန့်တို့ကို ဗြဟ္မာပြောဟော၍ ငါကြားနာရသည့်အတိုင်း ဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌နေသော သူသည် ထို(စိမ်းညို့သောအန့်)တို့ကို ပယ်ဖျောက်ရန်မလွယ်။ အချင်းတို့ ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်တော့အံ့" ဟု (ဆို၏)။

အသျှင်ဂေါဝိန္ဒသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်ရောက်ပါလင့်၊ အသျှင်(ဂေါဝိန္ဒ) ရဟန်းအဖြစ်သည် တန်ခိုးလည်း နည်းပါ၏၊ လာဘ်သပ်ပကာလည်း နည်းပါ၏၊ (ပုရောဟိတ်)ပုဏ္ဏား အဖြစ်သည်ကား တန်ခိုးလည်း ကြီးပါ၏၊ လာဘ်သပ်ပကာလည်း များပါ၏ ဟု (ဆိုကြကုန်၏)။

အချင်းတို့ "ရဟန်းအဖြစ်သည် တန်ခိုးလည်း နည်း၏၊ လာဘ်သပ်ပကာလည်း နည်း၏၊ (ပုရောဟိတ်) အဖြစ်သည်ကား တန်ခိုးလည်းကြီး၏၊ လာဘ်သပ်ပကာလည်း များ၏" ဟု သင်တို့ မဆိုကြကုန်လင့်။ အချင်းတို့ အဘယ်သူသည် ငါ့ထက်သာ၍ တန်ခိုးကြီးအံ့နည်း၊ လာဘ်သပ်ပကာ များအံ့နည်း၊ အချင်းတို့ ငါသည် ယခုအခါ မင်းတို့၏ (အလယ်၌) (စကြဝတေး) မင်းကဲ့သို့ ဗြဟ္မာတို့၏ (အလယ်၌) မဟာဗြဟ္မာကဲ့သို့ သူကြွယ်တို့၏ (အလယ်၌) နတ်ကဲ့သို့ ဖြစ်၏။ ငါသည် ထိုအလုံးစုံကို စွန့်ပယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်တော့အံ့၊ စိမ်းညို့သောအန့်တို့ကို ဗြဟ္မာပြောဟော၍ ငါကြားနာရသည့်အတိုင်းဆိုလျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌နေသော သူသည် ထို(စိမ်းညို့သောအန့်)တို့ကို ပယ်ဖျောက်ရန် မလွယ်ပါ။ အချင်းတို့ ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်တော့အံ့ ဟု (ဆို၏)။

အသျှင်ဂေါဝိန္ဒသည် အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လျှင် အကျွန်ုပ်တို့ သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါကုန်အံ့၊ ထိုသို့ဝင်ရောက်သော် သင်၏အဖြစ် နှင့် အကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

http://www.dhammadownload.com



## မယားတို့ကိုပြောကြားခြင်း

၃၂၅။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် အမျိုးဇာတ်တူ မယားလေးဆယ်တို့ထံ ချဉ်းကပ်၍ ထိုမယားတို့အား ဤစကားကိုဆို၏—

"ရှင်မတို့အလိုအတိုင်း မိမိတို့အမျိုးအိမ်သို့မူလည်းသွားကုန်လေ ၁၊ တပါးသောလင်ကိုမူလည်း ရှာကုန်လော့။ ရှင်မတို့ ငါသည်ကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းငှါ အလိုရှိ၏၊ စိမ်းညှိသော အနံ့တို့ကို ဗြဟ္မာပြောဟော၍ ငါကြားနာရသည့်အတိုင်း ဆိုလျှင် အိမ်ရာ တည်ထောင် လူ့ဘောင်၌ နေသောသူသည် ထို(စိမ်းညှိသောအနံ့)တို့ကို ပယ်ဖျောက်ရန်မလွယ်။ ရှင်မတို့ ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်တော့အံ့" ဟု (ဆို၏)။

(အရှင်ဂေါဝိန္ဒ)ဆွေမျိုးကို အလိုရှိသူ အကျွန်ုပ်တို့အား သင်သည်သာလျှင် ဆွေမျိုးပါတည်း၊ လင်ကိုအလိုရှိသူ အကျွန်ုပ်တို့အား သင်သည်သာလျှင် လင်ပါတည်း၊ အရှင်ဂေါဝိန္ဒသည် အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်အံ့၊ အကျွန်ုပ်တို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကုန်အံ့၊ ထိုသို့ဝင်ရောက်သော် အရှင်၏အဖြစ်နှင့် အကျွန်ုပ်တို့၏ အဖြစ်သည် တူညီပါလတ္တံ့ ဟု (ဆိုကြကုန်၏)။

## မဟာဂေါဝိန္ဒပုဏ္ဏားရဟန်းပြုခြင်း

၃၂၆။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် ထိုခုနစ်ရက်လွန်သောအခါ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လေ၏။ မဟာဂေါဝိန္ဒပုဏ္ဏား ရဟန်းပြုသည်ရှိသော် အဘိသိက်ခံပြီးသော မင်းမျိုးအစစ်ဖြစ်သော မင်းခုနစ်ဦးတို့သည်၎င်း ပုဏ္ဏားသူဌေးခုနစ်ယောက်တို့သည်၎င်း သန့်စင်ပြီးသော ပုဏ္ဏားလုလင်ခုနစ်ရာတို့သည်၎င်း အမျိုးဇာတ်တူ မယားလေးဆယ်တို့သည်၎င်း ထောင်ပေါင်းများစွာသော မင်းပုဏ္ဏား သူကြွယ် များစွာသော မောင်းမတို့နှင့်တကွသော မိန်းမတို့သည်၎င်း ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုး အဝတ်တို့ကိုဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော မဟာဂေါဝိန္ဒပုဏ္ဏားကို အတုလိုက်၍ ရဟန်းပြုကြကုန်၏။

အချင်းတို့ မဟာဂေါဝိန္ဒပုဏ္ဏားသည် ထိုပရိသတ်တို့ဖြင့် ခြံရံလျက် ရွာနိဂုံး မင်းနေပြည် တို့သို့ ဒေသစာရီလှည့်လည်၏။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားသည် အကြင်ရွာသို့၎င်း နိဂုံးရွာသို့၎င်း ချဉ်းကပ်၏။ ထိုရွာနိဂုံးဝယ် မင်းတို့၏ အလယ်၌ (စကြဝတေး)မင်းကဲ့သို့ ဗြဟ္မာတို့၏ အလယ်၌ (မဟာ)ဗြဟ္မာကဲ့သို့ သူကြွယ်တို့၏ အလယ်၌နတ်ကဲ့သို့ဖြစ်၏။ ထိုအခါ လူတို့သည် ချော်ဆော်ကုန်သော်၎င်း ချော်လဲကုန်သော်၎င်း "မဟာဂေါဝိန္ဒပုဏ္ဏားအား ရှိခိုးပါ၏၊ မင်းခုနစ်ဦးတို့၏ ပုရောဟိတ်(ပုဏ္ဏား)အား ရှိခိုးပါ၏" ဟု ဆိုကုန်၏။

၃၂၇။ မဟာဂေါဝိန္ဒပုဏ္ဏားသည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို။ သုံးခုမြောက်အရပ်မျက်နှာကို။ လေးခု မြောက်အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍

http://www.dhammadownload.com



သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့်ပြန့်နှံ့စေ၍ နေ၏။

သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့်။ပ။

ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့်။ပ။

လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ တပည့်တို့အား ဗြဟ္မာ့လောက၌ (ဗြဟ္မာ၏)အပေါင်းအဖော် ဖြစ်ရန် လမ်းကို ဟောကြားလေ၏။

၃၂၈။ အချင်းတို့ ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏား၏အဆုံးအမကို အကြွင်းမဲ့သိသော တပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာဖြစ်သောဗြဟ္မာ့လောကသို့ ကပ်ရောက်ကုန်၏။ (မဟာဂေါဝိန္ဒပုဏ္ဏား၏) အဆုံးအမကို အကြွင်းမဲ့မသိသော တပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ပရနိမ္မိတဝသဝတ္တီနတ်ပြည်သို့ အချို့ရောက်ကုန်၏။ နိမ္မာနရတိ နတ်ပြည်သို့ အချို့ရောက်ကုန်၏။ တုသိတာ နတ်ပြည်သို့ အချို့ရောက်ကုန်၏။ ယာမာ နတ်ပြည်သို့ အချို့ရောက်ကုန်၏။ တာဝတိံသာနတ်ပြည်သို့ အချို့ရောက်ကုန်၏။ စာတုမဟာရာဇ် နတ်ပြည်သို့ အချို့ရောက်ကုန်၏။ အနိမ့်ဆုံးနတ်မျိုး၌ ဖြစ်သောသူတို့သည်ပင် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ထိုအမျိုးသားတို့၏ ရဟန်းပြုခြင်းသည် အချည်းနှီးမဖြစ်၊ မမြုံ၊ အကျိုးရှိ၏၊ အစီးအပွားရှိ၏ ဟု (သနင်္ကုမာရဗြဟ္မာသည် ပြောဟောပါ၏)။

၃၂၉။ မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို အမှတ်ရပါ၏လော။ ပဉ္စသိခ ငါအမှတ်ရ၏။ ငါသည် ထိုအခါ မဟာဂေါဝိန္ဒပုဏ္ဏားဖြစ်ခဲ့၏။ ငါသည် တပည့်တို့အား ဗြဟ္မာ့ဘုံ၌(ဗြဟ္မာ၏)အပေါင်း အဖော်ဖြစ်ရန် လမ်းကို ဟောကြားခဲ့၏။ ပဉ္စသိခ (မဟာဂေါဝိန္ဒပုဏ္ဏားဖြစ်စဉ်အခါ) ငါဟောကြား ခဲ့သော ထိုမြတ်သောအကျင့်သည် စင်စစ်ငြီးငွေ့ရန် အလို့ငှါမဖြစ်၊ တပ်မက်ခြင်းကင်းရန် အလို့ငှါ မဖြစ်၊ (ဝဋ်ဆင်းရဲ)ချုပ်ရန် အလို့ငှါမဖြစ်၊ (ရာဂစသည်) ငြိမ်းရန် အလို့ငှါမဖြစ်၊ ထူးသောဉာဏ် ဖြင့် သိရန် အလို့ငှါမဖြစ်၊ (သစ္စာလေးပါးကို)သိရန် အလို့ငှာမဖြစ်၊ (နိဗ္ဗာန်ကို) မျက်မှောက်ပြုရန် အလို့ငှါမဖြစ်၊ ဗြဟ္မာ့ဘုံသို့ ရောက်ရုံမျှသာဖြစ်၏။ ပဉ္စသိခ(ယခုငါဟောသော)ဤမြတ်သောအကျင့် သည်ကား စင်စစ်ငြီးငွေ့ရန် အလို့ငှါဖြစ်၏၊ တပ်မက်ခြင်းကင်းရန် အလို့ငှါဖြစ်၏၊ (ဝဋ်ဆင်းရဲ)ချုပ် ရန် အလို့ငှါဖြစ်၏၊ (ကိလေသာ)ငြိမ်းရန် အလို့ငှါဖြစ်၏၊ ထူးသောဉာဏ်ဖြင့် သိရန် အလို့ငှါဖြစ်၏၊ (သစ္စာလေးပါးကို) သိရန် အလို့ငှါဖြစ်၏၊ နိဗ္ဗာန်(ကိုမျက်မှောက်ပြုရန်) အလို့ငှါဖြစ်၏၊ ထိုအကျင့် သည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။

ဤ(အရိယာမဂ်)တို့ကား အဘယ်နည်းဟူမူ—

မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ် ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့တည်း။

http://www.dhammadownload.com



ပဉ္စသိခ ဤမြတ်သောအကျင့်သည် စင်စစ်ငြီးငွေ့ရန် အလို့ငှါ တပ်မက်ခြင်းကင်းရန် **အလို့ငှါ** (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါ (ကိလေသာ)ငြိမ်းရန်အလို့ငှါ ထူးသောဉာဏ်ဖြင့် **သိရန်အလို့ငှါ** (သစ္စာလေးပါး) ကိုသိရန်အလို့ငှါ နိဗ္ဗာန် (ကိုမျက်မှောက်ပြုရန်)အလို့ငှါဖြစ်၏။

၃၃၀။ ပဉ္စသိခ ငါ၏အဆုံးအမကို အကြွင်းမဲ့သိသော တပည့်တို့သည် **အာသဝေါတို့၏ ကုန်ခြင်း** ကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ ရောက်လျက် (ရဟန္တာဖြစ်၍)နေရကုန်၏။

ငါ၏ အဆုံးအမကို အကြွင်းမဲ့ မသိသော တပည့်တို့သည် အောက် (ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဘို့ရှိသော ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ)၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထို(ဘုံ)၌သာလျှင် ပရိနိဗ္ဗာန်ပြုသော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ် ဖြစ်ရကုန်၏။ ငါ၏အဆုံးအမကို အကြွင်းမဲ့ မသိသော ထိုတပည့်အချို့တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်ငှင်း တပ်မက်ခြင်း 'ရာဂ' ပြစ်မှားခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' တို့၏ ခေါင်းပါးခြင်း ကြောင့်ငှင်း ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်ရကုန်၏။ ငါ၏အဆုံးအမကို အကြွင်းမဲ့မသိသော တပည့်အချို့တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်း သဘောမရှိမူ၍ ကိန်းသေ မြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်ရကုန်၏။ ပဉ္စသိခ ဤသို့လျှင် ဤ အမျိုးသား အားလုံးတို့၏ ရဟန်းပြုခြင်းသည် အချည်းနှီး မဖြစ်၊ မမြုံ၊ အကျိုးရှိ၏၊ အစီးအပွါးရှိ၏ ဟု (**ဟောတော်မူ၏**)။

မြတ်စွာဘုရားသည် ဤ(တရားတော်ကို) ဟောတော်မူ၏။ ဂန္ဓဗ္ဗနတ်မျိုးဖြစ်သော **ပဉ္စသိခ** သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို အလွန်နှစ်လိုသည် ဖြစ်၍ **မြတ်စွာဘုရားကို** ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေသတည်း။

**ခြောက်ခုမြောက် မဟာဂေါဝိန္ဒသုတ် ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၇-မဟာသမယသုတ်

၃၃၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် —

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်းဖြစ်သော ရဟန်းသံဃာများစွာနှင့်အတူ သီတင်းသုံးနေတော်မူ၏၊ စကြဝဠာ တထောင်စီရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ နတ်ပြဟ္မာတို့သည်လည်း မြတ်စွာဘုရားကိုရင်း ရဟန်းသံဃာကိုရင်း ဖူးမြော်ခြင်းငှါ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏။

ထိုအခါ သုဒ္ဓါဝါသဘုံ၌ နေသော ပြဟ္မာလေးဦးတို့အား ဤသို့သော အကြံသည် ဖြစ်၏—

"ဤမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်းဖြစ်သော ရဟန်းသံဃာများစွာနှင့်အတူ သီတင်းသုံးနေတော်မူ၏၊ စကြဝဠာ တထောင်စီရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ နတ်တို့သည်လည်း မြတ်စွာဘုရားကိုရင်း ရဟန်း သံဃာကိုရင်း ဖူးမြော်ခြင်းငှါ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ အထံတော်၌ အသီးအသီး ဂါထာတပုဒ်စီ ရွတ်ဆိုရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

၃၃၂။ ထိုအခါ ထိုပြဟ္မာ (လေးဦး) တို့သည် ဥပမာအားဖြင့် ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ရင်း ဆန့်သောလက်ကို ကွေးသကဲ့သို့ရင်း ဤအတူ သုဒ္ဓါဝါသ ပြဟ္မာဘုံမှ ကွယ်ခဲ့၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားပေါ်လာကုန်၏။ ထို့နောက် ထိုပြဟ္မာ တို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ရပ်ပြီးလျှင် တဦးသောပြဟ္မာသည် မြတ်စွာဘုရား ၏အထံတော်၌ ဤဂါထာကို ရွတ်ဆို၏—

"(အသျှင်ဘုရား) မဟာဝုန်တော၌ နတ်ပြဟ္မာအပေါင်းတို့သည် စုရုံးလာရောက်ကြသဖြင့် အစည်းအဝေးကြီး ဖြစ်လျက်ရှိနေပါ၏၊ အကျွန်ုပ်တို့သည်လည်း (ကိလေသာရန်သူတို့) မအောင်နိုင်သော သံဃာတော်ကို ဖူးမြော်ခြင်းငှါ ဤတရားသဘင် အစည်းအဝေးသို့ လာ ရောက်ပါကုန်၏" ဟု (ရွတ်ဆို၏)။

ထို့နောက် တဦးသော ပြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏—

"(အသျှင်ဘုရား) ထို(အစည်းအဝေ)၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထားပါကုန်၏။ ရထားထိန်းသည် (မြင်းဇက်)ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိ (ရဟန်း)တို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏" ဟု (ရွတ်ဆို၏)။

ထို့နောက် တဦးသော ပြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏—

"(အသျှင်ဘုရား) မြတ်စွာဘုရား ကောင်းစွာ ဆုံးမထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်တို့သည် (ရာဂ ဒေါသ မောဟ တည်းဟူသော) ခလုတ် တံသင်းနှင့် တံခါးကျည်း မင်းတုပ်ကို ဖြတ်ပြီးလျှင် (ရာဂ ဒေါသ မောဟ တည်းဟူသော) တံခါးတိုင်ကိုနုတ်၍ လှည့်လည်သွားလာနေကြကုန်၏" ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



ထို့နောက် တဦးသော ပြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏—

"(အသျှင်ဘုရား) မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ အားလုံးတို့သည် အပါယ်ဘုံသို့ မရောက်ကြပါကုန်လတ္တံ့၊ လူ့ခန္ဓာကို စွန့်ပယ်၍ နတ်ပြည်၌ ဖြစ်ကြပါကုန်လတ္တံ့" ဟု (ရွတ်ဆို၏)။

## နတ်အစည်းအဝေး

၃၃၃။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ စကြာဝဠာတထောင်စီရှိသောလောကဓာတ်ဆယ်ခုတို့မှ နတ်ပြဟ္မာတို့သည် မြတ်စွာဘုရားကိုငင်း ရဟန်းသံဃာကိုငင်း ဖူးမြော်ခြင်ငှါ အမျှားအားဖြင့် စည်းဝေးလာရောက်ကုန်၏။ ရဟန်းတို့ အတိတ်ကာလ၌ ပွင့်တော်မူသော ပုဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌လည်း ယခုငါ၏ လက်ထက်၌ကဲ့သို့ ဤမျှ အတိုင်းအရှည်ရှိသော နတ်ပြဟ္မာတို့သည် စည်းဝေးခဲ့ကြကုန်ပြီ။

ရဟန်းတို့ အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌လည်း ယခု ငါ၏လက်ထက်၌ ကဲ့သို့ ဤမျှ အတိုင်းအရှည်ရှိသော နတ်ပြဟ္မာတို့သည် စည်းဝေးကြကုန်လတ္တံ့။

ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့၏ အမည်တို့ကို ပြောကြားပေအံ့၊ ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့၏ အမည်တို့ကို ကြေငြာပေအံ့၊ ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့၏ အမည်တို့ကို ဟောကြားပေအံ့၊ ထိုစကားကို နာကြလော့၊ ကောင်းစွာ နှလုံးသွင်းကြလော့၊ ဟောပေအံ့" ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏။

၃၃၄။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ဂါထာဖွဲ့၍ ဟောကြားပေအံ့၊ အကြင်ရဟန်းတို့သည် ဘုမ္မစိုးနတ်တို့ မှီဝဲနေထိုင်ရာဖြစ်သော ထိုထိုအရပ်ကို မှီ၍ နေကုန်၏၊ တောင်ခေါင်းကို မှီ၍ နေကုန်၏၊ ထိုရဟန်းတို့သည် နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိကုန်၏၊ တည်ကြည်သောစိတ်ရှိကုန်၏၊ ထိုမျှားစွာသော ရဟန်းတို့သည် ကြက်သီးမွေးညှင်းမျှ ထခြင်းမရှိမူ၍ ခြင်္သေ့မင်းကဲ့သို့တပါးတည်း ကိန်းအောင်းလေ့ရှိကုန်၏၊ ဖြူစင်သောစိတ်ရှိ၍ နောက်ကျုကင်းလျက် သန့်ရှင်းကြည်လင်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် မဟာဝုန်တော၌ တပည့်သာဝက ငါးရာကျော်တို့ သာသနာတော်ဝယ် မွေ့လျော်နေကြသည်ကို သိတော်မူ၍ ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့သည် ရှေးရှုလာရောက်လျက်ရှိကုန်၏၊ ထို(နတ်ပြဟ္မာအပေါင်း)တို့ကို (ဒိဗ္ဗစက္ခုဉာဏ်ဖြင့်) သိကုန်လော့ ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရား၏အဆုံးအမကို ကြားနာရ၍ (သိခြင်းငှါ) အားထုတ်ကုန်၏။

ထိုရဟန်းတို့အား နတ်ပြဟ္မာတို့ကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ အချို့သော ရဟန်းတို့သည် နတ်ပြဟ္မာတရာကို မြင်ကုန်၏၊ အချို့သော ရဟန်းတို့သည်

http://www.dhammadownload.com



တထောင်ကို အချွံသော ရဟန်းတို့သည် ခုနစ်သောင်းကို အချွံသောရဟန်းတို့သည် နတ်ပြဟ္မာတသိန်းကို မြင်ကုန်၏၊ အချို့သော ရဟန်းတို့သည် နတ်ပြဟ္မာ အနန္တကို မြင်ကုန်၏၊ အရပ်မျက်နှာ အားလုံးတို့သည် နတ်ပြဟ္မာတို့ဖြင့် ပြည့်နှက်လျက် ရှိကုန်၏။

ထိုအခါ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထို(ရဟန်းတို့၏ အသီးသီး မြင်ပုံ)အလုံးစုံကို ထူးသောဉာဏ်ဖြင့်သိ၍ ပိုင်းခြားမှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော်ကုန်သော တပည့်သာဝကတို့အား မိန့်တော်မူ၏—

ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့သည် ရှေးရှုလာရောက်လျက်ရှိကုန်၏၊ ထို(နတ်ပြဟ္မာ) တို့ကို (ဒိဗ္ဗစက္ခုဉာဏ်ဖြင့်)သိကုန်လော့၊ ယင်းနတ်ပြဟ္မာတို့ကို သင်တို့အား ဂါထာဖြင့် အစဉ်အတိုင်း ငါပြောကြားပေအံ့။

၃၃၅။ (ရဟန်းတို့) မြေ၌တည်ကုန်သော ကပိလဝတ်ပြည်ကို မှီ၍ နေကုန်သော တန်ခိုးအာနုဘော် ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ထိုခုနစ်ထောင်သောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ဟိမဝန္တာတောင်၌ နေကုန်သော အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော် ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ခြောက်ထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

သာတာဂိရိတောင်၌ နေကုန်သော အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော သုံးထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဤတသောင်းခြောက်ထောင်သောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ဝေဿာမိတ္တတောင်၌ နေကုန်သော အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ငါးရာသော နတ်တို့သည် မဟာဝုန်တောရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်၌နေသော ကုမ္ဘီရနတ် (စစ်သူကြီး)ကို အသိန်းမကသော နတ်တို့သည် ခြံရံခစားကုန်၏၊ ရာဇဂြိုဟ်ပြည်၌နေသော ထိုကုမ္ဘီရနတ် (စစ်သူကြီး)သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်၏။

၃၃၆။ အရှေ့အရပ်ကို အုပ်စိုးသော ဂန္ဓဗ္ဗနတ်တို့၏အရှင် ဓတရဋ္ဌ (နတ်မင်းကြီး)သည် များသောအခြံအရံရှိ၏။

http://www.dhammadownload.com



ထို(နတ်မင်းကြီး)၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အားကြီးကုန်သော တန်ခိုးအာနုဘော် ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

တောင်အရပ်ကို အုပ်စိုးသော ကုမ္ဘဏ်တို့၏အရှင် ဝိရူဠ္ဟက(နတ်မင်းကြီး)သည် များသော အခြံအရံရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အားကြီးကုန်သော တန်ခိုး အာနုဘော် ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အနောက်အရပ်ကို အုပ်စိုးသော နဂါးတို့၏ အရှင် ဝိရူပက္ခ (နတ်မင်းကြီး)သည် များသော အခြံအရံရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အားကြီးကုန်သော တန်ခိုး အာနုဘော် ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက် ဝမ်းသာ လာရောက်ကုန်၏။

မြောက်အရပ်ကို အုပ်စိုးသော နတ်ဘီလူးတို့၏ အရှင် ကုဝေရ (နတ်မင်းကြီး)သည် များသော အခြံအရံရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အားကြီးကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အရှေ့အရပ်၌ ဓတရဋ္ဌ(နတ်မင်းကြီး) တောင်အရပ်၌ ဝိရူဠ္ဟက(နတ်မင်းကြီး) အနောက်အရပ်၌ ဝိရူပက္ခ(နတ်မင်းကြီး) မြောက်အရပ်၌ ကုဝေရ(နတ်မင်းကြီး)။

ထိုနတ်မင်းကြီး လေးယောက်တို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ အလွန်တောက်ပကုန်လျက် ကပိလဝတ်ပြည် မဟာဝုန်တော၌ တည်ရှိကုန်၏။

၃၃၇။ ထို(နတ်မင်းကြီး)တို့၏ ကျွန်ယုံတော်ဖြစ်ကုန်သော ပရိယာယ်မာယာ များကုန်သော လှည့်စားတတ်ကုန်သော ကောက်ကျစ်စဉ်းလဲတတ်ကုန်သော မာယာနတ် ကုဋေဏ္ဍုနတ် ဝိဋေဏ္ဍုနတ် ဝိဋုစ္စနတ် ဝိဋုဋ္ဌနတ်နှင့်တကွ—

စန္ဒနနတ် ကာမသေဋ္ဌနတ် ကိန္နိဃဏ္ဍုနတ် နိဃဏ္ဍုနတ်တို့သည် လာရောက်ကုန်၏၊ ပနာဒနတ် ဩပမညနတ် ရထားထိန်းမာတလိနတ် စိတ္တမည်သောဂန္ဓဗ္ဗနတ် သေနမည်သော ဂန္ဓဗ္ဗနတ် စိတ္တသေနမည်သောဂန္ဓဗ္ဗနတ် နဠရာဇာနတ် ဇနေသဘနတ် ပဉ္စသိခနတ် တိမ္ဗရုနတ် သူရိယဝစ္ဆသာနတ်သမီး။

http://www.dhammadownload.com



ဤ (ဆိုခဲ့ပြီးသော ဂန္ဓဗ္ဗနတ်) တို့သည်ရှင်း တပါးသောနတ်တို့သည်ရှင်း နတ်မင်းကြီးတို့နှင့်အတူ မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

၃၃၈။ ထိုမှတပါး နာဂသအိုင်၌ နေသောနဂါးတို့နှင့် ဝေသာလီ၌နေသော နဂါးတို့သည် နဂါးပရိသတ်နှင့်အတူ လာရောက်ကုန်၏၊ ကမ္ဗလမည်သောနဂါး အဿတရမည်သော နဂါးနှင့် ပယာဂဆိပ်၌နေသော နဂါးတို့သည် ဆွေမျိုးတို့နှင့်အတူ လာရောက်ကုန်၏။

အခြံအရံများကုန်သော ယမုနာမြစ်၌နေသော နဂါးတို့နှင့် ဓတရဋ္ဌအမျိုး၌ဖြစ်သောနဂါးတို့သည် လာရောက်ကုန်၏၊ ဧရာဝဏ် ဆင်ပြောင်ကြီးမည်သော ထိုနတ်သားသည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်ကုန်၏။

အကြင်ဂဠုန်တို့သည် (ဆိုခဲ့ပြီးသော) နဂါးမင်းတို့ကို အနိုင်အထက်ပြု၍ ဖမ်းယူနိုင်ကုန်၏၊ နတ်ကဲ့သို့ အာနုဘော်ရှိကုန်၏၊ (အမိဝမ်းနှင့် ဥခွံတွင်းမှ) နှစ်ကြိမ် မွေးဖွားရကုန်၏၊ အတောင်ရှိကုန်၏၊ စင်ကြယ်သော မျက်စိ အမြင်ရှိကုန်၏၊ စိတြသုပဏ္ဏအမည်ရှိကုန်၏ ထို ဂဠုန်တို့သည် ကောင်းကင်ခရီးဖြင့်တောအုပ်အလယ်သို့ ရောက်လာကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဂဠုန်မှဘေးငြိမ်းအောင် ပြုတော်မူသဖြင့် နဂါးတို့အားဘေးကင်းလေ၏၊ နဂါးနှင့် ဂဠုန်တို့သည် သိမ်မွေ့သောစကားတို့ဖြင့် ခေါ်ဝေါ်ပြောဆိုလျက် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။

၃၃၉။ ဝရဇိန်လက်နက်ရှိသော သိကြားမင်းကို စစ်ရှုံးသဖြင့် သမုဒ္ဒရာကို မှီ၍ နေရကုန်သော အသုရာတို့သည် သိကြားမင်း၏ ညီနောင်တို့ပင်ဖြစ်ကုန်၏၊ တန်ခိုးကြီးကုန်၏၊ အခြံအရံများကုန်၏။

ကာလကဉ္စအသုရာတို့သည် ကြီးမား၍ ကြောက်မက်ဖွယ်ကောင်းသော ကိုယ်ကိုဖန်ဆင်းလျက်လာကုန်၏။ ဒါနဝေဃသမည်သော (လေးသမား) အသုရာ ဝေပစိတ္တိအသုရာ သုစိတ္တိအသုရာ ပဟာရာဒအသုရာတို့သည် မာရ်နတ်သားနှင့်တကွ လာရောက်ကုန်၏။

အားလုံးပင် ဝေရောစအမည်ရှိကုန်သော ဗလိအသုရာကြီး၏ သားတရာတို့သည် ဗလိအသုရာ စစ်တပ်ကို လက်နက်တပ်ဆင်ပြီးလျှင် ရာဟု အသုရိန်ကြီးထံ ချဉ်းကပ်၍ သင့်အားကောင်းခြင်း မင်္ဂလာ (ဖြစ်ပါစေသတည်း) မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ သွားရန် အချိန်တန်ပါပြီဟု ပြောဆိုကုန်၏။

၃၄၀။ ထိုအခါ၌ အာပေါနတ် ပထဝီနတ် တေဇောနတ် ဝါယောနတ် ဝရုဏနတ် ဝါရဏနတ် သောမနတ်တို့သည် ယသနတ်နှင့် တကွ လာရောက်ကုန်၏၊ အခြံအရံများကုန်သော မေတ္တာနတ် ကရုဏာနတ် တို့သည်လည်း လာရောက်ကုန်၏။

တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော ဆယ်မျိုးကွဲပြားသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်း အဝေးသို့ ဝမ်းမြောက် ဝမ်းသာလာရောက်ကုန်၏။

ဝေဏ္ဍုနတ် သဟလိနတ် အသမနတ်တို့နှင့်တကွ ယမနတ် နှစ်မျိုးတို့သည် လာရောက်ကုန်၏၊ လ၏အခြံအရံဖြစ်သော နတ်တို့သည် လနတ်မင်းကို ရှေ့ထား၍ လာရောက်ကုန်၏။

http://www.dhammadownload.com



နေ၏ အခြံအရံဖြစ်သောနတ်တို့သည် နေနတ်မင်းကို ရှေ့ထား၍ လာကုန်၏၊ ကြယ်တို့၏ အခြံအရံဖြစ်ကြကုန်သော နတ်တို့သည် ကြယ်နတ်မင်းတို့ကို ရှေ့ထား၍ လာရောက်ကုန်၏၊ မန္ဒဝလာဟကနတ်တို့သည်လည်း လာရောက်ကုန်၏။

နတ်တို့၏ အကြီးအမှူးဖြစ်သော ရှေး၌ အလှူပေးဘူးသည့် ဝါသဝမည်သော သိကြားမင်း သည်လည်း လာရောက်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအရုံးဆယ်ခုတို့ သည် မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

ထိုမှတပါး မီးလျှံကဲ့သို့ တောက်ပသော သဟဘူနတ်တို့သည်၎င်း အောက်မဲညိုပွင့်နှင့် တူသော အဆင်းရှိကုန်သော အရိဋ္ဌနတ်တို့သည်၎င်း ရောဇနတ်တို့သည်၎င်း—

ဝရုဏနတ်တို့သည်၎င်း သဟဓမ္မနတ်တို့သည်၎င်း အစ္စုတနတ်တို့သည်၎င်း အနေဇကနတ်တို့ သည်၎င်း သုလေယျနတ်တို့သည်၎င်း ရုစိရနတ်တို့သည်၎င်း လာရောက်ကုန်၏၊ ဝါသဝနေသီ အမည်ရှိသော နတ်တို့သည်လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေး အရောင်ရှိကုန်သော တန်ခိုး အာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအရုံးဆယ်ခုတို့ သည် မဟာဝုန်တောရဟန်းတို့ အစည်းအဝေးသို့ ဝမ်းမြောက် ဝမ်းသာ လာရောက်ကုန်၏။

သမာနနတ်တို့သည်၎င်း မဟာသမာနနတ်တို့သည်၎င်း မာနုသနတ်တို့သည်၎င်း မာနုသုတ္တ မနတ်တို့သည်၎င်း ခိဍ္ဍာပဒေါသိကနတ်တို့သည်၎င်း လာရောက်ကုန်၏၊ မနောပဒေါသိကနတ် တို့သည်လည်း လာရောက်ကုန်၏။

ထိုမှတပါး ဟရိနတ်တို့သည်၎င်း လောဟိတဝါသီနတ်တို့သည်၎င်း လာရောက်ကုန်၏၊ အခြံအရံများသော ပါရဂနတ်တို့သည်၎င်း မဟာပါရဂနတ်တို့သည်၎င်း လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခု တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက် ဝမ်းသာ လာရောက် ကုန်၏။

သုက္ကနတ်တို့သည်၎င်း ကရမ္ဘနတ်တို့သည်၎င်း အရုဏနတ်တို့သည်၎င်း ဝေဃနသနတ်တို့ နှင့်တကွ လာရောက်ကုန်၏၊ ဩဒါတဂယှမည်သော ပါမောက္ခနတ်တို့သည်၎င်း ဝိစက္ခဏ နတ်တို့သည်၎င်း လာရောက်ကုန်၏။

သဒါမတ္တနတ်တို့သည်၎င်း ဟာရဂဇနတ်တို့သည်၎င်း အခြံအရံများကုန်သော မိဿကနတ် တို့သည်၎င်း လာရောက်ကုန်၏၊ အရပ်မျက်နှာတို့၌ မိုးရွာစေလျက် သွားလာလေ့ရှိသော ပဇ္ဇုန္နနတ်သည်လည်း မိုးထစ်ချုန်းစေလျက် လာရောက်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော် ကြီးကုန် သောအဆင်းလှကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအရုံးဆယ်ခု တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

http://www.dhammadownload.com



ခေမိယနတ်တို့သည်၎င်း တုသိတာ (ပြည်၌နေသော) နတ်တို့သည်၎င်း ယာမာ (ပြည်၌နေသော) နတ်တို့သည်၎င်း အခြံအရံများကုန်သော ကဋ္ဌကနတ်တို့သည်၎င်း လမ္ဗိတကနတ်တို့သည်၎င်း လာမသေဋ္ဌနတ်တို့သည်၎င်း ဇောတိမည်သောနတ်တို့သည်၎င်း အာသဝနတ်တို့သည်၎င်း နိမ္မာနရတိနတ်တို့သည်၎င်း ပရနိမ္မိတ(ဝသဝတ္တိ) နတ်တို့သည်၎င်း လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနု ဘော်ကြီးကုန်သော အဆင်းလှကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တောရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

အားလုံးပင်အမျိုးမျိုးသောအသွေးအရောင်ရှိကုန်သောထိုခြောက်ကျိပ်သော နတ်အစုအရုံးတို့သည် အမည် အနွယ်အလိုက် လာရောက်ကုန်၏၊ (အမျိုးအမည်) တူသော တပါးသော နတ်တို့သည်လည်း လာရောက်ကုန်သေး၏။

ပဋိသန္ဓေနေခြင်း ကင်းပြီးသော (ရာဂ ဒေါသ မောဟတည်းဟူသော) ခလုတ် တံသင်း မရှိသော သြဃလေးဖြာမှ ကူးမြောက်ပြီးသော အာသဝေါတရားမရှိသော အရိယသံဃာတော်ကို၎င်း ညစ်ညူးခြင်းကင်းသည့် လမင်းသဖွယ် တင့်တယ်တော်မူသော သြဃလေးဖြာမှ ကူးမြောက်စေတော်မူသော မြတ်စွာဘုရားကို၎င်း ဖူးမြော်ကုန်အံ့ (ဟု ကြွေးကြော်၍လာကုန်၏)။

၃၄၁။ တန်ခိုးကြီးမားတော်မူသော မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန်သော သုဗြဟ္မာမည်သော ဗြဟ္မာနှင့် ပရမတ္ထမည်သော ဗြဟ္မာတို့သည် အတူလာရောက်ကုန်၏၊ သနင်္ကုမာရဗြဟ္မာနှင့် တိဿဗြဟ္မာတို့သည်လည်း မဟာဝုန်တောရဟန်းတို့၏ အစည်း အဝေးသို့လာရောက်ကုန်၏။

လက်တချောင်းဖြင့် စကြာဝဠာတထောင် လက်ဆယ်ချောင်းဖြင့် စကြာဝဠာတသောင်းတိုင် အောင်အရောင်အဝါပြန့်နှံ့စေနိုင်သော ဗြဟ္မာတထောင်သည် အစည်းအဝေးသို့ လာရောက်၏၊ ဗြဟ္မာပြည်၌ပဋိသန္ဓေအားဖြင့်ဖြစ်သော အာနုဘော်နှင့်ပြည့်စုံသော ကြီးသော ကိုယ်ရှိသော ကြက်သရေနှင့်ပြည့်စုံသော မဟာဗြဟ္မာသည် အခြားဗြဟ္မာတထောင်ကို လွှမ်းမိုးအုပ်စိုးလျက် တည်၏။

ဗြဟ္မာတထောင်စီ အသီးသီး အစိုးရကုန်သော မဟာဗြဟ္မာဆယ်ဦးတို့သည် ဤအစည်း အဝေးသို့ လာရောက်ကုန်၏၊ ထိုမဟာဗြဟ္မာတို့အနက် ဟာရိတမည်သော မဟာဗြဟ္မာသည်လည်း(ဗြဟ္မာတသိန်း) ခြံရံလျက် လာရောက်၏။

၃၄၂။ ရဟန်းတို့ မာရ်နတ်၏ မိုက်မဲပုံကို ရှုကုန်လော့၊ သိကြား မဟာဗြဟ္မာတို့နှင့်တကွ ရှေးရှုလာကုန်သော ထိုနတ်ဗြဟ္မာအားလုံးတို့ဆီသို့ မာရ်နတ်၏ စစ်သည်တို့သည် ရှေးရှုချီတက်လာကြကုန်ပြီ။

လာကြလော့၊ ဖမ်းကြလော့၊ နှောင်ဖွဲ့ကြလော့၊ ရာဂဖြင့်ချည်တုပ်ကြလော့၊ ထက်ဝန်းကျင်မှ ဝိုင်းဝန်းထားကြလော့၊ သင်တို့သည် တဦးတယောက်ကိုမျှ မလွတ်စေကြလင့်။

http://www.dhammadownload.com



ဤသို့ဆိုလျက် စစ်သည်များစွာ ရှိသောမာရ်နတ်မင်းသည် မြေပြင်ကို လက်ဖြင့် ပုတ်ခတ်၍ လျှပ်စစ်နှင့်တကွ မိုးကြီးထစ်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ် အသံကို ပြုလျက် ထိုအစည်းအဝေးသို့မာရ်စစ်သည်ကို စေလွှတ်၏၊ ထိုအခါ မာရ်နတ်မင်းသည် မိမိအလိုအတိုင်းမဖြစ်သောကြောင့် ပြင်းစွာ အမျက်ထွက်လျက်ပြန်ရလေ၏။

၃၄၃။ စက္ခုငါးပါးနှင့်ပြည့်စုံသော မြတ်စွာဘုရားသည် ထိုအလုံးစုံကို ထူးသော ဉာဏ်ဖြင့် သိ၍ ပိုင်းခြားမှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော်ကုန်သော တပည့်သာဝကတို့အား ရဟန်းတို့ မာရ်နတ်စစ်သည်တို့သည် ရှေးရှုချီတက်လာကုန်၏၊ ထိုမာရ်နတ်စစ်သည်တို့ကိုသိကုန်လော့ဟု မိန့်တော်မူ၏ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ အမိန့်တော်ကို ကြား၍ (သိအောင်)အားထုတ်ကုန်၏၊ (မာရ်စစ်သည်တို့သည်) ထိုရဟန္တာတို့၏ မွေးညင်းကိုမျှလည်း မလှုပ်ရှားစေနိုင်သည်ဖြစ်၍ ထိုရဟန္တာတို့ထံမှ ဖဲခွါသွားလေကုန်ပြီ၊ (ထိုအခါ မာရ်နတ်မင်းသည် ရဟန်းသံဃာကို အာရုံပြု၍ ဤဂါထာကို ရွတ်ဆို၏)။

စစ်ပွဲကို အောင်မြင်ပြီးကုန်သော ကြောက်ရွံ့ခြင်းကင်းပြီးကုန်သော ကျော်စောခြင်းရှိကုန်သော လူအပေါင်း၌ ထင်ရှားကုန်သော ထိုသာဝက အားလုံးတို့သည် အရိယာတို့နှင့်အတူ ဝမ်းမြောက်ကုန်၏။

**ခုနစ်ခုမြောက် မဟာသမယသုတ် ပြီး၏။**

http://www.dhammadownload.com

# ၈–သဏ္ဍပဉ္စသုတ်

၃၄၄။ အကျွန်ုပ်သည် ဤသိကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏အရှေ့ အရပ် အမ္ဗသဏ္ဍမည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူ၌[၁] သီတင်းသုံးနေတော်မူ၏။

ထိုအခါ နတ်တို့အရှင်သိကြားမင်းအား မြတ်စွာဘုရားကို ဖူးမြော်ရန် ပြင်းစွာတောင့်တသော စိတ်ဖြစ်ပေါ်လေ၏၊ ထိုနောက် နတ်တို့၏ အရှင်သိကြားမင်းအား—

"ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံးနေတော်မူသနည်း" ဟု အကြံဖြစ်၏။

(ထိုအခါ) မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အရပ် အမ္ဗသဏ္ဍ မည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူ၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူလျက်ရှိသည်ကို မြင်၍ နတ်တို့၏ အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့အား (ဤသို့) မိန့်ဆို၏—

"အချင်းတို့ ဤမြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အရပ် အမ္ဗသဏ္ဍ မည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူ၌ သီတင်းသုံးနေတော်မူလျက်ရှိ၏။ အချင်းတို့ ငါတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ကြရမူကောင်းလေစွ" ဟု (မိန့်ဆို၏)။

"ကောင်းပါပြီ အရှင်သိကြားမင်း"ဟု တာဝတိံသာနတ်တို့သည် နတ်တို့၏ အရှင်သိကြားမင်းအား ဝန်ခံကုန်၏။

၃၄၅။ ထိုနောက် နတ်တို့၏အရှင် သိကြားမင်းသည် ပဉ္စသိခမည်သော ဂန္ဓဗ္ဗနတ်သားအား (ဤသို့) မိန့်ဆို၏—

"အမောင်ပဉ္စသိခ ဤမြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အရပ်အမ္ဗသဏ္ဍ မည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူ၌ သီတင်းသုံးနေတော်မူလျက်ရှိ၏။ အမောင်ပဉ္စသိခ ငါတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမူကောင်းလေစွ" ဟု (မိန့်ဆို၏)။

"ကောင်းပါပြီ အရှင်သိကြားမင်း" ဟု နတ်တို့၏အရှင်သိကြားမင်းအား ဝန်ခံပြီးလျှင် ပဉ္စသိခ မည်သော ဂန္ဓဗ္ဗနတ်သားသည် ဗေဠုဝပဏ္ဍုမည်သော စောင်းကိုယူ၍ နတ်တို့၏ အရှင်သိကြားမင်း ထံသို့ အတူလိုက်ပါရန် ချဉ်းကပ်လေ၏။

---

၁-ဣန္ဒသာလဂူ-ထံခါးဝ၌ နံ့ပင်ရှိသောဂူ။

http://www.dhammadownload.com



၃၄၆။ ထိုအခါ နတ်တို့၏အရှင်သိကြားမင်းသည် တာဝတိံသာနတ်တို့ဖြင့် ခြံရံ၍ ပဉ္စသိခ နတ်သားကို ရှေ့ဆောင်ပြုလျက် ခွန်အားရှိသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ ဆန့်သောလက်ကို ကွေးသကဲ့သို့ ဤအတူပင် တာဝတိံသာနတ်ပြည်မှ ကွယ်ခဲ့၍ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အရပ်ရှိ အမ္ဗသဏ္ဍာမည်သော ပုဏ္ဏားရွာ၏မြောက်အရပ် ဝေဒိယကတောင်၌ ထင်ရှားပေါ်လာ၏။

ထိုစဉ်အခါ ဝေဒိယကတောင်နှင့် အမ္ဗသဏ္ဍာပုဏ္ဏားရွာသည်နတ်တို့၏အရောင်ဖြင့် အလွန်တောက် လျက်ရှိ၏၊ ထက်ဝန်းကျင်ရွာတို့၌ နေကုန်သော လူတို့သည် ဤသို့ ဆိုကြကုန်၏—

"ယနေ့ ဝေဒိယကတောင်သည် မီးတောက်သကဲ့သို့ ဖြစ်နေ၏တကား၊ ယနေ့ဝေဒိယကတောင် သည် မီးလောင်နေသကဲ့သို့ ဖြစ်နေ၏တကား၊ ယနေ့ဝေဒိယကတောင်သည် မီးလျှံထွက်သကဲ့သို့ ဖြစ် နေ၏တကား၊ ယနေ့ဝေဒိယကတောင်နှင့်အမ္ဗသဏ္ဍာပုဏ္ဏားရွာသည် အဘယ်အကြောင်းကြောင့် အလွန် တောက်ပလျက်ရှိလေသနည်း" ဟု ဆိုကြကုန်၏၊ ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်း ဖြစ်ကြ ကုန်၏။

၃၄၇။ ထိုအခါ နတ်တို့၏အရှင် သိကြားမင်းသည် ပဉ္စသိခနတ်သားအား (ဤသို့)မိန့်ဆို၏—

"အမောင်ပဉ္စသိခ မြတ်စွာဘုရားတို့သည် ဈာန်ဝင်စားလေ့ရှိကုန်၏၊ ဈာန်၌မွေ့လျော်ကုန်၏၊ ထိုအခိုက်၌ တပါးတည်း ကိန်းအောင်းတော် မူကုန်၏။ (ထို့ကြောင့်) ငါသို့သောသူသည် ချဉ်းကပ်ရန် မလွယ်ကူလှပေ၊ အမောင်ပဉ္စသိခ သင်သည် မြတ်စွာဘုရားကို ဖျေးဦးစွာ ခွင့်ပန်ပါလော့၊ အမောင် ပဉ္စသိခ သင်ခွင့်ပန်အပ်ပြီးသည့်နောက်မှ ငါတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံ သော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမှု ကောင်းလေစွ" ဟု မိန့်ဆို၏။

"ကောင်းပါပြီ အရှင်သိကြားမင်း" ဟု ပဉ္စသိခနတ်သားသည် နတ်တို့၏အရှင်သိကြားမင်းအား ဝန်ခံပြီးလျှင် ဗေဠုဝပဏ္ဍုမည်သော စောင်းကိုယူ၍ ဣန္ဒသာလဂူရှိရာသို့ ချဉ်းကပ်လေ၏၊ ချဉ်းကပ် ပြီးလျှင် "ဤနေရာ၌ နေ၍ စောင်းတီးသည်ရှိသော် မြတ်စွာဘုရားသည် ငါနှင့် မဝေးလွန်း မနီးလွန်း ဖြစ်၍ ငါ၏စောင်းသံကိုလည်း ကြားလတ္တံ့" ဟု နှလုံးသွင်းကာ တခုသောနေရာ၌ ရပ်တည်လေ၏။

## ပဉ္စသိခနတ်သား၏သီချင်းဂါထာ

၃၄၈။ တခုသောနေရာ၌ ရပ်တည်ပြီးသော် ပဉ္စသိခနတ်သားသည် ဗေဠုဝပဏ္ဍုမည်သော စောင်းကို တီးလေ၏၊ ဘုရားနှင့်စပ်သော တရားနှင့်စပ်သော သံဃာနှင့်စပ်သော ရဟန္တာတို့နှင့် စပ်သော ကာမဂုဏ်နှင့်စပ်သော ဤဂါထာတို့ကိုလည်း သီဆို၏—

"ချစ်နှမ သူရိယဝစ္ဆသာ အကြင်နတ်မင်းကြောင့် ကောင်းခြင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံ၍ ငါ့အား နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေနိုင်သည့် သင်သည် ဖြစ်ပေါ်၍ လာရပေ၏၊ သင်၏ဘခင် ထို တိမ္ဗရုသက နတ်မင်းကို ငါရှိခိုးပါ၏။

ပြိုးပြိုးပြက် အရောင်ထွက်သော ချစ်နှမ ချွေးထွက်နေသူတို့သည် လေအေးကို နှစ်သက် သကဲ့သို့ ရေငတ်နေသူတို့သည် ရေအေးကို နှစ်သက်သကဲ့သို့ ရဟန္တာတို့သည် (လောကုတ္တရာ) တရားကို နှစ်သက်တော်မူသကဲ့သို့ ငါသည် သင့်ကို ချစ်ကြိုက်လျက် ရှိပါ၏။

http://www.dhammadownload.com



(ချစ်နှမ) ဆေးသည် သူနာ၏ရောဂါကို ငြိမ်းစေသကဲ့သို့ အစာသည် ဝေမွတ်နေသူ၏ ဆာလောင်ခြင်းကို ငြိမ်းစေသကဲ့သို့ တောက်လောင်နေသော မီးကို ရေဖြင့် ငြိမ်းစေသကဲ့သို့ ငါ၏အချစ်မီးကို ငြိမ်းစေပါလော့။

(ချစ်နှမ) အလွန်ပူအိုက်သော ဆင်ပြောင်ကြီးသည် ကြာဝတ်မှုန်ပြွမ်းလျက် အေးမြသော ရေရှိသည့် ရေကန်ထဲသို့ (သက်ဆင်းသကဲ့သို့)ငါသည် သင်၏ရင်ခွင်ထဲသို့ သက်ဆင်းလိုပါ၏။

(ချစ်နှမ)ချွန်းအုပ်မရအောင် အမုန်ကျနေသောဆင်သည် လှံလျင် လှံမကို ငါနိုင်ပြီ ဟု မာန်ယစ်လျက် မည်သည့်အကြောင်းကိုမျှ မသိသကဲ့သို့ လက္ခဏာနှင့် ညီညွတ်သည့်ပေါင် ရှိသော သင်နှမကြောင့် အချစ်မာန်ယစ်မူးနေသောငါသည် မည်သည့်အကြောင်းကိုမျှ မသိ တော့ပါ။

(ချစ်နှမ) ငါ၏စိတ်သည် သင်နှမအပေါ်၌ တဖက်သတ် တိမ်းညွတ်လျက် စွဲမက်နေချေပြီ၊ ငါးမျှားချိတ်ကို မျိုမိသော ငါးကဲ့သို့ ပင် (ငါ၏စိတ်ကို) ပြန်လည်ဆုတ်နစ်စေရန် မစွမ်းနိုင် တော့ပါ။

တင့်တယ်သော ပေါင်ရှိသော ချစ်နှမ ငါ့ကို ဖက်လှည့်ပါလော့၊ မခိုသရှိ ကြည့်လေ့ရှိသော ချစ်နှမ ငါ့ကို ဖက်လှည့်ပါလော့၊ ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသောချစ်နှမ ငါ့ကို ဖက်လှည့် ပါလော့၊ ဤသို့ ဖက်ခြင်းကို ငါသည် အလွန်ပင် တောင့်တလျက် ရှိပါ၏။

(ချစ်နှမ) ငါ၏ ချစ်ခင်တပ်မက်မှုသည် ပကတိအားဖြင့် အနည်းငယ်မျှ ဖြစ်သော်လည်း ရဟန္တာပုဂ္ဂိုလ်၌ လှူဒါန်းခြင်း ဒါနစေတနာသည် အတိုင်းမသိ တိုးပွါးသကဲ့သို့ အဖျားကော့ သော ဆံပင်ရှိသည့် သင်နှမ၌ ငါ၏ချစ်ခင်တပ်မက်မှုသည် အမျိုးမျိုးတိုးပွါး ဖြစ်ပေါ်လျက် ရှိပါ၏။

အလုံးစုံသော ကောင်းခြင်းငါးဖြာလက္ခဏာနှင့် ပြည့်စုံသောချစ်နှမ သည်းခံခြင်းစသည့် တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရားတို့၌ ပြုခဲ့သော ငါ၏ကောင်းမှုဟူသမျှသည် သင် နှမနှင့်အတူ အကျိုးပေးပါစေသတည်း။

အလုံးစုံသော ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ ဤမြေပြင်၌ ငါပြု ထားသော ကောင်းမှုဟူသမျှသည် သင်နှမနှင့် အတူ အကျိုးပေးပါစေသတည်း။

(ချစ်နှမ)သူရိယဝစ္စသာ သာကီဝင်မင်းသား မြတ်စွာဘုရားသည် ဈာန်ဖြင့် တစိတ်ထည်း ရှိလျက် သတိပညာနှင့် ယှဉ်လျက် အမြိုက်နိဗ္ဗာန်ကို ရှာသကဲ့သို့ ငါသည် သင့်ကို ရှာ၍ နေပါ၏။

ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ မြတ်စွာဘုရားသည် မြတ်သော သမ္ဗောဓိ ဉာဏ်သို့ ရောက်၍ ဝမ်းမြောက်တော်မူသကဲ့သို့ ဤအတူပင် ငါသည် သင်နှင့် ပေါင်းသင်း ရသည်ဖြစ်၍ ဝမ်းမြောက်ရပါစေသား။

(ချစ်နှမ)သူရိယဝစ္စသာ တာဝတိံသာ နတ်တို့၏အရှင် သိကြားမင်းသည် ငါ့အား လိုရာ ဆုကိုပေးခဲ့လျှင် ငါသည် သင်နှမကိုသာ တောင်းယူပါအံ့၊ ငါ၏ချစ်ကြိုက်ခြင်းသည် ဤမျှ လောက် ခိုင်မြဲလျက်ရှိပါ၏။

http://www.dhammadownload.com



လိမ္မာရေးခြားရှိလှပေသော ချစ်နှမ ဤသို့ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသည့် သမီးရတနာရှိသော ပွင့်သစ်စ အင်ကြင်းပင်သဖွယ် တင့်တယ်သော သင့်ဘခင် တိမ္ဗရုသက နတ်မင်းကြီးကို ဦးညွှတ်ရှိခိုးပါ၏" ဟု (သီဆို၏)။

၃၄၉။ ဤသို့ (စောင်းတီး၍ သီချင်း)ဆိုသော် မြတ်စွာဘုရားသည် ပဉ္စသိခ ဂန္ဓဗ္ဗနတ်သားအား ဤစကားကို မိန့်တော်မူ၏—

"ပဉ္စသိခ သင်၏စောင်းသံသည် သီချင်းသံနှင့် ကိုက်ညီပေ၏၊ သီချင်းသံသည်လည်း စောင်းသံနှင့် ကိုက်ညီပေ၏၊ သင်၏စောင်းသံသည် သီချင်းသံကို မလွန်ပေ၊ သီချင်းသံသည်လည်း စောင်းသံကို မလွန်ပေ။ ပဉ္စသိခ သင်သည် ဘုရားနှင့်စပ်သော တရားနှင့်စပ်သော သံဃာနှင့်စပ်သော ရဟန္တာတို့နှင့်စပ်သော ကာမဂုဏ်နှင့်စပ်သော ဤဂါထာတို့ကို အဘယ်အခါက သီကုံးထားသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အခါတပါး၌ မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူပြီးကာစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းပါးအနီး အဇပါလပညောင်ပင်၌ သီတင်းသုံးနေတော်မူလျက် ရှိပါ၏။ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် တိမ္ဗရုဂန္ဓဗ္ဗနတ်မင်းကြီး၏သမီး ဘဒ္ဒါမည်သော သူရိယဝစ္ဆသာကို ချစ်ကြိုက်နေပါ၏။ အသျှင်ဘုရား ထိုသူငယ်မသည်ကား ရထားထိန်းမာတလိ၏သား သိခဏ္ဍီမည်သော အခြားသူကို ချစ်ကြိုက်နေပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ထိုသူရိယဝစ္ဆသာကို မည်သည့်နည်းနှင့်မျှ မရနိုင်သောအခါ ဗေဠုဝပဏ္ဍုစောင်းကို ယူ၍ တိမ္ဗရုဂန္ဓဗ္ဗနတ်မင်းကြီး၏ ဗိမာန်သို့ ချဉ်းကပ်လျက် ဗေဠုဝပဏ္ဍုစောင်းကို တီးခဲ့ပါ၏၊ ဘုရားနှင့်စပ်သော တရားနှင့်စပ်သော သံဃာနှင့်စပ်သော ရဟန္တာတို့နှင့်စပ်သော ကာမဂုဏ်နှင့်စပ်သော ဤဂါထာတို့ကို သီဆိုခဲ့ပါ၏—

"ချစ်နှမ သူရိယဝစ္ဆသာ အကြင်နတ်မင်းကြောင့် ကောင်းခြင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံ၍ ငါ့အားနှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေနိုင်သည့် သင်သည် ဖြစ်ပေါ်၍ လာရပေ၏၊ သင်၏ဘခင် ထို တိမ္ဗရုသကနတ်မင်းကို ငါရှိခိုးပါ၏။ပ။

လိမ္မာရေးခြားရှိလှပေသော ချစ်နှမ ဤသို့ကောင်းခြင်းလက္ခဏာနှင့်ပြည့်စုံသည့်သမီးရတနာရှိသော ပွင့်သစ်စ အင်ကြင်းပင် သဖွယ် တင့်တယ်သော သင့်ဘခင် တိမ္ဗရုသကနတ်မင်းကြီးကို ဦးညွှတ်ရှိခိုးပါ၏" ဟု (သီဆိုခဲ့ပါ၏)။

အသျှင်ဘုရား ဤသို့ သီဆိုအပ်သည်ရှိသော် ဘဒ္ဒါမည်သော သူရိယဝစ္ဆသာသည် အကျွန်ုပ်အား ဤစကားကို ဆိုပါ၏—

"အရှင် အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို မျက်မှောက်မဖူးမြော်ရသေးပါ၊ သို့သော်လည်း တာဝတိံသာနတ်တို့၏ သုဓမ္မာသဘင်၌ အကျွန်ုပ် ကနေစဉ် ထိုမြတ်စွာဘုရား အကြောင်းကို ကြားခဲ့ရပါသည် အရှင် သင်သည် ထိုမြတ်စွာဘုရားကို ပြောဆိုချီးကျူးသည့်အတွက် ယနေ့ အကျွန်ုပ်တို့အားပေါင်းဆုံမိခြင်းဖြစ် စေလော့" ဟု (ဆိုပါ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ထိုသူငယ်မနှင့်အတူ ထိုမျှသာပေါင်းဆုံခဲ့ရပါ၏။ ထိုမှ နောက် ယခုတိုင်အောင် မပေါင်းဆုံရတော့ပါ ဟု (လျှောက်၏)။

http://www.dhammadownload.com



## သိကြားမင်းချဉ်းကပ်ခြင်း

၃၅၀။ ထိုအခါ နတ်တို့၏အရှင် သိကြားမင်းအား "ပဉ္စသိခ ဂန္ဓဗ္ဗနတ်သားသည် မြတ်စွာဘုရား နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုလျက်ရှိ၏၊ မြတ်စွာဘုရားသည်လည်း ပဉ္စသိခနှင့် ဝမ်းမြောက် ဝမ်းသာ ပြောဆိုလျက်ရှိ၏" ဟု အကြံဖြစ်၏။

ထိုအခါ နတ်တို့၏အရှင် သိကြားမင်းသည် ပဉ္စသိခ ဂန္ဓဗ္ဗနတ်သားကို မိန့်ဆို၏—

"အမောင်ပဉ္စသိခ သင်သည် ငါ၏ စကားကို မြတ်စွာဘုရားအား လျှောက်ပါလော့ 'အသျှင် ဘုရား နတ်တို့၏အရှင် သိကြားမင်းသည် အမတ်နှင့်တကွ အခြံအရံပရိသတ်နှင့်တကွ မြတ်စွာဘုရား အား ခြေတော်ဦးခိုက် ရှိခိုးပါ၏' ဟူ၍ လျှောက်ပါလော့" ဟု (မိန့်ဆို၏)။

"ကောင်းပါပြီ အရှင်သိကြားမင်း"ဟု ပဉ္စသိခ ဂန္ဓဗ္ဗနတ်သားသည် နတ်တို့၏အရှင်သိကြားမင်း အား ဝန်ခံ၍ မြတ်စွာဘုရားကို လျှောက်၏။ "အသျှင်ဘုရား နတ်တို့၏အရှင် သိကြားမင်းသည် အမတ်နှင့်တကွ အခြံအရံပရိသတ်နှင့်တကွ မြတ်စွာဘုရားအား ခြေတော်ဦးခိုက် ရှိခိုးပါ၏" ဟု လျှောက်၏။ ပဉ္စသိခ ကောင်းပြီ၊ နတ်တို့၏အရှင် သိကြားမင်းသည် အမတ်နှင့်တကွ အခြံအရံ ပရိသတ်နှင့်တကွ ချမ်းသာပါစေသတည်း။နတ် လူ အသုရာ နဂါး ဂန္ဓဗ္ဗနတ်တို့သည်၎င်း အခြားသော သတ္တဝါအများတို့သည်၎င်း ချမ်းသာကို အလိုရှိကြသည်ချည်းသာဖြစ်ပေ၏ ဟု မိန့်ဆိုတော်မူ၏။

၃၅၁။ မြတ်စွာဘုရားတို့သည် ဤသို့သဘောရှိသော တန်ခိုးကြီးနတ်တို့ကို ဤသို့ပင်မိန့်ဆို တော်မူလေ့ရှိကုန်၏။

ဤသို့မြတ်စွာဘုရား မိန့်ဆိုတော်မူသည်ရှိသော် နတ်တို့၏အရှင် သိကြားမင်းသည် ဣန္ဒသာလ ဂူသို့ဝင်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်၏။ တာဝတိံသာနတ်တို့ သည်လည်း ဣန္ဒသာလဂူသို့ဝင်ကုန်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည် ကုန်၏။ ပဉ္စသိခဂန္ဓဗ္ဗနတ်သားသည်လည်း ဣန္ဒသာလဂူသို့ဝင်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်၏။

ထိုစဉ်အခါ၌ ဣန္ဒသာလဂူသည် မညီမညာဖြစ်ပါလျက် ညီညာလာ၏၊ ကျဉ်းမြောင်းသည် ဖြစ်ပါလျက် ကျယ်ဝန်းလာ၏၊ နတ်တို့၏ အရောင်ဖြင့် ဂူတွင်း၌ အမိုက်မှောင်ကွယ်ပျောက်၍ အလင်း ရောင်ဖြစ်ပေါ်လာ၏။

၃၅၂။ ထိုအခါ မြတ်စွာဘုရားသည် နတ်တို့၏အရှင်သိကြားမင်းအား "ပြုဖွယ်ကိစ္စ အလွန် များပါလျက် ကောသိယအနွယ် အရှင်သိကြား၏ ဤအရပ်သို့ လာနိုင်ခြင်းသည် အံ့ဖွယ်ရှိပေ၏၊ မဖြစ်ဘူးမြဲဖြစ်ပေ၏ " ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်လိုသည်မှာ ကာလကြာ မြင့်ပါပြီ၊ သို့သော်လည်း တာဝတိံသာနတ်တို့၏ အချို့အချို့သော ပြုဖွယ်ကိစ္စတို့၌ ကြောင့်ကြ စိုက်နေရပါသောကြောင့် မြတ်စွာဘုရားကို ဖူးမြော်ရန် မချဉ်းကပ်နိုင်ခဲ့ပါ။

အသျှင်ဘုရား အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် သလဠဂန္ဓကုဋိ၌နေတော်မူလျက် ရှိပါ၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့သွားပါ၏၊

http://www.dhammadownload.com



အသျှင်ဘုရား ထိုစဉ်အခါ၌ မြတ်စွာဘုရားသည် တခုသော ဖလသမာပတ်ကို ဝင်စားနေတော်မူပါ၏။ ဝေဿဝဏ္ဏနတ်မင်းကြီး၏ မိဖုရား ဘူဇတိမည်သော နတ်သမီးသည် မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးကာ ရပ်လျက် ဝတ်ပြုနေပါ၏။

အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် ဘူဇတိ နတ်သမီးအား ဤစကားကိုဆိုပါ၏—

"နတ်သမီး သင်သည် မြတ်စွာဘုရားအား ငါ၏ စကားကို လျှောက်ပါလော့ 'အသျှင်ဘုရား နတ်တို့၏အရှင် သိကြားမင်းသည် အမတ်နှင့်တကွ အခြံအရံ ပရိသတ်နှင့်တကွ မြတ်စွာဘုရားကို ခြေတော်ဦးခိုက် ရှိခိုးပါ၏' ဟူ၍ လျှောက်ပါလော့" ဟု (ဆိုပါ၏)။

အသျှင်ဘုရား ဤသို့ဆိုသော် ထိုဘူဇတိနတ်သမီးသည် အကျွန်ုပ်အား "အရှင်သိကြားမင်း မြတ်စွာဘုရားကို ဖူးမြော်ရန် အခါမဟုတ်ပါ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းလျက် ရှိပါသည် " ဟု ဆိုပါ၏။

နတ်သမီး သို့ဖြစ်လျှင် မြတ်စွာဘုရား ထိုဖလသမာပတ်မှ ထတော်မူသောအခါ ငါ၏စကားဖြင့် မြတ်စွာဘုရားကို လျှောက်ပါလော့၊ "အသျှင်ဘုရား နတ်တို့၏အရှင် သိကြားမင်းသည် အမတ်နှင့်တကွ အခြံအရံပရိသတ်နှင့်တကွ မြတ်စွာဘုရားအား ခြေတော်ဦးခိုက်ရှိခိုးပါ၏ ဟူ၍ လျှောက်ပါလော့" ဟု မှာခဲ့ပါ၏။

အသျှင်ဘုရား အသို့ပါနည်း ထိုနတ်သမီးသည် အကျွန်ုပ်၏ စကားဖြင့် မြတ်စွာဘုရားကို လျှောက်ပါ၏လော၊ မြတ်စွာဘုရားသည် ထိုနတ်သမီး၏ စကားကို သတိ ရတော်မူပါ၏လော ဟု လျှောက်၏။

နတ်တို့၏အရှင် သိကြားမင်း ထိုနတ်သမီးသည် ငါ့ကို လျှောက်ပါ၏၊ ထိုနတ်သမီး၏ စကားကို ငါသတိရပါ၏၊ စင်စစ်သော်ကား အရှင်သိကြား၏ ရထားဘီးသံဖြင့်ပင် ထိုသမာပတ်မှ ငါထပေ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ထက် အလျှင်စောစွာ တာဝတိံသာနတ်ပြည်၌ ဖြစ်နေကြသော ထိုနတ်တို့၏ မျက်မှောက်၌ ဤသို့ အကျွန်ုပ်ကြားနာ သိမှတ်ခဲ့ရပါသည်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားတို့ ပွင့်တော်မူသော အခါ အသုရာအပေါင်းတို့ ဆုတ်ယုတ်လျက် နတ်အပေါင်းတို့ ပြည့်နှက်စည်းကားကုန်၏ ဟု (ကြားနာ သိမှတ်ခဲ့ရပါ၏)။ အသျှင်ဘုရား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူသော အခါမှစ၍ အသုရာ အပေါင်းတို့ ဆုတ်ယုတ်လျက် နတ်အပေါင်းတို့ ပြည့်နှက်စည်ကား နေကြောင်းကို အကျွန်ုပ်ကိုယ်တိုင် တွေ့မြင်ရပါ၏ ဟု (လျှောက်၏)။

## ဂေါပကနတ်သားဝတ္ထု

၃၅၃။ အသျှင်ဘုရား ဤကပိလဝတ်ပြည်၌ပင်လျှင် ဘုရား တရား သံဃာ၌ ကြည်ညိုရ၍ ငါးပါးသီလကို စောင့်ထိန်းလေ့ရှိသည့် ဂေါပိကာမည်သော သာကီဝင်မင်းသမီးသည်ရှိပါ၏၊ ထို (မင်းသမီး) သည် မိန်းမဖြစ်ကြောင်းကို စက်ဆုပ်လျက် ယောကျ်ားဖြစ်ကြောင်းကို ဖြည့်ကျင့်၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ တာဝတိံသာ နတ်ပြည်ဝယ်

http://www.dhammadownload.com



အကျွန်ုပ်တို့၏ သားအဖြစ်သို့ ရောက်လာပါ၏။ ထို (တာဝတိံသာနတ်ပြည်) ၌လည်း ထို(နတ်သား) ကို "ဂေါပကနတ်သား ဂေါပကနတ်သား" ဟူ၍ ခေါ်ကြပါကုန်၏။

အသျှင်ဘုရား အခြားရဟန်းသုံးပါးတို့သည်ကား မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်ပါလျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာပါကုန်၏။ ထိုနတ်တို့သည် ကာမဂုဏ်ငါးပါး တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားပျော်ရွှင်လျက် အကျွန်ုပ်တို့အား ခစားဖျော်ဖြေရန် သုဓမ္မာနတ်သဘင် သို့ လာရောက်ကြပါကုန်၏။

အကျွန်ုပ်တို့အား ခစားဖျော်ဖြေရန် လာရောက်သော ထိုနတ်တို့ကို ဂေါပကနတ်သားသည် (ဤသို့) သတိပေးပြောဆိုပါ၏။

"အသျှင်တို့ သင်တို့သည် အဘယ်ကို ဥဏ်ဦးလှည့်၍ ထိုမြတ်စွာဘုရား၏ တရားတော်ကို နာခဲ့ ကြပါသနည်း၊ အကျွန်ုပ်သည်ကား ဘုရား တရား သံဃာ၌ ကြည်ညိုရ၍ ငါးပါးသီလမျှကို စောင့်ထိန်း လေ့ရှိသည့် မိန်းမပင်ဖြစ်သော်လည်း မိန်းမဖြစ်ကြောင်းကို စက်ဆုပ်လျက် ယောကျ်ားဖြစ်ကြောင်းကို ဖြည့်ကျင့်သဖြင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ တာဝတိံသာ နတ်ပြည်ဝယ် နတ်တို့၏အရှင် သိကြားမင်း၏ သားအဖြစ်သို့ ရောက်လာပါ၏၊ ဤတာဝတိံသာ နတ်ပြည်၌လည်း အကျွန်ုပ်ကို ဂေါပကနတ်သား ဂေါပကနတ်သား ဟူ၍ ခေါ်ကြပါကုန်၏။

အသျှင်တို့ သင်တို့သည်ကား မြတ်စွာဘုရား အထံ၌ မြတ်သော အကျင့်ကို ကျင့်ခဲ့ပါလျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာရကုန်၏၊ အသျှင်တို့ တရားကျင့်ဘက် ပုဂ္ဂိုလ်တို့ ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်နေကြသည်တို့ကို မြင်ရကုန်သော အကျွန်ုပ်တို့သည် မမြင်သင့်သောသဘောကို မြင်ရလေကုန်စွတကား" ဟု (သတိပေးပြောဆိုပါ၏)။

အသျှင်ဘုရား ဂေါပက နတ်သားသည် သတိပေး ပြောဆိုအပ်ကုန်သော ထိုနတ်သား သုံး ယောက်တို့တွင် နတ်သားနှစ်ယောက်တို့သည် မျက်မှောက်ဘဝ၌ပင် (ပဌမစျာန်) သတိကိုရလျက် ဗြဟ္မပုရောဟိတဘုံသို့ ရောက်ကုန်၏၊ တယောက်သောနတ်သားသည်ကား ကာမဘုံ၌ပင် ပျော်၍ နေပေါ်၏။

၃၅၄။ အကျွန်ုပ်သည် စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဥပါသိကာမ ဖြစ်ခဲ့ပါ၏၊ အကျွန်ုပ်၏ အမည်သည် ဂေါပိကာဖြစ်ပါ၏၊ အကျွန်ုပ်သည် ဘုရား တရား၌ အလွန်ကြည်ညိုခဲ့ပါ၏၊ သံဃာကိုလည်း ကြည်ညိုသောစိတ်ဖြင့် လုပ်ကျွေးခဲ့ပါ၏။

ထိုမြတ်စွာဘုရား တရားတော်၏ ကောင်းမြတ်ခြင်းကြောင့် သာလျှင် အကျွန်ုပ်သည် တာဝတိံသာနတ်ပြည်သို့ရောက်၍ သိကြားမင်း၏ တန်ခိုး အာနုဘော်ကြီးသော သားဖြစ်ရ ပါ၏၊ ဤ (တာဝတိံသာနတ်ပြည်) ၌လည်း အကျွန်ုပ်ကို "ဂေါပက" ဟုခေါ်ကြပါကုန်၏။

ထိုအခါ ဂန္ဓဗ္ဗနတ်မျိုး၌ ရောက်၍ နေကုန်သော ရှေးကမြင်ဘူးကုန်သော ရဟန်းဖြစ်ခဲ့ကုန် သော ဤနတ်တို့ကို မြင်ရပါ၏၊ မှန်ပါ၏၊ ဂေါတမမြတ်စွာဘုရား၏ တပည့်ရဟန်း ဖြစ်ခဲ့ကုန် သော ထိုနတ်တို့ကို အကျွန်ုပ်တို့သည် ရှေးလူဖြစ်စဉ်က ခြေဆေးရေ ခြေနယ်ဆီတို့ဖြင့် ချီးမြှောက်ပူဇော်၍ ဆွမ်းဖြင့်ရင်း အဖျော်ဖြင့်ရင်း လုပ်ကျွေးပြုစုခဲ့ပါကုန်၏၊ ဤအသျှင်တို့သည် အဘယ်ကို ဥဏ်ဦးလှည့်၍ မြတ်စွာဘုရား၏ တရားတော်တို့ကို နာယူခဲ့ကြပါကုန်သနည်း။

http://www.dhammadownload.com



စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထိုးထွင်းသိတော်မူ၍ ကောင်းစွာ ဟောကြားအပ်သော တရားတော်ကို ကိုယ်တိုင်သိခဲ့ရပါ၏၊ အကျွန်ုပ်သည် အသျှင်တို့ကိုပင် ဆည်းကပ်ကိုးကွယ်လျက် အရိယာတို့ ကောင်းစွာ ဟောအပ်သော တရားတို့ကို ကြားနာရသဖြင့် တာဝတိံသာ နတ်ပြည်သို့ရောက်၍ သိကြားမင်း၏ တန်ခိုးအာနုဘော်ကြီးသော သားဖြစ်ရပါ၏။

အသျှင်တို့ သင်တို့သည်ကား မြတ်စွာဘုရားကို ဆည်းကပ်ရပါကုန်လျက် အမြတ်ဆုံး အကျင့်ကို ကျင့်ကြရပါကုန်လျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ဖြစ်ကြရကုန်၏။

အသျှင်တို့၏ ဘဝအကျိုးပေးသည် မသင့်လျော်လေစွတကား၊ တရားကျင့်ဘက် ပုဂ္ဂိုလ်တို့ ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်နေကြသည်တို့ကို မြင်ရကုန်သော အကျွန်ုပ်တို့သည် မမြင်သင့်သော သဘောကို မြင်ရလေကုန်စွတကား။

အသျှင်တို့ (သင်တို့သည်) ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်နေကြရသောကြောင့် တာဝတိံသာနတ်တို့ကို ခစားဖျော်ဖြေရန်လာကြရကုန်၏၊ လူ့ဘောင်၌ နေသော အကျွန်ုပ်၏ ဤထူးခြားသော အဖြစ်ကို ရှုကြပါလော့။

ထို (အကျွန်ုပ် သည်) ရှေးဘဝ၌ မိန်းမဖြစ်လျက် ယခုအခါ၌ နတ်စည်းစိမ်တို့နှင့် ပြည့်စုံသော နတ်ယောကျ်ားဖြစ်လာရပါ၏၊ ဤသို့ ဂေါတမမြတ်စွာဘုရား၏ တပည့်ဂေါပကနတ်သားသည် သတိပေးပြောဆိုအပ်ကုန်သော ထိုနတ်သားသုံးယောက်တို့သည် သံဝေ ရကြကုန်၍ ဂေါပကနတ်သားထံ အညီအညွတ် သွားကြပြီးလျှင် ငါတို့သည် (တရားထူးကို ရခြင်းငှါ) ယခုအားထုတ်ကုန်တော့အံ့၊ ပြင်းစွာ အားထုတ်ကုန်တော့အံ့၊ သူတပါးတို့၏ အစေခံမဖြစ်ကုန်တော့အံ့ ဟု ဆိုကုန်၍ ထို (သုံးယောက်) တို့တွင် နှစ်ယောက်သော နတ်တို့သည် ဂေါတမမြတ်စွာဘုရား၏ အဆုံးအမတို့ကို အဖန်ဖန်အောက်မေ့လျက် အားထုတ်ခြင်းကို ဖြစ်စေကုန်၏။

ဤနတ်ပြည်၌ပင် စိတ်တို့ကို တပ်မက်ခြင်း ကင်းစေ၍ ကာမဂုဏ်တို့၌ အပြစ်ကို မြင်ကုန်၏၊ ဆင်ပြောင်ကြီးသည် မြဲစွာ ဖွဲ့ချည်ထားသော ကြိုးတို့ကို ဖြတ်သကဲ့သို့ ထိုနတ်နှစ်ယောက်တို့သည် လွန်မြောက်နိုင်ခဲသော မာရ်နတ်၏ နှောင်ကြိုးဖြစ်ကုန်သော ကာမသံယောဇဉ် ကာမအနှောင်အဖွဲ့တို့ကို ဖြတ်၍ တာဝတိံသာနတ်တို့ကို သာလွန်၍ ဗြဟ္မာဘုံ၌ ဖြစ်ကုန်၏၊ ရာဂကင်းခြင်းကို ပြုကုန်လျက် အနာဂါမ်ဖြစ်ကုန်သော သူရဲကောင်း နတ်နှစ်ယောက်တို့သည် သိကြားမင်းနှင့်တကွ ပဇာပတိနတ်မင်းနှင့်တကွ သုဓမ္မာနတ်သဘင်သို့ ပါဝင်တက်ရောက်ကုန်သော အလုံးစုံသော နတ်တို့ကို သာလွန်၍ ဗြဟ္မာ့ဘုံ၌ဖြစ်ကုန်၏၊ နတ်တို့ကို စိုးမိုးသော သိကြားမင်းသည် ထို (နတ်) တို့ကို မြင်၍ ဤနတ်နှစ်ယောက်တို့သည် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာကုန်သော်လည်း တာဝတိံသာနတ်တို့ကို လွန်၍ ဗြဟ္မာဘုံ၌ဖြစ်ကုန်၏ ဟု (ဆိုလျက်) နတ်အပေါင်း၏ အလယ်၌ သံဝေဖြစ်လေ၏၊ ထိုဂေါပကနတ်သားသည် သံဝေဖြစ်နေသော သိကြားမင်း၏ စကားကို ကြား၍ သိကြားမင်းကို (ဤသို့) ပြောဆို၏။

နတ်တို့၏အရှင် သိကြားမင်း လူ့ပြည်၌ ဘုရားသည် ပွင့်တော်မူလျက်ရှိ၏၊ ကာမဂုဏ်တို့ကို နှိမ်နင်းနိုင်သော သကျမုနိ 'သာကီဝင်မင်းသား ဘုရားသျှင်' ဟု ကျော်စော၏၊ ထိုနတ်တို့သည်

http://www.dhammadownload.com



ပဌမဈာန်သတိမှ ကင်းလွတ်လျက်ရှိကုန်သော ထိုမြတ်စွာဘုရား၏ သားတော်တို့ပင် ဖြစ်ပါကုန်၏၊ အကျွန်ုပ်သတိပေးအပ်သည်ဖြစ်၍ ပဌမဈာန်သတိကို ရကြပါကုန်ပြီ။

ထိုနတ်သားသုံးယောက်တို့တွင် နတ်သားတယောက်သည် ဤဂန္ဓဗ္ဗအမျိုး၌ ထာဝစဉ်နေသူ အာဝါသိက ဖြစ်နေပါ၏၊ နှစ်ယောက်သော နတ်သားတို့သည်ကား ဂန္ဓဗ္ဗအမျိုး၌ ကပ်ရောက်၍ နေလာကုန်သော်လည်း အနာဂါမိမဂ်သို့ရောက်လျက် တည်ကြည်သောစိတ် ရှိကုန်၍ နတ်တို့ကို ပင်သော်လည်း ယုတ်ညံ့သည်ထင်ပါကုန်၏။

ဤ (သာသနာတော်) ၌ တရားတော်ကို ထင်ရှားစေကုန်သော ဂုဏ်နှင့်ပြည့်စုံသည့် ဤသို့သော တပည့်သာဝကတို့ ရှိပါကုန်၏။ ထိုတပည့်သာဝကတို့တွင် တစုံတယောက်သော တပည့်သာဝကသည် (ဘုရားစသည်၌) အဘယ်သို့ ယုံမှားတော့အံ့နည်း၊ ဖယုံမှားတော့သည်သာ ဖြစ်၏၊ ဩဃလေးပါးကို ကူးမြောက်ပြီးသော ဝိစိကိစ္ဆာကို ဖြတ်တောက်ပြီးသော မာရ်ငါးပါးကို အောင်တော်မူသော လူသုံးပါးတို့ထက်မြတ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးကြပါကုန်စို့ ဟု (ပြောဆို၏)။

(အသျှင်ဘုရား) ထို (နတ်သား သုံးယောက်)တို့တွင် နတ်သားနှစ်ယောက်တို့သည် ဤ နတ်ပြည်၌ အသျှင်ဘုရား၏ တရားကို သိကုန်သောကြောင့် ဗြဟ္မပုရောဟိတ ကိုယ်ခန္ဓာကိုရ၍ အနာဂါမိမဂ်ဟူသော တရားထူးကို ရကြပါကုန်၏။

အသျှင်ဘုရား အကျွန်ုပ်တို့သည် ဤတရားထူးကိုရခြင်းငှါ လာရောက်ကြပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အခွင့်ပေးတော်မူပါသော် အကျွန်ုပ်တို့သည် ပြဿနာကို မေးလိုပါကုန်၏ ဟု (လျှောက်၏)။

၃၅၅။ ထိုအခါ မြတ်စွာဘုရားအား ဤသို့ သော အကြံသည်ဖြစ်၏—

"ဤသိကြားမင်းသည် [၁] ရှည်စွာသောနေ့ညဥ့်ပတ်လုံး စင်ကြယ်သော အကျင့်ရှိခဲ့၏၊ မည်သည့် ပြဿနာကို မေးသည်ဖြစ်စေ အကြောင်းနှင့်စပ်သော ပြဿနာကိုသာ မေးလတ္တံ့၊ အကြောင်းနှင့် မစပ်သော ပြဿနာကို မမေးလတ္တံ့။ ထိုသိကြားမင်းမေး၍ ငါဖြေလတ်သော် ထိုအဖြေကို လျင်မြန်စွာပင်သိလတ္တံ့" ဟု (အကြံဖြစ်၏)။

၃၅၆။ ထိုအခါ မြတ်စွာဘုရားသည် နတ်တို့၏အရှင် သိကြားမင်းကို ဂါထာဖြင့် မိန့်ကြားတော်မူ၏—

"သိကြားမင်း သင်၏စိတ်၌ မေးလိုသောပြဿနာကို ငါ့အားမေးလော့၊ ထိုထိုပြဿနာ အတွက် ဖြစ်ပေါ်နေသော သင်၏ ယုံမှာခြင်း ဝိစိကိစ္ဆာကို အဆုံးတိုင် ဖြေရှင်းအောင် ငါဖြေ ရှင်းအံ့" ဟု (မိန့်ကြားတော်မူ၏)။

ပဌမအခန်း ပြီး၏။

၃၅၇။ မြတ်စွာဘုရား ခွင့်ပြုတော်မူလတ်သော် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာ ဘုရားအား ရှေးဦးစွာ ဤပြဿနာကိုမေးလျှောက်၏—

---

၁။ မစလရွာ မာထလုလင်အဝမှစ၍ စင်ကြယ်ခြင်းကိုမြင်၍ မြတ်စွာဘုရား ဤစကားကို ဆိုၐ်ဟု အဋ္ဌကထာဖွင့်သာ၏။

http://www.dhammadownload.com



"အသျှင်ဘုရား 'ရန်ငြိုးကင်းကုန်လျက် ဒဏ်ကင်းကုန်လျက် ရန်သူကင်းကုန်လျက် စိတ်ဆင်းရဲခြင်းကင်းကုန်လျက် အမျက်ထွက်ခြင်းကင်းကုန်ကျက် ငါတို့နေကြရပါစေ'ဟု နတ် လူ အသုရာ နဂါး ဂန္ဓဗ္ဗတို့နှင့် အခြား များစွာသော ထိုသတ္တဝါတို့အား တောင့်တခြင်းသည် ဖြစ်၏၊ ယင်းသို့ တောင့်တခြင်း ဖြစ်သော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက် ဒဏ်ရှိကုန်လျက် ရန်သူရှိကုန်လျက် စိတ်ဆင်းရဲခြင်းရှိကုန်လျက် အမျက်ရှိကုန်လျက် နေကြရပါကုန်၏။ (ဤသို့နေရခြင်းသည်) အဘယ် အနှောင်အဖွဲ့ ကြောင့်ပါနည်း" ဟု နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရားအား ဤအခြင်းအရာဖြင့် ပြဿနာကို မေးလျှောက်၏၊ ထိုသိကြားမင်း မေးလတ်သော် မြတ်စွာဘုရားသည် ပြဿနာကိုဖြေကြားတော်မူ၏။

"နတ်တို့၏အရှင် သိကြားမင်း ရန်ငြိုးကင်းကုန်လျက် ဒဏ်ကင်းကုန်လျက် ရန်သူကင်းကုန်လျက် စိတ်ဆင်းရဲခြင်းကင်းကုန်လျက် အမျက်ထွက်ခြင်းကင်းကုန်လျက် နေကြရပါစေဟု နတ် လူ အသုရာ နဂါး ဂန္ဓဗ္ဗနှင့် အခြားများစွာသော ထိုသတ္တဝါတို့အား တောင့်တခြင်းသည်ဖြစ်၏၊ယင်းသို့ တောင့်တခြင်းဖြစ်သော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက် ဒဏ်ရှိကုန်လျက် ရန်သူရှိကုန်လျက် စိတ်ဆင်းရဲခြင်းရှိကုန်လျက် အမျက်ရှိကုန်လျက် နေကြရကုန်၏၊ (ဤသို့ နေရခြင်းသည်) ဣဿာ မစ္ဆရိယသံယောဇဉ်ကြောင့် ဖြစ်၏" ဟု (ဖြေကြားတော်မူ၏)။

နတ်တို့၏အရှင် သိကြားမင်း မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဤအခြင်းအရာအားဖြင့် ပြဿနာကို ဖြေကြားတော်မူလတ်သော် နတ်တို့၏ အရှင် သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာခံယူ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဟောတော်မူသည့် အတိုင်း မှန်လှပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဟောတော်မူသည့် အတိုင်း မှန်လှပါ၏၊ မြတ်စွာဘုရား ဟောအပ်သော ပြဿနာကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လော သို့လော တွေးတောခြင်း ကင်းပါပြီ" ဟု (ဝမ်းမြောက်စွာခံယူ၏)။

၃၅၈။ ဤသို့လျှင် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာခံယူပြီးလျှင် မြတ်စွာဘုရားအား နောက်ထပ် ပြဿနာကို မေးလျှောက်ပြန်၏—

"အသျှင်ဘုရား ဣဿာမစ္ဆရိယသည်ကား အခြေခံဖြစ်ရာ အဘယ်အကြောင်း တိုးတက်ဖြစ်ပွါးရာ အဘယ်အကြောင်းရှိပါသနည်း၊ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်း ရှိပါသနည်း၊ အမှန် အစဖြစ်ရာ အဘယ်အကြောင်း ရှိပါသနည်း၊ အဘယ် တရားရှိသော် ဣဿာမစ္ဆရိယဖြစ်ပါသနည်း၊ အဘယ် တရားမရှိသော် ဣဿာမစ္ဆရိယ မဖြစ်ပါသနည်း" ဟု (မေးလျှောက်ပြန်၏)။

နတ်တို့၏အရှင် သိကြားမင်း ဣဿာမစ္ဆရိယသည် ချစ်ခြင်း မုန်းခြင်းဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏၊ ချစ်ခြင်းမုန်းခြင်း ဟူသော တိုးတက်ဖြစ်ပွါးရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်းဟူသော ထင်ရှားဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်းဟူသော အမှန်အစဖြစ်ရာ

http://www.dhammadownload.com



အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်းရှိသော် ဣဿာမစ္ဆရိယဖြစ်၏၊ ချစ်ခြင်း မုန်းခြင်း မရှိသော် ဣဿာမစ္ဆရိယ မဖြစ် ဟု (ဖြေကြားတော်မူ၏)။

"အသျှင်ဘုရား ချစ်ခြင်း မုန်းခြင်းသည်ကား အခြေခံဖြစ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ တိုးတက်ဖြစ်ပွါးရာ အဘယ်အကြောင်းရှိပါသနည်း၊ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ အမှန်အစဖြစ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်တရားရှိသော် ချစ်ခြင်း မုန်းခြင်း ဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ်ပါသနည်း" ဟု (မေးလျှောက်၏)။

နတ်တို့၏အရှင် သိကြားမင်း ချစ်ခြင်း မုန်းခြင်းသည် လိုချင်ခြင်း 'ဆန္ဒ' ဟူသော အခြေခံ ဖြစ်ရာ အကြောင်းရှိ၏၊ လိုချင်ခြင်း 'ဆန္ဒ' ဟူသော တိုးတက်ဖြစ်ပွါးရာ အကြောင်းရှိ၏၊ လိုချင်ခြင်း 'ဆန္ဒ' ဟူသော ထင်ရှားဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ လိုချင်ခြင်း 'ဆန္ဒ' ဟူသော အမှန်အစဖြစ်ရာ အကြောင်းရှိ၏၊ လိုချင်ခြင်းရှိသော် ချစ်ခြင်း မုန်းခြင်းဖြစ်၏၊ လိုချင်ခြင်းမရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ် ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရား လိုချင်ခြင်း 'ဆန္ဒ' သည်ကား အခြေခံဖြစ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ တိုးတက်ဖြစ်ပွါးရာ အဘယ်အကြောင်း ရှိပါသနည်း၊ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ အမှန်အစဖြစ်ရာ အဘယ်အကြောင်း ရှိပါသနည်း၊ အဘယ်တရားရှိသော် လိုချင်ခြင်း 'ဆန္ဒ' ဖြစ်ပါသနည်း၊ အဘယ်တရား မရှိသော် လိုချင်ခြင်း 'ဆန္ဒ' မဖြစ်ပါသနည်း ဟု (မေးလျှောက်၏)။

နတ်တို့၏အရှင် သိကြားမင်း လိုချင်ခြင်း 'ဆန္ဒ'သည် ကြံစည်ခြင်း 'ဝိတက်'ဟူသော အခြေခံ ဖြစ်ရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း 'ဝိတက်' ဟူသော တိုးတက်ဖြစ်ပွါးရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း 'ဝိတက်'ဟူသော ထင်ရှားဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း 'ဝိတက်'ဟူသော အမှန်အစ ဖြစ်ရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း'ဝိတက်'ရှိသော် လိုချင်ခြင်း 'ဆန္ဒ' ဖြစ်၏၊ ကြံစည်ခြင်း 'ဝိတက်' မရှိသော် လိုချင်ခြင်း 'ဆန္ဒ' မဖြစ် ဟု (ဖြေကြားတော်မူ၏)။

အသျှင်ဘုရား ကြံစည်ခြင်း 'ဝိတက်' သည် အခြေခံဖြစ်ရာ အဘယ်အကြောင်း ရှိပါသနည်း၊ တိုးတက်ဖြစ်ပွါးရာ အဘယ်အကြောင်းရှိပါသနည်း၊ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ အမှန်အစဖြစ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်တရားရှိသော် ကြံစည်ခြင်း'ဝိတက်' ဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် ကြံစည်ခြင်း'ဝိတက်' မဖြစ်ပါသနည်း ဟု (မေးလျှောက်၏)။

နတ်တို့၏အရှင် သိကြားမင်း ကြံစည်ခြင်း 'ဝိတက်'သည် သံသရာချဲ့ထွင်တတ်သည့် တရား 'ပပဉ္စသညာ'[၁] အစုဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏၊ သံသရာချဲ့ထွင်တတ်သည့် တရားအစု ဟူသော တိုးတက်ဖြစ်ပွါးရာ အကြောင်းရှိ၏၊ သံသရာချဲ့ထွင်တတ်သည့် တရားအစုဟူသော ထင်ရှား ဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ သံသရာချဲ့ထွင်တတ်သည့် တရားအစုဟူသော အမှန်အစဖြစ်ရာ အကြောင်းရှိ၏၊ သံသရာချဲ့ထွင်တတ်သည့် တရားအစုရှိသော် ကြံစည်ခြင်းဖြစ်၏၊ သံသရာချဲ့ထွင် တတ်သည့် တရားအစု မရှိသော် ကြံစည်ခြင်း မဖြစ် ဟု (ဖြေကြားတော်မူ၏)။

"အသျှင်ဘုရား အဘယ်သို့ကျင့်သော ရဟန်းသည် သံသရာချဲ့ထွင်တတ်သည့်တရား'ပပဉ္စသညာ' အစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်ပါ သနည်း" ဟု (မေးလျှောက်၏)။

---

၁။ တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရား သုံးပါးတွင် ဤ၌ တဏှာပပဉ္စကိုသာ လိုရ်ဟု အဋ္ဌကထာ၌ ဆို၏။

http://www.dhammadownload.com



## ဝေဒနာကမ္မဋ္ဌာန်း

၃၅၉။ နတ်တို့၏အရှင် သိကြားမင်း ဝမ်းမြောက်ခြင်း'သောမနဿ'ကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း နှလုံးမသာခြင်း 'ဒေါမနဿ' ကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း မမှီဝဲအပ်သော နှလုံးမသာခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း လျစ်လျူရှုခြင်း'ဥပေက္ခာ'ကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း မမှီဝဲအပ်သော လျစ်လျူရှုခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

၃၆၀။ "နတ်တို့၏အရှင် သိကြားမင်း ဝမ်းမြောက်ခြင်း 'သောမနဿ' ကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း မမှီဝဲအပ်သောဝမ်းမြောက်ခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ—ထို(နှစ်ပါးသော ဝမ်းမြောက်ခြင်း)တို့တွင် "ဤဝမ်းမြောက်ခြင်းကိုမှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင်ဝမ်းမြောက်ခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ်။

ထို (နှစ်ပါးသော ဝမ်းမြောက်ခြင်း သောမနဿ) တို့တွင် "ဤဝမ်းမြောက်ခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏" ဟု အကြင်ဝမ်းမြောက်ခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏။

ထို မှီဝဲအပ်သော ဝမ်းမြောက်ခြင်း 'သောမနဿ'၌ အကြင် (ဝမ်းမြောက်ခြင်း)သည် ကြံစည်ခြင်း 'ဝိတက်'နှင့်လည်း တကွ ဖြစ်၏၊ သုံးသပ်ခြင်း 'ဝိစာရ'နှင့်လည်း တကွဖြစ်၏၊ အကြင် ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိ၊ ထို(နှစ်ပါးတို့)တွင် ကြံစည်ခြင်းလည်းမရှိ သုံးသပ်ခြင်းလည်းမရှိသော ထိုဝမ်းမြောက်ခြင်းသည် သာလွန်၍ မြတ်၏။

"နတ်တို့၏အရှင် သိကြားမင်း ဝမ်းမြောက်ခြင်း 'သောမနဿ' ကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဆို၏။

၃၆၁။ "နတ်တို့၏အရှင် သိကြားမင်း နှလုံးမသာခြင်း 'ဒေါမနဿ' ကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း မမှီဝဲအပ်သော နှလုံးမသာခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏"ဟူသော ဤစကားကို ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ—ထို(နှစ်ပါးသော နှလုံးမသာခြင်း)တို့တွင် "ဤနှလုံးမသာခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင်နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော နှလုံးမသာခြင်းကို မမှီဝဲအပ်။

ထို(နှစ်ပါးသော နှလုံးမသာခြင်း ဒေါမနဿ)တို့တွင် "ဤနှလုံးမသာခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏" ဟု အကြင် နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော နှလုံးမသာခြင်းကို မှီဝဲအပ်၏။

http://www.dhammadownload.com



ထို(မှီဝဲအပ်သော နှလုံးမသာခြင်း ဒေါမနဿ) ၌ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်း 'ဝိတက်'နှင့်လည်း တကွဖြစ်၏၊ သုံးသပ်ခြင်း'ဝိစာရ'နှင့်လည်း တကွဖြစ်၏၊ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိ၊ ထို(နှစ်ပါး)တို့တွင် ကြံစည်ခြင်းလည်းမရှိ သုံးသပ်ခြင်းလည်းမရှိသော ထိုနှလုံးမသာခြင်းသည် သာလွန်၍ မြတ်၏။

နတ်တို့၏အရှင် သိကြားမင်း "နှလုံးမသာခြင်း 'ဒေါမနဿ' ကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း မမှီဝဲအပ်သော နှလုံးမသာခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ထိုဆိုအပ်ပြီးသော အကြောင်းကို စွဲ၍ ငါဆို၏။

၃၆၂။ "နတ်တို့၏အရှင် သိကြားမင်း လျစ်လျူရှုခြင်း 'ဥပေက္ခာ' ကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ—ထိုနှစ်ပါးသော လျစ်လျူရှုခြင်းတို့တွင် "ဤလျစ်လျူရှုခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင်လျစ်လျူရှုခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော လျစ်လျူရှုခြင်းကို မမှီဝဲအပ်။

ထို(နှစ်ပါးသော လျစ်လျူရှုခြင်း ဥပေက္ခာ)တို့တွင် "ဤလျစ်လျူရှုခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏" ဟု အကြင်လျစ်လျူရှုခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော လျစ်လျူရှုခြင်းကို မှီဝဲအပ်၏။

ထို(မှီဝဲအပ်သော လျစ်လျူရှုခြင်း ဥပေက္ခာ)၌ အကြင်လျစ်လျူရှုခြင်းသည် ကြံစည်ခြင်း 'ဝိတက်'နှင့်လည်း တကွဖြစ်၏၊ သုံးသပ်ခြင်း 'ဝိစာရ' နှင့်လည်း တကွ ဖြစ်၏၊ အကြင်လျစ်လျူရှုခြင်းသည် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိ၊ ထို(နှစ်ပါး)တို့တွင် ကြံစည်ခြင်းလည်းမရှိ သုံးသပ်ခြင်းလည်း မရှိသော ထိုလျစ်လျူရှုခြင်းသည် သာလွန်၍ မြတ်၏။

"နတ်တို့၏အရှင် သိကြားမင်း လျစ်လျူရှုခြင်း 'ဥပေက္ခာ'ကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း မမှီဝဲအပ်သော လျစ်လျူရှုခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ထိုဆိုအပ်ပြီးသော အကြောင်းကိုစွဲ၍ ငါဆို၏။

၃၆၃။ နတ်တို့၏အရှင် သိကြားမင်း ဤသို့ကျင့်သော ရဟန်းသည် သံသရာချဲ့ထွင်တတ်သည့် 'ပပဉ္စသညာ' အစု၏ ချုပ်ငြိမ်းခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်၏ ဟု (ဟောကြားတော်မူ၏)။

နတ်တို့၏အရှင် သိကြားမင်း မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဤအခြင်းအရာဖြင့် ပြဿနာကို ဖြေကြားတော်မူလတ်သော် နတ်တို့၏အရှင် သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏တရားတော်ကို ဝမ်းမြောက်စွာ ခံယူလေ၏—

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ မြတ်စွာဘုရား ဟောအပ်သော ပြဿနာအဖြေကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လော သို့လော တွေးတောခြင်း ကင်းပါပြီ" ဟု (ဝမ်းမြောက်စွာ ခံယူလေ၏)။

http://www.dhammadownload.com



## ပါတိမောက္ခသံဝရသီလ

၃၆၄။ ဤသို့လျှင် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရား၏တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားအား နောက်တပ် ပြဿနာကို မေးလျှောက်ပြန်၏—

"မြတ်စွာဘုရား အဘယ်သို့ ကျင့်သော ရဟန်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည် မည်ပါသနည်း" ဟု (မေးလျှောက်ပြန်၏)။

နတ်တို့၏အရှင် သိကြားမင်း ကိုယ်အကျင့် 'ကာယသမာစာရ' ကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့် မမှီဝဲအပ်သော ကိုယ်အကျင့် ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း နှုတ်အကျင့် 'ဝစီသမာစာရ' ကိုလည်း မှီဝဲအပ်သော နှုတ်အကျင့် မမှီဝဲအပ်သော နှုတ်အကျင့်ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း ရှာမှီးခြင်း 'ပရိယေသနာ' ကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း မမှီဝဲအပ်သော ရှာမှီးခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

"နတ်တို့၏အရှင် သိကြားမင်း ကိုယ်အကျင့် 'ကာယသမာစာရ' ကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့် မမှီဝဲအပ်သော ကိုယ်အကျင့် ဟူ၍ နှစ်ပါးအပြား အားဖြင့် ငါဟော၏" ဟူသော ဤစကားကို ဆိုခဲ့၏၊ အဘယ်အကြောင်းကို စွဲ၍ ဤစကားကို ဆိုသနည်းဟူမူ—ထို(နှစ်ပါးသော ကိုယ်အကျင့်) တို့တွင် "ဤကိုယ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင်ကိုယ်အကျင့်ကို သိငြားအံ့၊ ဤသို့သဘောရှိသော ကိုယ်အကျင့်ကို မမှီဝဲအပ်။

ထို(နှစ်ပါးသောကိုယ်အကျင့် ကာယသမာစာရ)တို့တွင် "ဤကိုယ်အကျင့်ကိုမှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏" ဟု အကြင် ကိုယ်အကျင့်ကို သိငြားအံ့၊ ဤသို့သဘောရှိသော ကိုယ်အကျင့်ကို မှီဝဲအပ်၏။

"နတ်တို့၏အရှင် သိကြားမင်း ကိုယ်အကျင့် 'ကာယသမာစာရ' ကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့် မမှီဝဲအပ်သော ကိုယ်အကျင့် ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ထိုဆိုအပ်ခဲ့ပြီးသော အကြောင်းကို စွဲ၍ ငါဆို၏။

"နတ်တို့၏အရှင် သိကြားမင်း နှုတ်အကျင့် 'ဝစီသမာစာရ' ကိုလည်း မှီဝဲအပ်သော နှုတ်အကျင့် မမှီဝဲအပ်သော နှုတ်အကျင့် ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ—ထို(နှစ်ပါးသော နှုတ်အကျင့်) တို့တွင် "ဤနှုတ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင် နှုတ်အကျင့်ကိုသိငြားအံ့၊ ဤသို့သဘောရှိသော နှုတ်အကျင့်ကို မမှီဝဲအပ်။

ထို(နှစ်ပါးသော နှုတ်အကျင့် ဝစီသမာစာရ) တို့တွင် "ဤနှုတ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏" ဟု အကြင်နှုတ်အကျင့်ကို သိငြားအံ့၊ ဤသို့သဘောရှိသော နှုတ်အကျင့်ကို မှီဝဲအပ်၏။

http://www.dhammadownload.com



"နတ်တို့၏အရှင် သိကြားမင်း နှုတ်အကျင့် 'ဝစီသမာစာရ' ကိုလည်း မှီဝဲအပ်သော နှုတ်အကျင့် မမှီဝဲအပ်သော နှုတ်အကျင့် ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ထိုဆို အပ်ခဲ့ပြီးသော အကြောင်းကို စွဲ၍ ငါဆို၏။

"နတ်တို့၏အရှင် သိကြားမင်း ရှာမှီးခြင်း 'ပရိယေသနာ' ကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း မမှီဝဲအပ်သောရှာမှီးခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏" ဟူသော ဤစကားကို ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ—ထို(နှစ်ပါးသော ရှာမှီးခြင်း)တို့တွင် "ဤရှာမှီးခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင်ရှာမှီးခြင်းကိုသိငြားအံ့၊ ဤသို့သဘောရှိသော ရှာမှီးခြင်းကို မမှီဝဲအပ်။

ထို(နှစ်ပါးသော ရှာမှီးခြင်းပရိယေသနာ)တို့တွင်"ဤရှာမှီးခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏" ဟု အကြင်ရှာမှီးခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော ရှာမှီးခြင်းကို မှီဝဲအပ်၏။

"နတ်တို့၏အရှင် သိကြားမင်း ရှာမှီးခြင်း 'ပရိယေသနာ' ကိုလည်း မှီဝဲအပ်သောရှာမှီးခြင်း မမှီဝဲအပ်သော ရှာမှီးခြင်း ဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဟော၏"ဟူသော ဤစကားကို ထိုဆိုအပ်ခဲ့ပြီးသောအကြောင်းကိုစွဲ၍ ငါဆို၏။

နတ်တို့၏အရှင် သိကြားမင်း ဤသို့ကျင့်သောရဟန်းသည် ပါတိမောက္ခသံဝရ သီလကို ကျင့်သည် မည်၏ ဟု (ဖြေကြားတော်မူ၏)။

နတ်တို့၏အရှင် သိကြားမင်း မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဤအခြင်းအရာအားဖြင့် ပြဿနာကို ဖြေကြားတော်မူလတ်သော် နတ်တို့၏အရှင် သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာခံယူ၏—

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ မြတ်စွာဘုရားဟောအပ်သော ပြဿနာအဖြေကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လောသို့လော တွေးတောခြင်းကင်းပါပြီ" ဟု (ဝမ်းမြောက်စွာ ခံယူ၏)။

## ဣန္ဒြိယသံဝရသီလ

၃၆၅။ ဤသို့လျှင် သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ ခံယူပြီးလျှင် နောက်ထပ် ပြဿနာကို မေးလျှောက်ပြန်၏—

"အသျှင်ဘုရား အဘယ်သို့ကျင့်သော ရဟန်းသည် ဣန္ဒြိယသံဝရ 'ဣန္ဒြေစောင့်စည်းခြင်း' သီလကို ကျင့်သည် မည်ပါသနည်း" ဟု (မေးလျှောက်ပြန်၏)။

နတ်တို့၏အရှင် သိကြားမင်း မျက်စိဖြင့်သိအပ်သော ရူပါရုံကိုလည်း မှီဝဲအပ်သော ရူပါရုံ မမှီဝဲအပ်သော ရူပါရုံ ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း နားဖြင့်သိအပ်သော သဒ္ဒါရုံကိုလည်း မှီဝဲအပ်သော သဒ္ဒါရုံ မမှီဝဲအပ်သော သဒ္ဒါရုံ ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

http://www.dhammadownload.com



နတ်တို့၏အရှင် သိကြားမင်း နှာခေါင်းဖြင့်သိအပ်သော ဂန္ဓာရုံကိုလည်း မှီဝဲအပ်သောဂန္ဓာရုံ မမှီဝဲအပ်သောဂန္ဓာရုံ ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း လျှာဖြင့်သိအပ်သော ရသာရုံကိုလည်း မှီဝဲအပ်သောရသာရုံ မမှီဝဲအပ်သောရသာရုံ ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း ကိုယ်ဖြင့်သိအပ်သော ဖောဋ္ဌဗ္ဗာရုံကိုလည်း မှီဝဲအပ်သော ဖောဋ္ဌဗ္ဗာရုံ မမှီဝဲအပ်သော ဖောဋ္ဌဗ္ဗာရုံ ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း စိတ်ဖြင့်သိအပ်သော ဓမ္မာရုံကိုလည်း မှီဝဲအပ်သော ဓမ္မာရုံ မမှီဝဲအပ်သောဓမ္မာရုံ ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

ဤသို့ဟောတော်မူလတ်သော် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

“အသျှင်ဘုရား အကျဉ်းအားဖြင့် မြတ်စွာဘုရားဟောတော်မူသော ဤတရားတော်၏ အနက်ကို အကျယ်အားဖြင့် အကျွန်ုပ် ဤသို့သိပါ၏။

အသျှင်ဘုရား မျက်စိဖြင့်သိအပ်သော အကြင်သို့ သဘောရှိသော ရူပါရုံကို မှီဝဲသော သူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ဆုတ်ယုတ်ကုန်၏၊ မျက်စိဖြင့် သိအပ်သော ဤသို့သဘောရှိသော ရူပါရုံကို မမှီဝဲအပ်၊ မျက်စိဖြင့်သိအပ်သော အကြင်သို့သဘောရှိသော ရူပါရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ မျက်စိဖြင့် သိအပ်သော ဤသို့သဘောရှိသော ရူပါရုံကို မှီဝဲအပ်၏။

အသျှင်ဘုရား နားဖြင့်သိအပ်သော အကြင်သို့သဘောရှိသော သဒ္ဒါရုံကို မှီဝဲသောသူအား။ နှာခေါင်းဖြင့်သိအပ်သော အကြင်သို့သဘောရှိသော ဂန္ဓာရုံကို မှီဝဲသောသူအား။ လျှာဖြင့် သိအပ်သော အကြင်သို့သဘောရှိသော ရသာရုံကို မှီဝဲသောသူအား။ ကိုယ်ဖြင့်သိအပ်သော အကြင်သို့သဘောရှိသော ဖောဋ္ဌဗ္ဗာရုံကို မှီဝဲသောသူအား။ စိတ်ဖြင့်သိအပ်သော အကြင်သို့သဘောရှိသော ဓမ္မာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊စိတ်ဖြင့် သိအပ်သော ဤသို့သဘောရှိသော ဓမ္မာရုံကို မမှီဝဲအပ်။

အသျှင်ဘုရား စိတ်ဖြင့်သိအပ်သော အကြင်သို့သဘောရှိသော ဓမ္မာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ စိတ်ဖြင့်သိအပ်သော ဤသို့သဘောရှိသော ဓမ္မာရုံကို မှီဝဲအပ်၏။

အသျှင်ဘုရား အကျဉ်းအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော ဤတရားတော်၏ အနက်ကို အကျယ်အားဖြင့် ဤသို့သိသော အကျွန်ုပ်သည် မြတ်စွာဘုရား ဟောအပ်သော ပြဿနာ၏ အဖြေကို ကြားနာရသောကြောင့် ဤပြဿနာ၌ ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လော သို့လော ထွေးတောခြင်း ကင်းပါပြီ” ဟု (လျှောက်၏)။

၃၆၆။ ဤသို့လျှင် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရား၏ တရား တော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားအား မနောက်ထပ်ပြဿနာကို မေးလျှောက်ပြန်၏—

http://www.dhammadownload.com



“အသျှင်ဘုရား အလုံးစုံသော သမဏဗြာဟ္မဏတို့သည် တူသောအဆုံးအမ တူသောအကျင့် တူသောအယူ တူသောပြီးဆုံးရာ ရှိပါကုန်သလော” ဟု (မေးလျှောက်ပြန်၏)။

နတ်တို့၏အရှင် သိကြားမင်း အလုံးစုံသော သမဏဗြာဟ္မဏတို့သည် တူသောအဆုံးအမ တူသောအကျင့် တူသောအယူ တူသောပြီးဆုံးရာ မရှိကုန် ဟု (ဖြေကြားတော်မူ၏)။

“အသျှင်ဘုရား အလုံးစုံသော သမဏဗြာဟ္မဏတို့သည် အဘယ့်ကြောင့် တူသောအဆုံးအမ တူသောအကျင့် တူသောအယူ တူသောပြီးဆုံးရာ မရှိပါကုန်သနည်း ဟု (မေးလျှောက်ပြန်၏)။

နတ်တို့၏အရှင် သိကြားမင်း လောကသည် များသော အမျိုးမျိုးသော ဓာတ်ရှိ၏။များသော အမျိုးမျိုးသော ဓာတ်ရှိသည့် ထိုလောက၌ သတ္တဝါတို့သည် အကြင်အကြင် ဓာတ်ကို စွဲလမ်းကုန်၏၊ ထိုထိုဓာတ်ကိုသာလျှင် ပြင်းထန်မြဲမြံစွာ စွဲလမ်း၍ “ဤငါ၏ အယူသည်သာ မှန်၏၊ တပါးသော သူတို့၏ အယူသည် အချည်းနှီးသာတည်း” ဟု ပြောဆိုကုန်၏။ ထို့ကြောင့် အလုံးစုံသော သမဏဗြာဟ္မဏတို့သည် တူသောအဆုံးအမ တူသောအကျင့် တူသောအယူ တူသောပြီးဆုံးရာ မရှိကုန် ဟု (ဖြေကြားတော်မူ၏)။

“အသျှင်ဘုရား အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ပျက်စီးခြင်းကိုလွန်သော မှီခိုအားထားရာ ရှိပါကုန်သလော၊ ပျက်စီးခြင်းကိုလွန်သော ယောဂကုန်ရာ ရှိပါကုန်သလော၊ ပျက်စီးခြင်းကို လွန်သော တရားအလို့ငှါ မြတ်သောအကျင့် ရှိပါကုန်သလော၊ ပျက်စီးခြင်းကိုလွန်သော ပြီးဆုံးရာ ရှိပါကုန်သလော” ဟု (မေးလျှောက်ပြန်၏)။

နတ်တို့၏အရှင် သိကြားမင်း အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ပျက်စီးခြင်းကိုလွန်သော မှီခိုအားထားရာမရှိကုန်၊ ပျက်စီးခြင်းကိုလွန်သော ယောဂကုန်ရာ မရှိကုန်၊ ပျက်စီးခြင်းကိုလွန်သော တရားအလို့ငှါ မြတ်သောအကျင့်မရှိကုန်၊ ပျက်စီးခြင်းကိုလွန်သော ပြီးဆုံးရာ မရှိကုန် ဟု (ဖြေကြား တော်မူ၏)။

“အသျှင်ဘုရား အဘယ့်ကြောင့် အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ပျက်စီးခြင်းကို လွန်သော မှီခိုအားထားရာ မရှိပါကုန်သနည်း၊ ပျက်စီးခြင်းကိုလွန်သော ယောဂကုန်ရာ မရှိပါကုန်သနည်း၊ ပျက်စီးခြင်းကို လွန်သော တရားအလို့ငှါ မြတ်သောအကျင့် မရှိပါကုန်သနည်း၊ ပျက်စီးခြင်းကို လွန်သော ပြီးဆုံးရာ မရှိပါကုန်သနည်း” ဟု (မေးလျှောက်ပြန်၏)။

နတ်တို့၏အရှင် သိကြားမင်း တဏှာကိုကုန်ခန်းစေတတ်သော မဂ်ဖြင့် ကိလေသာမှ လွတ်ကုန်သော ရဟန်းတို့သည် ပျက်စီးခြင်းကိုလွန်သော မှီခိုအားထားရာရှိကုန်၏၊ ပျက်စီးခြင်းကိုလွန်သော ယောဂကုန်ရာရှိကုန်၏၊ ပျက်စီးခြင်းကိုလွန်သော တရားအလို့ငှါ မြတ်သောအကျင့်ရှိကုန်၏၊ ပျက်စီး ခြင်းကို လွန်သော ပြီးဆုံးရာရှိကုန်၏။ ထို့ကြောင့် အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ပျက်စီး ခြင်းကို လွန်သော မှီခိုအားထားရာမရှိကုန် ပျက်စီးခြင်းကိုလွန်သော ယောဂကုန်ရာမရှိကုန် ပျက်စီး ခြင်းကို လွန်သော တရားအလို့ငှါ မြတ်သော အကျင့်မရှိကုန်၊ ပျက်စီးခြင်းကိုလွန်သော ပြီးဆုံးရာ မရှိကုန် ဟု (ဖြေကြားတော်မူ၏)။

နတ်တို့၏အရှင် သိကြားမင်း မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဤအခြင်းအရာအားဖြင့် ပြဿနာကို ဖြေကြားတော်မူလတ်သော် နတ်တို့၏အရှင် သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာ ဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာခံယူ၏။

http://www.dhammadownload.com



"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဟောတော်မူသည့် အတိုင်း မှန်လှပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဟောတော်မူသည့် အတိုင်း မှန်လှပါ၏၊ မြတ်စွာဘုရား ဟောအပ်သောပြဿနာ၏ အဖြေကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်း မှလွန်မြောက်ပါပြီ၊ သို့လောသို့လော တွေးတောခြင်း ကင်းပါပြီ" ဟု (ဝမ်းမြောက်စွာခံယူ၏။)

၃၆၇။ ဤသို့လျှင် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာခံယူပြီးလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

အသျှင်ဘုရား တဏှာသည် ရောဂါမည်ပါ၏၊ တဏှာသည် အိုင်းအမာမည်ပါ၏၊ တဏှာသည် ငြောင့်မည်ပါ၏၊ တဏှာသည် ဤသတ္တဝါ အပေါင်းကို ထိုထိုဘဝ၌ ဖြစ်စေခြင်းငှါ ဆွဲငင်၏၊ ထို့ကြောင့် ဤသတ္တဝါ အပေါင်းသည် မြတ်သောဘဝ ယုတ်သောဘဝသို့ ရောက်ရပါ၏။

"အသျှင်ဘုရား အကျွန်ုပ်သည် ဤသာသနာတော်မှအပ အခြားသော သမဏဗြာဟ္မဏတို့၌ အကြင်ပြဿနာတို့ကို မေးခွင့်မျှလည်း မရခဲ့ပါ၊ ထိုပြဿနာတို့ကို မြတ်စွာဘုရားသည် အကျွန်ုပ်အား ဖြေကြားတော်မူပါ၏၊ အကျွန်ုပ်၏ (သန္တာန်၌) ရှည်မြင့်စွာသော နှလုံးငြောင့်ပတ်လုံး ကိန်းအောင်း၍နေသော သို့လော သို့လော တွေးတောယုံမှားခြင်း ငြောင့်သည် ရှိပါ၏၊ ထိုငြောင့်ကိုလည်း မြတ်စွာဘုရားသည် နုတ်တော်မူအပ်ပါ၏" ဟု (လျှောက်၏)။

နတ်တို့၏အရှင် သိကြားမင်း သင်သည် ဤပြဿနာတို့ကို အခြားသော သမဏဗြာဟ္မဏတို့အား မေးဘူးသည်ကို မှတ်မိပါ၏ လော ဟု (မိန့်တော်မူ၏)။

ဤပြဿနာတို့ကို အခြားသော သမဏဗြာဟ္မဏတို့အား မေးဘူးသည်ကို အကျွန်ုပ် မှတ်မိပါသည် အသျှင်ဘုရား ဟု (လျှောက်၏)။

နတ်တို့၏အရှင် သိကြားမင်း ထို(သမဏဗြာဟ္မဏ) တို့သည် အဘယ်သို့ ဖြေကြားကုန်သနည်း၊ အကယ်၍ သင့်အား ဝန်မလေးမူ ပြောကြားပါလော့ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ဖြစ်စေ၊ မြတ်စွာဘုရား ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်စေ၊ ထိုင်နေရာအရပ်၌ ပြောကြားရန် အကျွန်ုပ်အား ဝန်မလေးပါ အသျှင်ဘုရား ဟု (လျှောက်၏)။

နတ်တို့၏အရှင် သိကြားမင်း သို့ဖြစ်လျှင် ပြောကြားပါလော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကြင်သမဏဗြာဟ္မဏတို့ကို ဆိတ်ငြိမ်ရာ တောကျောင်းနေ ပုဂ္ဂိုလ်တို့ဟူ၍ အကျွန်ုပ် မှတ်ထင်ပါ၏၊ ထို (သမဏဗြာဟ္မဏ) တို့ထံ ချဉ်းကပ်၍ ဤပြဿနာတို့ကို အကျွန်ုပ် မေးဘူးပါ၏၊ အကျွန်ုပ်မေးလတ်သော် ထို (သမဏဗြာဟ္မဏ) တို့သည် မဖြေနိုင်ကြပါကုန်၊ မဖြေနိုင်ကြကုန်သည်ဖြစ်၍ "အသျှင်သည် အဘယ် အမည် ရှိပါသနည်း" ဟု အကျွန်ုပ်ကိုပင် ပြန်၍ မေးကြပါကုန်၏။

ထို (သမဏဗြာဟ္မဏ) တို့မေးအပ်သည် ဖြစ်၍ "အသျှင်တို့ အကျွန်ုပ်သည်ကား နတ်တို့၏အရှင် သိကြားမင်းပါတည်း" ဟု အကျွန်ုပ်ဖြေကြားပါ၏၊ ထို(သမဏဗြာဟ္မဏ) တို့သည် အကျွန်ုပ်ကိုပင် "နတ်တို့၏အရှင် သိကြားမင်း အရှင်သည် အဘယ်ကံကိုပြု၍ ဤသိကြားနေရာ သို့ရောက်ပါသနည်း" ဟု ထပ်၍ မေးကြပြန်ပါကုန်၏။ ကြားဘူးသည့် အတိုင်း သင်ဘူးသည့် အတိုင်း (ခုနစ်ပါးသော

http://www.dhammadownload.com



သိကြားဖြစ်ကြောင်း) တရားကို ထိုသမဏဗြာဟ္မဏတို့အား အကျွန်ုပ်ဟောပါ၏။ ထို (သမဏဗြာဟ္မဏ)တို့သည် ထိုမျှဖြင့်ပင်လျှင် "ငါတို့သည် နတ်တို့၏အရှင်သိကြားမင်းကို တွေ့မြင်ရပေ၏၊ အကြင် (ပြဿနာ) ကိုလည်း ငါတို့သည် မေးကြရကုန်၏၊ ထို (ပြဿနာ) ကိုလည်း ငါတို့အား ဖြေကြားပေ၏"ဟု ထို (သမဏဗြာဟ္မဏ) တို့သည် ဝမ်းမြောက်ကြကုန်၏။ စင်စစ်အားဖြင့် ထို (သမဏဗြာဟ္မဏ) တို့သည် အကျွန်ုပ်၏ တပည့်သာလျှင် ဖြစ်ကြပါကုန်၏၊ အကျွန်ုပ်သည်ကား ထို (သမဏဗြာဟ္မဏ) တို့၏ တပည့်မဖြစ်ပါ၊ အသျှင်ဘုရား အကျွန်ုပ်သည်ကား အပါယ်လေးပါးသို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော မြတ်စွာဘုရား၏ တပည့် သောတာပန်ဖြစ်ပါ၏ ဟု (လျှောက်၏)။

## ဝမ်းမြောက်မှုကိုရဘူးခြင်း

၃၆၈။ နတ်တို့၏အရှင် သိကြားမင်း သင်သည် ဤယခုမှ ရှေးအခါက ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို မှတ်မိပါ၏လော ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် ဤယခုမှ ရှေးအခါက ဤသို့ သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို မှတ်မိပါ၏ ဟု (လျှောက်၏)။

နတ်တို့၏အရှင် သိကြားမင်း ဤယခုမှ ရှေးအခါက ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို သင်အဘယ်သို့ မှတ်မိပါသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရှေး၌ဖြစ်ဘူးသည်ကား နတ်နှင့် အသုရာတို့ စစ်ပွဲ ဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား ထိုစစ်ပွဲ၌ နတ်တို့နိုင်၍ အသုရာတို့ ရှုံးကြပါ၏။ အသျှင်ဘုရား ထိုစစ်ကို နိုင်သောကြောင့် စစ်နိုင်သော ထိုအကျွန်ုပ်အား ဤသို့သော နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်ပါ၏၊ "ယခုအခါ နတ်တို့၏ အစာအာဟာရ အသုရာတို့၏အစာအာဟာရ ဟူ၍ရှိရာ ဤနှစ်မျိုးလုံးကို နတ်တို့ချည်းသာသုံးဆောင်ကြရကုန်လတ္တံ့" ဟု (နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပါ၏)။ အသျှင်ဘုရား အကျွန်ုပ်အား ထိုနှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးကို ရခြင်းသည် တုတ် ဓားလက်နက်ကိုင်ဆောင်ရသော ချမ်းသာမျိုးဖြစ်ပါ၏၊ ငြီးငွေ့ရန်အလို့ငှါ တပ်မက်ခြင်းကင်းရန်အလို့ငှါ ဝဋ်ဆင်းရဲချုပ်ရန်အလို့ငှါ ရာဂစသည်ငြိမ်းရန်အလို့ငှါ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ သစ္စာလေးပါးကို သိရန်အလို့ငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ မဖြစ်ပါ။

အသျှင်ဘုရား မြတ်စွာဘုရား၏တရားတော်ကို ကြားနာရ၍ အကျွန်ုပ်၏ အကြင်နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးကို ရခြင်းသည် ရှိပါ၏၊ ထို(နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးကိုရခြင်း) သည်သာ တုတ် ဓား လက်နက် မကိုင်ဆောင်ရသော ချမ်းသာခြင်းမျိုး ဖြစ်ပါ၏၊ စင်စစ် ငြီးငွေ့ရန်အလို့ငှါ တပ်မက်ခြင်း ကင်းရန်အလို့ငှါ ဝဋ်ဆင်းရဲချုပ်ရန်အလို့ငှါ ရာဂစသည်ငြိမ်းရန်အလို့ငှါ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ သစ္စာလေးပါးကို သိရန်အလို့ငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ ဖြစ်ပါသည် ဟု (လျှောက်၏)။

၃၆၉။ နတ်တို့၏အရှင် သိကြားမင်း သင်သည် အဘယ်အကျိုးထူးကိုမြင်၍ ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးရခြင်းကို ချီးကျူးပြောဆိုပါသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် ခြောက်ပါးသောအကျိုးထူးကိုမြင်၍ ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးရခြင်းကို ချီးကျူးပြောဆိုပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် ဤအရပ်၌ပင် တည်နေလျက် သိကြားပင်ဖြစ်၍ အသက်ကိုလည်း တဖန်ပြန်၍ ရပါ၏၊ အသျှင်ဘုရား ဤသို့ သိတော်မူပါလော့။

အသျှင်ဘုရား အကျွန်ုပ်သည် ရှေးဦးစွာသော ဤအကျိုးထူးကိုမြင်၍ ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် နတ်ဘုံမှ စုတေ၍ နတ်အသက်ကို စွန့်ပြီးလျှင် မတွေမဝေ သတိရှိလျက် အကျွန်ုပ်၏ စိတ်မွေ့လျော်ရာဘုံ၌ ပဋိသန္ဓေနေခြင်းသို့ ရောက်ရပါအံ့။

အသျှင်ဘုရား အကျွန်ုပ်သည် နှစ်ခုမြောက်သော ဤအကျိုးထူးကိုမြင်၍ ဤသို့ သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

အသျှင်ဘုရား ယုံမှားတွေဝေခြင်း ကင်းသည်ဖြစ်၍ သာသနာတော်၌ မွေ့လျော်စွာနေသော ထိုအကျွန်ုပ်သည် သတိသမ္ပဇဉ်နှင့် ယှဉ်လျက် အရိယာအဖြစ်နှင့်လျော်စွာ နေရပါလတ္တံ့။

အသျှင်ဘုရား အကျွန်ုပ်သည် သုံးခုမြောက်သော ဤအကျိုးထူးကို မြင်၍ ဤသို့ သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

အသျှင်ဘုရား အရိယာအဖြစ်နှင့် သင့်လျော်လျောက်ပတ်စွာ ကျင့်ဆောင်နေထိုင်သော အကျွန်ုပ်အား အကယ်၍ သကဒါဂါမိမဂ်ဉာဏ်သည်ဖြစ်အံ့၊ (အထက်မဂ်ကို)သိလိုသည်ဖြစ်၍ နေပါအံ့၊ ထို(ဘဝ)သည်ပင် လူ့ပြည်၌ အဆုံးဘဝဖြစ်ပါလတ္တံ့။

အသျှင်ဘုရား အကျွန်ုပ်သည် လေးခုမြောက်သော ဤအကျိုးထူးကိုမြင်၍ ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် လူ့ဘုံမှစုတေ၍ လူ အသက်ကို စွန့်ပြီးလျှင် နတ်ပြည်၌ သိကြားမင်းတဖန် ဖြစ်ရပါလတ္တံ့။

အသျှင်ဘုရား အကျွန်ုပ်သည် ငါးခုမြောက်သော ဤအကျိုးထူးကိုမြင်၍ ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

အသျှင်ဘုရား အကနိဋ္ဌဗြဟ္မာတို့သည် သာလွန်၍ မြတ်ကုန်၏၊ အခြံအရံများကုန်၏၊ အဆုံးဘဝဖြစ်သည်ရှိသော် ထို(အကနိဋ္ဌဘုံ)သည် (အကျွန်ုပ်၏) နေရာဖြစ်ပါလတ္တံ့။

အသျှင်ဘုရား အကျွန်ုပ်သည် ခြောက်ခုမြောက်သော ဤအကျိုးထူးကိုမြင်၍ ဤသို့ သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ခြောက်ပါးကုန်သော ဤအကျိုးထူးတို့ကို မြင်၍ ဤသို့ သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းများကို ချီးကျူးပြောဆိုပါ၏။

၃၇၀။ အသျှင်ဘုရား သို့လော သို့လော တွေးတောယုံမှားခြင်းရှိသော အကျွန်ုပ်သည် မပြီးမြောက်သည့် ကြံစည်တောင့်တခြင်းနှင့် မြတ်စွာဘုရားကို ရှာလျက် အခွန့်ရှည်စွာ လှည့်လည်ခဲ့ပါ၏။

အကျွန်ုပ်သည် အကြင်သမဏဗြာဟ္မဏတို့ကို ဝိဝေကတရားကို ပွါးများ၍ နေလေ့ရှိကုန်သော ဘုရားတို့ ဟူ၍ မှတ်ထင်ပါကုန်၏၊ ထိုသမဏဗြာဟ္မဏတို့ထံ ဆည်းကပ်ရန် သွားရောက်ခဲ့ပါ၏။

http://www.dhammadownload.com



အဘယ်နည်းဖြင့် မင်္ဂ၏ပြည့်စုံခြင်း ဖြစ်သနည်း၊ အဘယ်နည်းဖြင့် မင်္ဂ၏မပြည့်စုံခြင်း ဖြစ်သနည်း၊ ဤသို့ မေးအပ်သော် မဂ်ဥ်ရင်း အကျင့်တို့ဥ်ရင်း ထို(သမဏဗြာဟ္မဏ)တို့ မဖြေနိုင်ကြပါကုန်။

ယခုလာသော သူသည် နတ်တို့၏အရှင် သိကြားမင်း ဟု အကျွန်ုပ်ကို သိကြသောအခါ အဘယ် (ကောင်းမှုကံ)ကို ပြု၍ ဤ(သိကြားအဖြစ်)သို့ ရောက်သနည်း ဟု အကျွန်ုပ်ကို သာလျှင် ထို(သမဏဗြာဟ္မဏ)တို့ မေးကြပါကုန်၏။

လူဘို့ပြည့်ဥ် ထင်ရှားသော ခုနစ်ပါးသော သိကြားမင်းဖြစ်ကြောင်းတရားကို ကြားဘူးသည့်အတိုင်း ထို(သမဏဗြာဟ္မဏ)တို့အား အကျွန်ုပ်ဟောပါ၏၊ ထို(တရားဟောသော)ကြောင့် ငါတို့သည် သိကြားမင်းကို မြင်ရပေပြီ ဟု ထို(သမဏဗြာဟ္မဏ)တို့သည် ဝမ်းမြောက်ကြပါကုန်၏။

အကျွန်ုပ်၏ ယုံမှားခြင်းကို လွန်မြောက်စေတော်မူသော မြတ်စွာဘုရားကို ဖူးမြော်ရသော အခါမှစ၍ မြတ်စွာဘုရားကို ဆည်းကပ်ခဲ့သောကြောင့် ယခုအခါဥ် အကျွန်ုပ်သည် ကြောက်ရွံ့ခြင်း ကင်းရပါပြီ။

တဏှာတည်းဟူသော ငြောင့်ကို ပယ်နှုတ်တော်မူတတ်သော သစ္စာလေးပါးကို သိတော်မူပြီးသော အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော ကြီးမြတ်သော လို့လရှိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်ရှိခိုးပါ၏။

အသျှင်ဘုရား အကျွန်ုပ်တို့သည် ဗြဟ္မာအား ရှိခိုးခြင်းကို ပြုခဲ့ပါကုန်၏၊ ယနေ့မှစ၍ နတ်တို့နှင့်အတူ အကျွန်ုပ်တို့အား ထိုရှိခိုးခြင်းသည် မရှိတော့ပါ ဟု အသျှင်ဘုရားအား ပြပါကုန်အံ့။ ယခုမူ အကျွန်ုပ်တို့သည် အသျှင်ဘုရားအား ရှိခိုးပူဇော်ခြင်းကို ပြုကြပါကုန်၏။

အသျှင်ဘုရားသည်သာလျှင် အလုံးစုံသော တရားတို့ကို သိသော ဘုရားဖြစ်တော်မူပါ၏၊ အသျှင်ဘုရားသည် အတုမရှိသော ဆရာဖြစ်တော်မူပါ၏၊ နတ်နှင့်တကွသော လောကဥ် အသျှင်ဘုရားနှင့် တူသောပုဂ္ဂိုလ် မရှိပါဘုရား ဟု (လျှောက်ထား၏)။

၃၇၁။ ထိုအခါ နတ်တို့၏အရှင် သိကြားမင်းသည် ဂန္ဓဗ္ဗနတ်မျိုးဖြစ်သော ပဉ္စသိခနတ်သားကို မိန့်ကြားလေ၏။

"အမောင်ပဉ္စသိခ သင်သည် ငါ့အား ကျေးဇူးများလှပေ၏၊ သင်သည် မြတ်စွာဘုရားကို ရှေးဦးစွာ ခွင့်ပန်ပေ၏၊ အမောင်ပဉ္စသိခ သင်ခွင့်ပန်ပြီးသည့်နောက်မှ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားကို ငါတို့သည် နောက်မှ ဖူးမြော်ခြင်းငှါ ချဉ်းကပ်ကြရကုန်၏။ (ငါသည်)သင့်အား သင့်အဘရာထူးဥ်လည်း ထားအံ့၊ ဂန္ဓဗ္ဗနတ်မင်းလည်း သင်ဖြစ်အံ့၊ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော သင်အလွန်တောင့်တသော သူရိယဝစ္စသာနတ်သမီးကိုလည်း သင့်အား ပေးအံ့" ဟု (မိန့်ကြားလေ၏)။

ထို့နောက် နတ်တို့၏အရှင် သိကြားမင်းသည် လက်ဖြင့် မြေကိုပုတ်၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ် ဥဒါန်းကျူးရင့်၏။

http://www.dhammadownload.com



ဤအမေးအဖြေနှင့်တကွသော တရားဒေသနာတော်ကို ဟောတော်မူသည်ရှိသော် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု နတ်တို့၏အရှင်သိကြားမင်းအား ကိလေသာမြူအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ထင်ရှားဖြစ်ပေါ်လေ၏၊ တပါးသော ရှစ်သောင်းသော နတ်တို့အားလည်း တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ထင်ရှားဖြစ်ပေါ်လေ၏။

ဤသို့ နတ်တို့၏အရှင် သိကြားမင်း တောင်းပန်သော ပြဿနာတို့ကို မြတ်စွာဘုရား ဖြေကြားတော်မူသောကြောင့် ဤတရားဒေသနာတော်၏အမည်သည် သက္ကပဉှာ ဟူ၍သာလျှင် တွင်သတည်း။

**ရှစ်ခုမြောက် သက္ကပဉှသုတ်ပြီး၏။**

http://www.dhammadownload.com

# ၉—မဟာသတိပဋ္ဌာနသုတ်

၃၇၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မ[1] မည်သောနိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟု ပြန်လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

## အကျဉ်းချုပ်

၃၇၃။ ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်း။

အဘယ်လေးပါးတို့နည်းဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိ[2] ရှိသည်ဖြစ်၍ လောက[3]၌ အဘိဇ္ဈာ[4] ဒေါမနဿ[5]ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

အကျဉ်းချုပ် ပြီး၏။

---

၁။ ကမ္မာသဒမ္မ-ကမ္မာသဓမ္မဟု မူနှစ်မျိုးရှိရာ ကမ္မာသဒမ္မ ရှိသည့်အလို ခြေကျွဲးကို ဆုံးမရာ ဖြစ်သောကြောင့်ဟု ဆိုလိုသည်၊ ကမ္မာသဓမ္မ ရှိသည့်အလို ကျင့်ဝတ်ကျားကုန်သော သူတို့၏တည်ရာဖြစ်သောကြောင့်ဟု ဆိုလိုသည်။

၂။ အောက်မေ့ခြင်း။

၃။ ဥပါဒါနက္ခန္ဓာလောကကိုဆိုသည်။

၄။ လိုချင်တပ်မက်ခြင်း။

၅။ နှလုံးမသာခြင်း။

http://www.dhammadownload.com



## ၁-ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း

၃၇၄။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ ဖြစ်စေ သစ်ပင်ရင်းသို့သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့)ရှေးရှုဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှိုက်၏[၁]၊ သတိရှိလျက်သာလျှင် ဝင်သက်လေကိုရှူ၏၊ ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်" ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်" ဟု သိ၏၊ တိုဘိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်" ဟု သိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်" ဟု သိ၏၊ (ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်" ဟု ကျင့်၏၊ (ဝင်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှား သိလျက် ရှူမည်" ဟု ကျင့်၏၊ "ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်" ဟု ကျင့်၏၊ "ရုန့်ရင်းသောဝင်သက်ကို ငြိမ်းစေလျက် ရှူမည်" ဟု ကျင့်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမားသည်ငင်း ပွတ်သမား၏တပည့်သည် ငင်း (ပွတ်ကြိုးကို) ရှည်ရှည်ဆွဲငင်လျှင်လည်း "ရှည်ရှည်ဆွဲငင်သည်" ဟု သိ၏၊ (ပွတ်ကြိုးကို) တိုတို ဆွဲငင်လျှင်လည်း "တိုတိုဆွဲငင်သည်" ဟု သိ၏၊ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှိုက်လျှင် လည်း "ရှည်ရှည်ရှိုက်သည်" ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်" ဟု သိ၏၊ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်" ဟု သိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်" ဟု သိ၏၊ (ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်" ဟု ကျင့်၏၊ (ဝင်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်"ဟု ကျင့်၏၊ "ရုန့်ရင်းသောထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်"ဟု ကျင့်၏၊ "ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်" ဟု ကျင့်၏။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်း ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ် အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိသည်" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာ ဟု)စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်း သည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

၁။ ဝမ်းဗိုက်ကိုရှိုက်၍လွှတ်ရသည်ကိုရည်၍ ထွက်လေလွှတ်သည်ကို ရှိုက်သည်ဟု ဝေါဟာရ ပြုသည်။

http://www.dhammadownload.com



## ၂-ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း

၃၇၅။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သွားလျှင်လည်း "သွားသည်" ဟု သိ၏၊ ရပ်လျှင်လည်း "ရပ်သည်" ဟု သိ၏၊ ထိုင်လျှင်လည်း "ထိုင်သည်" ဟု သိ၏၊ လျောင်းလျှင်လည်း "လျောင်းသည်" ဟု သိ၏၊ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင် အမူအရာအားဖြင့် တည်နေ၏၊ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ သူတပါး၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်း ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်းနေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်းမစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## ၃-သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း

၃၇၆။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့ တိုးရာ နောက်သို့ဆုတ်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ သိလျက်ပြုလေ့ရှိ၏။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

သတိသမ္ပဇဉ်ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## ၄-စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း

၃၇၇။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက် ဆံပင်ဖျားမှ အောက် ထက်ဝန်းကျင် အရေပါး အဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏၊ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း

http://www.dhammadownload.com



သွား အရေ အသား အကြော အရိုး ရိုးတွင်းချဉ်ဆီ အညှို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုပ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏" ဟု စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက်ရှိရာ၏။ အဘယ်စပါးတို့နည်းဟူမူ—သလေးစပါး ကောက်ကြီးစပါး ပဲနောက် ပဲကြီး နှမ်း ဆန်တို့တည်း။ မျက်စိအမြင်ရှိသောယောကျ်ားသည် ထိုအိတ်ကိုဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့တည်း ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း ဤသည်တို့ကား ပဲနောက်တို့တည်း ဤသည်တို့ကား ပဲကြီးတို့တည်း ဤသည်တို့ကား နှမ်းတို့တည်း ဤသည်တို့ကား ဆန်တို့တည်း" ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှအထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ။ပ။ ကျင်ငယ်သည်ရှိ၏" ဟု (စူးစိုက်ဆင်ခြင်၏)။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## ၅-ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း

၃၇၈။ ရဟန်းတို့ တဖန် ထို့ပြင်လည်း "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏" ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်၎င်း နွားသတ်သမား၏ တပည့်သည်၎င်း နွားကိုသတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏" ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မူလည်း။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း ပြီး၏။

---

## ၆-သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း

၃၇၉။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍ တရက်ရှိသော သူသေကောင် သေ၍ နှစ်ရက်ရှိသော သူသေကောင် သေ၍ သုံးရက်ရှိသော သူသေကောင် ဖူးရောင်နေသော သူသေကောင် ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင် ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည်

http://www.dhammadownload.com



ယိုစီးသော သင်္ချိုင်း၌ စွန့်ပစ်ထားသောသူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သောသဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ ခဲစားအပ်သည်မူလည်းဖြစ်သော စွန်ရဲတို့ ခဲစားအပ်သည်မူလည်းဖြစ်သော လင်းတတို့ ခဲစားအပ်သည်မူလည်းဖြစ်သော ဘုံမတီးငှက်တို့ ခဲစား အပ်သည်မူလည်းဖြစ်သော ခွေးတို့ ခဲစားအပ်သည်မူလည်းဖြစ်သော ကျားတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော သစ်ဘို့ ခဲစားအပ်သည်မူလည်းဖြစ်သော မြေခွေးတို့ ခဲစားအပ်သည်မူလည်းဖြစ်သော ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည်မူလည်းဖြစ်သော သင်္ချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ဤကိုယ်ကိုသာလျှင် "ဤငါ၏ရုပ်အပေါင်းသည်လည်း ဤသို့ သဘောရှိ၏၊ ဤသို့ သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်" ဟု နှိုင်းစာ၍ ရှု၏။

ဤသို့(မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အသားအသွေးရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာ သကဲ့သို့။ပ။

အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော အရိုးဆက်လျက် ရှိသေးသော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို။ပ။

အသားအသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးစုဖြစ်သော သင်္ချိုင်း၌ စွန့်ပစ် အပ်သော သူသေကောင်ကို။ပ။

တနေရာ၌လက်ရိုး တနေရာ၌ခြေရိုး တနေရာ၌ ခြေဖမျက်ရိုး တနေရာ၌မြင်းခေါင်းရိုး တနေရာ၌ ပေါင်ရိုး တနေရာ၌ ခါးရိုး တနေရာ၌နံရိုး တနေရာ၌ ကျောက်ကုန်းရိုး တနေရာ၌ ပခုံးရိုး တနေရာ၌ လည်ပင်းရိုး တနေရာ၌ မေးရိုး တနေရာ၌ သွားရိုး တနေရာ၌ ဦးခေါင်းခွံအားဖြင့် ဖွဲ့ခြင်း ကင်းကုန် လျက် ထိုထိုအရပ်တို့၌ ကြဲပြန့်နေကုန်သော သင်္ချိုင်း၌ စွန့်ပစ်အပ်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သောသဘောဖြစ်လိမ့်မည်သာတည်း ဤသို့သောသဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း။ပ။ နေ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရုသင်း အဆင်းနှင့် အတူ ဖြူဖွေးနေကုန်သော သင်္ချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့။ပ။ နှစ်လွန်လျက် စုပုံ နေသော သင်္ချိုင်း၌ စွန့်ပစ်ထားအပ်သော အရိုးစုသူသေကောင်တို့ကို မြင်ရာသကဲ့သို့။ပ။ ဆွေးမြည့် လျက် အမှုန့်ဖြစ်ကုန်သော သင်္ချိုင်း၌စွန့်ပစ်ထားကုန်သော အရိုးစုသူသေကောင်တို့ကို မြင်ရာသကဲ့သို့

http://www.dhammadownload.com



ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့ သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သောသဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ပျက်ကြောင်းသဘောနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်းနေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိ တဖန် တိုးပွါးခြင်းငှါသာဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာမျှကိုလည်း (ငါ ငါ၏ဥစ္စာ ဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

ရုပ်အပေါင်းကိုဆင်ခြင်ခြင်း တဆယ့်လေးပါး ပြီး၏။

---

## ဝေဒနာကိုဆင်ခြင်ခြင်း ကိုးပါး

၃၈၀။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာ[၁] တို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာ[၂] ကို ခံစားလျှင်လည်း "သုခဝေဒနာကို ခံစားသည်" ဟု သိ၏။ ဒုက္ခဝေဒနာ[၃]ကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်" ဟု သိ၏။ အဒုက္ခမသုခဝေဒနာ[၄]ကို ခံစားလျှင်လည်း "အဒုက္ခမသုခဝေဒနာကို ခံစားသည်" ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်" ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်" ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသောဝေဒနာကို ခံစားလျှင်လည်း ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်" ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်" ဟု သိ၏၊ ကာမဂုဏ်နှင့် စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်" ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲ

---

၁။ ခံစားခြင်း။
၂။ ချမ်းသာသောခံစားခြင်း။
၃။ ဆင်းရဲသောခံစားခြင်း။
၄။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သောခံစားခြင်း။

မဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲ မဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်" ဟု သိ၏။

ဤသို့ မိမိ၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ မိမိ သူတပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ဝေဒနာတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ဝေဒနာသည်သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်း ငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟူ) စွဲလည်းမစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ဝေဒနာတို့ကို ဆင်ခြင်ခြင်းကိုးပါး ပြီး၏။

---

## စိတ်ကိုဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး

၃၈၁။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရာဂ[၁]နှင့် တကွသော စိတ်ကိုလည်း "ရာဂနှင့် တကွသောစိတ်" ဟု သိ၏၊ ရာဂကင်းသော စိတ်ကိုလည်း "ရာဂကင်းသောစိတ်" ဟု သိ၏၊ ဒေါသ[၂]နှင့်တကွသော စိတ်ကိုလည်း "ဒေါသနှင့်တကွသောစိတ်" ဟု သိ၏၊ ဒေါသကင်းသော စိတ်ကိုလည်း "ဒေါသကင်းသောစိတ်" ဟု သိ၏။ မောဟ[၃]နှင့် တကွသော စိတ်ကိုလည်း "မောဟနှင့်တကွသောစိတ်" ဟု သိ၏၊ မောဟကင်းသော စိတ်ကိုလည်း "မောဟကင်းသောစိတ်" ဟု သိ၏၊ သံခိတ္တ[၄] စိတ်ကိုလည်း "သံခိတ္တစိတ်" ဟု သိ၏၊ ဝိက္ခိတ္တ[၅] စိတ်ကိုလည်း "ဝိက္ခိတ္တစိတ်" ဟု သိ၏။ မဟဂ္ဂုတ်[၆] စိတ်ကိုလည်း "မဟဂ္ဂုတ်စိတ်" ဟု သိ၏၊ အမဟဂ္ဂုတ်[၇]စိတ်ကိုလည်း "အမဟဂ္ဂုတ်စိတ်" ဟု သိ၏။ သဉ္ဉတ္တရ[၈] စိတ်ကိုလည်း "သဉ္ဉတ္တရစိတ်" ဟု သိ၏၊ အနုတ္တရစိတ်[၉] ကိုလည်း "အနုတ္တရ စိတ်" ဟု သိ၏။ သမာဟိတစိတ်[၁၀] ကိုလည်း "သမာဟိတစိတ်" ဟု သိ၏။ အသမာဟိတစိတ်[၁၁] ကိုလည်း "အသမာဟိတစိတ်" ဟု သိ၏။ ဝိမုတ္တစိတ်[၁၂] ကိုလည်း "ဝိမုတ္တစိတ်" ဟု သိ၏၊ အဝိမုတ္တ စိတ်[၁၃] ကိုလည်း "အဝိမုတ္တစိတ်" ဟု သိ၏။

---

၁။ တပ်မက်ခြင်း။
၂။ အမျက်ထွက်ခြင်း။
၃။ တွေဝေခြင်း။
၄။ ကျုံ့သောစိတ်။
၅။ ပျံ့သောစိတ်။
၆။ ရူပအရူပစိတ်။
၇။ ကာမာဝစရစိတ်။
၈။ ကာမာဝစရစိတ်။
၉။ ရူပအရူပစိတ်။
၁၀။ အပ္ပနာသမာဓိ ဥပစာရသမာဓိရှိသော တည်ကြည်သောစိတ်။
၁၁။ သမာဓိနှစ်ပါးကင်းသော မတည်ကြည်သောစိတ်။
၁၂။ လွတ်မြောက်သောစိတ်။
၁၃။ မလွတ်မြောက်သောစိတ်။

http://www.dhammadownload.com



ဤသို့ မိမိ၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါးစိတ်၌မူလည်းစိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ စိတ်၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ စိတ်၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်းနေ၏၊ စိတ်၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏၊ ထို့ပြင် "စိတ်သည် သာသျှင်ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။

စိတ်ကိုဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး ပြီး၏။

---

## သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး

## နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၂။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နီဝရဏ[1] ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နီဝရဏငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ[2]ရှိလျှင်လည်း "ငါ၏ အတွင်း သန္တာန်၌ ကာမစ္ဆန္ဒ ရှိသည်" ဟု သိ၏၊ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒမရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒမရှိ" ဟု သိ၏၊ မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဗျာပါဒ[3] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဗျာပါဒရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဗျာပါဒမရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ဗျာပါဒ မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဗျာပါဒ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဗျာပါဒ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ဗျာပါဒ၏ နောင်အခါမဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ထိနမိဒ္ဓ[4] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ထိနမိဒ္ဓမရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓမရှိ" ဟု သိ၏၊ မဖြစ်သေးသော ထိနမိဒ္ဓ၏ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ထိနမိဒ္ဓ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

---

၁။ အပိတ်အပင်တရား။
၂။ ကာမဂုဏ်အလို။
၃။ သူတပါးပျက်စီးစေလိုခြင်းသဘော။
၄။ လေးလံထိုင်းမှိုင်းခြင်း။

http://www.dhammadownload.com



မိမိသန္တာန်၌ ဥဒ္ဓစ္စ[1] ကုက္ကုစ္စ[2] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စမရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စမရှိ" ဟု သိ၏၊ မဖြစ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝိစိကိစ္ဆာ[3] ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာရှိ၏" ဟု သိ၏၊ မိမိ၏ သန္တာန်၌ ဝိစိကိစ္ဆာ မရှိလျှင်လည်း "ငါ၏သ ာန်၌ ဝိစိကိစ္ဆာမရှိ" ဟု သိ၏၊ မဖြစ်သေးသော ဝိစိကိစ္ဆာ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ မိမိသူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိ တို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟု) စွဲလည်းမစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၃။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားကိုတို့ အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤကားရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ရာတည်း၊ ဤကား ဝေဒနာတည်း၊ ဤကား ဝေဒနာ၏ဖြစ်ကြောင်းတည်း၊ ဤကား ဝေဒနာ၏ချုပ်ရာတည်း၊ ဤကား သညာ[4]တည်း၊ ဤကား သညာ၏ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ချုပ်ရာတည်း၊ဤသည်တို့ကား သင်္ခါရ[5]တို့တည်း၊ဤကား သင်္ခါရတို့၏ဖြစ်ကြောင်းတည်း၊ ဤကား သင်္ခါရတို့၏ချုပ်ရာတည်း၊ ဤကား ဝိညာဏ်[6]တည်း၊ ဤကား ဝိညာဏ်၏ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ချုပ်ရာတည်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍

---

၁။ ပျံ့လွင့်ခြင်း။
၂။ နှလုံးမသာယာခြင်း။
၃။ မဝေခွဲနိုင်ခြင်း။
၄။ မှတ်သိခြင်း။
၅။ ပြုပြင်စီရင်မှုအားထုတ်မှု။
၆။ အထူးသိမှု။

http://www.dhammadownload.com



နေ၏၊ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍မူလည်းနေ၏၊သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ် ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် သဘောတရား တို့ သည်သာလျှင် ရှိကုန်၏ ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်)အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာဖြစ်၏၊အဆင့်ဆင့် သတိ တဖန် တိုးပွါးခြင်းငှါသာဖြစ်၏၊(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်းနေ၏၊ လောက၌ တစုံတရာကိုမျှ (ငါ ငါ၏ဥစ္စာ ဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရား ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## အာယတနတဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၄။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန[၁] သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့ လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတနသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏၊ အဆင်းတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်း ကိုလည်းသိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ် ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နားကိုလည်း သိ၏၊ အသံတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နှာခေါင်းကိုလည်း သိ၏၊ အနံ့တို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ် ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသောသံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

လျှာကိုလည်း သိ၏၊ အရသာတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ် ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ကိုယ်ကိုလည်း သိ၏၊အတွေ့အထိတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကို လည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

---

၁။ ဖြစ်ရာအကြောင်း။

http://www.dhammadownload.com



စိတ်ကိုလည်း သိ၏၊ သဘောတရားတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်းနေ၏၊ထို့ပြင် သဘောတရားတို့ သည်သာလျှင် ရှိကုန်၏ ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်)အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိ တဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှ (ငါ ငါ၏ဥစ္စာ ဟူ၍) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

အာယတနတဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၅။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဗောဇ္ဈင်[၁] ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင်[၂]ရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်[၃]ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိ သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည် သိ၏။

---

၁။ သစ္စာတို့ကိုသိကြောင်း။  ၂။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော အောက်မေ့ခြင်း။
၃။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော တရားသဘောကိုစူးစမ်းဆင်ခြင်ခြင်း။

http://www.dhammadownload.com



မိမိ သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်[၁] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်[၂]ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိ သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိလျှင် လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိ" ဟု သိ၏၊ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်[၃] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏၊ မိမိ သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်[၄] ရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သမာဓိ သမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်[၅] ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဥပေက္ခာ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည် သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာဖြစ်၏၊ အဆင့်ဆင့် သတိတဖန်တိုးပွါးခြင်းငှါသာဖြစ်၏၊ (ထိုရဟန်း သည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှ (ငါ ငါ၏ဥစ္စာဟု) စွဲ၍လည်း မစွဲလမ်း၊ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

၁။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော အားထုတ်ခြင်း။
၂။ မဂ်ဉာဏ်၏အကြောင်းဖြစ်သောနှစ်သိမ့်ခြင်း။
၃။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော ကိုယ်စိတ်၏ငြိမ်းချမ်း ခြင်း။
၄။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော တည်ကြည်ခြင်း။
၅။ မဂ်ဉာဏ်၏အကြောင်းဖြစ်သောအညီအမျှရှုခြင်း။

http://www.dhammadownload.com



## သစ္စာလေးပါးကို ဆင်ခြင်ခြင်း အပိုင်း

၃၇၆။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရား ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အရိယသစ္စာလေးပါးသဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခတည်း" ဟု ဟုတ်မှန်သည့်အတိုင်းသိ၏၊ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏၊ "ဤကား ဒုက္ခချုပ်ရာတည်း" ဟု ဟုတ်မှန်သည့်အတိုင်းသိ၏၊ "ဤကား ဒုက္ခနိရောဓဂါမိနီပဋိပဒါ[၁]တည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။

ပဉ္စမအခန်း ပြီး၏။

---

## ဒုက္ခအရိယသစ္စာ

၃၇၇။ ရဟန်းတို့ ဒုက္ခသစ္စာ ဟူသည် အဘယ်နည်း။ ဇာတိ[၂] သည်လည်း ဒုက္ခတည်း၊ ဇရာ[၃] သည်လည်း ဒုက္ခတည်း၊ မရဏ[၄]သည်လည်း ဒုက္ခတည်း၊ သောက[၅] ပရိဒေဝ[၆] ဒုက္ခ[၇] ဒေါမနဿ[၈] ဥပါယာသ[၉] တို့သည်လည်း ဒုက္ခတို့တည်း၊မချစ်ခင်မနှစ်သက်ဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းသည်လည်း ဒုက္ခတည်း၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်း ရခြင်းသည်လည်း ဒုက္ခတည်း၊ အလိုရှိသည်ကို မရခြင်းသည်လည်း ဒုက္ခတည်း၊ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဒုက္ခတို့တည်း။

၃၇၈။ ရဟန်းတို့ ဇာတိသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်း၌ ရှေးဦးစွာဖြစ်ခြင်း ပြည့်စုံစွာဖြစ်ခြင်း (အမိဝမ်းတွင်း ဥခွံတွင်းသို့) သက်ဝင်ခြင်း ကိုယ်ထင်ရှားဖြစ်ခြင်း ခန္ဓာကိုယ်၏ထင်ရှားဖြစ်ခြင်း အာယတနတို့ကိုရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဇာတိဟူ၍ ခေါ်ဆိုအပ်၏။

၃၇၉။ ရဟန်းတို့ ဇရာသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုခြင်း အိုသောအခြင်းအရာ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ရှုံ့ခြင်း ရုပ်အသက် ဆုတ်ယုတ်ခြင်း (မျက်စိစသော)ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ရဟန်းတို့ ဤတရားသဘောကို ဇရာ ဟူ၍ ခေါ်ဆိုအပ်၏။

၃၈၀။ ရဟန်းတို့ မရဏသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ ရွေ့လျောခြင်း ရွေ့လျောသော အခြင်းအရာ ပျက်စီးခြင်း ကွယ်ပျောက်ခြင်း သက်ပြတ်သေဆုံးခြင်း ကွယ်လွန်ခြင်း ခန္ဓာတို့၏ပျက်စီးခြင်း ကိုယ်ကိုပစ်ချခြင်း ဇီဝိတိန္ဒြေ၏ပြတ်စဲခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မရဏဟူ၍ ခေါ်ဆိုအပ်၏။

---

၁။ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအကျင့်။
၂။ ပဋိသန္ဓေတည်နေရခြင်း။
၃။ အိုခြင်း။
၄။ သေခြင်း။
၅။ စိုးရိမ်ပူပန်ခြင်း။
၆။ ငိုကြွေးခြင်း။
၇။ ကိုယ်ဆင်းရဲခြင်း။
၈။ စိတ်ဆင်းရဲခြင်း။
၉။ ပြင်းစွာပူပန်ခြင်း။

http://www.dhammadownload.com



၃၉၁။ ရဟန်းတို့ သောကသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သောသတ္တဝါ၏ စိုးရိမ်ခြင်း စိုးရိမ်သော အခြင်းအရာ စိုးရိမ်သည်၏အဖြစ် အတွင်း၌ စိုးရိမ်ခြင်း အတွင်း၌ ပြင်းစွာစိုးရိမ်ခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို သောကဟူ၍ ခေါ်ဆိုအပ်၏။

၃၉၂။ ရဟန်းတို့ ပရိဒေဝသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါ၏ ငိုကြွေးခြင်း ပြင်းစွာ ငိုကြွေးခြင်း ငိုကြွေးသောအခြင်းအရာ ပြင်းစွာငိုကြွေးသောအခြင်းအရာ ငိုကြွေးသည်၏အဖြစ် ပြင်းစွာငိုကြွေးသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ပရိဒေဝဟူ၍ ခေါ်ဆိုအပ်၏။

၃၉၃။ ရဟန်းတို့ ဒုက္ခသည် အဘယ်နည်း။ ရဟန်းတို့ ကိုယ်၌ဖြစ်သောဆင်းရဲ ကိုယ်၌ဖြစ်သော မသာယာခြင်း ကိုယ်တွေ့ကြောင့်ဖြစ်သော ဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခဟူ၍ ခေါ်ဆိုအပ်၏။

၃၉၄။ ရဟန်းတို့ ဒေါမနဿသည် အဘယ်နည်း။ ရဟန်းတို့ စိတ်၌ဖြစ်သောဆင်းရဲ စိတ်၌ဖြစ်သော မသာယာခြင်း စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒေါမနဿဟူ၍ ခေါ်ဆိုအပ်၏။

၃၉၅။ ရဟန်းတို့ ဥပါယာသသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲခြင်း၏ အကြောင်းနှင့်တွေ့ကြုံသော သတ္တဝါ၏ ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပင်ပန်းသည်၏ အဖြစ် ပြင်းစွာ ပင်ပန်းသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ဥပါယာသဟူ၍ ခေါ်ဆိုအပ်၏။

၃၉၆။ ရဟန်းတို့ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ မလိုလား မနှစ်သက် မမြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့သဘော တရားတို့သော်၎င်း အကျိုးမဲ့ခြင်း အစီးအပွါးမဲ့ခြင်း မချမ်းသာခြင်း ဘေးမငြိမ်းခြင်းကို လိုလားကုန်သော သူတို့သော်၎င်း ထိုသူအား ရှိကုန်၏၊ ထို(အာရုံသတ္တဝါ)တို့နှင့်တကွ တွေ့ရခြင်း ဆုံရခြင်း ပေါင်းဖော်ရခြင်း ရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

၃၉၇။ ရဟန်းတို့ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ လိုလားနှစ်သက် မြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အထိ သဘောတရားတို့သော်၎င်း အကျိုး အစီးအပွါး ချမ်းသာခြင်း ဘေးကင်းခြင်းကို လိုလားကုန်သော အမိအဖ ညီအစ်ကို နှမ အစ်မ မိတ်ဆွေအပေါင်းအဖော် ဆွေမျိုးသားချင်းတို့သော်၎င်း ထိုသူအား ရှိကုန်၏၊ ထို(အာရုံသတ္တဝါ)တို့နှင့် မတွေ့ရခြင်း မဆုံရခြင်း မပေါင်းဖော်ရခြင်း မရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ချစ်ခင်သော သူတို့နှင့် ကွဲကွာကွေကွင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆို အပ်၏။

http://www.dhammadownload.com



၃၉၈။ ရဟန်းတို့ အလိုရှိသည်ကို မရခြင်း ဆင်းရဲသည် အဘယ်နည်း။ ရဟန်းတို့ ဇာတိသဘော ရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇာတိသဘော မရှိကြကုန်မူ ကောင်းလေစွ၊ ဇာတိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤ(ဇာတိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊-ဤသည်လည်း အလို ရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ ဇရာသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇရာသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဇရာသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့ သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤ(ဇရာမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ ဗျာဓိသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဗျာဓိသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဗျာဓိသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့တောင့်တသော်လည်း ဤ(ဗျာဓိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ မရဏသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့ သည် မရဏသဘောမရှိကြကုန်မူ ကောင်းလေစွ၊ မရဏသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤ(မရဏမလာ ခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘော မရှိကြကုန်မူ ကောင်းလေစွ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောတို့သည် ငါတို့ထံ မလာကုန်မူ ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤသောက စသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

၃၉၉။ ရဟန်းတို့ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ[၂]ဆင်းရဲတို့ ဟူသည် အဘယ်နည်း။ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ ဟူသည် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာ ဥပါဒါနက္ခန္ဓာ၊ သညာ ဥပါဒါနက္ခန္ဓာ၊ သင်္ခါရ ဥပါဒါနက္ခန္ဓာ၊ ဝိညာဏ် ဥပါဒါနက္ခန္ဓာတို့ပေတည်း။ ရဟန်းတို့ ဤ (ဥပါဒါနက္ခန္ဓာငါးပါး)တို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခအရိယသစ္စာဟူ၍ ဆိုအပ်၏။

## ဒုက္ခသမုဒယ အရိယသစ္စာ

၄၀၀။ ရဟန်းတို့ ဒုက္ခ သမုဒယ အရိယသစ္စာသည် အဘယ်နည်း။ တဖန် ဘဝသစ်ကို ဖြစ်စေ တတ်သော နှစ်သက် တပ်မက်ခြင်းနှင့် တကွ ဖြစ်သော ထိုထို ဘဝအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာတည်း။ ထိုတဏှာ[၃]သည် အဘယ်နည်း။ ကာမတဏှာ[၄] ဘဝတဏှာ[၅] ဝိဘဝတဏှာ[၆]တို့တည်း။

---

၁။ နာချင်း။
၂။ ဥပါဒါန်၏အာရုံတရားစု။
၃။ တပ်မက်ခြင်း။
၄။ ကာမဘုံ၌တပ်မက်ခြင်း။
၅။ ရူပအရူပဘုံတို့၌တပ်မက်ခြင်း။
၆။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သောတပ်မက်ခြင်း။

http://www.dhammadownload.com



ရဟန်းတို့ ထိုတဏှာဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် (ရှိ၏)၊ထို(တဏှာ)သည် ဖြစ်သည် ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် အာရုံ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤ(ချစ်ခင်ဖွယ် သာယာဖွယ် အာရုံ)၌ တည်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမျက်စိ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိ၌ တည်၏။ လောက၌ နားသည်။ပ။ လောက၌ နှာခေါင်းသည်။ပ။ လောက၌ လျှာသည်။ပ။ လောက၌ ကိုယ်သည်။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤစိတ်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်၌ တည်၏။

လောက၌ ရူပါရုံ[၁]တို့သည်။ပ။ လောက၌ သဒ္ဒါရုံ[၂]တို့သည်။ပ။ လောက၌ ဂန္ဓာရုံ[၃] တို့သည်။ပ။ လောက၌ ရသာရုံ[၄]တို့သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗာရုံ[၅]တို့သည်။ပ။ လောက၌ တရားသဘောတို့သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤတရားတို့၌ ဖြစ်၏၊ တည်သည်ရှိသော် ဤတရားတို့၌ တည်၏။

လောက၌ စက္ခုဝိညာဏ်[၆]သည်။ပ။ လောက၌ သောတဝိညာဏ်[၇]သည်။ပ။ လောက၌ ဃာနဝိညာဏ်[၈]သည်။ပ။ လောက၌ ဇိဝှါဝိညာဏ်[၉]သည်။ပ။ လောက၌ ကာယဝိညာဏ်[၁၀]သည်။ပ။ လောက၌ မနောဝိညာဏ်[၁၁]သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောဝိညာဏ်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောဝိညာဏ်၌ တည်၏။

လောက၌ စက္ခုသမ္ဖဿ[၁၂]သည်။ပ။ လောက၌ သောတသမ္ဖဿ[၁၃]သည်။ပ။ လောက၌ ဃာနသမ္ဖဿ[၁၄]သည်။ပ။ လောက၌ ဇိဝှါသမ္ဖဿ[၁၅]သည်။ပ။ လောက၌ ကာယသမ္ဖဿ[၁၆]သည်။ပ။ လောက၌ မနောသမ္ဖဿ[၁၇]သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောသမ္ဖဿ၌ တည်၏။

လောက၌ စက္ခုသမ္ဖဿဇာဝေဒနာ[၁၈]သည်။ပ။ လောက၌ သောတသမ္ဖဿဇာဝေဒနာ[၁၉]သည်။ပ။ လောက၌ ဃာနသမ္ဖဿဇာ ဝေဒနာ[၂၀]သည်။ပ။ လောက၌ ဇိဝှါသမ္ဖဿဇာ ဝေဒနာ[၂၁]

---

၁။ အဆင်း။
၂။ အသံ။
၃။ အနံ့။
၄။ အရသာ။
၅။ အတွေ့အထိ။
၆။ မျက်စိ၌မှီသောစိတ်။
၇။ နား၌မှီသောစိတ်။
၈။ နှာခေါင်း၌မှီသောစိတ်။
၉။ လျှာ၌မှီသောစိတ်။
၁၀။ ကိုယ်၌မှီသောစိတ်။
၁၁။ မနော၌မှီသောစိတ်။
၁၂။ မျက်စိအတွေ့။
၁၃။ နားအတွေ့။
၁၄။ နှာခေါင်းအတွေ့။
၁၅။ လျှာအတွေ့။
၁၆။ ကိုယ်အတွေ့။
၁၇။ မနောအတွေ့။
၁၈။ မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။
၁၉။ နားအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။
၂၀။ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။
၂၁။ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။

http://www.dhammadownload.com



သည်။ပ။ လောက၌ ကာယသမ္ဖဿဇာ ဝေဒနာ[၁] သည်။ပ။ လောက၌ မနောသမ္ဖဿဇာ ဝေဒနာ[၂] သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ တည်၏။

လောက၌ ရူပသညာ[၃] သည်။ပ။ လောက၌ သဒ္ဒသညာ[၄] သည်။ပ။ လောက၌ ဂန္ဓသညာ[၅] သည်။ပ။ လောက၌ ရသသညာ[၆] သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသညာ[၇] သည်။ပ။ လောက၌ ဓမ္မသညာ[၈] သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသညာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မသညာ၌ တည်၏။

လောက၌ ရူပသဉ္စေတနာ[၉] သည်။ပ။ လောက၌ သဒ္ဒသဉ္စေတနာ[၁၀] သည်။ပ။ လောက၌ ဂန္ဓသဉ္စေတနာ[၁၁] သည်။ပ။ လောက၌ ရသသဉ္စေတနာ[၁၂] သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာ[၁၃] သည်။ပ။ လောက၌ ဓမ္မသဉ္စေတနာ[၁၄] သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ တည်၏။

လောက၌ ရူပတဏှာ[၁၅] သည်။ပ။ လောက၌ သဒ္ဒတဏှာသည်။ပ။ လောက၌ ဂန္ဓတဏှာသည်။ပ။ လောက၌ ရသတဏှာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ပ။ လောက၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မတဏှာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မတဏှာ၌ တည်၏။

လောက၌ ရူပဝိတက်[၁၆] သည်။ပ။ လောက၌ သဒ္ဒဝိတက်သည်။ပ။ လောက၌ ဂန္ဓဝိတက်သည်။ပ။ လောက၌ ရသဝိတက်သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ပ။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတပ်မက်ခြင်း 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤဓမ္မဝိတက်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မဝိတက်၌ တည်၏။

လောက၌ ရူပဝိစာရ[၁၇] သည်။ပ။ လောက၌ သဒ္ဒဝိစာရသည်။ပ။ လောက၌ ဂန္ဓဝိစာရသည်။ပ။ လောက၌ ရသဝိစာရသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည်။ပ။ လောက၌ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မဝိစာရ၌ တည်၏။

ရဟန်းတို့ ဤတရားသဘောကို အရိယာတို့ သိအပ်သော ဒုက္ခ သမုဒယ အရိယသစ္စာ[၁၈] ဟူ၍ ဆိုအပ်၏။

---

၁။ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။
၂။ မနောအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။
၃။ ရူပါရုံ၌ မှတ်သားခြင်း။
၄။ သဒ္ဒါရုံ၌ မှတ်သားခြင်း။
၅။ ဂန္ဓာရုံ၌ မှတ်သားခြင်း။
၆။ ရသာရုံ၌ မှတ်သားခြင်း။
၇။ ဖောဋ္ဌဗ္ဗာရုံ၌ မှတ်သားခြင်း။
၈။ ဓမ္မာရုံ၌ မှတ်သားခြင်း။
၉။ ရူပါရုံ၌ စေ့ဆော်ခြင်း။
၁၀။ သဒ္ဒါရုံ၌ စေ့ဆော်ခြင်း။
၁၁။ ဂန္ဓာရုံ၌ စေ့ဆော်ခြင်း။
၁၂။ ရသာရုံ၌ စေ့ဆော်ခြင်း။
၁၃။ ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်ခြင်း။
၁၄။ ဓမ္မာရုံ၌ စေ့ဆော်ခြင်း။
၁၅။ ရူပါရုံ၌ တပ်မက်ခြင်း။
၁၆။ ရူပါရုံ၌ ကြံစည်ခြင်း။
၁၇။ ရူပါရုံ၌ သုံးသပ်ဆင်ခြင်ခြင်း။
၁၈။ ဆင်းရဲဖြစ်ကြောင်းအရိယာတို့သိအပ်သောအမှန်တရား။

http://www.dhammadownload.com



## ဒုက္ခနိရောဓ အရိယသစ္စာ

၄၀၁။ ရဟန်းတို့ ဒုက္ခနိရောဓအရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ တဏှာကို စွန့်ရာ တဏှာကို ဝေးစွာစွန့်ရာ တဏှာမှ လွတ်မြောက်ရာ တဏှာဖြင့် မကပ်ငြိရာ (နိဗ္ဗာန်)တည်း။

ရဟန်းတို့ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် (ရှိ၏)၊ ထိုတဏှာကို ပယ်အပ်သည် ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် သဘော၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် သဘော၌ ချုပ်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ်သဘော သာယာဖွယ်သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမျက်စိ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမျက်စိ၌ ချုပ်၏၊ လောက၌ နားသည်။ပ။ လောက၌ နှာခေါင်းသည်။ပ။ လောက၌ လျှာသည်။ပ။ လောက၌ ကိုယ်သည်။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤစိတ်၌ ပယ်အပ်၏၊ ချုပ်သည် ရှိသော် ဤစိတ်၌ ချုပ်၏။

လောက၌ ရူပါရုံတို့သည်။ လောက၌ သဒ္ဒါရုံတို့သည်။ လောက၌ ဂန္ဓာရုံတို့သည်။ လောက၌ ရသာရုံတို့သည်။ လောက၌ ဖောဋ္ဌဗ္ဗာရုံတို့သည်။ လောက၌ ဓမ္မာရုံတို့သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤတရားတို့၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤတရားတို့၌ ချုပ်၏။

လောက၌ စက္ခုဝိညာဏ်သည်။ လောက၌ သောတဝိညာဏ်သည်။ လောက၌ ဃာနဝိညာဏ်သည်။ လောက၌ ဇိဝှါဝိညာဏ်သည်။ လောက၌ ကာယဝိညာဏ်သည်။ လောက၌ မနောဝိညာဏ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿသည်။လောက၌ သောတသမ္ဖဿသည်။လောက၌ ဃာနသမ္ဖဿသည်။ လောက၌ ဇိဝှါသမ္ဖဿသည်။ လောက၌ ကာယသမ္ဖဿသည်။ လောက၌ မနောသမ္ဖဿသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤ(မနောသမ္ဖဿ)၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ(မနောသမ္ဖဿ)၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ သောတသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ ဃာနသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ ဇိဝှါသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ ကာယသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ မနောသမ္ဖဿဇာ ဝေဒနာသည်။ ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ချုပ်၏။

လောက၌ ရူပသညာသည်။ လောက၌ သဒ္ဒသညာသည်။ လောက၌ ဂန္ဓသညာသည်။ လောက၌ ရသသညာသည်။ လောက၌ ဖောဋ္ဌဗ္ဗသညာသည်။ လောက၌ ဓမ္မသညာသည် ချစ်ခင်ဖွယ်

http://www.dhammadownload.com



သာယာဖွယ် သဘော ဖြစ်၏၊ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသညာ၌ ပယ်အပ်၏၊ချုပ်သည်ရှိသော် ဤ(ဓမ္မသညာ၌) ချုပ်၏။

လောက၌ ရူပသဉ္စေတနာသည်။ လောက၌ သဒ္ဒသဉ္စေတနာသည်။ လောက၌ ဂန္ဓသဉ္စေတနာသည်။ လောက၌ ရသသဉ္စေတနာသည်။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည်။ လောက၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ချုပ်၏။

လောက၌ ရူပတဏှာသည်။ လောက၌ သဒ္ဒတဏှာသည်။ လောက၌ ဂန္ဓတဏှာသည်။ လောက၌ ရသတဏှာသည် ။လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ လောက၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ချုပ်၏။

လောက၌ ရူပဝိတက်သည်။ လောက၌ သဒ္ဒဝိတက်သည်။ လောက၌ ဂန္ဓဝိတက်သည်။ လောက၌ ရသဝိတက်သည်။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ချုပ်၏။

လောက၌ ရူပဝိစာရသည်။ လောက၌ သဒ္ဒဝိစာရသည်။ လောက၌ ဂန္ဓဝိစာရသည်။ လောက၌ ရသဝိစာရသည်။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည်။ လောက၌ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ချုပ်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓအရိယသစ္စာ[1] ဟူ၍ ဆိုအပ်၏။

## ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ

၄၀၂။ ရဟန်းတို့ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ[2]သည် အဘယ်နည်း။မြတ်သော အင်္ဂါရှစ်ပါး ရှိသော ဤမဂ်အကျင့်လမ်းတည်း။ ဤမဂ်အကျင့်လမ်းတို့သည် အဘယ်တို့နည်း။ သမ္မာဒိဋ္ဌိ[3] သမ္မာသင်္ကပ္ပ[4] သမ္မာဝါစာ[5] သမ္မာကမ္မန္တ[6] သမ္မာအာဇီဝ[7] သမ္မာဝါယာမ[8] သမ္မာသတိ[9] သမ္မာသမာဓိ[10] တို့ပေတည်း။

---

၁။ ဒုက္ခ၏ချုပ်ရာအရိယာတို့သိအပ်သောအမှန်တရား။
၂။ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအကျင့်ဟူသောအရိယာတို့သိအပ်သောအမှန်တရား။
၃။ မှန်စွာသိမြင်ခြင်း။
၄။ မှန်စွာကြံခြင်း။
၅။ မှန်စွာပြောဆိုခြင်း။
၆။ မှန်စွာပြုလုပ်ခြင်း။
၇။ မှန်စွာအသက်မွေးခြင်း။
၈။ မှန်စွာအားထုတ်ခြင်း။
၉။ မှန်စွာအောက်မေ့ခြင်း။
၁၀။ မှန်စွာတည်ကြည်ခြင်း။

http://www.dhammadownload.com



ရဟန်းတို့ သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဒုက္ခ၌ သိမြင်ခြင်း ဒုက္ခ၏ဖြစ်ကြောင်း၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်)၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌ သိမြင်ခြင်းတည်း။ ရဟန်းတို့ ဤ(သိမြင်ခြင်း)ကို မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသင်္ကပ္ပ သည် အဘယ်နည်း။

(ကာမအာရုံမှ) လွတ်ကင်းသော ကြံစည်ခြင်း ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်း ညှဉ်းဆဲခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြံခြင်း)ကို မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ'ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါစာသည် အဘယ်နည်း။

မဟုတ်မမှန်ပြောခြင်းမှ ကြဉ်ရှောင်ခြင်း ကုံးစကားမှ ကြဉ်ရှောင်ခြင်း ရှန့်ကြမ်းသောစကားမှ ကြဉ်ရှောင်ခြင်း ပြိန်ဖျင်းသောစကားမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤကြဉ်ရှောင်ခြင်းကို မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ'ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာကမ္မန္တသည် အဘယ်နည်း။

အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြဉ်ရှောင်ခြင်း)ကို မှန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာအာဇီဝသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားယွင်းစွာ အသက်မွေးခြင်းကို ပယ်စွန့်၍ မှန်စွာ အသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤ(အသက်မွေးခြင်း)ကို မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါယာမသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက် ဖြစ်ပွါးစေရန် ပြန့်ပြော စေရန် ပွါးများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ရဟန်းတို့ ဤ(အားထုတ်ခြင်း)ကို မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ'ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသတိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍

http://www.dhammadownload.com



ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤအောက်မေ့ခြင်း သတိကို မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ'ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသမာဓိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် ဖြစ်သော အကုသိုလ်တရားတို့မှ ကင်း၍သာလျှင်ဖြစ်သော ဝိတက်နှင့် တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော နီဝရဏကင်းခြင်းကြောင့် ဖြစ်သည့် ပီတိသုခရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။

ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော သမာဓိကို ပွါးစေတတ်သော ဝိတက်လည်း မရှိသော ဝိစာရလည်း မရှိသော သမာဓိကြောင့် ဖြစ်သည့် ပီတိသုခ ရှိသော ဒုတိယစျာန်သို့ရောက်၍နေ၏။

ပီတိ၏လည်း ကင်းခြင်းကြောင့် အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက်နေ၏၊ သုခကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင် (တတိယစျာန်)ကြောင့် ထိုသူကို "အမျှရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ချီးမွမ်းပြောဆိုကုန်၏။ ထိုတတိယစျာန်သို့ ရောက်၍နေ၏။

ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၄င်း ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ခြင်းကြောင့်၄င်း ဆင်းရဲ ချမ်းသာ ကင်းသော (ဥပေက္ခာ)ကြောင့် သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသမာဓိကို မှန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ ဟူ၍ ဆိုအပ်၏။

၄၀၃။ ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်း သဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိ တဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်းနေ၏၊

http://www.dhammadownload.com



လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

သစ္စာအပိုင်း ပြီး၏။

**သဘောတရားကို ဆင်ခြင်ခြင်း ပြီး၏။**

---

၄၀၄။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန် လေးပါးတို့ကို ခုနစ်နှစ်တိုင်အောင်လုံး ဤဖော်ပြသောနည်းဖြင့် ပွါးများအံ့၊ ထိုပွါးသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသောဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

ရဟန်းတို့ ခုနစ်နှစ်ကို ထားဘိဦး။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်နှစ်တို့ပတ်လုံး ဤဖော်ပြသော နည်းဖြင့် ပွါးများအံ့။ပ။ ငါးနှစ်တို့ပတ်လုံး။ လေးနှစ်တို့ပတ်လုံး။ သုံးနှစ်တို့ပတ်လုံး။ နှစ်နှစ်တို့ပတ်လုံး။ တနှစ်ပတ်လုံး။

ရဟန်းတို့ တနှစ်ကို ထားဘိဦး။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်လတို့ပတ်လုံး ဤဖော်ပြသော နည်းဖြင့် ပွါးများအံ့၊ ထိုပွါးသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသောဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

ရဟန်းတို့ ခုနစ်လကို ထားဘိဦး။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ပတ်လုံး ဤဖော်ပြသောနည်းဖြင့် ပွါးများအံ့။ပ။ ငါးလတို့ပတ်လုံး။ လေးလတို့ပတ်လုံး။ သုံးလတို့ပတ်လုံး။ နှစ်လတို့ပတ်လုံး။ တလပတ်လုံး။ လခွဲပတ်လုံး။

ရဟန်းတို့ လခွဲကို ထားဘိဦး။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက်ပတ်လုံး ဤဖော်ပြသောနည်းဖြင့် ပွါးများအံ့၊ ထိုပွါးသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ် ဖြစ်စေ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ် ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

၄၀၅။ "ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်၏၊ ယင်းသည် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း" ဟု ဤသို့ အကြင်သတိပဋ္ဌာန်တရား ကျေညာချက်ကို ငါဆိုခဲ့၏၊ ဤကျေညာချက်ကို ဤ(အကျိုးနှစ်ပါးတို့တွင် တပါးပါး အမှန်ရရှိနိုင်ခြင်း)ကို ရည်ရွယ်၍ ဆို၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

**ကိုးခုမြောက် မဟာသတိပဋ္ဌာနသုတ် ပြီး၏။**

http://www.dhammadownload.com

# ၁၀—ပါယာသိသုတ်

၄၀၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်ကုမာရကဿပသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်ရာ ကောသလမင်းသားတို့၏ သေတဗျ မည်သော မြို့သို့ ရောက်၍ ထိုသေတဗျမြို့၏ မြောက်အရပ် ယင်းတိုက်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ပါယာသိမြို့စားသည် လူစည်ကား၍ ကျွဲ နွား စသည် ပေါများသော မြက် ထင်း ရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှရသည့် စည်းစိမ်ဖြစ်သော ပသေနဒီကောသလမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော သေတဗျမြို့ကို အုပ်ချုပ်၍ နေ၏။

## ပါယာသိမြို့စားဝတ္ထု

၄၀၇။ ထိုအခါ ပါယာသိမြို့စားအား ဤသို့သဘောရှိသော ယုတ်မာသော အယူသည် ဖြစ်လျက်ရှိ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ"ဟု (ယုတ်မာသော အယူသည် ဖြစ်လျက်ရှိ၏)။

သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဤသို့ ကြားသိလေကုန်၏—

"အချင်းတို့ ရဟန်းဂေါတမ၏ တပည့် ကုမာရကဿပ ရဟန်းသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ခရီးဒေသစာရီ လှည့်လည်ခဲ့ရာ သေတဗျမြို့သို့ ရောက်၍ သေတဗျမြို့၏ မြောက်အရပ် ယင်းတိုက်တော၌ (သီတင်းသုံးနေတော်မူ၏)။ ထိုအသျှင် ကုမာရကဿပ၏ ကောင်းသော ကျော်စော သတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏။

'အသျှင်ကုမာရကဿပသည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ အကြားအမြင်များ၏၊ ဆန်းကြယ်သော တရားစကားကို ဟောတတ်၏၊ ပြေပြစ်သော စကားလည်း ရှိ၏၊ သက်ကြီး ဝါကြီးလည်း ဖြစ်၏၊ ရဟန္တာလည်း ဖြစ်၏' ဟု ပြန့်နှံ့၍ ထွက်၏၊ ထိုသို့ သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု (ကြားသိလေကုန်၏)။

ထိုအခါ သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် သေတဗျမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် မြောက်အရပ်သို့ မျက်နှာမူကာ ယင်းတိုက်တောဆီသို့ သွားကုန်၏။

၄၀၈။ ထိုအခါ ပါယာသိမြို့စားသည် ပြာသာဒ်ထက်၌ နေ့အချိန် လျှောင်းစက်ရာသို့ ကပ်ရောက်လျက်ရှိ၏၊ ထိုပါယာသိမြို့စားသည် သေတဗျမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် မြောက်အရပ်သို့ မျက်နှာမူကာ ယင်းတိုက်တောဆီသို့ ချဉ်းကပ်ကုန်သော သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ကို မြင်သော် အမတ်အား ဤသို့ မေး၏——

http://www.dhammadownload.com



"အမတ် သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် သေတဗျမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် မြောက်အရပ်သို့ မျက်နှာမူကာ ယင်းတိုက်တောဆီသို့ အဘယ်ကြောင့် ချဉ်းကပ်ကုန်သနည်း" ဟု (မေး၏)။

အရှင် ရဟန်းဂေါတမ၏တပည့် ကုမာရကဿပရဟန်းသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်ရာ သေတဗျမြို့သို့ရောက်၍ သေတဗျမြို့၏ မြောက်အရပ် ယင်းတိုက်တော၌ နေ၏၊ ထိုအသျှင် ကုမာရကဿပ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်ပါ၏။

"အသျှင် ကုမာရကဿပသည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သောဉာဏ်ရှိ၏၊ အကြားအမြင်များ၏၊ ဆန်းကြယ်သောတရားစကားကို ဟောတတ်၏၊ ပြေပြစ်သော စကားရှိ၏၊ သက်ကြီးဝါကြီးလည်းဖြစ်၏၊ ရဟန္တာလည်းဖြစ်၏" ဟု (ပြန့်နှံ့၍ ထွက်ပါ၏)။

ထိုပုဏ္ဏားနှင့် အမျိုးသားတို့သည် ထိုအသျှင်ကုမာရကဿပကို ဖူးမြော်ခြင်းငှါချဉ်းကပ်ကုန်၏ ဟု (ပြန်ကြားပြောဆို၏)။

အမတ် သို့ဖြစ်လျှင် "ဤအကြောင်းကြောင့်လည်း တပါးသောလောကသည်ရှိ၏၊ (သေ၍) တဖန်ဖြစ်ပေါ်သောသတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏ ဟု ကုမာရကဿပရဟန်းသည် မိုက်ကုန်သော မလိမ္မာကုန်သော သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ကို မဟောကြားမီ သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ 'အသျှင်တို့ ဆိုင်းငံ့ကြပါဦး၊ ပါယာသိမြို့စားသည်လည်း ကုမာရကဿပရဟန်းကို ဖူးမြော်ရန် ချဉ်းကပ်လာလိမ့်မည်' ဟု ပါယာသိမြို့စားက မှာကြားလိုက်ပါသည် ဟူ၍ ပြောကြားချေလော့၊ အမတ် စစ်စင်မှုကား တပါးသောလောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်လာသော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဆို၏)။

"အရှင် ကောင်းပါပြီ" ဟု ထိုအမတ်သည် ပါယာသိမြို့စားအား ဝန်ခံပြီးလျှင် သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ချဉ်းကပ်၍ သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့အား ဤစကားကို ပြောကြား၏—

"အသျှင်တို့ ဆိုင်းငံ့ကြပါဦး။ ပါယာသိမြို့စားသည်လည်း ကုမာရကဿပရဟန်းကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည်ဟု' ပါယာသိမြို့စားက မှာကြားလိုက်ပါသည်" ဟု (ပြောကြား၏)။

၄၀၉။ ထို့နောက် ပါယာသိမြို့စားသည်လည်း သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ဖြင့် ခြံရံလျက် ယင်းတိုက်တော အသျှင်ကုမာရကဿပထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ကုမာရကဿပနှင့်အတူ ဝမ်းမြောက်ဝမ်းသာ(နှုတ်ဆက်)ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေ၏။

သေတဗျမြို့နေ အချို့သောပုဏ္ဏားနှင့် အမျိုးသားတို့သည်လည်း အသျှင်ကုမာရကဿပကို ရှိခိုး၍ တခုသောနေရာ၌ထိုင်ကုန်၏၊ အချို့သောသူတို့သည် အသျှင်ကုမာရကဿပနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံး

http://www.dhammadownload.com



စေ၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့သောသူတို့သည် အသျှင်ကုမာရကဿပရှိရာအရပ်သို့ လက်အုပ်ချီကုန်လျက် တခုသောနေရာ၌ထိုင်ကုန်၏၊ အချို့သောသူတို့သည် အမည်အနွယ်ကိုပြော ကြားလျက် တခုသောနေရာ၌ထိုင်ကုန်၏၊ အချို့သောသူတို့သည် တိတ်ဆိတ်စွာ တခုသောနေရာ၌ ထိုင်ကုန်၏။

## ကံ-ကံ၏အကျိုးမရှိဟူသောအယူ

၄၁၀။ တခုသောနေရာ၌ထိုင်ပြီးသော ပါယာသိမင်းသည် အသျှင်ကုမာရကဿပအား ဤ စကားကိုလျှောက်၏—

"အသျှင်ကဿပ အကျွန်ုပ်သည် ဤသို့ဆိုလေ့ရှိပါ၏၊ ဤသို့ယူလေ့ရှိပါ၏၊ 'ဤအကြောင်း ကြောင့်လည်း တပါးသောလောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိ' ဟု ယူလေ့ရှိပါသည်" ဟူ၍ (လျှောက်၏)။

မင်းကြီး ငါသည် ဤသို့ ဆိုလေ့ရှိသောသူ ဤသို့ ယူလေ့ရှိသောသူကို မြင်လည်း မမြင်စဖူး ကြားလည်း မကြားစဖူး "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု အဘယ့်ကြောင့် ဆိုသနည်း။

## လ နေ ဥပမာ

၄၁၁။ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့၊ သင် နှစ်သက်သည့်အတိုင်း ထို(အမေး)ကို ဖြေလော့။ မင်းကြီး ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤ လ နေ တို့သည် ဤလောက၌ ဖြစ်ကုန်သလော၊ တပါးသောလောက၌ ဖြစ်ကုန်သလော၊ ထို လ နေ တို့သည် နတ်တို့ ဖြစ်ကုန်သလော၊ လူတို့ ဖြစ်ကုန်သလော ဟု (မေး၏)။

အသျှင်ကဿပ ဤလနေတို့သည် တပါးသော လောက၌ ဖြစ်ပါကုန်၏၊ ဤလောက၌ မဖြစ်ပါ ကုန်၊ ထိုလနေတို့သည် နတ်တို့ဖြစ်ပါကုန်၏၊ လူတို့ မဟုတ်ပါကုန် ဟု (ဖြေဆို၏)။

မင်းကြီး ဤအကြောင်းဖြင့်လည်း သင်၏ အယူသည် ဤသို့ ဖြစ်ပါလော့—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍)တဖန် ဖြစ်ပေါ် သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု ဆို၏)။

၄၁၂။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ် သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏ ဟု လျှောက်၏)။

http://www.dhammadownload.com



မြို့စား "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟူသော သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသလော ဟု (မေး၏)။

အသျှင်ကဿပ "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟူသော အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါ၏ ဟု(လျှောက်၏)။

မြို့စား (ထိုအကြောင်းကား)အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် အသက်ကို သတ်လေ့ရှိကုန်၏၊ မပေးသော ဥစ္စာကို ယူလေ့ရှိကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိကုန်၏၊ မဟုတ်မမှန်သောစကားကို ပြောလေ့ရှိကုန်၏၊ ကုံးချောစကားကို ပြောလေ့ရှိကုန်၏၊ ကြမ်းတမ်းသော စကားကို ပြောလေ့ရှိကုန်၏၊ ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိကုန်၏၊ တပ်မက်မောခြင်းများကုန်၏၊ ပျက်စီးစေလိုသောစိတ်ရှိကုန်၏၊ မှားသောအယူရှိကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါနှိပ်စက်ကုန်၏၊ ဆင်းရဲခြင်းသို့ရောက်ကုန်၏၊ ပြင်းထန်စွာနာမကျန်းရှိကုန်၏၊ "ဤသူတို့သည် ဤရောဂါမှ မထကုန်လတ္တံ့" ဟု သိသောအခါ အကျွန်ုပ်သည် ထိုသူတို့ထံ ချဉ်းကပ်၍ ဤသို့ ပြောဆိုပါ၏။

"အချင်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် ဤသို့ဆိုလေ့ရှိကုန်၏၊ ဤသို့ယူလေ့ ရှိကုန်၏—

'အကြင်သူတို့သည် အသက်ကိုသတ်လေ့ရှိကုန်၏၊ မပေးသောဥစ္စာကို ယူလေ့ရှိကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်လေ့ရှိကုန်၏၊ မဟုတ်မမှန်သောစကားကို ပြောလေ့ရှိကုန်၏၊ ကုံးချောစကားကို ပြောလေ့ရှိကုန်၏၊ ကြမ်းတမ်းသော စကားကို ပြောလေ့ရှိကုန်၏၊ ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိကုန်၏၊ တပ်မက်မောခြင်းများကုန်၏၊ ပျက်စီးစေလိုသောစိတ်ရှိကုန်၏၊ မှားသော အယူရှိကုန်၏၊ ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ရောက်ကုန်လတ္တံ့' ဟု (ဆိုလေ့ယူလေ့ရှိကုန်၏)။

အချင်းတို့သည်ကား အသက်ကိုသတ်လေ့ရှိကုန်၏၊ မပေးသောဥစ္စာကိုယူလေ့ရှိကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်လေ့ရှိကုန်၏၊ မဟုတ်မမှန်သောစကားကို ပြောလေ့ရှိကုန်၏၊ ကုံးချောစကားကို ပြောလေ့ရှိကုန်၏၊ ကြမ်းတမ်းသောစကားကို ပြောလေ့ရှိကုန်၏၊ ပြိန်ဖျင်းသောစကားကို ပြောလေ့ ရှိကုန်၏၊ တပ်မက်မောခြင်းများကုန်၏၊ ပျက်စီးစေလိုသော စိတ်ရှိကုန်၏၊ မှားသောအယူရှိကုန်၏၊ ထိုအသျှင် သမဏဗြာဟ္မဏတို့၏ စကားသည် အကယ်၍ မှန်အံ့၊ အချင်းတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးလျက်ကျရောက်ရာ ငရဲသို့ ရောက်ကုန်လတ္တံ့။

အချင်းတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီးလျက်ကျရောက်ရာ ငရဲသို့ အကယ်၍ ကျရောက်ကုန်သော် ငါ့ထံလာ၍ ပြောကြား ကြပါကုန်လော့—

http://www.dhammadownload.com



'ဤအကြောင်းကြောင့်လည်း တပါးသောလောကသည် ရှိ၏၊ (သေ၍) တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံ တို့၏ အကျိုးဝိပါက် ရှိကုန်၏' ဟု (လာ၍ ပြောကြားကြပါကုန်လော့)။

အချင်းတို့သည် ငါ၏ယုံကြည်ကိုးစားထိုက်သူတို့ ဖြစ်ကြပါကုန်၏၊ အချင်းတို့ သိမြင်သောအရာသည် ငါ့ကိုယ်တိုင်သိမြင်သေ၁အရာကဲ့သို့ ဖြစ်ပါလတ္တံ့" ဟု (ပြောဆိုပါ၏)။

ထိုသူတို့သည် "ကောင်းပါပြီ" ဟု အကျွန်ုပ်အား ဝန်ခံကြပြီးလျှင် လာ၍လည်း မပြောကြားကြပါကုန်၊ တမန်ကိုလည်း မစေလွှတ်ကြပါကုန်။

အသျှင်ကဿပ (ယင်းဆိုခဲ့သည့်ပုံသက်သေ) အကြောင်းအားဖြင့် အကျွန်ုပ်၏အယူသည် ဤသို့ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု ဖြစ်ပါ၏။ ဤ (ဆိုခဲ့သည့် ပုံသက်သေသည်လည်း) (အကျွန်ုပ်၏ အယူဖြစ်ခြင်း၏) အကြောင်းပါတည်း ဟု (လျှောက်၏)။

## ခိုးသူ ဥပမာ

၄၁၃။ မင်းကြီးစား သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း (ထိုအမေး)ကို ဖြေလော့၊ မင်းကြီးစား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ သင်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကျူးလွန်သော ခိုးသူကို ဖမ်း၍ ပြကုန်ရာ၏။

"အရှင် ဤသူကား အပြစ်ကို ကျူးလွန်သော အရှင်၏ (စိုးအုပ်ရာနယ်မြေမှ) ခိုးသူပါတည်း၊ ဤခိုးသူအား ပေးလိုသော အပြစ်ဒဏ်ကို ပေးပါလော့" ဟု (ပြကုန်ရာ၏)။

ထိုသူတို့ကို သင်သည် ဤသို့ ဆိုရာ၏။

"အချင်းတို့ သို့ဖြစ်လျှင် ဤ(ခိုးသူ)ယောကျ်ားကို ခိုင်သော ကြိုးဖြင့် မြဲမြံစွာ လက်ပြန်ကြိုးချည်၍ ခေါင်းတုံးရိတ်ပြီးလျှင် အသံပြင်းစွာ မည်သော စည်ဖြင့် (ကျေညာလျက်) လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ခေါ်ဆောင်၍ တောင်တံခါးမှ ထွက်ပြီးလျှင် မြို့၏ တောင်ဘက် သူသတ်ကုန်း၌ ဦးခေါင်းကို ဖြတ်ကုန်လော့" ဟု (ဆိုရာ၏)။

ထိုသူတို့သည် "ကောင်းပါပြီ" ဟု ဝန်ခံ၍ ထို(ခိုးသူ)ယောကျ်ားကို ခိုင်သောကြိုးဖြင့် မြဲမြံစွာ လက်ပြန်ကြိုးချည်၍ ခေါင်းတုံးရိတ်ပြီးလျှင် အသံပြင်းစွာ မည်သော စည်ဖြင့် (ကျေညာလျက်) လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ခေါ်ဆောင်၍ တောင်တံခါးမှ ထွက်ပြီးလျှင် မြို့၏တောင်ဘက် သူသတ်ကုန်း၌ ထိုင်နေစေကုန်ရာ၏။

ထိုခိုးသူသည် သူသတ်တို့ကို "အရှင်သူသတ်တို့ ဤမည်သော ရွာနိဂုံး၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် ရှိပါကုန်၏၊ အကျွန်ုပ်သည် ထို အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့အား (မိမိကိုယ်ကိုရင်း သို့မှီးထားသော ဥစ္စာကိုရင်း) ပြ၍ ပြန်လာသည့်တိုင်အောင် ဆိုင်းငံ့ပါကုန်ဦးလော့" ဟု (အခွင့်တောင်းသော်) ရရာသလော၊ သို့မဟုတ် ငိုကြွေးမြည်တမ်းစဉ်ပင်လျှင် သူသတ်တို့သည် ဦးခေါင်းကို ဖြတ်ကုန်ရာသလော ဟု (မေး၏)။

http://www.dhammadownload.com



အသျှင်ကဿပ ထိုခိုးသူသည် သူသတ်တို့ကို "အရှင်သူသတ်တို့ ဤမည်သော ရွာနိဂုံး၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် ရှိပါကုန်၏၊ အကျွန်ုပ်သည် ထိုအဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့အား (မိမိကိုယ်ကိုရင်း သိုမှီးထားသော ဥစ္စာကိုရင်း) ပြ၍ ပြန်လာသည့်တိုင်အောင် ဆိုင်းငံ့ပါကုန်ဦးလော့" ဟု (အခွင့်တောင်းသော်) မရရာပါ။ စင်စစ်သော်ကား ငိုကြွေးမြည်တမ်းစဉ်ပင်လျှင် သူသတ်တို့သည် ထိုသူ၏ ဦးခေါင်းကို ဖြတ်ကုန်ရာပါ၏ ဟု (လျှောက်၏)။

မြို့စား လူသားဖြစ်သော ထိုခိုးသူသည် လူသားဖြစ်သော သူသတ်တို့ကို "အရှင်သူသတ်တို့ ဤမည်သော ရွာနိဂုံး၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် ရှိပါကုန်၏၊ အကျွန်ုပ်သည် ထိုအဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့အား (မိမိကိုယ်ကိုရင်း သိုမှီးထားသော ဥစ္စာကိုရင်း) ပြ၍ ပြန်လာသည့်တိုင်အောင် ဆိုင်းငံ့ပါကုန်ဦးလော့" ဟု (အခွင့်တောင်း၍) မရအံ့၊ ယင်းသို့ဖြစ်မူ သူ့အသက်ကို သတ်လေ့ရှိကုန်သော မပေးသော ဥစ္စာကို ယူလေ့ရှိကုန်သော ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိကုန်သော မဟုတ်မမှန်သော စကားကို ပြောလေ့ရှိကုန်သော ကုံးချောစကားကို ပြောလေ့ရှိကုန်သော ကြမ်းတမ်းသောစကားကို ပြောလေ့ရှိကုန်သော ပြိန်ဖျင်းသောစကားကို ပြောလေ့ရှိကုန်သော တပ်မက်မောခြင်း များကုန်သော ပျက်စီးစေလိုသော စိတ်ရှိကုန်သော မှားသော အယူရှိကုန်သော သင်၏အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ပျက်စီးလျက်ကျရောက်ရာ ငရဲသို့ ရောက်ကုန်သည်ရှိသော် ငရဲထိန်းတို့ကို "အရှင်ငရဲထိန်းတို့ အကျွန်ုပ်တို့သည် ပါယာသိမည်သော မြို့စား၏အထံသို့သွား၍ 'ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏' ဟု ပြောဆိုရန် ဆိုင်းငံ့ပါကုန်လော့" ဟု အဘယ်မှာ (အခွင့်တောင်း၍) ရရာအံ့နည်း၊ မြို့စား ဤအကြောင်းဖြင့်လည်း သင်၏အယူသည် ဤသို့ ဖြစ်ပါလော့—

> "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည်ရှိ၏၊ (သေ၍)တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု ဆို၏)။

၄၁၄။ အသျှင် ကဿပသည် ဤသို့ ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏။

> "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံ တို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏ ဟု လျှောက်၏)။

မြို့စား "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟူသော သင်၏အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော ဟု (မေး၏)။

အသျှင်ကဿပ "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟူသော အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



မြို့စား (ထိုအကြောင်းကား) အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကုံးချော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တပ်မက်မောခြင်း မများကုန်၊ ပျက်စီးစေလိုသော စိတ်မရှိကုန်၊ မှန်သောအယူရှိကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါနှိပ်စက်အပ်ကုန်၏၊ ဆင်းရဲခြင်းသို့ ရောက်ကုန်၏၊ ပြင်းထန်စွာ နာမကျန်းရှုကုန်၏၊ "ဤသူတို့သည် ဤရောဂါမှ မထကုန်လတ္တံ့" ဟု သိသောအခါ အကျွန်ုပ်သည် ထိုသူတို့ထံ ချဉ်းကပ်၍ ဤသို့ ပြောဆိုပါ၏။

"အချင်းတို့ အချို့သော သမဏ ဗြာဟ္မဏတို့သည် ဤသို့ ဆိုလေ့ရှိကုန်၏၊ ဤသို့ ယူလေ့ရှိကုန်၏—

'အကြင်သူတို့သည် အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကုံးချောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တပ်မက်မောခြင်း မများကုန်၊ ပျက်စီးစေလိုသော စိတ်မရှိကုန်၊ မှန်သောအယူရှိကုန်၏၊ ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်၏' ဟု ယူလေ့ရှိကုန်၏။

အချင်းတို့သည်ကား အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကုံးချောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တပ်မက်မောခြင်း မများကုန်၊ ပျက်စီးစေလိုသော စိတ်မရှိကုန်၊ မှန်သော အယူရှိကုန်၏၊ ထိုအသျှင်သမဏ ဗြာဟ္မဏတို့၏စကားသည် အကယ်၍ မှန်အံ့၊ အချင်းတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့။

အချင်းတို့ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ အကယ်၍ ရောက်ကုန်သော် ငါ့ထံလာ၍ ပြောကြားပါကုန်လော့—

'ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏' ဟု (ပြောကြားပါကုန်လော့)။

အချင်းတို့သည် ငါ၏ ယုံကြည်ကိုးစားထိုက်သူတို့ ဖြစ်ကြပါကုန်၏၊ အချင်းတို့ သိမြင်သော အရာသည် ငါ့ကိုယ်တိုင် သိမြင်သောအရာကဲ့သို့ ဖြစ်ပါလတ္တံ့" ဟု (ပြောဆိုပါ၏)။

http://www.dhammadownload.com



ထိုသူတို့သည် "ကောင်းပါပြီ" ဟု အကျွန်ုပ်အား ဝန်ခံကြပြီးလျှင် လာ၍လည်း မပြောကြားကြပါကုန်၊ တမန်ကိုလည်း မစေလွှတ်ပါကုန်။

အသျှင်ကဿပ (ယင်းဆိုခဲ့သည့် ပုံသက်သေ)အကြောင်းအားဖြင့် အကျွန်ုပ်၏ အယူသည် ဤသို့ ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍)တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု ဖြစ်ပါ၏၊ ဤ(ဆိုခဲ့သည့် ပုံသက်သေ)သည်လည်း (အကျွန်ုပ်၏ အယူဖြစ်ခြင်း၏) အကြောင်းပါတည်း ဟု (လျှောက်၏)။

## မစင်တွင်း၌ နစ်မြုပ်သော ယောကျ်ားဥပမာ

၄၁၅။ မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ အချို့သောပညာရှိတို့သည် ဥပမာဖြင့် ပြောဆိုသော စကား၏ အဓိပ္ပါယ်ကို သိကုန်၏။ မြို့စား ဥပမာသော်ကား ယောကျ်ားတယောက်သည် မစင်တွင်း၌ ဦးခေါင်းနှင့် တကွ နစ်မြုပ်လျက် ရှိရာ၏၊ ထိုအခါ သင်သည် မင်းချင်းယောကျ်ားတို့ကို ဤသို့လည်း စေခိုင်းရာ၏—

"အချင်းတို့ ထိုယောကျ်ားကို ထိုမစင်တွင်းမှ ထုတ်ယူကုန်လော့" ဟု (စေခိုင်းရာ၏)။ ထိုသူတို့သည် "ကောင်းပါပြီ" ဟု ဝန်ခံ၍ ထိုယောကျ်ားကို ထိုမစင်တွင်းမှ ထုတ်ယူကုန်ရာ၏။

ထိုသူတို့ကို သင်သည် ဤသို့ ဆိုပြန်ရာ၏။

"အချင်းတို့ ထိုယောကျ်ား၏ကိုယ်၌ ပေကျံနေသော မစင်ကို ဝါးခြမ်းစိတ်တို့ဖြင့် ကောင်းစွာ သုတ်သင်ကုန်လော့"ဟု(ဆိုပြန်ရာ၏)။ထိုသူတို့သည် "ကောင်းပါပြီ" ဟု ဝန်ခံ၍ ထိုယောကျ်ား၏ ကိုယ်မှ မစင်ကို ဝါးခြမ်းစိတ်တို့ဖြင့် ကောင်းစွာ သုတ်သင်ကုန်ရာ၏။

ထိုသူတို့ကို သင်သည် ဤသို့ ဆိုပြန်ရာ၏။

"အချင်းတို့ ထိုယောကျ်ား၏ ကိုယ်ကို မြေဖြူဖြင့် သုံးကြိမ်တိုင်အောင် ကောင်းစွာ ပွတ်တိုက်ခြင်းဖြင့် ပွတ်တိုက်ကုန်လော့" ဟု (ဆိုပြန်ရာ၏)။ ထိုသူတို့သည် ထိုယောကျ်ား၏ကိုယ်ကို မြေဖြူဖြင့် သုံးကြိမ်တိုင်အောင် ကောင်းစွာ ပွတ်တိုက်ခြင်းဖြင့် ပွတ်တိုက်ကုန်ရာ၏။

ထိုသူတို့ကို သင်သည် ဤသို့ ဆိုပြန်ရာ၏။

"အချင်းတို့ ထိုယောကျ်ားကို ဆီဖြင့် သုတ်ပြန်၍ နူးညံ့သော ကသယ်မှုန့်ဖြင့် သုံးကြိမ်ကောင်းစွာ ဆေးကြောခြင်းကို ပြုကုန်လော့"ဟု (ဆိုပြန်ရာ၏)။ ထိုသူတို့သည် ထိုယောကျ်ားကို ဆီဖြင့်သုတ်၍ နူးညံ့သော ကသယ်မှုန့်ဖြင့် သုံးကြိမ်ဆေးကြောခြင်းကို ပြုကုန်ရာ၏။

ထိုသူတို့ကို သင်သည် ဤသို့ ဆိုပြန်ရာ၏။

"အချင်းတို့ ထိုယောကျ်ား၏ ဆံမုတ်ဆိတ်ကို ပြုပြင်ကုန်လော့"ဟု (ဆိုပြန်ရာ၏)။ ထိုသူတို့သည် ထိုယောကျ်ား၏ ဆံမုတ်ဆိတ်ကို ပြုပြင်ကုန်ရာ၏။

http://www.dhammadownload.com



ထိုသူတို့ကို သင်သည် ဤသို့ ဆိုပြန်ရာ၏—

"အချင်းတို့ ထိုယောကျ်ားအား အဖိုးထိုက်သောပန်းကုံးကိုရင်း အဖိုးထိုက်သောနံ့သာပျောင်းကိုရင်း အဖိုးထိုက်သော အဝတ်တို့ကိုရင်း ဆောက်နှင်းကုန်လော့" ဟု (ဆိုပြန်ရာ၏)။

ထိုသူတို့သည် ထိုယောကျ်ားအား အဖိုးထိုက်သော ပန်းကုံးကိုရင်း အဖိုးထိုက်သော နံ့သာပျောင်းကိုရင်း အဖိုးထိုက်သော အဝတ်တို့ကိုရင်း ဆောက်နှင်းကုန်ရာ၏။

ထိုသူတို့ကို သင်သည် ဤသို့ ဆိုပြန်ရာ၏—

"အချင်းတို့ ထိုယောကျ်ားကို ပြာသာဒ်ထက်သို့ တင်၍ ကာမဂုဏ်ငါးပါးတို့ကို (အဆင်သင့်ရရှိရန်) ထားကုန်လော့" ဟု (ဆိုပြန်ရာ၏)။

ထိုသူတို့သည် ထိုယောကျ်ားကို ပြာသာဒ်ထက်သို့တင်၍ ကာမဂုဏ်ငါးပါးတို့ကို (အဆင်သင့်ရရှိရန်) ထားကုန်ရာ၏။

မြို့စား ထို(မေးလတ္တံ့သော)စကားကို အဘယ်သို့ မှတ်ထင်သနည်း၊ ကောင်းစွာ ရေချိုးပြီးသော ကောင်းစွာ အမွှေးနံ့သာ လိမ်းကျံပြီးသော ကောင်းစွာ ဆံမုတ်ဆိတ် ပြုပြင်ပြီးသော ပန်းကုံးစွပ်ပြီးသော ကောင်းစွာ တန်ဆာဆင်ပြီးသော ဖြူစင်သော အဝတ် ဝတ်ပြီးသော မြတ်သော ပြာသာဒ်ထက်၌ ရောက်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစား၍ နေရသော ထိုယောကျ်ားအား ထိုမစင်တွင်း၌ တဖန် နစ်မြုပ်လိုသော ဆန္ဒ ဖြစ်ရာသေးသလော ဟု (မေး၏)။

အသျှင်ကဿပ ထိုသို့ မဖြစ်ရာပါ။ အဘယ့်ကြောင့်ဆိုသော် အသျှင်ကဿပ မသုတ်သင်သော မစင်တွင်းသည် ညစ်ညမ်းသည်လည်း ဖြစ်၏၊ ညစ်ညမ်းသော သဘောသိလည်း ရောက်၏၊ နံစော်သည်လည်း ဖြစ်၏၊ နံစော်သော မကောင်းသော သဘောသို့လည်း ရောက်၏၊ စက်ဆုပ်ဖွယ်လည်း ဖြစ်၏၊ စက်ဆုပ်ဖွယ် သဘောသို့လည်း ရောက်၏၊ ရွံရှာဖွယ်လည်း ဖြစ်၏၊ ရွံရှာဖွယ် သဘောသို့လည်း ရောက်၏ ဟု (လျှောက်၏)။

မြို့စား ဤအတူသာလျှင် လူတို့သည် နတ်တို့၏ (အခြေအနေ၌) ညစ်ညမ်းသည်လည်း ဖြစ်၏၊ ညစ်ညမ်းသော သဘောသို့လည်း ရောက်၏၊ နံစော်သည်လည်း ဖြစ်၏၊ နံစော်သော သဘောသို့လည်း ရောက်၏၊ စက်ဆုပ်ဖွယ်လည်း ဖြစ်၏၊ စက်ဆုပ်ဖွယ် သဘောသို့လည်း ရောက်၏၊ ရွံရှာဖွယ်လည်း ဖြစ်၏၊ ရွံရှာဖွယ် သဘောသို့လည်းရောက်၏၊ မြို့စား ယူဇနာတရာကပင် လူတို့၏ အနံ့သည် နတ်တို့ကို နှိပ်စက်နိုင်၏၊ ယင်းသို့ ဖြစ်၍ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်သော မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကုန်သော ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြဉ်ကုန်သော မဟုတ်မမှန်သောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်သော ကုံးချောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်သော ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်သော ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်သော တပ်မက်မောခြင်း မများကုန်သော ပျက်စီးစေလိုသော စိတ်မရှိကုန်သော မမှန်သော အယူရှိကုန်သော သင်၏အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်သည်ရှိသော် "ဤအကြောင်းကြောင့်လည်း တပါးသောလောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု အဘယ်မှာ လာ၍ ပြောကြားကုန်အံ့နည်း။

http://www.dhammadownload.com



မြို့စား ဤအကြောင်းဖြင့်လည်း သင်၏ အယူသည် ဤသို့ ဖြစ်ပါလော့—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု မိန့်ဆို၏)။

၄၁၆။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏ ဟု လျှောက်၏)။

မြို့စား သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။ပ။

အသျှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။ပ။

မြို့စား (ထိုအကြောင်းကား) အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါနှိပ်စက်အပ်ကုန်၏၊ ဆင်းရဲခြင်းသို့ရောက်ကုန်၏၊ ပြင်းထန်စွာ နာမကျန်းရှိကုန်၏၊ "ဤသူတို့သည် ဤရောဂါမှ မထကုန်လတ္တံ့" ဟု သိသောအခါ အကျွန်ုပ်သည် ထိုသူတို့ထံ ချဉ်းကပ်၍ ဤသို့ ပြောဆိုပါ၏—

"အချင်းတို့ အချို့သော သမဏ ဗြာဟ္မဏတို့သည် ဤသို့ ဆိုလေ့ရှိကုန်၏၊ ဤသို့ ယူလေ့ရှိကုန် ကုန်၏—

'အကြင်သူတို့သည် အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်ဝယ် တာဝတိံသာနတ်တို့၏ အပေါင်းအသင်း အဖြစ်သို့ ရောက်ကုန်၏' ဟု ဆိုလေ့ယူလေ့ရှိကုန်၏။

အချင်းတို့သည်ကား အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မပေးသောဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ထိုအသျှင် သမဏဗြာဟ္မဏတို့၏ စကားသည် အကယ်၍ မှန်ခဲ့လျှင် အချင်းတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်း

http://www.dhammadownload.com



သော လားရာ နတ်ပြည်ဝယ် တာဝတိံသာ နတ်တို့၏ အပေါင်းအသင်း အဖြစ်သို့ ရောက်ကုန်လတ္တံ့။

အချင်းတို့ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်ဝယ် တာဝတိံသာ နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ အကယ်၍ရောက်ကုန်သော် ငါ့ထံလာ၍ ပြောကြားပါကုန်လော့။

'ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်ရှိ၏' ဟု (လာ၍ ပြောကြားကြပါကုန်လော့)။ အချင်းတို့သည် ငါ၏ ယုံကြည်ကိုးစားထိုက်သူတို့ ဖြစ်ကြပါကုန်၏၊ အချင်းတို့ သိမြင်သောအရာသည် ငါ့ကိုယ်တိုင် သိမြင်သော အရာကဲ့သို့ ဖြစ်ပါလတ္တံ့" ဟု (ပြောဆိုပါ၏)။

ထိုသူတို့သည် "ကောင်းပါပြီ" ဟု အကျွန်ုပ်အား ဝန်ခံပြီးလျှင် လာ၍လည်း မပြောကြားကုန်၊ တမန်ကိုလည်း မစေလွှတ်ကုန်။

အသျှင်ကဿပ ယင်း (ဆိုခဲ့ပြီးသည့် ပုံသက်သေ)အကြောင်းအားဖြင့် အကျွန်ုပ်၏ အယူသည် ဤသို့ ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသောလောကသည် မရှိ၊ (သေ၍) တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏)။ ဤ (ဆိုခဲ့သည့် ပုံသက်သေ)သည်လည်း (အကျွန်ုပ်၏ အယူဖြစ်ခြင်း၏) အကြောင်းပါတည်း ဟု (လျှောက်၏)။

## တာဝတိံသာနတ် ဥပမာ

၄၁၇။ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေလော့။ မင်းကြီး လူ့ပြည်၌ အနှစ်တရာသည် တာဝတိံသာနတ်တို့၏ တနေ့တညဉ့် ဖြစ်၏၊ ထိုသို့သော နေ့ညဉ့် သုံးဆယ်သည် တလ မည်၏၊ ထိုသို့သော တဆယ့်နှစ်လသည် တနှစ် မည်၏၊ ထိုသို့သော နှစ်ဖြင့် နတ်ပြည်၌ ဖြစ်သော အနှစ်တထောင်သည် တာဝတိံသာ နတ်တို့၏ အသက်တမ်း ဖြစ်၏၊ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်သော မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်သော ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်သော မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်သော ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ကုန်သော သင်၏ အဆွေခင်ပွန်း သားခြင်းပေါက်ဖော်တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်ဝယ် တာဝတိံသာ နတ်တို့၏ အပေါင်းအသင်း အဖြစ်သို့ ရောက်ကုန်သော် ထိုသူတို့အား အကယ်၍ ဤသို့ အကြံဖြစ်အံ့—

"ငါတို့သည် နတ်ပြည်၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ နှစ်ရက် သုံးရက် စံစားကုန်ဦးအံ့၊ ထိုနောက်မှ ငါတို့သည် ပါယာသိ မင်းကြီးထံသွား၍ 'ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၊

http://www.dhammadownload.com



၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏' ဟု ပြောကြားကုန်အံ့" ဟူ၍ (အကြံဖြစ်အံ့)။

ဤသို့ ဖြစ်ခဲ့သော် ထိုသူတို့သည် လာ၍ ပြောကြားနိုင်ကုန်ရာသလော "ဤအကြောင်းကြောင့်လည်း တပါးသော လောကသည်ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ပြောကြားနိုင်ကုန်ရာသလော ဟု မေး၏)။

အသျှင်ကဿပ မပြောကြားနိုင်ကုန်ရာပါ၊ အသျှင်ကဿပ စင်စစ်အားဖြင့် အကျွန်ုပ်တို့သည် ကြာမြင့်စွာ အခါကပင် သေပြီးဖြစ်ကုန်ရာပါ၏၊ "တာဝတိံသာ နတ်တို့သည် ရှိကုန်၏" ဟူ၍၎င်း "တာဝတိံသာ နတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏" ဟူ၍၎င်း ဤအကြောင်းကို အသျှင်ကဿပအား အဘယ်သူသည် ပြောကြားပါသနည်း။ "တာဝတိံသာ နတ်တို့သည် ရှိကုန်၏" ဟူ၍၎င်း "တာဝတိံသာနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏" ဟူ၍၎င်း (ဆိုသော) အသျှင်ကဿပ၏ စကားကို အကျွန်ုပ်တို့ မယုံကြည်ပါကုန် ဟု (လျှောက်၏)။

## ဝမ်းတွင်းကန်းသောယောကျ်ား ဥပမာ

၄၁၈။ မင်းကြီး ဥပမာသော်ကား ဝမ်းတွင်းကန်းသော ယောကျ်ားသည် မည်းသောအဆင်း ဖြူသောအဆင်းတို့ကို မမြင်ရာ၊ ညိုသောအဆင်းတို့ကို မမြင်ရာ၊ ရွှေသောအဆင်းတို့ကို မမြင်ရာ၊ နီသောအဆင်းတို့ကို မမြင်ရာ၊ မောင်းသော အဆင်းတို့ကို မမြင်ရာ၊ ညီညွတ်သောအရာ မညီညွတ်သော အရာကို မမြင်ရာ၊ ကြယ်တာရာ အရောင်တို့ကို မမြင်ရာ၊ လ နေ တို့ကို မမြင်ရာ၊ ထိုဝမ်းတွင်းကန်းသည် ဤသို့ ပြောဆိုရာ၏—

"မည်းသောအဆင်း ဖြူသောအဆင်းတို့သည် မရှိကုန်၊ မည်းသောအဆင်း ဖြူသောအဆင်းတို့ကို မြင်သော သူတို့သည် မရှိကုန်၊ ညိုသော အဆင်းတို့သည် မရှိကုန်၊ ညိုသော အဆင်းတို့ကို မြင်သော သူတို့သည် မရှိကုန်၊ ရွှေသော အဆင်းတို့သည် မရှိကုန်၊ ရွှေသောအဆင်းတို့ကို မြင်သော သူတို့သည် မရှိကုန်၊ နီသော အဆင်းတို့သည် မရှိကုန်၊ နီသော အဆင်းတို့ကို မြင်သောသူတို့သည် မရှိကုန်၊ မောင်းသော အဆင်းတို့သည် မရှိကုန်၊ မောင်းသော အဆင်းတို့ကို မြင်သော သူတို့သည် မရှိကုန်၊ ညီညွတ်သောအရာ မညီညွတ်သောအရာသည် မရှိ၊ ညီညွတ်သောအရာ မညီညွတ်သောအရာကို မြင်သောသူတို့သည် မရှိကုန်၊ ကြယ်တာရာ အရောင်တို့သည် မရှိကုန်၊ ကြယ်တာရာအရောင်တို့ကို မြင်သောသူတို့သည် မရှိကုန်၊ လ နေ တို့သည် မရှိကုန်၊ လ နေတို့ကို မြင်သောသူတို့သည် မရှိကုန်၊ ငါသည် ဤ(အမည်း အဖြူစသည်)ကို မသိ၊ ငါသည် ဤ(အမည်း အဖြူစသည်)တို့ကို မမြင်၊ ထို့ကြောင့် ထို(အမည်း အဖြူစသည်)သည် မရှိ" ဟု (ပြောဆိုရာ၏)။

မင်းကြီး ထိုသို့ဆိုသော် ထိုဝမ်းတွင်းကန်းသည် မှန်စွာဆိုသည် မည်ရာသလော ဟု (မေး၏)။

အသျှင်ကဿပ မှန်စွာ ဆိုသည် မမည်ရာပါ၊ အသျှင်ကဿပ မည်းသောအဆင်း ဖြူသောအဆင်းတို့သည် ရှိပါကုန်၏၊ မည်းသောအဆင်း ဖြူသောအဆင်းတို့ကို မြင်သောသူတို့သည် ရှိပါကုန်၏၊ ညိုသောအဆင်းတို့သည် ရှိပါကုန်၏၊ ညိုသောအဆင်းတို့ကို မြင်သောသူတို့သည် ရှိပါကုန်၏။ပ။ ညီညွတ်သောအရာ မညီညွတ်သောအရာသည် ရှိပါ၏၊ ညီညွတ်သောအရာ မညီညွတ်သောအရာကို မြင်သောသူတို့သည် ရှိပါကုန်၏၊ ကြယ်တာရာအရောင်တို့သည် ရှိပါကုန်၏၊ ကြယ်တာရာ အရောင်

http://www.dhammadownload.com



တို့ကို မြင်သောသူတို့သည် ရှိပါကုန်၏၊ လ နေတို့သည် ရှိပါကုန်၏၊ လ နေတို့ကို မြင်သောသူတို့သည် ရှိပါကုန်၏၊ (ထိုသို့ ရှိကုန်လျက်) "ငါသည် ဤ(အမည်း အဖြူ စသည်)ကို မသိ၊ ငါသည် ဤ(အမည်း အဖြူ စသည်)တို့ကို မမြင်၊ ထို့ကြောင့် ထို(အမည်း အဖြူ စသည်)သည် မရှိ" ဟု ဆိုအံ့၊ ယင်းသို့ဆိုသော် ထိုဝမ်းတွင်းကန်းသည် မှန်စွာဆိုသည် မမည်ရာပါ ဟု (လျှောက်၏)။ မြို့စား ဤအတူပင် ငါ့အား သင်ပြောသော စကားကြောင့် သင်သည် ဝမ်းတွင်းကန်းကဲ့သို့ ဖြစ်မည်မှာ ထင်ရှား၏။

"တာဝတိံသာ နတ်တို့သည် ရှိကုန်၏" ဟူ၍ရင်း "တာဝတိံသာနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏"ဟူ၍ရင်း ဤအကြောင်းကို အသျှင်ကဿပအား အဘယ်သူသည် ပြော်ကြားပါသနည်း၊ "တာဝတိံသာနတ်တို့သည် ရှိကုန်၏"ဟူ၍ရင်း "တာဝတိံသာနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏"ဟူ၍ရင်း (ဆိုသော)အသျှင်ကဿပ၏ စကားကို အကျွန်ုပ်တို့ မယုံကြည်ပါကုန် ဟု သင်ဆို၏။ မြို့စား သင် ထင်သကဲ့သို့ ဤမံသစက္ခုဖြင့် တပါးသော လောကကို မြင်အပ်သည် ဟု မမှတ်အပ်။ မြို့စား အကြင် သမဏဗြာဟ္မဏတို့သည် ရွာမှ ဝေးကွာသော ဆိတ်ငြိမ်ရာ တောကျောင်းတို့ကို မှီဝဲနေကုန်၏၊ မမေ့မလျော့ကုန်သည်ဖြစ်၍ ပြင်းထန်သော လုံ့လ ရှိကုန်သည် ဖြစ်၍ တည်ကြည်သော စိတ်ရှိကုန်သည်ဖြစ်၍ ထိုတောကျောင်း၌နေကုန်သောထိုသမဏဗြာဟ္မဏတို့သည် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ကြည်လင်စေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် အထူးသဖြင့် ကြည်လင်သော လူတို့၏ အမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' အဘိညာဏ်ဖြင့် ဤလောကကိုရင်း တပါးသော လောကကိုရင်း သေ၍ တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ကိုရင်း မြင်ကုန်၏၊ မြို့စား ဤသို့လျှင် တပါးသော လောကကို မှတ်အပ်၏၊ သင်ထင်သကဲ့သို့ ဤမံသစက္ခုဖြင့် မြင်အပ်သည် ဟု မမှတ်အပ်။

မြို့စား ဤအကြောင်းဖြင့်လည်း သင်၏အယူသည် ဤသို့ ဖြစ်ပါလော့—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍)တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု မိန့်ဆို၏)။

၄၁၉။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဖိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏ ဟု လျှောက်၏)။

မြို့စား သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။ပ။

အသျှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။ပ။

မြို့စား (ထိုအကြောင်းကား) အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ သီလရှိကုန်သော ကောင်းသောအကျင့်ရှိကုန်သော အသက်ရှည်ခြင်းငှါ အလိုရှိကုန်သော မသေခြင်းငှါ အလိုရှိကုန်သော ချမ်းသာကို အလိုရှိကုန်သော ဆင်းရဲကို စက်ဆုပ်ကုန်သော သမဏဗြာဟ္မဏတို့ကို အကျွန်ုပ် တွေ့မြင်ရပါ၏၊ အသျှင်ကဿပ (ထိုသို့တွေ့မြင်သော အခါ) ထိုအကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါ၏—

http://www.dhammadownload.com



သီလရှိကုန်သော ကောင်းသောအကျင့်ရှိကုန်သော ဤသမဏဗြာဟ္မဏတို့သည် "ငါတို့ သေကုန်သော် ဤလောကထက် မွန်မြတ်သည် ဖြစ်လတ္တံ့" ဟု သိကုန်ငြားအံ့။ သီလရှိကုန်သော ကောင်းသောအကျင့်ရှိကုန်သော ဤအသျှင်သမဏ ဗြာဟ္မဏတို့သည် ယခု ချက်ခြင်း အဆိပ်ကိုမူလည်း စား၍ သေကုန်ရာ၏၊ ဓားလက်နက်ကိုမူလည်း ဆောင်ယူ၍ သတ်သေကုန်ရာ၏၊ ကြိုးဆွဲချ၍ မူလည်း သေကုန်ရာ၏၊ ကမ်းပါးပြတ်၌မူလည်း ခုန်ချ၍ သေကုန်ရာ၏၊ သီလရှိကုန်သော ကောင်းသော အကျင့်ရှိကုန်သော ဤအသျှင်သမဏဗြာဟ္မဏတို့သည် "ငါတို့ သေကုန်သော် ဤလောကထက် မွန်မြတ်သည် ဖြစ်လတ္တံ့" ဟု မသိကုန်သောကြောင့် သီလရှိကုန်သော ကောင်းသော အကျင့်ရှိကုန်သော ဤသမဏဗြာဟ္မဏတို့သည် အသက်ရှည်ခြင်းငှါ အလိုရှိကုန်၏၊ မသေခြင်းငှါ အလိုရှိကုန်၏၊ ချမ်းသာကို အလိုရှိကုန်၏၊ ဆင်းရဲကို စက်ဆုပ်ကုန်၏၊ "မိမိကိုယ်ကို မသတ်ကုန်" ဟု (အကြံဖြစ်ပါ၏)။

အသျှင်ကဿပ ယင်း(ဆိုခဲ့သည့်ပုံသက်သေ) အကြောင်းအားဖြင့် အကျွန်ုပ်၏ အယူသည် ဤသို့ ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသောလောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကုသိုလ် မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏)။

ဤ(ဆိုခဲ့သည့် ပုံသက်သေ)သည်လည်း (အကျွန်ုပ်၏ အယူဖြစ်ခြင်း၏) အကြောင်းပါတည်း ဟု (လျှောက်၏)။

## ကိုယ်ဝန်ဆောင်ပုဏ္ဏေးမ ဥပမာ

၄၂၀။ မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ အချို့သော ပညာရှိ ယောကျ်ားတို့သည် ဥပမာဖြင့် ဆိုအပ်သော စကား၏ အဓိပ္ပါယ်ကို သိကုန်၏။

မြို့စား ရှေး၌ ဖြစ်ဘူးသည်ကား ပုဏ္ဏားတယောက်အား မယားနှစ်ယောက်ရှိ၏၊ တယောက်အား ဆယ်နှစ်ရှယ်၊ ဆယ့်နှစ်နှစ်ရှယ် သားတယောက်ရှိ၏၊ တယောက်သည်ကား ကိုယ်ဝန်အရင့်အမာ သားဖွားခါနီးဖြစ်၏။ ထိုအခါ ထိုပုဏ္ဏားသည် သေလေ၏။ ထို(ပုဏ္ဏားသေသော)အခါ ထို(ပုဏ္ဏား၏သား) လုလင်ငယ်သည် အမိ၏ရန်သူ (မိထွေး)အား ဤစကားကို ဆို၏—

"အမိ ဤဥစ္စာ စပါး ရွှေ ငွေ အလုံးစုံသည် အကျွန်ုပ်၏ ဥစ္စာသာတည်း၊ ဤဥစ္စာစု၌ သင်၏ အဖို့ တစုံတခုမျှ မရှိ၊ အမိ အကျွန်ုပ်အား အဖ၏ အမွေအနှစ်ကို အပ်နှင်းပါလော့" ဟု(ဆို၏)၊ ဤသို့ ဆိုသော် ထို(မိထွေး)ပုဏ္ဏေးမသည် ထိုလုလင်ငယ်အား ဤစကားကို ဆို၏—

"အမောင် မွေးဖွားသည့်တိုင်အောင် ဆိုင်းငံ့ပါဦး၊ အကယ်၍ သတို့သား မွေးဖွားသည် ဖြစ်အံ့၊ အချို့အဝက်သည် ထိုသတို့သား၏ အဖို့အစုလည်း ဖြစ်လတ္တံ့၊ အကယ်၍ သတို့သမီး မွေးဖွားသည်ဖြစ်အံ့၊ ထိုသတို့သမီးသည်လည်း သင်၏ အလုပ်အကျွေးဖြစ်လတ္တံ့" ဟု (ဆို၏)။ နှစ်ကြိမ်မြောက်လည်း ထိုလုလင်ငယ်သည် အမိ၏ ရန်သူ(မိထွေး)အား ဤစကားကို ဆို၏—

"အမိ ဤဥစ္စာ စပါး ရွှေ ငွေ အလုံးစုံသည် အကျွန်ုပ်၏ ဥစ္စာသာတည်း၊ ဤဥစ္စာစု၌ သင်၏ အဖို့ တစုံတခုမျှ မရှိ၊ အမိ အကျွန်ုပ်အား အဖ၏ အမွေအနှစ်ကို အပ်နှင်းပါလော့" ဟု ဆို၏။ နှစ်ကြိမ်မြောက်လည်း ထို(မိထွေး) ပုဏ္ဏေးမသည် ထိုလုလင်ငယ်အား ဤစကားကို ဆို၏—

http://www.dhammadownload.com



"အမောင် မွေးဖွားသည့်တိုင်အောင် ဆိုင်းငံ့ပါဦး၊ အကယ်၍ သတို့သား မွေးဖွားသည် ဖြစ်အံ့၊ အချို့အဝက်သည် ထိုသတို့သား၏ အဖို့အစုလည်း ဖြစ်လတ္တံ့၊ အကယ်၍ သတို့သမီး မွေးဖွားသည် ဖြစ်အံ့၊ ထိုသတို့သမီးသည်လည်း သင်၏ အလုပ်အကျွေး ဖြစ်လတ္တံ့" ဟု (ဆို၏)။

သုံးကြိမ်မြောက်လည်း ထိုလုလင်ငယ်သည် အမိ၏ရန်သူ (မိထွေး)အား ဤစကားကို ဆို၏—

"အမိ ဤဥစ္စာ စပါး ရွှေ ငွေ အလုံးစုံသည် အကျွန်ုပ်၏ ဥစ္စာသာတည်း၊ ဤဥစ္စာစု၌ သင်၏ အဖို့ တစုံတခုမျှ မရှိ၊ အမိ အကျွန်ုပ်အား အဖ၏ အမွေအနှစ်ကို အပ်နှင်းပါလော့" ဟု (ဆို၏)။

ထိုအခါ ထိုပုဏ္ဏေးမသည် ဓားလက်နက်ကိုယူ၍ တိုက်ခန်းသို့ဝင်ပြီးလျှင် သတို့သားဖြစ်စေ သတို့သမီးဖြစ်စေ မွေးဖွားစေခြင်းငှါ ဝမ်းကိုခွဲလေ၏။ ထိုပုဏ္ဏေးမသည် မိမိကိုယ်ကိုင်း အသက်ကိုင်း အလုံးစုံသော ဥစ္စာနှစ်ကိုင်း ဖျက်ဆီး၏၊ မိုက်သော မလိမ္မာသော ပုဏ္ဏေးမသည် အဆင်ခြင်ကင်းမဲ့စွာ အမွေအနှစ်ကိုရှာသည်ဖြစ်၍ ပျက်စီးခြင်းသို့ရောက်ဘိသကဲ့သို့။ မြို့စား ဤအတူသာလျှင် မိုက်သော မလိမ္မာသောသင်သည် အဆင်ခြင်ကင်းမဲ့စွာ တပါးသောလောကကိုရှာသည်ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်လတ္တံ့၊ မြို့စားမိုက်သော မလိမ္မာသော ထိုပုဏ္ဏေးမသည် အဆင်ခြင်ကင်းမဲ့စွာ အမွေအနှစ်ကို ရှာသည်ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ သီလရှိကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် မရင့်ကျက်သေးသည်ကို ရင့်ကျက်အောင် မပြုကုန်၊ ငင်စစ်သော်ကား ရင့်ကျက်သောအခါကို ဆိုင်းငံ့ကုန်၏။ မြို့စား သီလရှိကုန်သော ကောင်းသောအကျင့်ရှိကုန်သော ပညာရှိတို့သည် အသက်ရှင်နေခြင်းကို အလိုရှိအပ်သည်သာတည်း။ မြို့စား သီလရှိကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် အဓွန့်ရှည်စွာ တည်နေသည့်အလျောက် များစွာသော ကုသိုလ်ကောင်းမှုကို တိုးပွါး စေကုန်၏၊ လူအများတို့၏ ပွါးစီးခြင်းအလို့ငှါလည်း ကျင့်ကုန်၏၊ လူအများတို့၏ ချမ်းသာခြင်းအလို့ငှါလည်း ကျင့်ကုန်၏၊ သတ္တလောကကိုသနားသောကြောင့် နတ်လူတို့၏ အကျိုးများခြင်းအလို့ငှါ ပွါးစီးခြင်းအလို့ငှါ ချမ်းသာခြင်းအလို့ငှါ ကျင့်ကုန်၏။ မြို့စား ဤအကြောင်းဖြင့်လည်းသင်၏ အယူသည် ဤသို့ဖြစ်ပါလော့—

"ဤအကြောင်းကြောင့်လည်း တပါးသောလောကသည် ရှိ၏၊ (သေ၍) တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံ တို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု မိန့်ဆို၏)။

၄၂၁။ အသျှင်ကဿပသည် ဤသို့ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသောလောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏ ဟု လျှောက်၏)။

မြို့စား သင်၏အယူဖြစ်ခြင်း၏အကြောင်းသည် ရှိသေးသလော။ပ။

အသျှင်ကဿပ အကျွန်ုပ်၏အယူဖြစ်ခြင်း၏အကြောင်းသည် ရှိပါသေး၏။ပ။

မြို့စား (ထိုအကြောင်းကား) အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကျူးလွန်သော ခိုးသူကို ဖမ်း၍ ပြပါကုန်၏—

http://www.dhammadownload.com



"အရှင် ဤသူကား အပြစ်ကိုကျူးလွန်သော အရှင်၏ (စိုးအုပ်ရာနယ်မြေမှ) ခိုးသူပါတည်း၊ ဤသူအား ပေးလိုသော အပြစ်ဒဏ်ကို ပေးပါလော့" ဟု (ပြပါကုန်၏)။

ထိုမင်းချင်းယောကျ်ားတို့ကို အကျွန်ုပ်သည် ဤသို့ဆိုပါ၏—

"အချင်းတို့ သို့ဖြစ်လျှင် ဤယောကျ်ားကို အသက်ရှင်စဉ်ပင် အိုး၌ထည့်၍ အိုးဝကိုပိတ်ပြီးလျှင် စိုစွတ်သောသားရေဖြင့် ကျက်၍ စိုစွတ်သောမြေဖြင့် ထူစွာလိမ်းကျံပြီးသော် ခုံလောက်ပေါ် သို့တင်လျက် မီးတိုက်ကုန်လော့" ဟု (ဆိုပါ၏)။

ထို(မင်းချင်းယောကျ်ား)တို့သည် "ကောင်းပါပြီ" ဟု အကျွန်ုပ်အားဝန်ခံပြီးလျှင် ထို(ခိုးသူ)ယောကျ်ားကို အသက်ရှင်စဉ်ပင် အိုး၌ထည့်၍ အိုးဝကိုပိတ်ပြီးလျှင် စိုစွတ်သောသားရေဖြင့် ကျက်၍ စိုစွတ်သောမြေဖြင့်ထူစွာ လိမ်းကျံပြီးသော် ခုံလောက်ပေါ်သို့ တင်လျက် မီးတိုက်ကုန်၏။

အကျွန်ုပ်တို့သည် "ထိုယောကျ်ားသေပြီ" ဟု သိသောအခါ ထိုအိုးကို (ခုံလောက်မှ) ချ၍ လိမ်းကျံသော မြေကိုခွါလျက် အိုးဝကို ဖြည်းညင်းစွာဖွင့်ပြီးလျှင် "ထိုခိုးသူ၏ ထွက်သွားသော အသက်ကို မြင်ကောင်းမြင်ကုန်ရာ၏" ဟု ကြည့်ကြပါကုန်၏။ (သို့ကြည့်ကြရာ) ထိုခိုးသူ၏ ထွက်သွားသော အသက်ကို အကျွန်ုပ်တို့သည် မမြင်ရပါကုန်။ အသျှင်ကဿပ ယင်း (ဆိုခဲ့သည့် ပုံသက်သေ) အကြောင်းအားဖြင့် အကျွန်ုပ်၏အယူသည် ဤသို့ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသောလောကသည် မရှိ၊ (သေ၍) တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏)။

ဤ(ဆိုခဲ့သည့်ပုံသက်သေ) သည်လည်း (အကျွန်ုပ်၏ အယူဖြစ်ခြင်း၏)အကြောင်းပါတည်း ဟု (လျှောက်၏)။

## အိပ်မက် ဥပမာ

၄၂၂။ မင်းမြတ် သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင်ပြန်၍ မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေလော့။ မင်းမြတ် သင် နေ့အချိန် အပန်းဖြေ အိပ်စက်စဉ်အခါ အရာမ်၏ မွေ့လျော်ဖွယ် ဥယျာဉ်၏ မွေ့လျော်ဖွယ် မြေ၏မွေ့လျော်ဖွယ် ရေကန်၏ မွေ့လျော်ဖွယ် တို့ကို အိပ်မက်၌ မြင်မက်ဘူးသည်ကို မှတ်မိပါသလော ဟု (မေး၏)။

အသျှင်ကဿပ အကျွန်ုပ်သည် နေ့အချိန် အပန်းဖြေ အိပ်စက်နေစဉ်အခါ အရာမ်၏ မွေ့လျော်ဖွယ် ဥယျာဉ်၏ မွေ့လျော်ဖွယ် မြေ၏မွေ့လျော်ဖွယ် ရေကန်၏ မွေ့လျော်ဖွယ်တို့ကို အိပ်မက်၌ မြင်မက်ဘူးသည်ကို မှတ်မိပါ၏ ဟု (လျှောက်၏)။

မင်းမြတ် ထိုအိပ်မက်စဉ်အခါ အမျိုးညံ့သည်လည်း ဖြစ်ကုန်သော အမျိုးမြတ်သည်လည်း ဖြစ်ကုန်သော ကလေးအရွယ်လည်း ဖြစ်ကုန်သော အပျိုအရွယ်လည်း ဖြစ်ကုန်သော မောင်းမတို့သည် သင့်ကို စောင့်နေကုန်သလော ဟု (မေး၏)။

အသျှင်ကဿပ ထို(အိပ်မက်မက်စဉ်) အခါ အမျိုးညံ့သည်လည်း ဖြစ်ကုန်သော အမျိုးမြတ်သည်လည်း ဖြစ်ကုန်သော ကလေးအရွယ်လည်း ဖြစ်ကုန်သော အပျိုအရွယ်လည်း ဖြစ်ကုန်သော မောင်းမတို့သည် အကျွန်ုပ်ကို စောင့်နေကြပါကုန်၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



မြို့စား ထိုမောင်းမတို့သည် သင်၏ အသက်ဝင်သည်ကိုရင်း ထွက်သည်ကိုရင်း မြင်ကြကုန်သလော ဟု (မေး၏)။

အသျှင်ကဿပ မမြင်ကြပါကုန် ဟု (လျှောက်၏)။

မြို့စား အသက်ရှင်လျက် ရှိကုန်သော ထိုမောင်းမတို့သည် အသက်ရှင်လျက်ရှိသော သင်၏ အသက်ဝင်သည်ကိုရင်း ထွက်သည်ကိုရင်း မမြင်ရမူ သင်သည် သေသောသူ၏ အသက်ဝင်သည်ကိုရင်း ထွက်သည်ကိုရင်း အဘယ်မှာမြင်ပါအံ့နည်း။ မြို့စား ဤအကြောင်းဖြင့်လည်း သင်၏ အယူသည် ဤသို့ ဖြစ်ပါလော့—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု မိန့်ဆို၏)။

၄၂၃။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိ" ဟု (ဖြစ်ပါ၏ ဟု လျှောက်၏)။

မြို့စား သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။ပ။

အသျှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။ပ။

မြို့စား (ထိုအကြောင်းကား) အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကျူးလွန်သော ခိုးသူကို ဖမ်း၍ ပြပါကုန်၏—

"အရှင် ဤသူသည် အပြစ်ကို ကျူးလွန်သော အရှင်၏ (စိုးအုပ်ရာနယ်မြေမှ) ခိုးသူပါတည်း၊ ဤ(ခိုးသူ)အား ပေးလိုရာ အပြစ်ဒဏ်ကို ပေးတော်မူပါလော့" ဟု (ပြပါကုန်၏)။

ထိုမင်းချင်းယောကျ်ားတို့ကို အကျွန်ုပ်သည် ဤသို့ ဆိုပါ၏—

"အချင်းတို့ သို့ဖြစ်လျှင် ဤယောကျ်ားကို အသက်ရှင်စဉ်ပင် စဉ်းချိန်ဖြင့် ချိန်စက်လျက် ထွက်သက်မရှိအောင် လေးကြိုးဖြင့် လည်၌ ညှစ်၍ သတ်ပြီးလျှင် တဖန် စဉ်းချိန်ဖြင့် ချိန်စက်ကုန်လော့" ဟု (ဆိုပါ၏)။

ထို(မင်းချင်းယောကျ်ား)တို့သည် "ကောင်းပါပြီ" ဟု အကျွန်ုပ်အား ဝန်ခံပြီးလျှင် ထို(ခိုးသူ) ယောကျ်ားကို အသက်ရှင်စဉ်ပင် စဉ်းချိန်ဖြင့် ချိန်စက်လျက် ထွက်သက်မရှိအောင် လေးကြိုးဖြင့် လည်၌ ညှစ်၍ သတ်ပြီးလျှင် တဖန် စဉ်းချိန်ဖြင့် ချိန်စက်ပါကုန်၏။ ထိုယောကျ်ားသည် အသက်ရှင်နေစဉ်အခါ၌ ပို၍ ပေါ့လည်းပေါ့၏၊ ပို၍ ပျော့ပြောင်းလည်း ပြော့ပျောင်း၏၊ ပို၍ အမှုအပြင် လည်းခံ၏၊ ထိုခိုးသူယောကျ်ားသည် သေသည့်အခါ၌ ပို၍ လေးလည်း လေး၏၊ ပို၍ ခက်မာလည်း

http://www.dhammadownload.com



ခက်မာ၏၊ ပိုမို၍ အပြုအပြင်လည်း မခံ။ ယင်း(ဆိုခဲ့ပြီးသည့် ပုံသက်သေ) အကြောင်းအားဖြင့် အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏)။ ဤ (ဆိုခဲ့သည့် ပုံသက်သေ) သည်လည်း (အကျွန်ုပ်၏ အယူဖြစ်ခြင်း၏) အကြောင်းပါတည်း ဟု (လျှောက်၏)။

## ရဲရဲညီသောသံတွေခဲ ဥပမာ

၄၂၄။ မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ အချို့သော ပညာရှိယောကျ်ားတို့သည် ဥပမာဖြင့် လိုအပ်သော စကားတို့၏ အဓိပ္ပါယ်ကို သိကုန်၏။

မြို့စား ဥပမာအားဖြင့် ယောကျ်ား(တယောက်)သည် တနေ့ပတ်လုံး ပူလောင်သော ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွဖြစ်သော သံတွေခဲကို စဉ်းချိန်ဖြင့် ချိန်စက်ရာ၏။ နောင်အခါ အေးပြီးသော အခိုးငြိမ်းပြီးသော ထိုသံတွေခဲကို စဉ်းချိန်ဖြင့် တဖန် ချိန်စက်ပြန်ရာ၏။ အဘယ်အခါမှာ ထိုသံတွေခဲသည် ပိုမို၍ ပေါ့လည်း ပေါ့သနည်း၊ ပိုမို၍ ပြော့ပျောင်းလည်း ပြော့ပျောင်းသနည်း၊ ပိုမို၍ အပြုအပြင်လည်း ခံသနည်း၊ ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွဖြစ်သော အခါလော၊ (သို့မဟုတ်) အေးပြီးသော အခိုးငြိမ်းပြီးသော အခါလော ဟု (မေး၏)။

အသျှင်ကဿပ ထိုသံတွေခဲသည် အပူဓာတ် လေဓာတ်နှင့် ပေါင်းဆုံမိ၍ ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွ ဖြစ်သောအခါ ပိုမို၍ ပေါ့လည်းပေါ့၏၊ ပိုမို၍ ပျော့ပြောင်းလည်း ပျော့ပြောင်း၏၊ ပိုမို၍ အပြုအပြင်လည်းခံ၏၊ ထိုသံတွေခဲသည် အပူဓာတ် လေဓာတ် ကင်းကွာ၍ အေးသော အခိုးငြိမ်းသော အခါ၌ကား ပိုမို၍ လေးလည်း လေး၏၊ ပိုမို၍ ခက်မာလည်း ခက်မာ၏၊ ပိုမို၍ အပြုအပြင်လည်း မခံပါ ဟု (လျှောက်၏)။

မြို့စား ဤအတူပင် ဤကိုယ်သည် အသက်ကိုယ်ငွေ့ ဝိညာဏ်တို့နှင့် ပေါင်းဆုံမိသောအခါ ပိုမို၍ ပေါ့လည်း ပေါ့၏၊ ပိုမို၍ ပြော့ပျောင်းလည်း ပြော့ပျောင်း၏၊ ပိုမို၍ အပြုအပြင်လည်းခံ၏၊ ဤကိုယ်သည် အသက်ကိုယ်ငွေ့ ဝိညာဏ်တို့နှင့် ကင်းကွာသော အခါ၌ကား ပိုမို၍ လေးလည်း လေး၏၊ ပိုမို၍ ခက်လည်း ခက်မာ၏၊ ပိုမို၍ အပြုအပြင်လည်းမခံ။ မြို့စား ဤအကြောင်းဖြင့်လည်း သင်၏အယူသည် ဤသို့ ဖြစ်ပါလော့—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု မိန့်ဆို၏)။

၄၂၅။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ" (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ပင် ဖြစ်ပါ၏ ဟု လျှောက်၏)။

http://www.dhammadownload.com



မြို့စား သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။ပ။

အသျှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။ပ။

မြို့စား (ထိုအကြောင်းကား) အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကျူးလွန်သော ခိုးသူကို ဖမ်း၍ ပြပါကုန်၏—

"အရှင် ဤသူသည် အပြစ်ကို ကျူးလွန်သော အရှင်၏ (စိုးအုပ်ရာ နယ်မြေမှ) ခိုးသူပါတည်း၊ ဤ(ခိုးသူ)အား ပေးလိုရာ အပြစ်ဒဏ်ကို ပေးတော်မူပါလော့" ဟု (ပြပါကုန်၏)။

ထိုမင်းချင်းယောကျ်ားတို့ကို အကျွန်ုပ်သည် ဤသို့ ဆိုပါ၏—

"အချင်းတို့ သို့ဖြစ်လျှင် ဤယောကျ်ားကို အရေပါး အရေထူ အသား အကြော အရိုး ရိုးတွင်းချဉ်ဆီကို မပျက်စီးစေမူ၍ ဇီဝိတိန္ဒြေမှ ချကုန်လော့၊ ထိုသူ၏ အသက်ထွက်သည်ကို မြင်ကောင်း မြင်ရာ၏" ဟု (ဆိုပါ၏)။

ထိုသူတို့သည် "ကောင်းပါပြီ" ဟု အကျွန်ုပ်အား ဝန်ခံ၍ ထို(ခိုးသူ)ယောကျ်ားကို အရေပါးကို မပျက်စီးစေမူ၍။ပ။ ဇီဝိတိန္ဒြေမှ ချပါကုန်၏။

ထိုခိုးသူသည် သေတော့မည် ဆဲဆဲဖြစ်သောအခါ မင်းချင်းယောကျ်ားတို့ကို အကျွန်ုပ်သည် ဤသို့ ဆိုပါ၏—

"အချင်းတို့ သို့ဖြစ်လျှင် ဤ(ခိုးသူ) ယောကျ်ားကို ပက်လက်ချထားကြကုန်လော့၊ ထိုသူ၏ အသက်ထွက်သည်ကို မြင်ကောင်း မြင်ရာ၏" ဟု (ဆိုပါ၏)။

ထို(မင်းချင်းယောကျ်ား)တို့သည် ထိုယောကျ်ားကို ပက်လက်ချထားကြပါကုန်၏။ အကျွန်ုပ်တို့သည် ထိုသူ၏ အသက်ထွက်သည်ကို မမြင်ကြရပါကုန်၊ (ထိုအခါ) အကျွန်ုပ်သည် ထို(မင်းချင်းယောကျ်ား)တို့အား ဤသို့ ဆိုပါ၏—

"အချင်းတို့ သို့ဖြစ်လျှင် ဤ(ခိုးသူ)ယောကျ်ားကို မှောက်ခုံချထားကုန်လော့၊ တဖက်သို့ စောင်း၍ ချထားကုန်လော့၊ အခြားတဖက်သို့ စောင်း၍ ချထားကုန်လော့၊ မတ်ရပ်ထောင်၍ ထားကုန်လော့၊ ဦးစောက်ပြောင်းပြန် ထားကုန်လော့၊ လက်ဖြင့် ပုတ်ကုန်လော့၊ ခဲဖြင့် ထုကုန်လော့၊ တုတ်ဖြင့်ရိုက်ကုန်လော့၊ ဓားဖြင့် ခုတ်ကုန်လော့၊ ဤမှာဘက်မှ (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုကုန်လော့၊ ထိုမှာဘက်မှ (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုကုန်လော့၊ ဤဘက် ထိုဘက် အပြန်ပြန် အလှန်လှန် (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုကုန်လော့၊ ငါတို့သည် ထိုသူ၏ အသက်ထွက်သည်ကို မြင်ရကောင်း မြင်ရကုန်ရာ၏" ဟု (ဆိုပါ၏)။

ထို(မင်းချင်းယောကျ်ား)တို့သည် ထို(ခိုးသူ) ယောကျ်ားကို ဤမှာဘက်မှ (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုပါကုန်၏၊ ထိုမှာဘက်မှ (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုပါကုန်၏၊ ဤဘက် ထိုဘက် အပြန်ပြန် အလှန်လှန် (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုပါကုန်၏၊ အကျွန်ုပ်တို့သည် ထိုသူ၏ အသက်ထွက်သည်ကို မမြင်ကြရပါကုန်၊ ထိုသူအား ထိုမျက်စိ ထိုရူပါရုံတို့ပင် ရှိလျက် ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုမျက်စိဖြင့် ရူပါရုံကို မခံစားပါ။ ထိုနား ထိုသဒ္ဒါရုံတို့ပင် ရှိလျက်ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုနားဖြင့်

http://www.dhammadownload.com



သဒ္ဒါရုံကို မခံစားပါ။ ထိုနှာခေါင်း ထိုဂန္ဓာရုံတို့ပင် ရှိလျက် ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုနှာခေါင်းဖြင့် ဂန္ဓာရုံကို မခံစားပါ။ ထိုလျှာ ထိုရသာရုံတို့ပင် ရှိလျက် ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုလျှာဖြင့် ရသာရုံကို မခံစားပါ။ ထိုကိုယ် ထိုဖောဋ္ဌဗ္ဗာရုံတို့ပင် ရှိလျက် ဖြစ်ပါကုန်၏။ သို့ရာတွင် ထိုကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို မခံစားပါ။ အသျှင်ကဿပ ယင်း (ဆိုခဲ့သည့် ပုံသက်သေ) အကြောင်းအားဖြင့် အကျွန်ုပ်၏ အယူသည် ဤသို့ ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏)။ ဤ (ဆိုခဲ့သည့် ပုံသက်သေသည်လည်း) (အကျွန်ုပ်၏ အယူ ဖြစ်ခြင်း၏) အကြောင်းပါတည်း ဟု (လျှောက်၏)။

## ခရုသင်းမှုတ်သော ယောကျ်ား ဥပမာ

၄၂၆။ မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ အချို့သော ပညာရှိ ယောကျ်ားတို့သည် ဥပမာဖြင့် ဆိုအပ်သော စကား၏ အဓိပ္ပါယ်ကို သိကုန်၏။

မြို့စား ရှေး၌ ဖြစ်ဘူးသည်ကား ခရုသင်း မှုတ်သော ယောကျ်ားတယောက်သည် ခရုသင်းကို ယူ၍ တိုင်းစွန်ပြည်ဖျား ကျေးလက်တခုသို့ သွားလေ၏၊ ထိုသူသည် ရွာတရွာသို့ ချဉ်းကပ်၍ ရွာ၏ အလယ်၌ ရပ်လျက် ခရုသင်းကို သုံးကြိမ် မှုတ်ပြီးလျှင် ခရုသင်းကို မြေ၌ ချထား၍ သင့်လျော်သော အရပ်၌ ထိုင်နေ၏၊ မြို့စား ထိုအခါ တိုင်းစွန်ပြည်ဖျား ကျေးလက်သားတို့အား ဤသို့သော အကြံ သည် ဖြစ်၏—

"အချင်းတို့ ဤသို့ တပ်မက်ဖွယ် ဖြစ်သော ဤသို့ နှစ်သက်ဖွယ် ဖြစ်သော ဤသို့ ယစ်မူးဖွယ် ဖြစ်သော ဤသို့ ငြိတွယ်ဖွယ် ဖြစ်သော ဤသို့ မိန်းမောဖွယ် ဖြစ်သော ဤအသံသည် အဘယ် အရာ၏ အသံနည်း" ဟု (အကြံဖြစ်၏)။

ဤသို့ ကြံပြီးသော် အညီအညွတ် စည်းဝေးကုန်၍ ထိုခရုသင်းမှုတ်သော ယောကျ်ားကို ဤသို့ မေးမြန်းကုန်၏—

"အချင်း ဤသို့ တပ်မက်ဖွယ် ဖြစ်သော ဤသို့ နှစ်သက်ဖွယ်ဖြစ်သော ဤသို့ ယစ်မူးဖွယ် ဖြစ်သော ဤသို့ ငြိတွယ်ဖွယ် ဖြစ်သော ဤသို့ မိန်းမောဖွယ် ဖြစ်သော ဤအသံသည် အဘယ် အရာ၏ အသံပါနည်း" ဟု (မေးမြန်းကုန်၏)။

အချင်းတို့ ဤအရာသည် ခရုသင်း မည်၏၊ ဤသို့ တပ်မက်ဖွယ် ဖြစ်သော ဤသို့ နှစ်သက်ဖွယ် ဖြစ်သော ဤသို့ ယစ်မူးဖွယ် ဖြစ်သော ဤသို့ ငြိတွယ်ဖွယ် ဖြစ်သော ဤသို့ မိန်းမောဖွယ်ဖြစ်သော ဤအသံသည် ယင်းခရုသင်း၏ အသံတည်း ဟု (ဆို၏)။

ထို(ကျေးလက်သား)တို့သည် ကိုခရုသင်းကို ပက်လက်ချထားကုန်၏၊ (ပက်လက်ထားကုန်၍) ခရုသင်း မြည်လော့၊ ခရုသင်း မြည်လော့" ဟု ဆိုကြကုန်၏။ ထိုခရုသင်းသည် အသံ မမြည်သည် သာတည်း။ ထို(ကျေးလက်သား)တို့သည် ထိုခရုသင်းကို မှောက်ခုံချထားကုန်၏၊ တဖက်သို့ စောင်း၍ ချထားကုန်၏၊ အခြားတဖက်သို့ စောင်း၍ ချထားကုန်၏၊ မတ်ရပ်ထောင်၍ ချထားကုန်၏၊ ဦးစောက် ပြောင်းပြန် ထားကုန်၏၊ လက်ဖြင့် ပုတ်ကုန်၏၊ ခဲဖြင့်ထုကုန်၏၊ တုတ်ဖြင့် ရိုက်ကုန်၏၊ ဓားဖြင့် ခုတ်

http://www.dhammadownload.com



ကုန်၏၊ ဤမှာဘက်မှ (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုကုန်၏၊ ထိုမှာဘက်မှ (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုကုန်၏၊ ဤဘက် ထိုဘက် အပြန်ပြန် အလှန်လှန် (ပုတ်ခြင်း ထုခြင်း စသည်ကို) ပြုကုန်၏၊ "ခရုသင်း မြည်လော့၊ ခရုသင်း မြည်လော့" ဟု ဆိုကုန်၏။ ထိုခရုသင်းသည် အသံ မမြည်သည်သာတည်း။

မြို့စား ထိုအခါ ထိုခရုသင်း မှုတ်သော ယောကျ်ားအား ဤသို့သော အကြံသည် ဖြစ်၏—

"ဤ တိုင်းစွန် ပြည်ဖျား ကျေးလက်သားတို့သည် ဤမျှလောက် မိုက်ကြကုန်စွတကား၊ ခရုသင်းသံကို အဆင်အခြင် ကင်းမဲ့စွာ အဘယ့်ကြောင့် ရှာကုန်ဘိသနည်း" ဟု (အကြံ ဖြစ်၏)။

ထို(ကျေးလက်သား)တို့ ကြည့်နေစဉ် ထိုခရုသင်း မှုတ်သော သူသည် ခရုသင်းကို ကိုင်၍ သုံးကြိမ် မှုတ်ပြီးလျှင် ခရုသင်းကို ယူ၍ ဖဲသွားလေ၏။

မြို့စား ထိုအခါ ထိုတိုင်းစွန် ပြည်ဖျား ကျေးလက်သားတို့အား ဤသို့သော အကြံသည် ဖြစ်၏—

"အချင်းတို့ ဤခရုသင်း မည်သည်ကား (မှုတ်သော) ယောကျ်ား (မှုတ်ခြင်း) လုံ့လ (မှုတ်အပ်သော) လေနှင့် ပေါင်းဆုံမိသောအခါ အသံ မြည်၏၊ အချင်းတို့ ဤခရုသင်း မည်သည်ကား (မှုတ်သော) ယောကျ်ား (မှုတ်ခြင်း)လုံ့လ (မှုတ်အပ်သော) လေတို့နှင့် ကင်းကွာသော အခါ အသံမမြည် ဟု (အကြံဖြစ်၏)။

မြို့စား ဤအတူ ဤကိုယ်သည် အသက်ကိုယ်ငွေ့ ဝိညာဏ်တို့နှင့် ပေါင်းဆုံမိသောအခါ ရှေ့သို့လည်း တက်၏၊ နောက်သို့လည်း ဆုတ်၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ အိပ်လည်း အိပ်၏၊ မျက်စိဖြင့်လည်း ရူပါရုံကို မြင်၏၊ နားဖြင့်လည်း သဒ္ဒါရုံကိုကြား၏၊ နှာခေါင်းဖြင့်လည်း ဂန္ဓာရုံကို နမ်း၏၊ လျှာဖြင့်လည်း ရသာရုံကို လျက်၏၊ ကိုယ်ဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၏၊ စိတ်ဖြင့်လည်း ဓမ္မာရုံကိုသိ၏၊ ဤကိုယ်သည် အသက် ကိုယ်ငွေ့ ဝိညာဏ်တို့နှင့် ကင်းကွာသောအခါ ရှေ့သို့ မတက်သည်သာတည်း၊ နောက်သို့ မဆုတ်သည်သာတည်း၊ မရပ်သည်သာတည်း၊ မထိုင်သည်သာတည်း၊ မအိပ်သည်သာတည်း၊ မျက်စိဖြင့်လည်း ရူပါရုံကို မမြင်သည်သာတည်း၊ နားဖြင့်လည်း သဒ္ဒါရုံကို မကြားသည်သာတည်း၊ နှာခေါင်းဖြင့်လည်း ဂန္ဓာရုံကို မနံသည်သာတည်း၊ လျှာဖြင့်လည်း ရသာရုံကို မလျက်သည်သာတည်း၊ ကိုယ်ဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကို မတွေ့ထိသည်သာတည်း၊စိတ်ဖြင့်လည်း ဓမ္မာရုံကို မသိသည်သာတည်း။ မြို့စား ဤအကြောင်းဖြင့်လည်း သင်၏ အယူသည် ဤသို့ ဖြစ်ပါလော့—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏" ဟု (ဖြစ်ပါလော့ ဟု မိန့်ဆို၏)။

၄၂၇။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏ ဟု လျှောက်၏)။

http://www.dhammadownload.com



မြို့စား သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။ပ။

အသျှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။ပ။

မြို့စား (ထိုအကြောင်းကား) အဘယ်နည်း ဟု (မေး၏)။

အသျှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကို ကျူးလွန်သော ခိုးသူကို ဖမ်း၍ ပြပါကုန်၏—

"အရှင် ဤသူကား အပြစ်ကို ကျူးလွန်သော အရှင်၏ (စိုးအုပ်ရာ နယ်မြေမှ) ခိုးသူပါတည်း၊ ဤ(ခိုးသူ)အား ပေးလိုရာ အပြစ်ဒဏ်ကို ပေးတော်မူပါလော့" ဟု (ပြပါကုန်၏)။

ထိုမင်းချင်းယောကျ်ားတို့ကို အကျွန်ုပ်သည် ဤသို့ ဆိုပါ၏—

"အချင်းတို့ သို့ဖြစ်လျှင် ဤ(ခိုးသူ)ယောကျ်ား၏ အရေပါးကို ခွာကုန်လော့၊ ထို(ခိုးသူ)၏ အသက်ကို မြင်ရကောင်း မြင်ရတန်ရာ၏" ဟု (ဆိုပါ၏)။

ထို(မင်းချင်းယောကျ်ား) တို့သည် ထို(ခိုးသူ)ယောကျ်ား၏ အရေပါးကို ခွာပါကုန်၏၊ အကျွန်ုပ်တို့သည် ထို (ခိုးသူ) ယောကျ်ား၏ အသက်ကို မမြင်ရပါကုန်၊ ထို (မင်းချင်းယောကျ်ား) တို့ကို အကျွန်ုပ်သည် ဤသို့ ဆိုပါ၏—

"အချင်းတို့ သို့ဖြစ်လျှင် ဤ(ခိုးသူ)ယောကျ်ား၏ အရေထူကို ခွာကြကုန်လော့၊ အသားကို လှီးကြကုန်လော့၊ အကြောကို ဖြတ်ကြကုန်လော့၊ အရိုးကို ပိုင်းကြကုန်လော့၊ ရိုးတွင်းချဉ်ဆီကို ထုတ်ကြကုန်လော့၊ ထို(ခိုးသူ)၏ အသက်ကို မြင်ရကောင်း မြင်ရတန်ရာ၏" ဟု (ဆိုပါ၏)။

ထို (မင်းချင်း) ယောကျ်ားတို့သည် ထို(ခိုးသူ) ယောကျ်ား၏ ရိုးတွင်းချဉ်ဆီကို ထုတ်ကြပါကုန်၏၊ အကျွန်ုပ်တို့သည် ထို(ခိုးသူ)၏ အသက်ကို မမြင်ကြရပါကုန်။

အသျှင်ကဿပ ယင်း(ဆိုခဲ့သည့်ပုံသက်သေ) အကြောင်းအားဖြင့် အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟု (ဖြစ်ပါ၏)၊ ဤ (ဆိုခဲ့သည့် ပုံသက်သေ) သည်လည်း (အကျွန်ုပ်၏ အယူဖြစ်ခြင်း၏) အကြောင်းပါတည်း ဟု (လျှောက်၏)။

### မီးကိုလုပ်ကျွေးသော ရသေ့ ဥပမာ

၄၂၈။ မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ အချို့သော ပညာရှိ ယောကျ်ားတို့သည် ဥပမာဖြင့် ဆိုအပ်သော စကား၏ အဓိပ္ပါယ်ကို သိကြကုန်၏။

မြို့စား ရှေး၌ ဖြစ်ဘူးသည်ကား မီးကို လုပ်ကျွေးသော ရသေ့တယောက်သည် တောကြီးအတွင်း သစ်ရွက်မိုးကျောင်း၌နေ၏။ မြို့စား ထိုအခါ ဇနပုဒ်၌ လှည်းအုပ်တအုပ်သည် ခရီးထွက်စဉ် ထိုလှည်းအုပ်သည် မီးကို လုပ်ကျွေးသော ထိုရသေ့၏ သင်္ခမ်းကျောင်းအနီး၌ တညဉ့်မျှ တည်းခို၍ သွားလေ၏၊ မြို့စား ထိုအခါ မီးကိုလုပ်ကျွေးသော ထိုရသေ့အား ဤသို့သော အကြံသည် ဖြစ်၏—

http://www.dhammadownload.com



"ငါသည် ထိုလှည်းစခမ်းချရာသို့ ချဉ်းကပ်ရမူ ကောင်းလေစွ၊ ဤ(လှည်းစခမ်းချရာ)၌ တစုံတခုသော အသုံးအဆောင်ကို ရကောင်း ရတန်ရာ၏" ဟု (အကြံဖြစ်၏)။

ထို့နောက် မီးကို လုပ်ကျွေးသော ထိုရသေ့သည် စောစောထပြီးလျှင် ထိုလှည်းစခမ်းချရာသို့ ချဉ်းကပ်လေ၏၊ ချဉ်းကပ်ပြီးသော် ထိုလှည်းစခမ်းချရာ၌ စွန့်ပစ်ထားခဲ့သော နုနယ်သော ပက်လက်အိပ်တတ်ကာမျှ ဖြစ်သော သူငယ်ကလေးကို မြင်လေ၏၊ မြင်ပြီးသော် ထို(ရသေ့)အား ဤသို့သော အကြံသည် ဖြစ်၏—

"ငါ မြင်ပါလျက် လူသားစစ်စစ်ဖြစ်သော သူငယ်ကလေး သေဆုံးပါမူ ငါ့အား မသင့်လျော်ပေ၊ ငါသည် ဤသူငယ်ကလေးကို သခ်မ်းကျောင်းသို့ ဆောင်ယူ၍ အသက်ရှည်စေရမူ မွေးမြူရမူ ကြီးပွါးစေရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ထို့နောက် မီးကို လုပ်ကျွေးသော ထိုရသေ့သည် ထိုသူငယ်ကို သခ်မ်းကျောင်းသို့ ဆောင်ယူ၍ အသက်ရှည်စေ၏၊ မွေးမြူ၏၊ ကြီးပွါးစေ၏၊ ထိုသူငယ်သည် ဆယ်နှစ် ဆယ့်နှစ်နှစ်သား အရွယ်သို့ ရောက်သောအခါ မီးကို လုပ်ကျွေးသော ထိုရသေ့အား ဇနပုဒ်၌ တစုံတခုသော ပြုဖွယ်ကိစ္စသည် ဖြစ်ပေါ်လာ၏၊ ထိုအခါ မီးကို လုပ်ကျွေးသော ထိုရသေ့သည် ထိုသူငယ်အား ဤစကားကို ဆို၏—

"ချစ်သား ငါသည် ဇနပုဒ်သို့ သွားလို၏၊ ချစ်သား မီးကို လုပ်ကျွေးရစ်လော့၊ သင်သည် မီးကို မငြိမ်းစေလင့်၊ အကယ်၍ မီးငြိမ်းခဲ့ငြားအံ့၊ ဤကား ပဲခွပ်တည်း၊ ဤသည်တို့ကား ထင်းတို့တည်း၊ ဤကား မီးပွတ်အစုံတည်း၊ မီးကို ဖြစ်စေ၍ မီးကို လုပ်ကျွေးရစ်လော့" ဟု **(ဆို၏)**။

ထို့နောက် မီးကို လုပ်ကျွေးသော ထိုရသေ့သည် ထိုသူငယ်ကို ဤသို့ သွန်သင်၍ ဇနပုဒ်သို့ သွားလေ၏၊ ထိုသူငယ် ကစားမြူးထူး၍ နေစဉ် မီးသည် ငြိမ်းလေ၏၊ ထိုအခါ ထိုသူငယ်အား ဤသို့သော အကြံသည် ဖြစ်၏—

"ငါ့ကို အဖသည် 'ချစ်သား မီးကို လုပ်ကျွေးရစ်လော့၊ သင်သည် မီးကို မငြိမ်းစေလင့်၊ အကယ်၍ မီးငြိမ်းခဲ့ငြားအံ့၊ ဤကား ပဲခွပ်တည်း၊ ဤသည်တို့ကား ထင်းတို့တည်း၊ ဤကား မီးပွတ်အစုံတည်း၊ မီးကို ဖြစ်စေ၍ မီးကို လုပ်ကျွေးရစ်လော့' ဟု မှာခဲ့၏၊ ငါသည် မီးကို ဖြစ်စေ၍ မီးကို လုပ်ကျွေးရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ထို့နောက် ထိုသူငယ်သည် "မီးကို ရကောင်းရတန်ရာ၏" ဟု စဉ်းစားလျက် မီးပွတ်အစုံကို ပဲခွပ်ဖြင့် ခွေ၏၊ ထိုသူငယ်သည် မီးကို မရသည်သာလျှင်တည်း။ မီးပွတ်အစုံကို နှစ်စိတ်ခွဲ၏၊ သုံးစိတ်ခွဲ၏၊ လေးစိတ်ခွဲ၏၊ ငါးစိတ်ခွဲ၏၊ ဆယ်စိတ်ခွဲ၏၊ အစိတ်တရာခွဲ၏၊ အစိတ်စိတ်ပြု၏၊ အစိတ်စိတ်ပြု၍ ဆုံ၌ထောင်း၏၊ ဆုံ၌ထောင်း၍ "မီးကို ရကောင်းရတန်ရာ၏" ဟု စဉ်းစားလျက် ပြင်းစွာသော လေ၌ ကြဲလွှင့်၏၊ ထိုသူငယ်သည် မီးကို မရသည်သာတည်း။

ထိုအခါ မီးကို လုပ်ကျွေးသော ထိုရသေ့သည် ဇနပုဒ်၌ ပြုဖွယ်ကိစ္စ ပြီးဆုံး၍ မိမိသခ်မ်းကျောင်းသို့ ချဉ်းကပ်ပြီးလျှင် ထိုသူငယ်အား "ချစ်သား အသို့နည်း၊ သင့်အား မီးမငြိမ်းပဲ ရှိပါ၏လော" ဟု ဆို၏။

http://www.dhammadownload.com



ဖခင် ဤအရပ်၌ အကျွန်ုပ် ကစားမြူးထူး၍ နေစဉ် မီးသည် ငြိမ်းခဲ့ပါ၏၊ ထိုအခါ အကျွန်ုပ်အား ဤသို့သော အကြံသည် ဖြစ်ခဲ့ပါ၏—

"ငါ့ကို ဖခင်သည် ဤသို့ မှာခဲ့၏၊ 'ချစ်သား မီးကို လုပ်ကျွေးရစ်လော့၊ သင်သည် မီးကို မငြိမ်းစေလင့်၊ အကယ်၍ မီးငြိမ်းခဲ့ငြားအံ့၊ ဤကား ပဲခွပ်တည်း၊ ဤသည်တို့ကား ထင်းတို့တည်း၊ ဤကား မီးပွတ်အစုံတည်း၊ မီးကို ဖြစ်စေ၍ မီးကို လုပ်ကျွေးရစ်လော့' ဟု မှာခဲ့၏၊ ငါသည် မီးကို ဖြစ်စေ၍ မီးကို လုပ်ကျွေးရမူ ကောင်းလေစွ" ဟု (အကြံဖြစ်ခဲ့ပါ၏)။ ဖခင် ထို့နောက် အကျွန်ုပ်သည် "မီးကို ရကောင်း ရတန်ရာ၏" ဟု စဉ်းစားလျက် မီးပွတ်အစုံကို ပဲခွပ်ဖြင့် ခွေပါ၏၊ အကျွန်ုပ်သည် မီးကို မရပါ၊ မီးပွတ်အစုံကို နှစ်စိတ်ခွဲပါ၏၊ သုံးစိတ်ခွဲပါ၏၊ လေးစိတ်ခွဲပါ၏၊ ငါးစိတ်ခွဲပါ၏၊ ဆယ်စိတ်ခွဲပါ၏၊ အစိတ်တရာ ခွဲပါ၏၊ အစိတ်စိတ်ပြုပါ၏၊ အစိတ်စိတ်ပြု၍ ဆုံ၌ထောင်းပါ၏၊ "မီးကို ရကောင်း ရတန်ရာ၏" ဟု စဉ်းစားလျက် ဆုံ၌ ထောင်း၍ ပြင်းစွာသော လေ၌ ကြဲလွှင့်ပါ၏၊ အကျွန်ုပ်သည် မီးကို မရပါ ဟု (ပြောဆို၏)။

ထိုအခါ မီးကို လုပ်ကျွေးသော ထိုရသေ့အား ဤသို့သော အကြံသည် ဖြစ်၏—

"ဤသူငယ်သည် ဤမျှလောက် မိုက်စွတကား၊ ဤမျှလောက် မလိမ္မာစွတကား၊ အဆင် အခြင် ကင်းမဲ့စွာ မီးကို အဘယ့်ကြောင့် ရှာဘိသနည်း" ဟု (အကြံဖြစ်၏)။

ထိုသူငယ်သည် ကြည့်နေစဉ်ပင်လျှင် မီးပွတ်အစုံကို ယူ၍ မီးကို ဖြစ်စေလျက် ထိုသူငယ်အား ဤစကားကို ပြောဆို၏—

"ချစ်သား မီးကို ဤသို့သာ ဖြစ်စေအပ်၏၊ မိုက်သော မလိမ္မာသော သင်သည် အဆင်အခြင် ကင်းမဲ့စွာ မီးကိုရှာသကဲ့သို့ (ပညာရှိသော လိမ္မာသောသူသည်) မရှာသည်သာတည်း" ဟု (ပြောဆို၏)။

မြို့စား ဤအတူ မိုက်သော မလိမ္မာသော သင်သည် အဆင်အခြင်ကင်းမဲ့စွာ တမလွန်လောက ကိုရှာဘိ၏။ မြို့စား ယုတ်မာသော ဤမိစ္ဆာအယူကိုစွန့်လွှတ်လော့၊ မြို့စား ယုတ်မာသော ဤမိစ္ဆာ အယူကို စွန့်လွှတ်လော့၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့် ဟု (မိန့်ဆို၏)။

၄၂၉။ အသျှင်ကဿပသည် ဤသို့ဆိုသော်လည်း အကျွန်ုပ်သည် ယုတ်မာသော ဤမိစ္ဆာအယူ ကို စွန့်လွှတ်ခြင်းငှာမတတ်နိုင်ပါ၊ (အဘယ့်ကြောင့်ဆိုသော်) "ပါယာသိမြို့စားသည် 'ဤအကြောင်း ကြောင့်လည်း တမလွန်လောကသည်မရှိ၊ (သေ၍) တဖန်ဖြစ်ပေါ်သောသတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ' ဤသို့ဆိုလေ့ရှိ၏ဤသို့ယူလေ့ရှိ၏" ဟု အကျွန်ုပ်ကို ပသေနဒီကောသလမင်းသည်းလည်း သိပါ၏။ တိုင်းတပါး၌နေသော မင်းတို့သည်လည်း သိပါကုန်၏၊ (ထို့ကြောင့် စွန့်လွှတ်ခြင်းငှာ မတတ်နိုင်ပါ)။ အသျှင်ကဿပ အကျွန်ုပ်သည် ယုတ်မာသော ဤမိစ္ဆာအယူကို အကယ်၍ စွန့်လွှတ်သည်ဖြစ်အံ့၊ "ပါယာသိမြို့စားသည် ဤမျှလောက် မိုက်စွတကား၊ ဤမျှလောက် မလိမ္မာလေစွတကား၊ ယုတ်မာသော အယူကို ယူလေစွတကား" ဟု အကျွန်ုပ်အား ပြောဆိုသူတို့ ရှိပါကုန်လတ္တံ့။ ထိုသူတို့၌ အမျက်ထားသောအားဖြင့်လည်း ထို (အယူ)ကို ယူမြဲ ယူရပါဦးအံ့၊ အသျှင်ဘုရား၏စကားကို ချေပသောအားဖြင့်လည်း ထို(အယူ)ကို ယူမြဲ ယူရပါဦးအံ့၊ အသျှင်ဘုရားကို တုပြိုင်သောအားဖြင့်လည်း ထို(အယူ)ကို ယူမြဲ ယူရပါဦးအံ့ ဟု (လျှောက်၏)။

http://www.dhammadownload.com



## လှည်းမှူးကြီးနှစ်ယောက် ဥပမာ

၄၃၀။ မြို့စား ဤသို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ ပညာရှိသော ယောကျ်ားတို့သည် ဥပမာအားဖြင့်ဆိုအပ်သော စကား၏ အဓိပ္ပါယ်ကို သိကြကုန်၏။

မြို့စား ရှေး၌ဖြစ်ဘူးသည်ကား လှည်းတထောင်ပါသော လှည်းအုပ်ကြီးတခုသည် အရှေ့နိုင်ငံမှ အနောက်နိုင်ငံသို့ သွားလေ၏၊ ထိုလှည်းအုပ်ရောက်သောအရပ်၌ မြက် ထင်း ရေနှင့် စိမ်းစိုသော သစ်ရွက်တို့သည် လျင်မြန်စွာကုန်လေ၏။ ထိုလှည်းအုပ်ကြီး၌ ငါးရာငါးရာသော လှည်းတို့၏ အကြီးအမှူးဖြစ်သော လှည်းမှူးနှစ်ယောက်တို့ ပါရှိကုန်၏။ ထိုအခါ ထိုလှည်းမှူးကြီးတို့အား ဤသို့သော အကြံသည် ဖြစ်၏—

"ဤလှည်းအုပ်သည် တထောင်အရေအတွက်ရှိ၏၊ ထိုငါတို့ရောက်လေရာရာအရပ်၌ မြက် ထင်း ရေနှင့် စိမ်းစိုသော အရွက်တို့သည် လျင်မြန်စွာကုန်လေ၏၊ ငါတို့သည် လှည်းအုပ်ကြီးကို တအုပ်လျှင် လှည်းငါးရာ ငါးရာစီ နှစ်အုပ်ခွဲရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ထို့နောက် ထို (လှည်းမှူး)တို့သည် ထိုလှည်းအုပ်ကြီးကို တအုပ်လျှင် လှည်းငါးရာ ငါးရာစီ နှစ်အုပ်ခွဲလေကုန်၏။ တယောက်သော လှည်းမှူးသည် များစွာသော မြက် ထင်း ရေတို့ကိုတင်၍ လှည်းအုပ်ကိုမောင်းနှင်စေ၏၊ နှစ်ရက်သုံးရက်မောင်းနှင်မိသော် ထိုလှည်းမှူးသည် "နီသောမျက်စိရှိသော လေးမြားတောင့်ကိုလွယ်သော ကြာပန်းကိုပန်သော စိုသောအဝတ်ရှိသော စိုသောဆံပင်ရှိသော မည်းနက်သော ယောကျ်ားကို ညွန့်တို့ဖြင့် လိမ်းကပ်သောလှည်းဘီးရှိသော ကောင်းသော ရထားဖြင့် ခရီးရင်ဆိုင်လာနေသည်ကို မြင်လေ၏၊ မြင်လတ်သော် "အချင်း အဘယ်အရပ်မှ လာခဲ့ပါသနည်း" ဟု (မေး၏)။

ဤအမည်ရှိသောအရပ်မှလာခဲ့ပါသည် ဟု (ဆို၏)။

'အဘယ်အရပ်သို့ သွားအံ့နည်း" ဟု (မေးပြန်၏)။

ဤမည်သော အရပ်သို့သွားပါအံ့ ဟု (ဆို၏)။

"အချင်း အသို့ပါနည်း၊ ရှေ့ခရီး၌ မိုးကြီးသည်းထန်စွာရွာသွန်းပါသလော" ဟု(မေးပြန်၏)။

အရှင် မှန်ပါ၏၊ ရှေ့ခရီး၌ မိုးကြီးသည်းထန်စွာရွာပါ၏၊ ခရီးလမ်းတို့သည် မိုးရေဖြင့် သွန်းဖျန်းထားအပ်ကုန်၏၊ မြက် ထင်း ရေသည်လည်း ပေါများပါ၏၊ အရှင်တို့ အဟောင်းဖြစ်သော မြက် ထင်း ရေတို့ကို စွန့်ပစ်ပါကုန်လော့၊ ဝန်ပေါ့လှည်းတို့ဖြင့် လျင်လျင်မြန်မြန် သွားပါကုန်လော့၊ နွားတို့ကို မပင်ပန်းပါစေကုန်လင့် ဟု (ဆို၏)။

ထိုအခါ လှည်းမှူးသည် လှည်းသားတို့ကို ပြောကြား၏—

"အချင်းတို့ ဤယောကျ်ားသည် ဤသို့ဆို၏ 'ရှေ့ခရီး၌ မိုးကြီးသည်းထန်စွာရွာ၏၊ ခရီးလမ်းတို့သည် မိုးရေဖြင့် သွန်းဖျန်းထားအပ်ကုန်၏၊ မြက် ထင်း ရေတို့သည်လည်း ပေါများ၏၊ အရှင်တို့ အဟောင်းဖြစ်သော မြက် ထင်း ရေတို့ကို စွန့်ပစ်ပါကုန်လော့၊ ဝန်ပေါ့လှည်းတို့ဖြင့် လျင်လျင်မြန်မြန် သွားပါကုန်လော့၊ နွားတို့ကို မပင်ပန်းပါစေကုန်လင့်' ဟု ဆို၏၊ အချင်းတို့ အဟောင်းဖြစ်သော မြက် ထင်း ရေတို့ကို စွန့်ပစ်ကုန်လော့၊ ဝန်ပေါ့လှည်းတို့ဖြင့် လှည်းတို့ကို မောင်းနှင်ကုန်လော့" ဟု (ပြောကြား၏)။

http://www.dhammadownload.com



"အရှင် ကောင်းပါပြီ"ဟု ထိုလှည်းသားတို့သည် ထိုလှည်းမှူးအား ဝန်ခံကြပြီးလျှင် အဟောင်းဖြစ်သော မြက် ထင်း ရေတို့ကို စွန့်ပစ်ကုန်၍ ဝန်ပေါ့လှည်းတို့ဖြင့် လှည်းကို မောင်းနှင်ကုန်၏၊ ထို (လှည်းသား)တို့သည် ပဌမ လှည်းစခန်းချရာ၌လည်း မြက် ထင်း ရေတို့ကို မတွေ့မမြင်ရကုန်။

ဒုတိယ လှည်းစခန်းချရာ၌လည်း။

တတိယ လှည်းစခန်းချရာ၌လည်း။

စတုတ္ထ လှည်းစခန်းချရာ၌လည်း။

ပဉ္စမ လှည်းစခန်းချရာ၌လည်း။

ဆဋ္ဌ လှည်းစခန်းချရာ၌လည်း။

သတ္တမ လှည်းစခန်းချရာ၌လည်း မြက် ထင်း ရေတို့ကို မတွေ့မမြင်ရကုန်၊ အလုံးစုံသောသူတို့သည် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရကုန်၏၊ ထိုလှည်းအုပ်၌ ပါသော အလုံးစုံသော လူ နွားတို့ကို လူယောင်ဆောင်သောဘီလူးသည် စားလေ၏၊ အရိုးတို့သာလျှင် ကြွင်းကျန်ကုန်၏။

ဒုတိယလှည်းမှူးသည် "ထိုလှည်းအုပ်ထွက်သွားသည်မှာကြာလေပြီ" ဟု သိသောအခါ များစွာသော မြက် ထင်း ရေတို့ကိုတင်၍ လှည်းအုပ်ကိုမောင်းနှင်စေ၏။ နှစ်ရက်သုံးရက်မောင်းနှင်မိသော် ထိုလှည်းမှူးသည် နီသောမျက်စိရှိသော လေးမြားတောင့်ကိုလွယ်သော ကြာပန်းကို ပန်သော စိုသောအဝတ်ရှိသော စိုသောဆံပင်ရှိသော မည်းနက်သောယောကျ်ားကို ညွန့်တို့ဖြင့် လိမ်းကပ်သောလှည်းဘီးရှိသော ကောင်းသောရထားဖြင့် ခရီးရင်ဆိုင်လာနေသည်ကိုမြင်လေ၏၊ မြင်လတ်သော် "အချင်း အဘယ်အရပ်မှလာခဲ့ပါသနည်း" ဟု (မေး၏)။

ဤအမည်ရှိသော အရပ်မှ လာခဲ့ပါသည် ဟု (ဆို၏)။

အဘယ်အရပ်သို့ သွားအံ့နည်း ဟု (မေးပြန်၏)။

ဤမည်သောအရပ်သို့ သွားပါအံ့ ဟု (ဆို၏)။

"အချင်း အသို့နည်း ရှေ့ခရီး၌ မိုးကြီးသည်းထန်စွာရွာပါသလော" ဟု (မေးပြန်၏)။

အရှင် ရှေ့ခရီး၌ မိုးကြီးသည်းထန်စွာရွာပါ၏၊ ခရီးလမ်းတို့သည် မိုးရေဖြင့် သွန်းဖျန်းထားအပ်ကုန်၏၊ မြက် ထင်း ရေသည်လည်း ပေါများ၏၊ အချင်းတို့ အဟောင်းဖြစ်သော မြက် ထင်း ရေတို့ကို စွန့်ပစ်ပါကုန်လော့၊ ဝန်ပေါ့လှည်းတို့ဖြင့် လျင်လျင်မြန်မြန် သွားပါကုန်လော့၊ နွားတို့ကို မပင်ပန်းပါစေကုန်လင့် ဟု (ဆို၏)။

ထိုအခါလှည်းမှူးသည် လှည်းသားတို့အား ဤသို့ပြောကြား၏—

"အချင်းတို့ ဤယောကျ်ားသည် ဤသို့ ဆို၏၊ 'ရှေ့ခရီး၌ မိုးကြီး သည်းထန်စွာ ရွာ၏၊ ခရီးလမ်းတို့သည် မိုးရေဖြင့် သွန်းဖျန်းထားအပ်ကုန်၏၊ မြက် ထင်း ရေသည်လည်း ပေါများ၏၊ အချင်းတို့ အဟောင်းဖြစ်သော မြက် ထင်း ရေတို့ကို စွန့်ပစ်ကြကုန်လော့၊ ဝန်ပေါ့သော လှည်းတို့ဖြင့် လျင်လျင်မြန်မြန် သွားကြကုန်လော့၊ နွားတို့ကို မပင်ပန်းပါစေကုန်လင့်' ဟု ဆို၏၊ အချင်းတို့ ဤယောကျ်ားသည် ငါတို့၏ မိတ်ဆွေလည်း မဟုတ်၊ သားချင်းပေါက်ဖော်လည်း မဟုတ်၊ အဘယ့်ကြောင့် ငါတို့သည် ဤသူအား ယုံကြည်၍ သွားကုန်အံ့နည်း၊ ထို

http://www.dhammadownload.com



အဟောင်း ဖြစ်သော မြက် ထင်း ရေတို့ကို မစွန့်ပစ်အပ်ကုန်၊ တင်ခဲ့တိုင်းသော ပစ္စည်းဘဏ္ဍာ ဖြင့်သာ လှည်းတို့ကို မောင်းနှင်ကုန်လော့၊ ငါတို့သည် ပစ္စည်းဟောင်းတို့ကို မစွန့်ပစ်ကုန်အံ့" ဟု (ပြောကြား၏)။

"အရှင် ကောင်းပါပြီ" ဟု ထိုလှည်းသားတို့သည် ထိုလှည်းမှူးအား ဝန်ခံ၍ တင်ခဲ့တိုင်းသော ပစ္စည်းဘဏ္ဍာဖြင့်သာ လှည်းအုပ်ကို မောင်းနှင်ကုန်၏။

ထို(လှည်းသား)တို့သည် ပဌမ လှည်းစခန်းချရာ၌လည်း မြက် ထင်း ရေတို့ကို မတွေ့မြင်ရကုန်။

ဒုတိယ လှည်းခစန်းချရာ၌လည်း။

တတိယ လှည်းစခန်းချရာ၌လည်း။

စတုတ္ထ လှည်းစခန်းချရာ၌လည်း။

ပဉ္စမ လှည်းစခန်းချရာ၌လည်း။

ဆဋ္ဌ လှည်းစခန်းချရာ၌လည်း။

သတ္တမ လှည်းစခန်းချရာ၌လည်း မြက် ထင်း ရေတို့ကို မတွေ့မြင်ရကုန်။ ပျက်စီးခြင်းသို့ ရောက် နေသော ထိုလှည်းအုပ်ကိုသာ တွေ့မြင်ရကုန်၏။ လူယောင်ဆောင်သောဘီလူး စားထားသည့် ထို လှည်းအုပ်၌ပါသော လူနှင့် နွားတို့၏ အရိုးတို့ကိုသာ တွေ့မြင်ရကုန်၏။

ထိုအခါ ထိုလှည်းမှူးသည် လှည်းသားတို့ကို ဤသို့ ပြောကြား၏—

"အချင်းတို့ လူမိုက် လှည်းမှူးခေါင်းဆောင်သောကြောင့် ဤလှည်းအုပ်သည် ပျက်စီးခြင်းသို့ ရောက်ရ၏၊ အချင်းတို့ သို့ဖြစ်၍ ငါတို့၏ လှည်းအုပ်မှ အဖိုးမထိုက်သော ကုန်တို့ကို စွန့်ပစ်၍ ဤလှည်းအုပ်မှ အဖိုးထိုက်သော ကုန်တို့ကို ယူခဲ့ကုန်လော့" ဟု (ပြောကြား၏)။

"အရှင် ကောင်းပါပြီ" ဟု ထိုလှည်းသားတို့သည် ထိုလှည်းမှူးကြီးအား ဝန်ခံ၍ မိမိတို့၏ လှည်း အုပ်မှ အဖိုးမထိုက်သော ကုန်တို့ကို စွန့်ပစ်၍ ထိုလှည်းအုပ်မှ အဖိုးထိုက်သော ကုန်တို့ကို ယူခဲ့ကုန် ပြီးလျှင် လူလိမ္မာလှည်းမှူး ခေါင်းဆောင်သောကြောင့် ချမ်းသာစွာ ထိုခရီးကို လွန်မြောက်ရကုန်၏။

မင်းသားစိုး ဤအတူ မိုက်သော မလိမ္မာသော သင်သည် အဆင်အခြင် ကင်းမဲ့စွာ တပါးသော လောကကို ရှာသော် ထိုရှေးဖြစ်သော လှည်းမှူးကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရလတ္တံ့၊ သင်၏ အယူစကားကို နာယူအပ်၏ ယုံကြည်အပ်၏ ဟု မှတ်ထင်ကုန်သော သူတို့သည်လည်း ထို ရှေးဖြစ်သော လှည်းသားတို့ကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရကုန်လတ္တံ့၊ မင်းသားစိုး ယုတ်မာ သော ဤမိစ္ဆာအယူကို စွန့်လွှတ်လော့၊ မင်းသားစိုး ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်လော့၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့် ဟု (မိန့်ဆို၏)။

၄၃၁။ အသျှင်ကဿပသည် ဤသို့ဆိုသော်လည်း အကျွန်ုပ်သည် ယုတ်မာသော ဤမိစ္ဆာအယူ ကို စွန့်လွှတ်ခြင်းငှါ မတတ်နိုင်ပါ၊ (အဘယ့်ကြောင့်ဆိုသော်) "ပါယာသိ မင်းသားသည် 'ဤအကြောင်း ကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိ၊ ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ယူလေ့

http://www.dhammadownload.com



ရှိ၏'ဟု ပသေနဒီကောသလမင်းသည်လည်း သိပါ၏၊ တိုင်းတပါးမင်းတို့သည်လည်း သိပါကုန်၏၊ (ထို့ကြောင့် စွန့်လွှတ်ခြင်းငှါ မတတ်နိုင်ပါ) "။ အသျှင်ကဿပ အကျွန်ုပ်သည် ယုတ်မာသော ဤမိစ္ဆာအယူကို အကယ်၍ စွန့်လွှတ်သည်ဖြစ်အံ့၊ "ပါယာသိမြို့စားသည် ဤမျှလောက် မိုက်လေစွတကား၊ ဤမျှလောက် မလိမ္မာလေစွတကား၊ ယုတ်မာသော မိစ္ဆာအယူကို ယူလေစွတကား" ဟု အကျွန်ုပ်အား ပြောဆိုသူတို့ ရှိပါကုန်လတ္တံ့။ ထိုသူတို့၌ အမျက်ထားသော အားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့၊ အသျှင်ဘုရား၏ စကားကို ချေပသော အားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့၊ အသျှင်ဘုရားကို တုပြိုင်သော အားဖြင့်လည်း ထိုအယူကို ယူမြဲ ယူရပါဦးအံ့ ဟု (လျှောက်၏)။

## မစင်ထုပ် ဆောင်ယူသူ ဥပမာ

၄၃၂။ မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ အချို့သော ပညာရှိ ယောကျ်ားတို့သည် ဥပမာဖြင့် ဆိုအပ်သော စကား၏ အဓိပ္ပါယ်ကို သိကြကုန်၏။

မြို့စား ရှေး၌ ဖြစ်ဘူးသည်ကား ဝက်မွေးသော ယောကျ်ားတယောက်သည် မိမိရွာမှ တပါးသော ရွာသို့ သွား၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ကျင်ကြီးခြောက်ကို မြင်လေ၏၊ မြင်သောကြောင့် ထိုယောကျ်ားအား ဤအကြံသည် ဖြစ်၏—

"ဤများစွာသော ကျင်ကြီးခြောက်တို့ကို စွန့်ပစ်ထား၏၊ ငါ့အားလည်း ဝက်စာဖြစ်၏၊ ငါသည် ဤအရပ်မှ ကျင်ကြီးခြောက်တို့ကို ဆောင်ယူရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ထိုယောကျ်ားသည် အပေါ်ရုံကို ဖြန့်၍ များစွာသော ကျင်ကြီးခြောက်တို့ကို ထည့်ပြီးလျှင် အထုပ်ထုပ်လျက် ဦးခေါင်း၌ တင်၍ သွား၏၊ ထိုယောကျ်ားသည် (ရွာသို့ မရောက်မီ) ခရီးအကြား၌ အခါမဲ့ မိုးကြီးသည် သည်းထန်စွာ ရွာ၏။ ထိုယောကျ်ားသည် ခြေသည်းဖျား လက်သည်းဖျား တိုင်အောင် မစင်တို့ဖြင့် ပေကျံသည်ဖြစ်၍ လျှံထွက်ယိုစီးနေသော မစင်ထုပ်ကို ယူ၍ သွား၏။

ထိုယောကျ်ားကို လူတို့သည် တွေ့မြင်ကြ၍ ဤသို့ ဆိုကြကုန်၏—

"အချင်း သင်သည် ရူးသလော၊ သင်သည် စိတ်ပျံ့လွင့်သလော၊ ခြေသည်းဖျား လက်သည်းဖျား တိုင်အောင် မစင်တို့ဖြင့် ပေကျံသည် ဖြစ်၍ လျှံထွက် ယိုစီးနေသော မစင်ထုပ်ကို အဘယ့်ကြောင့် ဆောင်ယူဘိသနည်း" ဟု (ဆိုကြကုန်၏)။

အချင်းတို့ သင်တို့သည်သာလျှင် ရူးကုန်၏၊ သင်တို့သည်သာလျှင် စိတ်ပျံ့လွင့်ကုန်၏၊ ထို မစင်ထုပ်သည် ငါ၏ ဝက်စာဖြစ်၏ ဟု (ပြန်ပြော၏)။

မြို့စား ဤအတူ သင်သည် မစင်ထုပ်ကို ဆောင်ယူခဲ့သော သူကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏၊ မြို့စား ယုတ်မာသော မိစ္ဆာအယူကို စွန့်လွှတ်လော့၊ မြို့စား ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်လော့၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့် ဟု (မိန့်ဆို၏)။

၄၃၃။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း အကျွန်ုပ်သည် ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်ခြင်းငှါ မတတ်နိုင်ပါ၊ (အဘယ့်ကြောင့်ဆိုသော်) "ပါယာသိမြို့စားသည် ဤ

http://www.dhammadownload.com



အကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်။ပ။ အကျိုးဝိပါက်သည် မရှိ၊ ဤသို့ ဆိုလေ့ရှိ၏ ဤသို့ ယူလေ့ရှိ၏'ဟု ပသေနဒီကောသလမင်းသည်လည်း သိပါ၏၊ တိုင်းတပါးမင်းတို့သည်လည်း သိပါကုန်၏၊ (ထို့ကြောင့် စွန့်လွှတ်ခြင်းငှါ မတတ်နိုင်ပါ)"။ အသျှင်ကဿပ အကျွန်ုပ်သည် ယုတ်မာသော ဤမိစ္ဆာအယူကို အကယ်၍ စွန့်လွှတ်သည်ဖြစ်အံ့၊ "ပါယာသိမြို့စားသည် ဤမျှလောက် မိုက်လေစွတကား၊ ဤမျှလောက်မလိမ္မာလေစွတကား၊ ယုတ်မာသော အယူကို ယူလေစွတကား" ဟု အကျွန်ုပ်အား ပြောဆိုသူတို့ ရှိပါကုန်လတ္တံ့၊ ထိုသူတို့၌ အမျက်ထားသော အားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့၊ အသျှင်ဘုရား၏ စကားကို ချေပသောအားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့၊ အသျှင်ဘုရားကို တုပြိုင်သောအားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့ ဟု (လျှောက်၏)။

## အန်ကစားသူ ဥပမာ

၄၃၄။ မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ အချို့သော ပညာရှိယောကျ်ားတို့သည် ဥပမာဖြင့် ဆိုအပ်သော စကား၏ အဓိပ္ပါယ်ကို သိကြကုန်၏။

မြို့စား ရှေး၌ ဖြစ်ဘူးသည်ကား အန်သမား နှစ်ယောက်တို့သည် အန်ကစားကြကုန်၏။ တယောက်သော အန်သမားသည် လာတိုင်း လာတိုင်းသော ရှုံးမည့်အန်ကို မျို၏၊ ဒုတိယ အန်သမားသည် လာတိုင်း လာတိုင်းသော ရှုံးမည့်အန်ကို မျိုနေသော ထိုအန်သမားကို မြင်၏၊ မြင်လတ်သော် ထိုပဌမအန်သမားကို "အဆွေ သင်သည် အမှန်ပင် နိုင်ပေ၏၊ အဆွေ အကျွန်ုပ်အား အန်တို့ကို ပေးဦးလော့၊ အကျွန်ုပ်သည် နတ်တင်ဦးအံ့" ဟု ပြော၏။

"အဆွေ ကောင်းပြီ" ဟု ထိုပဌမအန်သမားသည် ဒုတိယအန်သမားအား အန်တို့ကို ပေး၏။

ထိုအခါ ထိုဒုတိယအန်သမားသည် အန်တို့ကို အဆိပ်ဖြင့်လိမ်း၍ ထိုပဌမအန်သမားကို "အဆွေ လာလော့၊ အန်ကစားကုန်အံ့" ဟု ပြော၏။

"အဆွေ ကောင်းပြီ" ဟု ထိုပဌမအန်သမားသည် ထို ဒုတိယအန်သမားအား ပြန်ပြော၏။ နှစ်ကြိမ်မြောက်လည်း ထိုအန်သမားတို့သည် အန်ကစားကုန်၏။ နှစ်ကြိမ်မြောက်လည်း ထိုပဌမအန်သမားသည် လာတိုင်း လာတိုင်းသော ရှုံးမည့်အန်ကို မျို၏။ ဒုတိယအန်သမားသည် နှစ်ကြိမ်မြောက်လည်း လာတိုင်း လာတိုင်းသော ရှုံးမည့်အန်ကို မျိုနေသော ထိုပဌမအန်သမားကို မြင်၏၊ မြင်လတ်သော် ထိုအန်သမားအား ဤစကားကို ဆို၏—

> "အန်ကို မျိုသော ယောကျ်ားသည် အလွန်အစွမ်းထက်သော အဆိပ်ဖြင့် လိမ်းထားသည်ကို မသိ၊ ဟယ် ယုတ်မာသော အန်သမား မျိုဦးလော့၊ ဟယ် ညစ်သောအန်သမား မျိုဦးလော့၊ နောက်မကြာမီ သင့်အား ပြင်းထန်ဆိုးဝါးသော ဘေးဒုက္ခသည် ဖြစ်လတ္တံ့" ဟု (ဆို၏)။

မြို့စား ဤအတူပင် သင်သည် ပဌမအန်သမားကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏၊ မြို့စား ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်လော့၊ မြို့စား ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်လော့၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့် ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



၄၃၅။ အသျှင်ကဿပသည် ဤသို့ ဆိုသော်လည်း အကျွန်ုပ်သည် ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်ခြင်းငှါ မတတ်နိုင်ပါ၊ (အဘယ့်ကြောင့်ဆိုသော်) "ပါယာသိမင်းသည် ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်။ပ။ အကျိုး ဝိပါက်သည် မရှိ၊ ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏'ဟု အကျွန်ုပ်ကို ပသေနဒီ ကောသလမင်းသည်လည်း သိပါ၏၊ တိုင်းတပါးမင်းတို့သည်လည်း သိပါကုန်၏၊ (ထို့ကြောင့် စွန့်လွှတ်ခြင်းငှါ မတတ်နိုင်ပါ)"။ အသျှင်ကဿပ အကျွန်ုပ်သည် ဤယုတ်မာသော မိစ္ဆာအယူကို အကယ်၍ စွန့်လွှတ်သည်ဖြစ်အံ့၊ "ပါယာသိ မင်းသည် ဤမျှလောက် မိုက်လေစွတကား ဤမျှလောက် မလိမ္မာလေစွတကား ယုတ်မာသော အယူကို ယူလေစွတကား" ဟု အကျွန်ုပ်အား ပြောဆိုသူတို့ ရှိပါကုန်လတ္တံ့။ ထိုသူတို့၌ အမျက်ထားသော အားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့၊ အသျှင်ဘုရား၏ စကားကို ချေပသော အားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့၊ အသျှင်ဘုရားကို တုပြိုင်သော အားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးအံ့ ဟု (လျှောက်၏)။

## ပိုက်ဆံလျှော်ထုပ်ယူသူ ဥပမာ

၄၃၆။ မင်းကြီး သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အား ပြောအံ့၊ ဤလောက၌ **အချို့သော** ပညာရှိ ယောကျာ်းတို့သည် ဥပမာဖြင့် ဆိုအပ်သော **စကား၏ အဓိပ္ပါယ်ကို** သိကြကုန်၏။

မင်းကြီး ရှေး၌ ဖြစ်ဘူးသည်ကား တခုသော **ကျေးလက်သည် ပြောင်းရွှေ၏**။ ထိုအခါ မိတ်ဆွေ တဦးသည် မိတ်ဆွေတဦးကို ဤသို့ ပြောဆို၏—

"အဆွေ လာ သွားကြကုန်အံ့၊ ပြောင်းရွှေသွားသော ကျေးလက်ဆီသို့ ချဉ်းကပ်ကုန်အံ့၊ ဤကျေးလက်၌ တစုံတရာသော ဥစ္စာကို ရကောင်း ရတန်ရာ၏" ဟု (ပြောဆို၏)။

"အဆွေ ကောင်းပါပြီ" ဟု မိတ်ဆွေတဦးသည် မိတ်ဆွေတဦးအား ပြန်ပြော၏။

ထိုသူတို့သည် ထိုကျေးလက်အတွင်းရှိ ရွာတရွာသို့ ချဉ်းကပ်ကုန်၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်ကို တွေ့မြင်၍ မိတ်ဆွေတဦးသည် မိတ်ဆွေတဦးကို ပြော၏—

"အဆွေ ဤများစွာသော ပိုက်ဆံလျှော်ကို စွန့်ပစ်ထား၏၊ အဆွေ သို့ဖြစ်၍ သင်လည်း ပိုက်ဆံလျှော်ထုပ်ကို ထုပ်လော့၊ အကျွန်ုပ်လည်း ပိုက်ဆံလျှော်ထုပ်ကို ထုပ်အံ့၊ အကျွန်ုပ်တို့ နှစ်ယောက် ပိုက်ဆံလျှော်ထုပ်ကို ယူ၍ သွားကုန်အံ့" ဟု (ပြော၏)။

"အဆွေ ကောင်းပါပြီ" ဟု မိတ်ဆွေတဦးသည် မိတ်ဆွေတဦးကို ပြန်ပြော၍ ပိုက်ဆံလျှော်ထုပ်ကို ထုပ်ပြီးလျှင် ထိုမိတ်ဆွေနှစ်ယောက်တို့သည် ပိုက်ဆံလျှော်ထုပ်ကို ယူ၍ အခြား ရွာတရွာသို့ ချဉ်းကပ်ကြကုန်၏။

ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်ချည်ကို တွေ့မြင်၍ မိတ်ဆွေတဦးသည် မိတ်ဆွေတဦးကိုပြော**၏**—

"အဆွေ ပိုက်ဆံလျှော်ချည် အကျိုးငှါ ပိုက်ဆံလျှော်ကို အလိုရှိကုန်ရာ၏၊ ဤများစွာသော ပိုက်ဆံလျှော်**ချည်**ကို စွန့်ပစ်ထား၏၊ အဆွေ သို့ဖြစ်၍ သင်သည် ပိုက်ဆံလျှော်ထုပ်ကို စွန့်ပစ်

http://www.dhammadownload.com



လော့၊ အကျွန်ုပ်သည်လည်း ပိုက်ဆံလျှော်ထုပ်ကို စွန့်ပစ်အံ့၊ အကျွန်ုပ်တို့ နှစ်ယောက် ပိုက်ဆံလျှော်ချည်ထုပ်ကို ယူ၍ သွားကုန်အံ့” ဟု (ပြော၏)။

အဆွေ အကျွန်ုပ်သည် ဤပိုက်ဆံလျှော်ထုပ်ကို ဝေးလံသော အရပ်မှ ဆောင်ယူခဲ့ရ၏၊ ကောင်းစွာ ထုပ်၍လည်း ထား၏၊ အကျွန်ုပ်အား ဤလျှော်ဖြင့် ပင် တော်ပါပြီ၊ သင်သည်သာလျှင် ခွဲခြား၍ သိပါလော့ ဟု ဆို၏၊ ထိုအခါ မိတ်ဆွေသည် ပိုက်ဆံလျှော်ထုပ်ကိုစွန့်၍ ပိုက်ဆံလျှော်ချည်ထုပ်ကို ယူ၏။

ထိုသူတို့သည် အခြားရွာတရွာသို့ ချဉ်းကပ်ကြပြန်ကုန်၏။ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်ထည်တို့ကို တွေ့မြင်၍ မိတ်ဆွေတဦးသည် မိတ်ဆွေတဦးကို ပြော၏—

“အဆွေ ပိုက်ဆံလျှော် အထည် အကျိုးငှါ ပိုက်ဆံလျှော်ကိုရင်း ပိုက်ဆံလျှော်ချည်ကိုရင်း အလိုရှိကုန်ရာ၏၊ ဤသည်တို့ကား ပိုက်ဆံလျှော် အထည်တို့တည်း၊ အဆွေ သို့ဖြစ်၍ သင်သည် ပိုက်ဆံလျှော်ထုပ်ကို စွန့်ပစ်လော့၊ အကျွန်ုပ်လည်း ပိုက်ဆံလျှော်ချည်ထုပ်ကို စွန့်ပစ်အံ့၊ အကျွန်ုပ်တို့ နှစ်ယောက် ပိုက်ဆံလျှော် အထည်ထုပ်ကို ယူ၍ သွားကုန်အံ့” ဟု (ပြော၏)။

အဆွေ အကျွန်ုပ်သည် ဤပိုက်ဆံလျှော်ထုပ်ကို ဝေးသော အရပ်မှ ဆောင်ယူခဲ့ရ၏၊ ကောင်းစွာ ထုပ်၍လည်း ထား၏၊ အကျွန်ုပ်အား ဤပိုက်ဆံလျှော်ဖြင့်ပင် တော်ပါပြီ၊ သင်သာလျှင် ခွဲခြား၍ သိပါလော့ ဟု ဆို၏။ ထိုအခါ ထိုမိတ်ဆွေသည် ပိုက်ဆံလျှော်ချည်ထုပ်ကို စွန့်ပစ်၍ ပိုက်ဆံလျှော် အထည်ထုပ်ကို ယူ၏။

ထိုသတို့သည် အခြားရွာတရွာသို့ ချဉ်းကပ်ကြပြန်ကုန်၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ခံလျှော်ကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ခံလျှော်ချည်တို့ကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ခံလျှော်အထည်ကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ဝါကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ဝါချည်ကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ဝါချည်အထည်ကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော သံကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ကြေးကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ခဲပုပ်ကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ဘင်ကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ငွေကို တွေ့မြင်ရ၍။ပ။ စွန့်ပစ်ထားသော များစွာသော ရွှေကို တွေ့မြင်ရ၍ မိတ်ဆွေတဦးသည် မိတ်ဆွေတဦးကို ပြော၏—

“အဆွေ ရွှေအကျိုးငှါ ပိုက်ဆံလျှော်ကိုရင်း ပိုက်ဆံလျှော်ချည်ကိုရင်း ပိုက်ဆံလျှော်အထည်ကိုရင်း ခံလျှော်ကိုရင်း ခံလျှော်ချည်ကိုရင်း ခံလျှော်အထည်ကိုရင်း ဝါကိုရင်း ဝါချည်ကိုရင်း ဝါချည်အထည်ကိုရင်း သံကိုရင်း ကြေးကိုရင်း ခဲပုပ်ကိုရင်း ဘင်ကိုရင်ᐤ ငွေကိုရင်း အလိုရှိကုန်ရာ၏။ ဤများစွာသော ရွှေတို့ကို စွန့်ပစ်ထား၏။ အဆွေ သို့ဖြစ်၍ သင်သည် ပိုက်ဆံလျှော်ထုပ်ကို စွန့်ပစ်လော့၊ အကျွန်ုပ်လည်း ငွေထုပ်ကို စွန့်ပစ်ပါအံ့၊ အကျွန်ုပ်တို့ နှစ်ယောက် ရွှေထုပ်ကို ယူ၍ သွားကုန်အံ့” ဟု (ပြော၏)။

အဆွေ အကျွန်ုပ်သည် ပိုက်ဆံလျှော်ထုပ်ကို အဝေးမှ ဆောင်ယူခဲ့ရ၏၊ ကောင်းစွာ ထုပ်၍လည်း ထား၏၊ အကျွန်ုပ်အား ဤပိုက်ဆံလျှော်ဖြင့် တော်ပါပြီ၊ သင်သည်သာလျှင် ခွဲခြား၍ သိပါလော့ ဟု ဆို၏။ ထိုအခါ ထိုမိတ်ဆွေသည် ထိုငွေထုပ်ကို စွန့်ပစ်၍ ရွှေထုပ်ကို ယူလေ၏။

http://www.dhammadownload.com



ထိုသူတို့သည် မိမိတို့ ရွာရှိရာသို့ ချဉ်းကပ်ကုန်၏။ ထိုနှစ်ယောက်တို့တွင် ပိုက်ဆံလျှော်ထုပ်ကို ယူ၍ သွားသော မိတ်ဆွေ၏ အမိ အဖ သား မယား အဆွေခင်ပွန်းတို့သည် မနှစ်သက်ကုန်၊ ထိုပိုက်ဆံလျှော်ကို ယူခဲ့ခြင်းကြောင့် ချမ်းသာခြင်း ဝမ်းမြောက်ခြင်းကိုမရ၊ ရွှေထုပ်ကို ယူ၍ သွားသော မိတ်ဆွေ၏ အမိ အဖ သား မယား အဆွေ ခင်ပွန်းတို့သည် နှစ်သက်ကုန်၏၊ ထိုရွှေကို ယူခဲ့ခြင်းကြောင့် ချမ်းသာခြင်း ဝမ်းမြောက်ခြင်းကို ရ၏။

မင်းကြီး ဤအတူပင် သင်သည် ပိုက်ဆံလျှော်ထုပ်ကို ဆောင်ယူသော သူကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏၊ မင်းကြီး ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်လော့၊ မင်းကြီး ယုတ်မာသော ဤမိစ္ဆာအယူကို စွန့်လွှတ်လော့၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ မဖြစ်ပါစေလင့် ဟု (မိန့်ဆို၏)။

## သရဏဂုံကို ဆောက်တည်ခြင်း

၄၃၇။ အသျှင်ကဿပ၏ ရှေးဦးစွာသော ဥပမာဖြင့်ပင်လျှင် အကျွန်ုပ်သည် နှစ်သက်ပါ၏၊ ကြည်ညိုပါ၏၊ ထိုသို့ ဖြစ်သော်လည်း အကျွန်ုပ်သည် ဤဆန်းကြယ်သော အမေး အဖြေ တို့ကို နာကြားလိုသည် ဖြစ်၍သာလျှင် အသျှင်ကဿပကို ဆန့်ကျင်ဖက်ကဲ့သို့ ပြုအပ်သည်ဟု အကျွန်ုပ် မှတ်ထင်ခဲ့မိပါ၏။ အသျှင်ကဿပ (တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ကဿပ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ကဿပ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီးမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူ အသျှင်ကဿပသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ကဿပ အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ကဿပသည် အကျွန်ုပ်ကို ယနေ့မှ စ၍ အသက်ထက်ဆုံး (ဘုရား တရား သံဃာကို) ကိုးကွယ် ဆည်းကပ်သော 'ဥပါသကာ' ဟု မှတ်တော်မူပါ၊ အသျှင်ကဿပ အကျွန်ုပ်သည် ကြီးစွာသော ယဇ်ပူဇော်ခြင်းငှါ အလိုရှိပါ၏၊ ရှည်မြင့်စွာသော ကာလပတ်လုံး အကျွန်ုပ်၏ ပွါးစီးခြင်း ချမ်းသာခြင်း ဖြစ်ရာသော ယဇ်ကို အသျှင်ကဿပသည် အကျွန်ုပ်အား ညွှန်ကြားတော် မူပါလော့ ဟု (လျှောက်၏)။

## ယဇ်ပူဇော်ခြင်းကို ပြဆိုရာ

၄၃၈။ မင်းကြီး အကြင်သို့ သဘောရှိသော ယဇ်ပူဇော်ခြင်း၌ နွား ဆိတ် ကြက် ဝက်တို့ကို သတ်ကုန်၏၊ အမျိုးမျိုးသော သတ္တဝါတို့သည် သေခြင်းသို့ ရောက်ကုန်၏၊ အလျှုခံ ပုဂ္ဂိုလ်တို့သည်လည်း မှားစွာ သိမြင်ခြင်း မှားစွာကြံခြင်း မှားစွာ ပြောဆိုခြင်း မှားစွာပြုလုပ်ခြင်း မှားစွာ အသက်မွေးခြင်း မှားစွာ အားထုတ်ခြင်း မှားစွာ အောက်မေ့ခြင်း မှားစွာ တည်ကြည်ခြင်း ရှိကုန်၏။ မင်းကြီး ဤသို့ သဘောရှိသော ယဇ်ပူဇော်ခြင်းသည် ကြီးသော အကျိုးရင်း မရှိ၊ ကြီးသော အကျိုးဆက် မရှိ၊ ကြီးသော တန်ခိုးမရှိ၊ ကြီးသော ပြန့်ပြောခြင်း မရှိ။

မင်းကြီး ဥပမာသော်ကား လယ်သမားသည် မျိုးစေ့နှင့် ထွန်ကိုယူ၍ တောသို့ ဝင်ရာ၏၊ ထိုယောကျ်ားသည် မြေမညီညွတ်သော သစ်ငုတ် ဆူးငြောင့် မနုတ်အပ်သော မကောင်းသောလယ်၌

http://www.dhammadownload.com



ကျိုးပဲ့ကုန်သော ပုပ်ဆွေးကုန်သော လေပူ နေပူ နှိပ်စက်အပ်ကုန်သော အနှစ်အဆံ မရှိကုန်သော ကောင်းစွာ မသိမ်းဆည်းအပ်ကုန်သော မျိုးစေ့တို့ကို စိုက်ပျိုးရာ၏၊ မိုးသည်လည်း အခါအားလျော်စွာ ကောင်းစွာ မရွာသွန်းရာ။ (ဤသို့ ဖြစ်သော်) ထိုမျိုးစေ့တို့သည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာသလော၊ လယ်သမားသည်လည်း ပြန့်ပြောသော အကျိုးကို ရရာသလော ဟု (မေး၏)။

အသျှင်ကဿပ မရရာပါ ဟု (လျှောက်၏)။

မြို့စား ဤအတူ အကြင်သို့ သဘောရှိသော ယဇ်ပူဇော်ခြင်း၌ နွား ဆိတ် ကြက် ဝက်တို့ကို သတ်ကုန်၏၊ အမျိုးမျိုးသော သတ္တဝါတို့သည် သေခြင်းသို့ ရောက်ကုန်၏၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း မှားစွာ သိမြင်ခြင်း မှားစွာကြံခြင်း မှားစွာပြောဆိုခြင်း မှားစွာပြုလုပ်ခြင်း မှားစွာအသက်မွေးခြင်း မှားစွာ အားထုတ်ခြင်း မှားစွာ အောက်မေ့ခြင်း မှားစွာ တည်ကြည်ခြင်း ရှိကုန်၏။ မြို့စား ဤသို့သဘောရှိသော ယဇ်ပူဇော်ခြင်းသည် ကြီးသော အကျိုးရင်းမရှိ၊ ကြီးသော အကျိုးဆက် မရှိ၊ ကြီးသောတန်ခိုးမရှိ၊ ကြီးသော ပြန့်ပြောခြင်း မရှိ။

မြို့စား အကြင်သို့ သဘောရှိသော ယဇ်ပူဇော်ခြင်း၌ နွား ဆိတ် ကြက် ဝက်တို့ကို မသတ်ကုန်၊ အမျိုးမျိုးသော သတ္တဝါတို့သည် သေခြင်းသို့ မရောက်ကုန်၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း မှန်စွာ သိမြင်ခြင်း မှန်စွာကြံခြင်း မှန်စွာပြောဆိုခြင်း မှန်စွာ ပြုလုပ်ခြင်း မှန်စွာ အသက်မွေးခြင်း မှန်စွာ အားထုတ်ခြင်း မှန်စွာ အောက်မေ့ခြင်း မှန်စွာ တည်ကြည်ခြင်းရှိကုန်၏။ မြို့စား ဤသို့ သဘောရှိသော ယဇ်ပူဇော်ခြင်းသည် ကြီးသော အကျိုးရင်းရှိ၏၊ ကြီးသော အကျိုးဆက်ရှိ၏၊ ကြီးသော တန်ခိုးရှိ၏၊ ကြီးသော ပြန့်ပြောခြင်းရှိ၏။

မြို့စား ဥပမာသော်ကား လယ်လုပ်ယောကျ်ားသည် မျိုးစေ့နှင့် ထွန်ကိုယူ၍ တောသို့ ဝင်ရာ၏၊ ထိုလယ်သမားသည် မြေညီညွတ်သော သစ်ငုတ် ဆူးငြောင့်ကို ကောင်းစွာ နုတ်အပ်သော ကောင်းသောလယ်၌ မကျိုးပဲ့ကုန်သော မပုပ်ဆွေးကုန်သော လေပူ နေပူတို့သည် မနှိပ်စက်အပ်ကုန်သော အနှစ်အဆံရှိကုန်သော ကောင်းစွာ သိမ်းဆည်းအပ်ကုန်သော မျိုးစေ့တို့ကို စိုက်ပျိုးရာ၏၊ မိုးသည်လည်း အခါအားလျော်စွာ ကောင်းစွာ ရွာသွန်းရာ၏၊ (ဤသို့ ဖြစ်သော်) ထိုမျိုးစေ့တို့သည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာသလော၊ လယ်သမားသည်လည်း ပြန့်ပြောသော အကျိုးကို ရရာသလော ဟု (မေး၏)။

အသျှင်ကဿပ ရရာပါ၏ ဟု (လျှောက်၏)။

မြို့စား ဤအတူ အကြင်သို့သဘောရှိသော ယဇ်ပူဇော်ခြင်း၌ နွား ဆိတ် ကြက် ဝက်တို့ကို မသတ်ကုန်၊ အမျိုးမျိုးသော သတ္တဝါတို့သည် သေခြင်းသို့ မရောက်ကုန်၊ အလှူခံ ပုဂ္ဂိုလ်တို့သည်လည်း မှန်စွာ သိမြင်ခြင်း မှန်စွာကြံခြင်း မှန်စွာပြောဆိုခြင်း မှန်စွာပြုလုပ်ခြင်း မှန်စွာအသက်မွေးခြင်း မှန်စွာအားထုတ်ခြင်း မှန်စွာ အောက်မေ့ခြင်း မှန်စွာ တည်ကြည်ခြင်း ရှိကုန်၏။ မြို့စား ဤသို့ သဘောရှိသော ယဇ်ပူဇော်ခြင်းသည် ကြီးသောအကျိုးရင်းရှိ၏၊ ကြီးသောအကျိုးဆက်ရှိ၏၊ ကြီးသော တန်ခိုးရှိ၏၊ ကြီးသောပြန့်ပြောခြင်းရှိ၏ ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



## ဥတ္တရလုလင် ဝတ္ထု

၄၃၉။ ထိုအခါ ပါယာသိ မင်းသားသည် သမဏဗြာဟ္မဏ အထီးကျန်သူ ခရီးသည် သူဖုန်းစားတို့အား အလှူကို ပေးလှူ၏၊ထိုအလှူ၌ ပုံးရည်ဟင်းလျှာ နှစ်ခုမြောက်သော ဆန်ကွဲထမင်းသာလျှင် ဖြစ်သော ဤသို့ သဘောရှိသော ဘောဇဉ်ကို ပေးလှူ၏၊ ချည်ထိုး ချည်မျှင် ရှိသည်လည်း ဖြစ်ကုန်သော ထူလည်း ထူကုန်သော အဝတ်အထည်တို့ကို ပေးလှူ၏၊ ထိုအလှူ၌ ဥတ္တရလုလင်သည် အုပ်ချုပ်စီမံသူ အလှူမှူးဖြစ်၏၊ ထိုဥတ္တရလုလင်သည် အလှူကို ပေးလှူ၍ ဤသို့ ဆုတောင်း၏—

"ဤအလှူကြောင့် အကျွန်ုပ်သည် ပါယာသိမင်းသားကို ဤပစ္စုပ္ပန်လောက၌သာလျှင် ပေါင်းဆုံရ၍ တပါးသော လောက၌ မပေါင်းဆုံရစေသတည်း" ဟု (ဆုတောင်း၏)။

ဥတ္တရလုလင်သည် အလှူကို ပေးလှူ၍ "ဤအလှူကြောင့် အကျွန်ုပ်သည် ပါယာသိမင်းသားကို ဤပစ္စုပ္ပန်လောက၌သာလျှင် ပေါင်းဆုံရ၍ တပါးသော လောက၌ မပေါင်းဆုံရပါစေသတည်း" ဟု ဆုတောင်းသည်ကို ပါယာသိမင်းသား ကြားလေ၏။

ထိုအခါ ပါယာသိ မင်းသားသည် ဥတ္တရလုလင်ကို ခေါ်၍ ဤသို့ မေး၏—

"အမောင် ဥတ္တရ သင်သည် အလှူကို ပေးလှူ၍ 'ဤအလှူကြောင့် အကျွန်ုပ်သည် ပါယာသိမင်းသားကို ဤပစ္စုပ္ပန်လောက၌သာလျှင် ပေါင်းဆုံရ၍ တပါးသော လောက၌ မပေါင်းဆုံရစေသတည်း' ဟု ဆုတောင်း၏ ဟူသည် မှန်သလော" ဟု (မေး၏)။

အရှင် မှန်ပါ၏ ဟု (ပြန်ပြော၏)။

အမောင် ဥတ္တရ အဘယ့်ကြောင့် သင်သည် အလှူကို ပေးလှူ၍ ဤသို့ ဆုတောင်းသနည်း—

"ဤအလှူကြောင့် အကျွန်ုပ်သည် ပါယာသိမင်းသားကို ဤပစ္စုပ္ပန်လောက၌ သာလျှင် ပေါင်းဆုံရ၍ တပါးသော လောက၌ မပေါင်းဆုံရပါစေသတည်း" ဟု (ဆုတောင်းသနည်း)။

အမောင် ဥတ္တရ ငါတို့သည် ကောင်းမှုကို အလိုရှိကုန်သည်သာလျှင် မဟုတ်ပါကုန်လော၊ အလှူ၏ အကျိုးကို အလိုရှိကုန်သည်သာလျှင် မဟုတ်ကုန်လော ဟု (မိန့်ဆို၏)။

အရှင်၏ အလှူ၌ ပုံးရည်ဟင်းလျှာ နှစ်ခုမြောက်သော ဆန်ကွဲထမင်းသာလျှင် ဖြစ်သော ဤသို့ သဘောရှိသော ဘောဇဉ်ကို ပေးလှူ၏၊ ထိုဘောဇဉ်ကို အရှင်သည် ခြေဖြင့် တို့ထိရန်ပင် အလိုမရှိရာ၊ ဘုဉ်းဆောင်ရန်ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိအံ့နည်း။ ချည်ထိုး ချည်မျှင် ရှိသည်လည်း ဖြစ်ကုန်သော ထူသည်လည်း ဖြစ်ကုန်သော အဝတ်အထည်တို့ကို ပေးလှူ၏၊ ထိုအဝတ်အထည်တို့ကို အရှင်သည် ခြေဖြင့် တို့ထိရန်ပင် အလိုမရှိရာ၊ ဝတ်ဆင်ရန်ကား အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း၊ အရှင့်ကို အကျွန်ုပ်တို့သည် ချစ်ခင်အပ်ပါ၏၊ နှစ်သက်အပ်ပါ၏၊ နှစ်သက်အပ်သောအရာကို မနှစ်သက်အပ်သော ဒေသဖြင့် အကျွန်ုပ်တို့ အဘယ်သို့ ယှဉ်တွဲရောစပ်ရကုန်အံ့နည်း ဟု (လျှောက်၏)။

အမောင် ဥတ္တရ ယင်းသို့ဖြစ်လျှင် ငါသုံးဆောင်သော ဘောဇဉ်မျိုးကို ပေးလှူလော့၊ ငါ ဝတ်ဆင်သော အဝတ်အထည်မျိုးတို့ကို ပေးလှူလော့ ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



"အရှင် ကောင်းပါပြီ" ဟု ဥတ္တရလုလင်သည် ပါယာသိ မြို့စားအား ဝန်ခံပြီးလျှင် သုံးဆောင်သော ဘောဇဉ်မျိုးကို ပေးလှူ၏၊ ပါယာသိ မြို့စား ဝတ်ဆင်သော အဝတ်အထည်မျိုးတို့ကို ပေးလှူ၏။

၄၄၀။ ထိုနောက် ပါယာသိမြို့စားသည် အရိုအသေမပြုမူ၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူခြင်းကြောင့် အလေးအမြတ် မပြုမူ၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ပြု၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ပရိသတ်ကင်းမဲ့သော သေရီသက ဗိမာန်ဝယ် စတုမဟာရာဇ် နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်လေ၏။

ထိုပါယာသိမြို့စား၏ အလှူ၌ အုပ်ချုပ်စီမံသော ဥတ္တရလုလင်သည်ကား အရိုအသေပြု၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် အလှူကို လှူခြင်းကြောင့် အလေးအမြတ်ပြု၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်ဝယ် တာဝတိံသာနတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်လေ၏။

## ပါယာသိနတ်သား ဝတ္ထု

၄၄၁။ ထိုအခါ ဂဝံပတိထေရ်သည် ပရိသတ် ကင်းမဲ့သော သေရီသက ဗိမာန်သို့ နေ့သန့်စင်ရန် အစဉ်မပြတ် ကြွတော်မူ၏။ ထိုအခါ ပါယာသိ နတ်သားသည် ဂဝံပတိထေရ်ထံသို့ ချဉ်းကပ်၍ ဂဝံပတိထေရ်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်၏၊ တခုသောနေရာ၌ ရပ်နေသော ပါယာသိ နတ်သားအား ဂဝံပတိထေရ်သည် ဤစကားကို မေး၏—

ဒါယကာ နတ်သား သင်သည် အဘယ်သူနည်း ဟု (မေး၏)။

အသျှင်ဘုရား အကျွန်ုပ်သည် ပါယာသိ မြို့စားဖြစ်ပါ၏ ဟု (လျှောက်၏)။

ဒါယကာ နတ်သား သင်သည် ဤသို့သော အယူရှိခဲ့သည် မဟုတ်လော—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟူသော အယူရှိခဲ့သည် မဟုတ်လော ဟု (မေး၏)။

မှန်ပါသည် အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့သော အယူရှိခဲ့ပါ၏—

"ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ (သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ" ဟူသော အယူရှိခဲ့ပါ၏။

သို့ ရှိခဲ့သော်လည်း အသျှင်ကုမာရကဿပသည် အကျွန်ုပ်ကို ထိုယုတ်မာသော အယူမှ ကင်းလွတ်စေခဲ့ပါ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



ဒါယကာ နတ်သား သင်၏ အလှူ၌ အုပ်ချုပ်စီမံသော ဥတ္တရမည်သော လုလင်သည် အဘယ်၌ ဖြစ်သနည်း ဟု (မေး၏)။

အသျှင်ဘုရား အကျွန်ုပ်၏ အလှူ၌ အုပ်ချုပ်စီမံသော ဥတ္တရလုလင်သည် အရိုအသေပြု၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် အလှူကို လှူခြင်းကြောင့် အလေးအမြတ်ပြု၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်ဝယ် တာဝတိံသာနတ်တို့၏ အပေါင်းအသင်း အဖြစ်သို့ရောက်ရပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည်ကား အရိုအသေမပြုမူ၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူခြင်းကြောင့် အလေးအမြတ် မပြုမူ၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ ပြု၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ပရိသတ်ကင်းသော သေရီသကဗိမာန်ဝယ် စတုမဟာရာဇ်နတ်တို့၏ အပေါင်းအသင်း အဖြစ်သို့ ရောက်ရပါ၏။ ထို့ကြောင့် အသျှင်ဂဝံပတိထေရ်သည် လူ့ပြည်သို့ ကြွတော်မူသော် ဤသို့ မိန့်ကြားတော်မူပါလော့—

"အရိုအသေပြု၍ အလှူကို လှူကုန်လော့၊ မိမိလက်ဖြင့် အလှူကို လှူကုန်လော့၊ အလေးအမြတ်ပြု၍ အလှူကို လှူကုန်လော့၊ ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူကုန်လော့၊ ပါယာသိမင်းသည် အရိုအသေမပြုမူ၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူခြင်းကြောင့် အလေးအမြတ် မပြုမူ၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ပြု၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ပရိသတ်ကင်းမဲ့သော သေရီသက ဗိမာန်ဝယ် စတုမဟာရာဇ်နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏၊ ထိုပါယာသိမင်း၏ အလှူ၌ အုပ်ချုပ်စီမံသော ဥတ္တရလုလင်သည်ကား အရိုအသေပြု၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် အလှူကို လှူခြင်းကြောင့် အလေးအမြတ်ပြု၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်ဝယ် တာဝတိံသာ နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏" ဟု (မိန့်ကြားတော်မူပါလော့ ဟု လျှောက်၏)။

ထိုအခါ အသျှင်ဂဝံပတိထေရ်သည် လူ့ပြည်သို့ လာ၍ ဤသို့ ပြောကြားတော်မူ၏—

"အရိုအသေပြု၍ အလှူကို လှူကုန်လော့၊ မိမိလက်ဖြင့် အလှူကို လှူကုန်လော့၊ အလေးအမြတ်ပြု၍ အလှူကို လှူကုန်လော့၊ ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူကုန်လော့၊ ပါယာသိ မင်းသည် အရိုအသေမပြုမူ၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူခြင်းကြောင့် အလေးအမြတ်မပြုမူ၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ ပြု၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ပရိသတ် ကင်းမဲ့သော သေရီသကဗိမာန်ဝယ် စတုမဟာရာဇ် နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏၊ ထိုပါယာသိ မင်း၏ အလှူ၌ အုပ်ချုပ်စီမံသော ဥတ္တရလုလင်သည်ကား အရိုအသေပြု၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် အလှူကို လှူခြင်းကြောင့် အလေးအမြတ်ပြု၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ်

http://www.dhammadownload.com



ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်ဝယ် တာဝတိံသာနတ်တို့၏ အပေါင်းအသင်း အဖြစ်သို့ ရောက်ရ၏" ဟု ပြောကြားတော်မူသတည်း။

ဆယ်ခုမြောက် ပါယာသိသုတ် ပြီး၏။

ထိုမဟာဝဂ်၏ အကျဉ်းချုပ်

သုတ်အစဉ်ကား


၁။ မဟာပဒါနသုတ်
၂။ မဟာနိဒါနသုတ်
၃။ မဟာပရိနိဗ္ဗာနသုတ်
၄။ မဟာသုဒဿနသုတ်
၅။ ဇနဝသဘသုတ်
၆။ မဟာဂေါဝိန္ဒသုတ်
၇။ မဟာသမယသုတ်
၈။ သက္ကပဉှသုတ်
၉။ မဟာသတိပဋ္ဌာနသုတ်


၁၀-ဆယ်ခုမြောက် ပါယာသိ ရာဇညသုတ်သည် ဖြစ်၏။

## မဟာဝဂ်ပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## မဟာဝဂ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကြောင်းရင်းဟိတ်ပေတည်း | ၅၆ |
| အခါမဲ့ပွင့်သော ပန်းတို့ဖြင့် | ၁၃၁ |
| အခြေခံ နိဒါန်းပေတည်း | ၅၇ |
| အင္ဂုသာဝကအစုံ | ၃၆ |
| အင်္ဂိဒတ္တမည်သောပုဏ္ဏား | ၆ |
| အဆန်တရားကို မြင်ကြမည် မဟုတ်ချေ | ၃၂ |
| အဆုံးပိုင်းသို့ ရောက်နေပါပြီ | ၂၁၃ |
| အဇာတသတ်မင်းသည် | ၇၁ |
| အညီအညွတ်ကောင်းစွာထိသောခြေဘဝါး | ၁၅ |
| အဏုမြူသဖွယ်မြင်နိုင်ခဲသော | ၃၂ |
| အတ္တကို ပညတ်သသည် | ၆၁ |
| အတ္တဘောကို ဖန်ဆင်းလျက် | ၁၉၃ |
| အထက်မင်္ဂလျှင် လားရာရှိသ | ၈၉ |
| အနန္တတ္တာနုဒိဋ္ဌိ | ၆၃ |
| အနုစ်တရာထက် အနည်းငယ် | ၄၉ |
| အပြစ်ကျူးလွန်သော ခိုးသူကို | ၂၈၅ |
| အရုဏမည်သောမင်း | ၆ |
| အရှယ်လွန်ပြီး၍ | ၁၉ |
| အမှတ်ရဖွယ်စကားကို | ၇၁ |
| အမှန်ကျင့်ခြင်းသည် | ၂၅ |
| အမုန်ကျနေသောဆင် | ၂၃၉ |
| အမ္ဗသဏ္ဍမည်သော ပုဏ္ဏားရွာ | ၂၃၇ |
| အမ္ဗပါလီပြည့်တန်ဆာမ | ၉၄ |
| အလွန်ညိုသောမျက်လုံး | ၁၆ |
| အဿတရမည်သော နဂါးနှင့် | ၂၃၃ |
| အသက်အတိုင်းအရှည်သည် | ၃ |
| အသျှင်အာနန္ဒာ၏ အံ့ဖွယ်လေးပါး | ၁၃၈ |
| **[ အာ ]** | |
| အာဒိဗြဟ္မစရိယဖြင့် | ၂၀၅ |
| အာနုဘော် အလင်းရောင် | ၁၉၃ |
| အာယတန၏ဖြစ်ကြောင်း | ၆၈ |
| အာယုကပ်ပတ်လုံးဖြစ်စေ | ၁၁၃ |
| အာယုသင်္ခါရလွှတ်တော်မူခြင်း | ၁၀၄ |
| အာဝုသော ဟူသော စကားဖြင့် | ၁၄၇ |
| အာဋ္ဌကမန္ဒာမည်သော နတ်မြို့ | ၁၄၂ |
| အာဋ္ဌာရသည် | ၁၂၅ |
| အံ့ဖွယ်ရှိပါပေစွ | ၁၂၅ |
| အားမကိုးလောက်ကြသည်ချည်း | ၁၈၄ |
| အားရှိသော ယောကျ်ားသည် | ၁၉၄ |
| အိုခြင်း သေခြင်း | ၂၉ |
| **[ ဣ ]** | |
| ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို | ၉၉ |
| ဣန္ဒသာလဂူ၌ | ၂၃၇ |
| ဣန္ဒြေမချိုတဲ့သော | ၁၁ |
| ဣရိယာပုထ်ကို | ၂၆၁ |
| ဣဿာမစ္ဆရိယသံယောဇဉ်ကြောင့် | ၂၄၆ |
| ဣသိဂိလိတောင်နံပါး | ၁၁၃ |
| **[ ဤ ]** | |
| ဤအင်္ဂါနှင့် ပြည့်စုံသည့် ဆရာကို | ၂၁၀ |
| ဤနေ့မှ သုံးလလွန်သောအခါ | ၁၀၃ |
| ဤပဋိစ္စသမုပ္ပါဒ်တရားကို | ၃၃ |
| ဤဘဒ္ဒကမ္ဘာ၌ပင် | ၄၇ |
| ဤမျက်စိ၌ ဖြစ်၏ | ၂၇၄ |
| ဤလမ်းစဉ်ကို ငါရပြီ | ၃၁ |
| ဤသူကား သူအို မည်ပါသည် | ၁၉ |
| ဤသုံးပါးသော အန္တရာယ်တို့သည် | ၈၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဥ ]** | |
| ဥစ္စာကို စောင့်ရှောက်ခြင်း | ၅၅ |
| ဥဒေနစေတီသည် | ၉၉ |
| ဥပဝါဏမထေရ် | ၁၃၃ |
| **ဥပါဒါန**က္ခန္ဓာ ငါးပါးတို့၌ | ၃၁ |
| ဥပါသကာတို့သည် | ၈၃ |
| **ဥပါဒါန်** အကြွင်းရှိသေးလျှင် | ၂၀၀ |
| **ဥပေက္ခာ**ဝေဒနာ | ၂၄၉ |
| ဥပေါသထဆင်မင်းလျှင် | ၁၇၇ |
| ဥပုသ်နေ့ ညဉ့်၌ | ၁၉၂ |
| ဥပ္ပလကြာကို ဖြစ်စေ | ၁၇ |
| ဥယျာဉ်ကို အလှူခံတော်မူ၏ | ၉၆ |
| ဥယျာဉ်၌ မပျော်မွေ့ပါ | ၂၁ |
| **[ ဦး ]** | |
| ဦးခေါင်းကို ဖြတ်ကုန်ရာသလော | ၂၀၅ |
| ဦးခေါင်းနှင့်တကွ နစ်မြုပ်လျက် | ၂၀၀ |
| ဦးစွန်းငါးခုရှိသော | ၁၉၄ |
| ဦးညွတ်ကုန်လျက် | ၁၉၂ |
| **[ ဧ ]** | |
| **ဧည့်**တည်းရာစရပ်၌ | ၈၃ |
| **ဧရာဝဏ်**ဆင်ပြောင်ကြီး မည်သော | ၂၃၃ |
| ဧည့်ဝတ်တို့ကို တည်ထားပါကုန်၏ | ၂၁၀ |
| **[ ဩ ]** | |
| **ဩဇာခံ** မင်းပေါင်း | ၁၇၇ |
| ဩဒါ**တဂယှ**မည်သော ပါမောက္ခနတ် | ၂၃၄ |
| **[ က ]** | |
| **ကကုသန်** မြတ်စွာဘုရား၏ | ၅ |
| **ကမ္မာသဓမ္မ**မည်သောနိဂုံး | ၂၅၉ |
| **ကရဝိက်**မည်သော ငှက်မျိုး | ၁၇ |
| **ကဿပ**အနွယ် ဖြစ်တော်မူ၏ | ၃ |
| **ကာမသေဋ္ဌ**နတ် | ၂၃၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကာယသမာစာရ | ၂၅၀ |
| ကာသိတိုင်းဖြစ် အဝတ်ပုဆိုး | ၁၃ |
| ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့ | ၁၄၉ |
| ကုမာရကဿပရဟန်းသည် | ၂၀၂ |
| ကုမ္ဘီရနတ်စစ်သူကြီးကို | ၂၃၁ |
| ကောဏာဂုံ မြတ်စွာဘုရား၏ | ၅ |
| ကောသိယအနွယ် ရှင်သိကြား | ၂၄၃ |
| ကျီးသောက်နိုင်လောက်အောင် | ၈၇ |
| ကျေးတောကျေးသော | ၁၄၁ |
| ကျွတ်လွတ်စေတတ်ကုန်သော | ၇၉ |
| ကြီးပွါးရန်သာ ရှိပေ၏ | ၇၅ |
| ကြောင့်ကြမဲ့နေရန် | ၃၃ |
| ကောင်းသောလားရာနတ်ပြည် | ၂၀၇ |
| ကိုးဆယ့်တကမ္ဘာထက်၌ | ၄၀ |
| ကိုယ်ဆင်းရဲခြင်း | ၂၉ |
| **[ ခ ]** | |
| ခံစားခြင်းဝေဒနာ | ၃၀ |
| ခန္ဓာငါးပါးကို | ၂၆၇ |
| ခေမိယနတ်တို့သည် | ၂၃၅ |
| ချစ်ခြင်း မုန်းခြင်း | ၂၄၆ |
| ချစ်နှစ်လိုဖွယ်တို့နှင့် | ၂၇၂ |
| ချမ်းသာတော်မူခြင်းကို | ၉၇ |
| ခြသေ့်မင်းနှင့်တူသောမေးရှိ၏ | ၁၆ |
| ခေါင်းတုံးလျက် | ၂၅ |
| ချိုအေးသောအသံရှိ၏ | ၁၇ |
| ခုံ 'ခေါမ'ချည် | ၁၇၄ |
| **[ ဂ ]** | |
| ဂိဇ္ဈကုဋ်တောင်၌ | ၇၁ |
| ဂန္ဓဗ္ဗနတ်မျိုး၌ | ၂၂၆ |
| ဂေါတမဆိပ် ဟု တွင်စေအံ့ | ၈၇ |
| ဂေါပကနတ်သား | ၂၄၂ |
| ဂေါဝိန္ဒပုဏ္ဏားသည် | ၂၁၁ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ င ]** | |
| လျောင်လှုပ်ခြင်း အကြောင်း | ၁၀၄ |
| ငါကိုယ်တိုင် သိမြင်သောအရာ | ၂၀၇ |
| ငါးနှစ်သာ ကျန်ပါတော့သည် | ၄၅ |
| ငါးပါးသောသံယောဇဉ် | ၁၀၅ |
| ငါ့သျှင်တို့ ထကြလော့ | ၁၅၆ |
| ငြိမ်းအေး၏ | ၃၂ |
| ငိုကြွေးမြည်တမ်းစဉ် | ၂၀၅ |
| **[ စ ]** | |
| စကြာရဘနာ | ၁၆၃ |
| စတုတ္ထမဆုဘ်ယုဘ်ကြောင်းတရား | ၇၇ |
| စာပါလစေဘိဥ္ | ၁၁၀ |
| စုဘောမူလည်း စုတေရာ၏ | ၆၁ |
| စုန္ဒပန်းထိမ်သည် | ၁၂၂ |
| စေတီဆိုက်သော ပုဂ္ဂိုလ် | ၁၃၆ |
| စောရပပါတချောက် | ၁၁၃ |
| စွဲလမ်းခြင်းဥပါဒါန် | ၃၀ |
| စက်ဆုပ်ဖွယ် ဟု နှလုံးသွင်းခြင်း | ၂၆၁ |
| စိဘ်ကို ဆင်ခြင်ခြင်း | ၂၆၅ |
| စိတ်ဆင်းရဲခြင်း | ၂၉ |
| စိမ်းညှိသောအနွံ့တို့ကို | ၂၂၁ |
| **[ ဆ ]** | |
| ဆန္ဒာဂသည် ဖြစ်၏ | ၅၅ |
| ဆီဖြင့် သုဘ်ပြန်၍ | ၂၀၀ |
| ဆံပင်ကို ကြဲဖြန့်၍ | ၁၅၁ |
| ဆံမုဘ်ဆိဘ်ကို ပယ်၍ | ၂၂၅ |
| ဆင်ပြောင်ကြီးကဲ့သို့ | ၁၁၇ |
| ဆင်ရဘနာ | ၁၆၄ |
| ဆိတ်ငြိမ်ရာသို့ကပ်၍ | ၄၃ |
| ဆွမ်းနှစ်မျိုးတို့ဟူသည် | ၁၃၁ |
| ဆုတ်ယုဘ်ရန်ကားမရှိပေ | ၇၅ |
| ဆုံးဖြတ်ခြင်းကိုစွဲ၍ | ၅၇ |
| **[ ဇ ]** | |
| ဇနဝသဘနတ်သား | ၁၉၀ |
| ဇရာသဘော မရှိကြကုန်မူ | ၂၇၃ |
| ဇာဘိသဘောမရှိကြကုန်မ | ၂၇၃ |
| ဇောဘိပါလလုလင်ညွှန်ကြားချက် | ၂၁၁ |
| **[ ဈ ]** | |
| ဈာန်နှင့်ပြည့်စုံခြင်း | ၁၇၂ |
| **[ ဉ ]** | |
| ညှဉ်းဆဲသူလည်း မရှိပါ | ၂၂၀ |
| ညွှင်းပြောင်းသောအသံ | ၁၇ |
| ဉာဏ်သည် ထင်ရှားဖြစ်၏ | ၂၉ |
| ညောင်ဗုဒ္ဓဟောပင်ရင်း၌ | ၄၇ |
| **[ တ ]** | |
| တကွမ်းစားချက်မျှထမင်း | ၁၀၃ |
| တဏှာကို ကုန်ခန်းစေတတ်သော | ၂၅၃ |
| တတိယမဆုတ်ယုတ်ကြောင်းတရား | ၇၇ |
| တပါးသော လောကသည်ရှိ၏ | ၂၀၃ |
| တရားကျင့်ခြင်းသည် | ၂၅ |
| တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော | ၂၃၉ |
| တာဝတိံသာနတ်တို့ | ၁၀ |
| တိမ္ဗရုသကနတ်မင်းကြီး | ၂၄၀ |
| တုသိတာနတ်ပြည်မှ စုတေ၍ | ၁၁ |
| တောထွက်ရဟန်းကြီး သုဘဒ္ဒ | ၁၅၅ |
| တွေးတောသုံမှားခြင်းကြောင့် | ၂၅၄ |
| တန်ခိုးလေးပါးနှင့် ပြည့်စုံခြင်း | ၁၆၇ |
| တပ်မက်ခြင်း တဏှာရှိသော် | ၂၀ |
| တောင်ဝှေးကို အားပြုလျက် | ၁၀ |
| **[ ထ ]** | |
| ထမင်းပွဲသူ တယောက်မှတပါး | ၂၁၇ |
| ထေရ်ကြီးရဟန်းတို့ကို | ၇၅ |
| ထွက်သက် ဝင်သက်ကို | ၂၆၀ |
| ဆောက်တည်ရာမရှိ ဖြစ်ကုန်သော | ၁၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ထ ]** | |
| ထိုထက် ကျယ်ပြန့်သော တရားစကားကို | ၉ |
| ထိုထို၌၌လူးလိမ့်ကုန်၏ | ၁၅၁ |
| ထိုသူသေရှိရာသို့ | ၂၂ |
| **[ ဒ ]** | |
| ဒါနဝေဿသ မည်သော | ၂၃၃ |
| ဒိသမ္ပတိမင်းသည် | ၂၁၁ |
| ဒုတိယမဆုတ်ယုတ်ကြောင်းတရား | ၇၆ |
| ဒေသစာရီ လှည့်လည်ရန် | ၄၂ |
| ဒေါမနဿဝေဒနာ | ၂၄၈ |
| ဒဏ်ကင်းကုန်လျက် | ၂၄၆ |
| **[ ဓ ]** | |
| ဓာတ်အားဖြင့် နှလုံးသွင်းခြင်း | ၂၆၂ |
| ဓနဝတီမည်သော ပုဏ္ဏေးမ | ၇ |
| ဓမ္မပြာသာဒ်နှင့် ဓမ္မရေကန် | ၁၆၇ |
| **[ န ]** | |
| နအတ္တပညတ် | ၆၃ |
| နဋ္ဌရာဇနတ် | ၂၃၂ |
| နာခြင်းသဘော ရှိပါကုန်၏ | ၂၁ |
| နိမိတ်အရိပ်အရောင်ပြတော်မူခြင်း | ၉၉ |
| နိမိဘ်ဖတ်ပုဏ္ဏားတို့အား | ၁၇ |
| နိဃဏ္ဍုနတ်တို့သည် | ၂၃၂ |
| နိဗ္ဗာန်တံခါးကို ငါဖွင့်ထားပြီ | ၃၅ |
| နိဝရဏတရားငါးပါးကို | ၂၆၆ |
| နူးညံ့သော ဝက်သားဆွမ်းကို | ၁၂၃ |
| နှိုးနှော်ဆက်စပ်လျက် | ၂၁၀ |
| နှစ်ဖက်ချော အဝတ်ကဲ့သို့ | ၁၀၈ |
| နတ်မျက်စိနှင့်တူသောမျက်စိ | ၁၇ |
| နန်းတော်သို့ ပြန်လေလော့ | ၂၆ |
| **[ ပ ]** | |
| ပညာသည့် ထင်ရှားဖြစ်၏ | ၂၉ |
| ပဌမဆုတ်ယုတ်ကြောင်းတရား | ၇၈ |
| ပဋိစ္စသမုပ္ပါဒ်တရားတော်သည် | ၅၁ |
| ပတ္တမြားရတနာ | ၁၆၅ |
| ပဒုမာကြာကိုဖြစ်စေ | ၁၇ |
| ပနာဒနတ် ဩပမညနတ် | ၂၃၂ |
| ပပဥ္စသညာအစု ဟူသော | ၂၄၇ |
| ပရိနိဗ္ဗာန်ပြုပြီးကုန်သော | ၈ |
| ပရမတ္ထမည်သော ဗြဟ္မာတို့သည် | ၂၃၅ |
| ပရိယေသနာကိုလည်း | ၂၅၁ |
| ပဟာရာဒ အသုရာတို့သည် | ၂၃၃ |
| ပါတိမောက္ခသံဝရသီလကို | ၂၅၀ |
| ပါယာသိမြို့စားအား | ၂၈၁ |
| ပိပ္ဖလိဝနတိုင်းသား | ၁၆၀ |
| ပူဆွေးငိုကြွေးခြင်း | ၂၉ |
| ပျက်စီးပြုန်းတီးစေအံ့ | ၇၁ |
| ပြင်းစွာအားထုတ်သောလုံ့လ | ၂၇၉ |
| ပြင်းစွာပင်ပန်းခြင်းတို့ | ၂၉ |
| **[ ဖ ]** | |
| ဖြူစင်သော အဖို့ရှိ၏ | ၂၀၅ |
| ဖက်လိပ်နားတောင်းသဏ္ဌာန် | ၁၅ |
| ဖလ်ထန်းပင်တတန်း | ၁၇၁ |
| ဖန်ရည်ဆိုး အဝတ်တို့ကို | ၂၆ |
| ဖြစ်မှုလည်း ဖြစ်ပေါ်ရာ၏ | ၆၁ |
| ဖြစ်ကြောင်းကံ ဘဝချုပ်ခြင်း | ၂၉ |
| ဖြစ်ကြောင်း သမုဒယပေတည်း | ၅၇ |
| **[ ဗ ]** | |
| ဗန္ဓုမာမင်းသည် | ၁၇ |
| ဗုလိမင်းတို့သည် | ၁၅၈ |
| ဗေဠုဝပဏ္ဍုမည်သောနတ်စောင်း | ၂၃၇ |
| ဗောဇ္ဈင်ခုနစ်ပါး | ၁၁၆ |
| ဗျာဓိသဘောမရှိကြကုန်မူ | ၂၇၃ |
| ဗြဟ္မာ၏ပကတိအဆင်း | ၂၀၇ |
| ဗြဟ္မာမင်းကဲ့သို့သော | ၁၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဘ ] | |
| ဘုဇတိ မည်သော နတ်သမီးသည် | ၂၄၂ |
| ဘုမ္မစိုးနတ်တို့ မှီဝဲနေထိုင်ရာ | ၂၃၀ |
| ဘဝခြားလျက် ကွဲကွာခြင်း | ၁၁၅ |
| ဘဝရှိသော် ဖြစ်ခြင်းဇာတိ ဖြစ်ရ၏ | ၂၇ |
| [ မ ] | |
| မကောင်းသောလားရာ | ၂၀၄ |
| မဆုတ်ယုတ်ကြောင်းတရား | ၇၂ |
| မန္ဒာရဝမည်သောနတ်ပန်း | ၁၃၂ |
| မပြီးသေးသော အကြားစကား | ၁ |
| မရဏသဘောမရှိကြကုန်မူ | ၂၇၃ |
| မလ္လမင်းသားပုက္ကုသသည် | ၁၂၀ |
| မဟာပဒေသလေးပါး | ၁၁၉ |
| မာတုဂါမနှင့် စပ်လျဉ်း၍ | ၁၃၅ |
| မာရ်နတ် စစ်သည်တို့သည် | ၂၃၆ |
| မိဖုရားရတနာ | ၁၆၅ |
| မီးလျှံထွက်သကဲ့သို့ | ၂၃၀ |
| မေတ္တာနတ် ကရုဏာနတ် | ၂၃၃ |
| မှားယွင်းစွာ ကျင့်လေ့ရှိကုန်၏ | ၂၀၄ |
| မယ်တော်မာယာပါတည်း | ၅၀ |
| မျက်စိသည် ထင်ရှားဖြစ်၏ | ၂၉ |
| မျက်မှောင်နှစ်ခုအကြား၌ | ၁၆ |
| မြေကြီးလှုပ်ခြင်းအကြောင်း | ၁၀၄ |
| မြင်နိုင်ခဲ၏ | ၃၂ |
| မြင်းရတနာ | ၁၆၅ |
| မြတ်သောအကျင့်၌သာ | ၁၃၅ |
| မြို့သို့ဝင်ရန် လမ်းကျွေ | ၁၆၁ |
| မိုးထစ်ချုန်းစေလျက် | ၂၃၄ |
| [ ယ ] | |
| ယာဉ်တို့ကို ကပြီးပါပြီ | ၂၅ |
| [ ရ ] | |
| ရဟန္တာထေရ်တို့သည် | ၂၂၉ |
| ရဟန်းဘောင်သို့ မဝင်စေရ | ၂၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ရာဂကင်းရာ ချုပ်ရာ | ၃၃ |
| ရူပသဒ္ဒေတနာသည် | ၂၇၇ |
| ရူပီပရိတ္တတ္တာနုဒိဋ္ဌိ | ၆၃ |
| ရေဏုမည်သော သားတော်သည် | ၂၁၁ |
| ရဲရင့်သော စကားကို ဆိုခြင်း | ၈၁ |
| ရွှေးရှုလူးလိမ့်ကုန်၏ | ၁၅၁ |
| ရန်ငြိုးကင်းကုန်လျက် | ၂၄၆ |
| ရှင်လျက်ကွဲကွာခြင်း | ၁၁၅ |
| ရှစ်သောင်းလေးထောင်သောလူ | ၃၉ |
| [ လ ] | |
| လောကန္တရိတ်ငရဲ | ၁၃ |
| လောကဓာတ် ဆယ်ခုတို့မှ | ၂၃၀ |
| လူသေတိုင်း သေတိုင်း | ၉၁ |
| လှံချွင့်ဖြင့် ကာရံ၍ | ၁၅၇ |
| လက်ပြင် နှစ်ဖက်အကြား | ၁၆ |
| လှည်းဦးကင်း သဏ္ဌာန်ရှိသော | ၂၁၄ |
| လာဘ်သပ်ပကာလည်း နည်းပါး၏ | ၂၂၄ |
| လျှပ်စစ်မျှား ပြက်၍ | ၁၂၆ |
| လိုချင်ခြင်းဆန္ဒ | ၂၄၇ |
| [ ဝ ] | |
| ဝစီသမာစာရ | ၂၅၀ |
| ဝိရုဠ္ဟကနတ်တို့သည် | ၂၃၄ |
| ဝိဇ္ဇာသည် ထင်ရှားဖြစ်၏ | ၂၉ |
| ဝိညာဏဋ္ဌိတိခုနစ်ပါး | ၆၇ |
| ဝိမောက္ခရှစ်ပါး | ၆၉ |
| ဝိသုကြံနတ်သားသည် | ၁၆၉ |
| ဝိပဿီမြတ်စွာဘုရားသည် | ၄ |
| ဝေဏ္ဍုနတ် သမာလိနတ် | ၂၃၃ |
| ဝေဒနာကို ဆင်ခြင်ခြင်း | ၂၆၄ |
| ဝေဒိယကတောင် | ၂၃၇ |
| ဝေဿဘူမြတ်စွာဘုရား၏ | ၅ |
| ဝေဿာမိတ္တတောင်၌ | ၂၃၁ |
| ဝေဠုရိယကြောင်မျက်ရွဲ | ၁၂ |
| ဝမ်းမြောက်ခြင်းကိုရဘူးခြင်း | ၂၅၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သစ္စာလေးပါးကို | ၂၇၁ |
| သတ္တဝါတို့ကို သနားခြင်း | ၂၅ |
| သတိပဋ္ဌာန်လေးပါး | ၁၉၉ |
| သမဏဗြာဟ္မဏတို့သည် | ၂၅၃ |
| သမာဓိအခြံအရံခုနစ်ပါး | ၁၉၉ |
| သမ္မာသမ္ဗောဓိဉာဏ်ကို | ၁၈၇ |
| သမုဒြာလေးစင်းအပိုင်းအခြား | ၁၄ |
| သရီရဓာတ်တော်တို့ကို | ၁၅၈ |
| သလဠဂန္ဓကုဋိ၌ | ၂၄၁ |
| သဟမ္ပတိဗြဟ္မာသည် | ၁၅၀ |
| သားကြီးရတနာ | ၁၆၆ |
| သိခီမြတ်စွာဘုရားသည် | ၂ |
| သီလပျက်ခြင်း၌ | ၈၄ |
| သုဒ္ဓေါဒနမင်းပါတည်း | ၅၀ |
| သုဓမ္မာနတ်သဘင်သို့ | ၂၄၃ |
| သုဘဒ္ဒပရိဗိုဇ်သည် | ၁၄၆ |
| သူဌေးရတနာ | ၁၆၆ |
| သူနာယောကျ်ား | ၂၀ |
| သူရိယဝစ္ဆသာ | ၇၈ |
| သူသေကောင်ကိုးမျိုး | ၂၆၂ |
| သေတဗျည်းသော မြို့သို့ | ၂၈၁ |
| သေဘို့ရန် ဖြစ်ပေါ်လာသော | ၁၈၁ |
| သေ၍ကွဲကွာခြင်း | ၁၁၅ |
| သောမနဿဝေဒနာ | ၂၄၈ |
| သံဝေဂရစေတတ်သောဌာန | ၁၃၄ |
| သည်းခံခြင်းတရားသည် | ၄၅ |
| သိမ်းပိုက်ခြင်း ဖြစ်ပုံကို | ၅၇ |
| သောက်ရေဆောင်စေတော်မူခြင်း | ၁၂၄ |
| **[ ဟ ]** | |
| ဟာရဂဇနတ်တို့သည် | ၂၃၄ |
| ဟိမဝန္တာတောင်၌ | ၁၇ |
| ဟိရညဝတီမြစ်၏ | ၁၃၁ |
| ဟင်းလင်းဖြစ်ကုန်သော | ၁၃ |

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့
မျက်မှောက်ပြုနိုင်ရန်
ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)
ဟူသော အကျင့်နှစ်ပြားစလုံး ကို
ယှဉ်တွဲကျင့်သုံး
သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် သူများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်